# ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်။

မမဝှိုက်သည် မက်သဒစ်အသင်းတော်တွင် (၁၇)နှစ်တိုင်အောင် အသင်းဝင်တစ်ဦးဖြစ်ခဲ့ကာ သခင်ခရစ်တော်၌သစ္စာရှိသော တပည့်တော်မတစ်ဦးဖြစ်ခဲ့ပါသည်။ (၁၈၄၃)ခုနှစ်တွင် သခင်ခရစ်တော် ဤလောကသို့ပြန်ကြွလာမည်ကိုယုံကြည်သက်သေခံခဲ့သည့်အတွက် သူမကို မက်သဒစ်အသင်းတော်မှ ထုတ်ပယ်ခဲ့ပါသည်။ သူမမတိုင်မီလူနှစ်ဦး၏ငြင်းဆန်မှုကြောင့် ဤလောကသို့သက်သေခံရန်အတွက် သူမသည်ဘုရားသခင်ထံတော်မှ ရူပါရုံများနှင့်သက်သေခံချက်များကို ရရှိခဲ့ပါသည်။ သူမသည်သတိပေးစကားများနှင့် ဆုံးမစကားများစွာ ပါဝင်သည့်ဆောင်းပါးများနှင့်စာအုပ်များစွာကိုရေးသားခဲ့ပါသည်။ကျန်းမာခြင်းနှင့်ပတ်သက်သည့်သတင်းတရားများကိုရရှိပြီးသည့်နောက်သူမကိုယ်တိုင်ကျန်းမာရေးကိုရှေ့တန်းတင်ဟောကြားခဲ့ပြီးကာဧဒင်ဥယျာဉ်၏ ပင်ကိုမူလအစားအစာများကိုပြန်လည်စားသုံးရန်သူမတိုက်တွန်းခဲ့ပါသည်။လူကိုအန္တရယ်ဖြစ်စေသောအစားအစာများကိုရှောင်ရန်နှင့်အဖက်ဖက်တွင် ချုပ်တည်းမှုရှိရန် သူမတိုက်တွန်းခဲ့ပါသည်။

မိမိကိုယ်ကို ပရောဖက်မဟူ၍ သူမခေါ်ဆိုခဲ့ပြီးသူတစ်ပါး၏ခေါ်ဆိုမှုကိုလည်း မကန့်ကွက်ခဲ့ပါ။သို့သော်သူမကိုယ်ကိုပြန်ညွှန်းရာ၌ "စေတမန်" ဟူ၍ ရည်ညွှန်းခဲ့ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းရာ၌သူမလုပ်ဆောင်ခဲ့သည့် ကျန်းမာရေးပြုပြင်ပြောင်းလဲမှုများ၊ အပြစ်မှနောင်တရရန် ဟောကြားချက်များ၊ ကျိုးပြတ်နေသည့်ဆက်သွယ်မှုကိုရင်ကြားစေ့ပြန်လည်ဆက်သွယ်တည်ဆောက်မှုကို ပံ့ပိုးလုပ်ဆောင်ချက်များတို့သည် ဘုရားသခင်ဘက်မှနေပြီးအနာဂတ်၌ဖြစ်ပျက်မည့်အရာများကိုကြိုတင်ဟောကြားသည့်ပရောဖက်၏လုပ်ဆောင်ချက်များထက်ပိုမိုကြောင်း သူမရည်ညွှန်း ပြောကြားခဲ့ပါသည်။

မှတ်သားလောက်သည့်စာပေများကိုသူမရေးသားခဲ့သည်. **"Step to Christ"**ဟူသော"ကိုယ်တော်၏ခြေလှမ်း"သည်လူကြိုက်အများဆုံးစာအုပ်စာရင်းဝင်ခဲ့သော်လည်း ယခု "အကောင်းနှင့်အဆိုးတိုက်လှန်ပွဲကြီး"စာအုပ်သည် သူမ၏အရောင်းရဆုံးစာအုပ်ဟူ၍ သူမကိုယ်တိုင်ရည်ညွှန်းခဲ့ပါသည်။

အမှာစာ။

"တရားတော်ကိုဂုဏ်၊သက်သေခံတော်မူချက်ကိုဂုဏ်၊နားထောင်ကြကုန်၊သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင် သူတို့၌ အရုဏ်မတက်သေး" (ဟေရှာ ၈း၂၀)

ယခု(၂၁)ရာစု၏အတိုင်းအတာတွင်လူတိုင်းပရောဖက်များဖြစ်နေပါသည်။အင်တာနက်တွင်လည်း ပရောဖက်များနှင့်ပတ်သက်၍ မရှားတော့ပါ။ သို့သော်လည်းလူတချို့၏ ကြိုတင်ဟောကြားချက်များမှာ ထူးဆန်းနေပါသည်။ ထိုသူတို့ပြောဆိုနေသည့် ဘုရားသခင်ထံတော်မှ သတင်းစကားများဟူသောအချက်များသည် ဟုတ်မှန်ကြောင်းကိုကျွန်ုပ်တို့မည်သို့သိနိုင်မည်နည်း။တရားတော်နှင့်သက်သေခံချက်များတို့သည်နှိုင်းယှဉ်ကြည့်မှသိရှိနိုင်ပါသည်။လွန်လေပြီးသော အချိန်ကာလများတွင် မိမိ၏တရားတော်ကိုလူများအား ဖေါ်ပြရေးသားစေတော်မူသည်။ ဘုရားသခင်သည် မိမိ၏ တရားတော်ကို ယခုဆန့်ကျင်မည်မဟုတ်ပါ။

နောက်ဆုံးသောခေတ်တွင်လူသားတို့၏ယုံကြည်မှုကို ဤအနာဂတ္တိစကားများဖြင့်သာ စစ်ကြောမှုကိုသိတော်မူသည့်အတွက်သခင်ခရစ်တော်သည်ဤအနာဂတ္တိစကားများနှင့်ပတ်သက်၍ တိုက်ရိုက်ဟောကြားတော်မူခဲ့ပါသည်။"မိစ္ဆာပရောဖက်များတို့သည်ပေါ်လာ၍လူအများတို့ကိုလှည့်ဖြားကြလိမ့်မည်။" (မဿဲ၂၄း၁၁) ထပ်ဆင့်ရည်ညွှန်းရာ၌ဘုရားသခင်သည် ရှင်ယောဟန်ကိုဤသို့ဖေါ်ပြတော်မူခဲ့ပါသည်။ "ချစ်သူတို့၊ခပ်သိမ်းသော စိတ်ဝိညာဉ်တို့ကိုမယုံကြနှင့်။ စိတ်ဝိညာဉ်တို့သည် ဘုရားသခင်နှင့် စပ်ဆိုင်သည်မစပ်ဆိုင်သည်ကို စုံစမ်းကြလော့။ အကြောင်းမူကားမိစ္ဆာပရောဖက်အများတို့သည် ဤလောကသို့သွားကြပြီး။"(၁ယော၄း၁)ဤဖေါ်ပြချက်များတွင် မမဝှိုက်ကို ချွတ်ယွင်းချက်အနေနှင့် မချန်လှပ်ထားခဲ့ပါ။ ဤစာအုပ်ကို သမ္မာကျမ်းစာနှင့် နှိုင်းယှဉ်ကြည့်ပါ။

ယခုခေတ်တွင်မယုံကြည်နိုင်လောက်အောင်များပြားနေသော်လည်းနှစ်ဆယ်ရာစုမကုန်မီနှစ်နှစ်ခန့်အလိုတိုင်အောင်ဗျာဒိတ်ရူပါရုံရရှိသည်ဟုဆိုသူများကိုခရစ်ယာန်အသိုင်းအဝိုင်းကမယုံကြည်မလက်ခံခဲ့ပါ။ မိမိတို့၏ရပ်တည်မှုကို(ဗျာဒိတ်၂၂း၁၈၊၁၉)ဖြင့်သက်သေခံခဲ့ပါသည်။"ဤစာစောင်၏အနာဂတ္တိစကားကိုကြားသောသူအပေါင်းတို့အားငါသက်သေခံသည်ကားအကြင်သူသည် ဤအရာတို့၌ထပ်၍အသက်သွင်း၏။ဤစာစောင်၌ရေးထားသော

ဘေးဒဏ်တို့ကိုထိုသူအပေါ်သို့ဘုရားသခင်သက်ရောက်စေတော်မူမည်။အကြင်သူသည်ဤစာစောင်၏အနာဂတ္တိစကားအချို့တို့ကိုနှုတ်ပယ်၍ဤစာစောင်နှင့်ရေးသားထားသည့်အသက်ပင်နှင့်ဂုဏ်း၊သန့်ရှင်းသောမြို့တော်နှင့်ဂုဏ်း၊ထိုသူစပ်ဆိုင်သောအခွင့်ကို ဘုရားသခင်နှုတ်ပယ်တော်မူမည်။"

သို့သော်ရှင်ယောဟန်ပြီးနောက်တွင် ပရောဖက်များမပေါ်ထွန်းရဆိုသည့် ကန့်သတ်ချက်သည် ဘုရားသခင်မိန့်တော်မူချက်ဖြစ်ပါသလား။သို့ဖြစ်လျှင်ပရောဖက်အတုအယောင်များကိုဆန်းစစ်ရန် ရှင်ယောဟန်မှတစ်ဆင့်သန့်ရှင်းသောဝိညာဉ်တော်သည်အဘယ့်ကြောင့်မိန့်တော်မူခဲ့ပါသနည်း။ ရှင်ယောဟန်နောက်ပိုင်းဘုရားသခင်၏မိန့်တော်မူချက်များယူဆောင်လာသည်ဟုဆိုသူများကိုလစ်လျူရှုထားလျှင်အလွယ်ကူဆုံးဖြတ်မည်မဟုတ်လော။သို့သော်လည်းဘုရားသခင်သည်ထိုသို့အလိုတော်မရှိပါ။လိုအပ်ချက်များရှိလာလျှင်ဘုရားသခင်သည် သမ္မာတရားတို့ဖေါ်ပြတော်မူမည်။မိမိ၏အလိုတော်ကို လူသားများအားသိစေမည်။ သမ္မာတရားနှင့်ပြည့်ဝသည့်နှလုံးသည် ထိုအချက်ကိုလက်ခံ၍ ပျော်မွေ့ရပါလိမ့်မည်။ဘုရားသခင်သည် စာတန်ကိုလှည့်လည်ခွင့်ပေးတော်မူပါသည်။ထိုသို့လှုပ်ရှားခွင့်မပြုပါက စာတန်သည် ဘုရားသခင် မတရားကြောင်းစွပ်စွဲပါလိမ့်မည်။

၁ကော(၁၂)တွင်ရှင်ပေါလုမှတစ်ဆင့်သန့်ရှင်းသောဝိညာဉ်တော်သည်အလွန်အရေးကြီးပြီးကျွန်ုပ်တို့လျစ်လျူရှုတတ်သည့် မေးခွန်းအချို့ကို မေးထားတော်မူပါသည်။ရှိသမျှသည် တမန်တော်များဖြစ်ကြသလား၊ ရှိသမျှတို့သည်ပရောဖက်များဖြစ်ကြပါသလား။ ရှိသမျှတို့သည် တန်ခိုးကိုပြနိုင်ကြပါသလား။ရှိသမျှတို့သည်အနာရောဂါကိုငြိမ်းစေသောအခွင့်ရှိကြပါသလား။ရှိသမျှတို့သည်အမျိုးမျိုးသောဘာသာစကားကို ပြောနိုင်ကြသလား။ ထို့နောက်ကျွန်ုပ်တို့ကိုသာ၍ မြတ်သောလမ်းကိုပြဦးမည်ဟု မိန့်တော်မူပါသည်။ ထိုဆုကျေးဇူးများသည် မေတ္တာမရှိပါကအချည်းနှီးသက်သက်သာဖြစ်ကြောင်း မိန့်တော်မူပါသည်။ အခန်းကြီး(၁၄)တွင်တစ်ဆင့်တက်၍ "ချစ်ခြင်းမေတ္တာကိုမှီအောင်လိုက်ကြလော့။ဝိညာဉ်တော်ဆုကျေးဇူးတို့ကိုအလွန်အလိုရှိသည်တွင်ပရောဖက်ပြုသည့်အမှုအခွင့်ကိုသာ၍လိုချင်သောစိတ်ရှိကြလော့"ဟုမိန့်တော်မူပါသည်။"ဝိညာဉ်တော်၏အရှိန်ကိုမငြိမ်းစေကြနှင့်။ ပရောဖက်ပြုခြင်းကိုမထီမဲ့မြင်မမှတ်ကြနှင့်။ခပ်သိမ်းသောအရာတို့ကိုစုံစမ်း၍ ကောင်းသောအရာကိုအမြဲကိုင်စွဲကြလော့"။ (၁သက် ၅း၁၉-၂၁)

ဤအကောင်းနှင့်အဆုံးတိုက်လှန်ပွဲရူပါရုံကို (၁၈၅၈)ခုနှစ် ဆောင်းဦးကာလအမေရိကန်နိုင်ငံ အိုဟိုက်ယိုပြည်နယ်လိုပယ်တိုဟူသောနေရာ၌မမဝိုက်ရရှိခဲ့ပါသည်။စာတန်သည် သူမကိုအမျိုးမျိုး နှောင့်ယှက်မည်ဖြစ်သော်လည်းမိမိတွေ့မြင်သမျှကိုလက်ရေးနှင့်သူမကို ဘုရားသခင်မှတ်သားထားခိုင်းတော်မူပါသည်။ ဤရူပါရုံ၏အများစုကိုသူမသည် ၄င်းမတိုင်မီလွန်ခဲ့သည့်(၁၁)နှစ်က မြင်မက်ခဲ့ပါသည်။ဤစာအုပ်ကိုအစိတ်အပိုင်းအချို့အထူးသဖြင့်အခန်း(၃၀)ကို(၁၈၄၇)ခုထုတ်**LitterFlock**တွင်၄င်း၊(၁၈၅၁)ခု**Supplement**စာအုပ်တွင်၄င်း ပုံနှိပ်ခဲ့သော်လည်း(၁၈၅၈)ခုနှစ်တွင်အလွန်အားနည်းနေပြီး ဘုရားကိုကြောက်ရွံ့သည့် ဤအမျိုးသမီးသည်ဝိညာဉ်တော်၏ဦးဆောင်မှုအောက်၌ရေးသားထုတ်ဝေခဲ့ပါသည်။ထိုအချိန်အခါတွင်စာတန်သည် သမ္မာကျမ်းစာကိုဖျက်ဆီးရန်အမျိုးမျိုးကြိုးစားနေပြီးဖေါက်ပြန်သည့်ကျမ်းစာအနက်ပြန်ဆိုမှုအမျိုးမျိုးဖြင့်လွှမ်းမိုးရန်ကြိုးစားခဲ့ပါသည်။တဆက်တည်း၌ကမ္ဘာပေါ်တွင် ဒုတိယတန်ဖိုးအကြီးဆုံးဖြစ်သည့် ဤအကောင်းနှင့်အဆိုးတိုက်လှန်ပွဲကြီးစာအုပ်ကိုလည်း ဖျက်ဆီးရန်စာတန်အမျိုးမျိုးကြိုးစားခဲ့ပါသည်။သို့သော်လည်းဘုရားသခင်သည် မိမိ၏သတင်းစကားကိုကွယ်ကာတော်မူခဲ့ပါသည်။

ယနေ့ကမ္ဘာပေါ်တွင်စစ်မက်များ၊ရာဇဝတ်မှုများ၊လူမှုရေးဖေါက်ပြန်မှုများ၊စသည့်ပြသနာများနှင့် ပြည့်နှက်နေကြောင်းကို မေးခွန်းထုတ်သူများစွာရှိနေပါသည်။သို့သော်လည်း ဤအဖြေကိုသိရှိနိုင်ရန်အတွက်လူသားများမပေါ်ထွန်းမီကပင်ရှိနှင့်နေသည့်သခင်ခရစ်တော်နှင့်စာတန်တို့စပ်ကြား စစ်တိုက်ခဲ့တော်မူသည်။အကောင်းနှင့်အဆိုးတိုက်လှန်ပွဲကြီးကို ဖတ်ကြားပါက ဤမေးခွန်းများ၏အခြေခံအဖြေများကို ရရှိပါလိမ့်မည်။

ဘုရားသခင်နှုတ်ကပတ်တော်တည်းဟူသောသမ္မာကျမ်းစာကိုအခြေပြု၍ ဤစာအုပ်၌ရေးသားထားသည့်အရာများကိုသက်သေထူရာ၌ သင်စာဖတ်သူအပေါ်တွင်ဘုရားသခင်၏ ကျေးဇူးတော်များသွန်းလောင်းခြင်းခံရပါစေသော်။

# အခန်း (၁) စာတန်၏ ကျဆုံးခြင်း။

စာတန်သည်တစ်ချိန်တစ်ခါကကောင်းကင်၌ချီးမြှောက်ခြင်းကိုခံရသည့်ကောင်းကင်တမန်တစ်ပါးဖြစ်ကာသခင်ခရစ်တော်ပြီးလျှင်ဒုတိယအကြီးဆုံးဖြစ်ကြောင်းကိုဘုရားသခင်သည်ကျမကိုပြသတော်မူခဲ့ပါသည်။အလွန်နူးညံ့သိမ်မွေ့ပြီးအခြားကောင်းကင်တမန်များကဲ့သို့ပင်ပျော်ရွှင်ဖွယ်အသွင်ကိုဆောင်ခဲ့ပါသည်။ နဖူးသည်ကျယ်ဝန်း၍မြင့်မောက်ကာဉာဏ်ပညာမှာလည်းကြွယ်ဝလျှက်ရှိပါသည်။သို့သော်လူကိုဖန်ဆင်းရန် ခမည်းတော်ဘုရားသည်သားတော်ဘုရားနှင့်တိုင်ပင်သောအခါစာတန်သည်သခင်ခရစ်တော်ကိုမနာလိုဖြစ်ခဲ့ပါသည်။ လူကိုဖန်ဆင်းရန်သူ့ကိုလည်းတိုင်ပင်စေလိုခဲ့ပါသည်။သူ၏စိတ်နှလုံးတွင်မနာလို၊တပ်မက်ခြင်းနှင့် မုန်းတီးမှုများဖြင့်ပြည့်လျှံလျှက်ရှိနေပါသည်။ကောင်းကင်၌ဘုရားသခင်နှင့်အတူအမြင့်ဆုံး၌ရှိလိုပြီး ကိုးကွယ်ခြင်းကိုခံယူလိုခဲ့ပါသည်။ထိုအချိန်ထိတိုင်ကောင်းကင်တွင် ငြိမ်သက်ခြင်းရှိကာ ဘုရားသခင်၏ အုပ်စိုးမှုအောက်၌ စည်းလုံးညီညွတ်လျှက်ရှိနေကြပါသည်။

ဘုရားသခင်ကိုဆန့်ကျင်ပုန်ကန်ခြင်းသည် အကြီးဆုံးအပြစ်ဖြစ်ပါသည်။ကောင်းကင်တစ်ခုလုံးသည် ရုန်းရင်းဆန်ခတ်လျှက်ရှိနေပါသည်။ကောင်းကင်တမန်များသည် မိမိ၏ခေါင်းဆောင်များနှင့်အတူအုပ်စုများဖွဲ့လျှက်ရှိပါသည်။စာတန်သည်ဘုရားသခင်၏အုပ်စိုးမှုကိုပုန်ကန်ရန်နှင့်မိမိကိုယ်ကို ချီးမြှောက်ရန်ကြိုးစားနေပြီးသခင်ခရစ်တော်၏အုပ်စိုးမှုကိုငြင်းဆန်လျှက်ရှိနေပါသည်။ကောင်းကင်တမန်များသည်သွေးကွဲလျှက်ရှိကာအချို့သည်စာတန်၏ဖြားယောင်းမှုကိုခံနေရပြီးအချို့မှာသခင်ခရစ်တော်ကိုချီးမြှောက်ကာဘုရားသခင်၏အစီအစဥ်ကိုထောက်ခံခဲ့ကြပါသည်။ကောင်းကင်တမန်များသည် အချင်းချင်းအငြင်းပွားလျှက်စာတန်နှင့် နောက်လိုက်တို့သည်ဘုရားသခင်၏အုပ်ချုပ်မှုကို ပြုပြင်ရန်ကြိုးစားနေကြပါသည်။ သခင်ခရစ်တော်ကို အဘယ့်ကြောင့် အာဏာကုန် လွှဲအပ်တော်မူကြောင်းဘုရားသခင်အတုမရှိဉာဏ်တော်ကိုဆင်ခြင်စင်စစ်ရန် အားယူလျှက်ရှိနေကြပါသည်။သားတော်ဘုရား၏အာဏာကိုဖီဆန်ခဲ့ပါသည်။ထို့ကြောင့်ကောင်းကင်တမန်များကိုညီလာခံခေါ်ပြီးစာတန်ကိုစီရင်ခဲ့ပါသည်။နောက်ဆုံးတွင်စာတန်နှင့်သူ၏ ကောင်းကင်တမန်များကိုကောင်းကင်မှ နှင်ထုတ်ရန်ဆုံးဖြတ်လိုက်ပါသည်။ကောင်းကင်၌စစ်ဖြစ်ကာကောင်းကင်တမန်များနှင့်စာတန်တို့စစ်တိုက်ကြပါသည်။စာတန်သည်သားတော်ဘုရားနှင့်သစ္စာတော်ခံများကိုဖျက်စီးရန်ကြိုးစားသော်လည်းသစ္စာရှိသောကောင်းကင်တမန်များတို့သည်စာတန်နှင့်သူ၏နောက်လိုက်များကို ကောင်းကင်မှ နှင်ထုတ်ခဲ့ကြပါသည်။

စာတန်နှင့်သူ၏ကောင်းကင်တမန်များသည်ကောင်းကင်မှ နှင်ထုတ်ခြင်းခံရပြီးသည့်နောက်တွင် မိမိတို့၏သန့်ရှင်းစင်ကြယ်ခြင်းနှင့်ကောင်းကင်၏ဘုန်းရောင်ခြည်များကိုထာဝရစွန့်လွှတ်ခဲ့ရပြီးကြောင်းကိုသိရှိလာသည့်အခါနောင်တရပြီးကောင်းကင်သို့ပြန်နေခွင့်ရရန်တောင်းပန်ဝန်ချခဲ့ပါသည်။မိမိနှင့်သင့်တော်မည့်မည်သည့်ရာထူးကိုမဆိုလက်ခံမည်ဟုတောင်းလျှောက်ခဲ့ပါသည်။ သို့သော်လည်း မရတော့ပါ။ကောင်းကင်နိုင်ငံ၏ငြိမ်သက်မှုကိုဖျက်ဆီးမခံတော့ပါ။အပြစ်ဒုစရိုက်သည်စာတန်မှစတင်ခဲ့ပြီးပုန်ကန်ခြင်း၏မျိုးစေ့သည်သူ၌ရှိနေသောကြောင့်ကောင်းကင်တွင်စာတန်ကို ပြန်လည်လက်ခံပါက ကောင်ကင်နိုင်ငံတော်သည် ပျက်စီးပါလိမ့်မည်။စာတန်နှင့်သူ၏နောက်လိုက်များတို့သည်နောင်တရ၍မျက်ရည်ကျလျှက် ဝန်ချတောင်းပန်သော်လည်းသူတို့၏ အပြစ်ဒုစရိုက်မနာလိုမုန်းတီးမှုတို့သည်ဘုရားသခင်၏ရှေ့တော်မှောက်၌ အလွန်ဆိုးဝါးသောကြောင့် မိမိတို့၏အပြစ်ကြောင့်တရားစီရင်ခြင်းကို ခံရရုံသာရှိပါတော့သည်။

စာတန်သည် ဘုရားသခင်၏ရှေ့တော်မှောက်၌ မျက်နှာမရနိုင်ကြောင်းကိုသိရှိလာသောအခါ မိမိ၏မနာလိုမုန်းတီးစိတ်သည်အတိုင်းမသိပြင်းထန်လာပါတော့သည်။သူ၏နောက်လိုက်များနှင့်တိုင်ပင်ကာ ဘုရားသခင်၏နိုင်ငံတော်ကိုပုန်ကန်ပျက်စီးရန်အစီအစဥ်များရေးဆွဲခဲ့ပါသည်။အာဒံနှင့်ဧဝကိုအလွန်လှပသောဥယျာဥ်၌ နေရာချပြီးသောအခါသူတို့ကိုဖျက်ဆီးရန် စာတန်စီစဥ်ခဲ့ပါသည်။ အာဒံနှင့်ဧဝတို့သည်ဘုရားသခင်၏ စကားတော်ကိုနားထောင်နေသရွေ့ကာလပတ်လုံးသူတို့၏ပျော်ရွှင်မှုကိုထိပါးနိုင်မည်မဟုတ်။ဘုရားသခင်၏စကားကို ငြင်းဆန်လျှက်ကိုယ်တော်၏ရှေ့တော်မှောက်၌မျက်နှာပျက်သောအခါမှသာလျှင် စာတန်သည်သူတို့အပေါ်၌ လွှမ်းမိုးနိုင်မည်ဖြစ်သည်။ဘုရားသခင်၏မျက်နှာတော်၏အပြုံးကိုခံယူပြီးစာတန်နှင့်သူ၏နောက်လိုက်များ၏သြဇာအောက်သို့ရောက်ရှိနိုင်ရန်ဘုရားသခင်၏စကားကိုငြင်းဆန်မည့်အစီအစဥ်များရေးဆွဲရမည်။စာတန်သည်သတ္တဝါတစ်ခုနှင့်အယောင်

ဆောင်ကာလူ့အကျိုးကိုဆောင်သယောင်နှင့်သွေးဆောင်ရန်ဆုံးဖြတ်ခဲ့ပါသည်။ဘုရားသခင်၏သစ္စာတရားကိုဆန့် ကျင်ပြီးဘုရားသခင်၏မိန့်တော်မူချက်များဟုတ်မှန်ပါမည်လားဟုသံသယစိတ်ကို ဖန်တီးမည့်သူတို့၏သိလိုစိတ်ကို နိုးဆော်မည်။ဘုရားသခင်၏မဟာဥာဏ်တော်ကိုစာတန်မာနကဲ့သို့စူးစမ်းလိုစိတ်ရှိလာရန်နှင့် ကောင်းမကောင်းသိ ကျွမ်းရာအပင်၏အသီးကို မစားရန်တားမြစ်ချက်ကို ဝေဖန်ပိုင်းခြားရန်လှုံ့ဆော်ပါလိမ့်မည်။

ဆက်လက်လေ့လာရန်။ ဟေရှာ ၁၄ း ၁၂ -၂၀။ ယေဇကျေ ၂၈ း၁-၁၉။ ဗျာ ၁၂ း၇-၈ တို့ကိုဖတ်ပါ။

## အခန်း (၂) လူတို့၏ ကျဆုံးခြင်း။

သန့်ရှင်းသောကောင်းကင်တမန်တို့သည်ဧဒင်ဥယျာဉ်၌ မကြာခဏရောက်ရှိလာကာသူတို့၏လုပ်ငန်းတာ ဝန်များနှင့် စာတန်မာန၏ ပုန်ကန်မှုနှင့် ကျဆုံးခြင်းအကြောင်းကို အာဒံနှင့်ဧဝကို ရှင်းပြခဲ့ကြောင်း ကျမတွေ့ရှိခဲ့ ပါသည်။ကောင်းကင်တမန်တို့သည်စာတန်အကြောင်းကိုသတိပေးလျှက် မိမိတို့၏လုပ်ငန်းဆောင်တာများကို လုပ် ဆောင်သောအခါ တစ်ဦးနှင့်တစ်ဦးအလှမ်းဝေးကွာပြီး ထိုသူ၏သွေးဆောင်မှုအောက်မရောက်ရှိအောင်သတိပေး ခဲ့ပါသည်။ဘုရားသခင်၏စကားကို အပြည့်အဝနားထောင်ပြီးစုံလင်သောနားထောင်ခြင်းရှိမှသာလျှင် လုံခြုံမှုရှိနိုင် ကြောင်းကို ကောင်းကင်တမန်များအားရှင်းပြခဲ့ပါသည်။ဘုရားသခင်၏စကားကိုနားထောင်ပါကရှုံးနိမ့်ပြီးသောရန် သူသည်သူတို့ကို ဩဇာလွှမ်းမိုးနိုင်မည်မဟုတ်။

စာတန်သည်ဧဝကိုစတင်စုံစမ်းခဲ့ပြီး ဘုရားသခင်၏စကားကို နားမထောင်ရန် သွေးဆောင်ခဲ့ပါသည်။ သူ မ၏ခင်ပွန်းထံမှထွက်သွားသည့်သူမ၏ပထမအမှားပင်ဖြစ်ပါသည်။အဘယ့်ကြောင့်ဆိုသော်တားမြစ်ထားသောအ ပင်နားတွင်ရစ်သီရစ်သီနှင့်ရှိခဲ့ပါသည်။သွေးဆောင်သည့်အသံကို နားထောင်ခဲ့ရုံသာမကဘဲ“သင်စားသောနေ့တွင် ဧကန်အမှန်သေရမည်”ဟူသောဘုရားသခင်၏မိန့်မှာချက်ကို သံသယပွားခဲ့ပါသည်။သူမ၏စိတ်ထဲတွင် ဘုရားသ ခင်ဆိုလိုသည့်အချက်မှာထိုသို့မဟုတ်ဟုထင်ခဲ့ပါသည်။သူမ၏လက်ကိုလှမ်း၍အသီးကိုယူပြီးလျှင် ထိုအသီးသည် မျက်စေ့၌အလွန်တင့်တယ်ပြီးအရသာလည်းချိုမြိန်လှပါသည်။ဤကဲ့သို့အလွန်ကောင်းသောအသီးကိုဘုရားသခင် တားထားသောကြောင့်ဘုရားသခင်ကိုပင်မနာလိုဖြစ်ခဲ့ပါသည်။ သူမသည်ဤအသီးကိုမိမိ ခင်ပွန်းသည်အားကျွေး လျှက်သူ့ကိုပင်စုံစမ်းခဲ့ပါသည်။မြွေပြောသောအရာများအားလုံးကိုဖေါက်သည်ချကာမြွေသည်လူကဲ့သို့ စကားပြော နိုင်ကြောင်းသူမ၏အံ့ဩမှုကိုဖေါ်ပြခဲ့ပါသည်။

အာဒံ၏ မျက်နှာညှိုးနွမ်းသွားကြောင်း ကျမတွေ့ခဲ့ရပါသည်။ ကြောက်ရွံ့တုန်လှုပ်သွားသော သဏ္ဍာန်ကို တွေ့လိုက်ရပါသည်။သူ၏စိတ်ထဲတွင်တွေဝေလျှက်လွန်ဆွဲနေပါသည်။ဤကားသူတို့ကို သတိပေးဖေါ်ပြထားသော ရန်သူကျိန်းသေဖြစ်သည်ကိုသိရပါသည်။ ယခုမူကားသူ့ဇနီးသေရတော့မည်။ သူ့ကိုခွဲခွာရတော့မည်။ဧဝအပေါ်၌ ထားရှိသော အာဒံ၏မေတ္တာသည် အလွန်ခိုင်မြဲခဲ့ပါသည်။နောက်ဆုံးတွင် စိတ်ဓါတ်ကျလျှက်သူမနှင့်သေပွဲဝင်ရန် ဆုံးဖြတ်ပြီးအသီးကိုယူလျှက်အလျင်အမြန်စားလိုက်ပါသည်။ ထိုအချိန်တွင်စာတန်သည်အလွန်ပျော်ရွှင်ခဲ့ပါသည်။ ကောင်းကင်၌စာတန်သည်ဘုရားသခင်ကိုပုန်ကန်ခဲ့ပြီးသူ့ကိုချစ်၍သူ့နောက်လိုက်ကာသူနှင့်အတူပုန်ကန်ခဲ့သူများ ရှိခဲ့ပါသည်။သူသည်ကျဆုံးသကဲ့သို့တစ်ပါးသူကိုလည်းကျဆုံးစေခဲ့ပါသည်။ဘုရားသခင်ကို ယုံကြည်မှုကင်းမဲ့ပြီးမ ဟာဉာဏ်တော်ကိုစူးစမ်းကာဘုရားသခင်၏အစီအစဉ်များကိုသိရှိနိုင်ရန်အတွက် ထိုအမျိုးသမီးသည်ဘုရားသခင် ၏ပညတ်တော်များကိုငြင်းပယ်ပြီးကျဆုံးရန်သူသွေးဆောင်ခဲ့ပါသည်။ဧဝတစ်ဦးသာမကျဆုံးသည်ကိုစာတန်ကြိုသိ နေပါသည်။အာဒံသည်မိမိ၏ဇနီးသည်ကို အလွန်ချစ်သောကြောင့် သူလည်း ကျဆုံးပါလိမ့်မည်။

လူ၏ကျဆုံးမှုသတင်းစကားသည် ကောင်းကင်တစ်ခုလုံး၌ပြန့်နှံ့သွားပါသည်။စောင်းတီးသံများဆိပ်သုဉ်း သွားခဲ့ပါသည်။ဝမ်းနည်းကြေကွဲရှိသောကောင်းကင်တမန်များသည် သူတို့၏သရဖူကိုမဆောင်းဘဲဘေး၌ ချထားခဲ့ ပါသည်။ကောင်းကင်တခုလုံး ကြေကွဲလျှက်ရှိပါသည်။ဤအပြစ်ရှိသော ဇနီးမောင်နှံနှစ်ဦးကိုမည်သို့စီရင်ရမည့်အ ကြောင်းနှင့်ပတ်သက်၍ကောင်းကင်၌စည်းဝေးခဲ့ကြပါသည်။ထိုဇနီးမောင်နှံသည် အသက်ပင်၏အသီးကိုစားပါက အပြစ်သားသည် မသေနိုင်သောအဖြစ်သို့ ရောက်သွားသည့်အကြောင်း ကောင်းကင်တမန်များ စိုးရိမ်လျှက်ရှိပါ

သည်။သို့သော်ထိုအပြစ်သားများကို ဧဒင်ဥယျာဉ်မှ နှင်ထုတ်တော်မူမည့်အကြောင်း ဘုရားသခင် မိန့်တော်မူခဲ့ပါသည်။အသက်ပင်၏အသီးကိုစောင့်ရှောက်ရန်အတွက်ကောင်းကင်တမန်များကိုချက်ခြင်းစေလွှတ်ခဲ့ပါသည်။အာဒံနှင့်ဧဝသည်ဘုရားသခင်စကားတော်ကိုငြင်းပယ်ကာ အမျက်တော်စူးရှုပြီးသည့်နောက် အသက်ပင်၏အသီးကိုစားပြီးမသေနိုင်သောအဖြစ်သို့ရောက်ရှိလျှက်ဒုစရိုက်အပြစ်ထဲ၌ ထာဝတည်ရှိသွားရန်စာတန်မာနသည် အခိုင်အမာကြံစည်ခဲ့ပါသည်။ သို့သော် ကောင်းကင်တမန်များတို့ကိုစေလွှတ်၍ အာဒံနှင့်ဧဝတို့ကို ဥယျာဉ်ထဲမှနှင်ထုတ်ခဲ့ပါသည်။ဒုတိယကောင်းကင်တမန်တစ်စုသည် အသက်ပင်ကိုကာကွယ်စောင့်ရှောက်ခဲ့ပါသည်။ထိုကောင်းကင်တမန်များ၏ ယာဘက်လက်တော်ဖြင့် နှစ်ဖက်သွားပါသောဓါးများကို ကိုင်ဆောင်ထားသယောင်ရှိပါသည်။

ထို့နောက်စာတန်ဝမ်းမြောက်လျှက်ရှိပါသည်။ မိမိ၏ကျဆုံးမှုဖြင့် သူတစ်ပါးကို ဒုက္ခရောက်စေခဲ့ပြီး မိမိကောင်းကင်နိုင်ငံတော်သို့ ဝင်ခွင့်မရသလို ထိုသူတို့လည်းပရတိသုဘုံသို့ဝင်ရမည် မဟုတ်ပေ။

ဆက်လက်လေ့လာရန်။ကမ္ဘာ ၃။

# အခန်း (၃) ကယ်တင်ခြင်း စီမံကိန်း။

ကောင်းကင်နိုင်ငံတစ်ခုလုံးသည် ဝမ်းနည်းကြေကွဲလျှက်ရှိပါသည်။ လူသည်ကျဆုံးလျှက် ဘုရားသခင်ဖန်ဆင်းခဲ့သောကမ္ဘာတွင်ယခုအခါ၌ရောဂါဘယများ၊ ဝမ်းနည်းကြေကွဲမှုများနှင့် သေခြင်းတရားသည်နေရာယူလျှက်ရှိပါသည်။အပြစ်သားအတွက်လွတ်မြောက်ရန်လမ်းမရှိပါ။အာဒံ၏မိသားစုတစ်ခုလုံး သေရတော့မည်။မြတ်နိုးဖွယ်ရာကောင်းသောသခင်ခရစ်တော်၏မျက်နှာတော်သည်သနားကြင်နာမှုနှင့်ဝမ်းနည်းကြေကွဲမှုများကို ကျမတွေ့မြင်ခဲ့ရပါသည်။မကြာမီပင်ဘုန်းတော်ထွန်းတောက်လျှက်အလွန်ထိန်လင်းတောက်ပသည့်ခမည်းတော် ဘုရားရှိရာနေရာသို့သားတော်ဘုရားချဉ်းကပ်သွားကြောင်းကိုကျမတွေ့ရှိရပါသည်။သူသည်ခမည်းတော်နှင့် ဆွေးနွေးနေကြောင်းကိုကျမနှင့်အတူလိုက်ပါလာသောကောင်းကင်တမန်ကပြောကြားခဲ့ပါသည်။သခင်ခရစ်တော်သည် ခမည်းတော်ဘုရားနှင့်ဆွေးနွေးနေစဉ် ကောင်းကင်တမန်များအားလုံးတို့သည် စိုးရိမ်လျှက်ရှိပါသည်။ သုံးကြိမ်တိုင်အောင်ခမည်းတော်၏ဘုန်းတော်ထွန်းလင်းရာနေရာသို့ဝင်ရောက်ခဲ့ပါသည်။တတိယအကြိမ်ပြန်လည် ထွက်လာသောအခါကိုယ်တော်၏မျက်နှာတော်သည်တည်ငြိမ်လျှက် စိုးရိမ်သောကများနှင့်ကင်းဝေးကာ နူတ်ဖြင့်မဖေါ်ပြတတ်အောင်တည်ငြိမ်အေးချမ်းလျှက်ရှိကြောင်းကိုကျမတွေ့ရှိလိုက်ပါသည်။ မိမိသည်ခမည်းတော်ထံချဉ်းကပ်လျှက်လူသားများခံယူရမည့်သေဒဏ်ကိုမိမိအစားထိုးခံယူခြင်းဖြင့် သူတို့အသက်ချမ်းသာရရန်ခမည်းတော်ထံတောင်းလျှောက်ခဲ့ကြောင်းမိန့်တော်မူခဲ့ပါသည်။မိမိ၏အသွေးတော်နှင့်ဘုရားသခင်၏ပညတ်တော်ကိုလိုက်လျှောက်ခြင်းဖြင့် ဘုရားသခင်၏ရှေ့တော်မှောက်၌မျက်နှာရကာအလွန်လှပသောဥယျာဉ်၌အသက်ပင်၏ အသီးကိုစားသုံးရသောအခွင့်ရရှိမည့်အကြောင်း ရှင်းပြတော်မူခဲ့ပါသည်။

ပထမပိုင်းတွင် ကောင်းကင်တမန်များတို့သည်မပျော်ရွှင်နိုင်ပါ။ မိမိတို့၏သခင်သည် ထိန်ဝှက်ခြင်းမရှိဘဲကယ်တင်ခြင်းစီမံကိန်းကိုရှင်းပြခဲ့ပါသည်။ ခမည်းတော်ဘုရား၏အမျက်ဒေါသနှင့်အပြစ်သား၏စပ်ကြားတွင် မိမိကြားခံဖြစ်မည်အကြောင်းရှင်းပြတော်မူခဲ့ပါသည်။ အပြစ်ဒုစရိုက်နှင့် အရှက်ကွဲခြင်းကို မိမိခံယူသော်လည်းလူအနည်းငယ်ကသာလျှင်ဘုရားသခင်၏သားတော်အဖြစ်နှင့်ယုံကြည်မည့်အကြောင်းကိုဖေါ်ပြခဲ့ပါသည်။အားလုံးနီးပါးသည်ကိုယ်တော်ကိုမုန်းတီး၍ငြင်းပယ်လိမ့်မည်။မိမိကောင်းကင်၏ဘုန်းတန်ခိုးကိုစွန့်၍လောကတွင် အလွန်နှိမ့်ကျသောလူဇာတိကိုခံယူမည်။အပြစ်သားများတို့၏အတွေ့အကြုံကို သိရှိခံယူရန်သွေးဆောင်မှုအမျိုးမျိုးကို ရင်ဆိုင်ရမည့်အကြောင်းနောက်ဆုံးတွင်မိမိ၏အမှုတော်ပြီးဆုံးသောအခါမိမိတို့၏အသက်ကိုလုဆိုးများ၏ လက်ထဲ၌အပ်နှံပြီးစာတန်နှင့်သူ၏ကောင်းကင်တမန်များ၏လှုံ့ဆော်မှုအောက်၌ ရှိနေသောလူမိုက်များ၏ ရက်စက်စွာသတ်ဖြတ်မှုကိုခံယူသွားမည်။ အရက်စက်ဆုံးသောစီရင်ခြင်းဖြင့် ကောင်းကင်နှင့်မြေကြီးစပ်ကြားချိတ်ဆွဲခြင်းခံရမည်။ နာရီပေါင်းများစွာကြာအောင်ဒုက္ခညှဉ်းဆဲခြင်းကိုခံရမည်။နောက်ဆုံးတွင်ကောင်းကင်တမန်များပင်လျှင်မကြည့်ဝံ့တော့

သည့်အတွက်မိမိတို့၏မျက်နှာများကိုဖုံးကွယ်ထားသည့်အကြောင်းမိမိခံစားရမည့်နာကျင်မှုဝေဒနာသည်ကိုယ်ကာယနာကျင်မှုသာမကစိတ်ပိုင်းဆိုင်ရာ နာကျင်မှုဝေဒနာပါမနိုင်းသာကြောင်း၍လောက၏ အပြစ်ဒုစရိုက်အားလုံးကိုမိမိချီဆောင်ရမည့်အကြောင်းမိမိ၏ အသက်တော်ကိုစွန့်ပြီးနောက် တတိယနေ့ရက်၌ ရှင်ပြန်ထမြောက်ကာခမည်းတော်ဘုရားရှေ့တော်မှောက်၌အပြစ်သားများအတွက် တောင်းပန်ပေးမည့်အကြောင်းကို ရှင်းပြတော်မူခဲ့ပါသည်။

ကောင်းကင်တမန်များတို့သည်သခင်ခရစ်တော်၏ရှေ့တော်မှောက်၌ပြပ်ဝပ်လျှက်မိမိတို့၏အသက်ကို စွန့်ရန်ကမ်းလှမ်းတော်မူခဲ့ပါသည်။သို့သော်ကိုယ်တော်က မိမိ၏အသက်တော်ကိုစွန့်ခြင်းဖြင့် လူအမြောက်အမြားကိုကယ်တင်နိုင်တော်မူကြောင်း၊သို့သော်ကောင်းကင်တမန်၏အသက်စွန့်ခြင်းသည် ထိုအပြစ်ကြွေးမဆပ်နိုင်ကြောင်းမိန့်တော်မူခဲ့ပါသည်။ခမည်းတော်၏ရှေ့တော်မှောက်၌လူသားများ၏ အသက်ကိုကယ်တင်ရန် သခင်ခရစ်တော်၏အသက်တော်ဖြင့်သာ ကျေအေးနိုင်ကြောင်းကို မိန့်တော်မူခဲ့ပါသည်။

ထို့အပြင်ကောင်းကင်တမန်များသည်တစ်ခါတစ်ရံကိုယ်တော်ကိုလာရောက်အားပေးခြင်းဖြင့် ဤလုပ်ငန်းတွင်ပါဝင်ရမည့်အကြောင်းကိုရှင်းပြတော်မူခဲ့ပါသည်။ သခင်ခရစ်တော်သည်လူဇာတိကိုခံယူမည်ဖြစ်သောကြောင့်ကောင်းကင်တမန်များထက်ပင်အင်အားနည်းလိမ့်မည်။ကိုယ်တော်၏အရှုက်ကွဲရသည့်သိမ်ငယ်မှုနှင့်နာကျင်မှုများကိုပင်သူတို့တွေ့မြင်ရမည်အကြောင်းထိုနာကျင်မှုများနှင့် လူတို့၏အမုန်းတရားကို ကိုယ်တိုင်မြင်တွေ့ရသည့်အခါတွင်သခင်ခရစ်တော်ကိုအလွန်ချစ်မြတ်နိုးသည့်မေတ္တာကြောင့်စိတ်ထဲတွင်ခံပြင်းကာကိုယ်တော်ကို လူသတ်သမားတို့၏လက်ထဲမှကယ်တင်ရန်စိတ်ပြင်းပြပြီးဖြစ်သော်လည်းဝင်ရောက်စွတ်ဖက်ခြင်းမပြုလုပ်ရမည့်အကြောင်း ကိုယ်တော်ပြန်လည်ရှင်သန်ထမြောက်သည့်အခါတွင်သူတို့၏ အခန်းကဏ္ဍလည်းပါဝင်မည်ဖြစ်ကြောင်း ကယ်တင်ခြင်းစီမံကိန်းကိုပြင်ဆင်ထားပြီးကာ ထိုစီမံကိန်းကို ခမည်းတော်ဘုရားလည်းလက်ခံတော်မူပြီးကြောင်း ရှင်းပြတော်မူခဲ့ပါသည်။

အလွန်မြင့်မြတ်သန့်ရှင်းသော ဝမ်းနည်းကြေကွဲမှုများနှင့်အတူ ကိုယ်တော်သည်ကောင်းကင်တမန်များကိုနှစ်သိမ့်တော်မူခဲ့ပါသည်။ကယ်တင်ခြင်းခံရမည့်သူတို့သည်နောင်တွင် ကိုယ်တော်နှင့် အတူရှိမည့်အကြောင်းကိုယ်တော်၏ အသေခံတော်မူခြင်းသည် လူများစွာကိုကယ်တင်ကာသေခြင်း၏အရှင်ကိုလည်း ဖျက်ဆီးမည့်အကြောင်းကို ရှင်းပြတော်မူခဲ့ပါသည်။ခမည်းတော်ဘုရားသည် မိုးကောင်းကင်အောက်ရှိ နိုင်ငံတော်နှင့်ကြီးမြတ်မှုများကိုမိမိအားထာဝရကာလတိုင်အောင်ပေးတော်မူမည့်အကြောင်း၊ စာတန်နှင့်သူ၏နောက်လိုက်များသည်ထာဝရဖျက်ဆီးခြင်းကို ခံရပြီး ကောင်းကင်နှင့် အသစ်ပြန်လည်သန့်စင်ထားသည့် ဤကမ္ဘာမြေကို ဖျက်ဆီးနိုင်တော့မည် မဟုတ်ကြောင်းကိုရှင်းပြကာခမည်းတော်ဘုရား အတည်ပြုလက်ခံတော်မူသည်။ ထိုကယ်တင်ခြင်း အစီအစဉ်ကိုကောင်းကင်သားများအားလုံးလည်းလက်ခံရန်သခင်ခရစ်တော်တိုက်တွန်းတော်မူခဲ့ပါသည်။ကိုယ်တော်၏ အသေခံတော်မူခြင်းဖြင့်လူသည်ပြန်လည်ချီးမြှောက်ခြင်းခံရကာ ဘုရားသခင်ထံတော်ရှေ့၌ မျက်နှာရကာကောင်းကင်၌ ပြန်လည်ပျော်ရွှင်ရမည့်ဖြစ်သောကြောင့် ဝမ်းမြောက်ရန် တိုက်တွန်းတော်မူခဲ့ပါသည်။

မရေတွက်နိုင်သည့်ဝမ်းမြောက်ခြင်းသည်ကောင်းကင်သစ်၌ ပြန့်နှံ့သွားခဲ့ပါသည်။ လူသားများကို ကယ်တင်ရန်အတွက်ခမည်းတော်ဘုရားသည်မိမိအလွန်ချစ်မြတ်နိုးရမည့်သားတော်ကိုစွန့်တော်မူသောကြောင့်ကောင်းကင်သားတို့သည်မိမိတို့၏ စောင်းကောက်များကိုတီးလျှက်အသံကို ယခင်ကထက်ပို၍မြင့်ကာဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းသီဆိုခဲ့ကြပါသည်။ သားတော်ဘုရားသည်လည်း ခမည်းတော်ဘုရား၏ရင်ခွင်ကိုစွန့်တော်မူကာသူတစ်ပါးအတွက် ဒုက္ခညှင်းဆဲခြင်းနှင့် နာကျင်ဖွယ်သက်တော်စွန့်၊ ကိုယ်ကျိုးစွန့်ခြင်းအတွက် သားတော်ဘုရားကိုလည်း ချီးမွမ်းထောမနာပြုခဲ့ကြပါသည်။

ကောင်းကင်တမန်က“ခမည်းတော်ဘုရား၏သားတော်ကို လွယ်လွယ်ကူကူနှင့်စွန့်သည်ဟုထင်ပါသလား။ ထိုသို့မဟုတ်ပါ။ကောင်းကင်၌ရှိတော်မူသည့်ဘုရားသခင်ပင်လျှင်အပြစ်သားများမိမိတို့၏အပြစ်၌စွန့်ခြင်းနှင့်သားတော်ကိုအသေခံခြင်းတို့စပ်ကြားရွေးချယ်ရာ၌အလွန်ခက်ခဲခဲ့ပါသည်။ကောင်းကင်တမန်များတို့သည် လူသားများ၏ကယ်တင်ခြင်းကိုအလွန်စိတ်ဝင်စား၍အသက်စွန့်ကာလူကိုကယ်တင်မည့်ကောင်းကင်တမန်လည်းမရှားပါ။ကျမနှင့်အတူလိုက်ပါလာသည့်ကောင်းကင်တမန်ကထိုသို့မဖြစ်ဟုဆိုပါသည်။ လူ၏ဒုစရိုက်အပြစ်သည်အလွန်ကြီးမားသောကြောင့်ကောင်းကင်တမန်များပေးဆပ်၍မရပါ။သားတော်ဘုရားအသေခံတော်မူခြင်းဖြင့်သာ ဤအပြစ်၏အ

ကြွေးကိုပေးဆပ်နိုင်ပြီးဝမ်းနည်းကြေကွဲမှုနှင့်ဒုက္ခရောက်နေသည့် လူသားများကိုကယ်တင်နိုင်ပါလိမ့်မည်။

သို့သော်သားတော်ဘုရားသည် ဒုက္ခဝေဒနာများကို ခံစားရသောအခါ နှစ်သိမ့်မှုပေးရန်အတွက် ကောင်းကင်တမန်များကိုခန့်အပ်ထားတော်မူခဲ့ပါသည်။ထို့အပြင်ကျေးဇူးတော်၏သားသမီးများကို နတ်ဆိုးများနှင့်စာတန်၏အမှောင်ထုမှလည်းကယ်တင်ရန် တာဝန်ရှိပါသည်။ ဘုရားသခင်သည် မိမိ၏ပညတ်တော်များကိုပြောင်းလဲရန်မဖြစ်နိုင်သည့်အတွက် ပျက်စီးတော့မည့်လူသားများကိုကယ်တင်ရန် မိမိချစ်မြတ်နိုးသည့်သားတော်ကို စွန့်ရန်သာရှိတော့ကြောင်း ကျမမြင်တွေ့ခဲ့ရပါသည်။

လူသားများကိုကျဆုံးစေနိုင်သည်သာမကသားတော်ဘုရားကိုမိမိ၏မြင့်မြတ်သည့်ပလ္လင်တော်မှစွန့်ရန်စွမ်းဆောင်နိုင်ခဲ့သည့်အတွက်စာတန်ပျော်ရွှင်လျှက်ရှိပါသည်။ သခင်ခရစ်တော်လူဇာတိကိုခံယူသောအခါ ကိုယ်တော်ကိုအနိုင်အထက်ပြု၍ကယ်တင်ခြင်းအစီအစဉ်ကိုပျက်စီးသွားရန်ပြုလုပ်မည်ဟုမိမိ၏နောက်လိုက်များတို့ကိုစာတန်ကြွေးကြော်ခဲ့ပါသည်။

စာတန်သည်အပြစ်မပြုမီကမိမိ၏ဘုန်းတော်နှင့်ပျော်ရွှင်သည့်အနေအထားကို ယခုအနေအထားနှင့်ယှဉ်၍ကျမတွေ့မြင်ခဲ့ရပါသည်။ယခုအခြေအနေတွင် ခန့်ညားလျှက်ရှိသော်လည်းကျဆုံးသော ကောင်းကင်တမန်တစ်ပါးဖြစ်နေပါသည်။စိုးရိမ်ပူပန်ပြီးပျော်ရွှင်မှုကင်းမဲ့ကာသူ၏မျက်နှာတွင်မုန်းတီးမှုများ၊မနာလိုမှုများ၊လှည့်ဖြားမှုများနှင့်ရောင်ပြန်ဟပ်လျှက်ရှိပါသည်။ယခင်အချိန်က အလွန်ခန့်ညားခဲ့သည့် မဟာနဖူးသည်ယခုအခါတွင်မခန့်ညားခဲ့ပါ။အပြစ်ဒုစရိုက်၌ နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သည့်အတွက် သူ၌ကောင်းသည့်လက္ခဏာမရှိတော့ဘဲ ဆိုးညစ်သောအမူအရာများကိုသာတွေ့ရပါသည်။ မျက်လုံးများအလွန်စူးရှကာ ကောက်ကျစ်စဉ်းလဲပါသည်။ခန္ဓာကိုယ်အလွန်ထွားကြိုင်းသော်လည်းလက်မောင်းနှင့်မျက်နှာတွင်အသားအရေများတွဲလျှက်ရှိနေပါသည်။ကျမမြင်တွေ့လိုက်စဉ်မေးတင်လျှက်အတွေးနယ်ချဲ့လျှက်ရှိနေပါသည်။သူ၏အပြုံးသည်ကောက်ကျစ်စဉ်းလဲပြီးဆိုးညစ်သောကြောင့်ကျမတုန်လှုပ်မိပါသည်။ထိုအပြုံးသည်သားကောင်ကိုအမိမဖမ်းမီပြုံးသောအပြုံးဖြစ်ကာသားကောင်ကိုကျော့ကွင်း၌ ဖမ်းမိသောအခါ သူ၏အပြုံးသည်အကျည်းတန်သွားပါသည်။

ဆက်လက်လေ့လာရန်။ ဟေရှာ၅၃ ကိုဖတ်ပါ။

## အခန်း (၄) သခင်ခရစ်တော်၏ ပထမအကြိမ် ကြွလာခြင်း။

သခင်ခရစ်တော်သည်အလွန်နှိမ့်ကျသော လူဇာတိကိုခံယူလျှက် စာတန်၏စုံစမ်းနှောက်ယှက်ခြင်းနှင့်ရင်ဆိုင်ရသောအချိန်ကာလသို့ ရူပါရုံဖြင့် ကျမခေါ်ဆောင်ခြင်းခံခဲ့ရပါသည်။

ကိုယ်တော်မွေးဖွားလာသောအခါ ခမ်းနားထယ်ဝါမှုမရှိပါ။နွားတင်းကုပ်ရှိ နွားစားခွက်ထဲတွင်မွေးဖွားသန့်စင်ခဲ့သော်လည်း လူတကာတို့ထက် ဂုဏ်ပြုခြင်းခံခဲ့ရပါသည်။ ဘုရားသခင်၏ ဘုန်းတန်ခိုးရောင်ခြည်တော် ထွန်းတောက်လျှက်သခင်ခရစ်တော်ကြွလာခြင်းသတင်းစကားကို ကောင်းကင်တမန်တို့သည်သိုးထိန်းတို့အားအသိပေးခဲ့ပါသည်။ကောင်းကင်သားတို့သည်မိမိတို့၏စောင်းကောက်ကို တီးလျှက်ဘုရားသခင်၏ ဘုန်းတော်ကိုချီးမွမ်းခဲ့ပါသည်။ဘုရား၏သားတော်သည်ဤဒုစရိုက်ကမ္ဘာကို ကယ်တင်ဖို့ရန်အတွက် မွေးဖွားတော်မူခဲ့ပါသည်။မိမိ၏သက်တော်စွန့်ခြင်းဖြင့်ငြိမ်သက်ခြင်း၊ပျော်ရွှင်ခြင်းနှင့်လူသားတို့အတွက် ထာဝရအသက်ကိုရစေမည့်အကြောင်းအောင်မြင်စွာကြွေးကြော်ခဲ့ပါသည်။ ခမည်းတော်ဘုရားသည် သားတော်ဘုရားမွေးဖွားခြင်းကို ဂုဏ်ပြုတော်မူခဲ့ပါသည်။ ကောင်းကင်တမန်များတို့သည် ဝတ်ပြုကိုးကွယ်တော်မူခဲ့ပါသည်။

သားတော်ဘုရားဗတ္တိဇံကိုခံယူသောအခါ၌ကောင်းကင်တမန်တို့သည်အနီးအနား၌ရှိနေ၍ သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည်ချိုးငှက်သဏ္ဍာန်ဆောင်လျှက်ဆင်းသက်တော်မူခဲ့ပါသည်။စောင့်ကြည့်လျှက်ရှိသောသူအပေါင်းတို့သည်အံ့ဩတွေဝေလျှက်ကိုယ်တော်အားငေးမောကြည့်လျှက်ရှိပါသည်။ကောင်းကင်မှခမည်းတော်ဘုရား၏အသံကား “ဤသူကား ငါနှစ်သက်မြတ်နိုးရာငါ၏ချစ်သားပေတည်း” ဟုမိန့်တော်မူခဲ့ပါသည်။

ယောဒန်မြစ်၌ဗတ္တိဇံပေးရန်လာရောက်တောင်းခံသူသည်ကယ်တင်ရှင်ဖြစ်ကြောင်းကို နှစ်ခြင်းဆရာယောဟန်မသေချာသော်လည်းဘုရားသခင်၏သိုးသငယ်ကို သိရှိနိုင်ရန်အတွက် လက္ခဏာသက်သေကို ဖေါ်ပြပေးမည့်

အကြောင်းနှစ်ခြင်းဆရာယောဟန်အားဘုရားသခင်ကတိထားတော်မူခဲ့ပါသည်။ကောင်းကင်မှ ချိုးငှက်သည်သခင်ခရစ်တော်အပေါ်၌ဆင်းသက်ပြီးကိုယ်တော်၏ ပတ်ပတ်လည်၌ရောင်ခြည်တော်ထွန်းတောက်သောအခါ ထိုလက္ခဏာမှာထင်ရှားလျှက်ရှိပါသည်။နှစ်ခြင်းဆရာယောဟန်သည်သခင်ခရစ်တော်ဘက်သို့လှည့်ကာလက်ကိုဆန့်လျှက်ကျယ်သောအသံနှင့်ဤလောက၏အပြစ်များကိုသယ်ဆောင်သွားသောဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့ဟုမိန့်တော်မူခဲ့ပါသည်။

သခင်ခရစ်တော်သည် ကတိထားရာမေရှိယဖြစ်တော်မူပြီး ဤလောက၏ ကယ်တင်ရှင်ဖြစ်ကြောင်းကိုတပည့်တော်တို့အားနှစ်ခြင်းဆရာယောဟန်ဖေါ်ပြခဲ့ပါသည်။မိမိ၏လုပ်ငန်းဆောင်တာများပြီးဆုံးတော့မည်ဖြစ်သည်နှင့်အညီသခင်ခရစ်တော်ကိုကြည့်လျှက်ဤကြီးမြတ်သောဆရာနောက်သို့လိုက်ရန်မိမိ၏တပည့်တော်တို့အား သွန်သင်ခဲ့ပါသည်။နှစ်ခြင်းဆရာယောဟန်၏အသက်တာကို ပျော်ရွှင်မှုကင်းမဲ့ပြီး ဝမ်းနည်းကြေကွဲမှုနှင့်အတူမိမိကိုယ်ကိုငြင်းပယ်မှုရှိနေပါသည်။သခင်ခရစ်တော်ပထမအကြိမ်ကြွလာခြင်းကိုရှေ့ပြေးဖေါ်ပြခဲ့ရသော်လည်းအံ့ဖွယ်နိမိတ်လက္ခဏာများနှင့်ခရစ်တော်၏တန်ခိုးတော်ကို သူလက်တွေ့မြင်ခွင့်မရပါ။ ကိုယ်တော်သည် ဤလောကတွင်ကျမ်းတတ်ဆရာတစ်ပါးအဖြစ်အမှုတော်ကိုစတင်သောအခါတွင်မိမိအသက်ကုန်မည်ကိုနှစ်ခြင်းဆရာယောဟန်သိနေပါသည်။တောထဲမှလွဲ၍သူ၏အသံကိုအပြင်မှမကြားရပါ။ သူအသက်တာသည်အလွန်အထီးကျန်ခဲ့ပါသည်။ မိမိအမှုတော်ပြီးမြောက်နိုင်ရန်အတွက် ဖခင်၏မိသားစုများကို ကျောခိုင်းလျှက်စွန့်ခွာခဲ့ရပါသည်။ ဤတကိုယ်တော်ပရောဖက်၏တရားတော်ကိုနာယူရန်အတွက်လူအမြောက်အမြားသည်မြို့ရွာများကို စွန့်လျှက်တောထဲ၌စုလျှက်နေကြပါသည်။နှစ်ခြင်းဆရာယောဟန်သည်သစ်ပင်၏ခြေရင်း၌ပုဆိန်ကိုခုတ်ရန်တော့ထားပါသည်။သူသည်ကြောက်ရွံ့ခြင်းမရှိဘဲအပြစ်ဒုစရိုက်ကိုရဲရင့်စွာဖေါ်ထုတ်ဆုံးမခဲ့သည်။ ဘုရားသခင်၏သိုးသငယ်လာရာလမ်းကို ပြင်ဆင်ခဲ့ပါသည်။

နှစ်ခြင်းဆရာယောဟန်၏ထက်မြက်စူးရှသောတရားတော်သည်ဟေရုဒ်မင်း၏စိတ်နှလုံးတော်ကိုထိတွေ့ခဲ့ပါသည်။နှစ်ခြင်းဆရာဟောဟန်၌တပည့်ခံရန်အတွက်မည်သို့ပြုလုပ်ရမည်အကြောင်းစိတ်အရင်းခံနှင့်မေးမြန်းခဲ့ပါသည်။ဟေရုဒ်မင်းသည်မကြာမီတွင် ရှင်လျှက်ကျန်နေသေးသည့်သူ့အစ်ကို၏ မယားကိုသိမ်းပိုက်မည်အကြောင်း၊ နှစ်ခြင်းဆရာယောဟန် သိမြင်ပါသည်။ ထို့ကြောင့်ဤကဲ့သို့ မပြုလုပ်ရန်ဟေရုဒ်မင်းကို သစ္စာတရားနှင့် ဆုံးမခဲ့ပါသည်။ ဟေရုဒ်မင်းသည် အနစ်နာခံရန်ဆန္ဒမရှိခဲ့ပါ။ သူ့အစ်ကို၏ ဇနီးနှင့်ထိမ်းမြားပြီးသည့်နောက် သူမ၏သြဇာကြောင့်နှစ်ခြင်းဆရာယောဟန်ကိုဖမ်းဆီး၍ထောင်ချခဲ့ပါသည်။ဟေရုဒ်မင်းသည်နှစ်ခြင်းဆရာယောဟန်ကိုမကြာခင်ထောင်ထဲမှပြန်လွှတ်ရန်အစီအစဉ်ရှိခဲ့ပါသည်။ထောင်ထဲ၌ရှိစဉ်သခင်ခရစ်တော်၏အံ့ဖွယ်အမှုတော်အကြောင်းကိုတပည့်တော်များမှတစ်ဆင့် သူကြားခဲ့ရပါသည်။ မင်္ဂလာတရားတော်များကိုနာခံနိုင်ရန် အခွင့်အရေးမရသော်လည်း တပည့်တော်များကတဆင့်ပြောပြကာသူ့ကို နှစ်သိမ့်စေခဲ့ပါသည်။ မကြာမီတွင် ဟေရုဒ်မင်း၏ ဇနီးသည်ကြောင့်သူခေါင်းဖြတ်သတ်ခြင်းခံခဲ့ရပါသည်။သခင်ခရစ်တော်နောက်တော်သို့လိုက်ရန် အံ့ဖွယ်နိမိတ်လက္ခဏာများကိုမြင်တွေ့ကာနှစ်သိမ့်ခြင်းတရားတော်များကို ကြားနာရသောအငယ်ဆုံးတပည့်ပင်လျှင် နှစ်ခြင်းဆရာယောဟန်ထက်သာလွန်ကြောင်းကိုကျမတွေ့မြင်ခဲ့ရပါသည်။ဆိုလိုသည်မှာဤသူတို့သည်သာ၍ ချီးမြှောက်ခြင်းကိုခံရပြီးအသက်တာ၌ နှစ်ခြင်းဆရာယောဟန်ထက် ပျော်ရွှင်မှုကို ပို၍ခံစားခဲ့ရပါသည်။

နှစ်ခြင်းဆရာယောဟန်သည်ဧလိယ၏တန်ခိုးစိတ်ဓါတ်နှင့်အတူကြွလာ၍ သခင်ယေရှု၏ ပထမအကြိမ်ကြွလာခြင်းကိုကြွေးကြော်ခဲ့ပါသည်။နောက်ဆုံးသောခေတ်ကာလတွင်အမျက်ဒေါသ၏နေ့ရက်နှင့်ကိုယ်တော်ဒုတိယအကြိမ်ကြွလာခြင်းကိုဧလိယ၏ တန်ခိုး၊စိတ်ဓါတ်နှင့်ကြွေးကြော်သူတို့ကို နှစ်ခြင်းဆရာယောဟန်နှင့် ပုံဆောင်ထားကြောင်း ကျမမြင်တွေ့ခဲ့ရပါသည်။

သခင်ခရစ်တော်သည်ယောဒန်မြစ်တွင်ဗတ္တိဇံခံပြီးသည့်နောက် တောထဲ၌ စာတန်၏စုံစမ်းခြင်းကိုခံယူနိုင်ရန်ဝိညာဉ်တော်သည် သူ့ကိုပို့ဆောင်ခဲ့ပါသည်။ ထိုပြင်းထန်သောစုံစမ်းခြင်းများနှင့်ရင်ဆိုင်နိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်သည်ကိုယ်တော်ဘုရားကိုပြုပြင်ပေးတော်မူခဲ့ပါသည်။ ရက်ပေါင်းလေးဆယ်ကြာအောင် စာတန်၏စုံစမ်းခြင်းကိုခံခဲ့ရပြီးထိုရက်များတွင်မည်သည့်အစားအစာကိုမျှမစားခဲ့ရပါ။ပတ်ဝန်းကျင်သည် လူသားများကြောက်လန့်နိုင်လောက်အောင် ဆိုးဝါးလျှက်ရှိနေပါသည်။ လူသူကင်းမဲ့သောနေရာ၌သားရဲတိရစ္ဆာန်များနှင့်အတူ စာတန်သာရှိပါသည်။အစားအစာပြတ်လပ်မှုနှင့် ရင်ဆိုင်ခဲ့ရသော ဒုက္ခအမျိုးမျိုးကြောင့်သားတော်ဘုရားသည် ဖြူဖပ်ဖြူ

ရော်နှင့်အင်အားချိ.နဲ.လျှက်ရှိသည်ကိုကျမတွေ.မြင်ရပါသည်။။သူလျှောက်လှမ်းရမည့်အသက်တာကိုမှတ်သားထားသည့်အတွက်ကြောင့်မိမိလုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများအားလုံးကို တာဝန်ကျေရန် ပြုလုပ်ရမည်ဖြစ်သည်။

စာတန်သည် သခင်ခရစ်တော်ရင်ဆိုင်ရသော ဒုက္ခအမျိုးမျိုးကို အခွင့်ကောင်းယူလျှက် အဖက်ဖက်မှ စုံစမ်းနှောက်ယှက်လျှက်ရှိပါသည်။မိမိကိုယ်ကိုနှိမ့်ချလျှက်လူဇာတိကိုခံယူခဲ့သောကြောင့်သခင်ခရစ်တော်အပေါ်အနိုင်ရမည်ဟုစာတန်မျှော်လင့်ထားခဲ့ပါသည်။ သင်သည်ဘုရားသခင်၏သားတော်မှန်လျှင် ဤကျောက်တို့ကိုမုန့်ဖြစ်စေပါဟုဆိုလျှက်စုံစမ်းခဲ့ပါသည်။ဘုရားတန်ခိုးကို အသုံးပြုလျှက်မိမိမေရှိယဖြစ်ကြောင်းကိုသက်သေထူရန် သခင်ခရစ်တော်စုံစမ်းခဲ့ပါသည်။ကိုယ်တော်ကလည်းလူသည်မုန့်အားဖြင့်သာအသက်မွေးရမည်မဟုတ်၊ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည် ကျမ်းစာလာသည်ဟုမိန့်တော်မူပါသည်။

သခင်ခရစ်တော်သည်ဘုရားသခင်၏သားတော်ဖြစ်ကြောင်းနှင့်ပတ်သက်၍သေဒကတက်ရန်စာတန်ကြိုးစားခဲ့ပါသည်။ကိုယ်တော်၏ချိ.နဲ.အားနည်းနေသောအခြေအနေကိုဖေါ်ညွှန်းလျှက် မိမိသည်သခင်ခရစ်တော်ထက်ပို၍အားကြီးကြောင်းကိုစာတန်ဝါကြွားခဲ့ပါသည်။သို့သော်လည်း ဤသူကားငါနှစ်သက်မြတ်နိုးရာငါ၏ချစ်သားပေတည်းဟူသောစကားသည် ဤဒုက္ခများကြားထဲမှ လက်မလျှော့စေရန် သခင်ခရစ်တော်အတွက် လုံလောက်ပါပေသည်။ သခင်ခရစ်တော်သည်မိမိ၏ခွန်အား၊ တန်ခိုးတော်နှင့်ပတ်သက်၍၎င်း၊ ဤလောက၏ကယ်တင်ရှင်နှင့်ပတ်သက်၍၎င်း၊စာတန်မာန၏ရှေ့တွင်သက်သေထူရန်အကြောင်းမရှိပါ။ သခင်ခရစ်တော်၏မြင့်မြတ်သောအာနုဘော်အကြောင်းသက်သေအခိုင်အလုံရှိနှင့်ပြီးသားဖြစ်သည်။သို့သော်လည်းသခင်ခရစ်တော်၏ ဩဇာကိုမခံယူလိုသောကြောင့် စာတန်မာနကို ကောင်းကင်မှနှင်ထုတ်ခဲ့ကြောင်း ကျမမြင်တွေ.ခဲ့ရပါသည်။

စာတန်သည်မိမိ၏တန်ခိုးခွန်အားကို ဖေါ်ပြနိုင်ရန်အတွက် သခင်ခရစ်တော်ကို ယေရုရှလင်မြို.ရှိဗိမာန်တော်၏အထွဋ်သို့ချီဆောင်သွားပြီး ဆက်လက်စုံစမ်းခဲ့ပါသည်။ဘုရားသခင်၏သားတော်မှန်လျှင် ဤမြင့်သောအရပ်မှမိမိကိုယ်ကို ခုန်ချ၍ သက်သေထူရန် ပြောဆိုခဲ့ပါသည်။ စာတန်သည် သမ္မာကျမ်းစာကို ကိုးကားခဲ့ပါသည်။ ကောင်းကင်တမန်တို့အားသင့်အဖို့မှာထားတော်မူသည်ဖြစ်၍သင့်၏ခြေကို ကျောက်နှင့်မထိခိုက်စေခြင်းငှါ သူတို့သည်သင့်ကိုလက်နှင့် မချီကြလိမ့်မည်ဟုဆိုခဲ့ပါသည်။သခင်ခရစ်တော်ကလည်းသင်၏ ဘုရားသခင်ထာဝရဘုရားကိုသင်သည်စုံစမ်းခြင်းမပြုရဟုပြန်လည်ဖြေကြားခဲ့ပါသည်။သခင်ခရစ်တော်သည် ခမည်းတော်ဘုရား၏ ကရုဏာတော်ကိုအလွဲပြုပြီးမိမိအမှုတော်မပြီးဆုံးခင် အသက်စွန့်ရန်စာတန်ကြိုးစားခဲ့ပါသည်။ ကယ်တင်ခြင်းစီမံကိန်းပျက်ပြားရန်သူကြိုးစားခဲ့ပါသည်။သို့သော်လည်းထိုစီမံကိန်းသည်အလွန်ခိုင်မြဲသောကြောင့် စာတန်ဤကဲ့သို့ဖျက်ဆီး၍မရကြောင်း ကျမမြင်တွေ.ခဲ့ရ ပါသည်။

သခင်ခရစ်တော်သည်စုံစမ်းခြင်းခံနေရသော ခရစ်ယာန်များနှင့် အခွင့်အရေးငြင်းဆန်လိုသူများကို ကိုယ်စားပြုကြောင်း ကျမတွေ.မြင်ခဲ့ရပါသည်။ ဤသူတို့သည်သည်းခံခြင်းရှိရမည်။ဘုရားသခင်၏တန်ခိုးတော်နှင့်ဘုန်းတော်ကိုတိုက်ရိုက်ထိပါးခြင်းမရှိပါကခရစ်ယာန်များတို့သည်ရန်သူတို့ကိုအနိုင်ယူရန်ဘုရားသခင်ခွန်အားကို နေရာတိုင်း၌မတောင်းခံသင့်ပါ။အကယ်၍သခင်ခရစ်တော်သည် ဗိမာန်တော်အပေါ်မှခုန်ချခဲ့သော် ခမည်းတော် ဘုရား၏ဘုန်းတော်ကိုထင်ရှားစေမည်မဟုတ်ကြောင်းကို ကျမတွေ.ခဲ့ရပါသည်။စာတန်နှင့် ဘုရားသခင်၏ ကောင်းကင်တမန်များမှအပမည်သူကမျှဤအခြင်းအရာကို တွေ.မည်မဟုတ်ပါ။ ဘုရားသခင်၏တန်ခိုးတော်ကိုသူ၏အခါးသီးဆုံးရန်သူ၏ရှေ့၌သက်သေထူဖေါ်ပြရန်စုံစမ်းခြင်းသာဖြစ်လိမ့်မည်။ သခင်ခရစ်တော်အနိုင်ယူရန်ကြွလာသူ၏ရှေ့တွင်မိမိကိုယ်ကိုနှိမ့်ချခြင်းသာဖြစ်လိမ့်မည်။“တဖန်မာနသည်ယေရှုကိုအလွန်မြင့်လှစွာသောတောင်ပေါ်သို့ဆောင်သွား၍ဤလောက၌ရှိသမျှသောတိုင်းနိုင်ငံတို့ကို၎င်း၊ထိုတိုင်းနိုင်ငံတို့၏ ဘုန်းစည်းစိမ်ကို၎င်းပြညွှန်၍ ကိုယ်တော်သည် ငါ့ကိုပြပ်ဝပ်ကိုးကွယ်လျှင် ယခုပြလေသမျှတို့ကို ငါပေးမည်ဟုဆိုလေ၏။ ယေရှုကလည်းအချင်းစာတန်၊ငါ့နောက်သို့ဆုတ်လော့။သင်၏ဘုရားသခင်ထာဝရဘုရားကိုကိုးကွယ်ရမည်။ထိုဘုရားသခင်ကိုသာဝတ်ပြုရမည်” ဟုမိန့်တော်မူ၏။

ဤနေရာတွင် စာတန်သည်သခင်ခရစ်တော်အား ဤလောကရှိ တိုင်းနိုင်ငံအသီးသီးကို ဖေါ်ပြခဲ့ပါသည်။ ဆွဲဆောင်မှုအရှိဆုံးပုံစံနှင့်တွေ.မြင်ခဲ့ရပါသည်။ သခင်ခရစ်တော်သည်သူ.ကိုဦးညွှတ်လျှင် မိမိ၏ပိုင်ဆိုင်မှုများအား

လုံးကိုသခင်ခရစ်တော်အားပေးရန် ကမ်းလှမ်းခဲ့ပါသည်။ဤလောက၌ မိမိပိုင်ဆိုင်သမျှကို ကိုယ်တော်ထံတော်သို့
အပ်နှံမည်ဟုစာတန်ပြောကြားခဲ့ပါသည်။ စာတန်သည် မိမိ၏တန်ခိုးမှာ ကန့်သတ်မှုရှိပြီး ကယ်တင်ခြင်း စီမံကိန်း
အောင်မြင်ပါကရှုပ်သိမ်းခံရမည်ဖြစ်ကြောင်း သိနေပါသည်။သခင်ခရစ်တော်သည် လူသားတို့ကိုကယ်တင်ရန်အ
တွက်မိမိအသက်တော်စွန့်ခဲ့လျှင်စာတန်၏ တန်ခိုးသည် တခဏတာသာရှိပြီး နောက်ဆုံး ပျက်စီးမည့် အကြောင်း
ကိုသူသိနေပါသည်။ထို့ကြောင့်သားတော်ဘုရား၏လုပ်ငန်းသည် မအောင်မြင်ဘဲပျက်စီးသွားရန်စာတန်သည် ကြို
တင်စီစဉ်ကာကြိုးစားလျှက်ရှိသည်။ကယ်တင်ခြင်းစီမံကိန်းသာပျက်စီးပါကစာတန်သည်ဤကမ္ဘာကြီးကိုဆက်လက်
ပိုင်ဆိုင်သွားမည်ဖြစ်သည်။မိမိသာအောင်မြင်ပါကကောင်းကင်နိုင်ငံတော်ရှိ ဘုရားသခင်နှင့်အတူဆန့်ကျင်၍အုပ်
စိုးရမည်ဖြစ်ကြောင်း သူ့ကိုယ်သူဝါကြွားလျှက်ရှိသည်။

သခင်ခရစ်တော်သည်မိမိဘုန်းတန်ခိုးတော်ကိုစွန့်လျှက်ကောင်းကင်နိုင်ငံမှထွက်ခွာလာသောအခါစာတန်
ဝမ်းမြောက်လျှက်ရှိသည်။ဘုရားသခင်သည်မိမိ၏လက်ခုပ်ထဲသို့ရောက်ရှိလာပြီးဟုထင်ခဲ့ပါသည်။ဧဒင်ဥယျာဉ်ထဲ
၌သန့်ရှင်းသောဇနီးမောင်နှံနှစ်ဦးကိုစုံစမ်းခဲ့စဉ်ကအလွန် လွယ်ကူခဲ့ပါသည်။ ထို့ကြောင့်မိမိ၏ပါးနပ်မှုနှင့် တန်ခိုး
ဖြင့်သားတော်ဘုရားကိုအောင်မြင်ပြီးမိမိ၏ အသက်နှင့်တိုင်းနိုင်ငံကို ကယ်တင်နိုင်လိမ့်မည်ဟုစာတန်ထင်မှတ်ခဲ့
သည်။သခင်ခရစ်တော်ကိုခမည်းတော်ဘုရား၏အလိုတော်နှင့်သွေဖီသွားရန်စုံစမ်းနိုင်ခဲ့လျှင်စာတန်အဖို့သူ၏ရည်
မှန်းချက်အောင်မြင်ခဲ့ပါသည်။ သခင်ခရစ်တော်သည်စာတန်ကို မိမိ၏ နောက်သို့ဆုတ်စေခဲ့ပြီး ခမည်းတော်ရှေ့
မှောက်၌သာဦးညွှတ်ပါမည်။ စာတန်ပိုင်ဆိုင်သောအရာများကို မိမိအသက်နှင့်လဲ၍ ရွေးယူရမည့် အချိန်မကြာမီ
ရောက်လာပါလိမ့်မည်။ အချိန်အနည်းငယ်ကြာပြီးလျှင် ကောင်းကင်နှင့်မြေကြီးတစ်ခုလုံးသည် သခင်ခရစ်တော်၌
ခစားပါလိမ့်မည်။စာတန်သည်မိမိဤလောကကိုပိုင်ဆိုင်ကြောင်းကြွေးကြော်ခဲ့သည်။သခင်ခရစ်တော်သည်ဒုက္ခဝေ
ဒနာများကိုခံစားရရန်မလိုကြောင်းလှည့်ဖြားပြောဆိုခဲ့ပါသည်။ ဤလောကရရှိနိုင်ရန်အတွက် သခင်ခရစ်တော်အ
သေခံရန်မလိုပါ။ဤလောကပိုင်ဆိုင်သမျှနှင့်စိုးစံခွင့်ကိုစာတန်ကိုဦးချခြင်းဖြင့်ရရှိနိုင်ပါလိမ့်မည်။ သခင်ခရစ်တော်
သည်မားမားမတ်မတ်ရပ်တည်လျှက်ရှိသည်။ ဒုက္ခဆင်းရဲခြင်းနှင့်ကြောက်မက်ဖွယ်ကောင်းသောသေခြင်းတရားကို
ရွေးချယ်တော်မူခဲ့ပါသည်။ ဤလောကကိုမိမိ၏လက်အောက်၌ ထာဝရတရားဝင်ပိုင်ဆိုင်ရန် ခမည်းတော်၏လမ်း
စဉ်ကိုလည်းရွေးချယ်ခဲ့ပါသည်။စာတန်သည်လည်း သေခြင်းတရားဖြင့်ပျက်စီးခြင်းသို့ရောက်ရန် သခင်ခရစ်တော်
၏လက်ထဲသို့အပ်နှံခြင်းခံရပြီးသခင်ခရစ်တော်နှင့် ဘုန်းတော်ဝင်စားရသော သန့်ရှင်းသောသူတို့ကို နောက်တဖန်
စုံစမ်းခွင့်ရတော့မည်မဟုတ်ပါ။

ဆက်လက်လေ့လာရန်။ တရား ၆း၁၆၊ ၈း၃။ ၄ ဓမ္မ ၁၇း၃၅-၃၆ ။ဆာလံ ၉၁း၁၁-၁၂။ ရှင်လုကာ ၂-၄
တို့ကိုဖတ်ပါ။

## အခန်း (၅) သခင်ခရစ်တော်၏ အမှုတော်။

သခင်ခရစ်တော်ကိုစုံစမ်းပြီးသည့်နောက် စာတန်နောက်ဆုတ်သွားခဲ့ပါသည်။ ကောင်းကင်တမန်တို့သည်
တောထဲ၌သခင်ခရစ်တော်အတွက်အစားအစာများကိုပြင်ဆင်လျှက် အားပေးခဲ့ကြပါသည်။ ခမည်းတော်ဘုရား၏
ကောင်းကြီးမင်္ဂလာများတို့သည်လည်း ကိုယ်တော်အပေါ်၌ ကျရောက်ခဲ့ပါသည်။ အလွန်ပြင်းထန်စွာစုံစမ်းခဲ့သော်
လည်းစာတန်မအောင်မြင်ခဲ့ပါ။သို့သော် သခင်ခရစ်တော်အမှုတော်ဆောင်ရွက်သောအခါ မိမိ၏ပါးနပ်မှုဖြင့်လှည့်
ဖြားရန်သူမျှော်လင့်ခဲ့ပါသည်။ ကိုယ်တော်ကိုငြင်းပယ်သောသူတို့သည် အမုန်းပွားလျှက်ကိုယ်တော်ကိုဖျက်ဆီးရန်
လှုံ့ဆော်မည်ဟု သူမျှော်လင့်ခဲ့ပါသည်။ စာတန်သည် မိမိကောင်းကင်တမန်များနှင့်အတူ အထူးစည်းဝေးလျှက်ရှိ
သည်။သခင်ခရစ်တော်ကိုအနိုင်မရခဲ့သည့်အတွက်ကြောင့် စိတ်ဓါတ်ကျ၍ အမျက်ထွက်လျှက်ရှိနေပါသည်။မိမိတို့
၏လိမ်လည်လှည့်ဖြားမှုကိုပိုမိုတိုး၍ မိမိ၏လူမျိုးများသည် ဤလောက၏ကယ်တင်ရှင်ကိုလက်မခံရန် အစွမ်းကုန်
ကြိုးစားရမည်ဟုဆုံးဖြတ်ခဲ့ပါသည်။ဤနည်းအားဖြင့်အမှုတော်၌ သခင်ခရစ်တော်စိတ်ဓါတ်ကျကာ စွမ်းဆောင်နိုင်
မည်ဟု ယူဆခဲ့ပါသည်။ယုဒလူမျိုးများတို့သည်မိမိတို့၏ဘာသာရေးပွဲများ၌ယဇ်ပူဇော်ခြင်းကို မည်မျှကြိုးစားလုပ်
ဆောင်စေကာမူ အနာဂတ္တိစကားများကိုမလေ့လာမိရန်သွေးဆောင်ခံရပြီး ဤလောက၌ရှိသောဘုရင်ကိုသာမျှော်

လျှက်အနာဂတ္တိစကားများကို တလွဲနားလည်ခြင်းဖြင့်မေရှိယကိုသူတို့တွေ့ရှိကြမည်မဟုတ်ဘဲဆက်လက်မျှော်လင့်နေပါလိမ့်မည်။

ဤလောကတွင်သခင်ခရစ်တော်၏ အမှုတော်တလျှောက်လုံး၌ လူသားတို့သည် ကိုယ်တော်ကိုယုံကြည်မှုကင်းမဲ့ကာ အမုန်းတရားပွားများပြီး ပြက်ရယ်ပြုရန်အတွက်စာတန်နှင့် သူ၏နတ်ဆိုးတို့သည်မအားမလပ်ကြိုးစားလုပ်ဆောင်နေကြောင်းကို ကျမမြင်တွေ့ခဲ့ရပါသည်။ လူသားတို့၏အပြစ်ကို ဆုံးမရန်ထက်မြက်သည့်တရားတော်များကိုသခင်ခရစ်တော်မကြာခဏဟောကြားရာ၌ထိုသူသည်မကြာခဏ အမျက်ထွက်ခဲ့ကြပါသည်။ စာတန်သည် ဤသူတို့ကိုအသုံးပြုကာ ကိုယ်တော်ကိုလုပ်ကြံစေခဲ့ပါသည်။ တစ်ကြိမ်တစ်ခါ၌ ကျောက်ခဲများကိုကောက်၍ကိုယ်တော်ကိုခဲနှင့်ပေါက်သတ်ရန်ကြိုးစားခဲ့သော်လည်း ကောင်းကင်တမန်များတို့သည်ကိုယ်တော်ကိုခြံရံလျှက် အမျက်ထွက်နေသည့်လူအုပ်စုကြားမှကယ်တင်တော်မူခဲ့ပါသည်။တဖန်အမှန်တရားကိုပြောကြားသည့်အတွက်လူအုပ်ကြီးသည်ကိုယ်တော်ကို ကျောက်ကမ်းပါးထိပ်သို့ ခေါ်ဆောင်သွားပြီးချောက်ထဲသို့ ပစ်ချရန် ကြံစည်ခဲ့ပါသည်။အချင်းချင်းအငြင်းအခုံဖြစ်နေစဉ်တွင်ကောင်းကင်တမန်များတို့သည်ကိုယ်တော်ကိုလူအုပ်ကြားထဲမှ ကယ်တင်ခဲ့ပါသည်။ ကိုယ်တော်သည် လူအုပ်ကြားထဲမှ ဖြတ်ကာ အခြားနေရာသို့ ကြွသွားတော်မူခဲ့ပါသည်။

မဟာကယ်တင်ခြင်းစီမံကိန်းပျက်စီးသွားရန်စာတန်မျှော်လင့်လျှက်ရှိနေပါသည်။ သူ၏စိတ်နှလုံးသည်မာကျောခက်ထန်ပြီး သခင်ခရစ်တော်အပေါ်၌ ခါးသီးမှုများနှင့်တုံ့ပြန်ရန် စာတန်အစွမ်းကုန် ကြိုးစားလျှက်ရှိနေပါသည်။လူအနည်းငယ်သာကိုယ်တော်ကိုဘုရားသခင်၏သားတော်အနေနှင့်လက်ခံရန် သူမျှော်လင့်ခဲ့ပါသည်။လက်ခံမည့်သူနည်းပါးသောကြောင့်ကိုယ်တော်သည် သက်တော်စွန့်ရန် ဝန်လေးမည်ဟုစာတန်ယူဆခဲ့ပါသည်။သို့သော်ကိုယ်တော်ကိုဘုရားသခင်၏သားတော်အဖြစ်လက်ခံ၍မိမိတို့၏ဝိညာဉ်ကယ်တင်ခြင်းအတွက်ယုံကြည်မည့်သူနှစ်ဦးရှိခဲ့လျှင် ကိုယ်တော်သည် မိမိ၏အကြံအစည်ထမြောက်စေမည်ကို ကျမမြင်တွေ့ခဲ့ရပါသည်။

ဒုက္ခရောက်နေသောသူများအပေါ်တွင်စာတန်၏ချယ်လှယ်မှုကိုချိုးဖေါက်လျှက်သခင်ခရစ်တော်သည်မိမိအမှုတော်ကိုစတင်ခဲ့ပါသည်။နတ်ဆိုးများ၏လက်အောက်၌ဒုက္ခရောက်နေသောသူများကိုကုသခဲ့ပါသည်။ ဖျားနာသောသူများကိုကျန်းမာခြင်းနှင့်လည်းကောင်း၊မသန်မစွမ်းများကိုပျော်ရွှင်စွာထခုန်လျှက်ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေခြင်းအားဖြင့်လည်းကောင်း၊ပြုတော်မူခဲ့ပါသည်။ မျက်စေ့မမြင်သောသူတို့ကို အမြင်အာရုံပြန်လည်ရစေခဲ့သည်။စာတန်၏ကျော့ကွင်း၌နှစ်ပေါင်းများစွာကြာအောင်အချုပ်အနှောင်ခံရသူများကိုပြန်လည်ကျန်းမာစေခဲ့တော်မူပါသည်။ အားအင်ချိနဲ့ကာစိတ်ဓါတ်ကျနေသောသူတို့ကို စကားတော်အားဖြင့်နှစ်သိမ့်ခဲ့ပါသည်။ သေလွန်သောသူတို့ကိုပြန်လည်ထမြောက်စေခဲ့ပါသည်။ ဘုရားသခင်၏ တန်ခိုးတော်ကြောင့် ဘုန်းတော်ထင်ရှားစေတော်မူခဲ့ပါသည်။ကိုယ်တော်ကို ယုံကြည်သောသူများအတွက် ကြီးမားသောတန်ခိုးတော်ဖြင့်ကူညီခဲ့ပါသည်။ စာတန်၏လက်ထဲ၌ညှဉ်းပန်းနှိပ်စက်ခြင်းခံရပြီးရှုံးနိမ့်နေသောသူတို့ကို ကိုယ်တော်သည်လုယူ၍ မိမိ၏တန်ခိုးတော်အားဖြင့်ကိုယ်ခန္ဓာကျန်းမာခြင်းနှင့်အတူစိတ်၏ပျော်ရွှင်မှုကိုလည်းပေးတော်မူခဲ့ပါသည်။သခင်ခရစ်တော်၏သက်တော်စဉ်တွင်သူတစ်ပါးအား ကူညီမစခြင်းနှင့်အတူ သနားခြင်းကရုဏာနှင့် မေတ္တာပြည့်ဝလျှက်ရှိပါသည်။ အထံတော်သို့ရောက်ရှိလာသူတို့၏ညည်းတွားသံကိုနားထောင်တော်မူပြီးသက်သာမှုကို ပေးတော်မူခဲ့ပါသည်။သို့သော်အမှုတော်ပြီးမြောက်သည့်အခါ လူအမြောက်အမြား၏ အသက်တာသည်ကိုယ်တော်၏ တန်ခိုးတော်ကို သက်သေခံလျှက်ရှိသည်။သို့သော်လည်းလူအမြောက်အမြားတို့သည်ကိုယ်တော်ထံမှကောင်းကြီးမင်္ဂလာများကိုခံစားရပြီးသည့်နောက်အလွန်နှိမ့်ချလျှက်ရှိသည့် မြတ်သောဆရာကိုယုံကြည်ရန် သိမ်ငယ်လျှက်ရှိပါသည်။ မိမိတို့၏ခေါင်းဆောင်များကကိုယ်တော်ကို မယုံကြည်သောကြောင့်သူတို့လည်း ကိုယ်တော်နှင့်အတူ ဒုက္ခခံရန်မလိုလားခဲ့ပါ။ကိုယ်တော်သည်နာကျင်မှုဝမ်းနည်းမှုများနှင့်ပြည့်နေပါသည်။ သို့သော်လည်း မိမိအလိုကိုငြင်းပယ်သောကိုယ်တော်၏အသက်တာကိုအနည်းငယ်ကသာ ခံယူလျှက်ရှိပြီးလောက၏ ချီးမြောက်မှုများကိုလိုလားနေခဲ့ကြပါသည်။လူအမြောက်အမြားသည်ဘုရားသခင်၏သားတော်နောက်လိုက်ကာနှုတ်ကပတ်တရားတော်တို့၌ပျော်မွေ့လျှက်ရှိပါသည်။တရားတော်သည်အဓိပ္ပါယ်လေးနက်ကာ အငယ်ဆုံးသောသူပင်နားလည်နိုင်လောက်အောင် ရှင်းနေပါသည်။

စာတန်နှင့်သူ၏ကောင်းကင်တမန်များတို့သည်အလုပ်ရှုပ်လျှက်ရှိပါသည်။ယုဒလူတို့၏အမြင်အာရုံတို့နားလည်နိုင်မည့်အစွမ်းကိုအမှောင်တိကျ၍ ပိတ်ပင်သွားရန် ကြိုးစားလျှက်ရှိသည်။ ယုဒခေါင်းဆောင်တို့သည်ကိုယ်တော်၏အသက်တော်ကိုလုပ်ကြံရန် စာတန်သွေးဆောင်ခဲ့ပါသည်။ ဗိမာန်တော်၌ အရာရှိတို့ကိုစေလွှတ်၍သခင်

ခရစ်တော်ကိုဖမ်းဆီးချုပ်နှောင်ရန်စေခိုင်းသော်လည်းကိုယ်တော်အနီးသို့ရောက်ရှိလာသောအခါထိုသူတို့သည်အံ့ဩခဲ့ရပါသည်။ လူသားများအပေါ် ကိုယ်တော်၏ သနားခြင်းကရုဏာကို ထိုသူတို့လက်တွေ့မြင်တွေ့ခဲ့ရပါသည်။ အားအင်ချိနဲ့ဒုက္ခရောက်နေသောသူတို့ကိုပြောဆိုသောကိုယ်တော်၏ကရုဏာသက်သေစကားတော်တို့ကိုထိုသူတို့ကြားခဲ့ရပါသည်။တန်ခိုးအာဏာနှင့်အတူ စာတန်မာရ်နတ်၏ အချုပ်အနှောင်ထဲသို့ရောက်နေသော သူတို့လွတ်မြောက်ရန်စာတန်ကိုနှင်ထုတ်သောဩဇာအသံကိုလည်း ကြားခဲ့ရပါသည်။ ကိုယ်တော်၏နှုတ်တော်မှသွန်သင်ဆုံးမကာတရားတော်တို့ကိုလည်းသူတို့ကြားခဲ့ရပါသည်။ ထိုသူတို့သည်ကိုယ်တော်ကိုမဖမ်းဝံ့တော့ပါ။ ကိုယ်တော်မပါဘဲယဇ်ပုရောဟိတ်မင်းများထံသို့ရောက်ရှိလာကာခေါင်းဆောင်များကမေးမြန်းသောအခါထိုသူတို့သည်ကိုယ်တော်၏အံ့ဖွယ်နိမိတ်လက္ခဏာများ နှုတ်ကပတ်တရားတော်နှင့် ချစ်ခြင်းမေတ္တာအကြောင်းကို သက်သေခံကာတစ်စုံတစ်ယောက်မျှဤကဲ့သို့မပြောဆိုခဲ့ကြောင်းကို ပြန်ပြောလိုက်ပါသည်။ ယဇ်ပုရောဟိတ်များက သူတို့လှည့်စားခြင်းခံရပြီးလားဟုစေလွှတ်သောသူတို့ကိုစွပ်စွဲခဲ့ပါသည်။ခရစ်တော်ကိုမဖမ်းဆီးလာခဲ့သည့်အတွက် အချို့ကအရှက်ရခဲ့ပါသည်။ယဇ်ပုရောဟိတ်မင်းများသည်ပျက်ရယ်ပြုလျှက်ခေါင်းဆောင်များ၏ အသိုင်းအဝိုင်းမှ ကိုယ်တော်ကိုလက်ခံမည့်သူတစ်စုံတစ်ယောက်ရှိသလောဟုမေးမြန်းခဲ့ပါသည်။ခေါင်းဆောင်နှင့် လူကြီးအမြောက်အမြားတို့သည်ကိုယ်တော်ကိုလက်ခံကြောင်းကျမတွေ့ခဲ့ရပါသည်။သို့သော်လည်းဝန်ခံခြင်းမပြုရန်စာတန်သည် သူတို့ကိုတားဆီးလျှက်ရှိပါသည်။ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းထက် လူ၏အပြစ်တင်ခြင်းကို စိုးရိမ်ခဲ့ပါသည်။

ယခုတိုင်အောင်စာတန်၏ပါးနပ်မှုနှင့်မုန်းတီးရွံရှာခြင်းသည်ကယ်တင်ခြင်းစီမံကိန်းကို မပယ်ဖျက်နိုင်ခဲ့ပါ။ သခင်ခရစ်တော်၏ရည်မှန်းချက်ပြည့်စုံရမည့်အချိန်နီးကပ်လာပါသည်။စာတန်သည် သူ၏နတ်ဆိုးများနှင့်တိုင်ပင်ကာ ခရစ်တော်၏အမျိုးသားတို့သည် ကိုယ်တော်၏အသွေးတော်ကိုတောင်းဆိုလျှက် ရက်စက်စွာ သတ်ဖြတ်ပြီး ရှုံ့ချရန်ဆုံးဖြတ်ခဲ့ပါသည်။ဤအပြုအမူတို့ကိုသခင်ခရစ်တော်သည်ရွံရှာလျှက်မိမိ၏နှိမ့်ချခြင်းကိုပယ်ဖျက်ရန် ကြိုးစားလိမ့်မည်ဟုစာတန်မျှော်လင့်ခဲ့ပါသည်။

စာတန်သည်မိမိ၏အစီအစဉ်များကိုပြုလုပ်နေစဉ်သခင်ခရစ်တော်သည် မိမိခံစားရမည့် ညှဉ်းပန်းနှိပ်စက်ခြင်းအကြောင်းကိုတပည့်တော်တို့အားအသေအချာရှင်းပြလျှက်ရှိပါသည်။မိမိအသေသတ်ခံရမည်ဖြစ်သော်လည်း တတိယနေ့ရက်၌ပြန်လည်ရှင်ပြန်ထမြောက်မည့်အကြောင်းမိန့်တော်မူခဲ့ပါသည်။ သို့သော်လည်း သူတို့နားမလည်နိုင်ပါ။ ဦးနှောက်များတွေဝေလျှက်ရှိပြီး နားမလည်ခဲ့ကြပါ။

ဆက်လက်လေ့လာရန်။ လုကာ ၄း၂၉။ ယောဟန် ၇း၄၅-၄၈၊ ၈း၅၉။

## အခန်း (၆) ဘုန်းတော် ထွန်းတောက်ခြင်း။

တောင်ပေါ်၌သခင်ခရစ်တော် ဘုန်းတော်ထွန်းတောက်သောအခါတပည့်တော်တို့သည် ယုံကြည်ခြင်းခွန်အားများစွာတိုးတက်ခဲ့ကြောင်းကိုကျမတွေ့ရှိခဲ့ရပါသည်။ကိုယ်တော်သည်ကတိထားတော်မူသည့်မေရှိယဖြစ်တော်မူကြောင်းကို သခင်ခရစ်တော်၏တပည့်တော်များအားဖေါ်ပြရန် ဘုရားသခင်ရွေးချယ်တော်မူခဲ့ပါသည်။ သို့မှသာ ခါးသီးသောဝမ်းနည်းကြေကွဲမှုနှင့်စိတ်ပျက်စရာအဖြစ်အပျက်သည်သူတို့၏ယုံကြည်ခြင်းကို လုံးဝဖယ်ရှားလိမ့်မည်မဟုတ်ပါ။ထိုဘုန်းတော်ထွန်းတောက်သောအခါ၌ ဘုရားသခင်သည်သခင်ခရစ်တော်၏ဒုက္ခနှင့် သခင်ခရစ်တော်၏နာကျင်မှုဝေဒနာများနှင့်အသေခံတော်မူခြင်းအကြောင်းကို ဆွေးနွေးရန် မောရှေနှင့်ဧလိယတို့ကိုစေလွှတ်တော်မူခဲ့ပါသည်။မိမိ၏သားတော်နှင့်ဆွေးနွေးရန် ကောင်းကင်တမန်များကို မစေလွှတ်ဘဲ ဤလောက၌ စုံစမ်းမှုများကိုတွေ့ကြုံခဲ့ရသောသူတို့ကို စေလွှတ်ခဲ့ပါသည်။ မျက်နှာတော်၌ ဘုန်းတော်ထွန်းတောက်ပြီး ဖြူစင်တောက်ပသော ဝတ်ရုံများတို့ကိုဝတ်ဆင်ကာခမည်းတော်ဘုရား၏ကြောက်မက်ဖွယ်ကောင်းသောဘုန်းတော်နှင့်အတူ"ဤကားငါ၏ချစ်သားပေတည်း" ဟူသောစကားကို တပည့်တော် အနည်းငယ်ကသာ မြင်တွေ့ကြားနာခဲ့ရပါသည်။

ဧလိယသည်ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခဲ့ပြီး သူထမ်းဆောင်ခဲ့ရသည့် တာဝန်မှာ ပျော်ရွှင်ဝမ်းမြောက်ဖွယ်မဟုတ်ပါ။သူ့အားဖြင့်ဘုရားသခင်သည်အပြစ်ဒုစရိုက်တို့ကို ဆုံးမတော်မူခဲ့ပါသည်။မိမိသည်ဘုရားသခင်၏ပရောဖက်တစ်ပါးဖြစ်ကာအသက်ချမ်းသာရရှိရန်အတွက် ထွက်ပြေးခဲ့ရပါသည်။သားကောင်ကို လိုက်လံရှာ

ဖွေသကဲ့သို့သူတို့ဖျက်ဆီးရန်သူ့နောက်ကိုလိုက်ခဲ့ကြသည်။ဘုရားသခင်သည်ဧလိယကို ကောင်းကင်နိုင်ငံတော်သို့ ချီဆောင်သွားခဲ့ပါသည်။ ကောင်းကင်တမန်တို့သည် ဘုန်းတော်ထွန်းတောက်လျှက် သူ့ကိုကောင်းကင်နိုင်ငံတော်သို့ အောင်မြင်စွာ ချီဆောင်သွားခဲ့ကြပါ သည်။

မောရှေသည်ဘုရားသခင်အလွန်ချီးမြှောက်ခဲ့သောပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။မောရှေမတိုင်မီသူ့ထက်သာ၍ ကြီးမြတ်မည့် သူတစ်စုံတစ်ဦးမျှမရှိပါ။ မိတ်ဆွေရင်းခြာကဲ့သို့ပင် ဘုရားသခင်နှင့် မျက်နှာချင်းဆိုင်လျှက် ဖူးမျှော်လျှောက်ထားခွင့်ရရှိခဲ့ပါသည်။ ဘုရားသခင်ကို ခြုံထားသောအလွန်ထွန်းတောက်သည့် ဘုန်းတော်ကိုဖူးမြော်ခွင့်ရရှိခဲ့ပါသည်။သူ့အားဖြင့်ဘုရားသခင်သည်ဣသရေလလူမျိုးတို့ကိုအဲဂုတ္တုပြည်ကျွန်ဘဝမှ လွတ်မြောက်စေခဲ့ပါသည်။မောရှေသည်ဣသရေလလူမျိုးတို့အတွက်ဖြန်ဖြေသူဖြစ်ခဲ့ပါသည်။ ဘုရားသခင်၏အမျက်တော်နှင့် ထိုသူတို့၏ကြားတွင်မကြာခဏကြားခံခံခဲ့ရပါသည်။ဣသရေလလူမျိုးတို့၏မယုံကြည်မှု၊ညည်းညူမှုနှင့်ဆိုးဝါးသော ဒုစရိုက်များကြောင့်ဘုရားသခင်၏အမျက်တော်ထွက်သည့်အခါမောရှေ၏မေတ္တာတရားသည်စစ်ဆေးခြင်းခံခဲ့ရပါသည်။ ဣသရေလလူမျိုးတို့ကိုစွန့်ပြီး ဖျက်ဆီးမည်ဆိုပါကမောရှေ၏ အမျိုးအနွယ်ကို လူမျိုးကြီးဖြစ်ရန်ပြုလုပ်ပေးမည်ဟု ဘုရားသခင်ကတိပေးခဲ့ပါသည်။သို့သော်ဣသရေလလူမျိုးတို့အတွက်ကြားခံဖျန်ဖြေပေးခြင်းအားဖြင့်မောရှေသည် မိမိ၏မေတ္တာတရားကိုလက်တွေ့ပြခဲ့ပါသည်။စိုးရိမ်မှုနှင့်အတူဣသရေလလူမျိုးတို့၏ အပြစ်ကိုခွင့်လွှတ်လျှက် အမျက်တော်ကိုရုတ်သိမ်းရန် (သို့) ဘုရားသခင်၏စာရင်းမှမိမိနာမည်ကို ထုတ်ပယ်ရန်မောရှေတောင်းပန်ခဲ့ပါသည်။

ဣသရေလလူမျိုးတို့သည်ရေပြတ်သောအခါဘုရားသခင်နှင့်မောရှေကိုညည်းညူလျှက်ထိုသူတို့နှင့်ငင်းတို့၏သားသမီးများကို ဖျက်ဆီးရန် ခေါ်ဆောင်လာသည်ဟုစွပ်စွဲခဲ့ပါသည်။ ထိုသူတို့၏စွပ်စွဲသံကို ဘုရားသခင်ကြားတော်မူစဉ် ကျောက်တုံးကိုရိုက်၍ ဣသရေလတို့ကိုရေပေးရန် မောရှေအား မိန့်တော်မူခဲ့ပါသည်။မောရှေသည်အမျက်ထွက်လျှက်ကျောက်တုံးကိုရိုက်ကာ မိမိ၏နာမကိုချီးမြှောက်ခဲ့သည်။ ဣသရေလလူမျိုးတို့၏ လမ်းလွဲခြင်းကို အော်ဟစ်ညည်းတွားမှုကြောင့်မောရှေသည်စိတ်ပျက်ကာဘုရားသခင်၏သည်းခံတော်မူခြင်းကိုငင်း၊ထိုသူတို့ညည်းတွားခြင်းသည်မောရှေအားညည်းတွားခြင်းမဟုတ်ဘဲဘုရားသခင်ကိုသာပြစ်မှားခြင်းဖြစ်ကြောင်းကို သူခေတ္တခဏမေ့သွားခဲ့ပါသည်။မောရှေသည်မိမိကိုယ်အတွက်သာစဉ်းစားပြီးမိမိသာလျှင်စော်ကားခြင်းခံရကြောင်းဣသရေလလူမျိုးတို့၏ကျေးဇူးတရားမသိခြင်းအကြောင်းတို့ကို စိတ်ထဲ၌ စဉ်းစားမိခဲ့ပါသည်။

မောရှေသည်ကျောက်တုံးကိုရိုက်၍ဘုရားသခင်၏ဘုန်းတော်ကိုချီးမြှောက်ရန်လစ်ဟင်းခဲ့ပါသည်။ ဘုရားသခင်၏ဘုန်းတော်ညှိုးနွမ်းခဲ့ရပါသည်။ဘုရားသခင်သည်အမျက်တော်ထွက်ပြီးကတိထားရာပြည်သို့မဝင်ရဟုမောရှေကိုတားမြစ်ထားပါသည်။ဣသရေလလူမျိုးတို့သည်အကျဉ်းအကြပ်နှင့်တွေ့၍ အခက်အခဲများနှင့်ကြုံတွေ့သောအခါဘုရားသခင်၏တန်ခိုးတော်ကို သိမြင်ခြင်းအားဖြင့် မှတ်မိမှတ်သားရန်ဘုရားသခင်အလိုတော်ရှိခဲ့ပါသည်။

မောရှေသည်ပညတ်တော်ဆယ်ပါး၏ကျောက်ပြားနှစ်ချပ်ကိုကိုင်လျှက်တောင်ပေါ်မှဆင်းသက်သောအခါရွှေနွားရုပ်တို့ကို ကိုးကွယ်နေသော ဣသရေလလူမျိုးတို့ကို တွေ့ခဲ့ရပါသည်။ ဒေါသအမျက်အလွန်ကြီးမားသောကြောင့် ထိုကျောက်ပြားနှစ်ချပ်တို့ကို ပစ်ပေါက်၍ ရိုက်ခွဲလိုက်ပါသည်။ဤအခြင်းအရာသည် မောရှေအပြစ်မရှိကြောင်းကျမတွေ့ခဲ့ရပါသည်။ဘုရားသခင်၏ ဘုန်းတော်ထိပါးသောကြောင့် ဘုရားသခင်အတွက်မောရှေအမျက်ထွက်ခဲ့ရပါသည်။သို့သော်လည်းမိမိစိတ်အလိုသို့လိုက်ပြီးဘုရားသခင်နှင့်ဆိုင်သောဘုန်းတော်ကိုမိမိအတွက်အသုံးပြုခဲ့ပြီးအတွက်ကြောင့်ဘုရားသခင်ရှေ့တော်မှောက်၌အပြစ်ရှိကာ ဘုရားသခင်သည်သူ့အားကတိထားရာပြည်သို့မဝင်ရန် တားမြစ်တော်မူခဲ့ပါသည်။

ကောင်းကင်တမန်များရှေ့မှောက်၌ မောရှေကိုရှုတ်ချရန်အတွက် စာတန်အပြစ်ရှာလျှက်ရှိပါသည်။ မောရှေအပြစ်လုပ်မိသောအခါသွေးဆောင်နိုင်ခြင်းကြောင့်စာတန်အလွန်ဝမ်းမြောက်ပြီးလူသားများကိုကယ်တင်ရန်အစာတန်ကြွေးကြော်ခဲ့ပါသည်။ထိုအပြစ်လုပ်မိသည့်အတွက် မောရှေသည်စာတန်၏ လက်အောက်သို့ရောက်ရှိကာသေခြင်းတရားလွှမ်းမိုးခဲ့ပါသည်။အကယ်၍ဘုရားသခင်နှင့်ဆိုင်သောဘုန်းတော်သည်မိမိအတွက်အသုံးမပြုဘဲမားမားမတ်မတ်ရပ်တည်ခဲ့လျှင် ဘုရားသခင်သည်မောရှေကို ကတိထားရာပြည်သို့ဝင်ခွင့်ပေးကာ အသက်ဆုံးရှုံးခြင်းမရှိဘဲကောင်းကင်နိုင်ငံတော်သို့ အရှင်လတ်လတ်ခေါ်ဆောင်သွားမည့်အကြောင်းတွေ့ခဲ့ရပါသည်။ မောရှေသည်သေခြင်းတရားနှင့် ရင်ဆိုင်ခဲ့ရပါသည်။ သို့သော်လည်းပျက်စီးခြင်းသို့မရောက်မီ မိက္ခေလသည်ကြွလာ၍သူ့ကိုအသက်ရှင်ခွင့်ပေးခဲ့သည်။စာတန်သည်မောရှေ၏ရုပ်ကလာပ်ကိုရယူရန်ကြိုးစားခဲ့သော်လည်း မိက္ခေလသည်မောရှေ

အားအသက်ရှင်ခွင့်ပေးပြီးကောင်းကင်နိုင်ငံတော်သို့ ခေါ်ဆောင်သွားခဲ့သည်။ စာတန်သည်မောရှေ၏ ခန္ဓာကိုဆွဲကိုင်ရရှိရန်ကြိုးစားခဲ့ပါသည်။ ဘုရားသခင်အား ပြင်းထန်စွာတိုင်တန်းခဲ့ပါသည်။ မိမိ၏သားကောင်ကို လုယူသွားသည့်အတွက်ကြောင့်ဘုရားသခင်သည် တရားတော်မူခြင်းမရှိဟု စွပ်စွဲခဲ့ပါသည်။ သို့သော်လည်းမိက္ခေလသည်စာတန်၏သွေးဆောင်မှုကြောင့်သာလျှင်ဘုရားသခင်၏ကျွန်သည်ပြစ်မှားသော်လည်းကိုယ်တော်သည်စာတန်ကိုဆုံးမခဲ့ပါသည်။သခင်ဘုရားသည်သင့်ကိုရှုတ်ချပြီးဟုဆိုလျှက် ခမည်းတော်ဘုရားကိုရည်ညွှန်းတော်မူခဲ့ပါသည်။
၏သွေးဆောင်မှုကြောင့်သာလျှင်ဘုရားသခင်၏ကျွန်သည်ပြစ်မှားသော်လည်းကိုယ်တော်သည်စာတန်ကိုဆုံးမခဲ့ပါသည်။သခင်ဘုရားသည်သင့်ကိုရှုတ်ချပြီးဟုဆိုလျှက် ခမည်းတော်ဘုရားကိုရည်ညွှန်းတော်မူခဲ့ပါသည်။

အချို့သောသူတို့သည်သေခြင်းကိုမမြည်းစမ်းရဘဲဘုန်းတော်နှင့်ကြွဆင်းလာရန်ဘုရားသခင်၏နိုင်ငံတော်ကို ဖူးမြော်ရမည့်အကြောင်း မိမိ၌ ရှိနေသူအချို့ကို ရည်ညွှန်းလျှက် သခင်ခရစ်တော်သည်တပည့်တော်များအားမိန့်တော်မူခဲ့ပါသည်။၎င်းကား သခင်ခရစ်တော်၏ ဘုန်းတော်ထွန်းတောက်ခြင်းကိုဆိုလိုပါသည်။ သခင်ခရစ်တော်သည်လုံးဝမပြောင်းလဲဘဲနေမင်းကဲ့သို့ထွန်းတောက်လျှက်ရှိပါသည်။ဝတ်ရုံတော်သည်ဖြူဖွေးလျှက် တောက်ပြောင်နေပါသည်။မောရှေသည်ခရစ်တော်ဘုရားကြွလာသောအခါ ခရစ်တော်၌သေလွန်သွားသောသူတို့ကို ကိုယ်စားပြုသကဲ့သို့ဧလိယသည် ကိုယ်တော်ကြွလာသောအခါ အသက်မသေဘဲ အရှင်လတ်လတ်ကောင်းကင်နိုင်ငံတော်သို့တက်ကြွသွားပြီး ထာဝရအသက်ရရှိသောသူတို့ကို ကိုယ်စားပြုပါသည်။ သခင်ခရစ်တော်၏ တောက်ပြောင်သောဘုန်းတော်ကိုဖူးမြော်ရသောအခါတပည့်တော်တို့သည် ကြောက်ရွံ့တုန်လှုပ်လျှက်ရှိနေပါသည်။ မိုးတိမ်သည်သူ့တို့ကိုအုပ်မိုးလျှက်ဘုရားသခင်၏အသံတော်ကား၎င်းကားငါ၏ချစ်သားပေတည်းဟု ကြောက်မက်ဖွယ်ကောင်းအောင်ကြွေးကြော်သည့်အသံကို ကြားလိုက်ရပါသည်။

ဆက်လက် လေ့လာရန်။ ထွက် ၃၂။ တောလည် ၂၀း၇-၁၂။ တရား ၃၄း၅။ ၄ရာ ၂း၁၁။ မာကု ၉။ ရှင်ယုဒ ၉။

## အခန်း (၇) သခင်ခရစ်တော်အား သစ္စာဖေါက်ခြင်း။

သခင်ခရစ်တော်သည်တပည့်တော်များနှင့်အတူ ပသခါညစာစားပွဲ၏ အချိန်အခါကို ကျမပြောင်းလဲတွေ့မြင်ရပါသည်။စာတန်သည်ယုဒရှကာရုတ်ကို သွေးဆောင်ခဲ့ပါသည်။မိမိကိုယ်ကို သခင်ခရစ်တော်၏တပည့်တော်တစ်ပါးဟုထင်မြင်ခဲ့သော်လည်း သူ၏စိတ်နှလုံးမှာ အမြဲတန်းလောကဆန်လျှက်ရှိပါသည်။ကိုယ်တော်၏အံ့ဖွယ်နိမိတ်လက္ခဏာများကိုတွေ့ရှိရုံသာမကကိုယ်တော်နှင့်အတူအမှုတော်ကိုထမ်းရွက်ခဲ့ပါသည်။ သခင်ခရစ်တော်သည်မေရှိယဖြစ်ကြောင်းသက်သေအထောက်အထားအခိုင်အမာနှင့်အလုံးစုံကိုတွေ့မြင်ခဲ့ရပါသည်။သို့သော်သူ၏စိတ်နှလုံးသည်တွန့်တိုလျှက်ရှိပြီးတပ်မက်မှုများနှင့်ပြည့်လျှံနေပါသည်။ငွေကိုအလွန်ချစ်သောသူဖြစ်ပြီးကိုယ်တော်အားတန်ဖိုးရှိသည့် ဆီမွှေးနံ့သာနှင့်လူးသောအခါ ဒေါသအမျက်ထွက်၍ သူတို့ညည်းညူခဲ့ပါသည်။မာရိသည်သူမ၏သခင်ကိုအလွန်မြတ်နိုးခဲ့ပါသည်။သူမ၏များပြားသောအပြစ်များကိုခွင့်လွှတ်ခဲ့ရုံသာမကသူမအလွန်ချစ်သောအစ်ကိုကိုလည်းသေခြင်းမှထမြောက်စေခဲ့ပါသည်။သခင်ခရစ်တော်အတွက်ဆိုလျှင်သူမအတွက်နှမြောစရာမရှိပါ။တန်ဖိုးကြီးသောဆီမွှေးနံ့သာကို ကိုယ်တော်အားဆက်သလေလေသူမ၏ ကျေးဇူးတရားကိုပို၍ ဖေါ်ပြနိုင်လေဖြစ်ပါသည်။ယုဒသည်မိမိ၏တပ်မက်မှုကိုဖုံးကွယ်ပြီး၎င်းဆီမွှေးနံ့သာကိုရောင်း၍မရှိဆင်းရဲသားများကိုပေးလှူနိုင်သည်ဟုစောဒကတက်ခဲ့ပါသည်။သူသည် ဆင်းရဲနွမ်းပါးသောသူများကိုဂရုစိုက်ခြင်းမဟုတ်ဘဲ မိမိကိုယ်ကျိုးကိုသာဂရုစိုက်ခဲ့ပါသည်။ဆင်းရဲသားများကိုကူညီရန်အတွက်မိမိအားအပ်နှံထားသည့်ရန်ပုံငွေမှ မိမိကိုယ်ကျိုးအတွက်မကြာခဏထုတ်သုံးလျှက်ရှိပါသည်။ယုဒရှကာရုတ်သည်ကိုယ်တော်ကိုဂရုစိုက်ခြင်းမရှိဘဲဆင်းရဲသားများကိုအကြောင်းပြု၍မိမိ၏အတ္တသဘော၏ အလိုကိုလိုက်ခဲ့ပါသည်။ထို့ကြောင့်မာရိ၏ ရက်ရောသောစိတ်သဘောသည် သူ၏အတ္တစိတ်ကို ဆုံးမရာရောက်စေခဲ့ပါသည်။

စာတန်သည် ယုဒရှကာရုတ်၏စိတ်နှလုံးထဲသို့ဝင်ရောက်နိုင်ရန်အတွက်လမ်းပွင့်ခဲ့ပါသည်။ ယုဒလူမျိုးတို့သည် သခင်ခရစ်တော်ကို မုန်းတီးခဲ့ပါသည်။ သို့သော် လူအုပ်ကြီးတို့သည်ကိုယ်တော်၏ တရားတော်နှင့် အံ့ဖွယ်

နိမိတ်လက္ခဏာများကို မြင်နိုင်ရန် ကိုယ်တော်ရှိရာသို့ စုရုံးခဲ့ကြပါသည်။ ဤနည်းအားဖြင့် ဖာရိရှဲနှင့် ဘာသာရေးခေါင်းဆောင်တို့ကိုလစ်လျူရှုလာသည်။ကိုယ်တော်နောက်သို့လိုက်ကာတရားတော်များကိုခံယူခဲ့ကြပါသည်။အကြီးအကဲ အမြောက်အမြားသည် သခင်ခရစ်တော်ကို ယုံကြည်သော်လည်း ဗိမာန်တော်မှနှင်ထုတ်ခံရမည်ကိုကြောက်ရွံ့သောကြောင့်နုတ်ဖြင့်ဝန်ခံခြင်းမပြုဝံ့ပါ။သခင်ခရစ်တော်ကို အာရုံစိုက်ခြင်းမှ ပြောင်းလဲရန်တစ်ခုခုပြုလုပ်ရမည်အကြောင်းယဇ်ပရောဟိတ်များနှင့်ခေါင်းဆောင်များကဆုံးဖြတ်ခဲ့ပါသည်။ဤသူတို့အတွက် လုံခြုံမှုမရှိတော့ပါ။မိမိတို့၏ရာထူးကိုအလွတ်ခံမည်လော၊သခင်ခရစ်တော်ကိုသတ်မည်လောဟုဆုံးဖြတ်ရမည့်အချိန်ဖြစ်ပါသည်။သခင်ခရစ်တော်ကိုသတ်ဖြတ်ပြီးလျှင်လည်းကိုယ်တော်၏တန်ခိုးတော်ကိုသက်သေခံမည့်အသက်ရှင်သော မှတ်တိုင်များရှိပါသေးသည်။သခင်ခရစ်တော်သည်လာဇရုကိုသေခြင်းမှရှင်ပြန်ထမြောက်စေတော်မူခဲ့ပါသည်။ထို့ကြောင့်သခင်ခရစ်တော်ကိုသတ်လျှင်လာဇရုသည်ကိုယ်တော်၏တန်ခိုးတော်နှင့်သက်သေခံမည့်အကြောင်းသူတို့စိုးရိမ်လျှက်ရှိပါသည်။ သေခြင်းမှထမြောက်ခဲ့သောလာဇရုကိုလူအမြောက်အမြားကလာရောက်ကြည့်ရှုသောကြောင့်သူ့ကိုလည်းတစ်ပါတည်းသတ်၍ တိတ်ဆိတ်သွားရန်ပြုလုပ်မည်ဟုယုဒခေါင်းဆောင်တို့က ဆုံးဖြတ်ခဲ့ပါသည်။ ယုဒလူတို့ကိုဘာသာရေးထုံးတမ်းစဉ်လာများနှင့် လူ၏သွန်သင်ချက်များနောက်သို့လိုက်ရန် ပြုလုပ်ပြီးဩဇာကိုလွှမ်းမိုးနိုင်မည်ဟုသူတို့ထင်ခဲ့ပါသည်။သခင်ခရစ်တော်ကို တိတ်တဆိတ်ဖမ်းဆီးရန်သဘောတူခဲ့ပါသည်။ လူအမြောက်အမြားရှေ့တွင်ဖမ်းဆီးပါကကြည်ညိုသောလူတို့၏ခဲနှင့်ပေါက်သည့် ရန်ကိုသူတို့ကြောက်ရွံ့ခဲ့ပါသည်။

ယုဒခေါင်းဆောင်တို့၏ ပြင်းပြသောဆန္ဒကို သိသောယုဒရှကာရုတ်သည် ယဇ်ပရောဟိတ်မင်းနှင့်အကြီးအကဲတို့ထံသွား၍ကိုယ်တော်အားငွေဒင်္ဂါးအနည်းငယ်နှင့် သစ္စာဖေါက်ရန် ကမ်းလှမ်းခဲ့ပါသည်။ သူ၏ငွေကိုတပ်မက်သောစိတ်ကြောင့်ကိုယ်တော်အားသစ္စာဖေါက်၍ အခါးသီးဆုံးရန် သူလက်ထဲအပ်နှံရန်ဆုံးဖြတ်ခဲ့ပါသည်။စာတန်သည်ယုဒရှကာရုတ်မှတစ်ဆင့် လုပ်ဆောင်လျှက်ရှိပါသည်။နောက်ဆုံးညစာစားပွဲ၏မြင်ကွင်း၌ပင်သခင်ခရစ်တော်ကိုသစ္စာဖေါက်ရန်ကြံစည်လျှက်ရှိပါသည်။ထိုညတွင်မိမိအတွက်ကြောင့်တပည့်တော်အားလုံးအရှက်ကွဲရမည်ဟုသခင်ခရစ်တော်သည်ဝမ်းနည်းစွာမိန့်တော်မူခဲ့ပါသည်။အခြားသူတို့သည်ကိုယ်တော်အားကျောခိုင်းသော်လည်းမိမိရပ်တည်မည်ဟုရှင်ပေတရုအခိုင်အမာလျှောက်ထားခဲ့ပါသည်။ရှိမုန်အား“ဂျုံဆန်ကိုဆန်ခါနှင့်ချသကဲ့သို့စာတန်သည် သင့်ကိုချမည့်အကြောင်းအခွင့်တောင်းသည်ဖြစ်၍သင်၏ယုံကြည်သောစိတ်မပျက်စေခြင်းငှါငါသည်သင့်အဖို့ဆုတောင်းလေပြီး၊သင်သည်သတိရပြန်သောအခါ သင့်၏ညီအစ်ကိုတို့ကိုတည်ကြည်စေလော့”ဟု မိန့်တော်မူပါသည်။

ထို့နောက်တပည့်တော်များနှင့်အတူ ဥယျာဉ်အလယ်၌ရှိသော သခင်ခရစ်တော်ကို ကျမမြင်တွေ့ခဲ့ရပါသည်။အလွန်ပြင်းထန်သောဝမ်းနည်းကြေကွဲမှုနှင့်အတူမိမိတို့စုံစမ်းခြင်းမှ ကင်းမဲ့ရန်ဆုတောင်းလျှက် စောင့်ကြည့်နေရန်တပည့်တော်တို့ကို မှာကြားခဲ့ပါသည်။တပည့်တော်၏ ယုံကြည်ခြင်းသည်စစ်ဆေးခြင်းခံရပြီး ရည်မှန်းချက်များပျက်ပြားမည့်အကြောင်းကိုကိုယ်တော်သိတော်မူပါ၏။ထို့ကြောင့်ဆက်ကပ်ဆုတောင်းခြင်းနှင့်စောင့်ကြည့်ခြင်းအားဖြင့်သာမိမိတို့လိုအပ်သည့်ခွန်အားကိုရရှိနိုင်မည်ဖြစ်ပါသည်။ကိုယ်တော်သည်  ဝမ်းနည်းကြေကွဲမှုနှင့်အတူဆုတောင်းခဲ့ပါသည်။“အိုအဖအလိုတော်ရှိလျှင်ဤခွက်ကိုကျွန်ုပ်အားလွှဲတော်မူပါ။သို့သော်လည်း ကျွန်ုပ်အလိုရှိသည့်အတိုင်းမဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုတော်အတိုင်းဖြစ်ပါစေ”ဟု တောင်းလျှောက်ခဲ့ပါသည်။ ဘုရားသားတော်သည်နာကျင်စွာဖြင့်ဆုတောင်းခဲ့ပါသည်။သွေးကဲ့သို့သောချွေးစက်တို့သည် မျက်နှာတော်မှမြေပြင်ပေါ် သို့ကျခဲ့ပါသည်။ကောင်းကင်တမန်တို့သည်ပျံဝဲလျှက်ရှိပြီးဝေဒနာခံစားလျှက်ရှိနေသောသားတော်ကိုခွန်အားပေးရန်ကောင်းကင်တမန်တစ်ပါးသာလျှင်စေလွှတ်ခြင်းခံခဲ့ရပါသည်။ကောင်းကင်၌ရှိသောကောင်းကင်တမန်တို့သည်မိမိတို့၏သရဖူနှင့်စောင်းကောက်များကိုဘေးဖယ်လျှက် သခင်ခရစ်တော်ကို တိတ်ဆိတ်စွာဖြင့်ရှုမြင်လျှက်ရှိပါသည်။ကောင်းကင်၌ဝမ်းမြောက်ပျော်ရွှင်မှုသည် တိတ်ဆိတ်ခဲ့ပြီး ဘုရားသခင်၏သားတော်ထံသို့ လာရောက်ခြံရံလိုသော်လည်းခေါင်းဆောင်ကောင်းကင်တမန်များက တားမြစ်ထားပါသည်။ ကိုယ်တော်၏ဝေဒနာကိုတွေ့မြင်သောအခါကယ်တင်ခြင်း စီမံကိန်းပျက်ပြားမည်ကို စိုးရိမ်သောကြောင့်ဖြစ်ပါသည်။ကယ်တင်ခြင်းစီမံကိန်းသည် မပျက်ရပါ။

ဆုတောင်းပြီးသည်နောက် တပည့်တော်များရှိရာသို့ ကိုယ်တော်ကြွလာခဲ့ပါသည်။ တပည့်တော်တို့သည်အိပ်စက်လျှက်ရှိပြီးဤကဲ့သို့ကြောက်ရွံ့ဖွယ်ကောင်းသောအချိန်နာရီ၌သူတို့ထံမှနှစ်သိမ့်ခြင်းနှင့်ဆုတောင်းခြင်းကိုမရခဲ့ပါ။ လွန်ခဲ့သောအချိန်အနည်းငယ်က အလွန်တက်ကြွခဲ့သော ရှင်ပေတရုသည် ယခုငိုက်မြည်းလျှက်ရှိနေပါ

သည်။မိမိ၏ခံယူချက်ကိုသတိပေးရင်း ရှင်ပေတရုအား "တစ်နာရီခန့်မှစောင့်နေခြင်းမှာ မစွမ်းနိုင်သလော"ဟုမိန့်တော်မူခဲ့ပါသည်။ ဘုရားသခင်၏သားတော်သည် ဝေဒနာကိုပြင်းထန်စွာခံလျှက် သုံးကြိမ်တိုင်တိုင်ဆုတောင်းခဲ့ပါသည်။ယုဒရှကာရုတ်သည် မိမိ၏လူစုနှင့်ရောက်ရှိလာပြီး ခါတိုင်းကဲ့သို့ပင် ကိုယ်တော်ကို နှုတ်ဆက်ခဲ့ပါသည်။လူအုပ်ကြီးသည် ကိုယ်တော်ကိုဝိုင်းရံလိုက်သော်လည်း ကိုယ်တော်သည်မိမိ၏ ဘုရားတန်ခိုးတော်ကို ဖေါ်ထုတ်ပြသတော်မူခဲ့ပါသည်။ သင်တို့မည်သူကိုရှာသနည်း။ ထိုသူသည်ငါပင်ဖြစ်၏။ သူတို့သည်အနောက်သို့ပစ်လှဲသွားခဲ့ပါသည်။ဤကဲ့သို့မေးမြန်းခြင်းမှာထိုသူတို့သည် ဘုရားသခင်၏ တန်ခိုးတော်ကိုမြင်လျှက်မိမိတို့၏လက်ထဲမှကိုယ့်ကိုယ်ကိုပြန်၍ ကယ်တင်နိုင်ခဲ့ကြောင်းကို သက်သေပြရန် ဖေါ်ပြလိုက်ခြင်းပင်ဖြစ်ပါသည်။

ဓါးများ၊လှံများကိုင်ဆောင်ထားသောလူအုပ်ကြီးသည်ချက်ခြင်းနောက်သို့ပစ်လှဲသွားသည်ကို တပည့်တော်များတွေ့လိုက်ရသောအခါမျှော်လင့်ချက်သန်းလာပါသည်။လူအုပ်ကြီးသည်ပြန်လည်မတ်တပ်ရပ်ကာ ကိုယ်တော်ကို ဝိုင်းရံလိုက်စဉ် ရှင်ပေတရုသည် မိမိ၏ဓါးကိုထုတ်လျှက် လူတစ်ယောက်၏နားရွက်ကို ဖြတ်လိုက်ပါသည်။ ကိုယ်တော်သည်ဓါးကိုပြန်သိမ်းခိုင်းပြီး"ယခုပင်ငါ့အဖကိုငါတောင်းပန်သည်ကိုဧ၊တောင်းလျှင်ကောင်းကင်တမန်တစ်ဆယ့်နှစ်တပ်မကငါ၏ထံသို့စေလွှတ်တော်မူမည်ကိုဧ၊သင်သည်မထင်သလော"ဟုမိန့်တော်မူခဲ့ပါသည်။ ဤကဲ့သို့မိန့်တော်မူသောအခါကောင်းကင်တမန်များတို့သည်လှုပ်ရှားလာပါသည်။မိမိတို့၏သခင်ကိုဝိုင်းရံလျှက် အမျက်ဒေါသထွက်နေသောလူအုပ်ကိုဖယ်ရှားပစ်ရန်သူတို့မျှော်လင့်ခဲ့ပါသည်။သို့သော်လည်း"သို့ဖြစ်လျှင်ဤသို့သောအမှုအရာတို့သည်ဖြစ်ရမည်ဟူသောကျမ်းချက်သည်အဘယ်သို့ပြည့်စုံအံ့နည်းဟုမိန့်တော်မူ၏"။ ကိုယ်တော်၏အသံတော်ကိုကြားသောအခါကောင်းကင်တမန်များ၏မျက်နှာတော်သည်ပြန်လည်ညှိုးငယ်သွားပါသည်။လူအုပ်ကြီး၏ဖမ်းဆီးခေါ်ဆောင်သွားခြင်းကိုသခင်ခရစ်တော်ခွင့်ပြုလိုက်သောအခါတပည့်တော်တို့သည်စိတ်ဓါတ်ကျလျှက် ခါးသီးသော ဝမ်းနည်းကြေကွဲမှုကို ခံစားခဲ့ရပါသည်။

တပည့်တော်တို့သည်မိမိတို့၏အသက်အန္တရယ်ကိုစိုးရိမ်သောကြောင့် တစ်ယောက်တစ်ပေါက်ထွက်ပြေးလွတ်မြောက်ကာ သခင်ခရစ်တော်တပါးတည်းသာကျန်ခဲ့ပါသည်။စာတန်သည်အလွန်ဝမ်းမြောက်ခဲ့ပါသည်။ သို့သော်ဘုရားသခင်၏ ကောင်းကင်တမန်များတို့သည် စိတ်နှလုံးကြေကွဲလျှက်ရှိနေပါသည်။ ကောင်းကင်တမန်များတို့သည်မိမိတို့၏ခေါင်းဆောင်များနှင့်အတူအုပ်စုဖွဲ့လျှက် ဤအဖြစ်အပျက်ကိုစောင့်ကြည့်လျှက်ရှိပါသည်။ ကိုယ်တော်အား ပျက်ရယ်ပြုသောစကားများ၊ ညဉ်းပန်းနှိပ်စက်မှုများအားလုံးကို တစ်ခုမကျန် မှတ်တမ်းတင်ခဲ့ပါသည်။ သခင်ခရစ်တော်ခံစားခဲ့ရသောနာကျင်မှုဝေဒနာများကိုလည်းရေးမှတ်ခဲ့ပါသည်။ထိုလူအသီးသီးတို့သည် အသက်ရှင်လျှက် ဤအရာများကို တစ်ဖန်တွေ့ရအုံးမည်ဖြစ်ပါသည်။

ဆက်လက်လေ့လာရန်။ မဿဲ ၂၆း၁-၅၄။ မာကု ၁၄း၁-၅၂။ လုကာ ၂၂း၁-၄၆။ ယော ၁၁၊ ၁၂း၁-၁၁။ ၁၈း၁-၁၂။

## အခန်း (၈) သခင်ခရစ်တော်အား စစ်ဆေးခြင်း။

ကောင်းကင်တမန်များသည် ကောင်းကင်နိုင်ငံမှ ထွက်ခွာလာသောအခါ ဝမ်းနည်းကျေကွဲလျှက်သူတို့၏တောက်ပသောသရဖူများကိုချထားပါသည်။မိမိတို့၏ခေါင်းဆောင်ကြီးသည်ဒုက္ခခံလျှက်ဆူးသရဖူကို ဆောင်းထားစဉ် သူတို့၏တောက်ပသောသရဖူများကို မဆောင်းနိုင်ခဲ့ကြပါ။ လူသားချင်းစာနာမှုနှင့်သနားကြင်နာမှုကို တရားရုံး၌ပျက်သုံးသွားရန်စာတန်နှင့်နတ်ဆိုးတို့သည် ကြိုးစားလုပ်ဆောင်လျှက်ရှိပါသည်။ သူ၏ဩဇာကြောင့်ပတ်ဝန်းကျင်တစ်ခုလုံးသည်ညစ်ညူးထိုင်းမှိုင်းလျှက်ရှိပါသည်။ယဇ်ပရောဟိတ်မင်းများနှင့်ဘာသာရေးခေါင်းဆောင်တို့ကိုစာတန်လှုံ့ဆော်မှုကြောင့်လူမဆန်စွာ သခင်ခရစ်တော်ကိုပြက်ရယ်ပြုရှုတ်ချလျှက်ရှိပါသည်။ ဤကဲ့သို့နှိပ်စက်စော်ကားမှုကြောင့်ဘုရားသခင်၏သားတော်မှညည်းတွားသံများကိုကြားနာရမည်ဟုစာတန်မျှော်လင့်ခဲ့ပါသည်။ ဘုရားသားတော်သည်မိမိဘုရားတန်ခိုးတော်ကိုသုံး၍ကိုယ်လွတ်ရုန်းကာကယ်တင်ခြင်းစီမံကိန်းပျက်ပြားမည်ဟု သူမျှော်လင့်ခဲ့ပါသည်။

ရှင်ပေတရုသည်မိမိ၏သခင်သစ္စာဖေါက်ခံရပြီးသည့်နောက်ကိုယ်တော်နောက်သို့လိုက်ခဲ့ပါသည်။သခင်ခရစ်တော်မည်ကဲ့သို့ဖြစ်မည်ကို သိလိုစိတ်ပြင်းပြပါသည်။ကိုယ်တော်၏ တပည့်တော်ဟုစွပ်စွဲခြင်းခံရသောအခါ သူငြင်းဆန်ခဲ့ပါသည်။မိမိအသက်ကိုစိုးရိမ်သောကြောင့်စွပ်စွဲခြင်းခံရသောအခါ၌သူကိုသူမသိဟုငြင်းဆန်ခဲ့ပါသည်။မိမိတို့ယဉ်ကျေးသောအပြောအဆိုများကြောင့်တပည့်တော်တို့ကိုလူသိများခဲ့ပါသည်။သို့သော်ပေတရုသည်လူအုပ်ကြီးကိုလှည့်ဖျားလိုသောကြောင့်သခင်ခရစ်တော်ကိုမသိကြောင်းကြမ်းတမ်းစွာကျိန်ဆို၍ တတိယအကြိမ်ငြင်းပယ်ခဲ့ပါသည်။သခင်ခရစ်တော်သည်ရှင်ပေတရုမှအလှမ်းကွာသောနေရာ၌ရှိကာဝမ်းနည်းကျေကွဲမှုနှင့်အတူဆုံးမသောအကြည့်နှင့်နောက်ကိုလှည့်ကြည့်လိုက်ပါသည်။ ထိုအချိန်တွင်မိမိ၏ စိတ်တက်ကြွမှုနှင့်အထက်ခန်း၌သခင်ခရစ်တော်မိန့်တော်မူသောစကားကိုရှင်ပေတရုပြန်လည်သတိရလိုက်ပါသည်။ မိမိအရှင်ကို ကျိန်ဆိုလျှက်ငြင်းပယ်ခဲ့ပါသည်။သို့သော်လည်း ကိုယ်တော်၏ အကြည့်သည် ရှင်ပေတရုကိုအရည်ပျော်စေပြီး ကယ်တင်ခဲ့ပါသည်။ခါးသီးစွာငိုကြွေးလျှက်အလွန်ကြီးမားသောမိမိအပြစ်ကြောင့်နောင်တရကာစိတ်နှလုံးပြောင်းလဲပြီးမိမိ၏ညီအစ်ကိုတို့ကိုခွန်အားပေးရန် ရှင်ပေတရု အဆင်သင့်ဖြစ်ခဲ့ပါသည်။

လူအုပ်ကြီးသည်ကိုယ်တော်၏ အသွေးကိုဆာလောင်လျှက်ရှိပါသည်။ ကြာပွတ်ဖြင့် ရက်စက်စွာရိုက်နှက်ခဲ့ပြီးဟောင်းနွမ်းနေသောကြက်သွေးရောင်တော်ဝင်ဝတ်လုံတစ်ခုကိုလွှမ်းခြုံ၍သန့်ရှင်းမြင့်မြတ်သောဦးခေါင်းတော်ပေါ်၌ဆူးသရဖူကို ဆောင်းစေခဲ့ပါသည်။ ကိုယ်တော်၏လက်ထဲ၌ကြာပွတ်တစ်ချောင်းကိုထည့်လိုက်ကာ လှောင်ပြောင်လျှက်ရှေ့တော်မှောက်၌အရိုအသေပေးပြီးယုဒတို့၏ဘုရင်ဟုပြက်ရယ်ပြုခဲ့ပါသည်။လက်တော်မှကြာပွတ်ကိုယူလျှက်ဦးခေါင်းတော်ကိုရိုက်နှက်သောအခါ သရဖူမှဆူးတို့သည် ဦးခေါင်းတော်၌ စိုက်ဝင်ကာ မျက်နှာတော်နှင့်မုတ်ဆိတ်မွေးတို့အပေါ်၌ သွေးများစီးကျခဲ့ပါသည်။

ကောင်းကင်တမန်တို့သည် ဤမြင်ကွင်းကို မခံနိုင်တော့ပါ။ ကိုယ်တော်သည် အပြစ်ကြွေးကိုပေးဆပ်ပြီးလူသားများကိုကယ်တင်နိုင်ရန်နှင့်သေခြင်းကိုအုပ်စိုးသောသူအားသေစေမည့်အကြောင်းကောင်းကင်တမန်အကြီးအကဲများကရှင်းပြပြီးတားမြစ်ခြင်းမပြုခဲ့ပါက ကျန်ကောင်းကင်တမန်တို့သည်ကိုယ်တော်ကို ဝင်ရောက်ကယ်တင်မည်ဖြစ်သည်။ကောင်းကင်တမန်များတို့သည် ဤမြင်ကွင်းကိုတွေ့မြင်ရကြောင်းကိုကိုယ်တော် သိတော်မူပါသည်။အင်အားအချိနဲ့ဆုံးကောင်းကင်တမန်ပင်လျှင်၌လူအုပ်ကိုဖျက်ဆီးကာ သခင်ခရစ်တော်ကို ကယ်တင်နိုင်မည်ဟုကျမမြင်တွေ့ခဲ့ပါသည်။သခင်ခရစ်တော်အလိုရှိလျှင် ခမည်းတော်အားတောင်းဆိုပါက ကောင်းကင်တမန်များတို့သည်ချက်ခြင်းကယ်တင်နိုင်မည့်အကြောင်းကိုကိုယ်တော်သိနေပါသည်။သို့သော်လည်း ကယ်တင်ခြင်းစီမံကိန်းကိုအကောင်အထည်ဖေါ်နိုင်ရန်အတွက်၌လူမိုက်များ၏လက်ထဲကို၌ကဲ့သို့ဒုက္ခခံရန်လိုအပ်ကြောင်း ကိုယ်တော်သိပါသည်။

သခင်ခရစ်တော်သည် မိမိကိုယ်ကို နှိမ့်ချလျှက်အမျက်ဒေါသထွက်နေသော လူအုပ်ကြီး၏ရှေ့တွင် အဆိုးဆုံးသော နှိပ်စက်မှုဒဏ်ကိုခံနေရပါသည်။ နေမင်းထက်တောက်ပပြီး ဘုရားသခင်၏မြို့တော်၌ အလင်းကို ထွန်းလင်းကာနောင်တချိန်တွင်မိမိတို့ကြောက်လန့်ကျောခိုင်းရမည့်ကိုယ်တော်၏မျက်နှာတော်ကို ယခုသူတို့တံတွေးနှင့်ထွေးခဲ့ကြပါသည်။သို့သော်ကိုယ်တော်အမျက်တော်၏စူးရှမှုကိုမတွေ့ခဲ့ပါ။ နူးညံ့သိမ်မွေ့စွာဖြင့် လက်တော်ကိုမလျှက်တံထွေးကိုဖယ်လိုက်ပါသည်။ခေါင်းတော်ပေါ်၌အဝတ်နှင့်အုပ်ကာမျက်လုံးစည်းပြီးမျက်နှာကိုရိုက်ခဲ့ပါသည်။မည်သူရိုက်ကြောင်းကိုဗျာဒိတ်ဟောခိုင်းပါသည်။ ကောင်းကင်တမန်တို့သည်လှုပ်ရှားလာပါသည်။ ခေါင်းဆောင်ကောင်းကင်တမန်များမတားမြစ်ခဲ့ပါက ကောင်းကင်တမန်တို့သည်ချက်ခြင်းဝင်ရောက်၍ကိုယ်တော်ကို ကယ်တင်ကြပါလိမ့်မည်။တပည့်တော်တို့သည်အားတင်းလာပြီးတရားခွင်ကိုလာရောက်ခဲ့ကြပါသည်။ ကိုယ်တော်သည်မိမိ၏ဘုရားတန်ခိုးတော်ကိုဖေါ်ပြပြီးကိုယ့်ကိုယ်ကို ကယ်တင်ကာမိမိအားရက်စက်ခဲ့သူများကို အပြစ်ပေးမည်ဟု သူတို့မျှော်လင့်ခဲ့ကြပါသည်။မြင်ကွင်းများပြောင်းလဲလာသည့်နှင့်အမျှ ထိုသူတို့၏မျှော်လင့်ချက်တို့သည် နှိမ့်ချီမြင့်ချီနှင့်ပြောင်းလဲနေပါသည်။သံသယစိတ်များဖြစ်လာကာ မိမိတို့လှည့်ဖျားခြင်းခံရပြီးဟု တစ်ခါတစ်ရံစိုးရိမ်လာပါသည်။သို့သော်ဘုရားသခင်ဘုန်းတော်ထွန်းတောက်သောတောင်ပေါ်၌သူတို့မြင်ခဲ့ရသောဘုန်းတန် ခိုးနှင့်ကြားခဲ့ရသောစကားသံတို့ကြောင့်၌ကားဘုရားသခင်သားတော်ဖြစ်ကြောင်းယုံကြည်၍ခွန်အားတက်လာပါ သည်။သူတို့တွေ့ခဲ့ရသည့်စိတ်လှုပ်ရှားဖွယ်ရာမြင်ကွင်းများသည် ဖျားနာသောသူများအနာငြိမ်းခြင်း မျက်မမြင်များ အမြင်အာရုံပြန်လည်ရရှိခြင်း၊မုန်တိုင်းသည်ဘုရားသခင်၏အမိန့်တော်ကိုနာခံခြင်း၊စသည့်အံ့ဖွယ်နိမိတ်လက္ခဏာများကို ပြန်လည်

မြင်တွေ့လာပါသည်။သခင်ခရစ်တော်အသေခံမည်ကိုသူတို့မယုံကြည်ခဲ့ပါ။ ကိုယ်တော်သည်တန်ခိုးတော်နှင့်ထပြီး ဤသွေးဆာသည့်လူအုပ်ကြီးကိုဗိမာန်တော်၌ရှိသော ရောင်းဝယ်ဖေါက်ကားသူတို့ကိုနှင်ထုတ်ကာ ဗိမာန်အစောင့် များကိုလိုက်လံတိုက်ခိုက်ခြင်းမှရှောင်ပြေးသယောင်နှင်ထုတ်လိမ့်မည်ဟုသူတို့မျှော်လင့်ခဲ့ပါသည်။သခင်ခရစ်တော် သည်မိမိတန်ခိုးတော်ကိုဖေါ်ပြပြီးဣသရေလလူမျိုးတို့၏ရှင်ဘုရင်ဖြစ်ကြောင်းအများသိကြပြောလိမ့်မည်ဟု သူတို့ မျှော်လင့်ခဲ့ပါသည်။

သခင်ခရစ်တော်ကို သစ္စာဖေါက်မိသည့်အတွက် ယုဒရှကာရုတ်၏စိတ်နှလုံးထဲတွင် ခါးသီးမှုများနှင့်အတူ ရှက်ကြောက်ခြင်းများပြည့်လျှံလျှက်ရှိပါသည်။ ကိုယ်တော်ခံခဲ့ရသော ညှဉ်းပမ်းမှုများကို မြင်တွေ့ရသောအခါသူမ ခံနိုင်တော့ပါ။ယုဒရှကာရုတ်သည်သခင်ခရစ်တော်ကိုချစ်သော်လည်းငွေကိုသာ၍တပ်မက်ခဲ့ပါသည်။မိမိဦးဆောင် ခဲ့သောလူအုပ်ကြီးလက်ထဲသို့ကိုယ်တော်သည်မိမိအသက်ကို အပ်နှံမည်မဟုတ်ဟု သူထင်ခဲ့ပါသည်။ နိမိတ်လက္ခ ဏာပြုလုပ်၍မိမိကိုယ်ကိုယ်ကိုကယ်တင်မည်ဟုသူထင်ခဲ့ပါသည်။သို့သော်တရားစီရင်ရာခန်းမ၌ သွေးဆာလျှက်ရှိ သောလူအုပ်ကြီးကိုမြင်သောအခါယုဒရှကာရုတ်၏စိတ်နှလုံးထဲ၌မိမိကိုယ်ကိုအပြစ်တင်ခဲ့ပါသည်။လူအုပ်ကြီးသည် ကိုယ်တော်ကိုအမျိုးမျိုးစွပ်စွဲနေစဉ်၌ပင်ယုဒရှကာရုတ်သည်လူအုပ်ကြားထဲမှထွက်၍အပြစ်ကင်းမဲ့သောကိုယ်တော် ကိုသစ္စာဖေါက်မိသောကြောင့်မိမိ၌အပြစ်ရှိကြောင်းကိုဝန်ခံခဲ့ပါသည်။မိမိရရှိခဲ့သောအခကြေးငွေကိုပြန်လည်ပေး အပ်ပြီး သခင်ခရစ်တော်၌ အပြစ်မရှိသောကြောင့် ပြန်လွှတ်ပေးရန် တောင်းပန်ခဲ့ပါသည်။ ရှုပ်ထွေးမှုနှင့် စိုးရိမ်မှု ကြောင့်ယဇ်ပရောဟိတ်မင်းတို့သည်ခေတ္တခဏနှုတ်အသွားခဲ့ပါသည်။ ကိုယ်တော်ကိုသစ္စာဖေါက်ရန် မိမိ၏တပည့် တော်တစ်ပါးကိုငှါးရမ်းခဲ့ကြောင်း လူသိရှင်ကြားမပေါက်ကြားစေခဲ့ပါ။ ကိုယ်တော်ကိုသူခိုးကဲ့သို့ လိုက်လံရှာဖွေပြီး တိတ်တဆိတ်ခေါ်ယူသွားခြင်းဖြင့်သူတို့၏လုပ်ရပ်ကို ဖုံးကွယ်ရန်ကြိုးစားခဲ့ပါသည်။သို့သော်လည်း ယုဒရှကာရုတ် ၏ဝန်ခံချက်သည်မောပန်းနွမ်းနယ်ပြီးကြွေ့မစောင့်စည်းနိုင်သောသူ၏အသွင်အပြင်ကြောင့် သခင်ခရစ်တော်ကို မုန်းတီး၍ဖမ်းဆီးခဲ့သောယဇ်ပရောဟိတ်မင်းတို့၏လုပ်ဆောင်ချက်များသည်လူထုကြားတွင်ပေါ်လွင်ထင်ရှားလျှက် ရှိပါသည်။သခင်ခရစ်တော်၌အပြစ်မရှိကြောင်းကိုယုဒရှကာရုတ်သည်အသံကုန်အော်ဟစ်၍ပြောဆိုသောအခါမိမိ တို့နှင့်မသက်ဆိုင်ကြောင်းမိမိကိစ္စကိုမိမိသာဖြေရှင်းရန်လိုအပ်ကြောင်းကို ယဇ်ပရောဟိတ်မင်းတို့မှပြန်လည်ပြော ကြားခဲ့ပါသည်။သခင်ခရစ်တော်ကိုမိမိတို့လက်ဝယ်ဖမ်းဆီးထားပြီးဖြစ်သောကြောင့် မည်သည့်နည်းနှင့်မျှအလွတ် ခံမည်မဟုတ်ပါ။ယုဒရှကာရုတ်သည်မိမိကိုယ်ကိုမစောင့်ထိန်းနိုင်တော့ဘဲငွေဒင်္ဂါးများတို့ကို မိမိအားငှါးရမ်းခဲ့သော သူများ၏ခြေရင်း၌ပစ်ချကာမိမိကျူးလွန်ခဲ့သောအပြစ်အတွက်ကြောက်ရွံ့တုန်လှုပ်လျှက် အပြင်သို့ထွက်ကာ မိမိ ကိုယ်ကို ဆွဲကြိုးချပြီး အသေခံသွားခဲ့ပါသည်။

လူအုပ်ကြီးထဲတွင်ကိုယ်တော်ကိုသနားခဲ့သောသူမြောက်မြားစွာရှိခဲ့ပါသည်။စွပ်စွဲချက်များနှင့် မေးမြန်းစစ် ဆေးချက်များကို ခွန်းတုံ့ပြန်ခြင်းမရှိသောကြောင့် လူအမြောက်အမြားမှာ အံ့သြလျှက်ရှိနေပါသည်။ စိုးရိမ်မှုများ မျက်မှောကျုံ့ခြင်းများ မျက်နှာတော်၌ မတွေ့မြင်ခဲ့ရပါ။ ကိုယ်တော်သည် တည်ငြိမ်လျှက်ရှိပြီး မျက်နှာတော်သည် တည်ကြည်လျှက်ရှိပါသည်။ပရိသတ်တို့သည်အံ့သြတည်ငြိမ်လျှက်ကြည့်နေကြပါသည်။ ကိုယ်တော်၏ တည်ငြိမ်မှု နှင့် တရားစီရင်သောသူတို့၏ယောက်ယက်ခတ်နေခြင်းကို နှိုင်းယှဉ်၍ ကြည့်ရှုခဲ့ကြပါသည်။ ကိုယ်တော်သည် ဤခေါင်းဆောင်များထက်ပင်ခမ်းနားထည်ဝါကြောင်း ဝေဖန်သုံးသပ်လာကြပါသည်။ နိုင်ငံတော်ကိုအုပ်စိုးရန်ပို၍ ထိုက်တန်ကြောင်းကိုထင်ရှားလာပါသည်။ ရာဇဝတ်မှုကျူးလွန်သည့်လက္ခဏာများ မတွေ့မြင်ခဲ့ရပါ။မျက်လုံးတော် များသည်နူးညံ့သိမ်မွေ့၍တည်ကြည်ခြင်းရဲရင့်ခြင်းလည်းရှိပါသည်။ နဖူးတော်သည်မှောက်လျှက်ရှိပါသည်။ ကိုယ် တော်၏ ရုပ်အသွင်သည်လည်း တည်ကြည် ခံ့ညားလျှက် ရှိပါသည်။ လူမတူသော သည်းခံခြင်း တရားကြောင့်အ မြောက်အမြားတုန်လှုပ်ခဲ့ကြပါသည်။ကိုယ်တော်၏တည်ကြည်၍ ဘုရားဇာတိပေါ်လွင်မှုကြောင့်ဟေရုဒ်နှင့်ပိလတ် မင်းတို့ပင်လျှင် စိတ်တုန်လှုပ်ခဲ့ကြပါသည်။

ကိုယ်တော်သည်သာမန်ပုဂ္ဂိုလ်မဟုတ်၊အလွန်မြင့်မြတ်သောသူ၊အပြစ်မရှိသောသူတစ်ဦးဖြစ်ကြောင်းကိုအ စအဦးကပင်ပိလတ်မင်းသည်သိခဲ့ပါသည်။တရားစီရင်ခြင်း၏မြင်ကွင်းတစ်ခုလုံးကို ကောင်းကင်တမန်များတို့သည် မှတ်တမ်းတင်ခဲ့ပါသည်။ပိလတ်မင်း၏ စိတ်ပြောင်းလဲခြင်း၊ကိုယ်တော်အပေါ်သနားညှာတာခြင်းကိုသိမှတ်ခဲ့သော ကြောင့်ကိုယ်တော်ကိုသတ်ဖြတ်ခြင်းမပြုနိုင်ရန်အတွက် ကောင်းကင်တမန်တပါးသည်ပိလတ်မင်း၏ ဇနီးသည်ကို အိမ်မက်ပေး၍သူစီရင်သောပုဂ္ဂိုလ်မှာအပြစ်မဲ့သော ဘုရားသခင်၏ သားတော်ဖြစ်ကြောင်းဖေါ်ပြခဲ့ပါသည်။သူမ

သည်သခင်ခရစ်တော်နှင့်ပတ်သက်၍အိမ်မက်မြင်မက်ခဲ့ရကြောင်း၊ဒုက္ခများစွာခံစားခဲ့ရကြောင်း၊ဤသန့်ရှင်းသော သူနှင့်ပတ်သက်မှုမရှိရန်သတိပေးကြောင်းခင်ပွန်းသည်ကိုချက်ခြင်းစာရေးအကြောင်းကြားခဲ့ပါသည်။ဤစာကိုဖတ် မိသောအခါပိလတ်မင်းသည် တုန်လှုပ်လျှက် မျက်နှာ၌သွေးမရှိတော့ပါ။ ဤကိစ္စနှင့် ပတ်သက်၍ မိမိမပါဝင်လို ကြောင်းလူအုပ်ကြီးသည်ကိုယ်တော်၏အသွေးကိုတောင်းလျှင်လည်း ကိုယ်တော်လွတ်မြောက်ရန်အတွက် မိမိလုပ် ဆောင်မည်ဟု ချက်ခြင်းဆုံးဖြတ်ခဲ့ပါသည်။

ယေရုရှလင်မြို့တွင်ဟေရုဒ်မင်းရောက်နေကြောင်းကြားသိရသောအခါ ပိလတ်မင်းဝမ်းမြောက်ခဲ့ပါသည်။ ဤကိစ္စ၌မိမိကိုယ်ကိုလွတ်မြောက်ရန်သူကြိုးစားခဲ့ပါသည်။ ကိုယ်တော်ကိုဟေရုဒ်မင်းထံလွဲလိုက်ပါသည်။ ဟေရုဒ် မင်းသည်စိတ်နှလုံးမာကျောသောသူဖြစ်ပါသည်။ နှစ်ခြင်းဆရာယောဟန်ကိုခေါင်းဖြတ်ပြီးသည့်နောက် တွင်မိမိ၏ စိတ်ထဲ၌စိုးရိမ်မှုအမြဲတန်းရှိနေပါသည်။ သခင်ခရစ်တော်ဖြင့်အံ့ဖွယ်နိမိတ်လက္ခဏာများကို ကြားသိရသောအခါ နှစ်ခြင်းဆရာယောဟန်သည် သေရာမှပြန်ရှင်လာပြီးဟု သူထင်ခဲ့ပါသည်။ ဟေရုဒ်မင်းသည်ကြောက်ရွံ့လျှက်ရှိပါ သည်။အပြစ်ပြုလုပ်ခဲ့သောအတိတ်မှလုပ်ရပ်များသည် သူ့ကိုခြောက်လှန့်လျှက်ရှိပါသည်။ သခင်ခရစ်တော်၏အမှု ကိုလွဲယူလိုက်ခြင်းဖြင့် ပိလတ်မင်းသည်မိမိ၏ဩဇာအာဏာကိုအသိအမှတ်ပြုဝန်ခံကြောင်းဟေရုဒ်မင်းခံစားလိုက် ရပါသည်။ ထိုပုဂ္ဂိုလ်နှစ်ဦးသည် ယခင်ကရန်သူများဖြစ်ခဲ့သော်လည်း သခင်ခရစ်တော်ကြောင့် ပြန်လည်သင့်မြတ် သွားခဲ့ကြပါသည်။သခင်ခရစ်တော်ကိုတွေ့မြင်ခဲ့ရသည့်အတွက်ကြောင့် ဟေရုဒ်မင်းသည်ကျေနပ်ခဲ့ရပါသည်။ အံ့ ဖွယ်နိမိတ်လက္ခဏာတစ်ခုခုကိုမြင်တွေ့နိုင်ရန်အတွက်သူမျှော်လင့်ခဲ့ပါသည်။ကိုယ်တော်သည်သူ၏စိတ်ဆန္ဒကို မ ဖြည့်ဆည်းခဲ့ပါ။ကိုယ်တော်သည်သူတစ်ပါး၏ကယ်တင်ခြင်းအတွက်မိမိ၌ရှိသောတန်ခိုးတော်ကိုအသုံးပြုခဲ့ပြီးကိုယ် တိုင်အတွက် အသုံးပြုခဲ့ခြင်းမရှိပါ။

ဟေရုဒ်မင်းသည်မေးခွန်းများစွာမေးခဲ့သော်လည်းကိုယ်တော်ပြန်လည်ဖြေကြားခြင်းမရှိပေ။ မိမိအားစွပ်စွဲ သောရန်သူများကိုလည်းတုံ့ပြန်ခြင်းမရှိခဲ့ပါ။မိမိ၏တန်ခိုးအာဏာစက်ကိုသခင်ခရစ်တော်ဂရုမစိုက်ခဲ့သည့်အတွက် ကြောင့်ဟေရုဒ်မင်း၏အမျက်ဒေါသထွက်ခဲ့ရပါသည်။မိမိ၏စစ်သူကြီးများနှင့်အတူ ဘုရားသားတော်ကိုရှုတ်ချပြက် ရယ်ပြုခဲ့ကြပါသည်။သခင်ခရစ်တော်၏တည်ကြည်မှုနှင့်ဘုရားဇာတိအသွင်အပြင်ကြောင့်ဟေရုဒ်မင်းသည်တရား စီရင်ရန် ကြောက်လန့်ခဲ့ပြီး ပိလတ်မင်းထံ ကိုယ်တော်ကိုပြန်လွှတ်ခဲ့ပါသည်။

စာတန်နှင့်သူ၏နတ်ဆိုးတို့သည်ပိလတ်မင်းကိုသွေးဆောင်လျှက်ရှိကာပျက်စီးခြင်းသို့ပို့ဆောင်နေပါသည်။ အကယ်၍ကိုယ်တော်ကိုအပြစ်တင်စီရင်ခြင်းမပြုလျှင်လည်းအခြားသူများပြုမည့်အကြောင်း၊လူအုပ်ကြီးသည်ကိုယ် တော်၏အသွေးကိုဆာနေသောကြောင့်ကိုယ်တော်ကိုမသတ်လျှင်မိမိ၏တန်ခိုးဩဇာသည် ဆုံးရှုံးပြီးထိုသူတို့စွပ်စွဲ သည့်သစ္စာဖေါက်၏နောက်လိုက်သူတစ်ဦးအဖြစ်စွပ်စွဲခြင်းခံကာဤလောက၌တန်ခိုးအာဏာစည်းစိမ်များဆုံးရှုံး မည့်အကြောင်းကိုတီးတိုးသွေးဆောင်လျှက်ရှိပါသည်။ပိလတ်မင်းသည်မိမိ၏တန်ခိုးဩဇာနှင့်စည်းစိမ်ဆုံးရှုံးမည်ကို စိုးရိမ်သောကြောင့်သခင်ခရစ်တော်ကို ကားတိုင်တင်ရန်သဘောတူခဲ့ပါသည်။ သို့သော်လည်းဤအသွေးကိုစွပ်စွဲ သောသူများအပေါ်၌သာကျရောက်ရန်သူပြောဆိုသောအခါလူအုပ်ကြီးမှသဘောတူလက်ခံခဲ့ပါသည်။ ဤအသွေး ကိုကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့၏သားသမီးများအပေါ်ကျရောက်ပါစေဟုပြောဆိုခဲ့ပါသည်။ ပိလတ်မင်း၌သွေးမကင်းခဲ့ ပါ။သခင်ခရစ်တော်၏ အသွေးတော်ကြောင့်သူ၌အပြစ်ရှိပါသည်။ ဤလောက၌ ဂုဏ်ပြုခြင်း၊ တင်စားခြင်း၊ ချီး မြှောက်ခြင်းကိုတပ်မက်သောကြောင့်အပြစ်မရှိသောသူကိုသတ်ရန်သူအပ်နှံခဲ့ပါသည်။ဝိညာဉ်တော်၏သွေးဆောင် ခြင်းကို ခံယူခဲ့ပါက သခင်ခရစ်တော်ကို တရားစီရင်ရာ၌ သူပါဝင်ခဲ့မည်မဟုတ်ပါ။

ကိုယ်တော်၏တရားစီရင်ခြင်းနှင့်အပြစ်တင်ခြင်းသည်လူအမြောက်အမြား၏စိတ်နှလုံးထဲ၌ စွဲကျန်ရစ်ခဲ့ပြီး သေခြင်းမှပြန်လည်ရှင်ပြန်ထမြောက်သောအခါ ဤစွဲလန်းမှုတို့သည် ထပ်မံပေါ်လွင်လာခဲ့ပါသည်။အသင်းတော် ၌အဦးဆုံးဝင်လာသောသူများတို့တွင်ဤတရားစီရင်ခြင်းမြင်ကွင်းကိုလက်တွေ့မြင်တွေ့ခဲ့ရသူမြောက်မြားစွာ ပါဝင် ခဲ့ပါသည်။

ယဇ်ပရောဟိတ်မင်းများမှတစ်ဆင့်စာတန်သည်သခင်ခရစ်တော်ကိုနည်းအမျိုးမျိုးဖြင့် ညှဉ်းပန်းနှိပ်စက်ခဲ့ သော်လည်းကိုယ်တော်ထံမှညည်းညူခြင်းမရှိသောကြောင့် စာတန်သည်အမျက်ထွက်လျှက်ရှိပါသည်။ သခင်ခရစ် တော်သည်လူဇာတိကိုခံယူခဲ့သော်လည်းဘုရားသခင်မှတန်ခိုးတော်နှင့်တူသောခွန်အားဖြင့် စာတန်ကိုအောင်မြင် ခဲ့ကြောင်း ကျမတွေ့ခဲ့ရပါသည်။ ခမည်းတော်၏အလိုတော်မှ တစ်ချက်လေးပင် လွဲမှားခြင်းမရှိခဲ့ပါ။

ဆက်လက်လေ့လာရန်။ မဿဲ ၂၆း၅၇-၇၅၊ ၂၇း၁-၃၁။ မာကု ၁၄း၅၃-၇၂၊ ၁၅း၁-၂၀။ လုကာ ၂၂း၄၇-၇၁၊၂၃း၁-၂၅။ ယောဟန် ၁၈၊ ၁၉း၁-၁၆။

## အခန်း (၉) သခင်ခရစ်တော်၏ အသေခံတော်မူခြင်း။

ဘုရားသခင်၏ သားတော်ကို လက်ဝါးကပ်တိုင်ပေါ်တင်၍ သတ်ရန်လူအုပ်ကြီးထံ အပ်နှံလိုက်ပါသည်။ ကိုယ်တော်ကိုသူတို့ ခေါ်ဆောင်သွားခဲ့ကြပါသည်။ နာကျင်မှုများ၊ဒုက္ခဝေဒနာများ၊ ကြာပွတ်နှင့်ရိုက်နှက်ခြင်းတို့ကြောင့် ကိုယ်တော်သည် အားအင်ချိနဲ့လျှက် ရှိနေသော်လည်း မိမိအားသံနှင့်ရိုက်ရန် အသုံးပြုမည့်လေးလံသည့် လက်ဝါးကပ်တိုင်ကိုသူတို့ထမ်းခိုင်းကြပါသည်။ဤဝန်ထုပ်ကြောင့်ကိုယ်တော်သတိမေ့သွားခဲ့ပါသည်။ ဤလက်ဝါးကပ်တိုင်ကိုသုံးကြိမ်သုံးခါထမ်းခိုင်းပြီးသုံးကြိမ်စလုံး၌ကိုယ်တော်သတိမေ့ခဲ့ပါသည်။ဖွင့်ဟဝန်ခံခြင်းမရှိသော်လည်း ကိုယ်တော်ကိုတိတ်တဆိတ်ယုံကြည်နေသောနောက်လိုက်တစ်ဦးကိုခေါ်၍ထိုလက်ဝါးကပ်တိုင်ကိုသယ်ဆောင်ရန် အဓမ္မခိုင်းခဲ့ပါသည်။ထိုတပည့်တော်သည်ကိုယ်တော်၏ လက်ဝါးကပ်တိုင်ကို သတ်မှတ်ထားသောနေရာသို့ သယ်ဆောင်သွားခဲ့ပါသည်။ထိုသတ်မှတ်ထားသောနေရာတွင်ကောင်းကင်တမန်များတို့သည် အုပ်စုဖွဲ့လျှက်စောင့်ကြပ်နေကြပါသည်။ကရာနီကုန်းပေါ်သို့သွားရာ၌ကိုယ်တော်၏တပည့်တော်တစ်စုတို့သည်ခါးသီးစွာ ငိုကြွေးလျှက်လိုက်လာခဲ့ကြပါသည်။ဟောရှဏ္ဏာ၊ဟောရှဏ္ဏာဟုကြွေးကြော်လျှက်လမ်းပေါ်၌ မိမိ၏ဝတ်လုံကိုခင်းလျှက်သံလွင်ပင်၏အကိုင်းအခက်များကိုဝှေ့ယမ်းပြီးယေရုရှလင်မြို့ထဲသို့အောင်မြင်စွာစီးနင်းဝင်ရောက်ခဲ့သောသခင်ခရစ်တော်ကိုသူတို့သတိရလျှက်ရှိပါသည်။ကိုယ်တော်သည်မိမိနိုင်ငံတော်ကိုတည်ထောင်လျှက်ဣသရေလ၏ အရှင်ဘုရင်အဖြစ်စိုးစံလိမ့်မည်ဟုသူတို့မျှော်လင့်ခဲ့ပါသည်။သို့သော်မြင်ကွင်းကပြောင်းလဲသွားခဲ့ပါသည်။ သူတို့၏မျှော်လင့်ချက်များတို့သည်ပျောက်ကွယ်ခဲ့ရပါသည်။ယခုသခင်ခရစ်တော်၏နောက်သို့လိုက်ရာ၌ဝမ်းမြောက်ပျော်ရွှင်မှု၏အစား စိတ်နှလုံးလေးလံလျှက်စိုးရိမ်မှုများနှင့်ပြည့်နှက်ကာနွေးကွေးသောခြေလှမ်းများနှင့်အတူ အရှက်တကွဲနှင့် အသေခံရမည့် သူ၏နောက်သို့ လိုက်နေရပါသည်။

သခင်ခရစ်တော်၏မယ်တော်လည်း ပါဝင်နေပါသည်။ မေတ္တာနှင့်ပြည့်ဝသော မိခင်တစ်ဦးဖြစ်သည့်အားလျော်စွာသူမ၏စိတ်နှလုံးစူးရှကြေကွဲလျှက်ရှိပါသည်။သို့သော်စိတ်နှလုံး ကျေကွဲနေသော်လည်း တပည့်တော်များနည်းတူမျှော်လင့်ချက်ရောင်ခြည်ကလေးရှိနေပါသည်။ သူမ၏သားတော်သည် အံ့ဖွယ်နိမိတ်လက္ခဏာတစ်ခုကိုပြုလုပ်ပြီး မိမိအားသတ်ဖြတ်မည့်သူများ၏လက်ထဲမှ မိမိကိုယ်ကို လွတ်မြောက်စေမည်ဟု သူမမျှော်လင့်ခဲ့ပါသည်။ မိမိကိုယ်ကို လက်ဝါးကပ်တိုင်၌ အသေခံမည်ဟု သူမစဉ်းစား၍မရပါ။ ကြိုတင်ပြင်ဆင်မှုများကိုပြုလုပ်ပြီးသည့်နောက်ကိုယ်တော်ကိုလက်ဝါးကပ်တိုင်ပေါ်သို့တင်လိုက်ပါသည်။တူနှင့်သံများကိုလည်းယူဆောင်လာခဲ့ကြပါသည်။ တပည့်တော်များ၏စိတ်နှလုံးထဲတွင်စိတ်ပျက်အားငယ်လျှက်မေ့မြောမတတ်ရှိနေပါသည်။သခင်ခရစ်တော်ကိုလက်ဝါးကပ်တိုင်ပေါ်၌တင်၍သံနှင့်ရိုက်နှက်မည့်ဆဲဆဲ တပည့်တော်များသည်ကိုယ်တော်၏ မယ်တော်ကိုထိုမြင်ကွင်းမှခေါ်ဆောင်သွားခဲ့ပါသည်။သူမ၏စိတ်ထဲတွင်မဖော်ပြနိုင်လောက်အောင်ခံစားလျှက်ရှိနေပါသည်။ကိုယ်တော်၏နူးညံ့သောလက်တော်နှင့်အရိုးများ၊ကျေမွစေမည့်ရိုက်ချက်များကိုဤမိခင်ကြီးအားမကြားစေလိုခဲ့ပါ။သခင်ခရစ်တော်သည်ညည်းတွားမြည်တမ်းခြင်းမပြုခဲ့သော်လည်းနာကျင်မှုဝေဒနာကြောင့်ညည်းညူခဲ့ပါသည်။ မျက်နှာတော်သည်သွေးဆုတ်လျှက်ရှိပြီးနဖူးတော်ပေါ်မှ ချွေးလုံးများကျခဲ့ရပါသည်။ စာတန်သည် ကိုယ်တော်ခံစားရသော ဝေဒနာကြောင့် ပျော်ရွှင်နေသော်လည်း မိမိ၏နိုင်ငံတော်ဆုံးရှုံးပြီး သေဆုံးရမည်ကို စိုးရိမ်လျှက်ရှိပါသည်။

သခင်ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်၌ သံနှင့်ရိုက်ချိတ်ဆွဲပြီးသောအခါထိုလက်ဝါးကပ်တိုင်ကိုမြေကျင်းထဲသို့အရှိန်နှင့်ဆောင့်ချလိုက်ပါသည်။ကိုယ်တော်သည်ဝေဒနာပြင်းစွာခံစားလိုက်ရပြီးအသားများ ရိသွားပါသည်။ ကိုယ်တော်၏အသေခံခြင်းကိုရှက်ဖွယ်ရာအကောင်းဆုံးဖြစ်အောင် သူတို့စီမံခဲ့ပါသည်။တဖက်တစ်ချက်တွင် သူခိုး

နှစ်ယောက်ကိုလည်းလက်ဝါးကပ်တိုင်ပေါ်၌အသေသတ်ခဲ့ပါသည်။ထိုသူခိုးနှစ်ယောက်သည် သေရမည်ကို စိုးရိမ်သောကြောင့်အင်အားရှိသရွေ့ရုန်းကန်ခဲ့ကြပါသည်။နောက်ဆုံးတွင်ထိုသူတို့၏လက်နှစ်ဖက်ကိုကားတိုင်၏နောက်၌လိမ်၍ရိုက်ထားခဲ့ရပါသည်။သို့သော်သခင်ခရစ်တော်သည်ရုန်းကန်ခြင်းမရှိသောကြောင့်မိမိ၏လက်များကိုကားတိုင်၌လိမ်၍ရိုက်ထားရန်မလိုအပ်ခဲ့ပါ။သူခိုးနှစ်ဦးသည် အာဏာသားနှစ်ဦးကို ဆဲဆိုကျိန်ဆဲနေစဉ်တွင် ဝေဒနာပြင်းစွာခံနေရသော ကိုယ်တော်သည်သူ၏ ရန်သူများအတွက် ဆုတောင်းပေးခဲ့ပါသည်။ အိုအဖသူတို့၏အပြစ်ကိုလွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကိုမသိကြ။ကိုယ်တော်သည် ကိုယ်ကာယနာကျင်မှုဝေဒနာကိုသာခံရသည်မဟုတ်ဘဲ ဤလောကတစ်ခုလုံး၏အပြစ်များ၏ဝန်ကိုလည်း သယ်ဆောင်ခဲ့ရပါသည်။

လက်ဝါးကပ်တိုင်၌ချိတ်ဆွဲခံရစဉ်ဖြတ်သွားသောလူအချို့တို့သည်ကိုယ်တော်ကိုပြက်ရယ်ပြုခဲ့ကြပါသည်။မိမိတို့၏ခေါင်းကို ဝှေ့ယမ်းပြီး ဘုရင်ကိုရိုသေပေးသည့်ဟန်နှင့် ဗိမာန်တော်ကို သုံးရက်အတွင်း ဖျက်ဆီးမည့်သူ၊ မိမိကိုယ်ကိုလွတ်မြောက်ရန်ကယ်တင်ပါလား၊ဘုရားသခင်၏သားတော်မှန်လျှင်ဤလက်ဝါးကပ်တိုင်မှ ဆင်းခဲ့ပါဟုပြောဆိုခဲ့ပါသည်။ဘုရားသခင်၏သားတော်မှန်လျှင် ဆိုသောစကားလုံးများကို စာတန်မာနလည်းတောထဲ၌ ကိုယ်တော်ကိုစုံစမ်းစဉ်အသုံးပြုခဲ့ပါသည်။ယဇ်ပရောဟိတ်မင်းနှင့်ခေါင်းဆောင်တို့သည်ပြက်ရယ်ပြုကာဤသူသည်သူတစ်ပါးကိုကယ်တင်သော်လည်း မိမိကိုယ်ကိုမကယ်တင်နိုင်ပါ။ ဣသရေလတို့၏ရှင်ဘုရင်ဖြစ်လျှင် ဤလက်ဝါးကပ်တိုင်ပေါ်မှာဆင်းခဲ့။ငါတို့ယုံကြည်မည်ဟုပြောဆိုခဲ့ပါသည်။ဘုရားသခင်၏သားတော်မှန်လျှင်မိမိကိုယ်ကိုကယ်တင်ပါလားဟုပြက်ရယ်ပြုသောခေါင်းဆောင်များ၏အသံကိုကြားသောအခါကိုယ်တော်၏အနီးအပါး၌ရှိသောကောင်းကင်တမန်များတို့သည်အမျက်ဒေါသထွက်ခဲ့ကြပါသည်။ ကိုယ်တော်ကိုလာရောက်ကယ်တင်လိုသော်လည်း အခွင့်မရကြပါ။ဤလောက၌ကိုယ်တော်၏အမှုတော်သည်မကြာမီပြီးဆုံးတော့မည်ဖြစ်ပါသည်။ နာကျင်မှုဝေဒနာများနှင့်အတူ လက်ဝါးကပ်တိုင်ပေါ်၌ချိတ်ဆွဲခြင်းခံရစဉ် ကိုယ်တော်သည် မိမိ၏မယ်တော်ကို သတိမမေ့ခဲ့ပါ။ မယ်တော်သည်ဤမြင်ကွင်းကိုကျောခိုင်း၍မသွားနိုင်ပါ။သခင်ခရစ်တော်ပေးခဲ့သောနောက်ဆုံးသင်ခန်းစာမှာလူသားချင်းစာနာသောမေတ္တာကရုဏာတော်နှင့် သက်ဆိုင်နေပါသည်။စိတ်နှလုံးကြေကြကွဲလျှက်ရှိသော မိခင်ကိုကြည့်လျှက်အချစ်ဆုံးတပည့်တော်ယောဟန်ထံသို့လှည့်ကြည့်ပြီးသည့်နောက်မယ်တော်အားအချင်းမိန်းမသင့်၏သားကိုကြည့်ပါဟူ၍ဗျာဒိတ်မဟုတ်၊ ဟူ၍ရင်း၊တပည့်တော်အားလည်း သူ၏အမိကိုကြည့်ပါဟူ၍ရင်း၊ မိန့်တော်မူ၏။ ထိုအခါမှစ၍ထို ယောဟန်သည်မယ်တော်ကို မိမိအိမ်၌ ပြုစုခဲ့ပါသည်။

ကိုယ်တော်သည်ဝေဒနာခံရစဉ်ရေဆာတော်မူခဲ့ပါသည်။ သို့သော်ထိုသူတို့သည် ထပ်မံညှဉ်းဆဲလိုသောကြောင့်ပုံးရည်ကိုတိုက်ခဲ့ပါသည်။ကောင်းကင်တမန်များသည်မိမိတို့၏အရှင်သခင်ညှဉ်းပန်းနှိပ်စက်ခြင်းကို စောင့်ကြည့်ခဲ့ကြပါသည်။နောက်ဆုံးမခံနိုင်သည့်အဆုံးတွင်မိမိတို့၏မျက်နှာကိုဖုံးကွယ်ထားခဲ့ကြပါသည်။ဤဆိုးဝါးသောမြင်ကွင်းကိုနေမင်းလည်းမကြည့်ဝံ့တော့ပါ။အမှုပြီးပြီဟုကျယ်လောင်စွာကြွေးကြော်လိုက်သောအခါကိုယ်တော်ရန်သူတို့၏စိတ်နှလုံးသည် တုန်လှုပ်ချောက်ခြားခဲ့ပါသည်။ဗိမာန်ကြီး၏ လိုက်ကာကြီးသည်အထက်မှအောက်သို့နှစ်ခြမ်းကွဲခဲ့ပါသည်။မြေလျှင်လှုပ်၍ကျောက်တုန်းများကွဲအက်ခဲ့ပါသည်။ အလွန်ကြီးမားသော အမှောင်ထုကြီးကျရောက်ခဲ့ပါသည်။သခင်ခရစ်တော် အသက်တော်စွန့်သောအခါ တပည့်တော်တို့၏ နောက်ဆုံးမျှော်လင့်ခြင်းများလည်းပျက်သုန်းခဲ့ရပါသည်။တပည့်တော်အများစုသည်ကိုယ်တော်၏ဒုက္ခဝေဒနာနှင့်အသေခံတော်မူခြင်းကို မြင်တွေ့ခဲ့ရပြီး သူတို့၏ဝမ်းနည်းကြေကွဲမှုခွက်ဖလားသည် ပြည့်လျှံလျှက် သွားခဲ့ပါသည်။

စာတန်မာရ်နတ်သည် ယခင်ကဲ့သို့မပျော်နိုင်တော့ပါ။ ကယ်တင်ခြင်းစီမံကိန်းကို ဖျက်ဆီးနိုင်မည်ဟု ထင်ခဲ့သော်လည်းအလွန်နက်နဲသောကြောင့် သူမအောင်မြင်ခဲ့ပါ။ သခင်ခရစ်တော်၏အသေခံတော်မူခြင်းကြောင့် သူလည်းဖျက်ဆီးခြင်းခံရပြီးမိမိ၏နိုင်ငံတော်ကိုသခင်ခရစ်တော်လက်ထဲသို့အပ်နှံရမည့်အကြောင်းကိုစာတန်သိနေပါသည်။ စာတန်သည် မိမိ၏နတ်ဆိုးများနှင့် စည်းဝေးခဲ့ပါသည်။ ဘုရားသခင်၏သားတော်ကို သူအနိုင်မရခဲ့ပါ။ ယခုသူတို့၏ကြိုးစားအားထုတ်မှုများကိုယခင်ထက်ပိုမိုလုပ်ဆောင်ရမည်။ သခင်ခရစ်တော်၏နောက်လိုက်များကိုအရှိန်အဟုန်ပြင်းစွာနှင့်ပါးနပ်စွာတိုက်ခိုက်ရမည်။ခရစ်တော်အားဖြင့် ရရှိသောကယ်တင်ခြင်းနှင့်လွဲမှားစေရန် အတတ်နိုင်ဆုံးလုပ်ဆောင်ရမည်။ ဤနည်းအားဖြင့်စာတန်သည် ဘုရားသခင်၏နိုင်ငံတော်ကို တိုက်ခိုက်နိုင်မည်ဖြစ်သည်။သခင်ခရစ်တော်ထံသို့မရောက်ရှိနိုင်ရန်အတွက်လူသားများကို တားဆီးရာတွင် စာတန်သည် မိမိအကျိုးကိုထောက်ရှုခဲ့ပါသည်။သခင်ခရစ်တော်၏ အသွေးတော်အားဖြင့်အောင်မြင်မှုရကာ ကယ်တင်ခြင်းခံရသူတို့၏အပြစ်

များကိုအပြစ်၏မူလအစဖြစ်သောစာတန်အပေါ်၌ကျရောက်စေခဲ့ပါသည်။ထိုသူတို့၏ အပြစ်ကိုစာတန်ကျခံရမည်ဖြစ်ပါသည်။သို့သော်လည်းကိုယ်တော်၏ကယ်တင်ခြင်းကိုငြင်းပယ်သောသူတို့သည် မိမိတို့၏အပြစ်အတွက်ကိုယ်တိုင်အသေခံရမည်ဖြစ်သည်။

သခင်ခရစ်တော်၏ အသက်တော်သည်ထယ်ဝါခမ်းနားမှုနှင့် အဆောင်အယောင်ကင်းမဲ့ပါသည်။ကိုယ်တော်၏နှိမ့်ချ၍ ကိုယ်ကျိုးမဲ့သောအသက်တာသည် ထယ်ဝါခမ်းနားမှုနှင့်လောက၏ချီးမြှောက်ခြင်းကို တောင်းတသော ယဇ်ပရောဟိတ်မင်းများနှင့် ဘာသာရေးအကြီးအကဲတို့၏အသက်တာနှင့် ကွာခြားလှပါသည်။ ထို့ကြောင့်ကိုယ်တော်၏ သန့်ရှင်းသောအသက်တာသည် ထိုသူတို့၏အားနာနာချက်များကို အစဉ်မပြတ် ထောက်ပြလျှက်ရှိနေပါသည်။ ကိုယ်တော်၏နှိမ့်ချခြင်းနှင့် သန့်ရှင်းခြင်းကို သူတို့မုန်းတီးခဲ့ပါသည်။သို့သော်လည်း ကိုယ်တော်ကို၍လောက၌ ငြင်းပယ်သောသူတို့သည် ခမည်းတော်၏အံ့မခမ်းသောဂုဏ်တော်နှင့် ကောင်းကင်၏ ထယ်ဝါမှုဖြင့်ကြွဆင်းလာမည့်ကိုယ်တော်ကိုဖူးမြော်ရပါလိမ့်မည်။ တရားစီရင်ရာခန်းမ၌ကိုယ်တော်အား ရန်သူများတို့သည် ဝိုင်းရံလျှက်ကိုယ်တော်၏အသွေးကိုဆာငတ်လျှက်ရှိနေပါသည်။စိတ်နှလုံးမာကျောခတ်ထန်သောသူတို့သည်ထိုသူ ၏အသွေးတော်သည်ငါတို့၏သားသမီးများအပေါ်၌ကျပါစေဟု ကြွေးကြော်ခဲ့ပါသည်။ သို့သော်လည်းချီးမြှောက်ခြင်းခံရသောအရှင်အနေဖြင့်ကြွဆင်းလာတော်မူမည့်ကိုယ်တော်ကို တစ်နေ့ဖူးမြော်ရပါမည်။ကောင်းကင်တမန်မင်း အပေါင်းတို့သည်အောင်မြင်ခြင်းတေးသံများကိုကြွေးကြော်လျှက်တန်ခိုးအာဏာထယ်ဝါမှုနှင့်အတူအသေသတ်ခြင်းခံရပြီးယခုအခါ၌ အောင်မြင်သောအရှင်အနေနှင့် ကြွဆင်းလာသော ကိုယ်တော်ကိုခြံရံပင့်ဆောင်လာပါလိမ့်မည်။ ဆင်းရဲမွဲတေစုပ်ချာလျှက်ရှိသောလူသည်ဘုန်းတော်အရှင်၏မျက်နှာတော်ကိုတံတွေးနှင့်ထွေးခဲ့ပါသည်။လူအုပ်ကြီးသည်ပြက်ရယ်ရှုံ့ချလျှက် အောင်မြင်စွာကြွေးကြော်ခဲ့ပါသည်။ ကောင်းကင်တစ်ခုလုံး အံ့သြသွားလောက်အောင်ကိုယ်တော်၏မျက်နှာတော်ကိုရက်စက်စွာထိုးနိုင်ခဲ့ပါသည်။သို့သော်လည်းမိုးတက်နေမင်းကဲ့သို့တောက်ပနေသောထိုမျက်နှာတော်ကိုတစ်နေ့သောအခါဖူးမြော်ရပြီးထွက်ပြေးတိမ်းရှောင်ရန်သူတို့ကြိုးစားပါလိမ့်မည်။ အောင်မြင်စွာကြွေးကြော်ရမည့်အစားကိုယ်တော်ကြောင့်ငိုကြွေးရပါလိမ့်မည်။သံမှိုများ၏ဒဏ်ချက်များဖြင့်ကျန် ရစ်ခဲ့သောလက်တော်ကိုကိုယ်တော်ဆန့်တန်းပါလိမ့်မည်။ထိုဒဏ်ချက်များတို့သည်ထိုသူတို့၏ရက်စက်မှုကိုသက် သေပြနေပါလိမ့်မည်။ထိုဒဏ်ချက်များတို့သည်အံ့ဖွယ်လူသားတို့၏ကယ်တင်ခြင်းနှင့်ထိုကယ်တင်ခြင်း၏ကြီးစွာ သောအဖိုးအခကိုဖေါ်ပြနေပါတော့သည်။အရှင်သခင်၏နံရိုးတော်ကိုလှံတံနှင့်ထိုးသောသူသည်လှံတံ၏အမာရွတ် ကိုတွေ့မြင်လျှက်မိမိ၏အပြစ်ကြောင့်ကျယ်လောင်စွာ ငိုကြွေးပါသည်။ယုဒလူတို့၏အရှင်ဟု လက်ဝါးကပ်တိုင်၏ထိပ်၌ချိတ်ဆွဲထားသောစာတန်းကြောင့်ကိုယ်တော်ကို သတ်ဖြတ်ခဲ့သောသူတို့သည် အမျက်ဒေါသကြီးစွာထွက်ခဲ့ပါသည်။ သို့သော်လည်းထိုအချိန်တွင်ကိုယ်တော်၏ဘုန်းတော်နှင့်တန်ခိုးတော်ကို သူတို့ဖူးမြော်ရပါတော့မည်။ ဘုရင်တကာတို့၏ဘုရင်၊အရှင်တကာတို့၏အရှင်ဟူသောဘွဲ့နာမကိုလည်းဝတ်ရုံတော်နှင့် ပေါင်ပေါ်တွင် ရေးထားကြောင်းထင်ရှားစွာတွေ့မြင်ရပါလိမ့်မည်။ ဣသရေလတို့၏အရှင်သည် လက်ဝါးကပ်တိုင်ပေါ်မှဆင်းခဲ့ပါ။သို့ဖြစ်လျှင်ကျွန်ုပ်တို့လက်ခံမည်ဟုလက်ဝါးကပ်တိုင်ပေါ်မှရှိစဉ်အခါကသူတို့ပြက်ရယ်ပြုခဲ့သော်လည်းထိုအခါတွင်ကိုယ်တော်တန်ခိုးတော်နှင့်ဘုန်းတော်ကိုတွေ့မြင်ရပါလိမ့်မည်။ဣသရေလလူမျိုးတို့၏ရှင်ဘုရင်ဖြစ်ကြောင်းသက်သေအထောက်အထားများကိုတောင်းခံတော့မည်မဟုတ်ဘဲကိုယ်တော်၏ဘုန်းတန်ခိုးတော်ကြောင့်အံ့သြနေပါလိမ့်မည်။ဘုရားသခင်၏နာမတော်နှင့် ကြွလာသောသူသည် မင်္ဂလာရှိကြောင်း သူတို့ဝန်ခံရပါတော့မည်။

ကိုယ်တော်သက်တော်စွန့်သောအခါ၌ မြေငလျင်လှုပ်၍ ကျောက်တုံးများကွဲအက်ကာမြေတပြင်လုံး၌အမှောင်ထုကျ၍ အမှုပြီးပြီဟုကိုယ်တော်၏ ကျယ်လောင်စွာဟစ်ကြွေးခြင်းသည်မိမိ၏ ရန်သူများနှင့် ကိုယ်တော်ကိုသတ်ဖြတ်ခဲ့သူများကိုတုန်လှုပ်စေတော်မူခဲ့ပါသည်။တပည့်တော်တို့သည် ဤထူးခြားသောလက္ခဏာတစ်ခုချင်းအံ့သြခဲ့သော်လည်း သူတို့၏မျှော်လင့်ခြင်းသည် ပျက်သုဉ်းသွားခဲ့ပါသည်။ မိမိတို့ကို ယုဒလူမျိုးတို့ လိုက်လံဖမ်းဆီးမည်ကိုစိုးရိမ်ခဲ့ကြပါသည်။ဘုရားသခင်၏သားတော်အပေါ်၌ ထားရှိသောထိုကဲ့သို့မုန်းတီးမှုသည်ထိုမျှနှင့် အဆုံးမသတ်နိုင်ဟုထင်ခဲ့ပါသည်။ တပည့်တော်တို့သည် ဝမ်းနည်းကြေကွဲခြင်းလျှက် ငိုကြွေးခြင်း၊ စိတ်ပျက်ခြင်းများနှင့်အချိန်များစွာကုန်ခဲ့ပါသည်။ ဤလောကတွင်ရှင်ဘုရင်တစ်ပါးအနေနှင့် အုပ်စိုးမည်ဟုမျှော်လင့်ခဲ့ပါသည်။သခင်ခရစ်တော်နှင့်အတူထိုသူတို့၏မျှော်လင့်ချက်တို့သည်ကုန်ဆုံးခဲ့ပါသည်။ ထိုကဲ့သို့စိတ်ပျက်ဝမ်းနည်းစေစဉ်ပင်ကိုယ်တော်သူတို့ကိုလှည့်ဖြားခဲ့ပြီးလားဟု သံသယရှိခဲ့ပါသည်။ မိခင်ကြီးသည်အရှက်ကွဲခဲ့ရပြီး ကိုယ်တော်မေရှိယဖြစ်

ကြောင်းကိုပင် သံသယရှိလာပါသည်။

တပည့်တော်တို့သည် မိမိတို့၏ မျှော်လင့်ချက်များပျက်ပြားခဲ့ရသော်လည်း ကိုယ်တော်အပေါ်၌ မေတ္တာမပျက်ခဲ့ပါ။အလောင်းတော်ကိုတယုတယဂုဏ်ပြုချင်သော်လည်း မည်သို့ပြုရမည်ကိုမသိရှိခဲ့ပါ။အာရိမသဲယောသပ်သည်အများ၏လေးစားမှုကိုခံခဲ့ရသောအမတ်တစ်ဦးဖြစ်ကာ ဩဇာအရှိန်အဝါ ရှိရုံမက သခင်ခရစ်တော်အပေါ်၌သစ္စာရှိသောတပည့်တော်တစ်ပါးလည်းဖြစ်ပါသည်။ထိုသူသည် ပိလတ်မင်းထံကိုယ်တိုင် တိုက်ရိုက်ဝင်ရောက်ကာ ကိုယ်တော်၏ အလောင်းတော်ကို တောင်းခံခဲ့ပါသည်။ လူသိရှင်ကြားမသွားရောက်ရဲသော အကြောင်းရင်းမှာ တပည့်တော်တို့သည်ယုဒလူတို့၏မုန်းတီးမှုကိုနားလည်ခဲ့ပြီး ကိုယ်တော်၏အလောင်းတော်ကို တင့်တယ်စွာ မြုပ်နှံခြင်းကိုကန့်ကွက်မည်စိုးရိမ်သောကြောင့်ဖြစ်ပါသည်။ ပိလတ်မင်းသည်သူတို့၏ တောင်းဆိုမှုကိုလိုက်လျောခဲ့သောကြောင့်ကိုယ်တော်၏အလောင်းတော်ကို လက်ဝါးကပ်တိုင်ပေါ်မှချခဲ့ပါသည်။ထိုအခါတပည့်တော်တို့၏ ဝမ်းနည်းကြေကွဲမှုသည် အသစ်တစ်ဖန်ထိန်းမရဖြစ်ခဲ့ရပါသည်။ ကိုယ်တော်ကိုပိတ်ဖြူနှင့်ရစ်ပတ်ကာယောသပ်၏အုပ်ဂူအသစ်စက်စက်၌ သူကိုယ်တိုင် မြုပ်နှံခဲ့ပါသည်။ကိုယ်တော်အသက်ရှင်စဉ်အခါကနောက်တော်သို့လိုက်ခဲ့သောအမျိုးသမီးများတို့သည် ကိုယ်တော်သက်တော်စွန့်ခဲ့သည့်နောက်တွင်လည်း အလောင်းတော်ကို ဂူသွင်း၍ဂူဝကိုပိတ်ပြီးသည့် အထိစောင့်ဆိုင်းခဲ့ကြပါသည်။ရန်သူတို့သည်ကိုယ်တော်၏အလောင်းတော်တို့ကိုခိုးမည်ဟု သူတို့စိုးရိမ်ခဲ့ကြပါသည်။သို့သော်လည်းထိုကဲ့သို့စိုးရိမ်စရာမလိုကြောင်းကိုကျမတွေ့ခဲ့ပါသည်။ ကောင်းကင်တမန်တပ်များတို့သည် ကိုယ်တော်မြုပ်နှံရာဂူသင်္ချိုင်းကိုသတိကြီးစွာနှင့်စောင့်ရှောက်ခဲ့ကြပါသည်။သူတို့၏အရှင်သခင်သည်ဤသေခြင်းမှလွတ်မြောက်မည့်အချိန်၌ သူတို့၏အခန်းကဏ္ဍကို လုပ်ဆောင်ရန် အမိန့်ကို စောင့်ဆိုင်းရင်းနှင့် ကောင်းကင်တမန်တို့သည် အုပ်ဂူကို စောင့်ရှောက်လျှက်ရှိပါသည်။

ကိုယ်တော်ကို သတ်ဖြတ်ခဲ့သောသူတို့သည် ကိုယ်တော်တစ်ဖန်အသက်ရှင်လာပြီးသူတို့လက်ထဲမှ လွတ်မြောက်သွားမည်ကိုစိုးရိမ်ခဲ့ပါသည်။ထို့ကြောင့်ကိုယ်တော်၏အုပ်ဂူကို သုံးရက်တိုင်တိုင်စောင့်ကြပ်ထားရန် ပိလတ်မင်းထံတောင်းပန်ခဲ့ပါသည်။ပိလတ်မင်းသည်လည်းအုတ်ဂူကိုစောင့်ရန်အစောင့်များကိုချပေးပြီးဂူဝကိုလည်းရောမတံဆိပ်နှိပ်ကာပိတ်ခဲ့ပါသည်။ဤနည်းအားဖြင့်တပည့်တော်တို့သည်အလောင်းတော်ကိုခိုးပြီးကိုယ်တော်အသက်ရှင်လာပြီဟု ဝါဒဖြန့်နိုင်မည်မဟုတ်ပါ။

ဆက်လက်လေ့လာရန်။ မဿဲ ၂၁း၁-၁၁၊ ၂၇း၃၂-၆၆။ မာကု ၁၅း၂၁-၄၇။ လုကာ ၂၃း၂၆-၅၆။ ယောဟန် ၁၉း၁၇-၄၂။ ဗျာ ၁၉း၁၁-၁၆။

## အခန်း (၁၀) သခင်ခရစ်တော် ရှင်ပြန် ထမြောက်တော်မူခြင်း။

ကိုယ်တော်၏အသေခံတော်မူခြင်းကြောင့် စိတ်နှလုံးကျေကွဲလျှက်ရှိသော တပည့်တော်တို့.သည် ဥပုသ်တော်နေ့တွင်အနားယူလျှက်ရှိနေစဉ်အခါတွင် ဘုန်းတန်ခိုးတော်၏ အရှင်သခင်ခရစ်တော်သည်ဂူသင်္ချိုင်းထဲ၌အနားယူလျှက်ရှိပါသည်။အမှောင်ထုကြီးသည်တဖြည်းဖြည်းနှင့်ပျောက်ကွယ်လျှက်ရှိသော်လည်း အလင်းရောင်သည်မှိန်လျှက်ပင်ရှိနေပါသည်။ကောင်းကင်တမန်များသည်ဂူသင်္ချိုင်းအထက်၌ပျံဝဲလျှက်ရှိပြီး ခမည်းတော်ဘုရား၏တစ်ပါးတည်းသောသားတော်၊မိမိတို့၏ချစ်လှစွာသောခေါင်းဆောင်ကြီးပြန်လည်နိုးထရန်အချိန်နီးကပ်လျှက်ရှိကြောင်းကိုသိနေကြပါသည်။အောင်မြင်ခြင်း၏ အချိန်နာရီကိုစိတ်လှုပ်ရှားစွာ စောင့်ဆိုင်းရင်းနှင့် အလွန်တန်ခိုးကြီးသောကောင်းကင်တမန်တစ်ပါးသည်ကောင်းကင်မှ လျှင်မြန်စွာဆင်းသက်လာပါသည်။ မျက်နှာတော်သည်ဘုန်းတော်ထွန်းတောက်လျှက်ရှိပြီးဝတ်လုံတော်သည်နှင်းပွင့်ပမာဖြူဖွေးနေပါသည်။ကောင်းကင်တမန်၏ဘုန်း အလင်းရောင်ခြည်ကြောင့်သူ၏လမ်းကြောင်းသည်ထိန်လင်းလျှက်ကိုယ်တော်၏ အလောင်းတော်ကိုချုပ်နှောင်ထားပြီဟုအောင်မြင်စွာကြွေးကြော်နေသည့်နတ်ဆိုးတို့ကိုအဝေးသို့ ခြောက်လန့်ထွက်ပြေးစေခဲ့ပါသည်။ ကိုယ်တော်၏နှိမ့်ချတော်မူခြင်းကိုဖူးတွေ့ခဲ့ရသောကောင်းကင်တမန်သည်ကိုယ်တော်၏ဂူသင်္ချိုင်းကိုစောင့်ကြပ်လျှက်ရှိပါ၏။ ယခုဆင်းသက်လာသောကောင်းကင်တမန်နှင့်အတူသင်္ချိုင်းအဝသို့ ရောက်ရှိလာပါသည်။ ကောင်းကင်တမန်များ၏ ချဉ်းကပ်မှုကြောင့်မြေတပြင်လုံးတုန်ခါလျှက်မြေလျှင်လှုပ်ခဲ့ပါသည်။တန်ခိုးကြီးသောခွန်အားဗလနှင့်အတူ ဂူသင်္ချိုင်းကိုပိတ်

ဆို့ထားသည့်ကျောက်တုံးကြီးကိုဘေးသို့ လှင့်လိုက်ကာ ထိုကျောက်တုံးပေါ်၌ ထိုင်တော်မူခဲ့ပါသည်။

အစောင့်တို့သည်တုန်လှုပ်ကြောက်လန့်လျှက်ရှိနေပါသည်။ယခုအခါတွင်ကိုယ်တော်၏အလောင်းတော်ကိုသူတို့ မထိန်းချုပ်နိုင်တော့ပါ။ မိမိတို့၏တာဝန်ဝတ္တရား (သို့)အလောင်းတော်ကို တပည့်တော်များခိုးယူမည့်အကြောင်းကိုသတိမရတော့ပါ။နေမင်းထက်ပို၍ တောက်ပသောကောင်းကင်တမန်၏ ဘုန်းရောင်ခြည်ကြောင့်ထိတ်လန့်လျှက်ရှိနေပါသည်။ရောမစစ်သားများတို့သည်ကောင်းကင်တမန်များကိုတွေ့မြင်ကာလူသေများကဲ့သို့မြေပေါ်၌လဲကျသွားခဲ့ပါသည်။ကောင်းကင်တမန်တစ်ပါးသည်ကျောက်တုံးကိုအောင်မြင်ခြင်းနှင့်အတူလှိမ့်၍ရှင်းလင်းပြတ်သားပြီးအောင်မြင်သောကြွေးကြော်မှုနှင့်အတူခမည်းတော်ဘုရား၏သားတော်၊ခမည်းတော်ဘုရားသည်ကိုယ်တော်ကိုခေါ်တော်မူလျှက်ရှိသည်။ကြွခဲ့လော့ဟုကြွေးကြော်ခဲ့ပါသည်။သေခြင်းတရားသည်ကိုယ် တော်အပေါ်၌လွှမ်းမိုးခြင်းမပြုနိုင်တော့ပါ။သခင်ခရစ်တော်သည်သေရာမှနိုးထလာခဲ့ပါသည်။ ကျန်ကောင်းကင်တမန်တစ်ပါးသည်ဂူသင်္ချိုင်းထဲသို့ဝင်၍အောင်မြင်မှုနှင့်အတူနိုးထလာသောကိုယ်တော်၏ဦးခေါင်းပေါ်၌ရှိသောပုဝါကို ဖယ်ရှားပေးတော်မူခဲ့ပါသည်။ သခင်ခရစ်တော်သည်လည်း အောင်မြင်သူအနေနှင့် ဂူသင်္ချိုင်းထဲမှကြွလှမ်းတော်မူခဲ့ပါသည်။ ထိုမြင်ကွင်းကိုကောင်းကင်တမန်အပေါင်းတို့သည်အံ့ဩလေးစားမှုအပြည့်နှင့်ရှုမြင်ခဲ့ရပါသည်။ဂူသင်္ချိုင်းထဲမှ ဘုန်းတော်ထွန်းတောက်လျှက်ကြွလှမ်းလာတော်မူခဲ့သည့်သခင်ခရစ်တော်ကို ထိုကောင်းကင်တမန်နှစ်ပါးသည် မြေ၌ပျပ်ဝပ်လျှက်ကိုးကွယ်ခဲ့ကြပါသည်။ဘုရားသခင်ကိုသေခြင်းတရားသည်မချုပ်နိုင်တော့ကြောင်းကိုဖော်ပြသည့်အောင်မြင်ခြင်းတေးသီချင်းများဖြင့်လည်း ဂုဏ်တော်ချီးမွမ်းခဲ့ပါသည်။စာတန်သည်မအောင်မြင်နိုင်တော့ပါ။ ကောင်းကင်တမန်များ၏ဘုန်းတော်ကြောင့်သူ၏နတ်ဆိုးတို့သည်ထွက်ပြေးခဲ့ရပါသည်။ မိမိတို့၏ ရန်သူသည် မိမိတို့၏လက်ထဲမှလုယူခံခဲ့ရကြောင်းနှင့်သူတို့အလွန်မုန်းတီးခဲ့သောသူသည်သေခြင်းမှရှင်ပြန်ထမြောက်လာကြောင်းကို သူတို့၏ရှင်ဘုရင်အား ခါးသီးစွာ တိုင်တန်းပြောဆိုခဲ့ပါသည်။

အသက်ရှင်ခြင်း၏သခင်သည်ဂူသင်္ချိုင်းထဲ၌မြုပ်နှံခြင်းခံရသောအခါစာတန်နှင့်သူ၏နောက်လိုက်တို့သည်ခေတ္တခဏအနိုင်ရခဲ့သော်လည်းငရဲသို့ပို့ဆောင်မည့်သူတို့၏ အောင်မြင်မှုသည် ခေတ္တခဏသာတည်တံ့ခဲ့ပါသည်။ သခင်ခရစ်တော်သည်မိမိအားအကျဉ်းချထားသောဂူသင်္ချိုင်းထဲမှ အောင်မြင်သူအဖြစ် ကြွလာသောအခါစာတန်သည် အချိန်ခေတ္တဆိုင်းပြီးသည့်နောက်တွင် မိမိသေရမည့်အကြောင်း မိမိအုပ်စိုးခဲ့သော နိုင်ငံတော်သည်လည်း ထိုက်တန်သောသူတို့၏ လက်ထဲသို့ပြန်လည်ရောက်ရှိမည့်အကြောင်းကို သိရှိလာခဲ့ပါသည်။ မိမိမည်မျှကြိုးစားစေကာမူရှုံးနိမ့်ခဲ့ရသည့်အတွက်အမျက်ဒေါသထွက်ကာငိုကြွေးခဲ့ရပါသည်။ယခုအခါတွင် လူသားတို့၏ကယ်တင်ခြင်းအတွက်လမ်းပေါက်ပွင့်သွားကာ မည်သူမဆိုဝင်ရောက်၍ ကယ်တင်ခြင်းရမည့်အကြောင်းကို ဝန်ခံခဲ့ရပါသည်။

စာတန်သည်အချိန်အနည်းငယ်ကြာမျှ ဝမ်းနည်း၍ စိတ်ဓါတ်ကျသယောင်ရှိခဲ့ပါသည်။သူသည် မိမိနတ်ဆိုးများနှင့်စည်းဝေးကာ ဘုရားသခင်၏ အုပ်ချုပ်မှုယန္တရားကို နောက်ထပ်မည်သည့်နည်းနှင့် တိုက်ခိုက်ရမည့်အကြောင်းကို အကြံထုတ်ခဲ့ပါသည်။ စာတန်ကငါတို့သည် ယဇ်ပုရောဟိတ်များနှင့် အကြီးအကဲများထံသို့ အလျင်အမြန်သွားရမည်။သူတို့မျက်စိပိတ်ပြီးစိတ်နှလုံးမာကျောကာသခင်ခရစ်တော်ကိုတိုက်ခိုက်နိုင်ဖို့ ငါတို့သွေးဆောင်ခဲ့သည်။ကိုယ်တော်သည်လိမ်လည်လှည့်ဖြားသူဖြစ်ကြောင်းကို ငါတို့အယုံသွင်းခဲ့ပြီး။ သခင်ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း၏သတင်းဆိုးကို ရောမစစ်သားများက ယူဆောင်လာလိမ့်မည်။ယဇ်ပုရောဟိတ်မင်းများနှင့်အကြီးအကဲတို့သည်သခင်ခရစ်တော်ကိုသတ်ရန် ငါတို့သွေးဆောင်ခဲ့ပြီး ယခုအခါမှာသူတို့သည် သခင်ခရစ်တော်ကိုသတ်သောသူများဖြစ်ကြောင်းကွက်ကွက်ကွင်းကွင်းဖော်ပြရမည်။သခင်ခရစ်တော်ရှင်ပြန်ထမြောက်ကြောင်းကို လူတွေသိလာရင်အပြစ်မဲ့သောသူကိုသတ်သောကြောင့်လူအများစုကသူတို့ကိုခဲနှင့်ပေါက်သတ်မည့်အကြောင်းကိုထင်ရှားစွာဖော်ပြရမည်ဟု ဆိုခဲ့ပါသည်။

ရောမစစ်သားများတို့သည်ကောင်းကင်တမန်များကောင်းကင်သို့ပြန်လည်တက်ကြွသွားပြီး အလင်းတန်းများနှင့်ဘုန်းတော်ရောင်ခြည်များကွယ်ပျောက်သွားသောအခါမိမိတို့ရှိသည့်နေရာမှခေါင်းထောင်လာပြီး ပတ်ဝန်းကျင်၌လုံခြုံမှုရှိရန်ရှာဖွေခဲ့ပါသည်။ဂူသင်္ချိုင်းမှကျောက်တုံးကြီးဖယ်ရှားသွားပြီး သခင်ခရစ်တော်ပြန်လည်ရှင်ပြန်လာကြောင်းကို တွေ့သောအခါ သူတို့အံ့ဩခဲ့ရပါသည်။ သခင်ခရစ်တော်၏ အံ့ဖွယ်သတင်းကို ယဇ်ပုရောဟိတ်မင်းများနှင့်အကြီးအကဲများထံသို့ အလျင်အမြန်ယူဆောင်သွားသောအခါ ထိုအံ့ဖွယ်သတင်းကိုကြားခဲ့ရသော လူသတ်သမားများ၏မျက်နှာတွင်သွေးမရှိတော့ပါ။မိမိတို့၏လုပ်ရပ်များကြောင့်ထိတ်လန့်ကြောက်ရွံ့ခဲ့ရပါသည်။ ဤ

သတင်းမှန်လျှင်မိမိတို့ပျက်စီးရမည်ကို သိရှိခဲ့ပါသည်။ အချိန်အနည်းငယ်ကြာမျှ ဘာလုပ်ရမည်ကိုမသိဘဲ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာတွေဝေခဲ့ပါသည်။မိမိတို့အပြစ်စီရင်ခြင်းခံရမည်ကိုဝန်ခံခြင်းမှအပ ဘာမျှမတတ်နိုင်ပါ။သီးခြားတစ်နေရာတွင်စု၍မိမိတို့၏ ရှေ့လုပ်ရပ်များအတွက်တိုင်ပင်ခဲ့ပါသည်။သခင်ခရစ်တော် ရှင်ပြန်ထမြောက်ပြီးအစောင့်အကြပ်များသည်အံ့သြသတိမေ့သွားအောင်ဖြစ်ခဲ့ရသည့်သတင်းကိုလူအများသိရှိခဲ့ပါကလူထုကြီး၏အမျက်ဒေါသနှင့်သတ်ဖြတ်ခြင်းခံရမည်ကို သူတို့သိမြင်ခဲ့ရပါသည်။ထို့ကြောင့်အစောင့်အကြပ်များကိုထိုကိစ္စနှင့်ပတ်သက်၍လျှို့ဝှက်ထားရန်သူတို့ဆုံးဖြတ်ခဲ့ပါသည်။ငွေများနှင့်လာဘ်အမြောက်အမြားထိုး၍ညအချိန်မိမိတို့အိပ်ပျော်နေစဉ်တွင်တပည့်တော်များတို့သည်အလောင်းတော်ကိုခိုးယူသွားကြောင်းသတင်းဖြန့် ခိုင်းခဲ့ပါသည်။ ဤသတင်းပေါက်ကြားသောအခါတွင်မိမိတို့တာဝန်ရှိသောအချိန်အခါ၌ အိပ်ပျော်ခဲ့သည့်အတွက် အပြစ်ပေးခံရမည့်အကြောင်းကိုအစောင့်အကြပ်များကပြောဆိုလာသောအခါအကြီးအကဲများကိုတောင်းပန်ပေးမည့်အကြောင်းယဇ်ပရောဟိတ်များကကတိပေးခဲ့ပါသည်။ရောမစစ်သားများတို့သည်မိမိတို့၏ဂုဏ်သိက္ခာကို ငွေကြေးနှင့်အလဲအလှယ်ပြုကာယဇ်ပရောဟိတ်နှင့်အကြီးအကဲများတို့၏စကားကိုနားထောင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

သခင်ခရစ်တော်သည် လက်ဝါးကပ်တိုင်တော်အပေါ်၌ ချိတ်ဆွဲခြင်းခံရပြီး "အမှုတော်ပြီးပြီ"ဟုကြွေးကြော်သောအခါတွင်ကျောက်တုံးကျောက်ခဲများတို့သည်ကွဲအက်ကာကမ္ဘာမြေကြီးသည်လည်း တုန်လှုပ်ခဲ့ပါသည်။ သင်္ချိုင်းအချို့တို့သည်ပွင့်ထွက်သွားခဲ့ပါသည်။ သို့သော်လည်းကိုယ်တော်သည် သေခြင်းမှထမြောက်ကာ သေခြင်းတရားကိုအောင်မြင်လျှက်အောင်နိုင်သူအဖြစ်မိမိအချုပ်အနှောင်ထဲမှလွတ်မြောက်ခဲ့ပါသည်။ မြေတပြင်လုံးသည်တုန်လှုပ်လျှက်ရှိနေစဉ်တွင်ထိုမြင့်မြတ်သန့်ရှင်းသောနေရာ၌ကောင်းကင်၏ဘုန်းတော်သည် ထွန်းတောက်လျှက်ရှိပါသည်။ကိုယ်တော်၏ခေါ်သံကို နာခံလျှက် သန့်ရှင်းသူအမြောက်အမြားတို့သည် သေခြင်းကိုအောင်မြင်လျှက်ကိုယ်တော်၏ထမြောက်ခြင်းကိုသက်သေပြုရန်အတွက်ပြန်လည်ရှင်ပြန်ထမြောက်ခဲ့ကြပါသည်။ ဘုရားသခင်၏အလိုတော်နှင့်အညီထိုသန့်ရှင်းသူတို့သည်ဘုန်းတော်ထင်ရှားလျှက်ထမြောက်ကြပါသည်။ ဖန်ဆင်းခြင်း အချိန်အခါမှစ၍ကိုယ်တော်၏အချိန်အခါအထိတိုင်အောင် ခေတ်အဆက်ဆက် ကိုယ်စားပြုသော သန့်ရှင်းသူအချို့တို့သည်ထမြောက်ခဲ့ရပါသည်။ယဇ်ပရောဟိတ်နှင့်ဖါရိရှဲတို့သည်ကိုယ်တော်၏ထမြောက်ခြင်းတို့ကိုဖုံးကွယ်ရန် ကြိုးစားနေစဉ်တွင်ဘုရားသခင်သည်ဤရှင်ပြန်ထမြောက်ခဲ့သောလူစုအားဖြင့် ကိုယ်တော်၏ ဘုန်းတော်နှင့်ထမြောက်ခြင်းတို့ကို ဘုရားသခင်သည်သက်သေပြုခဲ့ပါသည်။

ရှင်ပြန်ထမြောက်သူတို့သည်အရပ်အမောင်းအရွယ်အစားအမျိုးမျိုးရှိနေပါသည်။ခေတ်အဆက်ဆက်တွင်ရှိခဲ့သောလူတို့သည်မိမိတို့၏စွမ်းအားများနှင့်တင့်တယ်မှု၊ တဖြည်းဖြည်းကျဆင်းခဲ့ကြောင်းကို ကျမသိခဲ့ရပါသည်။ စာတန်မာနသည် ရောဂါဘယနှင့်သေခြင်းကို အုပ်စိုးခဲ့ပြီး ဤကျိန်ခြင်းကို ခေတ်အဆက်ဆက်လူသားမျိုးနွယ်၌တွေ့ရှိခဲ့ရပြီးစာတန်၏တန်ခိုးသည်ထင်ရှားလျှက်ရှိနေပါသည်။ရှင်ပြန်ထမြောက်သူအချို့တို့သည် ရုပ်ပိုင်းဆိုင်ရာနှင့်ခန္ဓာသည်သူတစ်ပါးထက်ပို၍ တင့်တယ်ကြောင်းတွေ့ရပါသည်။နောဧနှင့်အာဗြဟံတို့၏ခေတ်ကာလ၌အသက်ရှင်ခဲ့သူတို့သည်ကောင်းကင်တမန်များနှင့်ပို၍တူညီခဲ့ပြီး ခွန်အားလည်းရှိခဲ့ပါသည်။ သို့သော် ခေတ်အဆက်ဆက်လူအမျိုးအနွယ်တဖြည်းဖြည်းရွေ့လျားလာသည်နှင့်အမျှအားအင်ချို့နဲ့မှုများရှိလာကာရောဂါဘယများကိုပိုမိုခံစားလာပြီးအသက်တာလည်းပို၍တိုတောင်းခဲ့ကြောင်းကျမတွေ့ခဲ့ရပါသည်။စာတန်သည်လူအမျိုးမျိုးကိုနှောင့်ယှက်ပြီးအားအင်ကုန်ခန်းရန် မည်သို့ပြုလုပ်ရမည်ကို ပိုမိုသိရှိလာပါသည်။

ရှင်ပြန်ထမြောက်ခဲ့သောသန့်ရှင်းသူတို့သည်လူအများထံသို့ရောက်ရှိလာကာ လူသားတို့၏ကယ်တင်ခြင်းအတွက်ယဇ်ပူဇော်ခြင်းကို ပြီးပြည့်စုံခဲ့ပြီးဖြစ်ကြောင်း ဂျူးလူမျိုးများ သတ်ဖြတ်ခဲ့သည့် သခင်ခရစ်တော်သေခြင်းမှထမြောက်ကာ မိမိတို့လည်း ကိုယ်တော်နှင့်အတူ ထမြောက်ခဲ့ကြောင်းကို ဖြည့်စွက်ပြောဆိုခဲ့ပါသည်။ သခင်ခရစ်တော်၏မဟာတန်ခိုးတော်ကြောင့် ဂူသင်္ချိုင်းထဲမှ ထမြောက်ကြောင်းကို ထိုသူတို့သက်သေခံခဲ့ပါသည်။ သေခြင်းမှရှင်ပြန်ထမြောက်ခဲ့သည့်ဤသန့်ရှင်းသူတို့၏သက်သေခံမှုကြောင့်စာတန်မာရ်နတ်နှင့်အပေါင်းအဖေါ်များ(သို့)ယဇ်ပရောဟိတ်များတို့၏လိမ်လည်လှည့်ဖြားမှုများမည်ကဲ့သို့ရှိစေကာမူထိုမင်္ဂလာသတင်းသည်ထင်ရှားလျှက်ရှိပါသည် သခင်ခရစ်တော်သည်လည်း စိတ်နှလုံးကြေကွဲလျှက်ရှိသောတပည့်တော်များ၌ ကိုယ်ရောင်ပြလျှက်ထိုသူတို့၏ဝမ်းနည်းကျေကွဲမှုကို ဝမ်းမြောက်ပျော်ရွှင်မှုသို့ ပြောင်းလဲစေခဲ့ပါသည်။

ထိုသတင်းသည် မြို့တိုင်းရွာတိုင်းသို့ ပြန့်လာသည်နှင့်အမျှ ဂျူးလူမျိုးတို့သည် မိမိတို့၏အသက်တာအတွက်စိုးရိမ်ခဲ့လာပြီးတပည့်တော်များအပေါ်၌မိမိတို့၏မကျေနပ်မှုကို မြိုသိပ်ခဲ့ကြပါသည်။ ထိုသူတို့၏တစ်ခုတည်းသောမျှော်လင့်ချက်မှာမိမိတို့၏လိမ်ညာမှုများကို ဆက်လက်ဝေမျှရန်သာဖြစ်ပါသည်။ ဤလိမ်လည်လှည့်ဖြားမှုကိုလက်ခံလိုသူတို့ကလည်းယုံကြည်ခဲ့ကြပါသည်။ပိလတ်မင်းတုန်လှုပ်ခဲ့ပါသည်။သခင်ခရစ်တော်သည် သေခြင်းမှထမြောက်ခဲ့ပြီးကိုယ်တော်နှင့်အတူအခြားသူများလည်းထမြောက်ခဲ့သည့်သတင်းစကားအခိုင်အမာကိုယုံကြည်ရုံပင်မကဘဲ ပိလတ်မင်း၏စိတ်ထဲတွင် ထိုအချိန်မှစ၍ ငြိမ်သက်ခြင်းမရှိတော့ပါ။ လောက၏ထင်ပေါ်ကျော်စောမှု၊ မိမိ၏အရှိန်သြဇာနှင့် အသက်ရှင်ရပ်တည်မှုအတွက် သခင်ခရစ်တော်ကိုသတ်ရန်သူအပ်နှင်းခဲ့ပါသည်။ သို့သော်လည်း သူအပ်နှံခဲ့သောပုဂ္ဂိုလ်မှာ သာမန်အပြစ်မဲ့သော လူတစ်ဦးမဟုတ်ဘဲ ဘုရားသခင်၏ သားတော်အမှန်ဖြစ်ကြောင်းယခုအခါတွင်သူလုံးဝမငြင်းနိုင်တော့ပါ။ပိလတ်မင်း၏အသက်တာသည်သေသည့်တိုင်အောင် အလွန်စိတ်ပျက်ဝမ်းနည်းဖွယ်ဖြစ်ခဲ့ပါသည်။သူ၏ မျှော်လင့်ချက်များနှင့်ပျော်ရွှင်မှုများတို့သည်စိုးရိမ်မှုများ၊ စိတ်ပျက်ခြင်းများဖြင့်ကျေမွစေခဲ့ပါသည်။ပိလတ်မင်းသည်နှစ်သိမ့်ခြင်းကိုငြင်းပယ်ခဲ့ပြီးစိတ်ပျက်ဝမ်းနည်းဖွယ်ကောင်းသော အသေဆိုးနှင့် သေခဲ့ရပါသည်။

ဟေရုဒ်မင်း၏စိတ်နှလုံးသည်ပိုမိုမာကျောခတ်ထန်ခဲ့ပြီး ကိုယ်တော်၏ ရှင်ပြန်ထမြောက်ကြောင်းသတင်းကို ကြားသောအခါ စိုးရိမ်ပူပင်ခြင်းသိပ်မရှိ ရှင်ယာကုပ်ကိုသတ်ဖြတ်သောအခါ ဂျူးလူမျိုးတို့၏ကျေနပ်မှုကို တွေ့ရှိခဲ့ရသောကြောင့် ရှင်ပေတရုကိုလည်းသတ်ဖြတ်ရန် ဖမ်းဆီးခဲ့ပါသည်။ သို့သော်လည်း ဘုရားသခင်သည် ရှင်ပေတရုအားဆက်လက်အသုံးပြုလိုသောကြောင့်ကောင်းကင်တမန်ကိုစေလွှတ်၍သူ့ကိုကယ်တင်ခဲ့ပါသည်။ဘုရားသခင်သည်ဟေရုဒ်မင်းကိုတရားစီရင်ခဲ့ပါသည်။လူအများ၏ရှေ့မိမိကိုယ်ကိုချီးမြှောက်နေစဉ်ပင်ဘုရားသခင်သည်သူ့ကို စီရင်၍ ဟေရုဒ်မင်းသည် အလွန်ဆိုးဝါးသောသေခြင်းဆိုးနှင့် အသက်ဆုံးရှုံးခဲ့ရပါသည်။

နံနက်မိုးလင်းအရုဏ်မတက်မီတွင်သန့်ရှင်းသူအမျိုးသမီးတစ်စုသည် သခင်ခရစ်တော်၏အလောင်းကိုစီမံရန်အတွက် ဆီမွှေးနံ့သာများကို ယူဆောင်လျှက် ဂူသင်္ချိုင်းရှိရာသို့လာခဲ့ကြပါသည်။ သို့သော်လည်း ဂူသင်္ချိုင်းကိုပိတ်ဆို့ထားသောကျောက်တုံးကြီးမှာ တစ်ဖက်သို့ရွေ့လျားနေပြီး အလောင်းတော်ကိုမတွေ့ရတော့ပါ။ ရန်သူတို့သည်ကိုယ်တော်၏အလောင်းတော်ကိုတခြားတစ်နေရာသို့ယူဆောင်သွားသည်ဟူသောအတွေးနှင့် ထိုအမျိုးသမီးတစ်စုသည် စိတ်ဓါတ်ကျလျှက်ရှိနေစဉ်တွင် မျက်နှာတောက်ပလျှက်ရှိပြီး ဖြူသောဝတ်ရုံကို ဝတ်ဆင်ထားသည့် ကောင်းကင်တမန်နှစ်ပါးသည်သူတို့၏အလယ်၌ ရောက်ရှိလာပြီးသူတို့နှင့်အတူရှိနေပါသည်။ ဤအမျိုးသမီးများနှင့်လာရသည့်အကြောင်းရင်းကိုသိသောကြောင့် သူတို့ရှာဖွေလျှက်ရှိသော သခင်ခရစ်တော်သည် ဤနေရာ၌မရှိ။ ရှင်ပြန်ထမြောက်ပြီးဖြစ်ကြောင်းအလောင်းတော်ရှိသည့်နေရာတွင်ဝင်၍ကြည့်ရှုနိုင်ကြောင်းကိုချက်ခြင်းပြောကြားခဲ့ပါသည်။ ကိုယ်တော်သည် တပည့်တော်များထံသို့သွား၍ ဂါလိလဲသို့ ကြွတော်မူကြောင်းကို ပြောကြားရန် ဤအမျိုးသမီးတစ်စုအားစေခိုင်းလိုက်ပါသည်။သို့သော်လည်း ထိုအမျိုးသမီးတစ်စုသည် ကြောက်လန့်အံ့သြလျှက်ရှိပါသည်။မိမိတို့၏သခင်သတ်ဖြတ်ခြင်းခံရသည့်အတွက်ဆောက်တည်ရာမရနိုင်သည့်ဝမ်းနည်းကြေကွဲလျှက်ရှိသောတပည့်တော်များထံသို့အလျင်အမြန်သွားကာ မိမိတို့တွေ့ရှိခဲ့ရသည့်အခြင်းအရာကို ပြန်လည်ပြောကြားခဲ့ပါသည်။ ကိုယ်တော်ရှင်ပြန်ထမြောက်သည်ဟူသောသတင်းကို တပည့်တော်များလက်မခံနိုင်ခဲ့ချေ။အမျိုးသမီးများနှင့်အတူကိုယ်တော်၏ဂူသင်္ချိုင်းသို့ အပြေးအလွှားသွားကြည့်သော်လည်းသခင်ခရစ်တော်ကို အမှန်တကယ်မတွေ့ရတော့ပါ။ပိတ်ဖြူများတို့ကိုတွေ့ရသော်လည်း ကိုယ်တော်ရှင်ပြန်ထမြောက်သည်ဟူသော မင်္ဂလာသတင်းကိုထိုသူတို့ကိုမယုံကြည်ခဲ့ပါ။အမျိုးသမီးများပြောဆိုသောစကားများနှင့်အတူမိမိတို့မြင်တွေ့ခဲ့ရသော အံ့ဖွယ်အကြောင်းအရာများကိုစဉ်းစားလျှက်တပည့်တော်များတို့သည် မိမိတို့အိမ်သို့ပြန်လာခဲ့ကြပါသည်။ သို့သော်မာရိသည်မိမိတွေ့ခဲ့ရသောမြင်ကွင်းကိုတွေးတောလျှက်လှည့်ဖြားခြင်းခံရပြီးလားဟူသောစိုးရိမ်မှုနှင့်အတူဂူသင်္ချိုင်းအနီးကျန်ရစ်ခဲ့ရန်ဆုံးဖြတ်ခဲ့ပါသည်။သူမ၏အသက်တာ၌စုံစမ်းမှုအသစ်များနှင့်ရင်ဆိုင်ရမည်ဟု ခံစားလျှက်ရှိနေပါသည်။ ဝမ်းနည်းကြေကွဲမှုများပြန်ပေါ်လာသောကြောင့်မခံမရပ်ဖြစ်ကာပြင်းထန်စွာငိုကြွေးလျှက်ပြန်လာပါသည်။ဂူသင်္ချိုင်းထဲသို့ငုံ့၍ကြည့်ပြန်သောအခါအဖြူရောင်ဝတ်ဆင်ထားသော ကောင်းကင်တစ်မန်နှစ်ပါးကို သူမတွေ့လိုက်ရပါသည်။ထိုကောင်းကင်တမန်နှစ်ပါးတို့သည်ရုပ်အဆင်းတောက်ပြောင်လျှက်ရှိနေပါသည်။ကောင်းကင်တမန်တစ်ပါးသည် အလောင်း

တော်ရှိခဲ့သည့်ခေါင်းရင်း၌ထိုင်လျှက်ရှိကာကျန်တစ်ပါးသည်ခြေရင်း၌ထိုင်နေပါသည်။သူမအဘယ်ကြောင့်ငိုကြွေးခဲ့ကြောင်းကိုထိုကောင်းကင်တမန်များတို့ကကြင်နာယုယစွာမေးခဲ့ပါသည်။ သူမကလည်းထိုသူတို့သည်ကျွမ်၏အရှင်သခင်ကိုယူဆောင်သွားခဲ့သည်ယခုဘယ်မှာထားကြောင်းကိုကျွမမသိတော့ပါဟု ပြန်လည်ဖြေကြားခဲ့ပါသည်။

ဂူသင်္ချိုင်းမှလှည့်ထွက်လာသောအခါမာရိသည်သခင်ခရစ်တော်ကိုသူမအနားတွင်တွေ့သော်လည်း ကိုယ်တော်ကိုမသိခဲ့ပါ။ နူးညံ့သိမ်မွေ့သောအသံနှင့် သူမအဘယ်ကြောင့်ဝမ်းနည်းနေကြောင်း မည်သူ့ကို ရှာဖွေနေကြောင်းမာရိအားကိုယ်တော်မေးမြန်းခဲ့ပါသည်။ကိုယ်တော်ကိုဥယျာဉ်မှူးနှင့်အထင်မှားကာသူမသခင်၏အလောင်းကိုမည်သည့်နေရာသို့သယ်ဆောင်သွားကြောင်း တောင်းပန်ခဲ့သည်။ ထို့ပြင်သူမကိုယ်တိုင်သွားယူမည့်အကြောင်းမေးမြန်းခဲ့ပါသည်။သခင်ခရစ်တော်သည်မိမိ၏ပြောနေကြအသံနှင့်အတူမာရိဟုခေါ်ဆိုလိုက်ပါသည်။ ကိုယ်တော်၏အသံတော်နှင့်ရင်းနှီးပြီးသားဖြစ်နေသောမာရိသည်ချက်ခြင်းတုန့်ပြန်လျှက်သခင်ဟုဆိုကာဝမ်းမြောက်ပျော်ရွှင်မှုနှင့်အတူကိုယ်တော်ကိုလှမ်း၍ဖက်ရန်ဟန်ပြင်လိုက်ပါသည်။သို့သော်သခင်ခရစ်တော်သည်နောက်ပြန်ဆုတ်လျှက် ငါ့ကိုမထိနှင့်။ ငါသည်ခမည်းတော်ထံ သို့မရောက်သေး၊သင်သည်ငါ၏ညီအစ်ကိုများထံသို့ သွား၍ငါ၏အဖနှင့်သင်တို့၏အဖ၊ငါ၏ဘုရားသခင်နှင့်သင်တို့၏ဘုရားသခင်ထံငါသွားပြီးဟုပြောလိုက်ပါဟု မိန့်တော်မူ၏။မာရိသည်ဝမ်းမြောက်ပျော်ရွှင်မှုနှင့်အတူသတင်းကောင်းကို ယူဆောင်လျှက်တပည့်တော်များထံသို့ အပြေးအလွှားသွားခဲ့ပါသည်။သခင်ခရစ်တော်သည်ခမည်းတော်ဘုရားထံသို့အလျင်အမြန်တက်ကြွသွားကာခမည်းတော်ဘုရား၏ နှုတ်မှမိမိ၏အသေခံမှုခြင်းကိုလက်ခံကြောင်း၊ အရာခပ်သိမ်းကောင်းမွန်စွာပြီးမြောက်ခဲ့ကြောင်းကောင်းကင်နှင့် မြေကြီးရှိဘုန်းတန်ခိုးများအားလုံးကိုရရှိကြောင်း အတည်ပြုသည့်စကားကို ကြားလိုခဲ့ပါ သည်။

ကောင်းကင်တမန်များတို့သည်တိမ်တိုက်များသဖွယ်ဘုရားသခင်၏သားတော်ကိုခြံရံလျှက်ထာဝရတံတိုင်းတော်များကိုဖွင့်လှစ်၍ဘုန်းတော်အရှင်သခင်ကြွလာနိုင်ရန်အမိန့်ပေးခဲ့ပါသည်။သခင်ခရစ်တော်သည် ဘုန်းတော်ထွန်းတောက်လျှက်ရှိသောကောင်းကင်တမန်များနှင့်အတူ ခမည်းတော်ဘုရား၏ရှေ့တော်မှောက်သို့ ရောက်ရှိကာဘုရားသခင်၏ဘုန်းတော်နှင့် ရစ်ပတ်ခြင်းခံရသော်လည်းဤလောကရှိ မိမိ၏တပည့်တော်များကိုသတိရလျှက်ရှိကြောင်းကျွမတွေ့ခဲ့ရပါသည်။ခမည်းတော်ဘုရားထံမှ တန်ခိုးတော်ရရှိခဲ့ပြီး တပည့်တော်များထံသို့ပြန်လည်ဆင်းသက်၍ထိုသူတို့အပေါ်မှတန်ခိုးတော်ကိုပေးရန်ကိုယ်တော်အလိုရှိခဲ့ပါသည်။သခင်ခရစ်တော်သည်ထိုနေ့၌ပင်တပည့်တော်များတို့ရှေ့၌မိမိ၏ကိုယ်ရောင်ရခဲ့ပါသည်။ကိုယ်တော်သည်မိမိခမည်းတော်ဘုရားထံသို့တက်ကြွသွားပြီးတန်ခိုးတော်များရရှိခဲ့သောကြောင့် မိမိအား တို့ထိနိုင်ရန် တပည့်တော်တို့ကို ခွင့်ပြုခဲ့ပါသည်။

ထိုအချိန်တွင်သောမမရှိခဲ့ပါ။သူသည် တပည့်တော်များ၏သက်သေခံချက်များကို ရိုးသားစွာ လက်မခံပါ။ မာန်တက်ကြွလျှက် ကိုယ်တော်၏လက်ဝါးတော်၌ရှိသော ဒဏ်ရာများနှင့် နံရိုးတော်အောက်၌ရှိသော ရက်စက်စွာထိုးဖေါက်ထားသည့်လှံတံအရာကိုမိမိကိုယ်တိုင်မစမ်းသပ်ဘဲလက်ခံမည်မဟုတ်ကြောင်းကိုမိမိလုပ်ဖေါ်ဆောင်ဖက်များ၏စကားကိုငြင်းဆန်ပြောဆိုခဲ့ပါသည်။ထိုကဲ့သို့သောသက်သေအထေက်အထားများရှိမှသာယုံကြည်မည်ဟုဆိုပါလျှင်လူအနည်းငယ်ကသာခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကိုယုံကြည်လက်ခံလာပါလိမ့်မည်။ကိုယ်တော် ၏ရှင်ပြန်ထမြောက်ခြင်းကိုသိရှိခဲ့သောသူများထံမှသတင်းစကားကိုတစ်ဆင့်စကားတစ်ဆင့်ပြန့်ရန်ဘုရားသခင်အလိုတော်ရှိခဲ့ပါသည်။ထိုကဲ့သို့သောသံသယစိတ်ကိုဘုရားသခင်အလိုတော်မရှိခဲ့ပါ။သခင်ခရစ်တော်သည်တပည့်တော်များနှင့်တစ်ဖန်ဆုံသောအခါ၌သောမလည်းသူတို့နှင့်အတူရှိနေပါသည်။ ကိုယ်တော်ကိုဖူးမြော်တွေ့ရှိရသောအခါသောမယုံကြည်ခဲ့ပါသည်။သို့သော်လည်းသက်သေအထောက်အထားမရှိဘဲနှင့်မယုံကြည်နိုင်ဟုဆိုခဲ့သည့်အတွက်သူလိုလားခဲ့သောသက်သေအထောက်အထားကိုသခင်ခရစ်တော်ပြတော်မူခဲ့ပါသည်။သောမသည်ကျွန်ုပ်၏အရှင်၊ကျွန်ုပ်၏ဘုရားဟုပြောဆိုခဲ့သော်လည်းသူ၏မယုံကြည်ခြင်းကြောင့်သခင်ခရစ်တော်သည်သောမကို ဆုံးမတော်မူခဲ့ပါသည်။ကိုယ်တော်သည်သောမအားသင်သည်ငါ့ကိုတွေ့သောကြောင့်ယုံကြည်ခဲ့သည်။သို့သော် ငါ့ကိုမတွေ့ဘဲနှင့် ယုံကြည်သောသူတို့သည်မင်္ဂလာရှိသည်ဟု မိန့်တော်မူခဲ့ပါသည်။

ပထမနှင့်ဒုတိယကောင်းကင်တမန်သတင်းစကားများကို ကိုယ်တိုင်မကြုံတွေ့ခဲ့သူတို့သည် သူတစ်ပါး၏သက်သေခံချက်များကိုလက်ခံ၍အသက်ရှင်ရမည့်အကြောင်းကိုကျွမတွေ့ခဲ့ရပါသည်။သခင်ခရစ်တော်ကိုလက်ဝါးကပ်တိုင်ပေါ်မှတင်၍သတ်သည့်နည်းတူဤစကားများလည်းပျက်စီးခြင်းခံခဲ့ရပါသည်။သို့သော်လည်း ဤလောကတွင်သခင်ခရစ်တော်၏နာမတော်မှအပ ကယ်တင်ရာမရှိဟု တပည့်တော်များသက်သေခံခဲ့သည့်နည်းတူ တတိယ

ကောင်းကင်တမန်သတင်းစကားကိုလက်ခံသူတို့သည်ဘုရားသခင်ပေးသောပထမ၊ဒုတိယနှင့်တတိယကောင်းကင်တမန်သတင်းစကားကိုလည်းလက်ခံခြင်းမရှိပါကကိုယ်တော်နှင့်မဆက်ဆံကြောင်းကိုဘုရားသခင်၏တပည့်တော်များကရဲဝံ့စွာ သက်သေခံရမည်။

သန့်ရှင်းသူအမျိုးသမီးတစ်စုသည်သခင်ခရစ်တော်၏ရှင်ပြန်ထမြောက်တော်မူခြင်းသတင်းစကားကိုကြွေးကြော်နေစဉ်ရောမစစ်သည်တို့သည် ယဇ်ပရောဟိတ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များသင်ကြားပေးလိုက်သည့်အတိုင်းတပည့်တော်များတို့သည် ညအခါအိပ်ပျော်စဉ် သခင်ခရစ်တော်၏အလောင်းတော်ကို ခိုးယူသွားသည့်အကြောင်းမမှန်မကန် သက်သေခံနေကြောင်းကိုကျမတွေ့ရှိခဲ့ရပါသည်။ဤမုသာစကားကို ယဇ်ပရောဟိတ်များနှင့်အကြီးအကဲများပြောကြားနိုင်ရန်အတွက်စာတန်သည်သူတို့စိတ်နှလုံးထဲ၌လှုံ့ဆော်ခဲ့ပါသည်။ လူထုကြီးမှာလည်း ဤစကားကိုလက်ခံရန်အသင့်ဖြစ်နေပါသည်။သို့သော်လည်းဤမျှလောက်အရေးပါသည့်ကယ်တင်ခြင်း၏ သတင်းစကားကိုယဇ်ပရောဟိတ်များနှင့်ခေါင်းဆောင်များမှမလွှမ်းမိုးနိုင်ရန်အတွက်ဘုရားသခင်ပြင်ဆင်ထားတော်မူခဲ့ပါသည်။သခင်ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကို သချိုင်းမှ ပြန်လည်နိုးထသူများက သက်သေခံခဲ့ပါသည်။

သခင်ခရစ်တော်သည်တပည့်တော်များနှင့်အတူရက်ပေါင်းလေးဆယ်ကြာမျှရှိခဲ့တော်မူပြီး ထိုသူတို့၏စိတ်နှလုံးကိုဝမ်းမြောက်ပျော်ရွှင်စေပြီးနိုင်ငံတော်နှင့်ဆိုင်သောတရားတော်များကို သွန်သင်တော်မူခဲ့ပါသည်။ မိမိတို့ကြားခဲ့မြင်ခဲ့သောအရာများကိုယ်တော်ခံစားခဲ့ရသောဝေဒနာ၊အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်း၊ကိုယ်တော်ထံသို့လာသောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက်ဘဲ အသက်ရှင်ခြင်းသို့ရရှိရန် အပြစ်အတွက်ပေးခဲ့ရသောအဖိုးအခများနှင့်ပတ်သက်၍ ၄င်း၊သက်သေခံရန်တပည့်တော်တို့ကိုစေခိုင်းတော်မူပါသည်။သနားကြင်နာမှုအပြည့်နှင့်တပည့်တော်များခံစားရမည့်ညှဉ်းပန်းနှိပ်စက်မှုများအကြောင်းကိုမိန့်တော်မူခဲ့ပါသည်။သို့သော်မိမိတို့၏အတွေ့အကြုံများနှင့်ကိုယ်တော်၏အသက်တာကိုဆင်ခြင်ခြင်းဖြင့်သက်သာရမည့်အကြောင်းကိုဖေါ်ပြတော်မူခဲ့ပါသည်သို့သော်လည်းကိုယ်တော်သည်စာတန်မာရ်နတ်ကို အောင်မြင်နိုင်ပြီးဒုက္ခဆင်းရဲခြင်းနှင့်သွေးဆောင်မှုအမျိုးမျိုးကျော်လွှားခဲ့သည့်အတွက်စာတန်သည်ခရစ်တော်အပေါ်၌လွှမ်းမိုးနိုင်တော့မည်မဟုတ်၊ကိုယ်တော်ကို ယုံကြည်သောသူအပေါင်းတို့နှင့်တပည့်တော်တို့ကိုစာတန်သည်တိုက်ရိုက်တိုက်ခိုက်မည့်အကြောင်းမိန့်တော်မူခဲ့ပါ သည်။သို့သော်လည်းဤကဲ့သို့ရင်ဆိုင်ရသောအခါကိုယ်တော်၏သတိပေးစကားကိုအမှတ်ရ၍ခွန်အားယူရန်တိုက်တွန်းခဲ့ပါသည်။ကိုယ်တော်သည်အောင်မြင်သကဲ့သို့တပည့်တော်တို့သည်လည်းအောင်မြင်နိုင်မည့်အကြောင်းအားပေးတော်မူခဲ့ပါသည်။နိမိတ်လက္ခဏာများကိုပြုလုပ်နိုင်ရန်အတွက်တပည့်တော်များကို ခွန်အားပေးတော်မူခဲ့ပါသည်။ လူဆိုးတို့သည်တပည့်တော်တို့၏ကိုယ်ခန္ဓာကိုအုပ်စိုးနိုင်မည်ဖြစ်သော်လည်းသခင်ခရစ်တော်သည်ရံဖန်ရံခါ ကောင်းကင်တမန်များကိုစေလွှတ်လျှက်သူတို့ကိုကယ်တင်မည့်အကြောင်း၊ ဤလောက၌သူတို့၏အမှုတော်မပြီးပြတ်မခြင်းသေရမည်မဟုတ်ကြောင်းမိမိတို့၏အမှုတော်ပြီးမြောက်သောအခါသက်သေခံချက်များကိုမိမိတို့၏ အသွေးဖြင့်တံဆိတ်ခတ်သက်သေခံကောင်းခံရမည့်အကြောင်းကိုမိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်၏သွန်သင်ချက်များတို့ကိုတပည့်တော်များတို့သည်ဆာလောင်မွတ်သိပ်စွာခံယူခဲ့ပါသည်။နှုတ်တော်မှထွက်သည့်စကားများကို တစ်လုံးမကျန်မှတ်ကျုံခဲ့ပါသည်။ကိုယ်တော်သည်ဤလောက၏ ကယ်တင်ရှင်ဖြစ်ကြောင်းကို ထိုသူတို့သည် အသေအချာသိရှိခဲ့ပါသည်။ကိုယ်တော်၏စကားတော်တိုင်းသည်သူတို့၏စိတ်ထဲ၌စွဲကျန်ရစ်ခဲ့ပါသည်။သူတို့၏ကောင်းကင်အရှင်သခင်နှင့်ခွဲခွာရမည်ကို ဝမ်းနည်းလျှက်ရှိပါသည်။ အချိန်အနည်းငယ်အတွင်းကိုယ်တော်၏ နှစ်သိမ့်အားပေးစကားများကိုကြားရတော့မည်မဟုတ်ပါ။သို့သော်လည်း ကိုယ်တော်နေစရာအိမ်ကိုပြင်ဆင်ပြီး တစ်ဖန်ပြန်လာကာသူတို့ကိုခေါ်ဆောင်မည့်အကြောင်းသူတို့သည်လည်းခရစ်တော်နှင့်အတူထာဝရရှိရမည့်အကြောင်းကိုကြားသိရသောအခါစိတ်နှလုံးပြန်လည်လန်းဆန်းနွေးထွေးလာပါတော့သည်။သန့်ရှင်းသောဝိညာဉ်တည်းဟူသောဥပဇ္ဈာယ်ဆရာကိုစေလွှတ်၍သူတို့ကိုသမ္မာတရား၌သွန်သင်လမ်းပြကောင်းကြီးပေးမည့်အကြောင်းမိန့်တော်မူလျှက် လက်တော်ကိုဆန့်၍ တပည့်တော်များကို ကောင်းကြီးပေးတော်မူခဲ့ပါသည်။

ဆက်လက်လေ့လာရန်။

၁။ ဗျာဒိတ် ၁၄း၆-၈ ကိုဖတ်ပါ။အသေးစိတ်ကို ဤစာအုပ်အခန်းကြီး ၂၃နှင့်၂၄တွင် ရှင်းပြထားပါသည်။

၂။ ဗျာဒိတ်၁၄း၉-၁၂ကိုဖတ်ပါ။အသေးစိတ်ကို ဤစာအုပ်အခန်းကြီး ၂၈တွင် ဖေါ်ပြထားပါသည်။

မဿဲ ၂၇း၅၂-၅၃ ၊၂၈။ မာကု၁၆း၁-၁၈။ လုကာ ၂၄း၁-၅၀။ ယော ၂၀။ တမန် ၁၂ တို့ကိုဖတ်ပါ။

## အခန်း (၁၁) သခင်ခရစ်တော် (ကောင်းကင်သို့) တက်ကြွခြင်း။

သခင်ခရစ်တော်သည်ခမည်းတော်ထံသို့အောင်မြင်စွာတက်ကြွမည့် အချိန်နာရီကို ကောင်းကင်တစ်ခုလုံး စောင့်မျှော်လျှက်ရှိနေပါသည်။ဘုန်းတော်အရှင်သခင်ကိုကောင်းကင်သို့အောင်မြင်စွာ ခြံရံပို့ဆောင်နိုင်ရန်အတွက် ကောင်းကင်တမန်များ ဆင်းသက်ခဲ့ပါသည်။ သခင်ခရစ်တော်သည် တပည့်တော်များကိုကောင်းကြီးပေးလျှက် သူတို့နှင့်ခွဲခွာ၍ (ကောင်းကင်သို့)ချီဆောင်ခြင်းကိုခံခဲ့ရပါသည်။ ကိုယ်တော်သည်ကောင်းကင်သို့ရှေ့ဆောင်တက်ကြွသွားရာ၌သေခြင်းမှထမြောက်ခဲ့သည့်သူများလည်းကိုယ်တော်နှင့်အတူလိုက်ပါသွားခဲ့ကြပါသည်။ကောင်းကင်တစ်ခုလုံးသည်သတိနှင့်စောင့်ဆိုင်းနေကြပြီးများပြားသော ကောင်းကင်တမန်များတို့သည် ကိုယ်တော်ကိုခစားလျှက် စောင့်မျှော်နေကြပါသည်။သန့်ရှင်းရာမြို့တော်သို့ တက်ကြွသွားစဉ်ကိုယ်တော်နှင့်လိုက်ပါလာခဲ့သော ကောင်းကင်တမန်များက“အချင်းတံခါးတို့၊တံခါးမုဒ်ကိုကြွလိုက်ကြ၊အချင်းထာဝရတံခါးတို့၊ကိုယ်ကိုကြွလိုက်ကြ။ဘုန်းကြီးသော ရှင်ဘုရင်ဝင်တော်မူမည်။ဘုန်းကြီးသောရှင်ဘုရင်ကားအဘယ်သူနည်း။အစွမ်းတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရဘုရား၊စစ်တိုက်ခြင်း၌ တန်ခိုးကြီးတော်မူသော ထာဝရဘုရားပေတည်း။ အချင်းတံခါးတို့၊တံခါးမုဒ်ကိုကြွလိုက်ကြ၊အချင်းထာဝရတံခါးတို့၊ကိုယ်ကိုကြွလိုက်ကြ။ဘုန်းကြီးသောရှင်ဘုရင်ဝင်တော်မူမည်။ဘုန်းကြီးသောရှင် ဘုရင်ကားအဘယ်သူနည်း။ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားပေတည်း။ထိုဘုရားသည်ဘုန်းကြီးသော ရှင်ဘုရင်ဖြစ်တော်မူသတည်း”ဟုသီဆိုကြွေးကြော်ကြပါသည်။ကောင်းကင်နိုင်ငံတော်၌ကြို့ဆိုသည့်ကောင်းကင်ရထားတန်းအားလုံးတို့သည် ကိုယ်တော်နှင့်အတူမြို့တော်အတွင်းသို့ဝင်ရောက်ခဲ့ပါသည်။ ကောင်းကင်သားအပေါင်းတို့သည် မိမိတို့၏ဘုန်းကြီးသောအရှင်သခင်ကိုခြံရံလျှက် အလွန်ကြည်ညိုသောဆက်ကပ်မှုနှင့်အတူပြပ်ဝပ်လျှက် ဦးခေါင်းပေါ်၌ဆောင်းထားသောမိမိ၏တောက်ပသည့်သရဖူကိုကိုယ်တော်၏ခြေရင်း၌ပုံချခဲ့ကြပါသည်။မိမိတို့၏ရွှေစောင်းခေါက်များနှင့်တီးခတ်လျှက်အသေသတ်ခြင်းခံခဲ့ရသောသိုးသငယ်သည်သေသော်လည်းယခုအခါ၌ဘုန်းတန်ခိုးထင်ရှားလျှက်အသက်ရှင်ကြောင်းနှင့်ဆက်စပ်သည့်တေးသီချင်းများကိုသီဆိုလျှက်ကောင်းကင်တစ်ခုလုံးမိမိတို့၏အသံနှင့် ပြည့်လျှံစေခဲ့ပါသည်။

တစ်ဖန် ကျမမြင်တွေ့ခဲ့ရသည့် မြင်ကွင်းတစ်ခုမှာ ဝမ်းနည်းကျေကွဲလျှက်ရှိသော တပည့်တော်တို့သည် ကောင်းကင်သို့တက်ကြွသွားသည့် မိမိတို့၏အရှင်သခင်သည်နောက်ဆုံးတွေ့နိုင်ရန်အတွက် ကောင်းကင်ကိုမျှော်ကြည့်လျှက်ရှိနေပါသည်။ဖြူသောဝတ်လုံကိုဝတ်ဆင်ထားသော ကောင်းကင်တမန်နှစ်ပါးတို့သည်သူတို့အလယ်၌ပေါ်လာပြီးဂါလိလဲသားတို့ အဘယ်ကြောင့်ကောင်းကင်သို့မျှော်ကြည့်သနည်း။ ယခုကောင်းကင်သို့ချီဆောင်ခြင်းခံခဲ့ရသောယေရှုရှင်သည်ကောင်းကင်သို့တက်ကြွသွားသည့်နည်းတူဤလောကသို့တစ်ဖန်ပြန်ကြွလာအုံးမည်ဟူ၍ နှစ်သိမ့်တော်မူခဲ့ပါသည်။ကိုယ်တော်၏ မယ်တော်နှင့်အတူ တပည့်တော်တို့သည် ဘုရားသခင်၏ သားတော်ကောင်းကင်သို့တက်ကြွသွားသည်ကိုမြင်တွေ့ခဲ့ရပါသည်။ထိုသူတို့သည်တစ်ညလုံးမအိပ်ဘဲကိုယ်တော်၏အံ့ဖွယ်နိမိတ်လက္ခဏာများအင်မတန်တိုတောင်းသောအချိန်အတွင်းမိမိတို့တွေ့မြင်ခဲ့ရသည့် ထူးဆန်းသောအခြင်းအရာတို့ကို ပြန်လည်ပြောဆိုလျှက်ရှိနေပါသည်။

စာတန်သည်သူ၏နတ်ဆိုးများနှင့်ဆွေးနွေးတိုင်ပင်လျှက်ရှိပါသည်။ဤလောကတွင် မိမိသြဇာတန်ခိုးရှိနေသ၍သခင်ခရစ်တော်၏နောက်လိုက်များကိုဆယ်ဆမကပို၍တိုက်ခိုက်ရမည့်အကြောင်း အလွန်ခါးသီးစွာပြောဆိုခဲ့ပါသည်။ သခင်ခရစ်တော်ကို မည်သို့မျှမအောင်မြင်နိုင်ခဲ့ပါ။ သို့သော် အစွမ်းကုန်ကြိုးစား၍ခေတ်အဆက်ဆက်ကိုယ်တော်ကိုယုံကြည်၍ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း၊ကောင်းကင်သို့တက်ကြွသွားခြင်းကို လက်ခံသောသူများကိုယ်တော်အမှုတော်၌ ပါဝင်သောသူတို့ကို အောင်မြင်ရမည်ဟု ပြောဆိုခဲ့ပါသည်။ နတ်ဆိုးစွဲသောသူတို့ထံမှ နတ်ဆိုးများကို နှင်ထုတ်၍ ချမ်းသာမှုကိုပေးရန် တန်ခိုးကိုခရစ်တော်သည် တပည့်တော်များအား ပေးအပ်ထားကြောင်းစာတန်သည် သူ၏နတ်ဆိုးများကိုသတိပေးခဲ့ပါသည်။စာတန်၏နတ်ဆိုးများတို့သည်ကိုယ်တော်၏နောက်လိုက်များကို ဖျက်ဆီးရန်အတွက် ဟောက်သောခြင်္သေ့များကဲ့သို့ တာစူ၍ ထွက်သွားကြပါသည်။

ဆက်လက်လေ့လာရန်။ ဆာ၂၄း၇-၁၀ ။ တမန် ၁း၁-၁၁။ ၁ပေ ၅း၈ တို့ကိုဖတ်ပါ။

## အခန် (၁၂) သခင်ခရစ်တော်၏ တပည့်တော်များ။

အသေသတ်ခြင်းခံရပြီး ပြန်လည်ရှင်ပြန်ထမြောက်လာသည့် ကယ်တင်ရှင်၏အကြောင်းကို တပည့်တော်များကအားမာန်အပြည့်နှင့်ဟောကြားခဲ့ပါသည်။ဖျားနာသောသူတို့သည်အနာရောဂါငြိမ်းလျှက်တသက်လုံးကိုယ်လက်သေနေသည့်သူတစ်ဦးသည်အကောင်းပကတိသို့ပြန်လည်ရောက်ရှိလာကာတပည့်တော်များနှင့်အတူ ဗိမ္မာန်တော်အတွင်းသို့ ကျေးဇူးတော်ကို ချီးမွမ်းပြီးခုန်ပေါက်ပြေးလွှားလျှက် ဝင်ရောက်ခဲ့ပါသည်။ သတင်းစကားသည် အလျင်အမြန်ပြန့်နှံ့လျှက်လူအများတို့သည်တပည့်တော်များထံသို့ဝိုင်းအုံလာပါတော့သည်။အနာရောဂါငြိမ်းခြင်းကိုမြင်တွေ့ရသောအခါ ထူးဆန်းအံ့ဩလျှက် အပြေးအလွှား ဝိုင်းလာပါတော့သည်။

သခင်ခရစ်တော်သက်တော်စွန့်ပြီးနောက် နိမိတ်လက္ခဏာများပျောက်ကွယ်ကာ လူအများတို့သည်လည်း တက်ကြွမှုမရှိဘဲရိုးရာအစဉ်အလာနောက်သို့ပြန်လိုက်လိမ့်မည်ဟု ယဇ်ပရောဟိတ်များကထင်မှတ်ခဲ့ပါသည်။ သို့သော်လည်းယခုအခါထိုယဇ်ပရောဟိတ်များကြားထဲမှတပည့်တော်များတို့သည်နိမိတ်လက္ခဏာများပြုလုပ်၍လူအမြောက်အမြားတို့သည် အံ့ဩတွေဝေလျှက်ရှိကြပါသည်။ သခင်ခရစ်တော် အသေသတ်ခြင်းခံရပြီးဖြစ်သော်လည်း တပည့်တော်များတို့သည်ဤတန်ခိုးကိုမည်သည့်နေရာမှရရှိကြောင်းတွေးတောလျှက်ရှိနေပါသည်။သခင်ခရစ်တော်ရှိစဉ်အခါ၌ကိုယ်တော်သည်တပည့်တော်များအားဤကဲ့သို့သောတန်ခိုးကိုပေးခဲ့သည်ဟုယုံကြည်ကာသခင်ခရစ်တော်မရှိသည့်နောက်တွင်ဤနိမိတ်လက္ခဏာများပျောက်ကွယ်သွားလိမ့်မည်ဟုထင်မှတ်ခဲ့ပါသည်။ ဤအခြင်းအရာကိုရှင်ပေတရုသည်သိနားလည်ခဲ့သည့်အတွက်အချင်းဣသရေလလူမျိုးတို့၊ဤအချင်းအရာကိုအဘယ်ကြောင့်အံ့ဩသနည်း။ငါတို့၏တန်ခိုးကြောင့်ဤသူလမ်းလျှောက်သည်ဟုထင်မှတ်လျှက်ငါတို့ကိုအဘယ်ကြောင့် ငေးမောကြည့်နေသနည်း။အာဗြဟံ၊ဣဇက်နှင့် ယာကုပ်ငါတို့အဖများ၏ဘုရားသည် သားတော်ယေရှု၏ဘုန်းတော်ကိုထင်ရှားစေခဲ့ပြီးပိလတ်မင်းသည်ထိုသခင်ကိုလွှတ်ရန်စိတ်ဆုံးဖြတ်သော်လည်း သင်တို့သည်ငြင်းပယ်လျှက်အသေသတ်ရန်သဘောတူခဲ့သည်။သို့သော်လည်းသန့်ရှင်းဖြောင့်မတ်သောအရှင်ကိုသင်တို့ငြင်းဆန်ခဲ့ပြီ၊လူသတ်ကောင်ကိုရွေးချယ်ခဲ့ပြီ။အသက်ရှင်ခြင်း၏သခင်ကို သင်တို့သတ်ခဲ့သော်လည်း ဘုရားသခင်သည်သူ့ကိုရှင်ပြန်ထမြောက်စေခဲ့သည်။ဤအခြင်းအရာကို ငါတို့သက်သေခံကြသည်။ယခင်က ကိုယ်အင်္ဂါမသန်မစွမ်းသော်လည်း ယခုကဲ့သို့လုံးဝပျောက်ကင်းရခြင်းမှာသခင်ခရစ်တော်ကို ယုံကြည်သောကြောင့်ဖြစ်သည်ဟု ရှင်ပေတရုက ပြောကြားခဲ့ပါသည်။

ယဇ်ပရောဟိတ်မင်းများနှင့်အကြီးအကဲတို့သည်ထိုစကားများကိုမခံမရနိုင်ပါ။တပည့်တော်များကို ဖမ်းဆီးချုပ်နှောင်ခဲ့ပါသည်။သို့သော်တပည့်တော်များ၏သက်သေခံခြင်းတစ်ခုတည်းကြောင့်သခင်ခရစ်တော်သေခြင်းမှထမြောက်၍ကောင်းကင်သို့တက်ကြွသွားသည့်အကြောင်းကိုလူထောင်ပေါင်းမြောက်မြားစွာက ယုံကြည်လက်ခံခဲ့ပါသည်။ယဇ်ပရောဟိတ်မင်းနှင့်အကြီးအကဲတို့သည်အခက်ကြုံလျှက်ရှိနေပါသည်။လူအများတို့က သူတို့ကိုအာရုံပြုရန်သခင်ခရစ်တော်ကိုသတ်ဖြတ်ခဲ့ကြပါသည်။ယခုအချိန်မှာပို၍ဆိုးဝါးလာပါသည်။သခင်ခရစ်တော်ကိုသတ်ဖြတ်သည့်အတွက်တပည့်တော်များ၏တိုက်ရိုက်စွပ်စွဲခြင်းကိုခံရပြီးနောင်မည်သို့ဖြစ်လာပြီးလူထု၏သဘောထားမည်သို့ရှိနေမည်ကိုလည်းမခန့်မှန်းနိုင်ပါ။တပည့်တော်များကိုသတ်ဖြတ်လိုသော်လည်း ပြည်သူလူထုအမြတ်ထွက်၍မိမိတို့ကိုခဲနှင့်ပေါက်မည်ကိုယဇ်ပရောဟိတ်နှင့်အကြီးအကဲများကစိုးရိမ်ခဲ့ပါသည်။တပည့်တော်များကို ထိုသူတို့စည်းဝေးရာသို့ခေါ်ထုတ်လိုက်ပါသည်။ထိုအစည်းအဝေးတွင်ဖြောင့်မတ်သောအရှင်ကို သတ်ရန်ကြွေးကြော်ခဲ့သူများလည်း ပါဝင်ခဲ့ပါသည်။သခင်ခရစ်တော်၏တပည့်တော်ဖြစ်ကြောင်းစွပ်စွဲခြင်းခံရသောအခါကြိမ်းမောင်းငြင်းဆိုခဲ့သည့်ရှင်ပေတရု၏သူရဲဘောကြောင်သောအပြုအမူလည်းထိုသူတို့သိနှင့်ပြီးဖြစ်ပါသည်။ ရှင်ပေတရုကိုခြောက်လန့်နိုင်မည်ဟုထင်ခဲ့သော်လည်းသူပြောင်းလဲခဲ့သည်။ သခင်ခရစ်တော်ကို ပြန်လည်ချီးမြှောက်ရန် အခွင့်အရေးကိုရှင်ပေတရုတစ်ခါရခဲ့ပြန်၏။ကိုယ်တော်ကိုတစ်ကြိမ်တစ်ခါကငြင်းဆိုခဲ့သည့် သူရဲဘောကြောင်သည့်မိမိ၏လုပ်ဆောင်ချက်ကိုယခုအခါတွင်ပြန်လည်ပြင်ဆင်၍မိမိငြင်းဆန်ခဲ့သည့်အမည်နာမတော်ကိုပြန်လည်ချီးမြှောက်ရန်အခွင့်ပြန်လည်ရရှိခဲ့ပါသည်။ရှင်ပေတရု၏နှလုံးသားလည်း ကြောက်စိတ်လုံးဝမရှိပါ။သန့်ရှင်းရဲရင့်သည့်သတ္တိနှင့် ဝိညာဉ်တော်၏တန်ခိုးဖြင့်မကြောက်မရွံ့ဘဲ ၎င်းတို့သတ်ဖြတ်ခဲ့၍ ဘုရားသခင်ပြန်လည်ရှင်ပြန်ထမြောက်စေခဲ့သည့်နာဇရက်မြို့

သားယေရှုခရစ်၏ နာမတော်အားဖြင့်ဤသူ၏ အနာရောဂါပျောက်ကင်းကြောင်း သက်သေခံခဲ့ပါသည်။ သင်တို့ငြင်းဆန်ခဲ့သောကျောက်သည် ယခုအခါတွင်အုတ်မြစ်ကျောက်ဖြစ်နေပါသည်။ သခင်ခရစ်တော်၏နာမတော်မှလွဲ၍ ကယ်တင်ခြင်းသည် ဤလောကရှိ မည်သူတစ်စုံတစ်ယောက်၏နာမအားဖြင့်မရရှိနိုင်ချေ။

ရှင်ပေတရုနှင့်ရှင်ယောဟန်တို့၏သတ္တိကိုအများကအံ့ဩခဲ့ပါသည်။မိမိတို့၏ရိုးသားရဲရင့်မှုကို ကြည့်လျှက်ထိုသူတို့သည်သခင်ခရစ်တော်အတူရှိကြောင်းကိုအများက အသိအမှတ်ပြုခဲ့ပါသည်။ သူတို့၏သတ္တိတည်ကြည်မှုသည်လူသတ်သမားများ၏ရှေ့မှရှိစဉ်အခါသခင်ခရစ်တော်၏ရဲရင့်တည်ကြည်မှုနှင့်တူနေပါသည်။ရှင်ပေတရုသည်သခင်ခရစ်တော်ကို ငြင်းပယ်ပြီးသည့်နောက်ကိုယ်တော်သည်သူ့ကို ဝမ်းနည်းကျေကွဲသောအကြည့်နှင့် လှည့်၍ကြည့်ခဲ့ပါသည်။ တစ်ကြိမ်တွင်မူ မိမိအရှင်သခင်ကို ရဲဝံ့စွာ သစ္စာပြုခဲ့သည့်အတွက် ကောင်းကြီးမင်္ဂလာခံစားခဲ့ရပါသည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခဲ့ပါသည်။

ယဇ်ပရောဟိတ်မင်းအကြီးအကဲတို့သည် တပည့်တော်တို့ကို မုန်းတီးကြောင်း ပွင့်လင်းစွာမဖေါ်ပြနိုင်ပါ။ ထို့ကြောင့်မိမိတို့ဆက်လက်တိုင်ပင်နိုင်ရန်အတွက်တပည့်တော်များကိုစည်းဝေးခမ်းမအပြင်သို့ထွက်ခိုင်းခဲ့ပါသည်။ ထို့နောက်“ဤသူတို့ကိုငါတို့မည်သို့ပြုလုပ်မည်နည်း။ယေရုရှလင်မြို့၌ရှိသောလူတိုင်းသည် ထိုနိမိတ်လက္ခဏာကိုသိရှိခဲ့ပြီဤအခြင်းအရာကိုငါတို့မငြင်းဆန်နိုင်“ဟုဆွေးနွေးခဲ့ပါသည်။ ထိုကောင်းမြတ်သောလုပ်ဆောင်ချက်သည် ပြန့်နှံ့သွားမည်ကိုစိုးရိမ်ခဲ့ပါသည်။အကယ်၍ထိုသတင်းစကားပြန့်နှံ့သွားပါကသူတို့၏တန်ခိုးဩဇာကျဆုံးပြီးသခင်ခရစ်တော်ကို သတ်ဖြတ်သူများအဖြစ် အများကမြင်လာပါလိမ့်မည်။ သူတို့တတ်နိုင်သောအရာတစ်ခုမှာ တပည့်တော်များကိုခြိမ်းခြောက်၍အသက်မသေလိုပါကသခင်ခရစ်တော်၏နာမတော်ကိုရှောင်ရမည်ဟု သတိပေးလိုက်ပါသည်။သို့သော်ရှင်ပေတရုသည်မိမိတို့တွေ့မြင်ခဲ့သောအရာများကိုမပြောဘဲမနေနိုင်ဟုရဲဝံ့စွာပြန်လည်ဖြေကြားလိုက်ပါသည်။

တပည့်တော်များတို့သည်ဘုရားသခင်၏တန်ခိုးတော်အားဖြင့် လူနာများကို ဆက်လက်ပျောက်ကင်းစေခဲ့ပါသည်။ယဇ်ပရောဟိတ်မင်းနှင့်အကြီးအကဲများတို့နှင့်အပေါင်းပါတို့သည်စိုးရိမ်လျှက်ရှိပါသည်။အသေသတ်ခြင်းခံပြီးပြန်လည်ရှင်ပြန်ထမြောက်ကာကောင်းကင်သို့တက်ကြွသွားသည့် ကယ်တင်ရှင်ကို လူရာပေါင်းမြောက်မြားစွာနေစဉ်ယုံကြည်လာလျှက်ရှိပါသည်။ပြန်လည်တည်ငြိမ်မှုရရန်အတွက်တမန်တော်များတို့ကိုထောင်ထဲ၌ အကျဉ်းချခဲ့ပါသည်။စာတန်နှင့်သူ၏နတ်ဆိုးတို့သည်ဝမ်းမြောက်လျှက်ရှိသော်လည်းဘုရားသခင်၏ ကောင်းကင်တမန်များတို့သည်ထောင်တံခါးများကိုဖွင့်လျှက်ယဇ်ပရောဟိတ်မင်းနှင့်အကြီးအကဲတို့၏အမိန့်များကိုလွန်ဆန်ကာ ဗိမာန်တော်၌အသက်ရှင်ခြင်းနုတ်ကပတ်တော်ကိုသွားရောက်ဟောကြားရန်စေခိုင်းခဲ့ပါသည်။ကောင်စီဝင်များ ပြန်လည်စုရုံးလာသောအခါအကျဉ်းကျနေသောသူတို့ကိုဆင့်ခေါ်ခဲ့ပါသည်။ အစောင့်အကြပ်တို့သည် သတ်မှတ်ထားသောထောင်တံခါးများကိုဖွင့်လျှက်ဝင်ရောက်ခဲ့သော်လည်းအကျဉ်းသားများကိုမတွေ့ရတော့ပါ။ ယဇ်ပရောဟိတ်အကြီးအကဲများထံသို့ပြန်လည်ရောက်ရှိလာသောအခါအကျဉ်းထောင်တံခါးများကိုလုံခြုံစွာသော့ခတ်ထားပြီးတံခါးစောင့်တို့သည်စောင့်ကြပ်လျှက်ရှိစေကာမူအကျဉ်းထောင်ထဲသို့ရောက်ရှိလာသောအခါအကျဉ်းသားများကိုမတွေ့ရတော့ကြောင်းအစီရင်ခံခဲ့ပါသည်။ထိုအချိန်တွင်တစ်ဦးတစ်ယောက်ကရောက်ရှိလာပြီးထောင်ထဲ၌အကျဉ်းကျခဲ့သောသူတို့သည်ဗိမာန်တော်၌လူအများတို့ကိုတရားတော်သွန်သင်လျှက်ရှိကြောင်းပြောဆိုခဲ့ပါသည်။ လူအများတို့၏ခဲနှင့်ပေါက်မည့်ရန်ကိုကြောက်သောကြောင့်အစောင့်အကြပ်တို့သည်အကြမ်းဖက်မှုတစ်စုံတစ်ခုမျှမရှိဘဲတမန်တော်များကိုစည်းဝေးရာခမ်းမဆောင်သို့ခေါ်ဆောင်ခဲ့ပါသည်။ယဇ်ပရောဟိတ်အကြီးအကဲကဤနာမကိုအမှီပြုလျှက်တရားမဟောရန် ငါတို့တားမြစ်ခဲ့သည်မဟုတ်လော။ ယခုအခါ၌ယေရုရှလင်မြို့တစ်ခုလုံးသည် သင်တို့၏ယုံကြည်မှုဖြင့်ပြည့်လျှံလျှက်ရှိပြီးထိုသူ၏အသွေးသည်ငါတို့အပေါ်သို့ကျရောက်ရန်သင်တို့လုပ်ဆောင်လျှက်ရှိပြီဟု စွပ်စွဲလိုက်ပါသည်။

ထိုယဇ်ပရောဟိတ်တို့သည်အယောင်အဆောင်များသာဖြစ်ပြီးဘုရားကိုချစ်ရမည်ထက် လူအမြောက်အမြားချီးမွမ်းခြင်းကိုပို၍တောင့်တခဲ့သည်။စိတ်နှလုံးမာကျောလျှက်ရှိပြီး တပည့်တော်များ၏အံ့ဖွယ်အကောင်းဆုံးနိမိတ် လက္ခဏာပင်လျှင်သူတို့၏အမျက်ဒေါသကိုလှုံ့ဆော်ခဲ့ပါသည်။သခင်ခရစ်တော်၏အသေခံတော်မူခြင်း ရှင်ပြန်ထမြောက်တော်မူခြင်းနှင့်ကောင်းကင်သို့တက်ကြွသွားခြင်းကိုလည်းတပည့်တော်များတို့သည်ဟောကြားနေပါကမိမိတို့အပြစ်များပေါ်လွင်လျှက်သခင်ခရစ်တော်သတ်ဖြတ်ခဲ့သူများအနေဖြင့် လူသိများလာမည်ကိုသူတို့သိမြင်ပါ

သည်။ထိုသူ၏အသွေးသည်ငါတို့နှင့်ငါတို့၏သားသမီးများအပေါ်သို့ကျပါစေဟုကြွေးကြော်ခဲ့စဉ်အခါနှင့်နိုင်းယှဉ်လျှင်ယခုအခါ၌သခင်ခရစ်တော်၏အသွေးတော်သည် သူတို့အပေါ်၌ကျရောက်မည်ကိုစိုးရိမ်ဖွယ်ရှိပါသည်။

လူ၏စကားထက်ဘုရားသခင်၏စကားကိုနားထောင်မည့်အကြောင်းတမန်တော်များတို့သည် ရဲဝံ့စွာသက်သေခံခဲ့ပါသည်။ ငါတို့အဖများ၏ဘုရားသည် သင်တို့သတ်ဖြတ်၍ သစ်တိုင်ပေါ်မှချိတ်ဆွဲထားခဲ့သောယေရှုကိုသေခြင်းမှရှင်ပြန်ထမြောက်စေခဲ့သည်။လက်ယာတော်ဖက်၌ကယ်တင်ရှင်နှင့် မင်းသားအရာ၌ ချီးမြှောက်ခန့်ထားတော်မူသည်။ဣသရေလလူမျိုးတို့နောင်တရ၍အပြစ်လွတ်ခွင့်ရရှိရန် ထိုသို့ပြုတော်မူသည်။ငါတို့သည် ဤအခြင်းအရာကိုသက်သေခံသည့်နည်းတူဘုရားသခင်၏စကားတော်ကိုယုံကြည်နားထောင်သောသူတို့အဖို့ သွန်းလောင်းတော်မူသည့်သန့်ရှင်းသောဝိညာဉ်တော်သည်လည်းသက်သေခံလျှက်ရှိသည်ဟူ၍ရှင်ပေတရုပြန်လည်ဖြေကြားခဲ့ပါသည်။ထိုအခါထိုလူသတ်ကောင်များမှာအမျက်ဒေါသထွက်လာပါသည်။တပည့်တော်များကိုသတ်၍ နောင်တဖန်သွေးစွန်းရန်သူတို့ဆန္ဒပြင်းပြလာခဲ့ပါသည်။ဤကဲ့သို့ပြုလုပ်ရန်စီစဉ်နေခိုက်တွင် ဘုရားသခင်၏ကောင်းကင်တမန်သည်ဂါမာလျေလကိုအသုံးပြု၍ ယဇ်ပရောဟိတ်မင်းနှင့်အကြီးအကဲတို့ကို ဆုံးမစေခဲ့ပါသည်။ ထိုဂါမာလျေလကဤသူတို့ကိုအန္တရာယ်မပြုနှင့်။လူ၏လုပ်ဆောင်ချက်ဖြစ်ပါက ကျဆုံးလိမ့်မည်။ သို့သော် ဘုရားသခင်ထံမှ လာပါကငါတို့တိုက်ဖျက်၍မရ။ဘုရားသခင်ကို အံတုလိုသူများအဖြစ်ထင်ရှားလိမ့်မည်ဟုပြောဆိုခဲ့ပါသည်။ နတ်ဆိုးများတို့သည် ယဇ်ပရောဟိတ်မင်းနှင့်အကြီးအကဲတို့ကို အသုံးပြုလျှက်တမန်တော်များတို့ကိုသတ်ဖြတ်ရန် ကြိုးစားသော်လည်း ဘုရားသခင်သည် မိမိ၏ကောင်းကင်တမန်ကိုစေလွှတ်လျှက် ရန်သူများကြားထဲမှ လူတစ်ဦးကို တပည့်တော်များဘက်မှရပ်တည်စေခဲ့ပါသည်။တမန်တော်များ၏ လုပ်ဆောင်ချက်များမပြီးမြောက်သေးပါ။ မိမိတို့ကြားခဲ့မြင်ခဲ့သောအရာများနှင့်သခင်ခရစ်တော်၏နာမတော်ကိုရှင်ဘုရင်များရှေ့တော်မှောက်၌သက်သေခံရအုံးမည်။ယဇ်ပရောဟိတ်မင်းနှင့်အကြီးအကဲတို့သည်တပည့်တော်များကိုရိုက်နှက်ကာခရစ်တော်၏ နာမတော်၌သက်သေခံခြင်းမပြုရန်အမိန့်ပေးပြီးမှပြန်လွှတ်လိုက်ပါသည်။ ကိုယ်တော်၏ အံ့ဖွယ်နာမတော်ကြောင့် ညှဉ်းပန်းခြင်းခံရသည်ကိုထိုက်တန်ပါသည်ဟုဂုဏ်တော်ချီးမွမ်းလျှက်ထိုအစည်းအဝေးမှထွက်လာခဲ့ကြပါသည်။မိမိတို့၏အမှုတော်လုပ်ငန်းကိုဆက်လက်လုပ်ဆောင်လျှက်အသင်းတော်၌၎င်း၊မိမိတို့ဖိတ်ကြားသည့်အိမ်တိုင်း၌၎င်း တရားတော်ကို ဝေငှခဲ့ကြပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဆက်လက်ကြီးထွားတိုးပွားလာခဲ့ပါသည်။ တပည့်တော်များတို့သည်သခင်ခရစ်တော်၏အလောင်းတော်ကိုခိုးယူသွားကြောင်းမုသာစကားကိုသက်သေခံရန်အတွက်စာတန်သည်ယဇ်ပရောဟိတ်မင်းနှင့်အကြီးအကဲတို့အားရောမစစ်သည်တော်တို့ကိုလာဘ်ထိုးငွေရမ်းခဲ့ပါသည်။ ဤမုသာစကားအားဖြင့်အမှန်တရားကိုဖုံးကွယ်ထားရန်ကြိုးစားသော်လည်းသခင်ခရစ်တော်ရှင်ပြန်ထမြောက်သည့်သက်သေလက္ခဏာတို့ကိုပတ်ဝင်းကျင်၌တွေ့မြင်နေရပါသည်။ မိမိတို့တွေ့ခဲ့မြင်ခဲ့သောအရာများကိုရဲရင့်စွာသက်သေခံလျှက်တပည့်တော်တို့သည်သခင်ခရစ်တော်၏နာမတော်၌အလွန်ကြီးမားသောအံ့ဖွယ်နိမိတ်လက္ခဏာတို့ကို ပြုလုပ်ခဲ့ပါသည်။ ဘုရားသခင်၏သားတော်ကို အနိုင်ယူဖျက်ဆီးနိုင်သည့်အချိန်အခါ၌ ထိုသူ၏အသွေးသည်ငါတို့အပေါ်၌ကျပါစေဟုကြွေးကြော်သောသူများအပေါ်၌ သခင်ခရစ်တော်၏အသွေးတော်ကိုရဲရင့်စွာပုံအပ်ခဲ့ပါသည်။

ခေတ်အဆက်ဆက် သခင်ခရစ်တော်၏တပည့်တော်များကို ညီညွတ်စေမည့် ကျောက်ဆူးတည်းဟူသောသမ္မာတရားများကိုအထူးဂရုစိုက်ထိမ်းသိမ်းရန်အတွက်ဘုရားသခင်သည်ကောင်းကင်တမန်များကိုတာဝန်ပေးအပ်ထားကြောင်း ကျမတွေ့မြင်ခဲ့ရပါသည်။

ဣသရေလလူမျိုးတို့၏မျှော်လင့်ရာသမ္မာတရားဖြစ်သည့်သခင်ခရစ်တော်၏အသေခံတော်မူခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့်ကောင်းကင်သို့တက်ကြွသွားခြင်းကိုသက်သေခံသည့် တမန်တော်များအပေါ်၌ သန့်ရှင်းသောဝိညာဉ်တော်အထူးကျရောက်ခဲ့ကြောင်းတွေ့ရှိရပါသည်။ဤလောက၏တစ်ခုတည်းသော မျှော်လင့်ရာကယ်တင်ရှင်ဖြစ်သည့်သခင်ခရစ်တော်ကိုမျှော်ကြည့်လျှက်မိမိ၏အသက်တော်စွန့်ခြင်းဖြင့် ခရစ်တော်ဖွင့်လှစ်ပေးသောလမ်းအတိုင်းလျှောက်လှမ်းမည့်ပညတ်တော်တို့ကို စောင့်ထိန်း၍၎င်းယုဒလူမျိုးတို့ကို အမြတ်ထွက်စေမည့်ကိုယ်တော်ကိုသတ်ဖြတ်စေခဲ့သည့် လုပ်ငန်းရပ်များကိုဆက်လက်ဖေါ်ထုတ်ရန် သခင်ခရစ်တော်သည် တပည့်တော်များကို တန်ခိုးပေးရာ၌ကိုယ်တော်၏ကောင်းမြတ်ခြင်းနှင့် ဂုဏ်တော်ကို ကျမတွေ့မြင်ခဲ့ရပါသည်။ တပည့်တော်တို့သည် စာတန်၏လုပ်ဆောင်ချက်များကို အနိုင်ယူရန်တန်ခိုးရရှိခဲ့ပါသည်။ လူဆိုးများတို့၏လက်ချက်ကြောင့် အရှက်ရ၍အသက်တော်စွန့်ခဲ့ရသည့်ခရစ်တော်၏နာမတော်၌အံ့ဖွယ်နိမိတ်လက္ခဏာများကို ပြုလုပ်နိုင်ခဲ့ပါသည်။သခင်ခရစ်

တော်အသက်တော်စွန့်၍ ပြန်လည်ရှင်ပြန်ထမြောက်သောအချိန်အခါ၌ ဘုန်းတော်ရောင်ခြည်ထွန်းတောက်ခဲ့ပါသည်။ဤအခြင်းအရာကြောင့် ကိုယ်တော်သည်ဤလောက၏ကယ်တင်ရှင်ဖြစ်ကြောင်း ပိုမိုထင်ရှားခဲ့ပါသည်။

ဆက်လက်လေ့လာရန်။ တမန် ၃-၅ ကိုဖတ်ပါ။

## အခန်း (၁၃) သတေဖန် သေဆုံးခြင်း။

ယေရုရှင်လင်မြို့တွင်တပည့်တော်များအလျှင်အမြန် ပွားများလာပြီး ဘုရားသခင်၏နှုတ်ကပတ်တော်သတင်းစကားသည်လည်းကျယ်ပြန့်လာပါသည်။ယဇ်ပရောဟိတ်အမြောက်အမြားတို့သည်ယုံကြည်ခြင်းခိုင်မာလာပြီး အလိုတော်ကိုလိုက်လျှောက်လာပါသည်။သတေဖန်သည်ယုံကြည်ခြင်းခိုင်မာလျှက် လူထုအကြားတွင်ကြီးမားသောနိမိတ်လက္ခဏာများပြုလုပ်လာပါသည်။ ယဇ်ပရောဟိတ်များသည် ယဇ်ပူဇော်ခြင်းအမှုနှင့်ရိုးရာများကို ကျော်ခိုင်းလျှက်သခင်ခရစ်တော်ကို လက်ခံယုံကြည်လာခဲ့ကြသောကြောင့် ကျန်အချို့တို့မှာ အမျက်ဒေါသ ထွက်နေကြပါသည်။သတေဖန်သည်အထက်မှ တန်ခိုးတော်ရရှိပြီးယဇ်ပရောဟိတ်နှင့် အကြီးအကဲတို့ကိုဆုံးမလျှက် သခင်ခရစ်တော်ကို ချီးမြှောက်လျှက်ရှိပါသည်။ သတေဖန်၏အသိပညာနှင့်တန်ခိုးကို နားမလည်ရုံပင်မက သူ့ကိုအနိုင်ယူ၍ မရပါ။မမှန်သောသက်သေများကိုငှါးလျှက်မောရှေနှင့်ဘုရားသခင်ကိုပြစ်မှားသည်ဟုသတေဖန်ကိုမတရားစွပ်စွဲ ခဲ့ပါသည်။လူထုကိုအုံကြွစေပြီးသတေဖန်ကိုဆွဲခေါ်သွားကာဗိမာန်တော်နှင့်ပညတ်တော်ကို ပြစ်မှားပြောဆိုသည်ဟု မမှန်မကန်စွပ်စွဲခဲ့ပါသည်။နာဇရက်မြို့သား သခင်ယေရှုသည် မောရှေ၏ပညတ်များကို ဖျက်ဆီးမည့်အကြောင်း သတေဖန်ဟောကြားသည်ဟု သက်သေခံပြောဆိုခဲ့ပါသည်။

သတေဖန်ကိုတရားစီရင်သောသူတို့သည်သတေဖန်၌ဘုရားသခင်၏ဘုန်းတော်ထွန်းလင်းကြောင်းကိုတွေ့ခဲ့ရပါသည်။သူ၏မျက်နှာသည်ကောင်းကင်တမန်၏မျက်နှာကဲ့သို့ထွန်းလင်းလျှက်ရှိပါသည်။သတေဖန်သည် ယုံကြည်ခြင်း၊သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးခွန်အားအပြည့်ဖြင့် မတ်တပ်ရပ်လျှက် ပရောဖက်ကျမ်းများမှအစပြုကာသခင်ခရစ်တော်ကြွလာမည့်အကြောင်း အသေခံပြီးပြန်လည်ရှင်ပြန်ထမြောက်ကာ ကောင်းကင်သို့တက်ကြွသွားမည့်အကြောင်းကိုဟောကြားလျှက်ဘုရားသခင်သည်လူ၏ လက်ဖြင့်တည်ဆောက်ထားသောဗိမာန်တော်၌ ကိန်းဝပ်မည်မဟုတ်ကြောင်းကိုရှင်းပြခဲ့ပါသည်။ယုဒလူတို့သည် ဗိမာန်တော်ကိုကိုးကွယ်လျှက်ရှိပါသည်။ဗိမာန်တော်ကိုဆန့်ကျင်ပြောဆိုခြင်းသည်ဘုရားသခင်ကိုဆန့်ကျင်သည်ထက်သူတို့အတွက်ပို၍ခံရခက်ပါသည်။ အမျက်ဒေါသထွက်လျှက်ရှိပါသည်။ကောင်းကင်၏အမျက်ဒေါသသည်သတေဖန်၏စိတ်ထဲ၌ပြည့်လျှံလျှက်ရှိကာ ထိုသူတို့၏မတရားမိုက်မဲမှုနှင့်နှလုံးသား အရေပြားလှီးခြင်းမခံရကြောင်းကို ရဲဝံ့စွာသက်သေခံလျှက်ရှိပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ကိုငြင်းဆန်သည့်အကြောင်းသက်သေခံပြောဆိုခဲ့ပါသည်။ထိုသူတို့သည်အပြင်ပန်းသဏ္ဍာန်ဝတ်ပြုကိုးကွယ်ပြီးငင်းတို့၏စိတ်နှလုံးမှာဖေါက်ပြန်ပြီးညစ်ညူးဆိုးမိုက်လျှက်ရှိပါသည်။ထိုသူတို့၏ဘိုးဘေးတို့သည်ရှေးပရောဖက်များကိုရက်စက်စွာသတ်ဖြတ်ခဲ့ကြောင်း၊မိမိတို့ကိုယ်တိုင်သစ္စာဖေါက်သတ်ဖြတ်ခဲ့ပြီးဖြောင့်မတ်သူ၏ရှေတော်ပြေးများကို သူတို့သတ်ဖြတ်ခဲ့ကြောင်း၊ သတေဖန်ပြောဆိုခဲ့ပါသည်။

ပရောဖက်နှင့်အကြီးအကဲတို့သည်သတေဖန်၏ရှင်းလင်းပြတ်သားသော သက်သေခံချက်များကြောင့်အမျက်ဒေါသထွက်ကာသွားထံ ပြေးဝင်သွားကြပါသည်။ ကောင်းကင်၏ အလင်းတန်းသည် သတေဖန်အပေါ်သို့ကျရောက်လျှက်ကောင်းကင်သို့မျှော်ကြည့်ကာရှုပါရုံ၌ဘုရားသခင်၏ဘုန်းတော်ကိုဖူးမြော်ခွင့်ရရှိခဲ့ပါသည်။ကောင်းကင်တမန်များတို့သည်သတေဖန်၏အနား၌ပြန်ဝဲလျှက်ရှိပါသည်။ကျယ်လောင်သောအသံနှင့် ကောင်းကင်များပွင့်လျှက်ရှိပြီးလူသားသည် ဘုရားသခင်၏လက်ယာတော်ဘက်၌ မတ်တပ်ရပ်တော်မူကြောင်းကို ငါတွေ့ရသည်ဟူ၍ ပြောဆိုခဲ့ပါသည်။ လူထုကြီးသည် သတေဖန်ပြောသည့်စကားကို နားမထောင်၊ မိမိတို့၏နားကို ပိတ်လျှက် တစ်ညီတစ်ညွတ်တည်းကျယ်လောင်စွာကြွေးကြော်ကာ သတေဖန်ကိုချုပ်နှောင်၍မြို့ပြင်သို့ခေါ်ထုတ်ကာ ခဲနှင့်ပေါက်ကြပါသည်။သတေဖန်သည်ဒူးထောက်လျှက်ဘုရားသခင်၊ ဤသူတို့၏အပြစ်ကိုမှတ်တော်မမူပါနှင့်ဟုကျယ်လောင်စွာ ဆုတောင်းခဲ့ပါသည်။

သတေဖန်သည်ဘုရားသခင်၏အမှုတော်၌ ထက်မြက်သောသူတစ်ဦးဖြစ်ကာအသင်းတော်၌ အလွန်အရေးကြီးသောအခန်းကဏ္ဍအတွက်ချီးမြှောက်ခြင်းခံရကြောင်းကိုကျမတွေ့ခဲ့ရပါသည်။သတေဖန်ကိုဆုံးရှုံး၍တပည့်တော်များနှမြောတမ်းတမည်ကိုသိသောကြောင့်ခဲနှင့်ပေါက်ကာသတ်ဖြတ်ခြင်းကိုခံရစဉ်စာတန်မာရ်နတ်သည်ပျော်မြူးလျှက်ရှိပါသည်။သို့သော်လည်းစာတန်မာရ်နတ်၏ပျော်ရွှင်မှုသည်အခွန့်မရှည်ခဲ့ပါ။သတေဖန်၏ သေဆုံးခြင်းကိုစောင့်ကြည့်နေသည့်လူအုပ်တွင်နောင်တချိန်၌ခရစ်တော်၏ဘုန်းတော်ကိုဖူးမြော်ရမည့်ပုဂ္ဂိုလ်တစ် ဦးရှိနေခဲ့ပါသည်။ ထိုသူသည် သတေဖန်ကို ခဲနှင့်ပေါက်သတ်ရာ၌ သူကိုယ်တိုင် မပါဝင်သော်လည်း သဘောတူထောက်ခံခဲ့ပါသည်။ရှောလုသည်ဘုရားသခင်၏ အသင်းတော်ကို ညှဉ်းပန်းနှိပ်စက်ရာ၌ စိတ်အားထက်သန်သူတစ်ဦးဖြစ်ပါသည်။ယုံကြည်သူတို့ကိုလိုက်လံရှာဖွေလျှက်မိမိတို့၏ အိမ်မှဆွဲထုတ်ကာ ရာဇဝတ်သားတို့၏ လက်ထဲကွင်အသေသတ်ရန်အပ်နှံခဲ့ပါသည်။စာတန်သည်ရှောလုကိုထိရောက်စွာ အသုံးပြုလျှက်ရှိပါသည်။သို့သော်လည်း စာတန်၏တန်ခိုးအောက်၌ဖမ်းဆီးချုပ်နှောင်သူတို့လွတ်မြောက်စေရန်အတွက်ဘုရားသခင်တတ်နိုင်တော်မူခဲ့ပါသည်။ရှောလုသည်ပညာတတ်တစ်ယောက်ဖြစ်ကာ သူ၌ရှိနေသည့် အရည်အချင်းများကို အသုံးပြုလျှက်ဘုရားသခင်၏သားတော်နှင့်ယုံကြည်သူတို့ကိုပုန်ကန်ညှဉ်းဆဲရန်စာတန်မာရ်နတ်သည်ရှောလုကိုအောင်မြင်စွာအသုံးချလျှက်ရှိပါသည် သို့သော်လည်း သခင်ခရစ်တော်သည်ရှောလုကိုရွေးချယ်ပြီး မိမိနာမတော်ကို ကြွေးကြော်ရန်အတွက်သော်လည်းကောင်း၊တပည့်တော်များ၏အမှုတော်၌ ခွန်အားဖြစ်စေရန်အတွက်သော်လည်းကောင်း၊သတေဖန်၏နေရာ၌ ပိုမိုအစားထိုးဝင်ရောက်ရန်အတွက်သော်လည်းကောင်း၊ အသုံးပြုခဲ့ပါသည်။ယုဒလူမျိုးတို့သည် ရှောလုကိုအထင်ကြီးခဲ့ပါသည်။သူ၏အသိပညာနှင့်စိတ်ထက်သန်မှုကြောင့်သူတို့နှစ်သက်ခဲ့ပါသည်။တပည့်တော်များတို့သည်လည်းသူ့ကို စိုးရိမ်ကြောက်လန့်ခဲ့ပါသည်။

ဆက်လက်လေ့လာရန်။ တမန်တော် ၆-၇။

## အခန်း (၁၄) ရှောလု၏ စိတ်နှလုံးပြောင်းလဲခြင်း။

ရှောလုသည်သခင်ခရစ်တော်အကြောင်းကိုဟောကြားသောသူများတို့ကို ဖမ်းဆီး၍ယေရုရှလင်မြို့သို့ခေါ်ဆောင်ရန် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များထံမှဖမ်းဆီးဝရမ်းများကို ကိုင်ဆောင်လျှက် ဒမသက်မြို့သို့ ခရီးထွက်ခဲ့ပါသည်။နတ်ဆိုးတို့သည်သူ့ကိုခြံရံလျှက်ရှိပါသည်။ ထိုသို့ခရီးသွားနေစဉ်ပင် ကောင်းကင်မှ အလင်းတန်းတစ်ခုသည်သူ့အပေါ်၌ချက်ခြင်းထိုးကျလာပြီး နတ်ဆိုးများကို မောင်းထုတ်ပြီး ရှောလုကိုမြေပေါ်သို့လဲကျစေခဲ့ပါသည်။ သူသည်ကောင်းကင်မှ“ရှောလု၊ရှောလုအဘယ်ကြောင့်ငါ့ကိုညှဉ်းဆဲသနည်း”ဟူ၍ကြားလိုက်ပါသည်။ ရှောလုကလည်းကိုယ်တော်အဘယ်သူဖြစ်ပါသနည်းဟုပြန်လည်မေးမြန်းသောအခါ ငါသည်သင်ညှဉ်းဆဲသောယေရှုဖြစ်၏။ သင်သည်ဒုတ်ချွန်ကိုခြေနှင့်ကန်လျှင်ခက်မည်ဟု ပြန်ပြောသံကိုကြားခဲ့ရပါသည်။ရှောလုသည်အံ့ဩတုန်လှုပ်လျှက်ကိုယ်တော်၊ကျွန်ုပ်မည်သို့ပြုရပါမည်နည်းဟုလျှောက်ခဲ့ပါသည်။ သင်ထလော့။ မြို့ထဲသို့ဝင်လော့။ ပြုရမည့်အမှုကိုပြောပြလိမ့်မည်ဟု ဘုရားသခင်ပြန်လည်မိန့်ကြားခဲ့ပါသည်။

ရှောလု၏အဖေါ်တို့သည်မိန်းမောတွေဝေလျှက်အသံကိုသာကြားပြီးလူကိုမတွေ့ရပါ။အလင်းတန်းပျောက်ကွယ်သောအခါရှောလုသည်မတ်တပ်ရပ်လျှက်မျက်စေ့ကိုဖွင့်သော်လည်း မည်သူ့ကိုမျှမတွေ့ရပါ။ ကောင်းကင်အလင်းတန်း၏ဘုန်းတော်ကြောင့်သူမျက်စိကွယ်ခဲ့ပါသည်။ထိုသူတို့သည်ရှောလုလက်ကိုဆွဲလျှက်ဒမသက်မြို့သို့ခေါ်ဆောင်ခဲ့ပါသည်။ရှောလုသည်သုံးရက်နှင့်သုံးညတိုင်အောင်အစာရေစာမစားဘဲနေခဲ့ပါသည်။ ရှောလုဖမ်းဆီးမည့်ပုဂ္ဂိုလ်တစ်ဦးကိုဘုရားသခင်သည်ရူပါရုံပေးလျှက်လမ်းဖြောင့်အမည်ရှိသောလမ်းကိုသွား၍ယုဒ၏အိမ်၌ တာရှုမြို့

သားရှောလုကိုသွားရောက်ရှာဖွေခိုင်းပါသည်။ရှောလုသည်လည်းမိမိဆုတောင်းနေစဉ်ရူပါရုံ၌အာနနိသည် မိမိထံသို့ရောက်ရှိလာကာမျက်စိပေါ်၌လက်ကိုတင်လျှက်အမြင်အာရုံပြန်လည်ရရှိကြောင်း တွေ့ရပါသည်။

အာနနိသည်ဤကိစ္စနှင့်ပတ်သက်၍အမှားအယွင်းတစ်စုံတစ်ခုရှိမည်ဟု ထင်ကာ ရှောလုနှင့်ပတ်သက်၍ မိမိကြားသိခဲ့ရသည့်အကြောင်းကိုဘုရားသခင်အားပြန်လည်လျှောက်တင်ခဲ့ပါသည်။ သို့သော်လည်းဘုရားသခင်ကခိုင်းသည့်အတိုင်းသွား၍လုပ်ပါ။ သာသနာပလူဘုရင်များနှင့် ဣသရေလလူမျိုးကြားတွင် ဘုရားသခင်၏နာမတော်ကိုသယ်ဆောင်မည့်ရွေးကောက်ခြင်းခံရသည့်တန်ဆာဖြစ်ကြောင်း၊ဘုရားသခင်၏နာမတော်ကြောင့်အဘယ်မျှလောက်ဆင်းရဲခံရမည်ကိုလည်းဘုရားသခင်သည်သူ့ကိုပြသမည့်အကြောင်းမိန့်တော်မူခဲ့ပါသည်။အာနနိသည်ဘုရားသခင်စေခိုင်းသည့်အတိုင်းသွားရောက်ကာရှောလုအပေါ်၌မိမိလက်ကိုတင်လျှက်ညီရှောလု၊သင်လာသောလမ်း၌သင့်အားထင်ရှားတော်မူသောသခင်ယေရှုသည်သင်၏မျက်စိပြန်၍မြင်စေခြင်းငှါ၎င်း၊သင့်ကိုသန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်စေခြင်းငှါ၎င်း၊ ငါ့ကိုစေလွှတ်သည်ဟု ပြောကြားခဲ့ပါသည်။

ရှောလုသည် ချက်ခြင်းမျက်စိမြင်လာပြီး ထ၍ရေနှစ်ခြင်းခံခဲ့ပါသည်။ ထို့နောက် သခင်ခရစ်တော်သည်ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကိုဗိမာန်တော်၌ဟောကြားခဲ့ပါသည်။ကြားရသောလူအပေါင်းတို့သည်အံ့သြလျှက်ဤသူသည်ယေရုရှလင်မြို့၌သခင်ခရစ်တော်၏နာမတော်ကိုယုံကြည်သူတို့အားဖျက်ဆီးခဲ့သည်မဟုတ်လော။ယုံကြည်သူတို့ကို ယဇ်ပရောဟိတ်မင်းများထံသို့ ဖမ်းဆီးခေါ်ဆောင်သွားရန် ဤမြို့သို့လာရောက်ခဲ့သည်မဟုတ်လောဟု မေးခွန်းထုတ်ခဲ့ကြပါသည်။ ရှောလုသည် ခွန်အားတိုးပွားလာပြီးယုဒလူမျိုးတို့ကို ဆန့်ကျင်လာခဲ့ပါသည်။ ထိုသူတို့သည်အခက်ကြုံလျှက်ရှိပါသည်။ရှောလုသည်သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးနှင့်အတူမိမိအကြောင်းကိုသက်သေခံခဲ့ပါသည်။ရှောလု၏သခင်ခရစ်တော်ကို ဆန့်ကျင်သည့်အကြောင်း၊ ကိုယ်တော်ကိုယုံကြည်သူတို့ကိုလိုက်လံရှာဖွေ၍သတ်ဖြတ်ရန်အပ်နှံရာတွင် သူ၏စိတ်ထက်သန်မှုကို လူတိုင်းသိရှိနေပါသည်။ ရှောလု၏အံ့ဖွယ်ပြောင်းလဲခြင်းသည်သခင်ခရစ်တော်၏တန်ခိုးတော်ဖြစ်ကြောင်းကိုထင်ရှားစေပါသည်။ မိမိသည်ယုံကြည်သူတို့ကိုလိုက်လံညှင်းဆဲသတ်ဖြတ်ကာအချို့ကို ထောင်ထဲသို့ပို့ကြောင်း ဒမသက်မြို့၏လမ်းပေါ်၌အလင်းတန်းတစ်ခု မိမိအပေါ်ကျရောက်ခဲ့ပြီးသခင်ခရစ်တော်ကို ကိုယ်တိုင်ဖူးမြော်ရပြီး ကိုယ်တော်သည်ဘုရားသခင်၏ သားတော်ဖြစ်ကြောင်းကိုမိမိသိရှိခဲ့ရကြောင်း သက်သေခံခဲ့ပါသည်။ရှောလုသည် သခင်ခရစ်တော်အကြောင်း ရဲရင့်စွာသက်သေခံလျှက်တန်ခိုးဩဇာကြီးမားခဲ့ပါသည်။သမ္မာကျမ်းစာကိုပိုင်နိုင်စွာသိရှိကာမိမိစိတ်နှလုံးပြောင်းလဲခဲ့ပြီးသည့်နောက်သခင်ခရစ်တော်နှင့်ပတ်သက်သောအနာဂတ္တိကျမ်းများကိုပိုမိုတောက်ပစွာသိရှိခဲ့ရပါသည်။ထိုကြောင့်သမ္မာတရားကိုပိုမိုရှင်းလင်းပြတ်သားစွာဟောကြားခဲ့ပြီးလွဲမှားမှုများကိုလည်းပြင်ဆင်ဖော်ပြခဲ့ပါသည်။သန့်ရှင်းသောဝိညာဉ်တော်သည်သူအပေါ်သို့သက်ရောက်ခြင်းအားဖြင့်သခင်ခရစ်တော်၏ပထအအကြိမ်ကြွလာခြင်းသည်အနာဂတ္တိစကားများနှင့်ကိုက်ညီကြောင်း၊ကိုယ်တော်၏အသေခံတော်မူခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည်လည်း သမ္မာကျမ်းစာ၏ကြိုတင်ဟောကြားချက်များကို ပြည့်စုံစေခဲ့ကြောင်း ဟောကြားနိုင်ခဲ့ပါသည်။

ဆက်လက်လေ့လာရန် တမန်တော် ၉။

## အခန်း (၁၅) ယုဒလူမျိုးတို့သည် ပေါလုကို သတ်ရန် ဆုံးဖြတ်ခဲ့သည်။

ရှင်ပေါလု၏ အသက်တာအတွေ့အကြုံနှင့် လုပ်ဆောင်မှုကိုသိရှိလာသောအခါ ယဇ်ပရောဟိတ်မင်းများနှင့်ခေါင်းဆောင်များတို့သည်သူ့ကိုမုန်းတီးလာပါသည်။သခင်ခရစ်တော်၏အကြောင်းကို ကိုယ်တိုင်ဟောကြားရုံသာမကကိုယ်တော်၏နာမတော်၌ နိမိတ်လက္ခဏာများကို ပြုလုပ်နိုင်သောကြောင့် လူထုကြီးသည် ရိုးရာအစဉ်အလာများကိုကျော်ခိုင်းလျှက်တမန်တော်၏စကားများကိုနားထောင်ပြီးလက်ခံလာပါသည်။ ယဇ်ပရောဟိတ်များကိုလည်း ဘုရားသခင်၏သားတော်ကို သတ်သောသူများအနေဖြင့် မြင်လာပါသည်။ ယဇ်ပရောဟိတ်မင်းတို့သည်အမျက်ဒေါသထွက်လျှက်လူအုပ်ကြီး၏ထကြွမှုကိုဖြေရှင်းရန်စည်းဝေးတိုင်ပင်ခဲ့ပါသည်။ရှင်ပေါလုကို လုပ်ကြံခြင်းသည်အကောင်းဆုံးဖြစ်မည့်အကြောင်းကိုအားလုံးသဘောတူခဲ့ပါသည်။ သို့သော်လည်းဘုရားသခင်သည်ထိုသူတို့၏အကြံအစည်ကို သိသောကြောင့် မိမိအသက်တာ၏ရည်ရွယ်ချက်ကိုပြည့်စုံပြီး သခင်ခရစ်တော်၏နာမတော်အ

တွက် ဒုက္ခခံနိုင်ရန် ကောင်းကင်တမန်များကို စေလွှတ်၍ ရှင်ပေါလုကို ကာကွယ်ခဲ့ပါသည်။

ယုဒလူမျိုးတို့သည်မိမိအသက်ကိုလုပ်ကြံရန်အတွက်ရှာဖွေနေကြောင်းကို ရှင်ပေါလုသတင်းရရှိခဲ့ပါသည်။ ဒမသက်မြို့၏မြို့တံခါးများကိုနေ့ညမပြတ်စောင့်ကြည့်ပြီး ရှင်ပေါလုကို ချက်ခြင်းသတ်ရန် မယုံကြည်သည့် ယုဒလူမျိုးများကိုစာတန်မာရ်နတ်ဦးဆောင်ခဲ့ပါသည်။သို့သော်တပည့်တော်များတို့သည်ရှင်ပေါလုကိုတောင်းထဲ၌ထည့်၍ ညအချိန်တွင်မြို့ရိုးကိုကျော်လျှက် လွှတ်မြောက်စေခဲ့ပါသည်။ဤအဖြစ်အပျက်ကြောင့် မိမိတို့၏မအောင်မြင်မှုအတွက် ယုဒလူမျိုးတို့သည် အရှက်ရ၍ စာတန်၏ရည်ရွယ်ချက်လည်း ပျက်ပြားခဲ့ပါသည်။ ပေါလုသည် ယေရုရှလင်မြို့သို့သွား၍တပည့်တော်များနှင့် ပေါင်းစည်းရန် ကြံရွယ်ခဲ့သော်လည်း သူ့ကိုစိုးရိမ်လျှက်ရှိပါသည်။ ရှင်ပေါလုသည်တပည့်တော်စာရင်းဝင်ဖြစ်မည်ကိုမယုံကြည်ခဲ့ပါ။ဒမသက်မြို့၌ယုဒလူမျိုးတို့သည်ရှင်ပေါလုကို ရှာကြံ၍လုပ်ကြံရန် ကြိုးစားခဲ့ပါသည်။ ယခုလည်းသူ၏ညီအစ်ကိုများမှာ သူ့ကိုငြင်းပယ်နေလျှက်ရှိပါသည်။ သို့သော်ဗာနဗသည်သူ့ကိုလက်ခံပြီး တမန်တော်များထံသို့ခေါ်ဆောင်လာကာ လမ်းခရီး၌ သခင်ခရစ်တော်ကို ဖူးမြော်ခဲ့ရသည့်အဖြစ်အပျက်နှင့် ဒမသက်မြို့၌ ရဲဝံ့စွာသက်သေခံသည့်အကြောင်းကို ပြောပြခဲ့ပါသည်။

ရှင်ပေါလုကိုသတ်ဖြတ်ရန်စာတန်သည်ဂျူးလူမျိုးများကိုလှုံ့ဆော်နေစဉ်သခင်ခရစ်တော်သည်ယေရုရှလင်မြို့မှထွက်ခွါရန်ရှင်ပေါလုကို စေခိုင်းတော်မူခဲ့ပါသည်။ အခြားမြို့များသို့သွား၍ သခင်ခရစ်တော်အကြောင်းဟောကြားကာနိမိတ်လက္ခဏာများကိုပြုလုပ်ခြင်းဖြင့် လူအမြောက်အမြားသည် သခင်ခရစ်တော်ကို ယုံကြည်လာခဲ့ပါသည်။တသက်လုံးခြေလက်မသန်မစွမ်းဖြစ်ခဲ့သူတစ်ဦးသည်ရောဂါပျောက်ကင်းသွားသောကြောင့် ရုပ်ထုကိုးကွယ်သောလူအချို့တို့သည်ဤတမန်တော်များရှေ့၌ပူဇော်ပသမှုကိုပြုလုပ်ရန်စိုင်းပြင်လာခဲ့ကြပါသည်။ ရှင်ပေါလုသည် စိတ်ထိ ခိုက်လျှက် မိမိတို့မှာ သာမန်လူများသာဖြစ်ပြီး ကောင်းကင်မြေကြီးသမုဒ္ဒရာစမ်းရေတွင်းနှင့် ရှိသမျှတို့ကိုဖန်ဆင်းတော်မူသောဘုရားသခင်ကိုသာဝတ်ပြုကိုးကွယ်ရန်တိုက်တွန်းခဲ့ပါသည်။ဤသူတို့ရှေ့တွင် ဘုရားသခင်ကိုချီးမြှောက်သော်လည်းရှင်ပေါလုသည်သူတို့ကိုမထိန်းသိမ်းနိုင်ခဲ့ပါ။ရှင်ပေါလု၏တရားကိုနာကြားရင်း ဘုရားသခင်ကိုသိမြင်လာကာမိမိတို့၏စိတ်ထဲတွင်ကြည်ညိုကိုးကွယ်လိုသောစိတ်များဖြစ်ပေါ်စဉ်၌ပင်စာတန်သည် အခြားမြို့မှမယုံကြည်သူဂျူးများကိုရှင်ပေါလုနောက်သို့လိုက်စေပြီးသူ၏ လုပ်ဆောင်ချက်များကိုဖျက်ဆီးရန် သွေးဆောင်ခဲ့ပါသည်။ရှင်ပေါလုအကြောင်းမမှန်မကန်ပြောဆိုကာဤရုပ်ထုကိုးကွယ်သောသူတို့၏စိတ်ကိုနိုးဆွခဲ့ပါသည်။ကြည်ညိုလေးစားမှုကိုအမုန်းတရားသို့ပြောင်းလဲစေခဲ့သည်။လွန်ခဲ့သောအချိန်အနည်းငယ်ကမိမိတို့ဦးချကိုးကွယ်လိုခဲ့သော်လည်းယခုမူရှင်ပေါလုကိုခဲနှင့်ပေါက်၍အသက်မရှိတော့ဟုထင်ကာမြို့ပြင်သို့ဆွဲထုတ်ခဲ့ပါသည်။တ ပည့်တော်များတို့သည်ရှင်ပေါလုသေသည်ဟုထင်ကာဝိုင်း၍ငိုကြွေးနေစဉ်မမျှော်လင့်ဘဲလဲရာမှထကာ ရှင်ပေါလုသည် တပည့်တော်များနှင့်အတူ မြို့ထဲသို့ဝင်ခဲ့ပါသည်။

ရှင်ပေါလုသည် ခရစ်တော်အကြောင်း တရားဟောနေစဉ် နတ်ဆိုးဆွဲသောအမျိုးသမီးတဦးသည် သူတို့နောက်သို့လိုက်၍ဤပုဂ္ဂိုလ်များတို့သည် အမြင့်ဆုံးသော ဘုရားသခင်၏အစေခံများဖြစ်သည်။ ကျွမတို့အားကယ်တင်ခြင်းလမ်းသို့ညွှန်ပြသည်ဟုပြောဆိုလျှက်ရက်ပေါင်းများစွာကြာအောင်လိုက်လံပြောဆိုခဲ့ပါသည်။ သူမ၏ပြောဆိုမှုကြောင့်လူအမြောက်အမြားတို့သည်အမှန်တရားမှလမ်းလွှဲသွားသောကြောင့် ရှင်ပေါလုစိတ်ထိခိုက်ခဲ့ပါသည်။ ဤအမျိုးသမီးထိုကဲ့သို့ပြောဆိုခြင်းအားဖြင့်လူအများတို့စိတ်အနှောက်အယှက်ဖြစ်ကာတပည့်တော်များ၏သြဇာကိုဖျက်ဆီးရန် စာတန်ရည်ရွယ်ခဲ့ပါသည်။ ရှင်ပေါလုသည် မခံမရပ်ဖြစ်ကာ အမျိုးသမီးဖက်သို့လှည့်၍ နတ်ဆိုးအားခရစ်တော်၏နာမတော်အားဖြင့် သူမအထဲမှထွက်ခွါရန် အမိန့်ပေးလိုက်ပါသည်။နတ်ဆိုးသည် ဆုံးမခြင်းခံရကာထိုအမျိုးသမီးထဲမှ ထွက်ခွါသွားခဲ့ပါသည်။

နတ်ဆရာများတို့သည်တပည့်တော်များကိုနှောက်ယှက်လျှက်ရှိသောဤအမျိုးသမီး၏လှုံ့ဆော်ခြင်းကြောင့်စိတ်ကျေနပ်ခဲ့ပါသည်။နတ်ဆိုးဆုတ်ခွာသွားသောအခါထိုအမျိုးသမီးသည်စိတ်နှလုံးနူးညံ့သောတပည့်တော်မလေးတစ်ဦး ဖြစ်လာသည်ကိုမြင်သောအခါ ထိုသူတို့ အမျက်ဒေါသထွက်ခဲ့ပါသည်။ သူမ၏ ကြိုတင်ဟောကြားမှုများကြောင့်ငွေကြေးအမြောက်အမြားရခဲ့ပါသည်။ သို့သော်လည်းယခုအခါတွင် ထိုနတ်ဆိုးများမရှိတော့ပါ။ငွေရစရာလမ်းလည်းမရှိတော့ပါ။စာတန်၏ရည်ရွယ်ချကပျက်ပြားခဲ့ပါသည်။ သို့သော်လည်းဝင်း၏အစေခံများတို့သည် ရှင်ပေါလုနှင့်သိလတို့ကိုဖမ်းဆီး၍ မြို့အုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များတို့၏ရှေ့သို့ ခေါ်သွင်းလာခဲ့ပါသည်။ ဤသူတို့

သည်နတ်ဆရာများဖြစ်၍ကျွန်ုပ်တို့၏မြို့ကို နှောက်ယှက်လျှက်ရှိသည်ဟုစွပ်စွဲခဲ့ပါသည်။ လူအများတို့သည်လည်း ရှင်ပေါလုနှင့်သိလတို့ကိုဆန့်ကျင်ကြွေးကြော်ခဲ့ပါသည်။ တာဝန်ရှိပုဂ္ဂိုလ်များတို့သည် တမန်တော်များ၏အကျႌများကိုဆုပ်ဖြဲလျှက်သူတို့ကိုရိုက်နှက်ရန်အမိန့်ပေးခဲ့ပါသည်။တမန်တော်များကိုရိုက်နှက်ပြီးသည့်နောက်တွင် အကျဉ်းထောင်သို့ပို့ပြီးဤသူတို့ကိုလုံခြုံစွာထားရန်အမိန့်ပေးသောကြောင့်ထောင်မှူးသည်တမန်တော်နှစ်ဦးအား အကျဉ်းထောင်အတွင်းခန်း၌ခြေထိပ်ခတ်လျှက်ချုပ်နှောင်ထားခဲ့ပါသည်။သို့သော် ဘုရားသခင်၏ကောင်းကင်တမန်များသည်တမန်တော်များနှင့်အတူအကျဉ်းထောင်အတွင်း၌ရှိနေပါသည်။ဤကဲ့သို့အကျဉ်းချခြင်းအားဖြင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားပြီးဤအခြင်းအရာ၌ဘုရားသခင်၏လက်တော်ကိုတွေ့မြင်စေခဲ့ပါသည်။ကိုယ်တော်သည်မိမိအစေခံများနှင့်အတူရှိကာထောင်နံရံတို့ကိုတုန်လှုပ်စေလျှက်ခိုင်ခန့်သောသံတံတိုင်းများပင်လျှင် ပွင့်ထွက်သွားနိုင်ကြောင်းကို ပြတော်မူခဲ့ပါသည်။

ညသန်းခေါင်အချိန်တွင် ရှင်ပေါလုနှင့်သိလတို့သည် ဆုတောင်းလျှက် ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းနေစဉ်မြေငလျင်အကြီးအကျယ်လှုပ်ကာအကျဉ်းစခန်း၏အုတ်မြစ်များပင်လျှင်တုန်ခါခဲ့ပါသည်။ဘုရားသခင်၏ကောင်းကင်တမန်များသည်အကျဉ်းသားများ၏အချုပ်အနှောင်များကိုချက်ခြင်းဖွင့်ပေးခဲ့ကြောင်းကို ကျမတွေ့ခဲ့ရပါသည်။ထောင်မှူးနိုးလာ၍ အကျဉ်းထောင်တံခါးများပွင့်နေကြောင်း တွေ့သောအခါသူစိုးရိမ်ခဲ့ပါသည်။ အကျဉ်းသားများလွတ်မြောက်၍သူသတ်ခံရမည်ကိုစိုးရိမ်လျှက် မိမိကိုယ်ကိုသတ်သေရန် ကြိုးစားစဉ်ရှင်ပေါလုသည်ကျယ်သောအသံနှင့်ပြောဆိုလျှက်သင့်ကိုသင်အန္တရယ်မပြုပါနှင့်။ငါတို့အားလုံးဤနေရာတွင်ရှိသည်ဟု ပြောဆိုလိုက်ပါသည်။ဘုရားသခင်၏တန်ခိုးတော်သည် ထောင်မှူး၏ စိတ်နှလုံးကိုပြောင်းလဲစေခဲ့ပါသည်။ အလင်းယူဆောင်လာရန်ပြောဆိုပြီးရှင်ပေါလုနှင့်သိလတို့၏ ရှေ့၌တုန်ရီလျှက် ရောက်ရှိလာပါသည်။ သူတို့ကိုထောင်ပြင်သို့ ခေါ်ထုတ်လျှက်ဆရာများခင်ဗျား။ကယ်တင်ခြင်းရရန် မည်သို့ပြုလုပ်ရအံ့နည်းဟုမေးခဲ့ပါသည်။တမန်တော်များကလည်းသခင်ခရစ်တော်ကိုမိမိအရှင်သခင်အဖြစ်ယုံလျှင် သင်နှင့်သင့်မိသားစု ကယ်တင်ခြင်းရမည်ဟု ပြန်လည်ဖြေကြားခဲ့ပါသည်။ထောင်မှူးသည်မိမိအိမ်ထောင်မိသားစုများကိုစုဝေးလျှက် ရှင်ပေါလုထံမှ တရားကိုနာယူခဲ့ပါသည်။တမန်တော်များ၏အနာများကိုဆေးကြောလျှက်စိတ်တလုံးတဝတည်းရှိကာထိုည၌ပင်မိမိအိမ်ထောင်စုများ နှင့်အတူရေနှစ်ခြင်းခံခဲ့ပါသည်။ တမန်တော်များအား အစားအစာများတည်ခင်း၍ မိမိ၏အိမ်ထောင်မိသားစုနှင့်အတူ ဝမ်းမြောက်ပျော်ရွှင်စွာဖြင့် ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့ပါသည်။

ထောင်တံခါးများကိုပွင့်စေပြီး ထောင်မှူးနှင့် သူ့မိသားစု၏စိတ်နှလုံးကိုပြောင်းလဲစေခဲ့သော ဘုရားသခင်၏တန်ခိုးတော်အကြောင်းတမြို့လုံးသတင်းပြန့်နှံ့ခဲ့ပါသည်။ မြို့အုပ်ချုပ်ရေးအဖွဲ့အစည်းသည် ထိုသတင်းကိုကြားသောအခါကြောက်လန့်၍ရှင်ပေါလုနှင့်သိလတို့ကိုလွှတ်ပေးရန်ထောင်မှူးအားအကြောင်းကြားခဲ့ပါသည်။သို့သော်ရှင်ပေါလုသည်ယခုကဲ့သို့ မထင်မရှားနှင့်ထောင်မှ လွှတ်ရန်အလိုမရှိခဲ့ပါ။ ငါတို့သည်ရောမသားများဖြစ်လျှက်နှင့်အများရှေ့တွင်ရိုက်နှက်စီရင်ခြင်းခံရပြီးထောင်ချခဲ့ပါသည်။သို့သော်ယခုတွင်ထောင်မှထွက်သွားရန် တိတ်တဆိတ်ပြောဆိုခဲ့ခြင်းကိုငါတို့လက်မခံ။ထိုသူများကိုယ်တိုင်ငါတို့ကိုလာရောက်ခေါ်ထုတ်ရမည်ဟုတင်းခံခဲ့ပါသည်။ရှင်ပေါလုနှင့်သိလတို့သည်ဘုရားသခင်၏တန်ခိုးတော်ထင်ရှားမှုကို မေ့မှိန်သွားရန် အလိုမရှိခဲ့ပါ။ရှင်ပေါလုနှင့် သိလတို့သည် ရောမသားများဖြစ်ကြောင်းကို မြို့အုပ်များကသိရှိလာသောအခါ အလွန်စိုးရိမ်ခဲ့ပါသည်။ ထို့ကြောင့်မိမိတို့ကိုယ်တိုင်ထောင်ထဲရောက်ရှိလာကာတမန်တော်များကိုခေါ်ထုတ်လျှက်မိမိတို့၏မြို့မှထွက်ခွာသွားရန် တောင်းပန်ခဲ့ပါသည်။

ဆက်လက်လေ့လာရန်။ တမန် ၁၄၊ ၁၆

## အခန်း (၁၆) ယေရုရှလင်မြို့သို့ ရှင်ပေါလု လည်ပတ်ခြင်း။

ရှင်ပေါလု၏အသက်တာပြောင်းလဲပြီးသည့်နောက် များမကြာမီတွင် ယေရုရှလင်မြို့သို့သွားရောက်ကာသခင်ခရစ်တော်နှင့်ကိုယ်တော်၏ကျေးဇူးတော်အကြောင်းကိုဟောကြားခဲ့ပါသည်။ မိမိ၏အံ့ဖွယ်ပြောင်းလဲခြင်းအကြောင်းကိုပြောကြားရာ၌ယဇ်ပုရောဟိတ်များနှင့်အကြီးအကဲများတို့သည် အမျက်ဒေါသထွက်ကာသူ့ကိုလုပ်ကြံ

ရန် ကြိုးစားခဲ့ပါသည်။ ရှင်ပေါလု၏အသက်တာကို ကယ်တင်ရန်အလို့ငှါ မိမိဆုတောင်းနေစဉ်တွင် ရူပါရုံရ၍ ယေရုရှလင်မြို့ရှိမြို့သူမြို့သားတို့သည်မိမိ၏သက်သေခံခြင်းကို လက်ခံမည်မဟုတ်သောကြောင့် ယေရုရှလင်မြို့မှ အလျင်အမြန်ထွက်ခွါရန်သခင်ခရစ်တော်ကိုယ်တိုင်ရှင်ပေါလုအားမိန့်တော်မူခဲ့ပါသည်။ရှင်ပေါလုသည်သခင်ခရစ်တော်အားတောင်းပန်၍လျှောက်ထားခဲ့ပါသည်။ ကိုယ်တော်ကိုယုံကြည်သောသူတို့ကိုတရားစရပ်တိုင်း၌ လိုက်လံရှာဖွေပြီးရိုက်နှိုက်၍ထောင်ချခဲ့ကြောင်းကို ဤသူတို့သိပါသည်။သတေဖန်သည် မာတုရသေခြင်းနှင့် အသက်ပေးသောအခါ၌လည်းခဲနှင့်ပေါက်သောသူတို့၏ ဝတ်လုံများကို အကျွန်ုပ်စောင့်ရှောက်ခဲ့ပြီး သက်သေပြုခဲ့ကြောင်းကိုလည်းဤသူတို့သိပါသည်ဟုလျှောက်ထားခဲ့ပါသည်။ယေရုရှလင်မြို့ရှိ ယုဒလူမျိုးတို့သည် ရှင်ပေါလု၏သက်သေခံချက်ကိုငြင်းဆန်ခြင်းမပြုဘဲဘုရားသခင်၏တန်ခိုးတော်အားဖြင့်သာပြုလုပ်နိုင်မည့်ဤမဟာအမှုတော်ကြီးကို ဆင်ခြင်လိမ့်မည်ဟု ရှင်ပေါလုထင်မှတ်ခဲ့ပါသည်။ သို့သော်သခင်ခရစ်တော်မိန့်တော်မူသည်မှာ“သင်ထ၍သွားလော့။ သင့်ကို တပါးအမျိုးသားများထိတိုင်ငါစေလွှတ်မည်”ဟု မိန့်တော်မူခဲ့ပါသည်။

ယေရှုရှလင်မြို့မှထွက်ခွါပြီးသည့်နောက်ရှင်ပေါလုသည် မိမိအတွေ့အကြုံများနှင့် ထက်မြက်သည့် သက်သေခံချက်များကိုအခြေပြု၍ ဒေသအနှံ့သို့ စာများရေးသားခဲ့ပါသည်။ သို့သော်လည်း ရှင်ပေါလု၏စာများကို ဖျက်ဆီးရန်လူအချို့တို့ကကြိုးစားခဲ့ပါသည်။ရှင်ပေါလုရေးသားခဲ့သောစာများသည် အလေးချိန်စီး၍ တန်ခိုးထက်မြက်ကြောင်းသို့သော်လည်းရှင်ပေါလုသည်ကိုယ်ကာယအားနည်းသောသူတစ်ဦးဖြစ်ကာအပြောကောင်းသူမဟုတ်ကြောင်း ထိုသူတို့ ဝန်ခံခဲ့ပါသည်။

ရှင်ပေါလုသည် ဗဟုသုတဉာဏ်ပညာနှင့် ပြည့်ဝကာ တရားနာပရိသတ်ကို သြဇာလွှမ်းမိုးနိုင်ကြောင်း၊ ကျမ တွေ့ရှိခဲ့ရသည်။ သူ၏အသိပညာကြွယ်ဝမှုကို ပညာတတ်များကလေးစားခဲ့ပြီး အမြောက်အမြားတို့သည်သခင်ခရစ်တော်ကိုယုံကြည်လာခဲ့ပါသည်။ရှင်ဘုရင်များနှင့် လူထုပရိသတ်ရှေ့မှောက်တွင် ဟောကြားရာ၌ဆွဲဆောင်မှုရှိပြီးသြဇာသက်ရောက်ခဲ့ပါသည်။ဤအချက်များကြောင့်ယဇ်ပရောဟိတ်များနှင့် အကြီးအကဲများတို့သည်အမျက်ထွက်ခဲ့ပါသည်။အတွေးအခေါ် စဉ်းစားရာ၌နက်နဲမှုရှိကာပရိသတ်များကိုအပြည့်အဝ ဆွဲဆောင်လာခဲ့သည်။ဘုရားသခင်ကျေးဇူးတော်၏နက်နဲမှုကိုမြင်တွေ့စေခဲ့ပါသည်။သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ကို ဖော်ကျူးနိုင်ခဲ့သည်။သာမန်လူတန်းစားလည်းနားလည်နိုင်ရန် လွယ်ကူစွာရှင်းပြနိုင်ခဲ့ပါသည်။ မိမိ၏အတွေ့အကြုံများကိုထက်မြက်စွာသက်သေခံနိုင်ခဲ့သည်။ထို့ကြောင့်လူအမြောက်အမြားသည်သခင်ခရစ်တော်၏တပည့်တော်ဖြစ်ရန်စိတ်ဆန္ဒပြင်းပြခဲ့ပါသည်။

ရှင်ပေါလုသည်ယေရုရှလင်မြို့သို့တဖန်သွား၍ မိမိ၏နာမတော်အတွက် ချုပ်နှောင်ခြင်းခံပြီး ဒုက္ခခံရမည့်အကြောင်းဘုရားသခင်သည်မိမိလူအားဖေါ်ပြခဲ့ပါသည်။နှစ်ရှည်ထောင်ဒဏ်အကျဉ်းအကျခံရသော်လည်း ဘုရားသခင်သည်ရှင်ပေါလုအားဖြင့်အမှုတော်ကိုတိုးတက်စေခဲ့ပါသည်။ရှင်ပေါလု၏ချုပ်နှောင်မှုသည်ဘုရားသခင်၏သတင်းစကားကိုကျယ်ပြန့်စေရန်နှင့် ဘုန်းတော်ထင်ရှားစေရန်အတွက်ဖြစ်ပါသည်။ တရားစီရင်ရာ၌တစ်မြို့မှအခြားတစ်မြို့သို့စေလွှတ်ခြင်းခံရပြီးသခင်ခရစ်တော်နှင့်စိတ်ဝင်စာဖွယ်ကောင်းသည့်မိမိ၏အသက်တာပြောင်း လဲခြင်းအကြောင်းကို ရှင်ဘုရင်များနှင့်အစိုးရမင်းများကြားတွင် သက်သေခံခွင့်ရခဲ့ပါသည်။ ထိုသူတို့မှာလည်းသခင်ခရစ်တော်အကြောင်းကိုကြားသိခဲ့ရပါသည်။ လူထောင်ပေါင်းမြောက်မြားစွာသည် ကိုယ်တော်ကိုယုံကြည်၍နာမတော်၌ဝမ်းမြောက်ခြင်းရှိခဲ့ပါသည်။ရှင်ပေါလု၏သင်္ဘောရေလမ်းခရီးတို့၌လည်းဘုရားသခင်ပါရှိကြောင်းကျမတွေ့ရှိခဲ့ရပါသည်။ရှင်ပေါလုမှတစ်ဆင့်ထိုသင်္ဘောသားတို့သည်ဘုရားသခင်တန်ခိုးတော်ကိုတွေ့မြင်ခဲ့ရပါသည်။မယုံကြည်သူတို့သည်သခင်ခရစ်တော်၏နာမကိုကြားနာခဲ့ရပြီးရှင်ပေါလု၏သွန်သင်ချက်များကြောင့်လူအမြောက်အမြားတို့၏စိတ်နှလုံးပြောင်းလဲခဲ့ရပါသည်။ရှင်ပေါလုပြုလုပ်ခဲ့သောနိမိတ်လက္ခဏာများကို မိမိတို့ကိုယ်တိုင်တွေ့မြင်ခဲ့ရပါသည်။ရှင်ဘုရင်များနှင့်အစိုးရမင်းများသည်ရှင်ပေါလု၏တွေးခေါ် စဉ်းစားမှုများကိုနှစ်သက်သဘောကျခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်၊ပေါလု၏စိတ်ထက်သန်မှုကိုလည်းတွေ့မြင်ခဲ့ရပါသည်။ရှင်ပေါလု ၏တရားဟောချက်များကြောင့်သခင်ခရစ်တော်သည်သားတော်ဖြစ်ကြောင်းကိုသူတို့မငြင်းဆန်နိုင်ခဲ့တော့ပါ။စိတ်ဝင်တစားနှင့် နားထောင်ခဲ့သောသူတို့ကြားတွင် တစ်ဦးတစ်ယောက်က“သင်သည် ဖြားယောင်းသွေးဆောင်သောအားဖြင့်ငါသည် ခရစ်ယာန်ဖြစ်လုပြီး”ဟုပြောဆိုခဲ့ပါသည်။ သို့သော်လည်းမိမိတို့၏ ကြားနာခဲ့သော တရားတော်ကိုနောက်မှဆင်ခြင်မည်ဟုဆုံးဖြတ်ခဲ့ကြပါသည်။စာတန်သည်ထိုသူတို့၏နှောင့်နှေးမှုကိုအခွင့်ကောင်းယူ၍ မိမိတို့၏

စိတ်နှလုံးနူးညံ့မှုကိုငြင်းဆန်ခဲ့သောကြောင်နောက်ပိုင်းတွင် စိတ်နှလုံးမာကျောခက်ထန်ခဲ့ပါသည်။တဒဏအခွင့်အရေးကို ထာဝရဆုံးရှုံးခဲ့ရပါသည်

စာတန်၏လုပ်ဆောင်ချက်များမှာယုဒလူမျိုးများ၏ဝိညာဉ်ရေးမျက်စိများကိုကန်းစေပြီး သခင်ခရစ်တော်ကိုမိမိကယ်တင်ရှင်အဖြစ်ပထမဦးဆုံးငြင်းဆန်ရန်ဖြစ်သည်။ဒုတိယအဆင့်မှာ ကိုယ်တော်၏အံ့ဖွယ်လက္ခဏာများကိုမနာလိုဖြစ်ကာသူ့အသက်ကို လုပ်ကြံရန်ဖြစ်ကြောင်း ကျမတွေ့ရှိခဲ့ရပါသည်။ စာတန်သည် သခင် ခရစ်တော်တပည့်တော်တစ်ပါး၏စိတ်နှလုံးထဲသို့ဝင်ရောက်ကာဂျူးများလက်ထဲသို့အပ်နှံ၍သစ္စာဖေါက်စေပြီးအသက်ရှင်ခြင်းနှင့်ဘုန်းတော်၏သခင်ကိုသတ်ဖြတ်စေခဲ့ပါသည်။ သခင်ခရစ်တော်ရှင်ပြန်ထမြောက်သည့်နောက်ပိုင်းတွင်ယုဒလူများတို့သည်မိမိတို့၏အပြစ်တစ်ခုအပေါ် တစ်ခုဆင့်လျှက်ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကို ငြင်းဆန်ရန်ကြိုးစားခဲ့ပါသည်။ရောမစစ်သားများကိုလာဘ်ထိုး၍မှားယွင်းသောသက်သေခံများဖြစ်စေခဲ့ပါသည်။ကိုယ်တော်နှင့်အတူရှင်ပြန်ထမြောက်ခဲ့သောလူစုများကြောင့်သခင်ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကိုပို၍ခိုင်မာစေခဲ့ပါသည်။ ကိုယ်တော်သည်မိမိ၏တပည့်တော်များ ရှေ့မှောက်တွင်ကိုယ်ယောင်ပြခဲ့ပါသည်။တစ်ချိန်တစ်ခါတွင်လူငါးရာရှေ့၌မိမိကိုယ်ကိုထင်ရှားစေခဲ့ပါသည်။ကိုယ်တော်နှင့်အတူထမြောက်ခဲ့သော လူစုများကလည်းအများရှေ့တွင် ထင်ပေါ်လျှက်ရှိကာ သခင်ခရစ်တော်ထမြောက်ပြီးဖြစ်ကြောင်း ကြွေးကြော်ခဲ့ပါသည်။

ဂျူးလူမျိုးတို့သည်ဘုရားသခင်၏သားတော်ကိုငြင်းပယ်ခြင်းအားဖြင့် ဘုရားသခင်ကိုပုန်ကန်လျှက် ကိုယ်တော်ကိုသတ်ဖြတ်ခြင်းကြောင့်ကိုယ်တော်၏အလွန်သန့်ရှင်းသောအသွေးတော်သည်ထိုသူတို့၏လက်ပေါ်တွင်စွန်းထင်းစေရန်စာတန်ပြုလုပ်ခဲ့ပါသည်။သခင်ခရစ်တော်သည်ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို ဤလောက၏ကယ်တင်ရှင်ဖြစ်ကြောင်းကိုမည်မျှ သက်သေခံစေကာမူထိုသူတို့သည် ထိုသက်သေခံချက်များကို ငြင်းပယ်လျှက်ကိုယ်တော်ကိုသတ်ဖြတ်ခဲ့ကြပါသည်။ထိုသူတို့၏တစ်ခုတည်းသောရည်မှန်းချက်မှာ စာတန်မာနကျဆုံးပြီးသကဲသို့ ပင်ဖြစ်ပြီးဘုရားသခင်၏သားတော်ကိုတွန်းလှန်ရန်အတွက်ဖြစ်ပါသည်။ဘုရားသခင်ကိုဆက်လက်ပုန်ကန်ပြီးကိုယ်တော်၏တပည့်တော်များကိုလည်းသတ်ဖြတ်ခဲ့ပါသည်။အသေသတ်ခြင်းခံခဲ့ရသောသခင်ခရစ်တော်၏ နာမတော်သည်ထိုသူတို့အတွက်အခါးသီးဆုံးဖြစ်ကာကိုယ်တော်၏ကောင်းကြောင်းကိုမည်သို့မျှ နားမခံနိုင်ခဲ့ပါ။သတေဖန်ကိုခဲနှင့်ပေါက်ရာ၌လည်းသန့်ရှင်းသောဝိညာဉ်တော်သည်သတေဖန်မှတစ်ဆင့်ဘုရားသခင်၏သားတော်ကိုသက်သေခံခဲ့သောကြောင့်မိမိ၏စိတ်နှလုံးပြောင်းလဲမည်ကိုစိုးရိမ်သဖြင့်သူတို့၏နားများကိုပိတ်ထားပါသည်။သတေဖန်သည်ဘုရားသခင်၏ဘုန်းတော်ကိုခံရစဉ်တွင်သူ့ကိုခဲနှင့်ပေါက်၍ သတ်ခံခဲ့ရပါသည်။သခင်ခရစ်တော်သတ်ဖြတ်ခဲ့သောသူတို့ကိုစာတန်သည်မိမိ၏လက်ခုပ်၌အမိအရဆွဲခဲ့ပါသည်။ မိမိတို့၏မိုက်မဲစွာ လုပ်ဆောင်မှုများကြောင့်စာတန်၏ဘက်တော်သားများဖြစ်ခဲ့ရပါသည်။ထိုသူများမှတစ်ဆင့် သခင်ခရစ်၏တပည့်တော်များကိုနှောင့်ယှက်ဟန့်တားခဲ့ပါသည်။သခင်ခရစ်တော်၏နာမတော်နှင့်ကိုယ်တော်ကိုယုံကြည်သောလူတို့ကို နှောင့်ယှက်စေရန်စာတန်သည်ဂျူးများမှတစ်ဆင့်မယုံကြည်သူများကိုလှုံ့ဆော်ခဲ့ပါသည်။ တပည့်တော်များတို့သည်မိမိတို့လုပ်ဆောင်လျှက်ရှိသောအမှုတော်၌ခွန်အားရရှိပြီးမြင်တွေ့ခဲ့သောအရာများကိုသက်သေခံကာနောက်ဆုံးတွင်မိမိတို့၏သက်သေခံချက်များကိုမိမိတို့၏အသွေးဖြင့်နိဂုံးချုပ်ရန်ဘုရားသခင်သည်ကောင်းကင်တမန်များကိုစေလွှတ်လျှက်အားပေးခဲ့ပါသည်။

ဂျူးလူမျိုးတို့သည်မိမိ၏လက်ခုပ်ထဲ၌ရှိနေသောကြောင့် စာတန်ဝမ်းမြောက်ခဲ့ပါသည်။ အဓိပ္ပါယ်မရှိတော့သည့်မိမိတို၏ဝတ်ပြုကိုးကွယ်မှုများကိုဆက်လက်ကျင့်သုံးလျှက်ရှိနေပါသည်။သခင်ခရစ်တော်သည် လက်ဝါးကပ်တိုင်၌ချိတ်ဆွဲထားခြင်းခံရစဉ်“အမှုတော်ပြီးပြီ”ဟုကြွေးကြော်သည်နှင့်တပြိုင်နက်ထဲဗိမာန်တော်၌ရှိသော ကုလားကာသည်အထက်အောက်နှစ်ခြမ်းကွဲခဲ့ပါသည်။ဤကဲ့သို့ဖြစ်ရခြင်းမှာဘုရားသခင်သည်ယဇ်ပရောဟိတ်များနှင့်အတူမရှိတော့ကြောင်းသူတို့၏ယဇ်ပူဇော်ခြင်းများကိုးကွယ်မှုထုံးတမ်းစဉ်လာများကိုလက်ခံမည်မဟုတ်တော့ကြောင်းယုဒလူမျိုးများနှင့်မယုံကြည်သူတို့ကြားတွင်အကာအဆီးများမရှိတော့ကြောင်း ထင်ရှားစေရန်ဖြစ်ပါသည်။ သခင်ခရစ်တော်သည်မိမိကိုယ်ကိုယုဒနှင့်တစ်ပါးအမျိုးသားများ၏ ကယ်တင်ခြင်းအတွက်ပူဇော်ပေးအပ်ခဲ့ပါသည်။ ထို့ကြောင့်ဤလူစုတို့သည်သခင်ခရစ်တော်ကိုမိမိတို့၏အပြစ်များအတွက်အသေခံသည့်သခင်နှင့်ဤလောက၏ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံရမည်ဖြစ်သည်။

လက်ဝါးကပ်တိုင်ပေါ်၌ ချိတ်ဆွဲထားခြင်းခံစဉ်ရောမစစ်သည်တစ်ဦးသည် ကိုယ်တော်၏နံဘေးကို လှံတံနှင့်ထိုးဖေါက်ခဲ့ပါသည်။ထိုအခါသွေးနှင့်ရေသည်စီးထွက်ခဲ့ပါသည်။သွေးစီးချောင်းနှင့်ရေစီးချောင်းတို့သည်သီးခြားတည်ရှိလျှက်ရှိနေပါသည်။သခင်ခရစ်တော်၏နာမတော်ကိုယုံကြည်သောသူတို့၏အပြစ်များကိုဆေးကြောရန်သွေးတော်စီးခဲ့ရသည်။ ကိုယ်တော်ကို ယုံကြည်သောသူတို့သည် အသက်ရှင်ရမည့်အကြောင်း အသက်ရှင်သောရေကိုကိုယ်တော်၏နံဘေးမှ ယိုစီးလာသောရေဖြင့် ပုံဆောင်ပါသည်။

ဆက်လက်လေ့လာရန်။ မဿဲ ၂၇း၅၁။ ယော ၁၉း၃၄။ တမန် ၂၄ -၂၆။

## သင်ခန်းစာ (၁၇) ကြီးမားသော ဖေါက်ပြန်မှု။

ခရစ်ယာန်မဟုတ်သူတို့သည်ခရစ်ယာန်များကိုညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မည့်အနာဂါတ်အချိန်ကာလကိုရှုပါရုံ၌ကျမမြင်တွေ့ခဲ့ရပါသည်။သွေးချောင်းများဒရဟောစီးခဲ့ပါသည်။သူတော်ကောင်းများပညာတတ်များနှင့်သာမန်လူတန်းစားများကိုဂရုဏာကင်းမဲ့စွာဖြင့်ရောနှောသတ်ဖြတ်ခဲ့ကြပါသည်။မိမိတို့၏ဘာသာတရားကိုစွန့်လွှတ်ရန်ငြင်းဆန်ခဲ့သည့်အတွက်ချမ်းသာသောမိသားစုအသိုင်းအဝိုင်းများတို့သည်မွဲတေဆင်းရဲခဲ့ရပါသည်။ဤကဲ့သို့ ညှဉ်းပမ်းနှိပ်စက်မှုကိုအမျိုးမျိုးခံရသော်လည်းထိုခရစ်ယာန်ယုံကြည်သူတို့သည်မိမိတို့၏ဝိညာဉ်ရေးအဆင့်အတန်းကိုမစွန့်လွှတ်ခဲ့ပါ။မိမိတို့၏ဘာသာတရားကိုသန့်ရှင်းစွာစောင့်ထိန်းခဲ့ပါသည်။ဘုရားသခင်၏ လူများ၊ဒုက္ခခံရပါကစာတန်မာရ်နတ်သည်ဝမ်းမြောက်ပျော်ရွှင်ခဲ့ပါသည်။သို့သော်လည်းမိမိအတွက်အသေခံဝံ့ခဲ့သည့် ထိုအချိန်ကာလ၌သစ္စာရှိသည့် ခရစ်ယာန်များကိုဘုရားသခင်ဂုဏ်ယူတော်မူကြောင်းကျမတွေ့ခဲ့ရပါသည်။ထိုအချိန်အခါ၌ရှိခဲ့သည့်ခရစ်ယာန်များကိုဘုရားသခင် အထူးနှစ်သက်တော်မူခဲ့ပါသည်။ ခံစားခဲ့ရသောဒုက္ခဆင်းရဲခြင်းများသည်ကောင်းကင်ရှိထိုသူတို့၏ဆုလာဘ်ကိုပိုမိုကြီးမားစေခဲ့ပါသည်။ဘုရားသခင်၏သန့်ရှင်းသူတို့ဒုက္ခခံရသည့်အခါစာတန်သည်ဝမ်းမြောက်ခဲ့သော်လည်းအပြည့်အဝမကျေနပ်နိုင်ခဲ့ပါ။ ထိုသူတို့၏ ကိုယ်ခန္ဓာသာမက စိတ်ဝိညာဉ်ကိုလည်းထိန်းချုပ်ရန်စာတန်လိုလားခဲ့ပါသည်။ဒုက္ခဆင်းရဲခြင်းနှင့်ကြုံတွေ့သောအခါထိုခရစ်ယာန် တို့သည်ဘုရားသခင်နှင့် ပိုမိုနီးကပ်ရုံမကဘဲ တစ်ဦးနှင့်တစ်ဦးပို၍ မေတ္တာပွားများလာပါသည်။ ဘုရားသခင်ကို ပြစ်မှားမည့်အကြောင်းပို၍စိုးရိမ်လာခဲ့ပါသည်။ထိုသူတို့သည်ဘုရားသခင်ကိုပြစ်မှား၍မိမိ၏ခွန်အားမိမိတို့၏အားကိုးရာခိုလှုံရာဖြစ်သောဘုရားသခင်၏အမျက်တော်ကို စူးရှရန် စာတန်မာရ်နတ်လိုလားခဲ့ပါသည်။ လူထောင်ပေါင်းများစွာသတ်ဖြတ်ခဲ့ရသော်လည်းအစားထိုးဝင်ရောက်လာသူများနှင့်ပြည့်နေပါသည်။ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်သတ်ဖြတ်မှုကိုကြုံတွေ့ရသော်လည်းခရစ်တော်၌တည်မြဲလျှက်ရှိသည့်အတွက်စာတန်မာရ်နတ်သည် အရှုံးနှင့်သာရင်ဆိုင်လျှက်ရှိပါသည်။ဘုရားသခင်၏နိုင်ငံတော်၌လူဦးရေမလျော့ခဲ့ပါ။စာတန်သည်ဘုရားသခင်၏နိုင်ငံတော်တိုက်ခိုက်၍အသင်းတော်ကြီးကိုဖျက်ဆီးရန်ပိုမိုကောင်းမွန်သောအစီအစဉ်များကိုချမှတ်ခဲ့ပါသည်။ခရစ်ယာန်မဟုတ်သူတို့သည်ခရစ်ယာန်ယုံကြည်ချက်များကိုလက်ခံ၍အသင်းတော်ထဲသို့ဝင်ရောက်လာပါသည်။စိတ်နှလုံးပြောင်းလဲခြင်းမရှိဘဲနှင့်သခင်ခရစ်တော်၏အသေခံတော်မူခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကိုယုံကြည်သည်ဟုဆိုလျှက် အသင်းတော်ထဲသို့ဝင်ရောက်လာရန်ကမ်းလှမ်းခဲ့ပါသည်။အသင်းတော်အတွက်အလွန်ကြောက်မက်ဖွယ်ကောင်းသောအန္တရယ်ဖြစ်ပါသည်။ စိတ်အဆင်းရဲဆုံးသောအချိန်ကာလလည်းဖြစ်ပါသည်။ခရစ်ယာန်အချို့တို့သည် ဤတစ်ပါးအမျိုးသားများနှင့်အတူပေါင်းဖက်၍နေထိုင်သွားပါကဤသူတို့စိတ်ပြောင်းလဲမည်ဟု ထင်မှတ်ခဲ့ပါသည်။စာတန်သည်သမ္မာကျမ်းစာ၏သွန်သင်ချက်များကိုဖေါက်ပြန်သွားရန်ကြိုးစားခဲ့ပါသည်။ နောက်ဆုံးတွင်အသင်းတော်၏ အဆင့်အတန်းလျော့ရဲလာကာတစ်ပါးအမျိုးသားတို့သည်ခရစ်ယာန်များနှင့်စုစည်းလာခဲ့ကြပါသည်။ရုပ်တုများကိုကိုးကွယ်ခဲ့ပြီးယခုအခါမိမိကိုယ်ကိုခရစ်ယာန်ဟုဆိုသော်လည်းဤရုပ်တုကိုးကွယ်မှုများကိုအသင်းတော်ဘောင်အတွင်းသို့သွတ်သွင်းလာခဲ့ကြောင်းကိုကျမတွေ့ခဲ့ရပါသည်။ မိမိတို့၏ ဝတ်ပြုကိုးကွယ်မှုကိုပြောင်းလဲ၍ သူတော်စင်များနှင့်သခင်ခရစ်တော်၏ရုပ်တု၊မယ်တော်မာရိ၏ ရုပ်တုဟူ၍ ပြောင်းလဲကိုးကွယ်လာပါသည်။ နောက်ပိုင်းတွင် ခရစ်ယာန်များသည် ဤသူတို့နှင့်

ပေါင်းစည်းရန်ခရစ်ယာန်ဘာသာယုံကြည်မှုသည်ဖေါက်ပြန်သွားခဲ့ပါသည်။အသင်းတော်သည်မိမိ၏ဖြူစင်သန့်ရှင်းမှုနှင့်တန်ခိုးအာဏာကိုစွန့်လွှတ်ခဲ့ရပါသည်။အချို့တို့သည်ဤသူတို့နှင့်ပူးပေါင်းရန်ငြင်းဆန်ခဲ့ပြီးမိမိတို့၏သန့်ရှင်းစင်ကြယ်မှုကိုထိန်းသိမ်းကာထာဝရဘုရားကိုသာဝတ်ပြုကိုးကွယ်ရန်ဆုံးဖြတ်ခဲ့ပါသည်။မိုးကောင်းကင်နှင့်မြေကြီး၌ရှိသည့် မည်သည့်ရုပ်ထုကိုမဆို ဦးချမည်မဟုတ်ကြောင်း ငြင်းဆန်ခဲ့ပါသည်။

စာတန်သည်ဤကျဆုံးသည့်လူအမြောက်အမြားအတွက်ဝမ်းမြောက်ခြင်းရှိခဲ့သော်လည်း မိမိတို့၏ဘာသာတရားအစွန်းအထင်းမခံသူတို့သည် ဤရုပ်တုကိုးကွယ်မှုများနှင့်ပွဲများကို လိုက်လျှောက်ရန် (သို့) အသေခံရန်အသင်းတော်ကိုသွေးဆောင်တိုက်ခိုက်ရန်လှုံ့ဆော်ခဲ့ပါသည်။ညှဉ်းပန်းနှိပ်စက်ခြင်း၏မီးတောက်သည်ထပ်မံလောင်ကျွမ်းလာပြီးသခင်ခရစ်တော်၏အသင်းတော်တိုက်ခိုက်လာပါသည်။ လူသန်းပေါင်းမြောက်မြားစွာသည် ကရုဏာကင်းမဲ့စွာဖြင့် သတ်ဖြတ်ခြင်းခံခဲ့ရပါသည်။

ရူပါရုံ၌ အောက်ပါမြင်ကွင်းကို ကျမတွေ့ခဲ့ရပါသည်။ ရုပ်တုများကို ကိုးကွယ်သူလူစုကြီးသည် နေလနှင့်ကြယ်များ ပါရှိသည့်နဖူးစီးစာတန်းအနက်တစ်ခုကို ကိုင်လျှက် အလွန်ဒေါသထွက်နေပါသည်။ အခြား တစ်ဖက်ရှိလူတစ်စုမှာနဖူးစီးစာတန်းအဖြူကိုစီးလျှက်ဘုရားသခင်၌သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်းရှိစေသတည်းဟူ၍ရေးမှတ်ထားပါသည်။ထိုသူတို့၏အဆင်းသဏ္ဍာန်သည် တည်ကြည်ခိုင်မာမှုရှိပြီး ကောင်းကင်နိုင်ငံတော်သားများ စိတ်ခိုင်မာခြင်းရှိသကဲ့သို့ဖြစ်နေပါသည်။ မယုံကြည်သူလူစုသည် ထိုသူတို့ကိုသတ်ဖြတ်ရန်နီးကပ်လာပြီးဖြစ်ပါသည်။ သို့သော်လည်းခရစ်ယာန်လူစုကြီးသည်ထိုသူတို့ရှေ့၌သတ်ဖြတ်ခြင်းခံရ၍ပျောက်ကွယ်သွားပါသည်။တစ်ချိန်တည်းမှာပင်ခရစ်ယာန်မျာတို့သည်တစ်ဦးနှင့်တစ်ဦးပို၍နီးကပ်စွာစုစည်းလာကာမိမိတို့၏နဖူးစီးစာတန်းကိုခိုင်မြဲစွာစွဲကိုင်ပါသည်။လူအမြောက်အမြားကျဆုံးသော်လည်းအခြားသူတို့သည်ကျဆုံးသောလူများ၏နေရာ၌အစားထိုးဝင်ရောက်လာကာထိုနဖူးစီးစာတန်းအောက်၌စုဝေးခဲ့ပါသည်။(မိမိတို့အင်အားပြန်လည်ခိုင်မာသည့်အခါမိမိတို့၏နဖူးစည်းအဖြူကိုရန်သူများကြားတွင်ပြန်လည်မြှင့်တင်မည်ဟုဆင်ခြင်ပေးခဲ့ပါသည်။)

ထိုမယုံကြည်သူလူစုသည်အတူတကွ တိုင်ပင်ကြောင်းကျမတွေ့ခဲ့ရပါသည်။ ခရစ်ယာန်များအရှုံးပေးလာရန်မလုပ်ဆောင်နိုင်ခဲ့သည့်အတွက်အခြားအစီအစဉ်တစ်ခုကိုပြုလုပ်ရန်သဘောတူညီခဲ့ပါသည်။မိမိတို့၏နဖူးစီးစာတန်းကိုနှိမ့်ချလျှက်ခရစ်ယာန်များကို ချဉ်းကပ်ကာ အပေးအယူလုပ်ရန် ကြိုးစားခဲ့ပါသည်။ ထိုကမ်းလှမ်းမှုကိုအစပိုင်းတွင်လုံးဝ ငြင်းဆန်ခဲ့သော်လည်း နောက်ပိုင်းတွင် ခရစ်ယာန်အချင်းချင်း ညှိနှိုင်းတိုင်ပင်ခဲ့ကြောင်း ကျမတွေ့မြင်ခဲ့ရပါသည်။ခရစ်ယာန်အချို့တို့သည် မိမိတို့၏နဖူးစီးစာတန်းကိုနှိမ့်ချလျှက်တစ်ဖက်မှ ကမ်းလှမ်းချက်ကိုလက်ခံကာမိမိတို့၏အသက်ကိုကာကွယ်ခဲ့ပါသည်။မိမိတို့အင်အားပြန်လည်ခိုင်မာသည့်အခါမိမိတို့၏နဖူးစည်းကိုရန်သူများကြားတွင်ပြန်လည်မြှင့်တင်မည်ဟုဆင်ခြင်ပေးခဲ့ပါသည်။သို့သော်လည်းဤအကြံပြုချက်ကို ခရစ်ယာန်အချို့ကလက်မခံခဲ့ပါ။မိမိတို့၏နဖူးစီးစာတန်းကိုနှိမ့်ချမည့်အစားအသေခံမည်ဟုအခိုင်အမာဆုံးဖြတ် ခဲ့ပါသည်။ခရစ်ယာန်အမြောက်အမြားတို့သည်မိမိတို့၏နဖူးစီးစာတန်းကိုနှိမ့်ချလျှက်မယုံကြည်သူတို့နှင့်ပေါင်းစည်းသွားခဲ့ကြပါသည်။ သို့သော်လည်းကျန်တစ်ဖက်တွင်သစ္စာရှိသူတို့ကမိမိတို့၏နဖူးစီးစာတန်းကိုမတ်မတ်ကိုင်လျှက်ရပ်တည်နေကြောင်းကိုကျမတွေ့ခဲ့ရပါသည်။လူတစ်ဦးချင်းတို့သည်ခရစ်ယာန်အဖွဲ့အစည်းမှခွဲထွက်လျှက်မယုံကြည် သူတို့နှင့်ပူးပေါင်းကာနဖူးစီးစာတန်းအနက်အောက်၌စုစည်းလျှက်နဖူးစီးစာတန်းအဖြူအောက်၌ရှိသူအမြောက်အမြားကို သတ်ဖြတ်ခဲ့ကြောင်း၊သို့သော်လည်း ထိုနဖူးစီးစာတန်းအဖြူသည် ယိုင်လဲခြင်းမရှိဘဲ တစ်ဗိုလ်ကျလျှင် တစ်ဗိုလ်တက်လျှက်မားမားမတ်မတ်ရပ်တည်လျှက်ရှိကြောင်း တွေ့ခဲ့ရပါသည်။

သခင်ခရစ်တော်ကို အမျက်ဒေါသထွက်ရန်မယုံကြည်သူတို့ကို လှုံ့ဆော်ခဲ့သည့် ဂျူးလူမျိုးတို့သည် အပြစ်လွှတ်မည်မဟုတ်ပါ။ပိလတ်မင်းတွေဝေခဲ့သည့်အချိန်တွင်တရားရုံး၌သခင်ခရစ်တော်ကိုသတ်ဖြတ်ရန် ဤဂျူးလူမျိုးတို့သည်အော်ဟစ်တောင်းဆိုခဲ့ပါသည်။ဤသူ၏သွေးသည်ကျွန်ုပ်တို့အပေါ်တွင်နှင့်ကျွန်ုပ်တို့သားသမီးများအပေါ်တွင်ကျရောက်ပါစေဟူသောဂျူးလူမျိုးတို့တောင်းဆိုခဲ့သည့် ဤကျိန်ခြင်းအမင်္ဂလာကိုသူတို့ရင်ဆိုင်ခဲ့ရပါသည်။ထိုနည်းတူထိုမယုံကြည်သူတို့နှင့်ခရစ်ယာန်အတုအယောင်များတို့သည်လည်းထိုကဲ့သို့ပင်ဖြစ်ပါသည်။ ထိုအမည်ခံခရစ်ယာန်များတို့သည် သခင်ခရစ်တော်၏ လက်ဝါးကပ်တိုင်အတွက် မခံချင်စိတ်နှင့်အတူဂျူးလူမျိုးတို့ကိုလိုက်လံ

နှောင့်ယှက်ခဲ့ပါသည်။ဂျူးလူမျိုးတို့ကိုညှဉ်းပန်းနှိပ်စက်လေ၊ဘုရားသခင်အလိုတော်ကျလေဟုထင်မှတ်ခဲ့ပါသည်။မယုံကြည်သူဂျူးအမြောက်အမြားသည်သတ်ဖြတ်ခြင်းခံခဲ့ရပြီးအခြားသူတို့မှာနေရာအနှံ့သို့လိုက်လံညှဉ်းပန်းနှိပ်စက်ခြင်းကိုအမျိုးမျိုးခံခဲ့ရပါသည်။

ထိုသူတို့သတ်ဖြတ်ခဲ့သည့်သခင်ခရစ်တော်နှင့်တပည့်တော်များ၏အသွေးသည် သူတို့အပေါ်၌ ကျရောက်ကာညှဉ်းပန်းနှိပ်စက်မှုကိုခံခဲ့ရပါသည်။ဘုရားသခင်၏ကျိန်ခြင်းသည် သူတို့နောက်သို့အမြဲလိုက်လျှက်ရှိနေပါသည် မယုံကြည်သူတို့နှင့်ခရစ်ယာန်တို့အတွက်အမှတ်ရစရာစကားဖြစ်လာပါသည်။လူအမြောက်အမြား၏ကျောခိုင်းခြင်း နှိပ်ကွပ်ခြင်း၊ညည်းညူခြင်းနှင့်အတူကာလ္တန၏တံဆိပ်ခတ်ခံရခြင်းကဲ့သို့ဖြစ်နိုင်ပါသည်။ သို့သော်လည်း ဘုရားသခင်သည်ဤလူမျိုးတို့ကိုအံ့သြစွာ ထိန်းသိမ်းခဲ့ပါသည်။ ဘုရားသခင်၏ကျိန်ခြင်းကို ခံရသည့်နည်းတူ ကမ္ဘာအနှံ့၌ ပြန့်ကြဲလျှက်ရှိပါသည်။ ဘုရားသခင်သည်ဂျူးလူမျိုးတို့ကို လူမျိုးကြီးတစ်ရပ်အနေဖြင့် ငြင်းဆန်ခဲ့ပါသည်။သို့သော်လည်းအချို့သောသူတို့သည်မိမိတို့၏စိတ်နှလုံးကိုရစ်ပတ်လျှက်ရှိသောအကာအဆီးများကိုဖယ်ရှားနိုင်ပါလိမ့်မည်။ မိမိလူမျိုးတို့နှင့်ပတ်သက်ပြီးပြည့်စုံလာခဲ့သောအနာဂတ္တိစကားများကိုမြင်တွေ့ပြီး သခင်ခရစ်တော်ကိုမိမိကိုယ်ပိုင်ကယ်တင်ရှင်အဖြစ်လက်ခံကာ ကိုယ်တော်ကိုငြင်းပယ်သတ်ဖြတ်ခြင်းအားဖြင့် မိမိတို့၏လူမျိုးတို့၏ အပြစ်ဒုစရိုက်ကိုတွေ့မြင်မည့်သူများရှိနေပါသည်။ဂျူးလူမျိုးတို့သည်တစ်ဦးချင်းပြောင်းလဲလာနိုင်သော်လည်း လူမျိုးကြီးတစ်ရပ်အနေဖြင့် ဘုရားသခင်သည် ထိုသူတို့ကိုထာဝရ ငြင်းဆန်ခဲ့ပြီးဖြစ်ပါသည်။

## သင်ခန်းစာ (၁၈) အပြစ်ဒုစရိုက်၏ လျှို့ဝှက်နက်နဲမှု။

လူတိုင်း၏စိတ်နှလုံးကိုယေရှုရှင်ထံမှလွဲရှောင်၍ လူသားအချင်းချင်းထံသို့အာရုံရောက်ရှိသွားအောင် ဆွဲဆောင်ရန်နှင့်မိမိတို့ကျူးလွန်သော အပြစ်ဒုစရိုက်များအတွက် မိမိတာဝန်ရှိသော အသိတရားများ ပျက်စီးသွားအောင်လုပ်ဆောင်ရန်မှာစာတန်၏ရာသက်ပန်အကြံအစည်ဖြစ်သည်။ဤပုံစံအတိုင်းဘုရားသခင်၏သားတော်ကိုသွေးဆောင်ခဲ့ရာစာတန်အရေးနိမ့်ခဲ့ပါသည်။သို့သော်ကျဆုံးပြီးသောလူသားများအပေါ် အောင်ပွဲဆင်ခဲ့သည်။ခရစ်ယာန်အယူဝါဒတစ်ရပ်လုံးမှာလည်းယိုယွင်းသွားခဲ့သည်။ပုပ်ရဟန်းမင်းများလက်အောက်ခံရဟန်းများ တို့သည်မိမိကိုယ်ကို ရာထူးအဆင့်မြင့်တင်ထားကြပြီးလျှင် လူတို့အနေဖြင့် မိမိတို့ပြုမိသောအပြစ်များမှလွတ်ငြိမ်းခွင့်ရရှိရေးအတွက်ခရစ်တော်ထံသို့ကိုယ်တိုင်ချဉ်းကပ်၍အပြစ်ဖြေလွှတ်ရန် တောင်းခံရမည့်အစား သူတို့ထံ တောင်းခံကြရန်သင်ကြားပေးပါသည်။သူတို့အပြစ်ကိုထင်ရှားစေမည်၊ ဖုန်းကွယ်ရန် သမ္မာကျမ်းစာကို ဝှက်ထားကြပါသည်။

ဤနေရာတွင်လူတို့သည်လုံးလုံးအလိမ်ခံနေရကြသည်။ပုပ်ရဟန်းမင်းများနှင့် လက်ထောက်ခံရဟန်းများက သူတို့သည် ခရစ်တော်၏ ကိုယ်စားလှယ်များဖြစ်ကြသည်ဟု လူတို့အားသင်ပေးထားသည်။ အမှန်အားဖြင့်သူတို့သည်စာတန်၏ကိုယ်စားလှယ်များသာဖြစ်ကြပြီးသူတို့အားကိုးကွယ်ခြင်းသည်စာတန်အား ကိုးကွယ်ခြင်းသာပင်ဖြစ်သည်။လူအများကကျမ်းစာကိုတောင်းဆိုကြသောအခါ ထိုရဟန်းမင်းများက ခွင့်မပြုကြချေ။ အကယ်၍ခွင့်ပြုမည်ဆိုပါကကျမ်းစာကိုကိုယ်တိုင်ဖတ်ခြင်းဖြင့် လူအများကအလင်းတရားရရှိကြပြီး သူတို့၏မကောင်းမှုများဖော်ထုတ်မည်ကိုစိုးရိမ်ကြ၏။လှည့်ဖျားသောသူတို့ကိုကိုက်စားပြီး ထိုသူတို့ဖွင့်ဟပြောဆိုသည့်စကားများကိုလည်းကိုယ်တော်၏နှုတ်တော်ထွက်စကားများအဖြစ်ခံယူ၍လူအများကို သွန်သင်ခဲ့ပါသည်။ထို့ပြင် လိမ်လည်၍သင်ပေးကြပါသည်။ ဘုရားသခင်တစ်ပါးတည်းသာလျှင်ပိုင်ထိုက်သောလူသားတို့၏စိတ်အာရုံကို သူတို့၏တန်ခိုးအာဏာဖြင့်စိုးမိုးထားပါသည်။အကယ်၍လူတစ်ဦးတစ်ယောက်သည် မိမိပြုမိသောအပြစ်ကိုမြင်၍ နောင်တရမည်ဆိုပါကယေရှုရှင်အားစာတန်နှင့်ယုဒလူတို့ကမုန်းတီးကြသည်နည်းတူ ထိုသူတို့သည်လည်းမုန်းတီးခြင်းကိုခံရလျှက် ဘာသာရေးခေါင်းဆောင်များက သူ့အားအဆုံးစီရင်ရန် နည်းလမ်းရှာဖွေကြပေလိမ့်မည်။ စာတန် အထူးအောင်မြင်ခဲ့သည့်အချိန်အခါကိုကျမြင်တွေ့ခဲ့ရပါသည်။ခရစ်ယာန်အမြောက်အမြားတို့သည်မိမိတို့၏ဘာသာရေးအယူဝါဒသန့်စင်မှုကိုစောင့်ရှောက်သောကြောင့်အလွန်ကြောက်မက်ဖွယ်သောနည်းလမ်းများဖြင့် အသေသတ်ခြင်းခံခဲ့ရသည်။

သမ္မာကျမ်းစာကိုရှုံ့ရှာမုန်းတီးကြသဖြင့် ဘုရားသခင်၏မြင့်မြတ်သော နှုတ်ကပတ်တော်ကို ဤကမ္ဘာမှပ

ပျောက်သွားရေးအတွက်ကြိုးပမ်းကြ၏။မည်သူတစ်ဦးတစ်ယောက်မျှကျမ်းစာမဖတ်ရဟုပင်တားမြစ်၍ ဖတ်သော သူအားသေဒဏ်ပေး၏။ရှာဖွေတွေ့ရှိသမျှကျမ်းစာအုပ်များကိုလည်းမီးရှို့ပစ်ကြ၏။သို့သော်ဘုရားရှင်သည်မိမိနှုတ် ကပတ်တော်ကို အထူးစောင့်ရှောက် ထိန်းသိမ်းထားတော်မူကြောင်း ကျမမြင်ရပါသည်။ အချိန်အခါအားလျော် စွာကျမ်းစာအုပ်များအနည်းငယ်စီသာရှိသည့် ခေတ်ကာလများရှိခဲ့သည်။ သို့ရာတွင်ထိုနှုတ်ကပတ်တော်လုံးဝ ပျောက်ဆုံးသွားစေရန်ဘုရားရှင်ခွင့်ပြုတော်မမူ။ ထို့အပြင်နောက်ဆုံးသောကာလတွင် အိမ်တိုင်းကျမ်း စာအုပ်ပိုင် ဆိုင်ခွင့်ရှိလောက်အောင်ကျမ်းစာအုပ်များတိုးပွားများပြားလာပေလိမ့်မည်။ ကျမ်းစာအုပ်များအနည်းငယ်သာရှိခဲ့ ချိန်ကနှိပ်စက်ညှဉ်းပမ်းခံရသော ယေရှုရှင်၏နောက်လိုက်များအတွက် ထိုကျမ်းစာအုပ်များမှာအထူးပင်အဖိုးတန် ၍နှစ်သိမ့်စရာဖြစ်ခဲ့ပါသည်။အထူးလျှို့ဝှက်စွာဖတ်ခဲ့ရပါသည်။ယင်းကဲ့သို့ဖတ်ခွင့်ရသူများကလည်းဘုရားရှင်ကိုယ် တော်တိုင်ကိုလည်းကောင်း၊သားတော်ယေရှုရှင်ကိုလည်းကောင်းကိုယ်တော်၏တမန်တော်များနှင့်လည်းကောင်း ဖူးမြင်တွေ့ဆုံရသည့်အလား မှတ်ယူကြပါ သည်။ သို့သော် ယင်းမင်္ဂလာရှိသော အခွင့်အရေးဖို့မိမိတို့၏အသက် နှင့်လဲရသူများလည်းရှိခဲ့ပါသည်။အကယ်၍ထိုသို့ဖတ်ရှုခြင်းကိုတွေ့ရှိဖမ်းမိပါကခေါင်းဖြတ်သမားလက်သို့ပေးအပ် ခြင်းကိုလည်းကောင်း၊ သစ်တိုင်တွင်ချည်နှောင်၍ မီးရှို့ခြင်းကိုလည်းကောင်းခံရကြပါသည်။ သို့မဟုတ်အကျဉ်း ထောင်၌ အစာပြတ်ပြီး အသေသတ်ခြင်းကိုခံရကြပါသည်။

ကယ်တင်ခြင်းစီမံကိန်းကြီးကို နှောင့်နှေးကြန့်ကြာအောင် စာတန်မလုပ်ဆောင်နိုင်ခဲ့ပါ။ ယေရှုရှင်သည် လက်ဝါးကပ်တိုင်ပေါ်အသေသတ်ခြင်းခံရသော်လည်း သုံးရက်မြောက်သောနေ့တွင် ထမြောက်တော်မူခဲ့ပါသည်။ သို့သော်စာတန်ကယင်းသို့ကပ်တိုင်ပေါ်တွင်ကွပ်မျက်ခံရခြင်းနှင့်ထမြောက်တော်မူခြင်းသည် သူ၏အကျိုးအတွက် ဖြစ်စေရမည်ဟုသူ၏တမန်များအားပြောပြခဲ့ပါသည်။ယေရှုရှင်အားယုံကြည်ပါသည်ဟု ဝန်ခံကြသောသူများအနေ ဖြင့်ယုဒတို့၏ထုံးစံဓလေ့များဖြစ်သောယဇ်ပူဇော်ခြင်းနှင့်တကွပူဇော်သက္ကာရှိသမျှသည်ခရစ်တော်အသေခံတော်မူ ရာတွင်ပြီးဆုံးသွားပြီးဖြစ်ကြောင်းယုံကြည်ကြသည့်အရေးတွင်ဘုရားသခင်၏ ပညတ်တော်ဆယ်ပါးဆိုင်ရာပညတ် တရားသည်လည်းခရစ်တော်နှင့်အတူသေဆုံးသွားပြီးဖြစ်ကြောင်းကိုလည်း တစ်ပါးတည်းဆက်တိုက်အယုံသွင်းနိုင် မည်ဆိုပါက စာတန်အတွက် ကျေနပ်ဖွယ်ပင်ဖြစ်ပါသည်။

ယင်းသို့ဖြင့် စာတန်၏ဥာဏ်ဆင်ထားမှုကို အများက အသင့်လက်ခံကြပုံကို ကျမမြင်ပါသည်။ ဘုရားသ ခင်၏သန့်ရှင်းသောပညတ်တော်ကိုယင်းသို့ခြေဖြင့်နင်းကြသည်ကို ကောင်းကင်ဗိုလ်ခြေများနာကြည်းကြပါသည်။ ဘုရားသခင်တရားတော်၏ အခြေခံသဘောတရားများကို ကောင်းကင်ဗိုလ်ခြေအပေါင်းနှင့် ယေရှုရှင်ကိုယ်တော် တိုင်ကောင်းစွာသိထားတော်မူ၏။ ဘုရားသခင်သည် မိမိပညတ်တော်များကိုပြောင်းလဲမည်မဟုတ်ကြောင်း၊ ရုတ် သိမ်းပယ်ဖျက်ခြင်းကိုလည်း ပြုတော်မူမည်မဟုတ်ကြောင်း ကောင်းစွာသိထားကြပါသည်။ လူသားတို့၏မျှော်လင့် ချက်မဲ့သောအခြေအနေသည်ကောင်းကင်ဗိုလ်ခြေအပေါင်းတို့အားဝမ်းနည်းကြေကွဲစေပါသည်။ထို့ကြောင့် ဘုရား ရှင်၏သန့်ရှင်းသောပညတ်တော်များကို ကျူးလွန်သည့်လူသားများအတွက် ယေရှုရှင်ကိုယ်တော်တိုင်အသေခံရန် ဆုံးဖြတ်တော်မူခဲ့သည်။အကယ်၍ယင်းပညတ်တရားတော်ကိုပြောင်းလဲခြင်းပြုနိုင်ပါကယေရှုရှင်အသေခံရန် မလို ဘဲလူသားများအားကယ်တင်နိုင်ခဲ့ပါမည်။သို့ဖြစ်၍ ကိုယ်တော်၏အသေခံတော်မူခြင်းသည်ခမည်းတော်၏ပညတ် တရားတော်ကို ပယ်ဖျက်ခြင်းမပြုသည်သာမက ပို၍ကြီးမြတ်စေတော်မူ၏။ မြင့်မြတ်စေတော်မူ၏။သန့်ရှင်းသော ပညတ္တိကျမ်းများကိုလိုက်နာစောင့်ထိန်းရန် အတည်ပြုတော်မူ၏။ အသင်းတော်သည် သန့်စင်၍သစ္စာတည်မြဲမည် ဆိုပါကစာတန်လှည့်ဖြား၍ရမည်မဟုတ်ပါ။ ပညတ်တရားတော်ကိုလည်း ခြေဖြင့်နင်းရန် ဆွဲဆောင်၍ရနိုင်မည်မ ဟုတ်ပါ။ ထိုအတင့်ရဲသော အကြံအစည်ဖြင့် စာတန်သည် ကောင်းကင်တွင်လည်းကောင်း၊မြေကြီးပေါ်တွင်လည်း ကောင်း၊ ဘုရားရှင်အုပ်စိုးတော်မူခြင်းကို တိုက်ရိုက်ထိုးနှက်လိုက်ခြင်းပင်ဖြစ်သည်။ သူ၏ပုန်ကန်ထကြွမှုအတွက် ကောင်းကင်မှ နှင်ထုတ်ခြင်းကိုခံခဲ့ရသည်။ သူပုန်ကန်ပြီးသည့်နောက်ပိုင်းတွင် သူ့ကိုကယ်လွှတ်ရန် ဘုရားသခင် အနေဖြင့်ပညတ်တော်ကိုပြောင်းလဲပေးရန်သူအလိုရှိခဲ့ပါသည်။သို့သော်ဘုရားရှင်၏ပညတ်တရားတော်သည်ပြင် ဆင်ပြောင်းလဲ၍မရကြောင်းကောင်းကင်ဗိုလ်ခြေအပေါင်း၏ရှေ့တွင်စာတန်အားမိန့်တော်မူခဲ့သည်။ဘုရားသခင်၏ ပညတ်တော်ကို ကျူးလွန်သူတိုင်းသေရမည်ဖြစ်သောကြောင့်အခြားသူတို့အား ပညတ်တော်တို့ကိုကျူးလွန်စေနိုင် မည်ဆိုပါက သူဖက်တွင်လည်း လူများလာ မည်ကို စာတန်သိထားပါသည်။

ရှေ့သို့သာတိုးရန်စာတန်ဆုံးဖြတ်လိုက်ပါတော့သည်။အချို့သောသူများသည် ဘုရားသခင်၏ပညတ်တော်များအပေါ် စိတ်အားထက်သန်လှသည်ဖြစ်၍ ဤထောင်ချောက်ဖြင့် ဖမ်း၍ပင်မရနိုင်ကြောင်း၊ယင်းပညတ်တော်များမှာရှင်းလင်းပြတ်သားလှသည်ဖြစ်၍ ယခုတိုင်အောင်တည်မြဲကြောင်းကိုလည်း အများကယုံကြည်ကြလိမ့်မည်ဖြစ်ကြောင်း သို့ဖြစ်၍ သူ့အနေဖြင့် အသက်ရှင်သည့် ဘုရားသခင်ဖေါ်ပြသည့် စတုတ္ထပညတ်ကိုသာအသုံးပြု၍ ဖျက်ဆီးရန်ကြိုးစားရမည်ဖြစ်ကြောင်း၊သူ၏တမန်များအားပြောပြပါသည်။ထို့ကြောင့်ဥပုသ်နေ့နှင့်ဆိုင်သောစတုတ္ထပညတ်ကိုပြောင်းလဲရန်သူ၏ကိုယ်စားလှယ်များအားလမ်းညွှန်လိုက်ပါသည်။ထိုနည်းအားဖြင့်ပညတ်တော်ဆယ်ပါးမှကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသော ပညတ်ကိုသာကြိုးစား၍ လွှဲပြောင်းထားလိုက်ပါသည်။ ဘုန်းကြီးစွာဖြင့်ယေရှုရှင်ထမြောက်တော်မူပုံကိုသူတို့၏ရှေ့တွင် စာတန်တင်ဆက်လိုက်ပြီးနောက်ကိုယ်တော်သည်ခုနှစ်ရက်တွင်ပထမနေ့ရက်၌ထမြောက်တော်မူသည့်အတွက်ဥပုသ်နေ့ကိုလည်း သတ္တမနေ့မှပထမနေ့သို့ကိုယ်တော်ကပင်ပြောင်းရွှေ့ထားလိုက်ကြောင်း ဆက်လက်ပြောပြလိုက်ပါသည်။ မိမိ၏အကြံအောင်မြင်ရေးအတွက် ထမြောက်တော်မူခြင်းအကြောင်းကို စာတန်အသုံးပြုလိုက်ပါသည်။ သူတို့ဖန်တီးလိုက်သောအမှားများအပေါ် ခရစ်တော်၏မိတ်ဆွေအခေါ်ခံရသူများအထူးနှစ်သက်လက်ခံကြသည့်အတွက်စာတန်နှင့်သူ၏ တမန်များအထူးကြည်နူးနေကြပါသည်။တစ်ဦးကဘာသာရေး၌ကြောက်မက်ဖွယ်ဖြစ်ပါတကားဟု ယူဆသည့်အချက်ကိုနောက်တစ်ဦးက လက်ခံပါလိမ့်မည်။ထိုနည်းအားဖြင့်သီးခြားအမှားများကိုလက်ခံကြပြီးလျှင်စိတ်အားထက်သန်စွာ ကာကွယ်စောင့်ရှောက်ထားကြပါသည်။နှုတ်ကပတ်တော်တွင် ဘုရားရှင်၏အလိုတော်ကိုထိုမျှလောက် ရှင်းလင်းတိကျစွာလမ်းညွှန်ဖေါ်ပြထားပါလျှက်ဘုရားရှင်၏ပညတ်တော်များဖြစ်သည်ဟုသွန်သင်ထားသည့်အမှားများနှင့်ရိုးရာဓလေ့များဖြင့်ယင်းအလို တော်ကိုဖုံးကွယ်ထားလိုက်ကြပါသည်။ဤအမြင့်ဆုံးသောလိမ်လည်မှုကြီးသည်ယေရှုရှင်ဒုတိယအကြိမ်ကြွလာတော်မူသည့်တိုင်အောင်ဆက်လက်တည်ရှိနေမည်ဖြစ်သော်လည်းယင်းကာလတစ်လျှောက်လုံးတွင်ဘုရားသခင်ဘက်၌သက်သေခံမည်သူမရှိမည်ကိုစိုးရိမ်စရာမရှိပါ။အသင်းတော်အားမှောင်မိုက်ဝိုင်းရံစေလျှက်နှိပ်စက်ညှဉ်းပန်းနေကြသော်လည်းပညတ်တော်အလုံးစုံတို့ကို စောင့်ထိန်းလျှက် ညှဉ်းပမ်းနှိပ်စက်မှုများနှင့် အမှောင်ထုထလျှက်သစ္စာတည်မြဲသော တပည့်တော်များအမြဲတစေရှိနေပါသည်။

ဘုန်းတော်ကြီးမြတ်သန့်ရှင်းဘုရင်ကြီးခံရသော အသေသတ်ခြင်းနှင့် ဒုက္ခဆင်းရဲမျိုးစုံကိုကောင်းကင်ဗိုလ်ခြေများတွေ့မြင်ရကြသောအခါတအံ့တသြဖြစ်နေကြသည်ကိုကျမမြင်ရပါသည်။သို့ရာတွင် အသက်ပေးပိုင်တော်မူသောဘုန်းတော်ရှင်ဖြစ်တော်မူထသောကောင်းကင်တစ်ခုလုံးကိုဝမ်းမြောက်ခြင်းနှင့်လည်းကောင်း၊ သိုက်မြိုက်ခမ်းနားခြင်းနှင့်လည်းကောင်း၊ပြည့်ဝစေတော်မူထသောအရှင်သည်သေခြင်းတရားကိုအောင်နိုင်လျှက်အကျဉ်းထောင်တည်းဟူသောသင်္ချိုင်းတော်မှ အောင်ပွဲခံလျှက် ထကြွလာတော်မူသည်ကိုကား ကောင်းကင်ဗိုလ်ခြေအပေါင်းအားအံ့သြခြင်းမရှိကြသည်ကိုလည်းကျမမြင်ရပါသည်။သို့ဖြစ်၍ ထိုအဖြစ်အပျက်များနှင့် စပ်လျဉ်းသည့်နေ့တစ်ရက်ကိုအောက်မေ့ဖွယ်ရာအတွက်နားရက်အဖြစ်သတ်မှတ်မည်ဆိုပါကရှင်ပြန်တမြောက်ထမြောက်နေ့ရက်သာဖြစ်သင့်ပါသည်။ သို့သော်ထိုအဖြစ်အပျက်နှစ်ရပ်စလုံးသည် ဘုရားရှင်၏ပညတ် တော်ကို ပြောင်းလဲရန် (သို့)ရုတ်သိမ်းရန်အတွက် ရည်ရွယ်ထားခြင်းမရှိသည့်အပြင် ဘုရားသခင်၏တရားတော်သည် ဖေါက်ပြန်ပြောင်းလဲခြင်းမရှိကြောင်း ထိုအချက်နှစ်ရပ်ကပင်လျှင် အခိုင်မာဆုံးသော သာဓကဖြစ်နေပါသည်။

ယင်းအဖြစ်အပျက်နှစ်ရပ်လုံးကိုအောက်မေ့စရာဖို့ သတ်မှတ်ထားသည့်ရက်များရှိနေပါသည်။ထိုနေ့တွင်ပွဲတော်မင်္ဂလာကျင်းပသည့်ရက်၌ ချိုးဖဲ့သောမုန့်နှင့်စပျစ်နွယ်ပင်၏ အသီးကိုသုံးဆောင်ခြင်းဖြင့် ကျွန်ုပ်တို့သည်ကိုယ်တော်၏ အသေခံတော်မူခြင်းအကြောင်း ကိုယ်တော်ကြွလာတော်မူသည့်တိုင်အောင် ပြသလျှက်ရှိနေကြပါသည်။ထိုနည်းအားဖြင့်ကိုယ်တော်ဒုက္ခဆင်းရဲခံရပုံများနှင့်အသေခံရပုံများကို ကျွန်ုပ်တို့စိတ်အာရုံများတွင်အသစ်တစ်ဖန်ပေါ်လာပြန်၏။ကိုယ်တော်ထမြောက်တော်မူခြင်းကိုအမှတ်ရစေရန်ကျင်းပသည့်နေ့မှာကျွန်ုပ်တို့ နှစ်ခြင်းခံသည့်နေ့ဖြစ်၍ ထိုနေ့တွင်ကျွန်ုပ်တို့သည်ကိုယ်တော်နှင့်အတူ သေလျှက်ရေသင်္ချိုင်းတွင်းမှ ကိုယ်တော်နည်းတူထမြောက်ခြင်းဖြင့် အသစ်သောအသက်တာကို ခံယူကြပါသည်။

ကိုယ်တော်၏ပညတ်တော်သည်ထာဝရတည်မြဲ၍ကမ္ဘာသစ်တွင်လည်း ထာဝရကာလပတ်လုံး ဆက်လက်တည်မြဲနေလိမ့်မည်ဟုကျွန်မမြင်ရပါသည်။ဖန်ဆင်းတော်မူချိန်တွင်ဤကမ္ဘာမြေကြီးကိုအခြေတည်ခဲ့စဉ်က ဘုရားသခင်၏သားတို့သည် ဖန်ဆင်းရှင်၏ လက်ရာတော်ကိုတအံ့တသြကြည့်ရှုခဲ့ကြပါသည်။ ကောင်းကင်ဗိုလ်ခြေအ

ပေါင်းကလည်းဝမ်းမြောက်စွာဟစ်အော်ကြွေးကြော်ကြပါသည်။ထိုအချိန်က ဤဥပုသ်နေ့ကိုပါ အခြေချခဲ့ပါသည်။ ခြောက်ရက်မြောက်သောနေ့ကုန်ဆုံးသောအခါ ဖန်ဆင်းသောအမှုရှိသမျှတို့ လက်စသတ်ပြီးမှသတ္တမနေ့ရက်၌ငြိမ်ဝပ်စွာနေတော်မူ၍ထိုသတ္တမနေ့ကိုဘုရားသခင်ကောင်းချီးပေး၍သန့်ရှင်းစေတော်မူ၏။အကြောင်းမူကားဖန်ဆင်းပြုပြင်တော်မူသောအရာအလုံးစုံတို့သည်ပြီးစီးသောကြောင့်ထိုနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။ လူသားမကျဆုံးမီဧဒင်ဥယျာဉ်၌ဥပုသ်တော်နေ့ကို ပြဋ္ဌာန်းထားတော်မူခဲ့၏။ထို့ကြောင့် အာဒံဧဝနှင့် ကောင်းကင်ဗိုလ်ခြေတို့သည် ဥပုသ်နေ့ကိုစောင့်ထိန်းခဲ့ကြပါ၏။ ဘုရားရှင်သည်သတ္တမနေ့၌ငြိမ်ဝပ်စွာနေ၍ ထိုနေ့ကိုကောင်းချီးပေးလျှက်သန့်ရှင်းစေတော်မူ၏။ဥပုသ်နေ့ကိုမည်သည့်အခါတွင်မျှပယ်ဖျက်မည်မဟုတ်ကြောင်း၊ရွေးနှုတ်ခြင်းခံရသောသန့်ရှင်းသူများနှင့်တကွကောင်းကင်ဗိုလ်ခြေအပေါင်းတို့သည် ဖန်ဆင်းတော်မူသောအရှင်ကိုဂုဏ်ပြုသတိရဖို့ ထာဝရကာလပတ်လုံး ဥပုသ်နေ့ကိုစောင့်ထိန်းကြလိမ့်မည်ဖြစ်ကြောင်း ကျမရှုမြင်ရပါသည်။

ဆက်လက်လေ့လာရန်။ ထွက် ၂၀း၈-၁၁၊ ယော ၃၈း၇၊ဒံ ၇။ ၂သက် ၂။

## အခန်း (၁၉) သေခြင်းသည် ထာဝရ ငရဲခံခြင်းမဟုတ်။

စာတန်သည်ဧဒင်ဥယျာဉ်၌ လှည့်စားခြင်းကို ဤသို့စတင်ခဲ့သည်။ သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်ဟု ဧဝအား ပြောခဲ့ပါသည်။ ဝိညာဉ်သည် သေခြင်းတရားနှင့် ကင်းလွတ်၏ဟူသော သင်ခန်းစာကို ပထမဦးစွာ ပို့ချလိုက်ခြင်းဖြစ်သည်။ ယနေ့လည်း ဤသင်ခန်းစာကိုပင် ဆက်လက်ပို့ချနေပါသည်။ ဘုရားရှင်၏ သားသမီးများအနှောင်အဖွဲ့မှလွတ်မြောက်သည့်နေ့တိုင်အောင် လှည့်စားမှုကိုပင်ဆက်လက်ပို့ချနေပါသည်။ အာဒံနှင့်ဧဝတို့ဥယျာဉ်၌နေခဲ့ပုံကိုကျမအားညွှန်ပြပါသည်။တားမြစ်ထားသောအပင်၏အသီးကိုစားသုံးကြပြီးနောက် မီးစက်လက်နက်များဖြင့်အသက်ပင်ကိုဝန်းရံထားလိုက်ပါသည်။ သူတို့ကိုလည်း ဥယျာဉ်တော်မှ နှင်ထုတ်လိုက်ပါသည်။ ဤသို့မပြုလုပ်ပါကသူတို့သည်အသက်ပင်၏အသီးကိုစားလျှက်ဒုစရိုက်သားများအပြင်ထာဝစဉ်အသက် ရှင်နေကြပေလိမ့်မည်။အသက်ပင်၏အသီးသည် မသေမပျောက် နိုင်သော ကိုယ်ခန္ဓာအဖြစ် ထာဝစဉ်တည်မြဲ စေပါသည်။ “အာဒံ၏မိသားစုထဲမှ မည်သူသည် မီးစက်လက်နက်ကိုဖြတ်ကျော်၍အသက်ပင်အသီးကို စားခဲ့ပါသနည်း။” ဟုကောင်းကင်တမန်တစ်ပါးကမေးလိုက်သည်ကိုကျမကြားလိုက်ပါသည်။“အာဒံ၏မိသားစုထဲမှမည်သူမျှမီးစက်လက်နက်များကိုဖြတ်ကျော်၍အသက်ပင်၏အသီးကိုမစားခဲ့ပါ။ထို့ကြောင့်မသေမပျောက်နိုင်သောဒုစရိုက် သားမရှိပါ” ဟုအခြားကောင်းကင်တမန်ကပြန်၍ဖြေသည်ကိုလည်း ကျမကြားလိုက်ရပါသည်။ အပြစ်ကျူးလွန်သော ဝိညာဉ်သည်ထာဝရသေရမည်။ထမြောက်ရန်မျှော်လင့်ချက်မရှိသောသေခြင်းဖြင့်သေရမည်။ထိုမှထာဝရဘုရား၏အမျက်တော်ပြေလိမ့်မည်။

ပြစ်မှားသောဝိညာဉ်သည်အသက်သေရမည်ဟူသောဘုရားသခင်မိန့်တော်မူချက်ကိုပြစ်မှားသော ဝိညာဉ်သည်အသက်မသေရ၊ထာဝရကာလပတ်လုံးဒုက္ခခံလျှက် အသက်ရှင်နေရမည်ဟုအဓိပ္ပါယ်ပေါက်လျှက် လူတို့ယုံကြည်အောင်စာတန်ဆောင်ရွက်ရာတွင်များစွာအောင်မြင်သည့်အတွက် ကျမအထူးအံ့ဩမိပါသည်။ အသက်ရှင်ခြင်းဆိုသည်မှာနာကျင်ခြင်းဝေဒနာကိုခံစားလျှက်ဖြစ်စေ၊ဝမ်းမြောက်လျှက်ဖြစ်စေ၊သိရှိခြင်းဖြစ်ပါသည်။ သေခြင်းဆိုသည်မှာ နာကျင်ခြင်းဝေနာမရှိ၊ဝမ်းမြောက်ခြင်းမရှိ၊ မုန်းတီးခြင်းမရှိဟု ကောင်းကင်တမန်ကပြောပါသည်။

သင်တို့သည်ဧကန်အမှန်သေရမည်မဟုတ်ဟုဧဒင်ဥယျာဉ်တော်၌ဧဝအား ပထမအကြိမ်လှည့်ဖြားခဲ့သည်နည်းအတိုင်းဆက်၍အထူးအားထုတ်လှည့်ဖြားကြရန်သူ၏တမန်များအားအတန်မှာကြားထားပါသည်။ယင်းအမှားကိုလူတို့လက်ခံလျှင်လူ၏အသက်ဝိညာဉ်သည်မသေမပျောက်နိုင်ဟုဆိုသည်ကိုပါ ယုံကြည်စေသဖြင့်အပြစ်သားသည် ထာဝရကာလပတ်လုံးဒုက္ခခံလျှက် အသက်ရှင်နေရမည်ဆိုသည်ကိုလည်းဆက်၍ ယုံကြည်အောင်စာတန်ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ ထိုအခြေသို့ဆိုက်ရောက်သောအခါ ထာဝရဘုရားဆိုသည်မှာ မိမိ၏အလိုသို့မ

လိုက်သောသူတို့အားသူ၏အမျက်ဒေါသကို ထာဝရကာလပတ်လုံးခံစားနေကြစေရန် ငရဲထဲသို့ချသည့်ဘုရားဖြစ်ကြောင်းလူတို့၏ဘာသာစကားဖြင့်မဖော်ပြနိုင်လောက်အောင်ပြင်းပြသည့်စိတ်ဆင်းရဲကိုယ်ဆင်းရဲများကို ထာဝရကာလပတ်လုံးတောက်လောင်နေသောမီးလျှံများထဲတွင်တွန့်လိမ်၍ခံစားနေကြရစဉ်ကျေနပ်နှစ်သိမ့်စွာဖြင့်ကောင်းကင်မှငုံ့ကြည့်နေသောဘုရားဖြစ်ကြောင်း၊ယင်းသို့ရန်တုံ့ပြန်မှုဖြင့်နှိပ်စက်အုပ်စိုးသည့်ဘုရားဖြစ်ကြောင်း စသည်ဖြင့်လူတို့ရှေ့တွင်သူ၏ကိုယ်စားလှယ်များအားဖြင့်ဘုရားရှင်၏ပုံတော်ကိုတင်ပြရန်စာတန်အတွက် လမ်းဖွင့်သွားပါသည်။

အကယ်၍ ထိုအမှားကိုလက်ခံကြသည်ဆိုပါက ဘုရားသခင်အား ချစ်ကြောက်ရိုသေကြမည့်အစား မုန်းတီးကြလိမ့်မည်ဖြစ်ကြောင်းထိုမျှမကဘုရားသခင်သည်ချစ်ခြင်းမေတ္တာနှင့်ကြည်ဖြူသောသဘောရှိတော်မူသည်ဖြစ်၍မိမိဖန်ဆင်းထားတော်မူသော လူများကိုပြင်းပြသော ဝေဒနာခံစားရာငရဲထဲသို့တွန်းချမည်ဆိုသည်မှာ မဖြစ်နိုင်ကြောင်းသို့ပြု၍နှုတ်ကပတ်တရားတော်အရခြိမ်းခြောက်ထားခြင်းများသည်လည်းအမှန်တကယ်ပြည့်စုံကြလိမ့်မည်မဟုတ်ကြောင်းစသည်ဖြင့်လူအများယူဆကြလိမ့်မည်ဟုစာတန်သိထားပါသည်။လူတို့အားစာတန်ကလမ်း ညွှန်ဆွဲဆောင်နေသည့် အခြားသောတစ်ဖက်စွန်းရောက်သဘောတရားတစ်ခုမှာ ဘုရားသခင်၏တရားမျှတမှုနှင့်နှုတ်ကပတ်တရားတော်တွင်ခြိမ်းခြောက်ထားသည့်အချက်များကိုလုံးဝလစ်လျူရှုထားပြီးလျှင်ဘုရားသခင်သည်ကရုဏာတရားနှင့်သာ လုံးဝပြည့်စုံတော်မူသောကြောင့် မည်သူမျှပျက်စီးခြင်းမရောက်နိုင်။ သန့်ရှင်းသူနှင့်အတူ ဒုစရိုက်ပါနောက်ဆုံးတွင်ကိုယ်တော်နိုင်ငံတော်သို့ ဝင်စားကြရလိမ့်မည်ဟူသောအချက်ပင်ဖြစ်သည်။ ဝိညာဉ်သည်မသေမပျောက်နိုင်၊ငရဲသည်ထာဝရတည်သည်ဟူသော အများကြိုက်သဘောတရားများကို အကြောင်းပြလျှက် ကျမ်းစာသည်ဝိညာဉ်တော်ပြုပြင်မှုအရရေးသားထားသောစာအုပ်မဟုတ်ပါဟုအခြားလူတစ်စုမှသဘောထားရန်စာတန်အခွင့်ကောင်းယူ၍ဆွဲဆောင်ထားပါသည်။ ကျမ်းစာသည်ကောင်းသောအချက်အများအပြားကိုသင်ပေးကြောင်း၊သို့သော်ငရဲတည်းဟူသောဆင်းရဲငြိုငြင်ခြင်းကိုထာဝရကာလပတ်လုံးခံစားနေရမည်ဟူသောသဘောတရားကို သင်ကြားထားသည့်အတွက်ထိုကျမ်းစာကိုမြတ်နိုး၍အားထားမပြုသင့်ဟု ထိုလူတန်းစားတစ်ရပ်ကထင်မှတ်ကြပါလိမ့်မည်။

စာတန်နောက်ထပ်လူတန်းစားတစ်ရပ်ကိုအခွင့်ကောင်းယူ၍ ထိုသူတို့ကိုဆက်လက်ခေါင်းဆောင်ကာဘုရားသခင်တည်ရှိတော်မူခြင်းကိုငြင်းဆိုကြပါသည်။ကျမ်းစာတွင်ဖော်ညွှန်းထားသည့်ဘုရားသခင်သည် လူသားမျိုးနွယ်တစ်ရပ်လုံးမှအချို့သောသူများကိုထာဝရကာလပတ်လုံးထိတ်လန့်စရာနှိပ်စက်ညှဉ်းပမ်းထားမည်ဆိုသည်မှာဘုရားသခင်၏ဂုဏ်တော်နှင့်မဆီလျော်သောကြောင့် ကျမ်းစာနှင့်တကွယင်းကျမ်းစာကိုဖြစ်စေတော်မူသောအရှင်ကိုပါငြင်းပယ်ကြ၏။ သေခြင်းကိုလည်း ထာဝရအိပ်ခြင်းဟု သဘောထားကြသည်။

ထိုမျှမကကြောက်လန့်တတ်၍စိတ္တဗလချို့တဲ့သောလူတန်းစားတစ်ရပ်ရှိပါသေးသည်။ထိုကဲ့သို့သောလူတို့အားအပြစ်ကျူးလွန်စေရန်ဖြားယောင်းပြီးမှ အပြစ်အခကားသေခြင်းမဟုတ်၊ နှိပ်စက်ငြင်းဆဲခြင်းမျိုးစုံကိုခံစားရသည့်ငရဲတွင်ကမ္ဘာအဆက်ဆက်မသေမပျောက်ဘဲ ခံစားနေရမည်ဟု စာတန်ကသရုပ်ဖော်နေသည်ကို ယုံကြည်နေရသောလူတန်းစားတစ်ရပ်ဖြစ်ပါသည်။စာတန်သည်ယင်းသို့စိတ်မခိုင်သောသူတို့အားထာဝရငရဲဘုံကိုချဲ့၍ပြခြင်းဖြင့်ထိုသူတို့၏ စိတ်အာရုံများကိုအပိုင်စီးထားရာ ထိုသူတို့အနေဖြင့် ဆင်ခြင်တုံတရားနှင့်ကင်းဝေးသွားကြပါသည်။ထိုအချိန်တွင်စာတန်နှင့်တမန်များကြည်နူးဝမ်းမြောက်ကြ၏။ဘုရားတရားမကြည်ညိုသောသူများနှင့်ဘုရားမရှိဟုအယူရှိသောသူများကလည်းစာတန်ဘက်မှနေ၍ ခရစ်ယာန်များအားပြစ်တင်ဝေဖန်ကြပါသည်။ ယင်းမကောင်းမှုများမှာကျမ်းစာနှင့်တကွ ကျမ်းစာကိုဖြစ်ပွားစေတော်မူသည့်အရှင်အားကိုးကွယ်ခြင်းအတွက်အကျိုးသက်ရောက်မှုများဖြစ်သည်ဟု မယုံကြည်သူဘုရားမဲ့ဝါဒီများမှာ လက်ညိုးထိုးပြောဆိုကြလိမ့်မည်။

စာတန်၏ဤမျှလောက်အတင့်ရဲသောလုပ်ရပ်အတွက်ကောင်းကင်တမန်ဗိုလ်ခြေတို့နာကျင်စွာခံစားကြရသည်ကိုကျမတွေ့မြင်ရပါသည်။ဘုရားသခင်၏ ကောင်းကင်တမန်များသည် တန်ခိုးစွမ်းအားနှင့်ပြည့်စုံကြသည့်အလျှောက်တာဝန်ပေးအပ်ခြင်းခံရပါကရန်သူ၏တန်ခိုးအာဏာကိုကောင်းစွာနှိမ်နှင်းနိုင်မည်ဖြစ်ပါလျှက် ထိုအယူဝါဒများသည လူတို့၏စိတ်အာရုံတွင် စွဲကပ်နေသည့်တိုင်အောင် ခွင့်ပြုထားခြင်းမှာမည်သည့်အတွက်ပါနည်းဟုကျမမေးပါသည်။ ထိုအခါ ကျမမြင်တွေ့ရသည်မှာ စာတန်သည်လူကိုဖျက်ဆီးရန် နည်းလမ်းမျိုးစုံကို အသုံးပြုမည်ဖြစ်

ကြောင်းထိုအရာကိုဘုရားသခင်သိတော်မူကြောင်း၊ ထို့ကြောင့် နှုတ်ကပတ်တော်ကိုရေးသားစေတော်မူ၏။လူသားမျိုးနွယ်တစ်ရပ်လုံးလိုက်နာရန်ကိုယ်တော်၏ကြံရွယ်ချက်များကိုလည်း ခွန်အားအနည်းဆုံးသောသူပင် လမ်းမမှားစေရန်အရှင်းလင်းဆုံးရေးသားထားတော်မူ၏။မိမိ၏နှုတ်ကပတ်တရားတော်ကိုလူသားအားပေးပြီးနောက် စာတန်နှင့်သူ၏တမန်များ(သို့)သူ၏ကိုယ်စားလှယ်များနှင့်တကွမည်သူမျှမဖျက်ဆီးနိုင်အောင်ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ထားတော်မူ၏။ အခြားစာအုပ်များ ဖျက်ဆီးခံရသည့်တိုင်အောင် ကျမ်းစာသည် မပျောက်မပျက်နိုင်ပါ။ နောက်ဆုံးသောကာလစာတန်၏မတရားသောအမှုများသည် တိုးပွားများပြားလာသောအခါ အလိုရှိသောသူတိုင်းတစ်ယောက်လျှင်တစ်အုပ်စီရနိုင်အောင် တိုးပွားများပြားလိမ့်မည်။ အလိုရှိပါက စာတန်၏အံ့ဖွယ်လိမ်လည်လှည့်ဖြားမှုကိုလည်း ထိုကျမ်းစာဖြင့်ပင် ကာကွယ်နိုင်ကြပေလိမ့်မည်။

ဘုရားသခင်သည် ကျမ်းစာကို အထူးသဖြင့် ကာကွယ်စောင့်ကြပ်ထားကြောင်း ကျမရှုမြင်ရပါသည်။ သို့သော်အုပ်ရေနည်းပါးစဉ်က စာပေကျမ်းဂန်ကျွမ်းကျင်သူများကပို၍ရှင်းလင်းလိမ့်မည်ဟု သူတို့မှတ်ယူကြသည့်အလျှောက်အချို့နေရာများတွင် စာလုံးများကို ပြောင်းထားကြပါသည်။ အမှန်အားဖြင့်သူတို့လွဲပြောင်းလိုက်သည့်အတွက်နဂိုမူလကရှင်းလင်းနေသည့်အချက်များသည် ဓလေ့ထုံးစံရှု့ထောင့်များဘက်သို့ ယိုင်စေသဖြင့်ပို၍ရှုပ်ထွေးသွားစေပါသည်။သို့သော်ဘုရားသခင်၏နှုတ်ကပတ်တရားတော် တစ်အုပ်လုံးအနေဖြင့် တစ်ပိုင်းသည်အခြားတစ်ပိုင်းနှင့်ကွင်းဆက်ဖြစ်နေသည်သာမကအဓိပ္ပါယ်ကိုပါ ဆက်စပ်ဖော်ညွှန်းထားသည်ဖြစ်၍ နှုတ်ကပတ်တရားတော်တစ်အုပ်လုံးမှာပြီးပြည့်စုံသောကွင်းဆက်သံကြိုးပမာဆက်စပ်မှုရှိနေသည်ကိုကျမရှုမြင်ရပါသည်။သမ္မာတရားတော်ကိုသစ္စာရှိစွာရှာဖွေသူများအတွက်လမ်းမမှားနိုင်ပါ။အဘယ့်ကြောင့်ဆိုသော် ထိုကျမ်းစာတွင် ဖော်ညွှန်းထားသည့်အသက်ရှင်ရာလမ်းစဉ်အကြောင်းကို ကြော်ငြာရာတွင် နှုတ်ကပတ်တော်သည် လွယ်ကူရှင်းလင်းသည်သာမကလေ့လာသူတိုင်းနားလည်သဘောပေါက်စေရန်လမ်းပြရှင်အဖြစ်သန့်ရှင်းသောဝိညာဉ်တော်ကိုလည်းစေလွှတ်ထားတော်မူ၏။

လူ၏အလိုဆန္ဒကိုဘုရားရှင်၏ ကောင်းကင်တမန်များအနေဖြင့်မည်သည့်အခါမျှ မထိန်းချုပ်နိုင်ကြောင်းကိုကျမရှုမြင်ရပါသည်။အသက်ရှင်ခြင်းနှင့်သေခြင်းလမ်းနှစ်သွယ်ကိုလူတို့ရှေ့တွင် ဘုရားရှင်စီမံချက်ချထားတော်မူ၏။မိမိအလိုရှိသောလမ်းကို ရွေးချယ်ပိုင်ခွင့်ရှိပါသည်။ အများသောသူတို့သည် အသက်ရှင်လိုသော်လည်းကျယ်သောလမ်း၌ပင် ဆက်၍ လျှောက်နေကြပါသည်။ အသက်ရှင်ခြင်းကို မရွေးချယ်မိသောကြောင့်ဖြစ်သည်။

လူအများအတွက်အသေခံခြင်းဖြင့်ဘုရားသခင်၏ကရုဏာတော်နှင့် မေတ္တာကိုကျမတွေ့ရပါသည်။ သူတို့အားကြင်နာသနားတော်မူသောကြောင့်သားတော်အားသူတို့အတွက်အသေခံတော်မူပြီးသော်လည်းဘုရားရှင်အုပ်စိုးတော်မူခြင်းကိုပုန်ကန်သည့်လမ်းကိုပင်ရွေးချယ်ကြ၏။တန်ဖိုးများစွာပေး၍ဝယ်ထားပြီးသောကယ်တင်ခြင်းကိုပင်လက်မခံကြသူများပြစ်ဒဏ်စီရင်ခြင်းကို ခံရကြပါလိမ့်မည်။ သို့သော် သူတို့သည် အဆုံးမရှိသော ညှဉ်းပန်းနှိပ်စက်ခြင်းကိုခံစားနေကြရန်ဘုရားရှင်သည်သူတို့အားငရဲအတွင်းပိတ်လှောင်ထားလိမ့်မည်မဟုတ်။ ကောင်းကင်နိုင်ငံတော်သို့လည်းခေါ်သွင်းလိမ့်မည်မဟုတ်ချေ။အဘယ့်ကြောင့်ဆိုသော်သူတို့အားသန့်ရှင်းသော သူများနှင့်အတူနေစေလျှင်သူတို့အထူးစိတ်ဆင်းရဲကြပေလိမ့်မည်။သို့သော်သူတို့အား မည်သည့်အခါမျှမရှိခဲ့ဘူး သည့်အနေမျိုးဖြင့်လုံးလုံးပျက်စီးပစ်တော်မူလိမ့်မည်။ထိုအခါကိုယ်တော်၏တရားမျှတပုံကိုကျေနပ်နိုင်ကြပေလိမ့်မည်။ကိုယ်တော်သည်မြေမှုန့်ဖြင့်လူကိုဖန်ဆင်းထားတော်မူသည်ဖြစ်၍နားမထောင်မသန့်ရှင်းသောသူသည်မီး၌ကျွမ်းလောင်ခြင်းကိုခံရပြီးလျှင်မြေမှုန့်သို့တစ်ဖန်ပြန်ရကြလိမ့်မည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ဘုရားရှင်၏ကောင်းမြတ်တော်မူသောစေတနာတော်နှင့်သနားကြင်နာတော်မူခြင်းအကြောင်းကိုလူတိုင်းသိ၍ ကိုယ်တော်၏ဂုဏ်တော်ကိုချီးမွမ်းလျှက်သန့်ရှင်းသောနာမတော်ကိုကြည်ညိုသဒ္ဒါပွားများသင့်ကြောင်းကျမမြင်တွေ့ရပါသည်။ မတရားသောသူတို့အားမြေကြီးပေါ်မှဖျက်ဆီးပြီးသောအခါကောင်းကင်ဗိုလ်ခြေအပေါင်းတို့က“အာမင်”ဟုကြွေး ကြော်ပေလိမ့်မည်။

ခရစ်တော်နာမတော်ကို ခံယူထားပါလျှက် သူအစပြုခဲ့သော အဓမ္မဝါဒလမ်းစဉ်ကိုတိကျစွာလိုက်လျှောက်နေသောသူများကိုကြည့်၍စာတန်အထူးပင်ကျေနပ်နေပါသည်။သူ၏အလုပ်မှာအသစ်သောအဓမ္မဝါဒများကိုဆက်လက်တီထွင်ရန်ဖြစ်ပြီး ယင်းလမ်းစဉ်အတွက် သူ၏တန်ခိုးခွန်အားနှင့်အတတ်ပညာမှာလည်း စဉ်ဆက်မပြတ်တိုးတက်နေပါသည်။သူ၏အဓမ္မဝါဒကိုလက်မခံလိုသောသူများအားပြင်းထန်စွာ နှိပ်စက်ညှဉ်းပန်း၍လုံးဝဖျက်ဆီးပစ်ရန်စာတန်သည် မိမိကိုယ်စားလှယ်များဖြစ်သော သာသနာပရဟန်းများနှင့်လက်အောက်ခံရဟန်းများအားမြှောက်

ပင့်ခေါင်းဆောင်လျှက် လူထုကိုလှုံဆော်ထကြွစေပါသည်။ခရစ်တော်၏မွန်မြတ်သောတပည့်သားမြေးများခံစားရကြသည့်ဒုက္ခဝေဒနာများပြင်းထန်လှပါသည့်တကား။ဘုရားရှင်၏ကောင်းကင်တမန်များကလည်း ပြည့်စုံစွာမှတ်တမ်းတင်ထားကြပါသည်။ဤသို့ဆင်းရဲခံကြသောသန့်ရှင်းသူများအားအလုပ်အကျွေးပြုရကြသည့်ကောင်းကင်တမန်များအားစာတန်နှင့်သူ၏မတရားသောတမန်များက ဤကမ္ဘာမြေကြီးပေါ်တွင်မှန်ကန်သော ခရစ်ယာန်တစ်ဦးတစ်ယောက်မျှမကျန်ရှိရအောင်ထိုသူတို့အားလုံးကိုအသေသတ်ရမည်ဟုရွှင်ပြသောမျက်နှာဖြင့် ပြောကြပါသည်။ ထိုအချိန်ကဘုရားသခင်၏အသင်းတော်သန့်စင်ပီပြင်ပုံကိုကျမမြင်တွေ့ရပါသည်။ မိမိ၏ယုံကြည်ခြင်းကိုအတိအလင်းကြော်ငြာသောခရစ်ယာန်သည် စင်ပေါ်တင်၍ အဆစ်များပြုတ်ထွက်သည့်တိုင်အောင်ဆွဲဆန့်၍သတ်ခြင်း၊ အရှင်လတ်လတ်သစ်တိုင်တွင်ချည်နှောင်၍မီးရှို့သတ်ခြင်းမှအစစာတန်နှင့်သူ၏မတရားသောတမန်များကတီထွင်ထားနိုင်သမျှသော(သို့)လူတို့အားလှုံ့ဆော်ပေးခြင်းဖြင့်တီထွင်နိုင်သမျှသောညှဉ်းပန်းနှိပ်စက်ခြင်းနည်းမျိုးစုံကိုရင်ဆိုင်ရမည့်အန္တရယ်ရှိသောကြောင့်စိတ်နှလုံးမတည်ကြည်သောသူတို့သည်ထိုအသင်းတော်သို့ပင် ရောက်လာကြမည့်အန္တရယ်မရှိပါ။

ဆက်လက်လေ့လာရန်။ ကမ္ဘာ ၃၊ ဒေသနာ၉း၅၊၁၂း၇။ယောဘ၁၈း၄။ လုကာ ၂၁း၃၃ ။ ယော ၃း၁၆။ရောမ၆း၂၃။ ၂တိ ၃း၁၆။
ဗျာ ၂၀း၁၄-၁၅။၂၁း၁။ ၂၂း၁၂-၁၉။

## အခန်း (၂၀ ) ဘာသာရေးပြုပြင်ပြောင်းလဲခြင်း။

သန့်ရှင်းသောသူတို့အားထိုမျှလောက်နှိပ်စက်သတ်ဖြတ်လျှက်ရှိစေကာမူဘုရားသခင်၏သမ္မာတရားတော်အတွက် အသက်ရှင်သော သက်သေခံများ ဘက်ပေါင်းစုံမှပေါ်ထွန်းလျှက်ရှိနေပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်များကလည်းသူတို့အားယုံကြည်လွှဲအပ်ထားသည့်တာဝန်များကိုထမ်းဆောင်နေကြပါသည်။သူတို့သည်အမှောင်မိုက်ဆုံးသောနေရာများတွင်ရှာဖွေလျှက်ထိုအမှောင်ထုထဲမှ စိတ်နှလုံးတည်ကြည်ဖြောင့်မတ်သောသူများကိုရွေးချယ်ဖေါ်ထုတ်နေကြပါသည်။ ကိုယ်တော်၏သမ္မာတရားကိုသယ်ဆောင်ရန်တန်ဆာပလာအဖြစ် ရှောလုကိုဘုရားသခင်ရွေးကောက်တော်မူခဲ့ပါသည့်နည်းတူကိုယ်တော်၏ နာမတော်ကိုခံယူထားကြသော သူများ၏ဒုစရိုက်များကို ဖေါ်ထုတ်ကြွေးကြော်ရန်လမ်းမှားအောက်တွင် နစ်မြုပ်နေသောဤလူတို့ကို ဘုရားရှင်ရွေးချယ်တော်မူ၏။ မာတင်လုသာ (Martin Luther ) နှင့် မလန် (ခ်) သွန် (Melanch Thon)မှ အစ အခြားသူရဲကောင်းများအားနေရာဒေသအလိုက်ဘုရားရှင်၏နှုတ်ကပတ်တော်အတွက်ဆာလောင်မွတ်သိပ်၍ အသက်ရှင်သောသက်သေခံဖြစ်လိုသောဆန္ဒပြင်းပြလာစေရန်ကောင်းကင်တမန်တို့သည် သူတို့၏စိတ်နှလုံးအသီးသီးကို လှုံ့ဆော်ပေးကြပါသည်။ ရေလှိုင်းလုံးကြီးပမာ ချီတက်လာသော ရန်သူအားအောင်နိုင်ရန် အဆင့်အတန်းကိုမြှင့်တင်ပေးရမည်။ ပျက်စီးယိုယွင်းနေသောအသင်းတော်ကြီး၏အမျက်ဒေါသမုန်တိုင်းကြီးကိုကြံ့ကြံ့ခံ၍ရင်ဆိုင်ရပ်တည်ရန်နှင့်မိမိတို့ခံယူထားသည့်သန့်ရှင်းသောနာမတော်အပေါ်သစ္စာတည်မြဲသူအနည်းငယ်အားခွန်အားပေးရန်အတွက် မာတင်လုသာအားရွေးချယ်တော်မူခဲ့ပါသည်။ ဘုရားရှင်၏ အလိုတော်နှင့်ဆန့်ကျင်ဘက်ပြုမိသည်ကို မာတင်လုသာအမြဲတစ်စေ စိုးရိမ်ကြောင့်ကြနေခဲ့ပေသည်။ဘုရားရှင်၏အလိုတော်နှင့် ညီညွတ်စေရန် မာတင်လုသာကြိုးပမ်း၍ ကျင့်ခဲ့သည်။ သို့သော်စိတ်သက်သာမှုကိုမရရှိခဲ့ပါ။နောက်ဆုံးတွင်ကောင်းကင်မှအလင်းရောင်ငယ်ကလေးက သူ၏စိတ်အာရုံတွင်စွဲနေသည့်အမှောင်ထုကို နှင်ထုတ်လိုက်သဖြင့်မိမိ၏အကျင့်များကိုအားကိုးအားထားမပြုတော့ဘဲ ခရစ်တော်

ကျေးဇူးတော်ဖြစ်သည့် အသွေးတော်ကိုသာ ယုံကြည်ကိုးစားလေ၏။ ထိုအချိန်မှအစပြုကာ ပုပ်ရဟန်းမင်းများနှင့် အပြစ်ဖေါ်ပြတောင်းပန်ခြင်းကိုနားထောင်သောရဟန်းများမှတစ်ဆင့်မဟုတ်ဘဲ ခရစ်တော်ယေရှုရှင်တစ်ပါးတည်း မှတစ်ဆင့် ဘုရားသခင်ထံတော်သို့ မိမိကိုယ်တိုင် တိုးဝင်ချဉ်းကပ်နိုင်လေ၏။

ဘုန်းကြီးတော်မူသောအလင်းတရားအသစ်ကိုမာတင်လုသာခံယူရသည့်အတွက် တန်ဖိုးမပြတ်နိုင်ပါတကား။မှောင်မိုက်ဖုံးလွှမ်းနေသောအသိတရားအရုဏ်တက်လာပြီးဖြစ်၍ယခင်က အစွဲအလမ်းများအယူသည်းမှုများလည်းလွင့်စင်သွားကြလေပြီးတကား။ဤလောကတွင်ရရှိနိုင်သည့်အကြွယ်ဝဆုံးသောရတနာထက် တန်ဖိုးကြီးလှပါ၏ဟု သူသဘောထားလေ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်သစ်လွင်စွာဖြစ်လာ၏။ ရှိသမျှတို့သည်လည်း ပြောင်းလဲခြင်းသို့ရောက်ကြလေပြီး။အတွင်း၌ရှိနေသည့်ရတနာကိုမမြင်မသိရသည့်အတွက် သူကြောက်လန့်နေခဲ့သည့်စာအုပ်များသည် ယခုအခါ သူ့အတွက် ထာဝရအသက်ပင်ဖြစ်နေပါတော့သည်။ ထိုစာအုပ်ပင် သူ့အတွက် ဝမ်းမြောက်စရာ နှစ်သိမ့်စရာဖြစ်၏။ မင်္ဂလာရှိသောဩဝါဒတရားလည်းဖြစ်လေ၏။ ယင်းစာအုပ်ကိုမလေ့လာမဆည်းပူးနိုင်အောင်မည်သည့်အရာကမျှမဆွဲဆောင်နိုင်။သေခြင်းတရားကိုမာတင်လုသာထိတ်လန့်ကြောက်ရွံ့ခဲ့ပါသည်။သို့သော်ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကိုလေ့လာဖတ်ရှုသောအခါ ယခင်ကကြောက်လန့်မှုများပပျောက်သွားကြလေပြီး။ ဘုရာဒးရှင်၏ဂုဏ်တော်ကို ချီးမွမ်း၍ ကိုယ်တော်အပေါ် ကြည်ညိုသဒ္ဓါပွားများလေ၏။ ကျမ်းစာကို ကိုယ်ရေးကိုယ်တာအတွက် ရှာဖွေလေ့လာပြီးလျှင် တွေ့ရှိသမျှ တန်ဖိုးကြီးလှသော ရတနာများကို အရယူလေ၏။ထို့နောက်အသင်းတော်အတွက်ဆက်လက်ရှာဖွေဆည်းပူးလေ့လာပြန်၏။ ကယ်တင်ခြင်းရလိုသောငှါ သူယုံကြည်ကိုးစားလာသောသူတို့၏အပြစ်ဒုစရိုက်များကို စက်ဆုပ်ရွံ့ရှာသည့်အတွက် မိမိကိုယ်တိုင်ကဲ့သို့ အမှောင်ဖုံးလွှမ်းခြင်းခံနေရသောအခြားသူများကိုတွေ့ရှိသောအခါထိုသူများအားဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ် ကိုထောက်ပြရန် စိတ်စေတနာထက်သန်စွာ နည်းလမ်းရှာဖွေလေ၏။

သာသနာပိုင်ရဟန်းမင်းများကြီးစိုးသည့်အသင်းတော်၏လမ်းလွှဲမှုများနှင့်ဒုစရိုက်အပေါင်းကို အသံကုန်ဟစ်၍ကန့်ကွက်ခဲ့ပြီးလျှင်ထောင်သောင်းမကသောလူတို့ကယ်တင်ခြင်းရရှိရေးအတွက် ကိုယ်တိုင်အကျင့်သီလအပေါ်ယုံကြည်အားကိုးနေကြသည့်မှောင်မိုက်ကိုဖြိုခွင်းရန် ကောင်းမြတ်သော စေတနာနှင့်အမှန်ပင် ကြိုးစားဆောင်ရွက်လိုစိတ်ပြင်းပြခဲ့ပါသည်။ဘုရားသခင်၏အမှန်တကယ်ကြွယ်ဝသောကျေးဇူးတော်နှင့်တကွခရစ်တော်အားဖြင့်သာပြီးပြည့်စုံသောကယ်တင်ခြင်းကိုခံစားခွင့်ရှိကြောင်း၊ သူတို့၏စိတ်အာရုံများကိုဖွင့်လှစ်၍ရှင်းလင်းပြတ်သားစွာဖေါ်ပြလိုသည့်ဆန္ဒပြင်းပြလှပါသည်။သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးဖြင့် အသင်းတော်ခေါင်းဆောင်များ၏လက်ရှိဒုစရိုက်များအကြောင်းကိုအသံကျယ်စွာဖြင့်ဆန့်ကျင်ဝေဖန်လိုက်သည့်အတွက်ရဟန်းမင်းများခုခံတွန်းလှန်ကြသည့်တုံ့ပြန်မုန်တိုင်းနှင့်ရင်ဆိုင်ရသောအခါသူ၏သတ္တိဆုတ်လျော့ခြင်းမရှိခဲ့သည်မှာဘုရားရှင်၏တန်ခိုးကြီးသောလက်ရုံးတော်ကိုသာစွဲကိုင်ထားခဲ့ပါသည်။အောင်မြင်ရေးအတွက်ကိုလည်းကိုယ်တော်၌သာ ယုံကြည်ကိုးစားထားခဲ့ပါသည်။အနီးကပ်တိုက်ပွဲနွှဲသည်နှင့်အမျှ ရဟန်းများကလည်းပို၍ ဒေါသပြင်းထန်လာကြပါသည်။ သူတို့အနေဖြင့်မပြောင်းလဲလိုကြပါ။စိတ်အေးသက်သာနေလိုကြပါသည်။အကန့်အသတ်မရှိ ပျော်ပါးစွာနေလိုကြပါသည်။ဘဝဆိုးကိုမစွန့်လွှတ်နိုင်ကြပါ။အသင်းတော်ကိုလည်းမှောင်မိုက်အတွင်းမှာပင်ဆက်လက်တည်မြဲစေလိုကြပါသည်

အပြစ်ကိုဖေါ်ပြဝေဖန်၍သမ္မာတရားတော်ကိုထောက်ခံရာတွင် မာတင်လုသာသည်လုံးဝဝိရိယရှိ၍ ထက်မြက်သောသူ၊ ကြောက်ရွံ့ခြင်းကင်း၍ရဲရင့်သောသူဖြစ်ကြောင်း၊ ကျမရှုမြင်ရပါသည်။ လူဆိုးကိုဖြစ်စေ၊နတ်ဆိုးကိုဖြစ်စေ၊မကြောက်မရွံ့ထိုသူအားလုံးတို့ထက်တန်ခိုးကြီးသောအရှင်တစ်ပါးသူဖက်မှာရှိတော်မူသည်ကို သူသိထားပါသည်။မာတင်လုသာသည်စိတ်စေတနာထက်သန်၏။ရဲစွမ်းသတ္တိရှိ၏။မကြောက်မရွံ့တတ်၊ထို့ကြောင့်တစ်ခါတစ်ရံတစ်ဖက်စွန်းသို့ရောက်သွားမည်ကိုစိုးရိမ်ရ၏။ သို့သော်ဘာသာရေးပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းတွင်မာတင်လုသာအားအကူအညီပေးရန်သူ၏စိတ်သဘောထားနှင့်လုံးဝဆန့်ကျင်သော ပလန်ချ်သွန်ကိုဘုရားရှင်ရွေးချယ်တော်မူ၏။ပလန်ချ်သွန်သည်စိုးရိမ်ကြောက်ကြတတ်၏။ရဲစွမ်းသတ္တိမရှိ။သတိဝိရိယနှင့်ပြည့်စုံ၏။သည်းခံခြင်းတရားနှင့်ပြည့်ဝပါ၏။ဘုရားသခင်ချစ်တော်မူသောသူလည်းဖြစ်၏။ကျမ်းစာကိုအထူးကျွမ်းကျင်သောသူလည်းဖြစ်၏။ပိုင်းခြားဝေဖန်ဆုံးဖြတ်တတ်၏။ပညာဉာဏ်နှင့်ပြည့်စုံ၏။ဘုရားရှင်၏အမှုတော်ကိုချစ်မြတ်နိုးရာတွင်မာတင်လုသာနှင့်ညီမျှ၏။ဘုရားရှင်သည် ထိုနှစ်ဦး၏စိတ်နှလုံးကို ရောယှက်ပေါင်းစပ်ထားတော်မူသောကြောင့် တစ်စိတ်တစ်ဝမ်း

တည်းစည်းလုံးညီညွတ်သောမိတ်ဆွေများဖြစ်ကြ၏။ကြောက်ရွံ့တုန်လှုပ်၍နေးကွေးစွာဖြစ်နေသည့်အတွက် အန္တရယ်နှင့်ရင်ဆိုင်ရမည့်အချိန်တွင်မာတင်လုသာသည်ပလန်ချ်သွန်အတွက်အထူးအထောက်အကူဖြစ်ခဲ့၏။ထိုနည်းတူအလျင်အမြန်ပြုစေရန်အတွက်ပလန်ချ်သွန်သည် မာတင်လုသာအတွက် အထောက်အကူလှုပ်ရှားမှုလျင်မြန်လွန်းသည့်အတွက်ဖြစ်ပါ၏။မာတင်လုသာ၏စိတ်သဘောအတိုင်းလွှတ်ထားမည်ဆိုပါကဘုရားသခင်၏အမှုတော်အပေါ် ကျရောက်မည့်အန္တရယ်များသည်ပလန်ချ်သွန်၏အမြော်အမြင်ကြီးစွာဖြင့်သတိတရားထားမှုကြောင့်မကြာခဏလွှတ်မြောက်သွားကြပါသည်။ထိုနည်းတူပလန်ချ်သွန်၏စိတ်သဘောအတိုင်း လွှတ်ထားမည်ဆိုပါကဘုရားသခင်၏အမှုတော်သည်မကြာခဏရှေ့သို့မတိုးတက်ဘဲရှိနေမည့်အချိန်များရှိခဲ့ပါသည်။ဤလူနှစ်ဦးအား ဘာသာရေးပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းအတွက်အတူတကွရွေးချယ်ထားတော်မူရာ၌ ဘုရားရှင်၏မဟာဉာဏ်တော်ကြီးမြတ်တော်မူပုံကို ကျွမအား ပြတော်မူခြင်းဖြစ်ပါသည်။

ထို့နောက်တမန်တော်၏ခေတ်သို့ကျွမအားခေါ်ဆောင်သွားရာစိတ်အားထက်သန်၍လုံးလဝိရိယရှိသောပေတရုနှင့်သည်းခံခြင်းရှိ၍ အေးဆေးစွာနေတတ်သော ယောဟန်တို့နှစ်ဦးအား အတူတကွပေါင်းဖေါ်နေထိုင်ရန်ဘုရားသခင်ရွေးချယ်ထားတော်မူသည်ကိုကျွမမြင်တွေ့ခဲ့ရပါသည်။ တစ်ခါတစ်ရံ ပေတရုအနေဖြင့် အရှိန်အဟုန်ပြင်းထန်လာတတ်ပါသည်။ထိုအချိန်မျိုးတွင်ချစ်တော်မူခြင်းကိုခံရသော တပည့်တော်က တားမြစ်ထားရ ပါသည်။သို့သော်ပေတရုပြောင်းလဲခြင်းမရှိသူ၏အရှင်သခင်ကိုငြင်းပယ်ပြီးနောက်သတိရပြန်သောအခါနောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ရောက်ခဲ့၏။ ထိုအခါ ပေတရုစိတ်မြန်ခြင်းအတွက် ယောဟန်အေးဆေးသတိပေးခြင်း လိုအပ်လာပါသည်။အကယ်၍ယောဟန်တစ်ဦးတည်းကိုသာ ပစ်ထားမည်ဆိုပါက ခရစ်တော်၏အမှုတော်နစ်နာစရာအကြောင်းများစွာရှိခဲ့နိုင်ပါသည်။ထိုအခါမျိုးတွင်ပေတရု၏စိတ်အားထက်သန်မှုကိုလည်းလိုအပ်ပါသည်။သူ၏ ရဲစွမ်းသတ္တိနှင့် စွမ်းအားကြောင့်သူတို့၏ အခက်အခဲများကိုကျော်လွှန်၍ ရန်သူတို့ကိုနှိမ်နှင်းခဲ့၏။ယောဟန်သည်လူချစ်လူခင်များ၏။သူသည်သည်းခံခြင်းစိတ်ရှည်ခြင်းနှင့်ကတိသစ္စာတည်မြဲမှုတို့ကြောင့်ခရစ်တော်၏အမှုတော်အတွင်းသို့ လူအမြောက်အမြားကို ခေါ်ဆောင်နိုင်ခဲ့ပါသည်။

သာသနာပိုင်ရဟန်းမင်းများအုပ်စိုးခဲ့သောအသင်းတော်၏ဒုစရိုက်များကိုဖေါ်ထုတ်ကြွေးကြော်၍ ဘာသာရေးပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းဆောင်ရွက်မည့်လူများပေါ်ထွန်းစေရန်ဘုရားရှင်စီရင်တော်မူ၏။ထိုသက်ရှိသက်သေခံချက်များကို ဖျက်ဆီးသုတ်သင်ရန်စာတန်ကြိုးစားလေ၏။ သို့သော်သူတို့၏ပတ်ဝင်းကျင်၌ ဘုရားရှင်စောင့်ထိန်းရန်ကာကွယ်ထားတော်မူ၏။ကိုယ်တော်၏ ဘုန်းတော်ထင်ရှားစေခြင်းငှါအချို့သော သက်သေခံများတို့သည်မိမိတို့၏ သက်သေခံချက်များကိုမိမိတို့၏ အသွေးဖြင့်တံဆိတ်ခတ်ခွင့်ရကြ၏။ ထိုသူတို့အပြင်မာတင်လုသာနှင့်ပလန်ချ်သွန်တို့ကဲ့သို့တန်ခိုးကြီးသောသူများလည်းရှိကြ၏။ သူတို့သည် ဘုရားရှင်၏ဘုန်းတော် ထင်ရှားစေခြင်းငှါအသက်ရှင်လျှက်ပါပရဟန်းမင်းမျး၁ လက်အောက်ခံရဟန်းမင်းများနှင့် ရှင်ဘုရင်များ၏ ဒုစရိုက်များကိုဖေါ်ထုတ်ရကြ၏။မာတင်လုသာ၏အာဘော်ကြောင့်တုန်လှုပ်ချောက်ခြားကြ၏။ ထိုရွေးချယ်ခြင်းခံရသူများသယ်ဆောင်ခဲ့သည့်အလင်းတရားကြောင့်အမှောင်ထုကွယ်ပျောက်စပြုလေပြီ။လူအများစုဝမ်းမြောက်စွာဖြင့် လည်းလက်ခံပြီးထိုအလင်းတရားလမ်းစဉ်၌ပင်လျှောက်လှမ်းသွားကြလေပြီ။သက်သေခံတစ်ဦးကျဆုံးသောအခါ သူ၏နေရာကိုယူရန် နှစ်ယောက်(သို့)ပိုသောသူတို့ပေါ်ထွန်းခဲ့ပါသည်။

သို့သော်စာတန်ကျေနပ်မှုမရခဲ့ခန္ဓာကိုယ်ကိုသာဖျက်ဆီးနိုင်ခဲ့၏။ ယုံကြည်သောသူတို့၏ မျှော်လင့်ခြင်းနှင့်ယုံကြည်ခြင်းကိုစွန့်ပစ်စေခြင်းငှါသူမစွမ်းဆောင်နိုင်ပေ။ဖြောင့်မတ်သောသူတို့ထမြောက်သောအခါမပုပ်မပျက်နိုင်သောခန္ဓာကိုယ်ဖြင့်ပြန်လည်ထမြောက်ရကြတော့မည်ဟူသောမျှော်လင့်ချက်ဖြင့်သန့်ရှင်းသောသူတို့သည် စုတေ့ကာ အချိန်ပင်အောင်ပွဲခံကြ၏။ သူတို့၏စွမ်းအင်သည် သာမန်လူသားထက်ပို၏။ သူတို့သည် ခေတ္တခဏမျှပင်ငိုက်မျဉ်းအိပ်ပျော်၍မနေဝံ့ကြပေ။ ဝိညာဉ်ရေးဆိုင်ရာ ရန်သူများနှင့်သာမက သင်၏ယုံကြည်ခြင်းကို စွန့်ပစ်မည်လော။ အသေခံမည်လောဟု အမြဲတစ်စေအော်ဟစ်မေးမြန်းနေသည်။ လူသားတို့၏အသွင်ကိုဆောင်ထားသောစာတန်၏ရန်သူကို ဆိုင်ပြိုင်တိုက်လှန်နိုင်ရန် ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆင်လျှက်အသင့်စောင့်နေရကြ၏။ထိုအနည်းငယ်မျှသော ခရစ်ယာန်တို့သည်ဘုရားသခင်နာမတော်၌ ခွန်အားကိုရယူကြသည့်အတွက်ကိုယ်တော်၏အမှုတော်၌ရဲရင့်တည်ကြည်ခြင်းမရှိသည့်ကမ္ဘာ့လူဦးရေ၏ထက်ဝက်ခန့်မျှသော ခရစ်ယာန်အမည်ခံများထက်ကိုယ်တော်ရှေ့တော်၌မြတ်နိုးဖွယ်ဖြစ်ကြပါသည်။အသင်းတော်သည်နှိပ်စက်ညှဉ်းဆဲခြင်းခံ

နေရစဉ်အသင်းသားများပို၍စည်းလုံးကြ၏။ပို၍ချစ်ခင်ရင်းနှီးကြ၏။ဘုရားသခင်၌ပို၍ခွန်အားရကြ၏။ မတရားသောသူတို့သည်အသင်းတော်နှင့်ပူးပေါင်းခွင့်မရကြတော့ပါ။ခရစ်တော်အတွက် ရှိသမျှစွန့်လွှတ်လိုသောသူများသာခရစ်တော်၏တပည့်တော်ဖြစ်နိုင်ကြ၏။ထိုသူများသည်ဆင်းရဲခြင်းနှင့်နှိမ့်ချခြင်းကိုမြတ်နိုး၍ ခရစ်တော်နှင့်တူလိုကြ၏။

ဆက်လက်လေ့လာရန်။ လုကာ ၂၂း၆၁-၆၂။ယော၁၈း၁၀။တမန် ၃၊၄။

# အခန်း (၂၁) အသင်းတော်နှင့်လောကပူးပေါင်းခြင်း။

ဤအချိန်နောက်ပိုင်းတွင်စာတန်နှင့်သူ၏တမန်တို့မည်သည့်အချက်များတွင်အမြတ်ထွက်ကြောင်း တိုင်ပင်စည်းဝေးခဲ့ကြပါသည်။ကြောက်တတ်သောသူအချို့ အသေသတ်ခံရမည်ကိုစိုးရိမ်သောကြောင့် သမ္မာတရားတော်ကိုမခံမယူဝံ့သဖြင့်သူတို့ဘက်သို့ပါသွားကြသည်မှာမှန်ပါသည်။ သို့သော်အကြောက်တတ်ဆုံးသော သူများပင်လျှင်သမ္မာတရားတော်ကိုလက်ခံပြီးပါကထိုကြောက်စိတ်ချက်ခြင်းပျောက်သွားသူအများအပြားရှိပါသည် ထိုသူတို့သည်သူတို့၏ညီအစ်ကိုများ ကွက်မျက်ခံရကြသည်ကိုမျက်မြင်ကိုယ်တွေ့မြင်ကြသောအခါသူတို့၏ကြံ့ခိုင်ပုံ၊ ရဲရင့်တည်ကြည်ပုံ၊ ခံနိုင်ရည်ရှိပုံကိုကြည့်၍ ဘုရားသခင်နှင့် ကောင်းကင်တမန်များ၏ အကူအညီကြောင့်ဤမျှလောက်ဆင်းရဲဒုက္ခတွင်ခံနိုင်ရည်ရှိကြောင်းအတတ်သိရကြသဖြင့်သူတို့သည်လည်း ကြောက်စိတ်ပျောက်၍ရဲစွမ်းသတ္တိရှိလာကြပါသည်။သူတို့၏အသက်များကိုတောင်းဆိုလာကြသောအခါတွင်လည်းသူတို့၏ယုံကြည်ခြင်းကိုမစွန့်လွှတ်ဘဲစိတ်ရှည်စွာဖြင့်စွဲမြဲစွာထိန်းသိမ်းထားကြပုံကိုတွေ့မြင်ရကြသောသူတို့အားတင်း၍ အဆစ်များပြုတ်ထွက်သည့်အထိဆွဲသတ်မည့်စင်နှင့်မီးတောက်မီးလျှံများကိုခွန်အားအနည်းဆုံးသောသူများပင်မကြောက်မရွံ့ရင်ဆိုင်ဝံ့ကြသည်မှာသူတို့၏သစ္စာခိုင်မြဲမှုနှင့်မျှော်လင့်ချက်များက စွမ်းအားပေးနေခြင်းပင်ဖြစ်ပါသည်။ ခရစ်တော်သည်လူသတ် သမားတို့၏ရှေ့တွင်မြင့်မြတ်သော သဘောတော်ဖြင့် သည်းခံတော်မူသည်ကို အတုယူ၍ သူတို့ကိုကိုယ်တိုင်သည်းခံကြသည့်အတွက်ဘုရားသခင်၏ဘုန်းတော်သည်သူတို့အပေါ်သက်ရောက်ခြင်းအားဖြင့်အခြားအများသောသူတို့အားအမှန်တရားကိုထင်ရှားစွာဖေါ်ညွှန်းနိုင်ကြပါသည်။ထို့ကြောင့်စာတန်အနေဖြင့်ပို၍လိမ္မာသိမ်မွေ့သောပုံစံဖြင့်ချဉ်းကပ်ရန် ဆုံးဖြတ်လိုက်ပါသည်။ကျမ်းစာ၏ အခြေခံသဘောတရားများကို ယိုယွင်းအောင်သူဆောင်ရွက်ခဲ့ပြီးဖြစ်နေပါသည်။သန်းပေါင်းများစွာသောသူတို့ကိုဖျက်ဆီးနေသည့်ထုံးစံဓလေ့များစွာလည်းအမြစ်စွဲနေပြီးဖြစ်သည်။ထို့ကြောင့်သူ၏မုန်းတီးမှုကို ချုပ်တည်းထားပြီး အသင်းတော်အား ပြင်းထန်စွာ မနှိပ်စက်နိုင်ရန် ဆုံးဖြတ်ပြီးလျှင်အသင်းတော်အနေဖြင့် တစ်ကြိမ်တစ်ခါက သန့်ရှင်းသူများအားပေးအပ်ခဲ့သည့်ယုံကြည်ခြင်း၌သာ ကျေနပ် နေရန်မဟုတ်ဘဲသူတို့၏ထုံးစံဓလေ့များကိုပါအားကိုးအားထားပြုကြရန်ဆွဲဆောင်ဖို့ သူတို့၏ဘက်တော်သားများအားစာတန်ဦးဆောင်နေပါသည်။ အခွင့်အရေးအထူးရရှိသည်ဟု အကြောင်းပြ၍လောကီဂုဏ်အသရေများကိုလည်းကောင်း၊ လောကီသားတို့၏ မြတ်နိုးခြင်းကိုလည်းကောင်း၊အသင်းတော်အနေဖြင့်လက်ခံစေရန် စာတန်သည်အသင်းတော်ကိုစိုးမိုးနိုင်သည်နှင့်အမျှအသင်းတော်အနေဖြင့်ဘုရားသခင်၏နှစ်သက်တော်မူခြင်းကို စတင်စွန့်လွှတ်ခဲ့ရပါသည်။ လောကီမိတ်ဆွေများကိုလည်းကောင်း၊ အပျော်အပါးကိုသာ နှစ်သက်သူများကိုလည်းကောင်းပိတ်ပင်ထားသည့်ဖြောင့်မှန်သောသမ္မာတရားများကိုကြွေးကြော်ရန်လွဲရှောင်သောကြောင့် အသင်းတော်၏ တန်ခိုးအာဏာသည် တစ်စတစ်စ ယုတ်လျော့သွားပါတော့သည်။

အသင်းတော်နှိပ်စက်ညှဉ်းဆဲခံရစဉ်က အသင်းသားများသည်ထူးဆန်းသောလူမျိုး၊ သီးသန့်ထားသောလူမျိုးဖြစ်ခဲ့ကြသော်လည်းယခုအခါထိုသို့မဟုတ်ကြတော့ပါ။ရွှေသည်အဘယ့်ကြောင့်အရောင်မှေးမှိန်သွားပါသနည်း အကောင်းဆုံးသောရွှေစင်သည်အဘယ့်ကြောင့်ပြောင်းလဲသွားရပါသနည်း။အသင်းတော်သည် မိမိ၏ထူးခြားသန့်ရှင်းသောအကျင့်စာရိတ္တကိုထိန်းသိမ်းခဲ့ပါကတမန်တော်တို့အပေါ်သို့ သွန်းလောင်းတော်မူခဲ့သည့် သန့်ရှင်းသော

ဝိညာဉ်တော်၏တန်ခိုးသည်ယနေ့တိုင်အောင် အသင်းတော်အပေါ်၌ တည်နေတော်မူမည်ဖြစ်ကြောင်း ကျမမြင်ရပါသည်။နာမကျန်းသောသူများအားအနာပျောက်စေလျှက် နတ်ဆိုးတို့ကို ဆုံးမ၍ နှင်ထုတ်နိုင်လိမ့်မည်။ အသင်းတော်သည်လည်း ဘုန်းတန်ခိုးနှင့်ပြည့်စုံသည်ဖြစ်၍ ရန်သူတို့ကြောက်ရွံ့တုန်လှုပ်ကြပေလိမ့်မည်။

ခရစ်တော်၏အမည်နာမကို ခံယူထားကြသော်လည်း ဘုရားသခင်အသိအမှတ်မပြုသောလူအစုအဝေးကြီးတစ်ရပ်ကိုကျမမြင်တွေ့ရပါသည်။ထိုသူအများအားဘုရားသခင်နှစ်သက်တော်မမူပါ။ လူတို့သည်ကိုယ့်ကိုယ်ကိုခရစ်ယာန်ဖြစ်သည်ဟုထင်မှတ်ကြစေရန်ဘာသာရေးသမားအသွင်ဖြင့် ဆောင်ရန်စာတန်အထူးလိုလားနေပါသည်။ယေရှုကိုလည်းကောင်း၊လက်ဝါးကပ်တိုင်ပေါ်တွင်ကွပ်မျက်ခံတော်မူခြင်းကိုလည်းကောင်း၊ထမြောက်တော်မူခြင်းကိုလည်းကောင်း၊လူတို့ယုံကြည်ကြစေရန်စာတန်ကများစွာလိုလားနေပါသည်။စာတန်ကိုယ်တိုင်နှင့် သူ၏တမန်များသည်ဤအရာများကိုတုန်လှုပ်သည်တိုင်အောင် အပြည့်အဝယုံကြည်ကြပါသည်။သို့သော်ထိုယုံကြည်ခြင်းသည်ကောင်းသောအကျင့်ကျင့်ရန်နိုးဆော်ခြင်း၊ အားပေးခြင်းမရှိပါကရင်း၊ ခရစ်ယာန်အမည်ခံသူများသည်ခရစ်တော်နည်းတူကိုယ်တိုင်ငြင်းပယ်သည့်အသက်တာကိုအတုမယူပါကရင်း၊ စာတန်အတွက်အနှောင့်အယှက် မဖြစ်ပါ။အဘယ့်ကြောင့်ဆိုသောသူတို့သည်ခရစ်ယာန်အမည်ခံများဖြစ်၍စိတ်နှလုံးပြောင်းလဲခြင်းမရှိ၊ လောကီဆန်ဆဲပင်ဖြစ်သောကြောင့်သူ၏လုပ်ငန်းအတွက်ခရစ်ယာန်အမည်ခံခြင်းကမခံခြင်းထက်ပို၍ကောင်းစွာ အသုံးချနိုင်ပေ၏။သူတို့၏ချို့ယွင်းချက်များကိုခရစ်ယာန်အမည်ဖြင့်ဖုံးအုပ်ထားပြီးလျှင်လောဘ၊ဒေါသစိတ်များလည်း မနှိပ်ကွပ်ဘဲ နဂိုဇာတိပကတိစိတ်သဘောထားနှင့်ပင် သွားလာလှုပ်ရှားနေကြပါသည်။

သူတို့၏ချို့ယွင်းချက်များကိုအကြောင်းပြုလျှက် မယုံကြည်သောသူများအနေဖြင့် ခရစ်တော်ကို ပြစ်တင်ဝေဖန်စရာအကြောင်းဖြစ်ပေါ်လာပါသည်။ထိုမျှမက ဘာသာရေးအသက်တာတွင်သန့်ရှင်းပီပြင်၍ ညစ်ညူးခြင်းမရှိသောသူများပင်လျှင် ရှုတ်ချခြင်းကိုခံရကြပါသည်။

လောကီဆန်သောခရစ်ယာန်အမည်ခံများအလိုကိုလိုက်၍ပြေပြစ်စွာဟောပြောကြပါသည်။ဤကားစာတန်၏လိုလားချက်ပေတည်း။ဘုရားသခင်၏အမှုတော်ဆောင်များသည်ယေရှုအကြောင်းကိုလည်းကောင်း၊ကျမ်းစာဆိုင်ရာမှန်ကန်သောသမ္မာတရားများကိုလည်းကောင်း၊သူတို့ဟောပြောကြမည်ဆိုပါကအဆိုပါ လောကီဆန်သောခရစ်ယာန်များအသင်းတော်တွင်ဆက်လက်တည်မြဲနေနိုင်ကြတော့မည်မဟုတ်ပါ။အသင်းတော်တွင် စာတန်နှင့်သူ၏တမန်များမရှိသင့်သကဲ့သို့ထိုသူတို့သည်လည်းမရှိသင့်မရှိထိုက်ပါ။ သို့သော် ထိုသူတို့တွင် လူအများစုမှာဥစ္စာခနကြွယ်ဝသူများဖြစ်ကြ၍သူတို့ကိုလက်မလွှတ်နိုင်ပါ။စာတန်ကထိုအတိုင်းပင်ဖြစ်စေလို၏။ ယေရှုရှင်၏ဘာသာအယူဝါဒကိုလောကီအမြင်အားဖြင့်လူကြိုက်များအောင်ဂုဏ်သရေရှိပုံပေါ်လွင်အောင်ဖော်ဆောင်ထားကြ၏။ဘာသာအယူဝါဒကိုခံယူထားလျှင်လောကီရေးရာများ၌ပို၍ ဂုဏ်သရေရှိသည်ဟု လူအများကိုဝါဒဖြန့်ထားကြ၏။ထိုသို့သောဟောပြောသွန်သင်ခြင်းများမှာခရစ်တော်၏သြဝါဒများနှင့်များစွာပင်ကွာခြားလှပါသည်။ကိုယ်တော်၏ဒေသနာနှင့်လောကီဝါဒလက်တွဲမရပါ။ကိုယ်တော်၏နောက်တော်သို့လိုက်သောသူအနေဖြင့် လောကီရေးရာများကိုစွန့်လွှတ်ရမည်။ဤပြေပြစ်စွာဟောပြောနေထိုင်ခြင်းများကိုစာတန်နှင့်သူ၏တမန်များက အစပြုခဲ့ပါသည်။သူတို့ကစီမံကိန်းချမှတ်ခဲ့၍ဓမ္မဆရာအမည်ခံသူများကဝါဒဖြန့်ခဲ့ကြသည်။ လူအများနှစ်သက်သည့် ဒဏ္ဍာရီပုံပြင်များကိုသွန်သင်၍ အလွယ်တကူလက်ခံကြ၏။ သူတော်ကောင်းယောင်ဆောင်သောသူများနှင့် ဒုစရိုက်ကို ပွင့်လင်းစွာကျူးလွန်နေသူများသည်အသင်းတော်နှင့်ပူးပေါင်းကြ၏။သန့်စင်ပီပြင်သည့်နဂိုမူရင်းအတိုင်း သမ္မာတရားတော်ကိုဟောပြောကြမည်ဆိုပါကဤလူတန်းစားကိုအမြန်ဆုံးဟန့်တားထားနိုင်လိမ့်မည်။သို့သော် ခရစ်ယာန်အမည်ခံများနှင့် လောကဆန်သူများ စပ်ကြားတွင် မည်သည့်ကွာခြားချက်မျှမရှိပါ။ သို့သော်ခရစ်တော်၏ အမည်ကိုသာခံယူထားသူများမှအသင်းသားများ၏မျက်နှာဖုံးအတုများကိုဆွဲခွါလိုက်မည်ဆိုပါကသူတို့၏မတရားသောအမှုများ၊ စက်ဆုပ်ဖွယ်သောအမှုများ၊ဖေါက်ပြန်ပျက်စီးမှုများ၊ရုပ်လုံးပေါ်၍ဘုရားသခင်၏သားသမီးများတို့တွင်ခွန်အားအနည်းဆုံးသောသူကပင်ထိုခရစ်ယာန်အမည်ခံများအားသူတို့၏အမည်မှန်ကိုဖေါ်ထုတ်လျှက်မာရ်နတ်၏သားသမီးပီပီသူတို့၏ဖခင်စာတန်၏လုပ်ငန်းကိုဆောင်ရွက်နေကြသည်ဟုအတိအလင်းပြောနိုင်ကြလိမ့်မည်ဟုကျမမြင်တွေ့ရပါသည်။ထိုမြင်ကွင်းကိုယေရှုနှင့်ကောင်းကင်ဗိုလ်ခြေတို့မနှစ်သက်ပါ။သို့သော် အရေးပါအရာရောက်၍ သန့်ရှင်းသောအသင်းတော်အတွက်ဘုရားသခင်၏သတင်းစကားတစ်ရပ်ရှိနေပါသည်။လက်ခံမည်ဆိုပါကအသင်းတော်ကြီးလုံးဝပြောင်းလဲသွားလိမ့်မည်။ အသက်ရှင်သော သက်သေခံများပြန်လည် ရှင်သန်လာကြပြီးလျှင် သူတော်ကောင်း

ယောင်ဆောင်သူများနှင့်မတရားသောသူများကို ရှင်းထုတ်လိမ့်မည်။ ထိုအခါအသင်းတော်သည်ဘုရားသခင်ထံမှ မျက်နှာသာပေးခြင်းကိုပြန်လည်ရရှိလိမ့်မည်။

ဆက်လက်လေ့လာရန်။ ဟေရှာ ၃၀း၈-၂၁။ မြည်တမ်း ၄း၁။ ယော ၈း၄၄။ . ယာကုပ် ၂း၁၉။ ဗျာ ၃။

# အခန်း (၂၂) ဝီလျံမေးလား

အနာဂတ္တိစကားများကိုရှာဖွေလေ့လာရာ၌ဦးဆောင်ရန်ကျမ်းစာကိုမယုံကြည်သည့် လယ်သမားတစ်ဦးထံသို့ကောင်းကင်တစ်မန်တစ်ပါးကိုဘုရားသခင်စေလွှတ်တော်မူသည်ကိုကျမမြင်တွေ့ရပါသည်။ဘုရားသခင်၏သားသမီးများအတွက်အမြဲတစ်စေမှောင်မိုက်သဖွယ်ဖြစ်နေသည့် ပုရောဖက်စကားများကိုနားလည်သဘောပေါက်ရန်နှင့်သူ၏ဉာဏ်မျက်စိကိုဖွင့်ပေးရေးအတွက်ဘုရားသခင်၏ ကောင်းကင်တမန်များသည်ရွေးချယ်ခြင်းခံရသောထိုလယ်သမားကြီးထံသို့မကြာခဏလာရောက်ကြပါသည်။သမ္မာတရားတော်ဆိုင်ရာကွင်းဆက်များ၏မူလအစကိုသူ့အားပေးတော်မူ၏။ထိုနောက်သူသည် ဆက်လက်၍ရှာဖွေရန်ပို့ဆောင်လမ်းပြခြင်းခံရပါသည်။ နောက်ဆုံးတွင်သူသည်ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကိုအံ့သြခြင်း ၊မြတ်နိုးခြင်း၊ရိုသေခြင်းတို့ဖြင့် ဆက်လက်ရှာဖွေသည့်အခြေအနေသို့ရောက်လေ၏။ထိုကျမ်းစာထဲတွင် စုံလင်သည့် သမ္မာတရားကွင်းဆက်ကြီးတစ်ခုကို တွေ့မြင်ရပါသည်။ဝိညာဉ်တော်အားဖြင့်ရေးသားထားသည့်ဟုမယုံကြည်ခဲ့သောထိုနှုတ်ကပတ်တရားတော်သည်တင့်တယ်မြတ်နိုးဖွယ်ဖြစ်လာသည်။ဘုန်းကြီးတော်မူသည်ဟုသူရှု့မြင်ရလေ၏။ကျမ်းစာ၏အစိတ်အပိုင်းတစ်ခုသည်အခြားသောအစိတ်အပိုင်းတစ်ခုကိုရှင်းလင်းဖေါ်ညွှန်းထားကြောင်းကျမ်းချက်တစ်ရပ်ကို သူနားမလည်နိုင်သောအခါ နှုတ်ကပတ်တော်၏နောက်တစ်နေရာတွင်ထိုကျမ်းချက်ကိုရှင်းလင်းဖေါ်ပြထားကြောင်းသူတွေ့မြင်ရပါသည်။ ဘုရားသခင်၏သန့်ရှင်းသောနှုတ်ကပတ်တော်ကိုဝမ်းမြောက်စွာဖြင့်၄င်း၊ရိုသေလေးမြတ်ခြင်းဖြင့်လည်းကောင်းရှာဖွေဆည်းပူးလေ၏။

အနာဂတ္တိစကားများအတိုင်းဆက်၍ရှာဖွေသောအခါ၌ကမ္ဘာမြေကြီးပေါ်တွင် မှီတင်းနေထိုင်ကြသောလူသားမျိုးနွယ်တစ်ရပ်လုံးသည်ကမ္ဘာ့သမိုင်း၏နောက်ဆုံးအချိန်သို့ရောက်ရှိနေကြပြီးဖြစ်ကြောင်း၊သူတွေ့ရှိလာ၏။သို့သော်လူတို့မသိကြ၊အသင်းတော်များကိုကြည့်လိုက်သောအခါပျက်စီးဆုတ်ယုတ်နေကြသည်ကိုသူတွေ့မြင်၏။မိမိ၏မေတ္တာကိုသခင်ခရစ်တော်ထံမှဖယ်ခွါလျှက်လောကရေးရာ၌အသုံးပြုနေနေကြောင်းကို တွေ့ရှိခဲ့ရပါသည်။ကောင်းကင်မှလာသောဂုဏ်အသရေကိုရှာဖွေမည့်အစားလောကီဂုဏ်အသရေများကိုသာ ရှာဖွေနေကြ၏။ကောင်းကင်ဘုံ၌ဘဏ္ဍာကိုဆည်းပူးထားရမည့်အစားလောကီစည်းစိမ်ဥစ္စာများကိုသာဆုပ်ကိုင်ထားကြ၏။သူတော်ကောင်းဟန်ဆောင်ခြင်း၊မှောင်မိုက်ဖုံးလွှမ်းခြင်းနှင့်သေခြင်းတရား၌ နှစ်မြုပ်နေခြင်းများကို နေရာအနှံ့အပြားတွင်သူတွေ့မြင်ရ၏။သူ၏စိတ်ဓါတ်လှုပ်ရှားလာ၏။ဧလိရှဲသည်သူ၏နွားနှင့်လယ်ကိုစွန့်၍ဧလိယ၏နောက်သို့လိုက်ရန်ခေါ်ဆောင်မှုခြင်းခံခဲ့ရသည့်နည်းတူဝီလျံမေးလားသည်လည်းသူ၏လယ်ကိုစွန့်၍နောက်တော်သို့လိုက်ရန် ဘုရားသခင်ခေါ်တော်မူ၏။တုန်ရီစွာဖြင့်ပင်ဝီလျံမေးလားသည်ဘုရားသခင်နိုင်ငံတော်၏နက်နဲပုံများနှင့်ခရစ်တော် ဒုတိယအကြိမ်ကြွလာတော်မူမည့်အချိန်တိုင်အောင် အနာဂတ္တိစကားများကိုလူအပေါင်းတို့အား ဖွင့်ပြလျှက်တစ်ဆက်တည်းဟောပြောလေ၏။ကြိုးစားအားထုတ်ခဲ့သည်နှင့်အမျှခွန်အားကိုလည်းရရှိခဲ့၏။နှစ်ခြင်းဆရာယောဟန်သည်ခရစ်တော်ပထမအကြိမ်ကြွလာတော်မူမည့်အကြောင်း သံတော်ဆင့်၍ကြွလာတော်မူရာလမ်းကို ပြင်ဆင်ပေးခဲ့ရသည့်နည်းတူဝီလျံမေးလားနှင့်တကွသူ၏အပေါင်းအဖေါ်တို့သည်လည်းဘုရားသခင်၏သားတော်ဒုတိယအကြိမ်ကြွလာတော်မူမည့်အကြောင်းကိုလည်း ကြွေးကြော်ကြလေ၏။

ရှေးတမန်တော်များခေတ်သို့ ကျမအား တဖန်ခေါ်ဆောင်သွားပြီးလျှင် ကိုယ်တော်ချစ်တော်မူသည့်တမန်တော်ရှင်ယောဟန်အနေဖြင့် ပြီးဆုံးအောင်မြင်အောင်ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုကို ဘုရားသခင် စီမံထားကြောင်း ကျမရှုမြင်ရပါသည်။ ထိုအမှုတော်ကို ပိတ်ပင်တားဆီးထားရန် စာတန်ကလည်း ဆုံးဖြတ်ထားခဲ့ပါသည်။ ထို့ကြောင့် ယောဟန်ကိုဖျက်ဆီးသုတ်သင်ရန်သူ၏လူတို့အားတာဝန်ပေးဦးဆောင်လိုက်လေ၏။သို့သော် ဘုရား

သခင်သည် ကောင်းကင်တမန်ကို စေလွှတ်၍တမန်တော်အား အံ့သြဖွယ်ရာ ထိန်းသိမ်းစောင့်ရှောက်ထားတော်မူ၏။ယောဟန်လွတ်မြောက်ခဲ့ရာတွင်ဘုရားသခင်၏ဘုန်းတော်ကြီးမြတ်ထင်ရှားပုံကိုကိုယ်တိုင်တွေ့မြင်ရကြသောလူတို့အံ့သြကြသည်သာမကဘုရားသခင်သည်ယောဟန်နှင့်အတူရှိကြောင်းယေရှုအကြောင်းနှင့်ပတ်သက် ၍ရှင်ယောဟန်၏သက်သေခံချက်များ၊အမှန်ဖြစ်ကြောင်းလူတို့ယုံကြည်ကြလေ၏။သူ့ကို ဖျက်ဆီးသုတ်သင်ရန်ကြံစည်သူများသည် နောက်တစ်ဖန်သူ၏အသက်ကို အန္တရယ်ပေးရန် မကြံစည်ဝံ့ကြတော့ပေ။ယေရှုအတွက် ဆက်လက်၍ ဆင်းရဲပင်ပန်းခြင်းခံလေ၏။ သူ၏ရန်သူများကမတရားစွပ်စွဲ၍ မကြာမီအတွင်းလူအသွားအလာနည်းပါးသောကျွန်းတစ်ကျွန်းသို့ပြည်နှင်ဒဏ်ပေးလိုက်ကြ၏။ဘုရားသခင်သည်ကောင်းကင်တမန်အားထိုကျွန်းသို့စေလွှတ်တော်မူလျှက်နောက်ဆုံးကာလအတွင်းအသင်းတော်နှင့်ဤကမ္ဘာလောကကြီးပေါ်၌ ဖြစ်ပေါ်လာမည့်အကြောင်းများအသင်းတော်ဖေါက်ပြန်မည့်ပုံများ၊သို့သော်ဘုရားသခင်အလိုတော်နှင့်ညီညွတ်၍ နောက်ဆုံးတွင်အောင်မြင်လိုပါကအသင်းတော်အနေဖြင့်မည်သည့်အခြေအနေတွင်တည်နေရမည်စသည်များကိုယောဟန်အားရူပါရုံတွင် ဖေါ်ပြတော်မူ၏။ကောင်းကင်မှယောဟန်ထံသို့ဘုန်းတန်ခိုးနှင့်ဆင်းသက်လာသောကောင်းကင်တမန်၏မျက်နှာတွင်ဘုရားသခင်၏ဘုန်းတော်ရောင်ခြည်ထွန်းတောက်နေပါသည်။ဘုရားသခင်၏အသင်းတော်သမိုင်းတွင် နက်နဲ၍စိတ်ဝင်စားစရာမြင်ကွင်းများကိုလည်းကောင်း၊ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်ကြသူများအနေဖြင့်ရင်ဆိုင်ရမည့်အန္တရယ်ကြီးသောဆိုင်ပြိုင်မှုများကိုလည်းကောင်း၊ယောဟန်အား ကောင်းကင်တမန်ကဖေါ်ပြပါသည်။ထိုသူတို့သည်စုံစမ်းစစ်ဆေးခြင်းတည်းဟူသောဒုက္ခဆင်းရဲမျိုးစုံကိုခံရပြီးမှမီးနှင့်ချွတ်ပြီး၍ သန့်စင်သောရွှေပမာနောက်ဆုံးတွင်အောင်ပွဲခံသောအောင်မြင်သူများဖြစ်ကြသဖြင့် ကယ်တင်ခြင်းသို့ရောက်၍ ဘုရားသခင်၏နိုင်ငံတော်၌ဘုန်းစည်းစိမ်ခံစားနေရကြပုံကိုယောဟန်ရှုမြင်ရပါသည်။ နောက်ဆုံးတွင် ဘုရားသခင်၏ အသင်းတော်အောင်မြင်ခြင်းရရှိပုံကိုယောဟန်အားဖေါ်ပြနေစဉ်တွင် ကောင်းကင်တမန်၏မျက်နှာတွင် ဝမ်းမြောက်ခြင်းရောင်ခြည်ထွန်းတောက်လျှက် ထူးကဲစွာဖြင့် ဘုန်းအသရေ တိုးတက်လာပါသည်။ နောက်ဆုံးတွင် အသင်းတော်လွှတ်မြောက်ပုံကိုယောဟန်ရှုမြင်ရသောအခါထိုမြင်ကွင်း၏ ဘုန်းအသရေတော်ကြီးမြတ်ပုံနောက်သို့ စိတ်ပါသွားသဖြင့်ကြည်ညိုသဒ္ဓါစိတ်ထက်သန်လာပြီးလျှင်ကောင်းကင်တမန်အားဝတ်ပြုရန်သူ၏ခြေရင်းတွင် ပြပ်ဝပ်ကိုးကွယ်လိုက်လေ၏။ကောင်းကင်တမန်ကလည်းသူအားချက်ခြင်းလက်ဖြင့်ချီပြီး၊“ဤသို့မပြုပါနှင့်ငါဟာသင်၏လုပ်ဖေါ်ဆောင်ဖက်ဖြစ်၏ဟုသက်သေခံတော်မူချက်ကို ဆောင်သောသင်၏ ညီအစ်ကိုတို့၏ လုပ်ဖေါ်ဆောင်ဖက်လည်းဖြစ်၏။ဘုရားသခင်ကိုကိုးကွယ်လော့။ အကြောင်းမူကား ပရောဖက်ဟောသောစကားချက်သဘောသည် ယေရှု၏သက်သေဖြစ်သတည်း”ဟုညင်သာစွာပြောဆိုဆုံးမလိုက်ပါသည်။ထို့နောက် ကောင်းကင်တမန်သည် ဘုန်းတော်ရောင်ခြည်ဖိတ်ဖိတ်တောက်နေသောခမ်းနားသိုက်မြိုက်သည့်ကောင်းကင်ရွှေမြို့တော်ကိုယောဟန်အားပြပြန်သောအခါဝမ်းသာအားရကြည်နူးလှသဖြင့်ပထမအကြိမ်ဆုံးမခဲ့သည်ကိုမေ့လျော့သဖြင့်ကောင်းကင်တမန်၏ခြေရင်းတွင်နောက်တဖန်ပြပ်ဝပ်လျှက် ကိုးကွယ်ဝတ်ပြုရန် အားထုတ်ပြန်လေ၏။ ထိုအခါ ကောင်းကင်တမန်က ဤသို့မပြုပါနှင့်။ငါသည်သင်၏လုပ်ဖေါ်ဆောင်ဖက်ဖြစ်၏။သင်၏အစ်ကိုပရောဖက်တို့နှင့်ဤစာစောင်စကားကိုစောင့်ရှောက်သောသူတို့၏လုပ်ဖေါ်ဆောင်ဖက်လည်းဖြစ်၏။ ဘုရားသခင်ကိုကိုးကွယ်လော့ဟု နောက်တစ်ဖန်သာယာငြိမ့်ညောင်းသောအသံဖြင့် ဆုံးမပြန်လေ၏။

ဗျာဒိတ်ကျမ်းသည်လျှို့ဝှက်နက်နဲ၍အဓိပ္ပါယ်မထင်ရှား၊အရေးပါမှုတွင်လည်းအခြားသော ကျမ်းချက်များထက် လျော့နည်းသည်ဟု တရားဟောဆရာများနှင့် အများသော သူတို့က မှတ်ယူကြ၏။ သို့သော် ဤကျမ်းတွင်နောက်ဆုံးသော ကာလတွင်နေထိုင်ကြသော သူတို့အဖို့ သူတို့၏အခြေအနေနှင့်တာဝန်မှန်ကန်မှုကိုဖေါ်ပြလျှက်လမ်းညွှန်ကွပ်ကဲရာတွင်အထူးအကျိုးသက်ရောက်စေသည့်စာစောင်ဖြစ်ကြောင်းကျမရှုမြင်ရပါသည်။ အနာဂတ္တိစကားများနှင့်စပ်လျဉ်း၍ဝီလျံမေးလား၏ဥာဏ်မျက်စိကိုဘုရားသခင်လမ်းညွှန်ကွပ်ကဲတော်မူလျှက်ဗျာဒိတ်ကျမ်းနှင့်ပတ်သက်၍လည်းများစွာသောအလင်းတရားကို ပေးတော်မူ၏။ ဒံယေလ၏ရူပါရုံကိုနားလည်သဘောပေါက်ကြမည်ဆိုပါကရှင်ယောဟန်၏ရူပါရုံများကိုပို၍သဘောပေါက်ကြပါလိမ့်မည်။သို့သော် အချိန်ရောက်လာသောအခါဘုရားသခင်သည်မိမိ၏ကျွန်ကိုရွေးချယ်တော်မူသဖြင့်ထိုသူသည် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးဖြင့်အနာဂတ္တိစကားများကိုဖွင့်ပြနိုင်သည်သာမကဒံယေလနှင့် ယောဟန်တို့မြင်ခဲ့ရသောရူပါရုံများမှအစအခြားသောကျမ်းချက်များ၏သဘောညီညွတ်ဆီလျော်ပုံများတို့ပါ ရှင်းလင်းပြတ်သားစွာ ဖေါ်ပြနိုင်ပါသည်။ ၎င်းအပြင်လူသားကြွလာ

တော်မူမည်ကိုအသင့်ပြင်ဆင်၍စောင့်နေကြရန် နှုတ်ကပတ်တရားတော်မှ လေးနက်ကြောက်မက်ဖွယ်သတိပေးချက်များကိုလည်းဖေါ်ညွှန်းလျှက်လူတို့၏စိတ်နှလုံးများတွင်စွဲမှတ်နိုင်လောက်အောင်တိုက်တွန်းနိုးဆော်လေ၏။သူ၏တရားကိုကြားနာရသောသူတို့သည်အမှားကိုမြင်၍နောင်တသံဝေဂရကြ၏။ဓမ္မအမှုတော်ဆောင်များလူထုပရိသတ်များ၊ ဆိုးသောသူများနှင့် ဘုရားတရားမကြည်ညိုသောသူများသည် ထာဝရဘုရားထံတော်သို့ ချဉ်းကပ်လျှက် နောက်ဆုံးတရားစီရင်ခြင်းကို ခံရပ်နိုင်ရန်ပြင်ဆင်ထားကြဖို့ နည်းလမ်းရှာဖွေကြလေ၏။

ဝီလျံမေးလားသာသနာပြုရာတွင်ကောင်းကင်တမန်များကိုရိုင်းပင်းကူညီကြပါသည်။သူ့အားအပ်နှင်းထားသည့်သတင်းစကားကိုမကြောက်မရွံ့နောက်မဆုတ်ဘဲရဲရင့်တည်ကြည်စွာကြွေးကြော်ခဲ့စေပါသည်။ မတရားမှုများ၏အလယ်တွင်လဲလျောင်းနေသောကမ္ဘာကြီးနှင့်အေးစက်နိုင်၍ လောကီဆန်သောအသင်းတော်တို့၏အခြေအနေကသူ့ကိုစိန်ခေါ်လျှက်ရှိနေပါသည်။အပင်ပမ်းခံနိုင်၏။ ဆင်းရဲခံနိုင်၏။ဒုက္ခမျိုးစုံကိုခံနိုင်စွမ်းရှိလာပါသည်။ ကမ္ဘာလောကကြီးအနေဖြင့်လည်းကောင်း၊ခရစ်ယာန်အမည်ခံသောသူများအနေဖြင့်လည်းကောင်း၊ စာတန်နှင့်သူ၏တမန်များကပုတ်ခတ်ထိုးသတ်ကြ၏။သို့သော်သူ့အား ခေါ်ဖိတ်သောနေရာတိုင်းသို့သွား၍ ထာဝရဧဝံဂေလိတရားတော်ကိုမရပ်မနားဟောကြားခဲ့၏။“ဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြလော့။ တရားစီရင်တော်မူသောအချိန်ရောက်လုပြီး” ဟု ရပ်နီးရပ်ဝေး နေရာအနှံ့တွင်ကြွေးကြော်လေ၏။

ဆက်လက်လေ့လာရန်။ ၃ဓမ္မ ၁၉း၁၆-၂၁။ဒံ ၇-၁၂။ ဗျာ ၁၄း၇။၁၉း၈-၁၁။ ၂၂း၆-၁၀။

## အခန်း (၂၃) ပထမကောင်းကင်တမန်၏သတင်းစကား

အချိန်ကာလနှင့်ပတ်သက်၍(၁၈၄၃)ခုနှစ်၏ကြွေးကြော်ခြင်းကိုဘုရားသခင်အလိုတူကြောင်းကျမတွေ့ရှိခဲ့ပါသည်။ထိုစဉ်ကလူအများကိုနိုးကြားစေလျှက်သမ္မာတရားတော်နှင့်အညီ ဆုံးဖြတ်ကြရန်အလိုတော်ရှိခဲ့ပါသည်။ ပရောဖက်အနာဂတ္တိစကားများတွင်ဖေါ်ပြထားသည့်အချိန်ကာလအပိုင်းအခြားနှင့်စပ်လျဉ်း၍ သူတို့တွက်ချက်ယူဆပုံများအမှန်ဖြစ်ကြောင်းဓမ္မအမှုဆောင်များ ယုံကြည်ကြသည်။ ထို့ကြောင့် အချို့တို့ သည် မိမိတို့၏ဂုဏ်သိက္ခာလစာနှင့်အသင်းတော်ကိုစွန့်လွှတ်၍တစ်မြို့မှတစ်မြို့၊ တစ်နေရာမှတစ်နေရာသို့လှည့်လည်ပြီးလျှင် ထိုသတင်းစကားကို ဟောပြောခဲ့ကြပါသည်။ သို့သော်လည်းကောင်းကင်မှပေးပို့သည့်သတင်းစကားကိုခရစ်တော်၏အမှုတော်ဆောင်အမည်ခံသူအနည်းငယ်ကသာလက်ခံကြသဖြင့်ဓမ္မအမှုတော်ဆောင်မဟုတ်သူလူအများအပေါ် တာဝန်ကျရောက်ခဲ့ပါသည်။ထိုသတင်းစကားကိုကြွေးကြော်ရန်အချို့ကမိမိတို့၏လယ်ယာများကိုစွန့်လွှတ်ကြ၏။ အချို့တို့ကမိမိတို့ရောင်းဝယ်ဖေါက်ကားသည့်ကုန်ပစ္စည်းများနှင့်ဆိုင်များကိုစွန့်လွှတ်ခဲ့ကြပါသည်။အချို့အတတ်ပညာရှင်များပင်လျှင်မိမိတို့၏ရာထူးဂုဏ်ကိုစွန့်လွှတ်၍လူအများမကြိုက်နှစ်သက်သည့် ပထမကောင်းကင်တမန်သတင်းစကားကို ကြွေးကြော်ရန် တာဝန်ယူ၍မလုပ်၍မရပြုလုပ်ကြပါသည်။

ဓမ္မအမှုတော်ဆောင်များသည်မိမိတို့၏ဂိုဏ်းဂဏအယူအဆသဘောတရားများကို ဘေးဖယ်ထားကြပြီးလျှင် ယေရှုရှင်ကြွလာတော်မူမည့်အကြောင်းကို ကြွေးကြော်ရာတွင် တစ်စိတ်တစ်ဝမ်းတည်းစည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်ကြပါသည်။ထိုသတင်းစကားကြွေးကြော်သည့်နေရာဒေသတိုင်းတွင် လူအများစိတ်လှုပ်ရှားကြ၏။ဒုစရိုက်သားများနောင်တရကြ၏။ငိုကြွေးကြ၏။အပြစ်ဖြေလွှတ်ခွင့်ရရန်ဆုတောင်းပဌနာပြုကြ၏။မရိုးဖြောင့်သော အသက်မွေးဝမ်းကြောင်းပြုသူများသည်ပြုပြင်ပြောင်းလဲလိုစိတ်ပြင်းပြကြ၏။မိဘများသည် သားသမီးတို့အတွက်စိုးရိမ်ကြောင့်ကြမှုပြင်းပြကြ၏။ ထိုသတင်းစကားကို လက်ခံသောသူများသည်မိမိတို့လေးနက်စွာ ခံယူထားကြပြီးသည့်အလျောက်ကိုယ်တော်ကိုလက်ခံထားသည့်ဆွေမျိုးများအား လူသားကြွလာတော်မူမည့်အကြောင်းကိုစိတ်ရောကိုယ်ပါဆွေးနွေး၍ အသင့်ပြင်ထားကြရန် သတိပေးတိုက်တွန်းကြပါသည်။ ထိုသို့စိတ်ရောကိုယ်ပါထိရောက်စွာဟောပြောပါသော်လည်းလက်မခံသူများမှာစိတ်နှလုံးခိုင်မာဆုံးသောသူများသာဖြစ်ကြပါသည်။ထိုစိတ်နှလုံးကို သန့်ရှင်းစေကြယ်စေသည့်လုပ်ရပ်များကြောင့် လောကီရေးရာများကိုမြတ်နိုးခင်တွယ်ခြင်းမရှိကြတော့ဘဲကိုယ်ကိုကိုယ်ဘုရားသခင်အားဆက်ကပ်အပ်နှံခြင်းကို မည်သည့်အခါကမျှပင် မကြုံဖူးမတွေ့ဖူးခဲ့ကြပါ။

ဝီလျံမေးလားဟောပြောသည့်သမ္မာတတရားကို ထောင်ပေါင်းများစွာသောသူတို့ခံယူကြပါသည်။ ဇလိယ၏စိတ်ဓါတ်နှင့်တန်ခိုးကိုလက်ခံရရှိသည့်ဘုရားသခင်၏အစေခံများပေါ်ပေါက်လာပါသည်။။ ယေရှုရှင်၏ရှေ့တော်ပြေးယောဟန်ကဲ့သို့ထိုလေးနက်သောသတင်းစကားကိုဟောပြောသူတို့သည် ပြတ်သားသည့်စိတ်သဘောဖြင့်နိုးဆော်တိုက်တွန်းလျှက်နောင်တတရားတည်းဟူသောအသီးများကိုသီးပွင့်ကြရန်လူတို့အားဆင့်ဆိုကြပါသည်။ သူတို့၏သက်သေခံချက်များမှာအသင်းတော်များနိုးကြား၍ထိရောက်မည့်ပြုပြင်မှုရှိကြစေရန်နှင့် ၎င်းတို့၏အခြေအနေမှန်ကိုရုပ်လုံးဖေါ်ရန်ပြင်ဆင်ခြင်းဖြစ်ပါသည်။ကျရောက်လာမည့်အမျက် ဒေါသမုန်တိုင်းမှလွှတ်ပြေးကြရန်လေးနက်စွာနိုးဆော်တိုက်တွန်းရာတွင်အသင်းတော်များတွင်လူအများတို့သည် လွှတ်ငြိမ်းမှုကိုပေးသောသတင်းစကားများကိုလက်ခံကြပါသည်။ သူတို့အကျင့်ဖေါက်ပြန်နေပုံများကိုကိုယ်တိုင်သိမြင်ကြသောအခါဝမ်းနည်းကြေကွဲ၍မျက်ရည်ကျလျှက်နောင်တသံဝေဂရကြပြီးလျှင်ကိုယ့်ကိုယ်ကိုနှိမ့်ချပြီးဘုရားသခင်၏ထံတော်သို့တိုးဝင်ချဉ်းကပ်ကြလေ၏။ဘုရားသခင်၏ဝိညာဉ်တော်သည်သူတို့အပေါ်သို့ သတ်ရောက်သောအခါသူတို့ကလည်းဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြလေ့။တရားစီရင်တော်မူသောအချိန်ရောက်လာပြီးဟုကြွေးကြော်ရာတွင်ပါဝင်လက်တွဲကြပါသည်။

နေ့ရက်အချိန်ကိုအတိအကျဖေါ်ပြ၍ ဟောပြောကြသည့်အခါ တရားပလ္လင်ပေါ်ရှိ ဓမ္မဆရာနှင့်ဘုရားသခင်ကိုပင်မကြောက်ရွံ့ပွင့်လင်းစွာ ဒုစရိုက်ကျူးလွန်သူမှအစလူတန်းစားမျိုးစုံတို့က များစွာအတိုက်အခံပြုကြပါသည်။ကြွလာအံ့သောနေ့ရက်အချိန်နာရီကိုအဘယ်သူမျှမသိဟုအယောင်ဆောင်ဓမ္မဆရာများက ဟောပြောကြ၏။ရဲတင်းသောလူပြောင်များကပျက်ရယ်ပြုကြ၏။အနာဂတ္တိစကားများအရ ဖေါ်ပြထားသောအချိန်ကာလအပိုင်းအခြားများ ကုန်ဆုံးလုနီးနေပြီးဖြစ်၍ တံခါးဝတိုင်အောင်ရောက်ရှိလေပြီးဖြစ်ကြောင်းကိုလည်း ဖြစ်ပေါ်နေသည့်နိမိတ်လက္ခဏာများအရယုံကြည်ကြသည့်အတွက်ထိုတရားများကိုဟောပြောနေသူများကလည်းထိုသူတို့ကို သွန်သင်ပဲ့ပြင်ခြင်းမပြုလုပ်ပါ။ယေရှုကိုချစ်မြတ်နိုးပါသည်ဟုအဆိုပြု၍ကိုယ်တော်သိုးစုကို ထိန်းကျောင်းသောသိုးထိန်းအများစုကခရစ်တော်ကြွလာတော်မူမည့်အကြောင်းဟောပြောခြင်းကိုမူကားမဆန့်ကျင်ကြပါ။သို့ရာတွင် အချိန်အတိအကျဟောပြောခြင်းကိုမူကားကန့်ကွက်ခဲ့ကြသည်။ ထိုသူအားလုံးတို့၏ စိတ်နှလုံးကိုဘုရားသခင်သိတော်မူ၏။ယေရှုအားအနီးကပ်ချစ်မြတ်နိုးကြသည်မဟုတ်၊သူတို့သည်ခရစ်တော်ချမှတ်ထားသည့်နှိမ့်ချရေးလမ်းစဉ်အတိုင်းမချီတက်ကြသဖြင့်ခရစ်ယာန်မပီသသည့်အသက်တာများဖြင့်ကိုယ်တော်ရှေ့တော်၌ရပ်တည်နိုင်မည်မဟုတ်သည်ကိုသူတို့သိကြ၏။ဤသိုးထိန်းအတုများသည်ဘုရားသခင်၏အမှုတော်လမ်းဝတွင်ဆူညောင့်ခလုတ်များ ဖြစ်ကြ၏။လမ်းမှားကိုဖေါ်ထုတ်နိုင်စွမ်းရှိသည့် သမ္မာတရားဟောပြောချက်များကြောင့်ပရိသတ်များ နိုးကြားလာသဖြင့်ထောင်မျှုးကဲ့သို့အကျွန်ုပ်သည်ကယ်တင်ခြင်းသို့ရောက်အံ့သောငှါအဘယ်သို့ပြုရပါမည်နည်းဟု စုံစမ်းမေးမြန်းစပြုကြ၏။သို့သော်ဤသိုးထိန်းများသည်သမ္မာတရားတော်နှင့်လူတို့စပ်ကြားတွင်ဝင်၍လူကြိုက်များသော တရားတော်ကိုချောမွေ့ပြေပြစ်စွာဟောပြောလျှက်သူတို့ကိုတရားတော်မှလွဲချော်သွားရန် ဟောပြောခဲ့ပါသည်။စာတန်နှင့်သူ၏တမန်များကိုအပေါင်းအဖေါ်ပြုလျှက် ငြိမ်သက်ချင်းချမ်းသာမရှိသောအခါ၌ပင် ချမ်းသာချမ်းသာဟုဟောပြောကြ၏။သူတို့၏သက်သာချောင်ချိမှုကိုစုံမက်၍ ဘုရားသခင်နှင့်ဝေးကွာနေသည်ကိုပင်ကျေနပ်ရောင့်ရဲနေသောသူတို့အားလောကီလုံခြုံမှုအတွင်းမှနိုးကြားထကြွစေရန် နိုးဆော်၍မရနိုင်ပေ။ ထိုအချက်များကို ကောင်းကင်တမန်များကစေ့စပ်စုံလင်စွာဖြင်မှတ်သားထားကြသည်ကိုလည်းကောင်း၊ကိုယ့်ကိုယ်ကိုဘုရားသခင်အားဆက်ကပ်အပ်နှံခြင်းမပြုကြသည့်ထိုသိုးထိန်းများ၏ဝတ်ရုံများတွင်အသက်ဝိညာဉ်များ၏အသွေးများ စွန်းထင်းနေပုံကိုလည်းကောင်း ကျမရှုမြင်ရပါသည်။

အသက်ကယ်ဆယ်ရေးသတင်းစကားကိုလက်မခံလိုကြသော ဓမ္မအမှုတော်ဆောင်များသည် ထိုသတင်းစကားများကိလက်ခံလိုသည့်အခြားသောသူများကိုပါ အတားအဆီးပြုလုပ်ကြပါသည်။ထိုအသက်ဝိညာဉ်တို့၏အသွေးများသည်ထိုသူအပေါင်းတို့အပေါ်သို့ကျရောက်လေ၏။ ထိုကောင်းကင်သတင်းစကားများကိုအတိုက်အခံပြုကြရန်အတွက်လည်းကောင်း၊ဝီလျံမေးလားနှင့်သူ၏လုပ်ဖေါ်ဆောင်ဖက်များအားနှိပ်စက်ညှဉ်းပမ်းကြရန် အတွက်လည်းကောင်း၊တရားဟောဆရာများနှင့်လူထုပရိသတ်တို့ပူးပေါင်းကြ၏။သူ၏ဩဇာသက်ရောက်မှုချုပ်ငြိမ်းသွား

စေရန်မဟုတ်မမှန်သောသတင်းစကားများကိုလည်းဖြန့်ဝေကြ၏။ဘုရားသခင်၏အကြံအစည်များကိုရှင်းလင်းပြတ်သားစွာကြေငြာပြီးသည့်အချိန်တွင်လည်းကောင်း၊ကြားနာရသောပရိသတ်များစိတ်နှလုံးထိခိုက်လောက်သည့်သမ္မာတရားများကိုဝေငှပြီးသောအခါတွင်လည်းကောင်းအမျက်ဒေါသထွက်ကြသဖြင့်အသက်ကို အန္တရယ်ပြုရန်အစည်းအဝေးပြီးဆုံးချိန်တွင်သူပြန်ရာလမ်းမှစောင့်နေတတ်ကြပါသည်။သို့သော်ဘုရားသခင်၏ကောင်းကင်တ မန်များကသူ့ကိုအကာအကွယ်ပေး၍အမျက်ဒေါသအရှိန်ပြင်းနေသောလူအုပ်ကြီးများနှင့်လွတ်ကင်းရာသို့ဆောင်သွားကြပါသည်။ သူ၏လုပ်ငန်းတာဝန်ကြီးပြီးဆုံးခြင်းသို့ မရောက်သေး။

ဘုရားသခင်၏အမှုတော်အတွက်ကိုယ့်ကိုယ်ကိုဆက်ကပ်ထားသူများသတင်းစကားတော်ကို ဝမ်းမြောက်စွာလက်ခံကြပါသည်။ထိုသတင်းစကားများမှာဘုရားသခင်၏အထံတော်မှဖြစ်ကြောင်းသင့်တော်သောအချိန်အခါတွင်ရောက်လာကြောင်းသူတို့သိကြ၏။ကောင်းကင်သတင်းစကားတော်၏ အကျိုးသက်ရောက်မှုကိုကောင်းကင်တမန်များ စိတ်ဝင်စားစွာဖြင့် စောင့်ကြပ်နေကြ၏။ အသင်းတော်များက ငြင်းပယ်၍ မျက်နှာလွှဲကြသောအခါဝမ်းနည်းစွာဖြင့်ယေရှုထံအတိုင်ပင်ခံဝင်ကြ၏။ကိုယ်တော်သည် ထိုအသင်းတော်များမှ မျက်နှာတော်ကိုလွှဲထားတော်မူလျှက်သက်သေခံချက်ကိုမငြင်းပယ်သည့်မွန်မြတ်သောသူများအားသစ္စာရှိစွာဖြင့် စောင့်ရှောက်ကာကွယ်ထားကြရန်ကောင်းကင်တမန်များအားမိန့်မှာထားတော်မူ၏။ထိုအသင်းတော်များထံသို့ နောက်ထပ်အလင်းတရားကို ထပ်လောင်းပို့ဆောင်တော်မူမည်ဖြစ်သည်။

အကယ်၍ခရစ်ယာန်အမည်ခံသူများအနေဖြင့်သူတို့၏ကယ်တင်ရှင်ကြွလာတော်မူခြင်းကို နှစ်သက်ကြပြီးသူတို့သည်ကိုယ်တော်အားဇောက်အမှန်ချစ်မြတ်နိုးကြသည်သာမကဤကမ္ဘာမြေကြီးပေါ်တွင် ကိုယ်တော်နှင့်နှိုင်းယှဥ်မည့်သူမရှိကြောင်းတွေ့သိခံစားကြပါလျှင်ကိုယ်တော်ဒုတိယအကြိမ်ကြွလာမည့်အကြောင်း၊ပထမဆုံးကြားသိရသည်နှင့်တပြိုင်နက်ဝမ်းမြောက်ဝမ်းသာစွာဖြင့်ဆက်လက်ကြွေးကြော်ပေလိမ့်မည်။သို့သော် သူတို့၏အရှင်သခင်ကြွလာတော်မူမည့်သတင်းစကားကိုကြားရလျှင်ပင်သူတို့မနှစ်သက်ကြသည်မှာသူတို့၏အရှင်ကို သူတို့မြတ်နိုးခြင်းမရှိကြောင်းထင်ရှားသောသက်သေဖြစ်ပါသည်။ခရစ်တော်၏နာမတော်ကိုခံယူထားကြသူအများကကိုယ်တော်ကြွလာတော်မူခြင်းကိုမလိုလားကြသည်မှာကိုယ်တော်ကိုမည်မျှလောက်မချစ်ကြောင်းကိုယ်တော်နှင့် ကိုယ်တော်၏ကောင်းကင်တမန်တို့၏ရှေ့မှောက်သို့စာတန်နှင့်သူ၏တမန်တို့ကဖွင့်ဟ၍အောင်ပွဲခံကြပါသည်။ဘုရားသခင်၏လူတို့သည်သူတို့၏အရှင်ကြွလာတော်မူမည်ကိုဝမ်းမြောက်ရွှင်လန်းစွာဖြင့်မျှော်လင့်စောင့်ဆိုင်းနေကြပုံကို ကျမရှုမြင်ရပါသည်။သို့သော်ပရောဖက်အနာဂတ္တိစကားများတွင်ဖေါ်ပြထားသည့်အချိန်ကာလအပိုင်းအခြားနှင့် စပ်လျဥ်း၍ချင့်ချိန်တွက်ချက်ရာအမှားတစ်ချက်ရှိနေခြင်းမှာဘုရားသခင်၏လက်တော်ဖြင့်အုပ်ထား၍ဖြစ်ကြောင်း၊ သာဓကပြရန်ဘုရားသခင်ကြံရွယ်ထားတော်မူ၏။ကိုယ်တော်ကြွလာတော်မူမည်ကိုစောင့်မျှော်နေသောသူများ ထိုအမှားကိုမတွေ့မသိကြပါ။ ပညာရှိသုခမိန်အတိုက်အခံသမားများလည်း မသိကြပါ။ ကိုယ်တော်၏လူတို့ စိတ်ပျက်စရာနှင့်ရင်ဆိုင်ရကြရန်ဘုရားသခင်ကြံရွယ်ထားတော်မူ၏။ အချိန်ကာလကုန်လွယ်သွားလေပြီးသူတို့ကယ်တင်ရှင်ကြွလာတော်မူမည်ကို ဝမ်းမြောက်ရွှင်လန်းစွာ ဖြင့် ငံ့လင့်စောင့်မျှော်နေကြသူအများက ဝမ်းနည်းစိတ်ပျက်ရကြလေပြီ။ သို့သော်ကိုယ်တော်ကြွလာတော်မူမည်ကိုမနှစ်သက်သော်လည်းကြောက်ရွံ့ကြသည့်အတွက်ကြောင့်သာသတင်းစကားတော်ကိုလက်ခံထားကြသောသူတို့ကမူမျှော်မှန်းထားကြသည့်အချိန်တွင် ကြွလာတော်မမူသည့်အတွက် ကျေနပ်နေကြပါသည်။သူတို့၏ခံယူချက်များသည်သူတို့၏စိတ်နှလုံးများကိုပြောင်းလဲမပေးသည့်အတွက်သူတို့၏အသက်တာများသည်လည်းသန့်စင်ခြင်းမရှိကြပါ။ထိုသို့တိကျစွာ တွက်ချက်ထားပါလျှက်နှင့်အချိန်ကာလလွဲမှားသွားခြင်းမှာထိုသူတို့၏စိတ်သဘောထားများကိုဖေါ်ထုတ်ရန်အတွက်ပင်ဖြစ်ပါသည်။ ကယ်တင်ရှင်ကြွလာတော်မူမည်ကိုအမှန်တကယ်မြတ်နိုးလိုလားသဖြင့်ဝမ်းနည်းစိတ်ပျက်ရသူများအားသူတို့ကပထမဦးစွာ ပြယ်ရယ်ပြုကြပါသည်။ စုံစမ်းစစ်ဆေးခြင်းများကိုရင်ဆိုင်ရကြသောအခါတွန့်ဆုတ်သွားမည့်သူများကိုဖေါ်ထုတ်ရန် ဘုရားသခင်သည်မိမိလူတို့၏ စိတ်နှလုံးများကို စစ်ဆေးစမ်းသပ်ရာ၌ အမြော်အမြင်ကြီးမြတ်တော်မူပုံကို ကျမရှုမြင်ရပါသည်။

သူတို့မြတ်နိုးသောအရှင်ကြွလာတော်မူမည်ကိုအေးချမ်းစွာမျှော်လင့်စောင့်စားနေသူများအား ယေရှုရှင်နှင့်ကောင်းကင်ဗိုလ်ခြေအပေါင်းကစုံမက်ကြင်နာစွာဖြင့်ကြည့်နေကြပါသည်။ထိုသို့စိတ်ပျက်ခြင်းများနှင့် ရင်ဆိုင်နေကြရသောအချိန်တွင်အထောက်အကူပြုရန်ကောင်းကင်တမန်တို့သည် တဝဲလည်လည်စောင့်ရှောက်နေကြပါသည်။ကောင်းကင်မှကိုယ်တော်ပေးပို့တော်မူသည့်အလင်းတရားကိုလက်မခံကြသောသူများအနေဖြင့် မှောင်မိုက်

အတွင်း၌ပင်ကျန်ရစ်ခဲ့ကြသဖြင့်သူတို့အပေါ်သို့ဘုရားသခင်အမျက်တော်ကျရောက်လေ၏။ ကြွလာတော်မူခြင်းမရှိကြောင်းအဘယ့်ကြောင့်ကိုယ်တော်မသိနားမလည်သဖြင့်ဝမ်းနည်းစိတ်ပျက်နေကြသည့် သစ္စာတည်မြဲသူများမူကားမှောင်မိုက်အတွင်းမကျန်ရစ်ခဲ့ပါ။ အနာဂတ္တိစကားဆိုင်ရာ အချိန်ကာလအပိုင်းအခြားများအကြောင်းကျမ်းစာများတွင်ထပ်လောင်းလေ့လာဆည်းပူးကြရန်သူတို့အား နောက်တစ်ဖန်လမ်းညွှန်တော်မူ၏။ဘုရားသခင်သည်သူတို့တွက်ချက်နေသော ကိန်းဂဏာန်းများမှ လက်တော်ကို ဖယ်ရှားပြီးလျှင် အမှားကို ရှင်းပြတော်မူ၏။ ပရောဖက်အနာဂါတ်စကားနှင့်ဆိုင်သော အချိန်ကာလအပိုင်းအခြားသည် (၁၈၄၃) ခုနှစ်အထိရောက်သည်ကိုလည်းကောင်း၊အမှန်မှာအနာဂါတ်စကားသည်(၁၈၄၄)ခုနှစ်ရောက်မှပြီးဆုံးမည်ဖြစ်ကြောင်း၊ အထောက်အထားပြနေသည်ကို သူတို့သိရှိကြလေ၏။အမှန်အားဖြင့် စောင့်မျှော်နေသူများကို ဖေါ်ထုတ်ရန်တွက်ချက်ထားသည့် ရူပါရုံ၏ဆိုင်းငံ့ချိန်ကိုသတိမထားမိခဲ့ကြသည့်အကြောင်းမှာသူတို့အနေဖြင့်ခရစ်တော်ကြွလာတော်မူရန် စိတ်စောနေသောကြောင့်ဖြစ်ပါသည်။သူတို့အတွက်မျှော်လင့်စရာအချိန်များစွာရှိနေပါသေးသည်။သို့ပါလျှက်(၁၈၄၃)ခုနှစ် မတိုင်မီကသူတို့၏ယုံကြည်ခြင်းကိုထင်ပေါ်စေခဲ့သည့်စွမ်းအားနှင့် စိတ်ဝင်စားမှုကိုပြန်လည်မရရှိနိုင်လောက်အောင် စိတ်ပျက်နေကြသည့် လူအများရှိနေကြကြောင်း ကျမရှုမြင်ရပါသည်။

စာတန်နှင့်သူ၏တမန်များသည်ထိုသူတို့အပေါ်သို့ အောင်မြင်မှုရရှိနေပါသည်။ သတင်းစကားတော်ကိုလက်မခံကြသူများကလည်းသူတို့သည် ပညာဉာဏ်အမြော်အမြင်ကြွယ်ဝသူများဖြစ်၍ မှောက်မှားသောအမှု ကိစ္စ (လူတို့၏အဆိုအရ)ကိုလက်မခံကြဟုကိုယ့်ကိုယ်ကို အမွှမ်းတင်ကြ၏။ သူတို့သည် ဘုရားသခင်၏အကြံအစည်ကိုငြင်းပယ်သူများဖြစ်ကြောင်းကိုလည်းကောင်း၊သူတို့သည်စာတန်နှင့်သူ၏တမန်များနှင့်ပူးပေါင်းပြီးလျှင်ကောင်းကင်မှပေးပို့သောသတင်းစကားတော်နှင့်အညီဆောင်ရွက်အသက်ရှင်သောဘုရားသခင်၏သားသမီး များရှုပ်ထွေးသွားအောင်ပြုလုပ်ကြသူများဖြစ်ကြောင်းသူတို့ကိုယ်ကိုမသိကြချေ။ထိုသတင်းစကားကိုယုံကြည်သောသူများသည်အသင်းတော်များတွင်အနှိမ်ခံရကြ၏။သတင်းစကားတော်ကိုလက်မခံသောသူများသည် ကြောက်ရွံ့ကြသည့်အတွက်ပထမတွင်သူတို့၏ခံယူချက်အတိုင်းမပြုလုပ်ဘဲချုပ်တည်းထားကြသော်လည်း အချိန်ကျော်လွန်သွားသောအခါသူတို့၏မှန်သောစိတ်သဘောထားများသည်ရုပ်လုံးပေါ်လာကြပါသည်။ယုံကြည်သူများကြွေးကြော်သည့်သတင်းစကားများကိုထိုသူတို့သည်ဖျက်ဆီးသွားရန်လိုလားခဲ့ပါသည်။ပရောဖက်စကားဆိုင်ရာအချိန်ကာလ အပိုင်းအခြားများသည်(၁၈၄၄)ခုနှစ်အထိသက်ရောက်ပါသည်ဟုကိုယ်တော်ကိုစောင့်မျှော်နေသူများအနေဖြင့် မကြေငြာလျှင်မဖြစ်ဘဲကေန်အမှန်ကြေငြာရမည်ဟုသဘောထားကာယုံကြည်သောသူများကသူတို့၏အမှားကိုပီပြင်စွာ ဖြေရှင်း၍သူတို့၏အရှင်သည်(၁၈၄၄)ခုနှစ်ရောက်မှ ကြွလာတော်မူမည်ဟုသူတို့မျှော်လင့်နေကြသည်မှာ အဘယ့်ကြောင့်ဖြစ်ကြောင်းရှင်းလင်းချက်များပေးကြပါသည်။စွမ်းအားထက်သောအကြောင်းပြချက်များကို အတိုက်အခံသမားများကကန့်ကွက်ဝေဖန်ခြင်းမပြုလုပ်နိုင်ကြပါ။သို့သော်အသင်းတော်များ၊ အမျက်ဒေါသမီးတောက်နေကြသဖြင့်သူတို့၏အကြောင်းပြကချက်များကိုနားမထောင်ကြဖို့နှင့်သူတို့၏သက်သေခံချက်များကို အခြားသူများမကြားနာရလေအောင်အသင်းတော်များအနေဖြင့် လက်မခံရန်ကိုပါဆုံးဖြတ်လိုက်ကြပါသည်။ထို့ကြောင့် ဘုရားသခင်ပေးပို့တော်မူသည့်အလင်းတရားတော်ကိုမဝေငှဘဲမနေနိုင်အောင်လူများအားအသင်းတော်များမှ ထုတ်ပယ်ခဲ့ကြလေ၏။သို့သော်သူတို့နှင့်အတူယေရှုရှင်ရှိတော်မူပါ၏။သူတို့သည်လည်းကိုယ်တော်ထံမှရရှိသော အလင်းတရားအတွက်ဝမ်းမြောက်ရွှင်မြူးကြပါ၏။ဒုတိယကောင်းကင်တမန်၏သတင်းစကားကိုလက်ခံရန် သူတို့အဆင်သင့်ရှိနေကြလေပြီး။

ဆက်လက်လေ့လာရန်။ ဒံယေလ ၈း ၁၄၊ ဟဗက္ကုတ် ၂း၁-၄။ မိက္ခာ ၃း၄ ။ မဿဲ ၂၄း၃၆။ ဗျာ ၁၄း၆-၇။

## အခန်း(၂၄) ဒုတိယကောင်းကင်တမန်၏သတင်းစကား။

အသင်းတော်များသည်ပထမကောင်းကင်တမန်သတင်းစကားတော်ကိုလက်မခံကြပေ။ထိုသို့ကောင်းကင်မှ ပေးပို့သောအလင်းတရားကို ငြင်းပယ်ကြသောကြောင့် ဘုရားသခင်၏မျက်နှာသာပေးမှုကို ဆုံးရှုံးခဲ့ရပါသည်။ သူတို့သည် ကိုယ့်ခွန်အားကိုယုံကြည်အားထားပြီး ပထမသတင်းစကားတော်ကိုအတိုက်အခံပြုကြသဖြင့် ဒုတိယကောင်းကင်တမန်သတင်းစကားဆိုင်ရာအလင်းတရားကို သူတို့မတွေ့မသိနိုင်သည့်အခြေအနေသို့ရောက်ကြလေ၏။သို့သော်နှိပ်စက်ညှင်းဆဲခြင်းကိုခံရကြသည့်ဘုရားသခင်၏ ချစ်မြတ်နိုးသောသူများကမူ"ဗာဗုလုန်မြို့ကြီးပြိုလဲပြီး"ဟူသော သတင်းစကားကိုလက်ခံလျှက် အသင်းတော်များကို စွန့်ခွာသွားကြလေ၏။

ဒုတိယကောင်းကင်တမန်သတင်းစကားဆိုင်ရာအချိန်ကာလကုန်ဆုံးချိန်ရောက်လုနီးသောအခါဘုရားသခင်၏လူတို့အပေါ်တွင်ကောင်းကင်မှကြီးစွာသောအလင်းရောင်ထွန်းတောက်နေပုံကိုကျမမြင်တွေ့ရပါသည်။ထိုအလင်း၏ရောင်ခြည်များမှာနေ၏အရောင်ကဲ့သို့ထွန်းတောက်လှပါ၏။ မင်္ဂလာဆောင်လုလင်သည်လာပြီးခရီးဦးကြိုပြုခြင်းငှါ ထွက်သွားကြကုန်ဟုကောင်းကင်တမန်တို့၏ကြွေးကြော်သံများကိုလည်း ကျမကြားရပါသည်။

သန်းကောင်ယံကြွေးကြော်သံဖြစ်၍ထိုကြွေးကြော်သံအားဖြင့်ဒုတိယကောင်းကင်တမန်၏သ တင်းစကားကိုအားဖြည့်ပေးရန်ဖြစ်ပါသည်။ စိတ်ဓါတ်ကျဆင်းနေသော သန့်ရှင်းသူများအား နိုးကြားထကြွစေပြီးလျှင် သူတို့ဆောင်ရွက်ရန်ရှိသေးသည့်အမှုတော်အတွက်ပြင်ဆင်ပေးဖို့ကောင်းကင်ဘုံမှ ကောင်းကင်တမန်များအားစေလွှတ်တော်မူ၏။ သတင်းစကားကို ပထမဦးစွာ လက်ခံသူများမှာ အရည်အချင်းနှင့် အပြည့်ဝဆုံးသော သူများမဟုတ်ကြပါ။စိတ်နှလုံးနှိမ့်ချ၍သစ္စာတည်မြဲသောသူများထံသို့ ကောင်းကင်တမန်တို့ကို စေလွှတ်တော်မူပြီးလျှင် မင်္ဂလာဆောင်လုလင်သည်လာပြီး၊ ခရီးဦးကြိုပြုခြင်းငှါထွက်သွားကြကုန်ဟု ကြွေးကြော်နိုးဆော်ကြဖို့သူတို့အား အနိုင်အထက်ပြုရန်နီးပါးသွေးဆောင်တော်မူ၏။ထိုကြွေးကြော်သံအတွက်တာဝန်လွှဲအပ်ခြင်းခံရသောသူများသည်သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်ဖြင့်ထိုသတင်းစကားကို အလျင်အမြန်ကြွေးကြော်ကြလေ၏။စိတ်ဓါတ်ကျဆင်းနေသောညီအစ်ကိုများကိုလည်းနိုးထစေကြ၏။ဤအမှုတော်သည်လူတို့၏ပညာဉာဏ်အားဖြင့်မဟုတ်၊ တက်ကျွမ်းမှုအားဖြင့်လည်းမဟုတ်၊ဘုရားသခင်၏တန်ခိုးတော်အားဖြင့်ဖြစ်လိမ့်မည်။ကိုယ်တော်၏သန့်ရှင်းသူများသည်လည်း ထိုကြွေးကြော်သံကိုကြားရသောအခါမငြင်းဆန်နိုင်တော့ဘဲလက်ခံကြပေလိမ့်မည်။ ဝိညာဉ်ရေးစိတ် ဓါတ်အထက်သန်ဆုံးသောသူများသည် ထိုသတင်းစကားကိုပထမဦးဆုံးလက်ခံကြလျှက် ယခင်ကအမှုတော်တွင်ခေါင်းဆောင်သောသူများကနောက်ဆုံးမှလက်ခံကြပြီးမင်္ဂလာဆောင်လုလင်သည်လာပြီးခရီးဦးကြိုပြုခြင်းငှါ ထွက်သွားကြကုန်ဟု သိုက်သိုက်ဝန်းဝန်းကြွေး ကြော်ကြလေ၏။

အနယ်နယ်အရပ်ရပ်တွင်ဒုတိယကောင်းကင်တမန်၏သတင်းစကားအပေါ်  အလင်းတရားကိုပေးတော်မူသဖြင့်ထိုကြွေးကြော်သံကြောင့်ထောင်သောင်းမကသောသူတို့၏စိတ်နှလုံးပြောင်းလဲကြ၏။စောင့်မျှော်နေကြသည့်ဘုရားသခင်၏သားသမီးအပေါင်းနိုးကြားထကြွကြသည့်တိုင်အောင်တစ်မြို့မှတစ်မြို့တစ်ရွာမှတစ်ရွာသို့ ထိုကြွေးကြော်သံကိုသယ်ဆောင်သွားကြပါသည်။ အသင်းတော်အများက ထိုသတင်းစကားကိုကြွေးကြော်ရန် ခွင့်မပြုကြသဖြင့်ထိုအသက်ရှင်သော သက်သေခံချက်ကို လက်ခံရရှိထားကြသည့် လူစုလူဝေးကြီးသည်ထိုကျဆုံးသောအသင်းတော်များမှထွက်ခွာသွားကြလေ၏။သန်းကောင်ယံကြွေးကြော်သံအားဖြင့်ကြီးမြတ်သည့်လုပ်ငန်းကြီးတစ်ရပ်အောင်မြင်ပြီးမြောက်သွားပါသည်။ထိုသတင်းစကားသည်လူ၏စိတ်နှလုံးကို စစ်ဆေးရှာဖွေလိုသည့်တန်ခိုးရှိသဖြင့်ယုံကြည်သောသူများအားအသက်ရှင်သောဗဟုသုတကိုကိုယ်တိုင်ရှာဖွေလေ့လာရန်ပို့ဆောင်ပါသည်။ တစ်ဦးကိုတစ်ဦးဆည်းကပ် အားထားရန် မဖြစ်နိုင်ကြောင်းသူတို့သဘောပေါက်ကြလေ၏။

သန့်ရှင်းသောသူတို့သည်စိုးရိမ်ကြောင့်ကြကြီးစွာဖြင့်ကိုယ်တော်အားစောင့်မျှော်နေကြစဉ် အစာရှောင်ကြ၏။သတိဝိရိယထားကြ၏။အချိန်ပြည့်နီးပါးဆုတောင်းလျှက်နေကြ၏။ထိုအချိန်ရောက်လာဖို့ ဆိုးသွမ်းသူများပင်ကြောက်လန့်စွာစောင့်နေကြပါသည်။သို့သော်အများသောလူထုကြီးမှာမူ ထိုသတင်းစကားကိုအတိုက်အခံလုပ်လျှက်စာတန်၏စိတ်ဓါတ်ကိုဖြေရှင်းနေကြပါသည်။ထိုအချိန်နာရီကိုကား အဘယ်သူမျှမသိဟုဆိုလျှက်နေရာအနှံ့အပြားတွင်ပြောင်လှောင်ခြင်း၊သရော်ခြင်းပြုကြ၏။သူတို့၏စိတ်နှလုံးများခိုင်မာသည်ထက်ခိုင်မာအောင်ကောင်းကင်မှပေးပို့သည့်အလင်းတရားမှန်သမျှကိုငြင်းပယ်ကြလေအောင်စာတန်၏တမန်များကသူတို့အားနိုးဆော်နေကြလေ၏။သို့မှသာစာတန်၏ထောင်ချောက်အတွင်းတည်မြဲနေကြပေလိမ့်မည်။ ခရစ်တော်အားစောင့်မျှော်နေကြပါသည်ဟုအဆိုပြုနေသူအများသည်ထိုအမှုတော်၌ပါဝင်ခဲ့ခြင်းမရှိပါ။ သူတို့ကိုယ်တိုင်သိတွေ့ရသည့် ဘုရားသခင်

၏ဘုန်းတော်နှင့်စောင့်မျှော်နေကြသောသန့်ရှင်းသူများ၏သစ္စာရှိမှု၊စိတ်နှလုံးနှိမ့်ချမှုမှအစလေးနက်ထင်ရှားနေသည့်သာဓကများကြောင့်သာသမ္မာတရားတော်ကိုလက်ခံပါသည်ဟု သူတို့အဆိုပြုကြသော်လည်းပြောင်းလဲခြင်းသို့မရောက်ကြ။ကိုယ်တော်ကြွလာတော်မူသည့်အတွက်သူတို့အသင့်မရှိကြ။သန့်ရှင်းသူတို့သည်နေရာအနှံ့အပြားတွင်လေးနက်စွာစိတ်ပါစွာဆုတောင်းပဌာနာပြု၍နေကြ၏။သူတို့တွင်သန့်ရှင်းမြင့်မြတ်သောခံစားမှုရှိနေကြ၏သတင်းစကား၏အကျိုးသက်ရောက်မှုကိုကောင်းကင်တမန်များကစိတ်အားထက်သန်စွာစောင့်ကြည့်နေကြပြီးလျှင်ထိုသတင်းစကားကိုလက်ခံသူများအနေဖြင့်ကယ်တင်ခြင်းဆိုင်ရာအသက်စမ်းရေကိုမြောက်မြားစွာရရှိနိုင်ကြစေရန်သူတို့အားလောကီရေးရာများမှ ဆွဲယူ၍အထက်သို့မြှင့်တင်နေကြပါသည်။ထိုအခါကိုယ်တော်သည်မိမိ၏လူများကိုလက်ခံတော်မူ၏။သူတို့သည်လည်းယေရှုရှင်အားရောင်ပြန်ဟပ်နေကြသည်ဖြစ်၍ကိုယ်တော်သည်သူတို့အာမြတ်နိုးစွာဖြင့်ရှုစားတော်မူ၏။ သူတို့သည်ကိုယ်ကျိုးကိုလုံးလုံးလျားလျားစွန့်၍ကိုယ်ကိုယ့်ကိုအကြွင်းမဲ့ဆက်ကပ်အပ်နှံထားကြသဖြင့်မဖေါက်ပြန်မပျက်စီးနိုင်သည့်ဘဝသို့ပြောင်းလဲမည့်အချိန်ကိုစောင့်မျှော်နေကြပါသည်။သို့သော်အလိုတော်နှင့်အညီ ဝမ်းနည်းစွာဖြင့် စိတ်ပျက်ရကြပြန်၏။ လွတ်မြောက်ကြတော့မည်ဟု မျှော်မှန်းလျှက်စောင့်နေသောအချိန်လွန်သွားလေပြီ။သူတို့မှုကား ဤကမ္ဘာပေါ်၌ပင်ရှိနေကြသေး၏။မည်သည့်အခါက ဤမျှလောက်ဆိုးရွားသောခံစားမှုနှင့်မတွေ့မကြုံခဲ့ရကြပါ။ကောင်းကင်ဘုံကိုသာသူတို့ချစ်မြတ်နိုးခဲ့ကြ၏။သေခြင်းကင်းသော ဘဝဆိုင်ရာ လွတ်မြောက်ရေးကိုလည်း စိတ်အာရုံတွင် ကြည်နူးစွာဖြင့် မှော်မှန်း၍ မြည်းစမ်းခဲ့ရကြ၏။ သို့သော်သူတို့၏မျှော်လင့်ချက်များကို အကောင်အထည်မပေါ်ခဲ့ကြပါ။

အများသောသူတို့ကြောက်ရွံ့ခဲ့ကြသော်လည်းသူတို့၏ကြောက်စိတ်များချက်ခြင်းပင်ပျောက်ကွယ်မသွားပါ။စိတ်ပျက်ခြင်းနှင့်ရင်ဆိုင်ရသူများကိုလည်း သူတို့ချက်ခြင်းအနိုင်မရသေးပါ။သို့သော်ဘုရားသခင်၏အမျက်တော်ကျရောက်ပုံမပေါ်သောအခါသူတို့၏ကြောက်စိတ်များပျောက်၍ပြောင်လှောင်ခြင်း၊သရော်ခြင်း၊ပြက်ရယ်ပြုခြင်းများကိုအစပြုကြပြန်၏။ဤသို့အားဖြင့်ဘုရားသခင်၏လူတို့သည်မှတ်ကျောက်တင်ခံရပြန်၏။ လောကီသားများကသူတို့အားကြည့်၍ရယ်ကြ၏။ပြောင်လှောင်ကြ၏။ပြစ်တင်ဝေဖန်ကြ၏။ခရစ်တော်သည်ထိုအချိန်ကကြွလာတော်မူပြီးလျှင်စုတေ့သောသူများအားထမြောက်စေတော်မူလိမ့်မည်။အသက်ရှင်သောသန့်ရှင်းသူများဘဝပြောင်းလဲစေလိမ့်မည်။နိုင်ငံတော်ကိုသိမ်းယူပြီးလျှင်ထာဝစဉ်စိုးမိုးတော်မူလိမ့်မည်ဟုသံသယမရှိ၊အမှန်တကယ်ယုံကြည်ခဲ့သောသူတို့သည်ခရစ်တော်၏သင်္ချိုင်းတော်သို့သွားရန်"ကျွန်ုပ်၏သခင်ကိုယူသွားကြပြီးအဘယ်မှာထားကြသည်ကိုမသိပါ" ဟုပြောခဲ့သည့် တပည့်တော်များခံစားခဲ့ရသည့်နည်းတူ ယခုလည်းသူတို့ခံ စားရကြလေ၏။

ဆက်လက်လေ့လာရန်။ မဿဲ ၂၄း၃၆။ ၂၅း၆။ ယော ၂၀း၁၃။ ဗျာ ၁၄း၈။

## အခန်း (၂၅) မြော်လင့်ခြင်းဆိုင်ရာ လှုပ်ရှားမှုကို သရုပ်ဖေါ်ထားခြင်း။

လူအုပ်စုအမြောက်အမြားအားအုပ်စုလိုက်ကြီးများနှင့်ချည်နှောင်ထားပုံကိုကျွန်ုပ်မြင်ရပါသည်။ ထိုအုပ်စုများတွင်များစွာသောလူတို့သည်မှောင်မိုက်အတွင်းလုံးဝရောက်ရှိနေကြပါသည်။သူတို့သည်မြေကြီးကိုသာငုံကြည့်နေကြသဖြင့်ယေရှုရှင်နှင့်သူတို့စပ်ကြားတွင်အဆက်အသွယ်မရှိပါ။သို့သော်ထိုလူအုပ်စုအတွင်းသူတို့၏ မျက်နှာပေါ်တွင် အလင်းရောင်ထွန်းတောက်နေပုံရသောသူအချို့တို့သည် ပြန့်ကြဲလျှက် ရှိနေကြပြီးလျှင် ကောင်းကင်သို့မျှော်ကြည့်နေကြပါသည်။ယေရှုထံမှလာသောအလင်းရောင်များသည်နေရောင်ခြည်ပမာသူတို့အား အလင်းရောင်ပေးနေပါသည်။သေချာစွာကြည့်ရန်ကောင်းကင်တမန်ကကျွန်ုပ်အားပြောပြသဖြင့်ကြည့်လိုက်ရာ သူတို့၏မျက်နှာပေါ်တွင်အလင်းရောင်ထွန်းတောက်နေကာသူတို့အားကောင်းကင်တမန်တစ်ပါးစီကစောင့်ကြပ်နေပုံနှင့်မှောင်မိုက်အတွင်း၌ရှိနေသောသူများအားစာတန်၏တမန်များကဝန်းရံထားကြပုံကိုကျွန်ုပ်မြင်ရပါသည်။ထိုအခါကောင်းကင်တမန်တစ်ပါးကဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြလော့။တရားစီရင်တော်မူသောအချိန်ရောက်လာပြီးဟုကြွေးကြော်လိုက်သည် ကို ကျွန်ုပ်ကြားရပါသည်။

လက်ခံလိုသောသူတိုင်းအလင်းတရားရရှိစေရန်ထိုလူအုပ်စုတိုင်းအပေါ်သို့ဘုန်းရောင်ခြည်ဆင်းသက်လာ

ပါသည်။မှောင်မိုက်အတွင်းရှိနေကြသောလူအချို့အလင်းတရားကိုလက်ခံ၍ဝမ်းမြောက်ကြ၏။အခြား သောသူတို့ကသူတို့အားလမ်းလွဲသွားစေမည့်အလင်းရောင်ဖြစ်ကြောင်းပြော၍ကောင်းကင်မှလာသောထိုအလင်း ရောင်သည်လည်းသူတို့ကိုကျော်လွန်သွားသဖြင့်မှောင်မိုက်အတွင်းမှာပင်ကျန်ရစ်ခဲ့ကြလေ၏။ယေရှုရှင်ထံမှလာသောထိုအလင်းရောင်ကိုလက်ခံသောသူများသည်ထိုသို့တိုးတက်ရရှိမည့် မှန်မြတ်သောအလင်းရောင်ကို နှစ်ခြိုက်မြတ်နိုးသဖြင့်ဝမ်းမြောက်ကြ၏။သူတို့၏မျက်နှာများသည်သန့်ရှင်းသောဝမ်းမြောက်ခြင်းဖြင့်ပြုံးရွှင်လျှက်ယေရှုရှင် အားစိတ်ပါစွာဖြင့်အာရုံပြုပြီးလျှင်ကောင်းကင်သို့မျှော်ကြည့်လျှက်ဘုရားသခင်ကိုကြောက်ရွံ၍ချီးမွမ်းကြလေ၇။တရားစီရင်တော်မူသောအချိန်ရောက်လာပြီးဟုကောင်းကင်တမန်တို့နှင့်အတူလိုက်လျောညီထွေစွာကြွေးကြော်ကြသောအခါမှောင်မိုက်အတွင်းရှိနေသောသူများကသူတို့၏ပုခုံးနှင့်နံဘေးကိုတိုက်ခိုက်ကြသည်ကို ကျမမြင်တွေ့ရပါသည်။ ထို့နောက်လက်ခံ ရရှိသည့် မြတ်တော်မူသောအလင်းတရားကို နှစ်ခြိုက်မြတ်နိုးသောလူအများစုသည် သူတို့အားနှောင်ဖွဲ့ထားသောကြိုးကိုဖြေ၍ထိုလူအုပ်စုများနှင့်ခွဲခွာသွားကြပြီးလျှင်သီးခြားရပ်တည်နေကြသည်။ထိုသို့သူတို့ပြုနေစဉ်ထိုအုပ်စုအသီးသီးကအရိုအသေပြုခြင်းကိုခံရသောသူများသည် မိမိတို့လူအုပ်များကို လိုက်လံစစ်ဆေး၍အချို့ကအသံချိုသာစွာဖြင့်လည်းကောင်း၊အချို့တို့ကအမျက်ဒေါသထွက်နေသည့်မျက်နှာထားဖြင့်လည်းကောင်း၊အချို့က ခြိမ်းခြောက်သည့် ပုံစံဖြင့်လည်းကောင်း၊ လျော့နေသာကြိုးများကို ပြန်၍ တင်းထား လိုက်ကြပါသည်။ထို့အပြင်ထိုသူ များက ဘုရားသခင်သည် ငါတို့နှင့်ရှိတော်မူ၏။ ငါတို့အလင်းတရား၌ ရပ်တည်ကြ၏။ ငါတို့၌သမ္မာတရားရှိ၏ဟုဆက်ကာဆက်ကာပြောဆိုနေကြပါသည်။သူတို့မည်သူမည်ဝါဖြစ်ကြောင်းကို ကျမကမေးသောအခါသူတို့သည်အလင်းတရားကိုကိုယ်တိုင်ငြင်းပယ်သည့်ဓမ္မအမှုတော်ဆောင်များနှင့် လူထုခေါင်းဆောင်များဖြစ်ကြောင်းထိုအလင်းတရားကို အခြားသူများက လက်ခံကြမည်ဟုဆိုပါသော်လည်း သဘောမတူသောသူများဖြစ်ကြောင်းပြောပြပါသည်။အလင်းတရားကိုကြည်နူးစွာဖြင့် လက်ခံသောသူများသည်ကောင်းကင်သို့ စိတ်အားထက်သန်စွာမျှော်ကြည့်လျှက် ယေရှုရှင်ကြွလာတော်မူပြီးလျှင် သူတို့အား သိမ်းဆည်းတော်မူရန် စောင့်နေကြပါသည်။မကြာမီသူတို့အပေါ် သို့မိုးတိမ်တစ်ခုဖြတ်ကျော်သွားသဖြင့်သူတို့သည်လည်းဝမ်းနည်းကြေကွဲကြလေ၏။ထိုမိုးတိမ်ဖြစ်ပေါ် ရသည့်အကြောင်းကိုကျမကမေးမြန်းသောအခါသူတို့အတွက်စိတ်ပျက်စရာဖြစ်ကြောင်းကျမအားဖေါ်ပြရင်းကယ်တင်ရှင်ကြွလာတော်မူမည်ဟုသူတို့မျှော်လင့်ထားသောအချိန်ကျော်လွန်သွားပြီးဖြစ်သော်လည်းယေရှုရှင်ကြွလာတော်မမူသေးပါစောင့်မျှော်နေသောသူများစိတ်ပျက်ရကြသောအခါယခင်ကကျမသတိပြုမိသောဓမ္မအမှုတော်ဆောင်များနှင့် လူထုခေါင်းဆောင်များရွှင်မြူးကြလေ၏။ အလင်းတရားကို ငြင်းပယ်ခဲ့ကြသောသူများကလည်းကြီးစွာ အောင်ပွဲခံကြလေ၏။ စာတန်နှင့်သူ၏တမန်တို့ကလည်း ဝမ်းမြောက်ရွှင်မြူးစွာဝိုင်းရံထားလေ၏။

ထို့နောက်အခြားသောကောင်းကင်တမန်တစ်ပါးက ဗာဗုလုန်မြို့ကြီးပြိုလဲပြီး၊ ဗာဗုလုန်မြို့ကြီးပြိုလဲပြီးဟုလိုက်၍ကြွေးကြော်သည့်အသံကိုကျမကြားရပါသည်။စိတ်ပျက်နေသောသူများအပေါ် သို့အလင်းတစ်ရပ်ထွန်းလင်းပြန်သောအခါကိုယ်တော်ကြွလာတော်မူရန်အတွက်စိတ်အားထက်သန်နေသောသူများကယေရှုထံသို့ အာရုံစူးစိုက်ထားကြပြန်၏။ဗာဗုလုန်မြို့ကြီးပြိုလဲပြီးဟုကြွေးကြော်သောကောင်းကင်တမန်နှင့် အခြားသောကောင်းကင်တမန်များသည်လည်းမင်္ဂလာဆောင်လုလင်သည် လာပြီးခရီးဦးကြိုပြုခြင်းငှါ ထွက်သွားကြကုန်ဟု ကြွေးကြော်သောကောင်းကင်တမန်နှင့်သွား၍ပူးပေါင်းကြပုံကိုလည်းကောင်းကျမမြင်တွေ့ရပါသည်။ထိုကောင်းကင်တမန်အပေါင်း၏သာယာသောသီချင်းသံများ၊နေရာအနှံ့အပြားသို့တိုင်အောင်ရောက်ရှိပုံပေါ် လွင်ပါသည်။ သူတို့လက်ခံရရှိသောအလင်းတရားကို နှစ်ခြိုက်မြတ်နိုးသူများ၏ ဝန်းကျင်တွင် ဘုန်းကြီးတော်မူသောအလင်းရောင်သည် ထူးခြားစွာထွန်းတောက်နေပါသည်။သူတို့၏မျက်နှာများသည်လည်းထူးမြတ်သော ဘုန်းတော်ရောင်ခြည်ထွန်းတောက်လျှက်ကြည့်ပါမင်္ဂလာဆောင်လုလင်သည်လာပြီးဟုကြွေးကြော်သောကောင်းကင်တမန်များနှင့်ပူးပေါင်းလျှက်သူတို့နှင့်အတူတကွကြွေးကြော်ကြပါသည်။သူတို့သည်လူအုပ်အသီးသီးတွင်တညီတညွတ်တည်းကြွေးကြော်သောအခါအလင်းတရားကိုလက်မခံသောသူများကသူတို့အားစိတ်ဆိုးသောမျက်နှာထားများဖြင့်တွန်းတိုးပစ်ကြ၏။ ပြယ်ရယ်ပြုကြ၏။ပြစ်တင်ဝေဖန်ကြ၏။ထိုသို့နှိပ်စက်ညှဉ်းဆဲခြင်းခံနေရသူများအနေဖြင့်ကောင်းကင်မှလာသောအလင်းတရားကိုငြင်းပယ်ကြလေအောင်စာတန်နှင့်ကောင်းကင်တမန်များကသူတို့၏အမှောင်ထုဖြင့် ဖိနှိပ်လျှက်သွေးဆောင်နေကြသော်လည်းဘုရားသခင်၏ ကောင်းကင်တမန်များက ထိုအမှောင်ထုကိုသူတို့၏ အတောင်များခတ်လျှက်ကာကွယ်ခဲ့ကြပါသည်။

ထို့နောက်တွန်းထိုးခြင်း၊ကဲ့ရဲ့ပြစ်တင်ခြင်းခံနေရသူများအားသင်တို့သည် သူတို့အထဲမှထွက်၍ မစင်ကြယ်သောအရာကိုလက်နှင့်မျှမတို့ကြနှင့်ဟုပြောသောအသံကိုကျွမကြားရပါသည်။ထိုအသံကိုနားထောင်သောအားဖြင့်လူ အများနှောင်ဖွဲ့ထားသောကြိုးများကိုဖြတ်တောက်၍ မှောင်မိုက်အတွင်း၌ ရှိသောထိုလူအုပ်စုများမှထွက်ခွာ၍သူတို့ရှေ့မှလွတ်မြောက်သွားကြသောသူတို့နှင့်ပူးပေါင်းကြပြီးလျှင်သူတို့နှင့်အတူဝမ်းမြောက်စွာ ဆက်လက်ကြွေးကြော်ကြပါသည်။မှောင်မိုက်အတွင်းရှိလူအုပ်စုများတွင်ပြင်းစွာသောစိတ်ဒုက္ခခံရကြသဖြင့်စိတ်ပါလျှက်ဆုတောင်းပဌနာပြုနေကြသောလူအချို့၏အသံကိုကျွမကြားရပါသည်။ဓမ္မဆရာများနှင့်ခေါင်းဆောင်များသည် လူအုပ်အသီးသီးများ ကိုလိုက်လံစစ်ဆေးကြပြီးလျှင် ချည်နှောင်ထားသောကြိုးများကိုပို၍တင်းကြပ်ခိုင်မြဲစေသော်လည်းထိုစိတ်ပါ၍ရွတ်ဆိုနေသည့်ပဌနာသံကိုကျွမကြားရနေဆဲပင်ဖြစ်ပါသည်။ထို့နောက်ထိုကဲ့သို့ဆုတောင်းနေကြသောသူများသည်သူတို့၏လက်များကိုမြှောက်လျှက်သူတို့ရှေ့ကလွတ်မြောက်သွားပြီးလျှင်ဘုရားသခင်၌ဝမ်းမြောက်ခြင်း ခံစားနေရသူများထံမှအကူအညီတောင်းခံနေကြသည်ကိုကျွမမြင်တွေ့ရပါသည်။ထိုလွတ်မြောက်သွားသောသူများကလည်းကောင်းကင်သို့စိတ်ပါစွာကြည့်မျှော်ညွှန်ပြလျှက်သင်တို့အထဲကထွက်၍အသီးအခြားနေကြ လော့ဟုပြန်၍ဖြေကြပါသည်။လူအသီးသီးတို့သည်လည်းမိမိတို့၏လွတ်မြောက်ရေးအတွက်ဆက်လက်လှုပ်ရှားတွန်းလှန် နေကြရာနောက်ဆုံးတွင်သူတို့အားချည်နှောင်ထားသည့်ကြိုးများကို ဖြတ်တောက်နိုင်ကြသည်ဟုကျွမဆက်၍မြင်ရပါသည်။သူတို့အားချည်နှောင်ထားသည့် ကြိုးများကို ပို၍ တင်းကြပ်အောင်ပြုကြသောအခါ သူတို့ခုခံတွန်း လှန်ကြပြီးလျှင်အမှောင်ထု၌ရှိသောသူတို့၏ဘုရားသခင်သည်ငါတို့နှင့်အတူရှိတော်မူ၏။ငါတို့၌သမ္မာတရားရှိ၏ဟု တဖန်တလဲလဲအခိုင်အမာ ပြောနေကြသည့်စကားသံများကိုလည်း သူတို့ နားမထောင်ကြတော့ပါ။လူတို့သည်မှောင်မိုက်အတွင်းရှိနေသောအုပ်စုများမှစဉ်ဆက်မပြတ်ထွက်ခွာနေကြပြီးလျှင်မြေကြီးထက်မြင့်ပုံရသော လွတ်လပ်သည့်လွင်ပြင်ပေါ်ရှိ လွတ်လပ်သည့်အုပ်စုနှင့်သွား၍ ပူးပေါင်းကြပါသည်။သူတို့သည် အထက်သို့ ငေးမောလျှက် နေကြစဉ်ဘုရားသခင်၏ဘုန်းတော်သည်သူတို့အပေါ်သို့သက်ရောက်သဖြင့်ကိုယ်တော်အား ဝမ်းမြောက်စွာဖြင့်အသံလွှင့်၍ချီးမွမ်းထောမနာပြုကြလေ၏။သူတို့အားလုံးရင်းနှီးစွာပူးပေါင်းလျှက်ကောင်းကင်မှအလင်းရောင်ဖြင့် ပတ်ရစ်ထားပုံရပါသည်။ထိုအုပ်စုဝန်းကျင်တွင်အလင်းတရား၏သြဇာသက်ရောက်မှုကြောင့် ရောက်ရှိနေသူအချို့ရှိပါသည်။သို့သော်ထိုသူတို့သည်ထိုအုပ်စုနှင့်တိကျစွာပူးပေါင်းခြင်းမရှိချေ။ သူတို့လက်ခံရရှိသော အလင်းတရားကိုမြတ်နိုးသောသူတိုင်းအထက်အရပ်သို့စိတ်ပါဝင်စားစွာငေးမောနေကြသည်ကိုယေရှုရှင်သည်နှစ်သက်ကျေနပ်စွာ ကြည့်ရှုနေတော်မူ၏။ကိုယ်တော်ကြွလာဖို့သူတို့မျှော်လင့်တောင့်တသဖြင့်ကိုယ်တော်ပေါ်ထွန်းလာဖို့ကိုသာလိုလားနေကြပါသည်။ကမ္ဘာမြေကြီးဖက်သို့တစ်ချက်မျှပင်လှည့်၍မကြည့်ပါ။သို့သော်စောင့်မျှော်နေသူများအပေါ်သို့မိုးတိမ်တစ်ရပ်ပေါ်ထွန်းလာပြန်၏။ထိုအခါသူတို့သည်ပင်ပန်းနေသောမျက်စိများဖြင့်အောက်ဖက်သို့လှည့်၍ကြည့်လိုက်ကြသည်ကိုကျွမမြင်တွေ့ရပါသည်။ထိုသို့ပြောင်းလဲသွားကြပုံ၏အကြောင်းရင်းကိုကျွမမေးမြန်းသောအခါသူတို့မျှော်လင့်ခြင်းများအတွက်နောက်တစ်ဖန်စိတ်ပျက်ရကြ၏။ယေရှုသည်မြေကြီးပေါ်သို့မကြွလာနိုင်သေးပါ။ ကိုယ်တော်အတွက်ပို၍ကြီးသောဒုက္ခများကိုသူတို့ခံရကြပါလိမ့်ဦးမည်။သူတို့၏မှားယွင်းချက်များနှင့်လူတို့ထံမှဆည်းပူးထားသောထုံးစံဓလေ့များကိုစွန့်ပယ်၍ဘုရားသခင်နှင့်ကိုယ်တော်၏နှုတ်ကပတ်တရားတော်ဖက်သို့သူတို့လုံးလုံးလျားလျားပြောင်းလဲရကြဦးမည်။ သူတို့သည် သန့်စင်ပြီးဖြစ်ရမည်။ဖြူစင်ပြီးဖြစ်ရမည်။ စမ်းသပ်စစ်ဆေးပြီးဖြစ်ရမည်။ ပြင်းထန်သောစမ်းသပ်စစ်ဆေးခြင်းများကိုလည်း သည်းခံကျော်လွှားနိုင်သူများသာထာဝရအောင်ပွဲကိုခံရကြပေလိမ့်မည်ဟု ကျွမ၏အဖေါ်ကောင်းကင်တမန်ကပြောပြပါသည်။

ဝမ်းမြောက်စွာဖြင့်မျှော်လင့်နေသောလူစုကမျှော်မှန်းထားသည့်အတိုင်း၎င်းကမ္ဘာမြေကြီးကိုမီးဖြင့် သန့်စင်စေခြင်းငှါသန့်ရှင်းရာဌာနတော်ကိုဆေးကြောရန်ယေရှုသည်၎င်းကမ္ဘာမြေကြီးပေါ်သို့ ကြွလာတော်မမူခဲ့ပါ။ပရောဖက်အနာဂတ္တိစကားများဆိုင်ရာ အချိန်ကာလအပိုင်းအခြားများနှင့်ပတ်သက်၍ သူတို့တွက်ချက်ကြပုံ မှန်ကန်ကြောင်းကိုလည်းကောင်း၊ပရောဖက်အနာဂါတ်အချိန်သည်(၁၈၄၄)ခုနှစ်တွင် အချိန်ကာလကုန်ဆုံးသည်ကိုလည်းကောင်း၊ထိုအချိန်ကာလကုန်ဆုံးသောအခါယေရှုသည်သန့်ရှင်းရာဌာနတော်ကိုဆေးကြောရန်အသန့်ရှင်းဆုံးသောအခန်းသို့ဝင်ရောက်သည်ကိုလည်းကောင်း၊ ကျွမရှုမြင်ရပါသည်။ သန့်ရှင်းရာဌာနတော်၏ အဓိပ္ပါယ်ကိုလည်းကောင်းမည်သို့မည်ပုံဆေးကြောတော်မူမည်ကိုလည်းကောင်း၊သူတို့မသိနားမလည်ခြင်းမှာ သူတို့အမှားပင်ဖြစ်နေပါသည်။ကိုယ်တော်အားစောင့်မျှော်နေကြလျှက်စိတ်ပျက်နေသောလူစုကို ကျွမပြန်၍ကြည့်လိုက်သောအခါ သူတို့

ဝမ်းနည်းနေပုံရပါသည်။သူတို့၏ယုံကြည်ခြင်းအတွက်သက်သေခံအထောက်အထားများကိုသူတို့ပြန်၍ အသေအချာ ဆန်းစစ်ကြပါသည်။ ပရောဖက်အနာဂတ္တိစကားဆိုင်ရာ အချိန်ကာလ အပိုင်းအခြားများကိုလည်း တောက်လျှောက်ပြန်လည်တွက်ချက်စစ်ဆေးကြပါသည်။သို့သော်အမှားမတွေ့ကြပါ။ အချိန်စေ့သွားပြီးဖြစ်သော်လည်း ကယ်တင်ရှင်အဘယ်မှာရှိနေပါသနည်း။သူတို့၏ကယ်တင်ရှင်သူတို့မတွေ့ရတော့ပါ။

တပည့်တော်များသည်ယေရှု၏သင်္ချိုင်းတော်သို့သွားကြသောအခါကိုယ်တော်၏အလောင်းတော်ကိုမတွေ့ရကြသဖြင့်စိတ်ပျက်ရကြပုံကိုကျမအားပြတော်မူ၏။မာရိက“ကျမ၏သခင်ကိုယူသွားကြပြီး အဘယ်မှာထားသည်ကိုမသိပါ”ဟုပြောပါသည်။ထိုအခါကောင်းကင်တမန်များကသူတို့၏အရှင်ထမြောက်တော်မူပြီးဖြစ်ကြောင်းသူတို့၏ရှေ့မှဂါလိလပြည်သို့သွားနှင့်ပြီးဖြစ်ကြောင်းဝမ်းနည်းနေသောတပည့်တော်များအား ပြောပြလိုက်ပါသည်။

ထိုနည်းတူကိုယ်တော်ကြွလာတော်မူမည်ကို စောင့်မျှော်နေကြသည့်အတွက် စိတ်ပျက်ရကြသောသူများအားယေရှုသည်အထူးပင်သနားကြင်နာစိတ်ရှိတော်မူကြောင်းကျမမြင်ရပါသည်။ထို့ကြောင့်ကိုယ်တော်ရှိတော်မူသောအရပ်သို့လိုက်လာကြရန်သူတို့၏စိတ်အာရုံများကိုလမ်းညွှန်ရန်ကောင်းကင်တမန်များကိုစေလွှတ်တော်မူ၏။ ဤကမ္ဘာမြေကြီးသည်သန့်ရှင်းရာဌာနတော်မဟုတ်ကြောင်းကိုယ်တော်သည်သန့်ရှင်းဆုံးသောဌာနတော်ဖြစ်သည့်ကောင်းကင်သန့်ရှင်းရာဌာနတော်တွင်းသို့ဝင်ရမည်ဖြစ်ကြောင်းထိုဌာနတော်တွင်မိမိလူတို့အတွက်အပြစ်ဖြေလွှတ်ခြင်းအမှုကိုဆောင်ရွက်ရမည်ဖြစ်ကြောင်းထိုသို့ဆောင်ရွက်ပြီးသောအခါခမည်းတော်ထံမှနိုင်ငံတော်ကိုလက်ခံရမည်ဖြစ်ကြောင်းထို့နောက်မှဤကမ္ဘာမြေကြီးပေါ်သို့ပြန်လာပြီးလျှင် သူတို့သည်ကိုယ်တော်နှင့်အတူထာဝရကာလပတ်လုံးရှိနေကြစေရန်ခေါ်တော်မူမည်ဖြစ်ကြောင်းများကိုသူတို့အား ဖော်ပြတော်မူ၏။ယခင်ကပထမအကြိမ်စိတ်ပျက်ခဲ့ရသောတပည့်တော်များသည်(၁၈၄၄)ခုနှစ်တွင်ကိုယ်တော်ကြွလာတော်မူမည်ကိုစောင့်မျှော်နေကြသည့်အတွက်စိတ်ပျက်ရကြသောသူများအားပုံဆောင်ထားခဲ့သည်မှာလျော်ကန်သင့်မြတ်လှပါသည်။

ယေရှုသည်မြည်းကလေးကိုစီး၍ ယေရုရှလင်မြို့တွင်းသို့အောင်မြင်စွာ ဝင်သည့်အချိန်ကို ကျမအားခေါ်ဆောင်သွားပါသည်။ထိုအချိန်ကကိုယ်တော်သည်ဣသရေလနိုင်ငံကိုသိမ်းပိုက်၍ လောကီဘုရင်အဖြစ် အုပ်စိုးတော်မူမည်ဟုဝမ်းမြောက်နေသောတပည့်တော်များကယုံကြည်ခဲ့ကြပါသည်။ထို့ကြောင့်သူတို့ဘုရင်မင်းမြတ်၏နောက်တော်သို့မျှော်လင့်ကြီးစွာဖြင့်လိုက်ပါသွားခဲ့ကြပါသည်။လှပသောစွံပလွန်ခက်များကိုခုတ်ချပြီးလျှင် မိမိတို့၏အပေါ်ဝတ်လုံများကိုလည်းချွတ်၍ကိုယ်တော်ကြွလာတော်မူရာလမ်းတွင်စိတ်အားထက်သန်စွာဖြင့်အားပါးတရခင်းထားကြပါသည်။အချို့ကကိုယ်တော်၏နောက်တော်မှလိုက်ခဲ့ကြသလိုအချို့ကရှေ့တော်မှသွား၍ဟောရှဏ္ဏာဖြစ်စေသတည်း။ထာဝရဘုရား၏အခွင့်နှင့်ယခုတည်လုသောငါတို့၏အဘဒါဝိတ်၏နိုင်ငံတော်သည်မင်္ဂလာရှိစေသတည်း။ကောင်းကင်ဘဝဂ်ဟောရှဏ္ဏာဖြစ်စေသတည်းဟုကြွေးကြော်ကြ၏။ထိုသို့လူအများလှုပ်ရှားကြသည့်အတွက်ဖါရိရှဲတို့စိတ်အနှောင့်အယှက်ရ၍တပည့်တော်များအားဆုံးမရန်ယေရှုကိုလျှောက်ကြသောအခါကိုယ်တော်ကငါဆိုသည်ကား၊ဤသူတို့သည်တိတ်ဆိတ်စွာနေလျှင်ကျောက်ခဲတို့သည်ချက်ခြင်းကြွေးကြော်ကြလိမ့်မည်ဟုမိန့်တော်မူ၏။ဇာခရိ(၉း၉)တွင်ပြည့်စုံရမည်ဖြစ်သော်လည်းတပည့်တော်များအနေဖြင့်ကြီးစွာသောစိတ်ပျက်ခြင်းနှင့်ရင်ဆိုင်ရကြမည်ဖြစ်ကြောင်းရှေးမဆွမီကပင်စီရင်ချက်ချမှတ်ထားခဲ့ခြင်းဖြစ်ပါသည်။နောက်ရက်များမကြာမီအတွင်းယေရှု၏နောက်မှကရာနီကုန်းသို့လိုက်သွားကြပြီးလျှင်ကြမ်းကြုတ်သောလက်ဝါးကပ်တိုင်ပေါ်တွင် ရက်စက်စွာရိုက်နှက်ထိုးသတ်ထားသဖြင့် သွေးများယို စီးလေသည်ကို ကြည့်ရှုခဲ့ရကြပါသည်။ ပြင်းစွာသော နာကျင်ခြင်းဝေဒနာဖြင့်ကွပ်မျက်ခြင်းခံရသည်ကိုသူတို့ကိုယ်တိုင်တွေ့မြင်ရကြပြီးမှ သင်္ချိုင်းတော်အတွင်းဂူသွင်းထားလိုက်ကြပါသည်။ သူတို့၏မျှော်လင့်ချက်များစိုးစဉ်းမျှအကောင်အထည်မပေါ်သဖြင့်စိတ်ပျက်ဝမ်းနည်းကြ၏။ သူတို့၏မျှော်မှန်းချက်များလည်းတစ်ခုမကျန်ယေရှုနှင့်အတူသေဆုံးကြလေပြီးတကား။သို့သော်ကိုယ်တော်ထမြောက်တော်မူပြီးနောက်ဝမ်းနည်းကြေကွဲနေကြသောတပည့်တော်များထံသို့သွားရောက်ဆုံတွေ့သောအခါသူတို့၏မျှော်မှန်းချက်များလည်းပြန်လည်ရှင်သန်လာကြပါသည်။ ကိုယ်တော်အားပျောက်ဆုံးသွားသော်လည်း သူတို့ ပြန်၍ တွေ့ဆုံကြလေပြီ။

(၁၈၄၄)ခုနှစ်ကသခင်ဘုရားကြွလာတော်မူမည်ဟုယုံကြည်ခဲ့သူများစိတ်ပျက်ခဲ့ရပုံများမှာ ပထမအကြိမ်တပည့်တော်များစိတ်ပျက်ခဲ့ရကြပုံကိုမမီသေးဟုကျမရှုမြင်ရပါသည်။ ပထမကောင်းကင်တမန်နှင့်ဒုတိယကောင်းကင်တမန်တို့၏သတင်းစကားများနှင့်သက်ဆိုင်သော ပရောဖက်၏အနာဂတ္တိစကားများပြည့်စုံခြင်းသို့ရောက်လေ

ပြီး။ထိုသတင်းစကားများကိုအချိန်ကိုက်အတိုင်းပေးပို့၍၎င်းတို့အား အပ်နှင်းထားသည့်လုပ်ငန်းတာဝန်များသည် ဘုရားသခင် ကြံစည်ထားတော်မူသည့်အတိုင်းအောင်မြင်စွာ ပြီးဆုံးသွားလေပြီ။

ဆက်လက်လေ့လာရန်။ ဒံယေလ ၈း၁၄။ မဿဲ ၂၁း၄-၁၆။၂၅း၆။ မာကု ၁၆း၆-၇။ လု ၁၉း၃၅-၄၀။ ယော ၁၄း၁-၃။ ၂၀း၁၃။ ၂ကော ၆း၁၇။

## အခန်း(၂၆) တစ်မျိုးတစ်ဖုံ သရုပ်ဖော်ထားပြန်ခြင်း။

ကမ္ဘာမြေကြီးပေါ်တွင်အမှုတော်တိုးတက်နေပုံနှင့်စပ်လျဉ်း၍ကောင်းကင်ဗိုလ်ခြေအပေါင်းက စိတ်ဝင်စားကြကြောင်းကျမအား ဖော်ပြတော်မူပါသည်။ ဒုတိယအကြိမ်ကိုယ်တော်ကြွလာတော်မူခြင်းအတွက် ကမ္ဘာသူကမ္ဘာသားများအသင့်ပြင်ဆင်ထားကြစေရန်နိုးဆော်တိုက်တွန်းဖို့တန်ခိုးကြီးသောကောင်းကင်တမန်တစ်ပါးအား ယေရှုသည်ဤလောကသို့လွှဲအပ်၍ စေလွှတ်တော်မူ၏။ကောင်းကင်ဘုံတွင် ယေရှု၏ရှေ့တော်မှ ထိုကောင်းကင်တမန်ထွက်ခွာလာသောအခါထူးကဲစွာထွန်းတောက်နေသည့် ဘုန်းတော်ရောင်ခြည်သည် သူ၏ရှေ့မှ တစ်ပါတည်းထွက်လာပါသည်။သူ၏အမှုတော်မှာကျရောက်လာမည့်ဘုရားသခင်၏အမျက်တော်မှလူသားတို့လွတ်မြောက်ရေး အတွက်သူ၏ဘုန်းတန်ခိုးဖြင့် ဤကမ္ဘာမြေကြီးကို အလင်းရောင်ပေးထားရန် ဖြစ်သည်ဟု ကျမအားပြောပြပါသည်။ လူထုအမြောက်အမြားကထိုအလင်းတော်ကိုလက်ခံကြပါသည်။ အချို့သောသူများ အထူးပင်အလေးအနက်ထားဖော်ပြထားသလိုကျန်လူများမှာဝမ်းမြောက်လျှက်ရှိနေကြပါသည်။ထိုအလင်းရောင်ကိုရရှိသူတိုင်းကောင်းကင်သို့မျှော်ကြည့်လျှက်ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းကြပါသည်။ထိုအလင်းတော်ကိုလူတိုင်းအပေါ်သို့သက်ရောက်စေသဖြင့်အချို့သောသူတို့သည်အလင်းတော်၏ဩဇာသက်ရောက်မှုကြောင့်သာအလင်းတော်အောက်သို့ရောက်ရှိလာကြသော်လည်းစိတ်ပါ၍လက်ခံခြင်းမဟုတ်ပါ။အများသောသူတို့သည်ပြင်းစွာအမျက်ထွက်ကြ၏။ဓမ္မဆရာများနှင့်လူထုသည်ဆိုးသွမ်းမှုနှင့်ပူးပေါင်း၍ တန်ခိုးကြီးသောကောင်းကင်တမန်ပေးပို့သည့် အလင်းတော်ကိုမလျှော့သောလုံ့လနှင့်ခုခံတွန်းလှန်ကြပါသည်။သို့သော်လက်ခံသူအပေါင်းတို့သည်လောကီရေးရာများကိုစွန့်လွှတ်၍အချင်းချင်းရင်းနှီးစွာ ပူးပေါင်းနေထိုင်ကြ၏။

အလင်းတော်အတွင်းရှိနေသောလူများကိုတတ်နိုင်သမျှမိမိတို့ဘက်သို့ပါအောင်ဆွဲဆောင်ရန်စာတန်နှင့်သူ၏တမန်များအလုပ်ရှုပ်နေကြပါသည်။ထိုအလင်းတော်ကိုမခံမယူသောလူအုပ်စုသည် မှောင်မိုက်အတွင်းပင်ကျန်ရစ်ခဲ့ပါသည်။ကိုယ်တော်၏နာမကိုခံယူထားသောလူများအားကောင်းကင်မှပေးသည့်အလင်းတရားကို တင်ဆက်နေစဉ်သူတို့လေ့ကျင့်ပျိုးထောင်ထားကြသည့်အကျင့်စာရိတ္တများကိုဘုရားသခင်၏ကောင်းကင်တမန်ကစိတ်ပါစွာစောင့်ကြပ်ကွပ်ကဲ၍မှတ်တမ်းတင်နေသည်ကိုကျမမြင်တွေ့ရပါသည်။ယေရှုအား ချစ်မြတ်နိုးပါသည်ဟုအဆိုပြုသောသူများသည်ထိုကောင်းကင်မှပေးပို့သောသတင်းစကားများကိုကျော့ခိုင်း၍သရော်ခြင်း၊ပြောင်လှောင်ခြင်း၊ပြက်ရယ်ပြုခြင်း၊ ရန်ငြိုးဖွဲ့ခြင်းများပြုလုပ်ကြသူများကိုရေးမှတ်ရန်စာလိပ်ကိုကိုင်ထားသည့်ကောင်းကင်တမန်တစ်ပါးသည်ထိုရှက်ဖွယ်သောမှတ်တမ်းများကိုအကျွရာတင်နေပါသည်။ကိုယ်တော်၏အမည် ကိုခံယူထားသူများအနေဖြင့်ယေရှုအားဤမျှလောက်အမှုမထား၊မခန့်မညားပြုနေကြသည်ကိုကောင်းကင်ဗိုလ်ခြေအပေါင်းက မခံမရပ်နိုင်ဖြစ်ကြပါသည်။

သူတို့မျှော်မှန်းတောင့်တနေသောအချိန်တွင်သူတို့၏အရှင်သခင်မပေါ်ထွန်းသည့်အတွက် စိတ်ပျက်နေကြသည့် ယုံကြည်သူများကို ကျမမြင်တွေ့ရပါသည်။ အနာဂါတ်ကိုလျှို့ဝှက်ထားပြီးလျှင် သူ၏လူများအနေဖြင့်ဆုံးဖြတ်ချက်ချရမည့်အချိန်ကာလတစ်ခုကိုဆောင်ယူခဲ့ခြင်းမှာဘုရားသခင်၏ကြံရွယ်ချက်ဖြစ်ပါသည်။ အချိန်နာရီကိုအတိအကျဖော်ပြ၍ခရစ်တော်ကြွလာတော်မူမည့်အချိန်ကို ဟောပြောခြင်းမပြုပါက ဘုရားသခင်ကြံစည်ထား

တော်မူသည့်အတိုင်းအမှုတော်ပြီးမြောက်လိမ့်မည်မဟုတ်ပေ။ ၎င်းနှင့်ပတ်သက်၍ဖြစ်ပေါ်လာမည့်ကြီးကျယ်သော အရေးအခင်းများလည်းမဖြစ်ပေါ်နိုင်သေးပါဟုလူအများကထင်မှတ်ယူဆနေကြရန်စာတန်ဆွဲဆောင်နေပါသည်။ ယနေ့ပင် အသင့်ပြင်ဆင် ထားကြဖို့ အရေးကြီးကြောင်းကို လူတို့သိနားလည်ထားကြရန် အထူးလိုအပ်ပါသည်။ သတ်မှတ်ချိန်ကျော်လွန်သွားသောအခါကောင်းကင်တမန်ပေးပို့သော အလင်းတော်ကိုပြည့်စုံကုံလုံစွာ လက်ခံမ ထားသောသူများသည်သတင်းစကားကိုမထီမဲ့မြင်ပြုသောသူများနှင့်သွား၍ပူးပေါင်းကြပြီးလျှင်စိတ်ပျက် နေသော သူများဖက်သို့လှည့်၍ပြောင်လှောင်ကြပါသည်။ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်ပါသည်ဟု အဆိုပြု သောသူများ၏အခြေအနေမှန်များကိုကောင်းကင်တမန်များကမှတ်တမ်းတင်ထားကြပါသည်။အတိအကျမှတ်သား ထားသည့်အချိန်ကျော်လွန်သွားသည့်အတွက်သူတို့သည်လည်းမှတ်ကျောက်တင်ပြီးဖြစ်ကြလေ၏။အများသောသူ တို့အားလည်းချိန်ခွင်တွင်ချိန်ပြီးဖြစ်၍လျော့နေကြောင်းသိရလေ၏။ခရစ်ယာန်ဖြစ်ပါသည်ဟုသူတို့အသံ ကျယ်စွာ ဟစ်အော်ကြ၏။သို့သော်ခရစ်တော်နောက်သို့အတိအကျလိုက်လျှောက်ရန်အသေးစိတ်တွင်ပျက်ကွက်ကြ၏။ယေ ရှု၏နောက်တော်သို့လိုက်လျှောက်ပါသည်ဟုအကြံပြုသောသူများ၏ အခြေအနေနှင့်ပတ်သက်၍စာတန် ကြည်နူး နေပါသည်။သူ၏ထောင်ချောက်အတွင်းမိနေကြလေပြီ။ဖြောင့်သောလမ်းကိုရှောင်၍အခြားသောလမ်းမှ ကောင်း ကင်နိုင်ငံတော်သို့ကြိုးစား၍တက်ရန်အများသောသူတို့အားစာတန်ခေါ်င်းဆောင်နေပါသည်။ ဇိအုန်မြို့တွင်သန့် ရှင်းဖြူစင်သောသူများ၊မတရားသောသူများနှင့် လောကီရေးရာများကို နှစ်သက်သည့် သူတော်ကောင်းယောင် ဆောင်သောသူများရောနှောလျှက်ရှိနေကြပုံကို ကောင်းကင်တမန်များတို့တွေ့မြင်ကြပါသည်။ ယေရှုရှင်၏တ ပည့်နောက်လိုက်အမှန်များကိုသူတို့စောင့်ကြပ်ကွပ်ကဲနေကြပါသည်။သို့သော်ယိုယွင်းသောသူများ၏အပြုအမူ များက သန့်ရှင်းသောသူများကိုကူးစက်နေပါသည်။

ယေရှုရှင်အားဖူးတွေ့ရန် အထူးလိုလားတောင့်တနေသောသူများကိုသူတို့၏ ညီအစ်ကိုများဟု အဆိုပြု သောသူများကိုယ်တော်ကြွလာတော်မူမည့်အကြောင်းမဟောပြောရန်ပိတ်ပင်တားဆီးထားကြပါသည်။ထိုမြင်ကွင်း ကိုကောင်းကင်တမန်တို့ တွေ့မြင်ကြသောအခါ ကိုယ်တော်အားရိုသေမြတ်နိုးစွာ စောင့်မျှော်နေသည့်ကျန်ကြွင်း သူများကိုသနားကြပါသည်။ ဤကမ္ဘာမြေကြီးပေါ်သို့ တန်ခိုးကြီးသောအခြားကောင်းကင်တမန်တစ်ပါးကို ထပ်၍ စေလွှတ်တော်မူပါသည်။သူ၏လက်ထဲတွင်ယေရှုပေးအပ်လိုက်သောအရေးအသားတစ်ခုရှိသည်ဖြစ်၍ဗာဗုလုန်မြို့ ကြီးပြိုလဲပြီး၊ ဗာဗုလုန်မြို့ကြီးပြိုလဲပြီးဟုကြွေးကြော်လျှက် ဤကမ္ဘာမြေကြီးပေါ်သို့ ဆင်းသက်ခဲ့ပါသည်။ ထိုအခါ စိတ်ပျက်နေသော သူများကောင်းကင်သို့ နောက်တစ်ဖန်မျှော်ကြည့်လျှက် ယုံကြည်မျှော်လင့်ခြင်းအပြည့်အဝဖြင့် စောင့်မျှော်နေကြပါသည်။သို့သော်အများသောသူတို့သည်အိပ်ပျော်နေဘိသကဲ့သို့ အသိအလိမ္မာကင်းသည့်အခြေ အနေတွင်ပင်ရှိနေကြသေးသည်။သို့သော်သူတို့သည်ပြင်းစွာဝမ်းနည်းကြေကွဲလျှက်ပင်ရှိနေသေးကြောင်းကျမမြင်ရ ပါသည်။ စိတ်ပျက်နေသောသူများအနေဖြင့်သူတို့သည် ဆိုင်းငံ့နေရသောအချိန်သို့ ရောက်နေကြောင်း၊ဆိုင်းငံ့ရ သော်လည်းမျှော်လင့်ရမည့်ဖြစ်ကြောင်းသည်းခံ၍စောင့်မျှော်နေလျှင်နောက်မကျဘဲ ဧကန်အမှန်ရောက်လာမည် ဖြစ်ကြောင်းကျမ်းစာကိုလေ့လာရင်းသူတို့သိတွေ့လာကြပါသည်။(၁၈၄၃)ခုနှစ်ကကိုယ်တော်ကြွလာမည်ဟုသူတို့ တွက်ချက်ရရှိသောအထောက်အထားများဖြင့်ပင်(၁၈၄၄)ခုနှစ်ရောက်သောအခါသူတို့အားကိုယ်တော်ကို စောင့် မျှော်နေကြရန်ညွှန်ကြားလေ၏။ သို့သော် (၁၈၄၃)ခုနှစ်က သူတို့၏ယုံကြည်ခြင်းစွမ်းအားထက်သန်ခဲ့သလောက် အများသောသူတို့သည်ယခုမထက်သန်သောကြောင်းကျမမြင်တွေ့ရပါသည်။စိတ်ပျက်ခဲ့ရသည့်အတွက် သူတို့၏ ယုံကြည်ခြင်းများထိုင်းမှိုင်းသွားကြပါသည်။ ဘုရားသခင်၏လူတို့ ဒုတိယကောင်းကင်တမန်၏ သတင်းစကားကို ပူးပေါင်းကြွေးကြော်ကြရာ၌အကျိုးသက်ရောက်ပုံကိုကောင်းကင်ဗိုလ်ခြေများက စိတ်ပါစွာ မှတ်သားထားကြပါ သည်။ခရစ်ယာန်အမည်ကိုခံယူထားသူအများစုကစိတ်ပျက်နေသောသူများအားကဲ့ရဲ့ပြစ်တင်၍မထီလေးစားပြုကြ သည်ကိုသူတို့တွေ့မြင်ကြပါသည်။ ထိုပြောင်လှောင်သူတို့၏ နှုတ်ခမ်းမှ"မင်းတို့ကောင်းကင်မတက်ရသေးဟုပြော လာစဉ် သူတို့ကိုကောင်းကင်တမန်တစ်ပါးက မှတ်တမ်းတင်ထားပါသည်။

ဧလိယကောင်းကင်သို့ချီ ဆောင်ခြင်းခံရချိန်တွင် သူ၏ဝတ်ရုံသည် ဧလိရှဲအပေါ်သို့ကျရောက်လေ၏။ ထို့နောက်ဘုရားသခင်၏လူကိုမထီလေးစားပြုရန်မိဘတို့မှအတုယူထားသော လူငယ်တစ်စုသည်ဧလိရှဲနောက်သို့ လိုက်၍"ဟေ့ထိပ်ပြောင်၊အထက်ကိုကြွပါတော့. . အထက်ကိုကြွပါတော့"ဟု ပြောင်လှောင်ကြလ၏။ထိုသို့ဘုရား

သခင်၏ကျွန်ကိုမထီမဲ့မြင်ပြုကြရာ၌ ဘုရား သခင်ကို မထီမဲ့မြင်ပြုရာရောက်သဖြင့် သူတို့သည် ထိုနေရာတွင်ပင် ချက်ခြင်းပြစ်ဒဏ်ခံရကြလေ၏။ထိုနည်းတူပင်သန့်ရှင်းသူများ ကောင်းကင်သို့တက်ကြမည့်ပုံစံကိုစိတ်ကူး၍ပြောင်လှောင်သောသူများအပေါ်သို့ဘုရားသခင်၏အမျက်တော်သည်ကျရောက်ပေလိမ့်မည်။ဖန်ဆင်းသောအရှင်ကိုမထီလေးစားပြုခြင်းသည်သေးနုပ်သောကိစ္စမဟုတ်ကြောင်းသူတို့တွေ့သိရကြပေလိမ့်မည်ဖြစ်ကြောင်း ကျွမအား ပြသပါသည်။

ယုံကြည်ခြင်းခွန်အားလျော့နည်းသွားသောကိုယ်တော်၏လူများကိုပြန်၍ဖြည့်တင်းပေးရန်ဒုတိယကောင်းကင်တမန်၏သတင်းစကားနှင့်မကြာမီကောင်းကင်တွင်စတင်ဆောင်ရွက်တော့မည့်အရေးကြီးသောအမှုတော်တစ်ရပ်အကြောင်းကိုနားလည်သဘောပေါက်ကြစေရန်အတွက်ပြင်ဆင်ပေးရန်ယေရှုသည်အခြားသော ကောင်းကင်တမန်များအားအခွင့်အာဏာပေး၍အလျင်အမြန်စေလွှတ်တော်မူ၏။ထိုကောင်းကင်တမန်များသည် ယေရှုထံများစွာသောတန်ခိုးအာဏာနှင့်အလင်းတရားကိုခံယူလျှက်ဒုတိယကောင်းကင်တမန်အား အထောက်အပံ့ပေးရေးအတွက်မိမိတို့အားလွှဲအပ်ထားသည့်တာဝန်ကိုထမ်းဆောင်ရန်ကမ္ဘာမြေကြီးပေါ်သို့ဆောလျှင်စွာပျံသန်းသွားကြသည်ကိုကျွမအားမြင်ရပါသည်။ကြည့်ပါ၊ မင်္ဂလာဆောင်လုလင်သည် လာပြီးခရီးဦးကြိုပြုခြင်းငှါ ထွက်သွားကြကုန်ဟု ကောင်းကင်တမန်များက ကြွေးကြော်ကြသောအခါဘုရားသခင်၏ လူများအပေါ်တွင်ကြီးစွာသော အလင်းရောင်ထွန်းတောက်လေ၏။ထိုအခါ စိတ်ပျက်နေသောသူများသည်လည်း ဒုတိယကောင်းကင်တမန်၏ အသံနှင့်လိုက်လျောညီစွာကြည့်ပါ၊မင်္ဂလာဆောင်လုလင်သည်လာပြီး၊ခရီးဦးကြိုပြုခြင်းငှါ ထွက်သွားကြကုန်ဟု ကြွေးကြော်ကြပုံကိုကျွမမြင်တွေ့ရပါသည်။ ကောင်းကင်တမန်ထဲမှ ထွက်ပေါ်လာသော အလင်းရောင်သည် မှောင်မိုက်ရာဒေသအပေါင်းကိုခွင်း၍အလင်းရောင်ပေးလေ၏။ ထိုအလင်းတရားပျံ့နှံ့မသွားစေရန် ကြံရွယ်ထားတော်မူသည့်အတိုင်းအကျိုးသက်ရောက်မှုမရှိစေရန်စာတန်နှင့်သူ၏တမန်များကကြိုးစား၍ဟန့်တားနေကြပါသည်။ဘုရားသခင်သည်လူတို့အားဟန့်ထားနေကြပါသည်။ဘုရားသခင်သည်လူတို့အားလိမ်လည်ထားကြောင်း၊သို့ဖြစ်၍ထိုမျှလောက်တို့ရရှိထားသောအလင်းတရားများနှင့်တကွတန်ခိုးအာဏာများကို အသုံးပြုလျှက် ခရစ်တော်ကြွလာမည့်အကြောင်း၊မည်မျှပင်ကြိုးစား၍ဟောပြောဆောင်ရွက်နေကြစေကာမူ ဤလောကကြီးတစ်ရပ်လုံးက ယုံကြည်ကြလိမ့်မည်မဟုတ်ကြောင်းဘုရားသခင်၏ကောင်းကင်တမန်များအားစာတန်နှင့်သူ၏တမန်များကအတိုက်အခံပြုလျှက်ပြောဆိုနေကြပါသည်။လူထုအနေဖြင့်ထိုအလင်းတရားတော်ကို အာရုံမစိုက်နိုင်စေရန်စာတန်ကမည်မျှပင် အတားအဆီးအကာအကွယ်များပြုလုပ်နေစေကာမူဘုရားသခင်၏ ကောင်းကင်တမန်များမှာမူ သူတို့၏တာဝန်ကို ဆက်လက်ဆောင်ရွက်နေပါသည်။အလင်းတရားကိုလက်ခံထားသောသူများအလွန်ဝမ်းသာအားရဖြစ်နေပုံပေါ်ပါသည်။သူတို့သည်ကောင်းကင်သို့သာအမြဲတစ်စေမျှော်ကြည့်လျှက်ယေရှုကြွလာဖို့ကိုသာတမ်းတနေကြပါသည်။ အချို့သောသူများစိတ်ပင်ပမ်းခြင်း၊ခံစားမှုပြင်းထန်သောကြောင့်မျက်ရည်ကျလျှက်ဆုတောင်းပဌာနာပြုနေကြပါသည်။ ကောင်းကင်သို့ မကြည့်ရဲသောကြောင့် ကိုယ့်ကိုယ်ကိုသာ စိုက်၍ ကြည့်နေကြပါသည်။

ကောင်းကင်မှတောက်ပနေသော အလွန်အဖိုးတန်သည့်အလင်းရောင်သည် သူတို့အပေါ်ကျရောက်နေသောမှောင်မိုက်ကိုခွင်းလိုက်ရာစိတ်ပျက်အားလျော့သဖြင့် ကိုယ့်ကိုယ်ကိုစိုက်၍ကြည့်နေကြရာမှ ကောင်းကင်သို့မော့၍ကြည့်လျှက်သန့်ရှင်းသောဝမ်းမြောက်ခြင်းဖြင့် ကျေးဇူးတော်ကိုချီးမွမ်းကြောင်းပေါ်လွင်နေပါသည်။တည်မြဲသစ္စာဖြင့်စောင့်မျှော်နေသောသူများအားယေရှုနှင့်ကောင်းကင်ဗိုလ်ခြေများကကျေနပ်နှစ်သက်စွာ ကြည့်နေကြပါသည်။

ပထမကောင်းကင်တမန်၏သတင်းစကားနှင့်ဆိုင်သောအလင်းတရားကိုအတိုက်အခံပြု ငြင်းပယ်သောသူများသည်ဒုတိယကောင်းကင်တမန်၏သတင်းစကားဆိုင်ရာအလင်းတရားကိုမရရှိနိုင်သောကြောင့် မင်္ဂလာဆောင်လုလင်လာပြီးဟုကြွေးကြော်သည့်သတင်းစကားနှင့်ဆက်စပ်လျှက်ရှိသောဘုန်းတော်နှင့်တန်ခိုးတော်များကို ခံစားခွင့်မရှိကြတော့ပါ။သူတို့သည်ယေရှုကိုလက်မခံမငြားငြင်းပယ်သောကြောင့်ကိုယ်တော်သည်သူတို့အားမျက်မှောင်ကုပ်၍ကြည့်နေတော်မူ၏။ဤသတင်းစကားကိုလက်ခံကြသူများမှာသူ၏ဘုန်းတန်ခိုးတော်ဖြင့်လွှမ်းခြုံရစ်ပတ်ခြင်းခံရကြပါသည်။ဘုရားသခင်မကြိုက်နှစ်သက်အောင်ပြုလုပ်မိမည်ကိုအလွန်စိုးရိမ်ကြပါသောကြောင့်ကိုယ်တော်၏အလိုတော်ကိုသိနားလည်ရန်အမြဲတစ်စေဆုတောင်းပဌနာပြုလျှက်သတိဝိရိယနှင့်စောင့်နေကြပါသည်။ထိုအလင်းတရားကိုဘုရားသခင်၏ လူများမတွေ့သိရလေအောင်စာတန်နှင့်သူ၏ တမန်များကနည်းလမ်းရှာဖွေနေကြသော်

လည်းကိုယ်တော်ကိုစောင့်မျှော်နေသူများအနေဖြင့်ထိုအလင်းတရားကိုမြတ်နိုးလျှက် မြေကြီးဆိုင်ရာကိုမကြည့်ဘဲ ယေရှုကိုသာမျှော်မှန်း၍အာရုံစိုက်နေကြပါကစာတန်အနေဖြင့်ထိုတန်ခိုးကြီးသောအလင်းတရားကိုသူတို့ထံမှလု နိုင်သည့်တန်ခိုးမရှိဟု ကျမမြင်တွေ့ရပါသည်။ကောင်းကင်မှ ပေးပို့သောသတင်းစကားကြောင့်စာတန်နှင့်သူ၏ တမန်များအမျက်ဒေါသထွက်ကြသဖြင့်ယေရှုကိုချစ်မြတ်နိုးပါသည်ဟုအဆိုပြုသော်လည်းကိုယ်တော်ကြွလာတော် မူမည်ကိုမလိုလားသောသူများအနေဖြင့်သစ္စာတည်မြဲ၍ယုံကြည်ကိုးစားသောသူများအားပြောင်လှောင်ပြက်ရယ်ပြု ရန်စာတန်ခေါင်းဆောင်နေပါသည်။သို့သော်ဘုရားသခင်၏ သားသမီးများအားသူတို့ညီအစ်ကိုအမည်ခံသူများက စော်ကားမခန့်မညားမတရားပြုသမျှတို့ကိုကောင်းကင်တမန်တစ်ပါးကမှတ်တမ်းတင်ထားပါသည်။အများတို့သည် ယေရှုကြွလာတော်မူခြင်းကိုမနှစ်သက်သောညီအစ်ကိုများကိုယ်တော်ဒုတိယအကြိမ်ကြွလာတော်မူမည့်အကြောင်း ကို မဆွေးနွေးလိုသောသူများနှင့်ခွဲခွါ၍“ကြည့်ပါ”မင်္ဂလာဆောင်လုလင်သည် လာပြီ”ဟုအသံမြှင့်၍ ကြွေးကြော် လျှက်ထွက်သွားကြလေ၏။ကိုယ်တော်ကြွလာတော်မူမည့်အကြောင်းကိုငြင်းပယ်၍ မလေးစားပြုသူများအားယေရှု မျက်နှာလွှဲတော်မူလျှက်မိမိ၏လူတို့မညစ်ညူးစေရလေအောင်မသန့်ရှင်းသူများအထဲမှထုတ်ဆောင်ခဲ့ရန်ကောင်း ကင်တမန်တို့အားညွှန်ကြားတော်မူ၏။သတင်းစကားတော်အတိုင်း လိုက်နာသောသူများသီးခြားခွဲထွက်၍တစ်စီး တစ်လုံးတည်းနေထိုင်ကြရာသူတို့အပေါ်တွင်သန့်ရှင်းတောက်ပသောအလင်းရောင်ထွန်းတောက်နေပါသည်။သူ တို့သည် လောကကိုလည်းကောင်း၊ ယခုဘဝအကျိုးခံစားမှုကိုလည်းကောင်း လောကီဥစ္စာဘဏ္ဍာများကိုလည်း ကောင်း၊စွန့်လွှတ်ပြီးလျှင်သူတို့ရှိသေမြတ်နိုးသောရွှေနှုတ်ရှင်ကို ဖူးတွေ့ရန် ကောင်းကင်သို့စိတ်ရောကိုယ်ပါစိုက် ကြည့်နေကြပါသည်။သူတို့၏မျက်နှာများပေါ်တွင် သန့်ရှင်းသောအလင်းတရားရောင်ပြန်ဟပ်နေသဖြင့်သူတို့၏ စိတ်နှလုံးများအတွင်းငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းတည်မြဲနေကြောင်းပေါ်လွင်ထင်ရှားနေပါသည်။သူတို့သည် စစ်ဆေးစမ်းသပ်ခြင်းတည်းဟူသောဒုက္ခဆင်းရဲခြင်းများနှင့်ရင်ဆိုင်ရန်အချိန်နီးကပ်လာပြီးဖြစ်သောကြောင့်အား ပေးထောက်ပံ့ရန်ယေရှုခရစ်သည် ကောင်းကင်တမန်များအား စေလွှတ်ထားတော်မူ၏။ထိုစောင့်မျှော်နေသော သူများအနေဖြင့်လိုအပ်သည့်အတိုင်း စစ်ဆေးစမ်းသပ်ခြင်းမခံရသေးသည်ကို ကျမမြင်ရပါသည်။သူတို့သည်လည်း အမှားနှင့်ကင်းစင်ကြမည်မဟုတ်ပါ။မြေကြီးသားတို့အားသတိပေးနိုးဆော်ခြင်းပြုရာ၌ဘုရားသခင်၏ကျေးဇူးတော် ကြီးပုံနှင့်ကောင်းမြတ်တော်မူပုံကိုလည်းကောင်း၊မိမိတို့၏စိတ်နှလုံးများကို ဂရုစိုက်စစ်ဆေးကြရန်အကြိမ်ကြိမ်အ ဖန်ဖန်သတိပေးတော်မူပုံကိုလည်းကောင်း၊တစ်ပါးအမျိုးသားတို့၏ဘဝနှင့်ဘုရားမဲ့တရားမဲ့နေခဲ့ကြသည့်အချိန်များ ကသက်ဝင်ယုံကြည်လာသည့်အယူဝါဒများ၊ ပပျောက်ရေးအတွက် ကျမ်းစာကို လေ့လာဆည်းပူးကြရန်နိုးဆော် တော်မူပုံကိုလည်းကောင်း၊ကျမမြင်တွေ့ရပါသည်။ဘုရားသခင်သည် မိမိ၏လူများအားပို၍ ကြီးမြတ်တော်မူသော တန်ခိုးတော်ဖြင့်ပို့ဆောင်ပေးရန်လည်းကောင်း၊သူတို့အနေဖြင့် ကိုယ်တော်၏ပညတ်တော်များကို စောင့်ထိန်းနိုင် သည့်နေရာတွင်ရှိနေစေရန်အတွက်လည်းကောင်းထိုသတင်းစကားများကိုပေးပို့ခြင်းအားဖြင့်မိမိ၏လူများအား ခွဲ ထုတ်တော်မူ၏။

ဆက်လက်လေ့လာရန်။ ၃ဓမ္မ ၂း၁၁-၂၅။ ဒံယေ ၈း၁၄။ ဟဗက္ကုပ် ၂း၁-၄။ မဿဲ ၂၅း၆။ ဗျာ ၁၄း၈။ ၁၈း၁-၅။

## အခန် (၂၇) သန့်ရှင်းရာ ဌာနတော်။

မျှော်လင့်တောင့်တနေကြသောအချိန်တွင်ယေရှုကို မဖူးတွေ့ရကြသည့်အတွက်ဘုရားသခင်၏လူတို့ပြင်း ထန်စွာစိတ်ပျက်နေကြပုံကို ကျမအားညွှန်ပြတော်မူပါသည်။ ပရောဖက်အနာဂါတ်ဆိုင်ရာ အချိန်ကာလအပိုင်းအ ခြားမကုန်ဆုံးသေးကြောင်းခိုင်လုံသည့်သက်သေအထောက်အထားဟူ၍သူတို့မတွေ့မသိရကြသဖြင့်သူတို့၏ကယ် တင်ရှင်သည် မည်သည့်အတွက် မကြွလာသေးသည်ကို သူတို့နားမလည်နိုင်ကြပါ။ ထိုအခါကောင်းကင်တမန်က ဘုရားသခင်၏နှုတ်ကပတ်တော်မှားနေမည်လား၊ ဘုရားသခင်သည်မိမိ၏ ဂတိတော်များကိုမဖြည့်ဆည်းဘဲထား တော်မူပါမည်လား။မဟုတ်ပါ။ကိုယ်တော်၏ဂတိတော်အားလုံးအချိန်မှီပြည့်စုံပြီးဖြစ်သည်။ယေရှုထမြောက်မူတော် ပြီးကောင်းကင်သန့်ရှင်းရာဌာနတော်၊သန့်ရှင်းသောအခန်းတံခါးကိုပိတ်ပြီးလျှင်သန့်ရှင်းရာဌာနတော်ကိုဆေးကြော

ရန် အသန့်ရှင်းဆုံးသောအခန်းတံခါးကိုဖွင့်၍ ဝင်တော်မူ၏။ သည်းခံ၍ စောင့်နေသောသူတိုင်း ထိုနက်နဲသောအကြောင်းအရာကိုနားလည်သဘောပေါက်ကြလိမ့်မည်။လူတို့မှားယွင်းကြသော်လည်းဘုရားသခင်ဖက်မှချို့ယွင်းချက်မရှိပါ။ဘုရားသခင်ဂတိထားတော်မူသမျှပြီးမြောက်အောင်မြင်ခြင်းသို့ရောက်လေပြီး။သို့သော်ပရောဖက်အနာဂါတ်စကားဆိုင်ရာအချိန်ကာလအပိုင်းအခြားပြီးဆုံးချိန်တွင်ဆေးကြောရမည့်သန့်ရှင်းရာဌာနတော်မှာဤကမ္ဘာမြေကြီးဖြစ်သည်ဟုလူတို့မှားယွင်းယုံကြည်ထားခဲ့ကြ၏။၎င်းမှာလူတို့၏အယူအဆချို့ယွင်းမှုသာဖြစ်၍ ဘုရားသခင်၏ဂတိတော်မပြည့်စုံခြင်းမဟုတ်ဟုကောင်းကင်တမန်က ရှင်းပြပါသည်။

အသန့်ရှင်းဆုံးသောအခန်းသို့ စိတ်ပျက်နေသူများ၊အာရုံစိုက်ကြရန် လမ်းညွှန်ရေးအတွက် ယေရှုသည်ကောင်းကင်တမန်များကို စေလွှတ်တော်မူ၏။ကိုယ်တော်သည် ထိုအသန့်ရှင်းဆုံးသောအခန်း၌ သန့်ရှင်းရာဌာနတော်ကိုဆေးကြောသုတ်သင်တော်မူပြီးလျှင် ဣသရေလအတွက် အထူးအပြစ်ဖြေလွှတ်ခြင်းအမှုကို ပြုနေတော်မူ၏။ကိုယ်တော်ကိုတွေ့သောသူတိုင်း ကိုယ်တော်ဆောင်ရွက်တော်မူရမည့်အမှုတော်ကို နားလည်ကြပေလိမ့်မည်ဟုကောင်းကင်တမန်တို့အား ယေရှုမိန့်မှာတော်မူ၏။ ယေရှုသည် အသန့်ရှင်းဆုံးသော အခန်း၌ ရှိနေတော်မူစဉ်ကိုယ်တော်သည်ယေရုရှလင်မြို့သစ်နှင့်ထိမ်းမြားတော်မူပြီးလျှင်ထိုအသန့်ရှင်းဆုံးသောအခန်း၌မိမိ၏အမှုတော်ပြီးဆုံးသောအခါကိုယ်တော်သည် ဘုရင်ကြီး၏ဘုန်းတန်ခိုးအာနုဘော်တော်ကိုဆောင်လျှင် ဤကမ္ဘာမြေကြီးပေါ်သို့ကြွဆင်းလာပြီးလျှင် ကိုယ်တော်ကြွလာတော်မူခြင်းကို စိတ်ရှည်စွာ စောင့်မျှော်နေကြသော မြတ်နိုးသူများအားမိမိထံတော်သို့ သိမ်းယူတော်မူ လိမ့်မည်ဟု ကျမမြင်တွေ့ရပါသည်။

ပရောဖက်အနာဂါတ်စကားဆိုင်ရာအချိန်ကာလအပိုင်းအခြားများကုန်ဆုံးသည့်(၁၈၄၄)ခုနှစ်က ကောင်းကင်ဘုံတွင်ဖြစ်ပေါ်သည့်အကြောင်းအရာများကိုကျမအားဖေါ်ပြတော်မူပါသည်။သန့်ရှင်းသောအခန်း၌ ယေရှု၏အမှုတော်ပြီးဆုံးသဖြင့်ထိုအခန်းတံခါးတော်ကိုပိတ်တော်မူသောအခါကိုယ်တော်ကြွလာတော်မူခြင်းဆိုင်ရာသတင်းစကားကိုကြားရသော်လည်းလက်မခံသောသူများအပေါ်သို့မှောင်မိုက်ဖုံးလွှမ်းသဖြင့်ကိုယ်တော်အား သူတို့မဖူးမြင်ရကြတော့ပါ။ ထိုအခါ ယေရှုသည် မြတ်တော်မူသောဝတ်ရုံများကို ဆင်မြန်းတော်မူ၏။ ကိုယ်တော်၏ဝတ်ရုံတော်အောက်စွန်းအနားပတ်လည်တွင် တလည်းသီးတစ်လုံး၊ ရွှေဆွဲလည်းတစ်လုံးစီခြားလျှက် အစဉ်အတိုင်းဆွဲထားပါသည်။ထူးဆန်းစွာစီမံထားသော ဗျာဒိတ်ရင်ဖုံးကိုပခုံးတော်ပေါ်မှတွဲလောင်းဆွဲထားပါသည်။ကိုယ်တော်လှုပ်ရှားတော်မူသောအခါထိုဗျာဒိတ်ရင်ဖုံးတော်တစ်ခုလုံးတွင်တောက်ပြောင်လျှက်အမည်နာမများတွင်စိန်လုံးများစီထားသကဲ့သို့ဖြစ်လျှက်နေပါသည်။ဦးခေါင်းပေါ်တွင်သရဖူနှင့်သဏ္ဍာန်တူသောပေါင်းတော်တစ်ခုကိုဆောင်းထားပါသည်။ကိုယ်တော်သည်ဝတ်ရုံအပြည့်အစုံကိုဆင်မြန်းတော်မူပြီးသောအခါကောင်းကင်တမန်အပေါင်းခြံရံလျှက်မီးလျှံတောက်သောရထားတော်ကိုစီးပြီးလျှင်ဒုတိယကန့်လန့်ကာအတွင်းသို့ဝင်တော်မူ၏။ထိုအချိန်တွင်ကောင်းကင်သန့်ရှင်းရာဌာနတော်၌အခန်းနှစ်ခန်းရှိပုံကိုသတိပြုရန်ကျမအားညွှန်ကြားတော်မူ၏။ကန့်လန့်ကာသို့မဟုတ်တံခါးပွင့်နေသဖြင့်ကျမဝင်ခွင့်ရခဲ့ပါသည်။ပထမအခန်းတွင်တင့်တယ်၍ထိန်လင်းနေသောမီးခုံတိုင်နှင့်မီးခွက်ခုနှစ်လုံး၊ရှေ့တော်မုန့်တင်ထားသောစားပွဲ၊နံ့သာပေါင်းမွှေး၊ ပူဇော်ရာပလ္လင်နှင့်လင်ပန်းကိုကျမတွေ့ရပါသည်။ ထိုအခန်းတွင်း၌အသုံးအဆောင်အားလုံး၊ရွှေစစ်စစ်ကဲ့သို့ဖြစ်၍ထိုအခန်းတွင်းသို့ဝင်သောသူကိုရောင်ပြန်ဟပ်စေပါသည်။အခန်းနှစ်ခန်းကိုသီးသန့်ထားသည့် ကန့်လန့်ကာသည်အလွန်ထည်ဝါ၍ အရောင်စုံပစ္စည်းစုံဖြင့်မွမ်းမံထားပြီးလျှင်အောက်စွန်းတွင်လှပတင့်တယ်စွာအနားကွပ်ထားပါသည်။ထိုကွပ်ထားသောအနားပေါ်တွင်ကောင်းကင်တမန်ပုံများကိုရွှေဖြင့်ရုပ်လုံးဖေါ်ထားပါသည်။ကန့်လန့်ကာကိုမြှင့်တင်လိုက်ရာဒုတိယအခန်းတွင်းသို့ကြည့်ရှုခွင့်ရသဖြင့်သေတ္တာအပေါ်နားပတ်လည်၌ကွပ်ထားသောရွှေတန်ဆာပေါ်တွင်သရဖူပုံများကိုရုပ်လုံးဖေါ်ထားပါသည်။ရွှေစင်စစ်ဖြစ်ပါသည်။သေတ္တာအတွင်း၌ပညတ်တော်ဆယ်ပါးကိုအက္ခရာတင်ထားသည့်ကျောက်ပြားနှစ်ပြားရှိပါသည်။ချစ်ဖွယ်သောခေရုဗိန်နှစ်ပါးသည်သေတ္တာအပေါ်တစ်ဖက်စွန်းစီတွင်ရပ်လျှက်ကရုဏာပလ္လင်တော်ရှေ့တွင်ရပ်နေတော်မူသောယေရှု၏ဦးခေါင်းတော်ကိုကျော်လွန်၍မိမိတို့၏အတောင်များကိုတစ်ခုနှင့်တစ်ခုထိအောင်ဖြန့်ထားကြပါသည်။သူတို့သည်တစ်ဦးနှင့်တစ်ဦးမျက်နှာမူလျှက် သေတ္တာတော်ကိုငုံ့၍ကြည့်နေကြသည်မှာ ကောင်းကင်ဗိုလ်ခြေတို့သည်ဘုရားသခင်၏ ပညတ်တော်များကို စိတ်ပါဝင်စားစွာဖြင့် ကြည့်နေကြသည်ကို ကိုယ်စားပြုထားပါသည်။ ခေရုဗိန်နှစ်ပါး၏ အလယ်တွင် ရွှေလင်ပန်းတစ်ခုရှိသည်ဖြစ်ရာ သန့်ရှင်းသူများ ယုံကြည်စွာဖြင့် တောင်းလျှောက်ကြသည့်ပဌနာသံများသည်ယေရှုရှင်ထံသို့တက်လာသောအခါ ကိုယ်တော်သည် ခမည်းတော်ထံသို့ဆက်

လက်တင်ဆက်တော်မူရာတွင်လင်ပန်းရှိန့်သာပေါင်းမှ မွှေးကြိုင်သောရနံ့သည် ရောင်စုံမီးခိုးပမာ လုပတင့်တယ်စွာခမည်းတော်ဘုရားသခင်၏အထံတော်သို့တက်လေ၏။ သေတ္တာတော်ရှိသခင်ယေရှုရှင်ရပ်နေတော်မူသည့်နေရာအပေါ်ဖက်တွင်ကျမ၏မျက်စိဖြင့်မကြည့်ရှုနိုင်လောက်အောင် ထူးကဲစွာထွန်းတောက်သောဘုန်းတော်ရောင်ခြည်ရှိနေပါသည်။၎င်းမှာဘုရားသခင်၏တည်ရှိရာ ပလ္လင်တော်ဟုမှတ်ယူရပါသည်။ မွှေးကြိုင်သောနံ့သာပေါင်းသည်ခမည်းတော်ထံသို့တက်သောအခါ အလွန်မြတ်တော်မူသည့်ဘုန်းတော်သည် ပလ္လင်တော်မှ သခင်ယေရှုထံတော်သို့ရောက်လာပြီးလျှင်ကိုယ်တော်၏မေတ္တာတော်မှတစ်ဆင့်မွှေးကြိုင်သောနံ့သာပေါင်းပမာ ဆုတောင်းပဌနာပြုသူများထံသို့တက်ဆင်းလေ၏။ဘုန်းတောင်နှင့်အလင်းရောင်သည်သခင်ယေရှုအပေါ်သို့ထွန်းတောက်ပြီးလျှင်ကရုဏာပလ္လင်တော်ကိုလွှမ်းမိုးလေ၏။ ဘုန်းတော်တန်ခိုးသည်လည်း ဗိမာန်တော်ကိုပြည့်လေ၏။ ထူးကဲစွာထွန်းတောက်နေသည့်ဘုန်းတော်ရောင်ခြည်ကိုလည်းကျမကြာမြင့်စွာမကြည့်နိုင်တော့ပါ။ထိုထွန်းတောက်နေပုံကိုလူတို့၏ဘာသာစကားဖြင့်လည်းမဖေါ်ပြနိုင်ပါ။ထို့ကြောင့်ဘုန်းတန်ခိုးအာနုဘော်နှင့်ပြည့်စုံတော်မူသောထိုမြင်ကွင်းမှအံ့သြစွာဖြင့် ကျမမျက်နှာလွှဲလိုက်ရတော့သည်။

အခန်းနှစ်ခန်းပါဝင်သော ဤကမ္ဘာမြေကြီးပေါ်ရှိ သန့်ရှင်းရာဌာနတော်တစ်ဆောင်ကိုလည်း ကျမအားညွှန်ပြတော်မူပါ၏။ကောင်းကင်သန့်ရှင်းရာဌာနတော်နှင့်ပုံသဏ္ဍာန်တူညီသည်ဖြစ်ရာ၎င်း၏အရိပ်ဖြစ်ကြောင်းဆိုပါသည်။ထိုမြေကြီးပေါ်ရှိသန့်ရာဌာနတော်၏ပထမအခန်းမှအသုံးအဆောင်ပစ္စည်းများသည်ကောင်းကင်သန့်ရှင်းရာဌာနတော်၏ပထမအခန်းမှအသုံးအဆောင်ပစ္စည်းများနှင့်တူညီပါသည်။ ကန့်လန့်ကာကိုမြှင့်တင်လိုက်သောအခါအသန့်ရှင်းဆုံးသောအခန်းကိုကျမကြည့်ရှုရပါသည်။ထိုအခန်းတွင်ရှိသောအသုံးအဆောင်များမှာလည်းကောင်း၊ ဗကာင်းကင်သန့်ရှင်းရာဌာနတော်၏အသန့်ရှင်းဆုံးသောအခန်းများမှပစ္စည်းများနှင့်တူညီပါသည်။မြေကြီးဆိုင်ရာသန့်ရှင်းရာဌာနတော်တွင်ယဇ်ပရောဟိတ်သည်အခန်းနှစ်ခန်းလုံးတွင် အမှုဆောင်ရွက်ရပါသည်။ ပထမအခန်းသို့နေ့စဉ်ဝင်ရောက်ရသော်လည်းအသန့်ရှင်းဆုံးသောအခန်းသို့တစ်နှစ်တွင်တစ်ကြိမ်သာဝင်ရပါသည်။ ထိုသို့ဝင်ရခြင်းမှာထိုအခန်းတွင်းသို့ပုံထားသောအပြစ်များကိုဆေးကြောသုတ်သင်ရန်အတွက်ဖြစ်ပါသည်။ သခင်ယေရှုသည်ကောင်းကင်သန့်ရှင်းရာဌာနတော်၏အခန်းနှစ်ခန်းလုံးတွင်အမှုဆောင်ရွက်ရသည်ဟုကျမမြင်ရပါသည်။အပြစ်ဖြေရာပူဇော်သက္ကာတစ်ရပ်အဖြစ်တိရစ္ဆာန်တစ်ကောင်၏အသွေးကိုယူလျှက် ယဇ်ပရောဟိတ်များမြေကြီးပေါ်ရှိသန့်ရှင်းရာဌာနတော်သို့ဝင်ကြပါသည်။ခရစ်တော်သည်မိမိကိုယ်ပိုင်အသွေးတော်ကိုအပြစ်ဖြေရာပူဇော်သက္ကာအဖြစ်ယူဆောင်လျှက်ကောင်းကင်သန့်ရှင်းရာဌာနတော်သို့ဝင်တော်မူ၏။မြေကြီးဆိုင်ရာ ယဇ်ပရောဟိတ်များသေဆုံးသောအခါရာထူးမှနုတ်ပယ်ခြင်းခံရကြသဖြင့် အချိန်ကာလကြာမြင့်စွာအမှုတော်ကို မထမ်းဆောင်နိုင်ကြသော်လည်းသခင်ယေရှုမူကားထာဝရကာလပတ်လုံးယဇ်ပရောဟိတ်မင်းဖြစ်တော်မူ၏။ မြေကြီးပေါ်ရှိသန့်ရှင်းရာဌာနတော်သို့ယူဆောင်ခဲ့ကြသောယဇ်နှင့်ပူဇော်သက္ကာများအားဖြင့် ဣသရေလလူတို့သည် ကြွလာတော်မူလတ္တံ့သောကယ်တင်ရှင်၏ကျေးဇူးတော်ကို ခံစားရကြရန်ဖြစ်ပါသည်။ မြေကြီးပေါ်ရှိ သန့်ရှင်းရာဌာနတော်၏ အသေးစိတ်ဆောင်ရွက်ပုံများကိုလေ့လာခြင်းဖြင့်ကျွန်ုပ်တို့သည်ကောင်းကင်သန့်ရှင်းရာဌာနတော်တွင် ခရစ်တော်ဆောင်ရွက်သည့်အမှုတော်ကို နားလည်သဘောပေါက်ရန် ဘုရားသခင်သည် မဟာဥာဏ်တော်ဖြင့် စီမံထားတော်မူ၏။

လက်ဝါးကပ်တိုင်ပေါ်တွင် သခင်ယေရှုသည်အမှုပြီးပြီဟု မိန့်တော်မူပြီးမှအသက်ကိုစွန့်တော်မူ၏။ ထိုအချိန်တွင်ဗိမာန်တော်၏ကန့်လန့်ကာသည်အထက်စွန်းမှအောက်စွန်းတိုင်အောင်နှစ်ခြမ်းကွဲလေ၏။ ထိုသို့ဖြစ်ရခြင်းမှာမြေကြီးဆိုင်ရာ သန့်ရှင်းရာဌာနတော်အတွင်း အမှုတော်ဆောင်ရွက်ခြင်းအားလုံးကို ထာဝရရပ်စဲလိုက်ပြီးဖြစ်ကြောင်းဘုရားသခင်သည်ဤယဇ်ပူဇော်ခြင်းများကို လက်ခံမည်မဟုတ်ချေ။ ထိုအချိန်ကယိုစီးခဲ့သောသွေးတော်ဖြင့်ယေရှုကိုယ်တိုင်မိမိကိုယ်ကိုပူဇော်ခဲ့ပြီးဖြစ်ပါသည်။ယဇ်ပရောဟိတ်မင်းသည်တစ်နှစ်လျှင်တစ်ကြိမ်မြေကြီးပေါ်ရှိ သန့်ရှင်းရာဌာနတော်ကို ဆေးကြောရန် အသန့်ရှင်းဆုံးသောအခန်းတွင်းသို့ ဝင်ရောက် ရသည်နည်းတူသခင်ယေရှုသည်ဒံယေလ(၈)တွင်ဖေါ်ပြထားသည့်ရက်ပေါင်း(၂၃၀၀)ကုန်ဆုံးသည့်(၁၈၄၄)ခုနှစ်တွင်ကောင်းကင်သန့်ရှင်းရာဌာနတော်၏အသန့်ရှင်းဆုံးသောအခန်းတွင်းသို့ဝင်ရောက်တော်မူလျှက်ကိုယ်တော်၏ ကြားဖြန်ဖြေရေးအမှုတွင်ခံစားခွင့်ရှိနိုင်သူအပေါင်းအားအပြီးသတ်အပြစ်ဖြေလွှတ်ခြင်းဖြင့် ကောင်းကင် သန့်ရှင်းရာဌာန တော်ကိုဆေးကြောရန် ဖြစ်ပါသည်။

ဆက်လက်လေ့လာရန်။ ထွက် ၂၅-၂၈။ဝတ် ၁၆။၃ဓမ္မ ၂း၁၁။ဒံ ၈း၁၄။ မဿဲ ၂၇း၅၀-၅၁။ဟေဗြဲ ၉။ ဗျာ ၂၁။

## အခန်း (၂၈) တတိယကောင်းကင်တမန်၏ သတင်းစကား။

သခင်ယေရှုသည်သန့်ရှင်းသောအခန်းတွင်အမှုတော်ဆောင်ရွက်၍ပြီးဆုံးသောအခါအသန့်ရှင်းဆုံး သောအခန်းသို့ဝင်တော်မူပြီးလျှင်ဘုရားသခင်၏ ပညတ်တော်ရှိရာ သေတ္တာတော်ရှေ့တွင် ရပ်တော်မူလျှက်တန်ခိုးကြီးသောအခြားကောင်းကင်တမန်တစ်ပါးအားတတိယကောင်းကင်တမန်သတင်းစကားတစ်ရပ်ဖြင့် ဤကမ္ဘာလောကသို့စေလွှတ်တော်မူ၏။ကောင်းကင်တမန်သည်သခင်ခရစ်တော်မှရရှိသည့်စာလိပ်ကိုကိုင်လျှက်မြေကြီးပေါ်သို့ဘုန်းတန်ခိုးကြီးစွာဖြင့်ဆင်းသက်လာစဉ်လူတို့ကြားဖူးသောခြိမ်းခြောက်မှုများအနက်ကြောက်မက်ဖွယ်အကောင်းဆုံးဖြစ်သည့်သတိပေးနိုးဆော်ချက်ကိုကြေငြာလိုက်ပါသည်။ဘုရားသခင်၏သားသမီးများသည်မိမိထံသို့ရောက်လာလတ္တံ့သောစုံစမ်းနှောင့်ယှက်ခြင်းနှင့် စိတ်ဒုက္ခများကိုသတိဝိရိယနှင့် ကာကွယ်တားဆီးရင်ဆိုင်နိုင်ကြစေရန်ကြံရွယ်တော်မူလျှက်ထိုသတင်းစကားကိုပေးပို့တော်မူ၏။သူတို့သည်သားရဲနှင့်သူ၏ရုပ်ထုကိုအနီးကပ်တိုက်ပွဲဆင်နွှဲရလိမ့်မည်။ထာဝရအသက်အတွက်သူတို့၏တစ်ခုတည်းသောမျှော်လင့်ချက်မှာသစ္စာတည်မြဲရန်ဖြစ်သည်။သူတို့၏အသက်ဘေးအန္တရယ်ကြီးသော်လည်းသမ္မာတရားတော်ကိုစွဲမြဲစွာဆုပ်ကိုင်ထားကြမည်ဟု ကောင်းကင်တမန်ကပြောပါသည်။တတိယကောင်းကင်တမန်ကဘုရားသခင်၏ပညတ်တော်တို့ကိုလည်းကောင်း၊ယေရှု၏ယုံကြည်ခြင်းကိုလည်းကောင်းစောင့်ရှောက်သောသန့်ရှင်း သူတို့သည် ဤအရာ၌ သည်းခံစရာအကြောင်းရှိ၏ဟု ကြွေးကြော်၍ သူ၏သတင်းစကားကိုအဆုံးသတ်လိုက်ပါသည်။ကောင်းကင်တမန်သည် ကောင်းကင်သန့်ရှင်းရာဌာနတော်ကိုလက်ညှိုးညွှန်လျှက်ထိုစာသားများကိုရွက်ဆိုနေပါသည်။ဤသတင်းစကားကြား၍စိတ်နှလုံးစွဲမြဲသောသူတို့၏စိတ်အာရုံများသည်သေတ္တာတော်ရှေ့တွင်ရပ်နေတော်မူသောသခင်ယေရှုရှိရာအသန့်ရှင်းဆုံးသောအခန်းသို့ရောက်သွားကြပါသည်။ ထိုနေရာ၌သခင်ယေရှုသည် ဂရုဏာရုပ်သိမ်းမခံရသေးသောသူများနှင့် ဘုရားသခင်၏ပညတ်တော်ကိုမသိနားမလည်၍ ချိုးဖေါက်မိသူများအတွက် အပြီးသတ်ဖျန်ဖြေသည့်အမှုတော်ကို ဆောင်ရွက်နေပါသည်။ ဤအပြစ်ဖြေရှင်းခြင်းအမှုတော်သည် စုတေ့ပြီးသောဖြောင့်မတ် သူများနှင့် အသက်ရှင်လျှက်ရှိသေးသည့်ဖြောင့်မတ်သူများအတွက်ဖြစ်ပါသည်။၎င်းအပြင်ဘုရားသခင်၏ပညတ်တော်များနှင့်သက်ဆိုင်သောအလင်းတရားကိုမရရှိသည့်အတွက်ထိုပညတ်တော်နှင့် သက်ဆိုင်သည့်ကျင့်ဝတ်များကို မသိနားမလည်သောကြောင့်ကျူးလွန်မိသည့်စုတေ့သွားသောသူများသည်လည်း ပါဝင်ပါသည်။

သခင်ယေရှုသည်အသန့်ရှင်းဆုံးသောအခန်းတံခါးကိုဖွင့်ပြီးသောအခါဥပုသ်နေ့ဆိုင်ရာ အလင်းတရားကိုတွေ့မြင်ရပါသည်။ထိုအခါဘုရားသခင်၏ပညတ်တော်များကိုစောင့်ထိန်းခြင်းရှိမရှိရှေးက္ကသရေလလူတို့ စမ်းသပ်စစ်ဆေးခြင်းခံခဲ့ရသည်နည်းတူဘုရားသခင်၏လူများသည်လည်းစစ်ဆေးစမ်းသပ်ခြင်းကိုခံခဲ့ရကြပါသည်။ တတိယကောင်းကင်တမန်သည်ကောင်းကင်သို့လက်ညှိုးညွှန်လျှက်စိတ်ပျက်နေသောသူများအား ကောင်ကင်သန့်ရှင်းရာဌာနတော်၏အသန့်ရှင်းဆုံးသောအခန်းသို့သွားရာလမ်းကိုညွှန်ပြနေပုံကိုကျမမြင်တွေ့ရပါသည်။ သူတို့သည်လည်းယုံကြည်ခြင်းဖြင့် အသန့်ရှင်းဆုံးသောအခန်းသို့ ဝင်ကြသောအခါယုံကြည်ခြင်းအားဖြင့် သခင်ခရစ်တော်နောက်သို့လိုက်ပါခဲ့ကြပါသည်။သခင်ယေရှုအားတွေ့မြင်ရကြသဖြင့်ဝမ်းမြောက်ခြင်းအားသစ်နှင့်မျှော်လင့်ခြင်းအသစ်များကိုတစ်ဖန်ရရှိပြန်လေ၏။သူတို့သည်နောက်သို့လှည့်၍ သခင်ယေရှုဒုတိယအကြိမ်ကြွလာတော်မူသည့်

အကြောင်းကိုကြွေးကြော်ခဲ့သည့်အချိန်မှအစပြု၍(၁၈၄၄)ခုနှစ်ကုန်ဆုံးချိန်အထိသူတို့၏အတိတ်ကအတွေ့အကြုံများကိုပြန်လည်ဆန်းစစ်နေကြပုံကို ကျမမြင်တွေ့ရပါသည်။ သူတို့စိတ်ပျက်ခဲ့ရသည့်အကြောင်းရင်းများရှင်းလင်းသွားပြီးဖြစ်သောကြောင့်ဝမ်းမြောက်ပျော်ရွှင်လျှက်အမှန်တရားကိုတစ်ဖန်ကြားသိယုံကြည်ခြင်းအပြည့်နှင့်ပြန်လည်သက်ရှင်နိုးကြားလာလေ၏။တတိယကောင်းကင်တမန်သည်အတိတ်၊ပစ္စုပ္ပန်နှင့်အနာဂါတ်ကို အလင်းရောင်ပေးသဖြင့်ဘုရားသခင်သည်သူတို့အားလျှို့ဝှက်အံ့ဖွယ်သသောလမ်းစဉ်ဖြင့်ပို့ဆောင်လျှက်ရှိတော်မူကြောင်း သူတို့နားလည်သဘောပေါက်ကြလေ၏။

ကျန်ကြွင်းသောသူများသသည်သခင်ယေရှုရှိတော်မူရာအသန့်ရှင်းဆုံးသောအခန်းသို့ လိုက်သွားကြပြီးလျှင်သေတ္တာတော်နှင့်ကရုဏာပလ္လင်တော်ကိုတွေ့မြင်ရကြသဖြင့်၎င်းတို့၏ဘုန်းကြီးတော်မူပုံများကို စိတ်စွဲလန်းနေကြသည်ဟုကျမအားကိုယ်စားပြုဖေါ်ပြတော်မူ၏။ထိုအခါ သခင်ယေရှုသည်သေတ္တာတော်အဖုံးကိုဖွင့်ပြသဖြင့်ပညတ်တော်ဆယ်ပါးကိုအက္ခရာတင်ထားသည့်ကျောက်ပြားနှစ်ပြားကိုတွေ့မြင်ရကြလေ၏။သူတို့သည်လည်းသက်ရှင်သောဗျာဒိတ် တော်ဆင့်ဆိုချက်များကို အစဉ်အတိုင်း လိုက်၍ ကြည့်ကြရာ သန့်ရှင်းသောကျင့်ဝတ်ဆိုင်ရာပညတ်တော်ဆယ်ပါးတွင်စတုတ္ထပညတ်သို့ရောက်သောအခါပညတ်ပေါ်တွင်ထွန်းတောက်နေသောအလင်းရောင်သည်အခြားကိုးပါးပေါ်တွင်ထွန်းလင်းနေသောအလင်းရောင်ထက်ပို၍တောက်ပနေသည်ကိုလည်းကောင်း၊ ထိုမျှမကဘုန်းကြီးသောအလင်းစက်ဝန်းဖြင့်ထိုပညတ်တော်ကိုဝန်းရံထားသည်ကိုလည်းကောင်းသူတို့တွေ့မြင်ရကြသောအခါတုန်လှုပ်လျှက်နောက်သို့တွန့်သွားကြပါသည်။ဥပုသ်နေ့ကိုပယ်ဖျက်၍ ပထမနေ့ရက်သို့ပြောင်းလဲခဲ့ကြောင်းမည်သည့်လက္ခဏာမျှမတွေ့ရှိခဲ့ကြပါ။ပညတ်တော်များကိုဖတ်ကြည့်ရာတွင်လည်းသိနာတောင်ပေါ်တွင်မိုးချုန်းခြင်း၊လျှပ်ပြက်ခြင်းတို့ဖြင့်ကြောက်မက်ဖွယ်ရာ မြင့်မြတ်ခမ်းနားစွာကြွေးကြော် ဆင့်ဆိုခဲ့တော်မူခဲ့သည့်အတိုင်းပင်တွေ့မြင်ရပါသည်။ထိုမျှမကခြောက်ရက်ပတ်လုံးအလုပ်မျိုးကိုကြိုးစား၍ လုပ်ဆောင်လော့။သတ္တမနေ့ရက်သည်သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏ဟုဘုရားသခင်ကိုယ်တော်တိုင်လက်ညှိုးတော်ဖြင့်ကျောက်ပြားနှစ်ပြားပေါ်တွင်အက္ခရာတင်ထားတော်မူသည့်အတိုင်းပင်ဖြစ်ပါသည်။ပညတ်တော်ဆယ်ပါးကိုထိုမျှလောက်ကောင်းမွန်စွာသိမ်းဆည်းထားပုံကိုသူတို့တွေ့မြင်ရသောအခါအံ့သြနေကြပါသည်။ထိုမျှမကယေဟောဝါအရှင်နှင့်ကပ်လျှက်ရှိနေသောနေရာတွင်ကိုယ်တော်၏သန့်ရှင်းတော်မူခြင်းဖြင့် ကာကွယ်ဖုံးအုပ်ထားပုံကိုလည်းတွေ့မြင်ရကြပါသည်။ပညတ်တော်ဆယ်ပါးတွင်စတုတ္ထပညတ်ကိုသူတို့နင်းချေ၍ယေဟောဝါအရှင်သန့်ရှင်းတော်မူသည့်နေ့အစားအခမ္ဝါဒသမားများနှင့်တစ်ပါးအမျိုးသားများက လက်ဆင့်ကမ်းခဲ့သည့်နေ့ကို စောင့်ထိန်းနေကြကြောင်း သူတို့သိကြသောအခါဘုရားသခင်ရှေ့တော်တွင်ကိုယ့်ကိုယ်ကိုနှိမ့်ချလျှက်အတိတ်ကကျူးလွန်မိခဲ့သည့်အပြစ်များအတွက် ဝမ်းနည်းပူဆွေးခြင်းဖြစ်ကြလေ၏။

သူတို့၏ဝန်ခံတောင်းပန်ခြင်းများနှင့်ပဌနာသံများကိုသခင်ယေရှုသည်ခမည်းတော်ထံသို့ တင်ဆက်တော်မူသောအခါလင်ပန်းရှိနံ့သာပေါင်းမွှေးမှမီးခိုးထွက်ပုံများကို ကျမမြင်တွေ့ရပါသည်။ထိုမီးခိုးအထက်သို့တက်နေစဉ်ထွန်းတောက်သောအလင်းရောင်သည်သခင်ယေရှု၏အပေါ်သို့လည်းကောင်း၊ ကရုဏာပလ္လင်ပေါ်သို့လည်းကောင်း၊သက်ရောက်လေ၏။ဘုရားသခင်၏ပညတ်တော်ကို ကျူးလွန်ခဲ့မိသည့်အတွက် စိတ်ဒုက္ခရောက်သဖြင့်ရိုသေကိုင်းညွှတ်စွာ ဆုတောင်းပဌနာပြုနေသာသူများအပေါ်သို့ ကောင်းချီးမင်္ဂလာသွန်းလောင်းစေတော်မူသဖြင့်မျှော်လင့်ခြင်းနှင့် ဝမ်းမြောက်ခြင်းကို ရ၍သူတို့၏မျက်နှာများ ထွန်းတောက်လာကြပါသည်။ ထိုအခါသူတို့သည်တတိယကောင်းကင်တမန်၏သတင်းစကားလုပ်ငန်းခွင်သို့ ဝင်ရောက်ကြပြီးလျှင် အရေးကြီးသောနိုးဆော်ချက်ကိုအသံမြှင့်လျှက်ကြွေးကြော်ကြပါသည်။ ပထမပိုင်းတွင် လူအနည်းငယ်မျှသာလက်ခံကြသော်လည်း သစ္စာတည်မြဲသောသူများသည်ထက်သန်သောစွမ်းအင်ဖြင့်ဆက်လက်၍ကြွေးကြော်နေကြပါသည်။ထို့နောက်လူအများတတိယကောင်းကင်တမန်၏သတင်းစကားကိုလက်ခံကြပြီးလျှင်ပထမကြွေးကြော်သူများနှင့်ပူးပေါင်းလျှက်ကိုယ်တော်သန့်ရှင်းတော်မူသည့် နားရက်ကို စောင့်ထိန်းခြင်းဖြင့် ဘုရားသခင်အား ဂုဏ်ပြုချီးမွမ်းကြလေ၏။

တတိယကောင်းကင်တမန်သတင်းစကားကို ခံယူသောသူအများစုတို့သည် ယခင်သတင်းစကားနှစ်ရပ်တွင်အတွေ့အကြုံမရှိကြပါ။ထိုအကြောင်းကိုစာတန်ကောင်းစွာနားလည်ထားသဖြင့်ထိုသူများကို အနိုင်ပြုဖျက်ဆီးရန်မတရားသောမျက်စိဖြင့်စိုက်ကြည့်နေကြပါသည်။သို့သော်တတိယကောင်းကင်တမန်ကသူတို့အား အသန့်ရှင်း

ဆုံးသောအခန်းသို့ညွှန်ပြနေပါသည်။ယခင်သတင်းစကားများတွင်အတွေ့အကြုံများခဲ့သောသူများကလည်းထိုသူတို့အားကောင်းကင်သန့်ရှင်းရာဌာနတော်သို့သွားရာလမ်းကိုညွှန်ပြနေကြပါသည်။အများသောသူတို့သည်ကောင်းကင်တမန်သတင်းစကားသုံးရပ်တွင်စုံလင်သည့်သစ္စာတရားဆက်စပ်မှုရှိကြောင်းတွေ့သိရသဖြင့် အစဉ်လိုက်ဝမ်းမြောက်စွာလက်ခံကြပြီးလျှင်ကောင်းကင်သန့်ရှင်းရာဌာနတော်တွင်ရှိနေသောသခင်ယေရှုနောက်သို့ ယုံကြည်ခြင်းလမ်းစဉ်ဖြင့်လိုက်လျှောက်ကြလေ၏။ထိုသတင်းစကားများသည်ဘုရားသခင်၏လူတို့အတွက် ကျောက်ဆူးပမာကိုယ်ခန္ဓာကိုစုစည်းကြောင်းကျမအားဖေါ်ပြတော်မူ၏။ထိုသတင်းစကားများကိုနားလည်သဘောပေါက်၍လက်ခံထားသူများသည်စာတန်၏မြောက်မြားစွာသောမတရားလိမ်လည်မှုများမှကာကွယ်ခြင်းကို ခံခဲ့ရပါသည်။

(၁၈၄၄)ခုနှစ်တွင် ကြီးစွာသောစိတ်ပျက်ခြင်းနှင့်ရင်ဆိုင်ရကြပြီးသည့်နောက်ကျန်ကြွင်းသောလူစု၏ယုံကြည်ခြင်း၊မငြိမ်သက်ဖြစ်စေရန်စာတန်နှင့်သူ၏ တမန်များကျော့ကွင်းမျိုးစုံဖြင့်အလုပ်ရှုပ်နေကြပါသည်။ ထိုသတင်းစကားများတွင်အတွေ့အကြုံရှိစိတ်နှလုံးနှိမ့်ချပုံပေါ်သူများကိုသူဖက်သို့ပါအောင်တိုက်ခိုက်ခဲ့ပါသည်။။ထိုသူတို့တွင်အချို့သောသူများကပထမနှင့်ဒုတိယသတင်းစကားများသည်အနာဂါတ်ကာလတွင်ပြည့်စုံကြမည်ဟုဖေါ်ညွှန်းကြပါသည်။အခြားသောသူများကမူထိုသတင်းစကားများမှာရှေးယခင်ကပင်ပြည့်စုံခဲ့ကြပြီးဖြစ်သည်ဟုအခိုင်အမာဖေါ်ဆောင်နေကြပါသည်။ ယင်းသုံးသပ်ချက်များသည် အတွေ့အကြုံနည်းပါးသောသူများအပေါ်သို့ဩဇာသက်ရောက်မှုရှိနေသဖြင့်သူတို့၏ယုံကြည်ခြင်းကိုဒယိမ်းဒယိုင်ဖြစ်စေ၏။အချို့သောသူများသည်ကျန်ကြွင်းသူလူစုနှင့်မပူးပေါင်းဘဲကိုယ်ပိုင်ယုံကြည်ခြင်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ကျမ်းစာကိုလေ့လာကြပါသည်။ဤအမှုအရာအားလုံးအတွက် စာတန်ကြည်နူးနေ၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ကျောက်ဆူးနှင့်ကင်းကွာသွားကြပါကအဖက်ဖက်မှတိုက်ခတ်မှုကြောင့်ဖရိုဖရဲဖြစ်နေပြီးအယူဝါဒမျိုးစုံဖြင့် အယောင်ဆောင်အမှားများဖြစ်ကြလေအောင်သူစွမ်းဆောင်နိုင်မည်ကိုသိထားပါသည်။ပထမနှင့်ဒုတိယသတင်းစကားတွင် ခေါင်းဆောင်ခဲ့သူအများသည် ယခုအခါတွင်ထိုသတင်းစကားများကိုငြင်းပယ်နေကြပါသည်။ခန္ဓာအတွင်းလူစုသည် အယူအဆအမျိုးမျိုးအဖုံဖုံကွဲပြား၍ရှုပ်ထွေးနေကြပါတော့သည်။ထို့နောက် ဝီလျံမေးလားအကြောင်းကိုကျမအား အာရုံပြုရပါသည်။သူ၏လူမျိုးအတွက်စိတ်ပူပန်သောကရောက်၍ဦးညွှတ်လျှက်ကြုံရာမရဖြစ်နေပုံပေါ်ပါသည်။(၁၈၄၄)ခုနှစ်က တစ်ဦးကိုတစ်ဦးလေးစားမြတ်နိုး၍ စည်းလုံးညီညွတ်လျှက်ကြုံရာမရဖြစ်နေပုံပေါ်ပါသည်။ (၁၈၄၄)ခုနှစ်က တစ်ဦးကိုတစ်ဦးလေးစားမြတ်နိုး၍စည်းလုံးညီညွတ်ခဲ့သောလူစုသည်ယခုအခါမေတ္တာကင်းဝေးပြီးလျှင် တစ်ဦးကိုတစ်ဦးအတိုက်အခံပြုလျှက်အယူဖေါက်ပြန်သည့်အခြေအနေသို့ဆိုက်ရောက်ကာသွေးအေးနေကြပါတော့သည်။ထိုအခြေအနေကိုတွေ့သိရသောအခါပြင်းစွာပူဆွေးဒုက္ခရောက်သည့်အတွက်အင်အားဆုတ်ယုတ်လေ၏။ သူသည်တတိယကောင်းကင်တမန်၏သတင်းစကားနှင့်ဘုရားသခင်၏ပညတ်တော်များကိုခံယူလိမ့်မည်လောဟုခေါင်းဆောင်များစိုးရိမ်ကြောင့်ကြဖြစ်၍စောင့်ကြပ်နေကြပုံကိုကျမမြင်တွေ့ရပါသည်။သူ့အနေဖြင့်ကောင်းကင်မှပေးပို့သော အလင်းတရားဖက်သို့ယိမ်းယိုင်လာသောအခါထိုခေါင်းဆောင်များကသူ၏စိတ်အာရုံကိုအခြားဖက်သို့ဆွဲယူရန်အကြံထုတ်ကြလေ၏။သူကိုယ်တိုင်မှောင်မိုက်အတွင်းပင်ရှိနေစေရန်နှင့်သူ၏ဩဇာသက်ရောက်မှုသည်လည်းသမ္မာတရားကိုဆန့်ကျင်သူများအထဲ၌ပင်ရှိနေစေရန်လူသားဆွဲဆောင်မှုတစ်ရပ်ကိုအသုံးပြုနေကြပါသည်။နောက်ဆုံးတွင်ဝီလျံမေးလားသည်ကောင်းကင်မှလာသောအလင်းတရားကို ဆန့်ကျင်လေ၏။ သူစိတ်ပျက်ခဲ့ရသည့်အကြောင်းရင်းကိုစုံလင်စွာရှင်းပြမည့်သတင်းစကား၊ကုန်ခန်းသွားခဲ့သည့်သူ၏စွမ်းအင်များကိုပြန်လည်ဖြည့်ဆည်းပေးပြီးလျှင် အတိတ်ကာလအတွက်အလင်းရောင်နှင့်ဘုန်းတန်ခိုးပေးမည့်သတင်းစကား၊သူ၏မျှော်လင့်ခြင်းကိုပြန်လည်ရှင်သန်စေလျှက်ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းနိုင်မည့်သတင်းစကားကိုခံယူရန်သူပျက်ကွက်ခဲ့ပါသည်။ သူသည်ဘုရားသခင်ပကတိနှင့်ဆိုင်သောပညာဉာဏ်အမြော်အမြင်ကိုအမှီပြုရမည့်အစားလူ၏ဉာဏ်ပညာကိုအမှီပြုခဲ့ပါသည်။သို့သော်သူ့အရှင်သခင်၏အမှုတော်ကိုဆောင်ရွက်ခဲ့ရသည့်အတွက်ဆင်းရဲပင်ပန်းခြင်းသို့ရောက်၍အသက်အရွယ်လည်းကြီးရင့်နေသဖြင့်အမှန်တရားကိုခံယူရန်အတွက်သူအားတားဆီးထားကြသူများလောက်ထုချေရမည့်တာဝန်မရှိပါ။ထိုသူတို့တွင် တာဝန်ရှိနေပါသည်။ ယင်းအပြစ်သည်လည်းသူတို့အပေါ်၌သာ သက်ရောက်နေပါသည်။

အကယ်၍တတိယကောင်းကင်တမန်၏သတင်းစကားဆိုင်ရာအလင်းရောင်ကိုသာဝီလျံမေးလားတွေ့ပြီးသိရှိနိုင်ခဲ့မည်ဆိုပါကသူ့အတွက်မှောင်မိုက်ပမာနက်နဲခက်ခဲသောပြသနာအမြောက်အမြားမှာ ဖြေရှင်းပြီးဖြစ်ကြ

ပေလိမ့်မည်။သို့သော်သူ၏ညီအစ်ကိုများကသူ့အပေါ်အထူးချစ်ခင်မြတ်နိုးသယောင်အရေးပေးယောင်ဆောင်ကြသဖြင့် သူတို့နှင့်မခွဲခွါနိုင်ဖြစ်ခဲ့ပါသည်။အမှန်တရားဖက်သို့ စိတ်ရောက်လာသောအခါ သူ၏ညီအစ်ကိုများဖက်သို့လှည့်ကြည့်လိုက်ရာ သူတို့က ငြင်းဆိုခြင်းပြုကြပါသည်။ သခင်ယေရှုကြွလာတော်မူမည်ဟု အတူတကွလက်တွဲ၍ ကြွေးကြော် ခဲ့ကြသည့်ညီအစ်ကိုများနှင့် ခွဲခွါနိုင်မည်လား။ မည့်သည့်နည်းနှင့်မျှ သူ၏ညီအစ်ကိုများက သူ့အား လမ်းမှားသို့ပို့ ဆောင်ဆွဲခေါ်ကြရလိမ့်မည်ဟု သူမထင်မှတ်ခဲ့ပါ။

အမှန်တရားလမ်းမှလွဲသွားစေရန်သူ့အားအမြဲတစ်စေသွေးဆောင်နေသော ရန်သူတို့၏လက်မှလွတ်မြောက်ရလေအောင်စာတန်စိုးမိုးသောမရဏာနိုင်ငံသို့သွားခွင့်ပြု၍ဘုရားသခင်သည်သူ့အား သချိုင်းဂူအတွင်းဝှက်ထားတော်မူ၏။ ကတိထားတော်မူသော ပြည်တော်သို့ ဝင်ရလုဆဲတွင် မောရှေမှာထားခဲ့ပါသည်။ ထိုနည်းတူ ဝီလျံမေးလားသည်လည်းကောင်းကင်ခါနန်သို့ဝင်ရလုဆဲတွင်မိမိသြဇာကိုအသုံးပြု၍သမ္မာတရားကိုဆန့်ကျင်သည့်အမှားပြုခဲ့မိကြောင်းကျမမြင်တွေ့ရပါသည်။အခြားသူများတို့သည်ယင်းလမ်းစဉ်သို့ သူ့တို့ကို ခေါ်ဆောင်ခဲ့ကြ၏။ ထို့ကြောင့်သူတို့ဖြေရှင်းရကြပေလိမ့်မည်။သို့သော်အဖိုးတန်သောမြေမှုန့်ကိုကောင်းကင်တမန်များက ထိန်းသိမ်းစောင့် ရှောက်ထားကြသည်ဖြစ်၍ နောက်ဆုံးသာတံပိုးမှုတ်ချိန်တွင် ဝီလျံမေးလားထမြောက်ပေလိမ့်မည်။

## အခန်း (၂၉) ခိုင်မာတောင့်တင်းသော စင်မြင့်။

မယိမ်းမယိုင် စိတ်နှလုံးတည်ငြိမ်ခိုင်မြဲသောလူတစ်စု၊ သတိဝီရိယနှင့်ပြည့်စုံသူထိုလူတစ်စု၊ သူတို့တည်ထောင်ထားပြီးသောယုံကြည်ခြင်းကိုအခြားအဘယ်သူမျှမဖျက်ဆီးမရွှေ့လျှော့စေနိုင်သည့် ထိုလူတစ်စုကို ကျမရှုမြင်ရပါသည်။ထိုလူစုအပေါ်တွင် ဘုရားသခင်ကျေနပ်မှုရှိတော်မူ၏။ ပထမဒုတိယနှင့် တတိယကောင်းကင်တမန်တို့၏သတင်းစကားများကိုအဆင့်သုံးဆင့်ခွဲ၍ကျမအားဖေါ်ပြတော်မူပါသည်။ ဤသတင်းစကားများမှတွယ်အပ်တစ်ချောင်း၊သစ်တုံးတစ်ချောင်းကိုမျှလှုပ်ရှားရွှေ့လျှော့စေသောသူသည်အမင်္ဂလာရှိ၏။ဤသတင်းစကားများ၏အဓိပ္ပါယ်အမှန်ကိုနားလည်သဘောပေါက်ရန်မှာအထူးပင်အရေးကြီးပါသည်။အသက်ဝိညာဉ်များ၏အဆုံးစွန်တွင်ကျရောက်မည့်အပြစ်သည် ထိုသတင်းစကားများကို လက်ခံသည့်ပုံစံပေါ်တွင် မူတည်၏ဟု ကျမ၏အဖေါ်ကောင်းကင်တမန်ကပြောပြပါသည်။၎င်းနောက်ယင်းသတင်းစကားများဆိုင်ရာအချိန်ကာလတစ်လျှောက်ဘုရားသခင်၏လူများအနေဖြင့်ထိုသတင်းစကားများနှင့်စပ်လျဉ်းသည့်ဗဟုသုတကိုတန်ဖိုးကြီးစွာပေး၍ဝယ်ယူရသည်။ ဒုက္ခမျိုးစုံကိုခံလျှက်အတိုက်အခံမျိုးစုံကို ရင်ဆိုင်ကာဆည်းပူးခဲ့ရကြသည်။ တည်ငြိမ်ခိုင်မြဲသည်စင်မြင့်ပေါ်သို့ရောက်ရှိသည်တိုင်ဘုရားသခင်သည်လူတို့အားတစ်ဆင့်ပြီး တစ်ဆင့်လမ်းပြပို့ဆောင်တော်မူသည်စသည်ဖြင့်ကျမမြင်ရပါသည်။ထိုစင်မြင့်၏အုတ်မြစ်ကိုတစ်ဦးတစ်ယောက်လာ၍စစ်ဆေးကြပုံကိုလည်းကျမမြင်ရပါသည်။အချို့သောသူများဝမ်းမြောက်စွာဖြင့်ချက်ခြင်းထိုစင်မြင့်ပေါ်သို့တက်ကြ၏။အခြားသောသူများကမူအုတ်မြစ်ကိုကြည့်၍အပြစ်ရှာကြ၏။ထိုသူတို့ကပို၍စုံလင်သောစင်မြင့်ဖြစ်လာပြီးလျှင်စင်မြင့်ပေါ်ရှိလူများပို၍ဝမ်းမြောက်ရွှင်လန်းခြင်းရှိကြစေရန်ပို၍တောင့်တင်းခိုင်မာအောင်ပြုပြင်လိုကြ၏။အချို့သောသူများသည် စင်မြင့်ပေါ်မှဆင်း၍စစ်ဆေးကြပြီးလျှင်အုတ်မြစ်ချမှားနေသည်ဟုကြေငြာပါသည်။သို့သော်စင်မြင့်ပေါ်ရှိလူအားလုံးနီးပါးကြံ့ခိုင်စွာရပ်တန့်လျှက်ဆင်းသွားသောသူများအားမညည်းမညူကြစေရန် ဆော်သြနေကြသည်ကိုကျမမြင်ရပါသည်။ အဘယ့်ကြောင့်ဆိုသော်ဘုရားသခင်ကိုယ်တိုင်ဆောက်လုပ်ထားသည့်စင်မြင့်ဖြစ်၍ထိုသို့သူတို့ညည်းညူနေကြခြင်းဖြင့်ဘုရားသခင်အားဆန့်ကျင်ဖက်ပြုရာရောက်နေသည့်အတွက်ထိုသို့ဆော်သြနေကြခြင်းဖြစ်ပါသည်။ သူတို့အနေဖြင့်ထိုတောင့်တင်းခိုင်မာသောစင်ပေါ်သို့ရောက်သည့်တိုင်အောင်အံ့သြဖွယ်ရာဘုရားသခင်ပို့ဆောင်တော်မူပုံကိုပြန်ပြော၏။ ဘုန်းတော်ကိုတစ်စိတ်တစ်ဝမ်းတည်းစည်းလုံးညီညွှတ်စွာအသံမြင့်၍ချီးမွမ်းထောမနာပြုကြပါသည်။ထိုသို့ပြုကြသောအခါ စင်မြင့်ပေါ်မှဆင်းသွား ပြီးလျှင် ညည်းညူနေကြသော လူအချို့သည် စိတ်နှလုံးပြောင်းလဲကြသဖြင့်ပြန်၍ ကြည့်ကြပြီးလျှင် စင်မြင့်ပေါ်သို့ တစ်ဖန်တက်ကြ၏။

ခရစ်တော်ဤလောကသို့ပထမအကြိမ်ကြွလာတော်မူရန်အတွက်ကြွေးကြော်ပုံကို ကျမအား ပြန်၍ညွှန်ပြတော်မူ၏။သခင်ယေရှုကြွလာတော်မူရာလမ်းခရီးကိုပြင်ဆင်ထားရန်ဧလိယ၏တန်ခိုးစိတ်ဓါတ်ဖြင့် ယောဟန်အားကြိုတင်စေလွှတ်ထားတော်မူ၏။နှစ်ခြင်းဆရာယောဟန်၏ သက်သေခံချက်များကိုမခံယူခဲ့ကြသောသူတို့သည်သ

ခင်ယေရှု၏ဩဝါဒများနှင့်စပ်လျဉ်း၍ အကျိုးကျေးဇူးမခံစားရကြတော့ပါ။ကိုယ်တော်ကြွလာတော်မူမည့်အကြောင်း ကြိုတင်ဟောကြားထားသည့်သတင်းစကားကိုအတိုက်အခံပြုကြသည့်အတွက်ကိုယ်တော်သည် မေရှိယအရှင်ဖြစ်တော်မူကြောင်းဖေါ်ပြသည့် ခိုင်လုံသောသာဓကများကိုသူတို့ အလွယ်တကူမခံယူနိုင်ကြတော့ပါ။ နှစ်ခြင်းဆရာယောဟန်၏သတင်းစကားများကို ငြင်းပယ်ကြသောသူများအနေဖြင့် သခင်ယေရှုအား ဆက်တိုက်ငြင်းပယ်လျှက် လက်ဝါးကပ်တိုင်ပေါ်တင်၍ကွပ်မျက်ကြသည့်တိုင်အောင်စာတန်ဆက်၍ခေါင်းဆောင်နေ၏။ထိုသို့ သူတို့အမှားပြုကြသည့်အတွက်ပင်တေကုတ္တေပွဲနေ့သို့ရောက်သောအခါသူတို့အားကောင်းကင်သန့်ရှင်းရာဌာနတော်သို့သွားရာလမ်းကိုညွှန်ပြမည့်ကောင်းကြီးမင်္ဂလာကိုသူတို့မခံစားနိုင်ကြတော့ပါ။ဗိမ္မာန်တော်ကန့်လန့်ကာနှစ်ခြမ်းကွဲသည့်အခိပ္ပါယ်မှာယုဒလူတို့၏ယဇ်ပူဇော်ခြင်းများနှင့်ဝိနည်းအထုံးအဖွဲ့များကိုလက်ခံတော့မည်မဟုတ်ကြောင်းဖေါ်ပြထားခြင်းဖြစ်ပါသည်။ကြီးမြတ်တော်မူသည့်ယဇ်ကိုပူဇော်ပြီး၍ဘုရားသခင်လက်ခံတော်မူပြီးဖြစ်ပါသည်။ထို့အပြင်ပင်တေကုတ္တေပွဲနေ့တွင်ဆင်းသက်တော်မူသောသန့်ရှင်းသောဝိညာဉ်တော်သည်လည်း တပည့်တော်တို့၏စိတ်အာရုံများကိုမြေကြီးဆိုင်ရာသန့်ရှင်းရာဌာနတော်မှသခင်ယေရှုရှိတော်မူရာ ကောင်းကင်သန့်ရှင်းရာဌာနတော်သို့ပြောင်းလဲစေတော်မူခဲ့ပါသည်။ထိုသန့်ရှင်းရာဌာနတော်သို့သခင်ယေရှုသည်မိမိ၏အသွေးတော်ဖြင့်ဝယ်တတ်မူခဲ့ပြီးသည့်အလျှောက် တပည့်တော်များ အပေါ်သို့ အပြစ်ဖြေလွှတ်ခြင်းဆုကျေးဇူးကိုသွန်းလောင်းတော်မူ၏။ သို့သော်ယုဒလူများမှာလုံးဝလှည့်ဖြားခြင်းနှင့်မှောင်မိုက်အတိ ဖုံးလွှမ်းနေသောနေရာ၌ပင်ကျန်ရစ်ခဲ့ကြလေ၏။ ကယ်တင်ခြင်းဆိုင်ရာအလင်းတရားတော် ကိုသူတို့ရရှိနိုင်ခဲ့ပါလျှက် မရရှိခဲ့ပဲ အသုံးမဝင်တော့သည့် ယဇ်ပူဇော်ခြင်းများနှင့်ပူဇော်သက္ကာများကိုသာယုံကြည်ကိုးစားနေကြပါသေး၏။မြေကြီးဆိုင်ရာသန့်ရှင်းရာဌာနတော်နှင့်စပ်လျဉ်းသည့်ရေးရာများကိုတောင်းကင်သန့်ရှင်းရာဌာနတော်သို့လွှဲပြောင်းပြီးဖြစ်သော်လည်း သူတို့မသိလိုက်ကြပါ။ ထို့ကြောင့်သန့်ရှင်းရာဌာနတော်တွင်ခရစ်တော်၏ကြားဖြန်ဖြေရေးဆိုင်ရာအမှုတော်၏အကျိုးသက်ရောက်မှုများကိုသူတို့မခံစားနိုင်ကြတော့ပါ။

ယုဒလူများသည် သခင်ယေရှုကိုငြင်းပယ်၍ လက်ဝါးကပ်တိုင်ပေါ်တွင် တင်လျှက် ကွပ်မျက်ကြသည်ကိုအများသောလူတို့သည်စက်ဆုပ်ကြောက်လန့်ကြပါသည်။ထို့အပြင်ကိုယ်တော်သည် ရှက်ဖွယ်ရာ မတရားနှိပ်စက်ခံရပုံအကြောင်းစုံကိုဖတ်ရှု့ကြသောသူများကလည်းကိုယ်တော်အားသူတို့ချစ်မြတ်နိုးသည်ဟုထင်မှတ်ကြပါသည်။ ထို့ကြောင့်ပေတရုကဲ့သို့သူတို့ငြင်းပယ်ကြမည်မဟုတ်၊ယုဒများကဲ့သို့ရက်စက်စွာ ကပ်တိုင်ပေါ်တင်၍ ကွပ်မျက်ကြမည်မဟုတ်ဟုထင်မှတ်ကြပါသည်။သို့သော်လူအပေါင်းတို့၏စိတ်နှလုံးအသီးသီးကို သိတော်မူသောဘုရားသခင်သည် သူတို့ဝန်ခံကြသည့်အတိုင်း သခင်ယေရှုအား အမှန်ပင်ချစ်မြတ်နိုးခြင်းဟုတ်မဟုတ်ထင်ရှားပေါ်လွင်စေရန်လူတိုင်းအားစမ်းသပ်တော်မူ၏။ပထမကောင်းကင်တမန်၏သတင်းစကားနှင့်စပ်လျဉ်း၍မည်သို့မည်ပုံခံယူကြသည်ကိုကောင်းကင်ဗိုလ်ခြေများ=စိတ်ဝင်စားလျှက် စောင့်ကြည့်နေကြ၏။သို့သော်သခင်ယေရှုကို ချစ်ပါသည်ဟုဆိုသူများလက်ဝါးကပ်တိုင်၏ဝတ္တုကိုဖတ်၍မျက်ရည်ကျသူများ၊ကိုယ်တော်ကြွလာတော်မူမည့် သတင်းစကားတော်ကိုကြားရသောအခါပြောင်လှောင်သရော်ကဲ့ရဲ့ကြ၏။သတင်းစကားကိုဝမ်းမြောက်ဝမ်းသာလက်ခံရမည့်အစား မိစ္ဆာအယူဝါဒတစ်ရပ်ဖြစ်သည်ဟုကြေငြာကြပါသည်။ကိုယ်တော်ကြွလာတော်မူမည်ကို နှစ်သက်မြတ်နိုးသောသူများအားသူတို့မုန်းတီးကြသဖြင့်အသင်းတော်များမှနှင်ထုတ်လိုက်ကြလေ၏။ပထမသတင်းစကားကို ငြင်းပယ်သောသူများဒုတိယ သတင်းစကား၏ အကျိုးသက်ရောက်မှုကိုမခံစားရကြပါ။ ယုံကြည်ခြင်းအားဖြင့် သခင်ယေရှုနှင့်အတူကောင်းကင်သန့်ရှင်းရာဌာနတော်၏ အသန့်ရှင်းဆုံးအခန်းသို့ဝင်ရောက်နိုင်ရန် ပြင်ဆင်ထားရေးအတွက်ကြေငြာသည့်သန်းခေါင်ယံကြွေးကြော်သံ၏အကျိုးသက်ရာက်မှုကိုလည်းသူတို့မခံစားရကြတော့ပါ။၎င်းပြင် ယခင်သတင်းစကားနှစ်ရပ်ကိုငြင်းပယ်ခဲ့သည့်အတွက်သူတို့၏အသိဉာဏ်ကိုမှောင်မိုက်ဖုံးလွှမ်းသွားသောကြောင့်အသန့်ရှင်းဆုံးသောအခန်းသို့သွားရာခရီးကိုညွှန်ပြသည့်တတိယကောင်းကင်တမန်၏ သတင်းစကားနှင့်စပ်လျဉ်းသောအလင်းတရားကိုလည်းသူတို့မတွေ့မသိနိုင်ကြတော့ပါ။ ယုဒလူတို့သည်သခင်ယေရှုအား လက်ဝါးကပ်တိုင်ပေါ်တွင်ရိုက်ထားလျှက်ကွပ်မျက်ခဲ့ကြသည့်နည်းတူအမည်နာမကိုသာခံယူထားကြသော အသင်းတော်များသည်လည်း ထိုသတင်းစကားကိုအသေသတ်ကြသည့်အတွက် အသန့်ရှင်းဆုံးသောအခန်းသို့ သွားရာလမ်းစဉ်ကိုမသိမတွေ့ကြလေသောကြောင့်သခင်ယေရှု၏ ကြားဖြန်ဖြေတော်မူခြင်းဆိုင်ရာ အကျိုးသက်ရောက်မှုကိုလည်း သူတို့မခံစားရတော့

ကြောင်းကျမမြင်တွေ့ရပါသည်။မလိုလားတော့သည့်ယဇ်ပူဇော်ခြင်းများကို ယုဒလူတို့ဆက်လက်ပူဇော်နေသကဲ့သို့ ထိုသူတို့သည်လည်းသူတို့၏အချည်းနှီးသောပဌနာသံများဖြင့်သခင်ယေရှုရှင်မရှိတော့သည့်အခန်းဆီသို့လွမ်းမိုးနေကြပါသည်။စာတန်သည်လည်းသူ၏လိမ်လည်မှုထမြောက်အောင်မြင်သည့်အတွက် အားရကျေနပ်လျှက်ဘာသာရေးသမားအဖြစ်ဟန်ယောင်ပြီးလျှင်ခရစ်ယာန်အမည်ခံသူများအားသူ့ဖက်သို့အပိုင်သိမ်းသွင်းနေပါသည်။ သူ၏ထောင်ချောက်အတွင်းတည်မြဲနေကြစေရန်အံ့ဖွယ်သောနိမိတ်လက္ခဏာများကိုပြလျှက်တန်ခိုးရှိသမျှကိုလည်းအစွမ်းကုန်အသုံးပြုနေပါသည်။အချို့သောသူများကို ဤနည်းအားဖြင့် အခြားသောသူများကိုအခြားသောနည်းဖြင့်လှည့်ဖြားနေပါသည်။လူမျိုးစုံအတွက်လိမ်လည်မှုနည်းမျိုးစုံကို ထိရောက်မှုရှိလောက်အောင်ပြင်ဆင်ထားပါသည်။ အချို့သောသူတို့သည်လိမ်လည်မှုတစ်ရပ်ကိုကြောက်မက်ဖွယ်ဖြစ်သည်ဟုမြင်သော်လည်းအခြားတစ်ခုကိုအလွယ်တကူလက်ခံတတ်ကြပါသည်။စာတန်သည် အချို့သောသူများအား နတ်မိစ္ဆာအယူဝါဒဖြင့် လှည့်ဖြားနေပါသည်။ အလင်းတရားနှင့်ဆိုင်သောကောင်းကင်တမန်၏အယောင်ကိုလည်းဆောင်လျှက်ဘာသာရေးပြုပြင်ပြောင်းလဲမှုအတုများနှင့်တိုင်းပြည်အတွင်းမိမိ၏သြဇာအာဏာကိုပျံ့နှံ့စေ၏။ဘာသာရေးနိုးကြားမှုအတုအယောင်ကိုနေရာအနှံ့၌ကျမတွေ့ရှိခဲ့ပါသည်။အခြားသောဝိညာဉ်တစ်စုံတစ်ခု၏လုပ်ရပ်ကိုဘုရားသခင်သည်သူတို့အတွက်အံ့သြဖွယ်ရာဆောင်ရွက်နေတော်မူသည်ဟုထင်မှတ်မှားလျှက် အသင်းတော်များသည်ဘဝင်ခိုက်နေကြလေ၏။ကမ္ဘာကြီးသည်လည်းကောင်း၊ အသင်းတော်သည်လည်းကောင်း၊ ယခင်ကထက်အခြေအနေပိုမိုဆိုးဝါးစွာဖြစ်လာသောအခါ တဖြည်းဖြည်းနှင့်ပျက်ပြယ်သွားကြပေလိမ့်မည်။

မျှော်လင့်ခြင်းအသင်းသားဟုအမည်ခံသူများတွင်လည်းကောင်း၊ ကျရှုံးလေပြီးသောအသင်းတော်များတွင်လည်းကောင်း၊ဘုရားသခင်၏သစ္စာရှိသောသားသမီးတို့ရှိနေကြောင်းနောက်ဆုံးဘေးဒဏ်များမကျရောက်မီထိုအသင်းတော်များမှဓမ္မအမှုတော်ဆောင်များနှင့်သာမန်အသင်းသားများကိုခေါ်ထုတ်တော်မူသောအခါ သမ္မာတရားကိုအသင့်လက်ခံသူများရှိလိမ့်မည်ဖြစ်ကြောင်းကျမမြင်တွေ့ရပါသည်။ထိုအကြောင်းကို စာတန်ကောင်းစွာသိထားနှင့်သည့်အတွက်တတိယကောင်းကင်တမန်၏သတင်းစကားကိုအသံကျယ်စွာဖြင့် မကြွေးကြော်မီအမှန်တရားကိုငြင်းပယ်ထားသူများအနေဖြင့်ဘုရားသခင်သည်သူတို့နှင့်အတူရှိတော်မူသည်ဟုထင်မှတ်ရလေအောင် ထိုဘာသာရေးအသင်းများတွင်စိတ်လှုပ်ရှားမှုတစ်ရပ်ပေါ်ပေါက်လာအောင်နိုးဆော်လိမ့်မည်။ဘုရားသခင်သည်အသင်းတော်များအတွက်လုပ်ဆောင်ပေးလျှက်ပင်ရှိနေတော်မူသည်ဟုရိုးဖြောင့်သောသူများကထင်မှတ်ရလေအောင်လိမ်လည်လှည့်ဖြားထားနိုင်ရန်စာတန်မျှော်မှန်းထားပါသည်။ သို့သော်အလင်းရောက်လာသောအခါ ရိုးဖြောင့်သောသူအားလုံးသည်ကျဆုံးသောအသင်းတော်များမှထွက်ခွာ၍ကျန်ကြွင်းသူများနှင့်အတူရပ်တည်နေကြပေလိမ့်မည်။

ဆက်လက်လေ့လာရန်။ မဿဲ ၃။ တမန် ၂။၂ကော ၁၁း၁၄။၂သက် ၂း၉-၁၂။ ဗျာ ၁၄း၆-၁၂။

## အခန်း (၃၀) နတ်မိစ္ဆာအယူဝါဒ

စားပွဲ၏ခေါက်သံပြုသောအဓမ္မအယူဝါဒအန္တရယ်ကြီးကို ကျမအား ဖေါ်ပြတော်မူပါသည်။ သခင်ယေရှု၌အိပ်ပျော်နေသောကျွန်ုပ်တို့၏ဆွေမျိုး(သို့)မိတ်ဆွေများနှင့်သဏ္ဍာန်တူသောခန္ဓာကိုယ်ရုပ်ထုများ ကျွန်ုပ်တို့ရှေ့တွင်ပေါ်လာအောင်စာတန်၌တန်ခိုးရှိပါသည်။ထိုမိတ်ဆွေများအမှန်တကယ်ပင်ရှိနေပုံပေါက်၍သူတို့အသက်ရှင်ခဲ့စဉ်ကပြောခဲ့သည့် ကျွန်ုပ်တို့မှတ်မိသတိရသောစကားများကိုကျွန်ုပ်တို့မှတ်မိသောအသံဖြင့်ပင် ကြားရကြလိမ့်မည်။ ဤအရာအလုံးစုံတို့မှာဤလောကကြီးအား အဓမ္မအယူဝါဒထောင်ချောက်အတွင်း လှောင်ထားရန်အတွက် လိမ်လည်လှည့်ဖြားမှုများသာဖြစ်ပါသည်။

သန့်ရှင်းသူများသည် ယနေ့သမ္မာတရားနှင့်ပတ်သက်၍ အကြွင်းမဲ့နားလည်သဘောပေါက်ထားရန်လိုအပ်ကြောင်းယင်းသို့နားလည်သဘောပေါက်ထားရန်အတွက် သမ္မာကျမ်းစာတော်မှ အထောက်အကူရလိမ့်မည်ဖြစ်ကြောင်းကျမမြင်တွေ့ရပါသည်။ သူတို့အနေဖြင့်သေသောသူ၏ အခြေအနေမှန်ကို နားလည်သဘောပေါက်ထားရန်လိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော်မာရ်နတ်၏ နာမ်ဝိညာဉ်များသည် သူတို့၏ရင်းနှီးသောမိတ်ဆွေ

များ(သို့)ဆွေမျိုးများ၏အသွင်ကိုဆောင်လျှက် သူတို့ရှေ့တွင်ပေါ်လာကာ ကျမ်းစာနှင့်မညီသော အယူဝါဒများကို ကြေငြာကြပေလိမ့်မည်။သူတို့ဖက်သို့ယိမ်းယိုင်လာစေရန်စွမ်းအားရှိသမျှအားထုတ်နိုးဆော်ကြလိမ့်မည်။ သူတို့၏ ကြေငြာချက်များမှန်ကန်ကြောင်းအတည်ပြုရန်နိမိတ်လက္ခဏာများကိုလည်းပြသကြလိမ့်မည်။ သမ္မာကျမ်းစာ၏ အလိုအရသေသောသူသည်မည်သည့်အရာကိုမျှမသိတော့ကြောင်းလူတို့ရှေ့တွင်ပေါ်လာသောသူများမှာ မာရ်နတ်၏ဝိညာဉ်များသာဖြစ်ကြောင်းသိထားပါမှဘုရားသခင်၏လူတို့အနေဖြင့်ထိုနာမ်ဝိညာဉ်များကိုခုခံတွန်းလှန်နိုင်ကြပေလိမ့်မည်။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းအတွက်ကျမ်းစာကိုအထောက်အထားပြု၍အဖြေပေးရလိမ့်မည်ဖြစ်သောကြောင့် ထိုယုံကြည်ခြင်းကို မည်သည့်အပေါ်၌ အခြေပြုထားကြောင်း စစ်ဆေးထားကြရပါမည်။ ဤမိစ္ဆာအယူဝါဒပြန့်ပွားလိမ့်မည်ဖြစ်ရာကျွန်ုပ်တို့အနေဖြင့်မျက်နှာချင်းဆိုင်လျှက်ဆိုင်ပြိုင်တိုက်လှန်ရကြပေလိမ့်မည်။အကယ်၍ပြင်ဆင်မှုမရှိကရန်သူ၏ကျော့ကွင်းတွင်မိနေကြပေလိမ့်မည်။ရန်ဆိုင်လုနီးနေသော ဆိုင်ပြိုင်တိုက်လှန်မှုအတွက် တတ်အားသမျှပြင်ဆင်ထာကြမည်ဆိုပါကဘုရားသခင်သည် မိမိတာဝန်ကိုဆောင်ရွက်တော်မူလိမ့်မည်။ ကိုယ်တော်အလုံးစုံတို့ကို တတ်နိုင်တော်မူသော လက်ရုံးတော်ဖြင့်ကျွန်ုပ်တို့အား စောင့်မတော်မူလိမ့်မည်။ သစ္စာရှိသောသူများအားစာတန်၏အံ့ဖွယ်လိမ်ညာမှုများမှအကာအကွယ်ပေးရန်ကောင်းကင်တမန်များကိုပို့၍စေလွှတ်တော်မူလျှက် ကျွန်ုပ်တို့၏ပတ်ဝင်းကျင်၌ စောင်းရန်းကာရန်၍စောင့်ရှောက်ရန် ခန့်ထားတော်မူပေလိမ့်မည်။

ထိုမိစ္ဆာအယူဝါဒမည်မျှလျင်မြန်စွာပြန့်ပွားတိုးတက်နေပုံကိုလည်းကျမမြင်တွေ့ရပါသည်။ လျှပ်ပြက်သည်နှင့်အမျှလျင်စွာသောအရှိန်အဟုန်ဖြင့်ပြေးနေသောကားတန်းရှည်ကြီးကိုကျမအားညွှန်ပြတော်မူ၏။ သေချာစွာကြည့်ထားရန်ကိုလည်းကောင်းကင်တမန်ကကျမအားပြောပြပါသည်။ကျမမျည်ခြည်မပြတ်စိုက်ကြည့်နေပါသည်။ ကမ္ဘာပေါ်ရှိလူတစ်ယောက်မျှမကျန်အောင်ထိုကားတန်းရှည်ကြီးတွင်လိုက်ပါသွားသည်ဟုထင်ရပါသည်။ထို့နောက်ထိုကားတန်းရှည်ကြီးကိုဦးစီးခေါင်းဆောင်ပြုနေသောသူကိုကျမအားညွှန်ပြပါသည်။သူ၏ဟန်ပန်အမူအရာမှာဂုဏ်အသရေရှိ၍လူချောလူလှတစ်ယောက်ဖြစ်လျှက် လိုက်ပါသူအားလုံးက ရိုသေခန့်ညားအားကိုးအားထားပြုနေကြသည်ကိုကျမမြင်တွေ့ရပါသည်။ကျမစိတ်ရှုပ်သွားသည့်အတွက်ထိုသူသည် မည်သူမည်ဝါဖြစ်ကြောင်းကျမ၏အဖေါ်ကောင်းကင်တမန်အားမေးသောအခါ"ထိုသူကားစာတန်ပင်တည်း။ အလင်းတရားနှင့်ဆိုင်သောကောင်းကင်တမန်ယောင်ဆောင်ဦးစီးခေါင်းဆောင်နေသူဖြစ်၏။ကမ္ဘာကြီးတစ်ခုလုံးကိုလည်းသုံ့ပမ်းအဖြစ်ဖမ်းဆီးထားလေပြီ။မတရားသဖြင့်လိမ်လည်လှည့်ဖြားခြင်းကိုလည်းခံရကြလေပြီ။ထိုလှည့်ဖြားခြင်းကိုလည်းခံရကြလေပြီ။သူ၏အကြီးဆုံးသောကိုယ်စားလှယ်မှာအင်ဂျင်နီယာဖြစ်၍ အခြားကိုယ်စားလှယ်များအားသူအလိုရှိသည့်အတိုင်းရာထူးအသီးသီးတွင်မိမိလိုအပ်သလိုခန့်အပ်ထားပါသည်။သူတို့အားလုံးလျှပ်ပြက်သကဲ့သို့ပြင်းစွာသောအရှိန်အဟုန်ဖြင့်လုံးဝပျက်စီးရာငရဲသို့ဆင်းသက်နေကြလေပြီးဟုကျမအားပြောပြပါသည်။မည်သူမျှမကျန်တော့ပါတကားဟုကောင်းကင်တမန်အားကျမမေးသောအခါအခြားတစ်ဖက်လို့လှည့်၍ ကြည့်ရန်ပြောသည့်အတိုင်းကြည့်လိုက်ရာအနည်းငယ်မျှသောလူတစ်စုသည်ကျဉ်းမြောင်းသောလမ်းသွယ်ကလေးတွင်ခရီးသွားနေကြပုံကို ကျမမြင်တွေ့ရပါသည်။ သမ္မာတရားတော်၌ လူတိုင်း ကြံ့ကြံ့ခိုင်တစ်ပေါင်းတစ်စည်း ရှိနေကြပုံပေါ်လွင်ပါသည်။

ထိုလူနည်းစုကလေးသည်အခက်အခဲအမျိုးမျိုးပြင်းထန်သောစုံစမ်းနှောက်ယှက်ခြင်းအဖုံဖုံ၊ဒုက္ခဆင်းရဲခြင်းအမျိုးစုံတို့ကိုဖြတ်ကျော်ခဲ့ရသည့်အတွက်စိုးရိမ်ကြောင့်ကြမှုများပြားနေပုံပေါ်ပါသည်။ထို့အပြင် မိုးတိမ်အကွယ်မှနေရောင်ခြည်သည်ယခုမှပင်ထွက်ပေါ်လာသည်ကိုသူတို့ခံစားရကြသကဲ့သို့သူတို့အောင်ပွဲခံရမည့်အချိန်သည်လည်းရောက်လုနီးပြီးဖြစ်ကြောင်းသူတို့သိနေကြပုံရသဖြင့်သူတို့၏မျက်နှာပေါ်တွင်အောင်မြင်သည့်လမ်းစပေါ်လွင်နေပါသည်။

ကမ္ဘာလောကကြီးအနေဖြင့်စာတန်ကျော့ကွင်းကိုတွေ့သိစေရန် ဘုရားသခင်အခါအခွင့်ပေးထားတော်မူသည်ဟုကျမမြင်တွေ့ရပါသည်။အခြားသာဓကမရှိသည့်တိုင်အောင်မြတ်နိုးဖွယ်သောအရာနှင့် စက်ဆုပ်ဖွယ်သောအရာကိုမခွဲခြားဘဲရောနှောထားပုံကိုထောက်ရှုပါကခရစ်ယာန်တစ်ယောက်အနေဖြင့်ထိုကျော့ကွင်းကိုတွေ့မြင်သင့်ပါသည်။

ယခုအချိန်တွင်မြေ၌ဆွေးမြေ့ပျက်ဆီးသွားပြီးဖြစ်၍ အနှစ်တစ်ထောင်ကုန်ဆုံးချိန်မှ ဒုတိယအကြိမ်ထ

မြောက်ခြင်းနှင့်အတူဒုတိယသေခြင်းတည်းဟူသော ဆုလာဘ်ကိုခံယူရန်ခေါ်ထုတ်ခြင်းခံရမည့်သောမတ်ပိန်းသည် ကောင်းကင်ဘုံ၌မြောက်စားခြင်းခံနေမည့်အသွင်နှင့်စာတန်ပုံဆောင်ထားပါသည်။လောကတွင်အသက်ရှင်ခဲ့စဉ်ကစာတန်အလိုကျသည့်အတိုင်းသူ့အားအသုံးချခဲ့ပါသည်။ယခုအခါသော့မတ်ပန်းသည် ကောင်းကင်ဘုံမှများစွာဂုဏ်ပြုခြင်း၊မြောက်စားခြင်းခံနရသည်ဟုအကြောင်းပြ၍ဆက်လက်အသုံးချနေပါသည်။ထိုမျှမကဤလောကတွင်အသက်ရှင်ခဲ့စဉ်ကသွန်သင်ခဲ့သည့်နည်းတူယခုအခါကောင်းကင်ဘုံ၌ဆက်လက်သွန်သင်လျှက်ရှိနေပုံပေါ်အောင်စာတန်လုပ်ဆောင်ထားပါသည်။သူသည်ဤလောကတွင်အသက်ရှင်ခဲ့စဉ်ကလည်းကောင်း၊သေသောအချိန်တွင်လည်းကောင်း၊အသက်ရှင်ခဲ့စဉ်ကဖေါက်ပြန်ယိုယွင်းစေသည့်သူ၏သွန်သင်ချက်များကိုလည်းကောင်းကြောက်လန့်ရွံရှာဖွယ်ဖြစ်သည်ဟုသဘောထားခဲ့သူများသည်ယခုအခါတွင်သူ၏သွန်သင်ချက်များကိုလက်ခံနေကြပါသည်။သူသည်လောကတွင်အယုတ်မာဆုံး၊အဖေါက်ပြန်ဆုံးသောသူတို့တွင်တစ်ယောက်အပါအဝင်ဖြစ်သည်သာမကဘုရားသခင်ကိုလည်းကောင်း၊ကိုယ်တော်ပညတ်တော်ကိုလည်းကောင်းမထီမဲ့မြင်ပြုသောသူဖြစ်ခဲ့ပါသည်။

မုသားတို့၏ဖခင်ဖြစ်သူသည်ဤကမ္ဘာလောကကြီး၏မျက်စိအာရုံများကိုကွယ်ပျောက်စေလျှက် လိမ်လည်လှည့်ဖြားသောနည်းဖြင့်သူ၏မတရားသောတမန်များကိုစေလွှတ်၍ ရှေးခေတ်တမန်များအယောင်ကိုဆောင်လျှက်ဟောပြောစေပါသည်။ထိုသို့ဟောပြောရာတွင်သူတို့ကိုယ်တိုင်ဤလောကတွင် အသက်ရှင်ခဲ့စဉ်က သန့်ရှင်းသောဝိညာဉ်တော်တိုက်တွန်းနိုးဆော်ချက်အရ ရေးထားခဲ့သော အကြောင်းအရာများကို ဆန့်ကျင်သည့်ပုံပေါ်အောင်ဆောင်ရွက်နေပါသည်။ထိုကောင်းကင်တမန်အတုအယောင်များသည်ရှေးတမန်တော်များ၏အယောင်ကိုဆောင်၍သူတို့ကိုယ်တိုင်သွန်သင်ခဲ့သည်များကိုပျက်ပြားအောင်မတရားကြေငြာစေပါသည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့်ဘုရားသခင်၏နှုတ်ကပတ်တော်ကိုခရစ်ယာန်အခေါ်ခံသူများနှင့်ကမ္ဘာလောကကြီးက သံသယဖြစ်ကြသောအခါစာတန်အလွန်အားရဝမ်းသာလေ၏။ ထိုသန့်ရှင်းသာကျမ်းစာသည်လူ၏လမ်းစဉ်ကို တည့်တည့်ဖြတ်၍သူ၏အကြံအစည်များကိုဆန့်ကျင်တားဆီးထားသောကြောင့်ထိုကျမ်းစာသည် ဘုရားသခင်ထံတော်မှ အစပြုလာသည်ကိုသူတို့သံသယဖြစ်စေရန်စာတန်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ထို့နောက်ဘုရားတရားမကြည်ညိုသော သောမတ်ပိန်းသေလွန်သောအခါကောင်းကင်သို့ခေါ်ဆောင်ခြင်းကိုခံရပြီးလျှင်ဤလောကတွင်ရှိခဲ့စဉ်က သူမုန်းတီးခဲ့သည့်သန့်ရှင်းသောတမန်တော်များနှင့်ပူးပေါင်းလျှက်ယခုအခါတွင်ဤလောကကြီးအား တရားဟောပြောနေပုံပေါ်အောင် စာတန်ဖန်တီးနေပါသည်။

စာတန်သည်သူ၏တမန်များဆောင်ရွက်ရန်တာဝန်ကိုတစ်ဦးစီအားသီးခြားပေးအပ်ထားပါသည်။သူတို့အားလုံးကိုကောက်ကျစ်စဉ်းလဲကြစေရန်ပရိယယ်ကြွယ်ဝရန်လိမ္မာပါးနပ်ကြရန် အမိန့်ပေးထားပါသည်။ အချို့သောတမန်များအားတမန်တော်များအယောင်ကိုဆောင်လျှက်သူတို့ကိုယ်စားစကားပြောဆိုရန်နှင့် အချို့သောတမန်များအားဘုရားတရားမကြည်ညိုသောသူများ၊မတရားသောသူများအနေဖြင့် ဘုရားသခင်အားကျိန်ဆဲပြီး သေဆုံးသွားကြသော်လည်းယခုအခါဘုရားတရားအလွန်ကြည်ညိုသည့်ပုံပေါ်အောင်ဟန်ဆောင်ကြရန်ညွှန်ကြားထားပါသည်။အသန့်ရှင်းဆုံးသောတမန်တော်နှင့်အယုတ်မာဆုံးသောသူတို့တွင်ခြားနားမှုမရှိပုံပေါ်အောင် ဟန်ဆောင်ထားကြပြီး လျှင် သူတို့နှစ်ဦးက တစ်ခုတည်းကိုသာ သင်ကြားပို့ချကြရန်ညွှန်ကြားထားပါသည်။ မည်သို့ပင်ဖြစ်စေစာတန်ကမည်သို့စကားပြောခိုင်းစေကာမူသူ၏ရည်ရွယ်ချက်ပြီးမြောက်အောင်မြင်ရန်သာအဓိကဖြစ်၏။သောမတ်ပိန်းသည်ဤလောကတွင်အသက်ရှင်စဉ်ကစာတန်နှင့် များစွာ ရင်းနှီးခဲ့၏။ သူ၏လုပ်ငန်းတွင်ကူညီယိုင်းပင်းခဲ့၏။ထို့ကြောင့်မိမိလုပ်ငန်းပြီးမြောက်အောင်မြင်အောင်သစ္စာရှိစွာဖြင့်ဆောင်ရွက်ခဲ့သည့်တပည့်ရင်း သောမတ်ပိန်း၏စကားလုံးအသုံးအနှုန်းများ၊လက်ရေးလက်သားများကိုစာတန်ကောင်းစွာသိမြင်ထားပါသည်။ သူ၏စာပေအများစုမှာလည်းစာတန်နှုတ်တိုက်ပြောခဲ့သည့်အတိုင်းပင်ဖြစ်ခဲ့သည်။ထို့ကြောင့်သောမတ်ပိန်းပြောသော စကားများအဖြစ်သို့ရောက်အောင်စာတန်အလွယ်တကူဖြင့်ပင်စိတ်ကူးယဉ်စကားလုံးများဖြင့်သူ၏တမန်များအား သွန်သင်ပေးခဲ့ပါသည်။၎င်းမှာစာတန်၏အထူးလက်ရာကောင်းသောလုပ်ရပ်တစ်ခုဖြစ်ပါသည်။ ကွယ်လွန်သွားကြပြီးသောတမန်တော်များ၊သန့်ရှင်းသူများနှင့်ဆိုးသွမ်းသူများထံမှဖြစ်သည်ဟု ဆိုလိုသောသွန်သင်ချက်အားလုံးသည် စာတန်ထံမှ တိုက်ရိုက်ရောက်လာသော သွန်သင်ချက်များသာ ဖြစ်ပါသည်။

ထိုမျှလောက်စာတန်ချစ်သောသူ၊ထိုမျှလောက်ဘုရားသခင်ကိုလုံးလုံးလျားလျားမုန်းတီးသောသူသည်ယခုအခါသန့်ရှင်းသောတမန်တော်များနှင့်လည်းကောင်း၊ဘုန်းစည်းစိမ်တွင်ရှိသော ကောင်းကင်တမန်များနှင့်လည်း

ကောင်း၊အတူရှိနေသည်ဟုစာတန်၏အဆိုပြုချက်ကပင်လူတို့၏စိတ်အာရုံများကို ဖုံးကွယ်ထားသည့်မျက်နှာဖုံးကိုဖယ်ရှားလျှက်စာတန်၏လျှို့ဝှက်သောလုပ်ရပ်များကိုသိမြင်နိုင်ရန်လုံလောက်နေပါသည်။ ဤကမ္ဘာမြေကြီးနှင့်ဘုရားတရားမကြည်ညိုသူများအားသင်သည်မည်မျှပင်ဆိုးမိုက်နေစေကာမူ ဘုရားသခင်ကိုလည်းကောင်း၊ သမ္မာကျမ်းစာကိုလည်းကောင်း၊ယုံကြည်သည်ဖြစ်စေ၊မယုံကြည်သည်ဖြစ်စေ၊ သင်၏အလိုအတိုင်းအသက်ရှင်မနေထိုင်သည့်တိုင်အောင်ကောင်းကင်ဘုံသည်သင်၏နေအိမ်ဖြစ်၏။အဘယ့်ကြောင့်ဆိုသော် သောမတ်ပိန်းသည်ကောင်းကင်ဘုံ၌ ထိုမျှလောက် ချီးမြှောက်ခြင်းခံ၍ နေရပါက သူတို့သည်လည်း ကောင်းကင်ဘုံသို့ရောက်ကြလိမ့်မည်ကိုလူအများကသိကြ၏ဟုသင်ပေးရာရောက်နေပါသည်။ ထိုအမှားသည်ထင်ရှားပေါ်လွင်သောကြောင့် သိမြင်လိုသူတိုင်းသိမြင်နိုင်ပါသည်။စာတန်သည်ကိုယ်တိုင်ကျဆုံးချိန်မှအစပြု၍မိမိ၏လုပ်ငန်းကို ကြိုးစားအားထုတ်ဆောင်ရွက်ခဲ့သည့်အတိုင်းယခုလည်းသောမတ်ပိန်းကဲ့သို့သောလူတို့ကို အသုံးပြုလျှက် ဆောင်ရွက်နေဆဲပင်ဖြစ်ပါသည်။ စာတန်သည်မိမိ၏တန်ခိုးအာဏာနှင့်အံ့သြဖွယ်ရာမတရားဉာဏ်ဆင်မှုများကိုလည်းအသုံးချလျှက်ခရစ်ယာန်မြော်လင့်ခြင်းဆိုင်ရာအုတ်မြစ်ကြီးကိုဖြိုဖျက်လျှက်ရှိပါသည်။ထိုမျှမကကောင်းကင်နိုင်ငံတော်သို့သွားရာကျဉ်းမြောင်းသောလမ်းကိုအလင်းရောင်ပေးသည့်နေ့ကိုလည်း ငြိမ်းသတ်စေပါသည်။သမ္မာကျမ်းစာသည် ဝိညာဉ်တော်မှုတ်သွင်းခြင်းအားဖြင့်ရေးသားခြင်းမဟုတ်ကြောင်း၊ပုံပြင်ဝတ္ထုတစ်အုပ်ထက်ပို၍မမြင့်မြတ်ကြောင်း ကမ္ဘာလောကကြီးအားအယုံသွင်းနေပါသည်တစ်ချိန်တည်းမှာပင်ရင်းနေရာတွင်အစားထိုးရန်အတွက် "နတ်မိစ္ဆာအယူဝါဒ"နှင့်ဆိုင်သော သာဓကများကိုဖေါ်ထုတ်နေပါ သည်။

ဤလမ်းစဉ်ကိုသူကိုယ်တိုင်သေချာစွာအုပ်ချုပ်ကွပ်ကဲနေသောကြောင့် သူအလိုရှိသည့်အတိုင်း ကမ္ဘာကြီးကိုအယုံသွင်းနိုင်ပါသည်။သူကိုယ်တိုင်နှင့်တကွသူ၏နောက်လိုက်တပည့်များအား တရားစီရင်မည့်ကျမ်းစာအုပ်ကိုသူအလိုရှိသည့်နေရာမှောင်ရိပ်အောက်သို့ပို့ထားလိုက်ပါသည်။ဤကမ္ဘာလောကကြီး၏ကယ်တင်ရှင်ကို သာမန်လူတစ်ယောက်ပမာသူပြုမူလိုက်ပါသည်။ သခင်ယေရှု၏သင်္ချိုင်းတော်ကိုစောင့်ကြပ်ခဲ့ရသည့်ရောမအသင်းတော်တပ်သားများသည်ယဇ်ပုရောဟိတ်များနှင့်လူထုခေါင်းဆောင်တို့သင်ပေးခဲ့ကြသည့်အတိုင်းမမှန်သတင်းများကိုပြန့်လွှင့်ခဲ့သည့်နည်းတူဤနတ်မိစ္ဆာအယူဝါဒသမားများ၏လက်အောက်ခံမတရားသက်သေခံများကလည်းကျွန်ုပ်တို့၏ကယ်တင်ရှင်ဖွားမြင်တော်မူခြင်းသည်လည်းကောင်းအသေသတ်တော်မူခြင်းသည်လည်းကောင်း၊ထမြောက်တော်မူခြင်းသည်လည်းကောင်း၊အံ့သြဖွယ်ရာနိမိတ်လက္ခဏာများမဟုတ်ပါဟု အများကထင်မှတ်ယူဆကြရလေအောင်ဝါဒဖြန့်နေကြပါသည်။သခင်ခရစ်တော်ကိုသမ္မာကျမ်းစာနှင့်အတူမိမိတို့အလိုရှိရာမှောင်ရိပ်အောက်သို့ပို့ထားလိုက်ကြပါသည်။ထိုသို့သခင်ယေရှုအားနောက်ကွယ်ဖုံးထားကြပြီးလျှင်သခင်ခရစ်တော်ထက်ပိုမိုကြီးမြတ်သည်ဟု ကြွေးကြော်ထားသည့်မိမိတို့၏နိမိတ်လက္ခဏာများသည် ကမ္ဘာလောကကြီးအားသူတို့ဖက်သို့ပါအောင်လှည့်ဖြားနေကြပါသည်။ကမ္ဘာလောကကြီးသည် သူတို့၏ထောင်ချောက်အတွင်းဖမ်းမိနေသည့်အတွက်လုံခြုံမှုရှိနေသကဲ့သို့ခံစားရပြီးလျှင်တဖြည်းဖြည်းအိပ်ပျော်သွားလိမ့်မည်ဖြစ်ရာနောက်ဆုံးဘေးဒဏ်ခုနှစ်ပါးကိုဆိုက်ရောက်လာသောအချိန်မှကြောက်ဖွယ်ရာလိမ်ညာမှုအတွင်းနစ်မြုပ်နေကြပုံကိုသိရှိရပေလိမ့်မည်။ စာတန်သည်လည်းတစ်ကမ္ဘာလုံးကို မိမိထောင်ချောက်အတွင်းမိအောင်ဖယ်ရှားထားနိုင်သည့်အတွက်သူ၏ကောင်းစွာသောအောင်မြင်ပုံကိုရှုစား၍ ရယ်မောနေပေလိမ့်မည်။

ဆက်လက်လေ့လာရန်။ ဒေသနာ ၉း၅။ ယောဘ ၁-၄၅။၂သက် ၂း၉-၁၂။ ဗျာ ၁၃း၃-၁၄။

## အခန်း (၃၁) ဝိသမ လောဘ

ဘုရားသခင်၏ ပညတ်တော်အားလုံးကိုစောင့်ထိန်း၍ သခင်ယေရှုဒုတိယအကြိမ်ကြွလာတော်မူမည်ကိုစောင့်မျှော်နေကြသောသူများအားအထူးဂရုစိုက်အလေးပေး၍ကျော့ကွင်းထောင်ကြရန်စာတန်ကသူ၏တမန်များအားအမိန့်ပေးညွှန်ကြားနေပုံကိုကျမမြင်တွေ့ရပါသည်။ အသင်းတော်များအိပ်ပျော်နေကြသည်ဟု သူ၏တပည့်

သားများအားစာတန်ကပြောပြနေပါသည်။သူ၏တန်ခိုးစွမ်းအားနှင့်လိမ်ဉာဏ်ဆင်မှုများကိုပို၍ အသုံးပြုခြင်းအားဖြင့်ထိုအသင်းတော်များကိုချုပ်ထိန်းထားနိုင်ကြောင်းသို့သော်ဥပုသ်နေ့ကိုစောင့်ထိန်းသည့် ငါတို့မုန်းသောအသင်းတော်သည်ငါတို့ကိုအမြဲတစ်စေအတိုက်အခံလုပ်နေကြ၏ငါတို့လက်အောက်ခံလူများကိုလည်းသူတို့လုယူနေကြပြီးလျှင်ငါတို့မုန်းသည့် ဘုရားသခင်၏ပညတ်တော်များကို စောင့်ထိန်းစေကြသည်။

ထို့ကြောင့်မင်းတို့သွားကြ၊လယ်ပိုင်ရှင်ကြီးများနှင့်ငွေပိုင်ရှင်ကြီးများကိုလောကီစိုးရိမ်မှုများနှင့်ယစ်မူး၍နေစေကြ၊ဤအရာများကို သူတို့မြတ်နိုးနေကြအောင် မင်းတို့တာဝန်ယူနိုင်ကြမည်ဆိုလျှင် သူတို့သည် ငါတို့၏လူများဖြစ်မြဲဖြစ်နေကြပေလိမ့်မည်။သူတို့ကြိုက်နှစ်သက်ရာမည်သည့်အမည်ကိုမဆိုခံယူကြပါစေ၊ သို့သော်ခရစ်တော်၏နိုင်ငံတော်ကျယ်ပြန့်ရေး (သို့) ငါတို့မုန်းတီးသောသမ္မာတရား ပြန့်ပွားရေးအတွက် သူတို့မဆောင်ရွက်နိုင်စေရန် ဥစ္စာ၊ရွှေငွေရရှိရေးတွင်ပို၍အရေးပေးနေကြလေအောင်လှုံ့ဆော်ပေးကြ၊လောကီရေးရာများကိုသူတို့မက်မောလာရုံသာမကကိုးကွယ်သည့်အခြေသို့ရောက်သည့်တိုင်အောင်တင်ဆက်ကြ၊သူတို့ကို ချုပ်ကိုင်နိုင်မည့်ရွှေငွေဥစ္စာမှအစပစ္စည်းမျိုးစုံကိုငါတို့တပ်ထဲတွင်အမြဲတစ်စေအလုံအလောက်ရှိနေအောင်ဖန်တီးထားကြ၊ခရစ်တော်၏နောက်လိုက်များသူတို့အရှင်သခင်၏အမှုတော်အတွက်ရွှေငွေဥစ္စာဘဏ္ဍာများကိုပို၍ဆက်ကပ်လေ၊ ငါတို့လူများသူတို့ဖက်သို့ပို၍ပါသွားလေဖြစ်ပြီးလျှင်ငါတို့နိုင်ငံ၏အကျိုးပို၍ပျက်စီးလေဖြစ်၏။ နေရာအနှံ့အပြားတွင် သူတို့အစည်းအဝေးများကိုပို၍ကျင်းပလေငါတို့အတွက်ပို၍အန္တရယ်များလေဖြစ်၏။ထို့ကြောင့်နိုးကြားစွာ နေကြ၊တတ်နိုင်သမျှရှုပ်ထွေးမှုများကိုဖန်တီးကြ၊အနှောင့်အယှက်များပို၍ပေးကြ၊တစ်ဦးအပေါ်တစ်ဦးမုန်းတီးအောင်၊ချစ်ခြင်းမေတ္တာပျက်ပြားအောင်လုပ်ဆောင်ကြ၊သူတို့၏ဓမ္မဆရာများစိတ်ပျက်အောင်အားလျော့အောင်ဖန်တီးကြ၊ငါတို့သည်သူတို့ကိုမုန်းတီးကြသည့်မဟုတ်လော။ရွှေငွေ၊ဥစ္စာဘဏ္ဍာရှိသူများမပေးမလှူကြလေအောင် သူတို့အဖို့ဆင်ခြေအမျိုးမျိုးကိုရှာပေးကြ၊တတ်နိုင်လျှင်ငွေရေးကြေးရေးကိစ္စများကိုချုပ်ကိုင်ထားကြ၊သူတို့၏ဓမ္မဆရာများဆင်းရဲနွမ်းပါး၍အတိဒုက္ခနှင့်ရင်ဆိုင်နေရလောက်အောင်နည်းလမ်းရှာဖွေထားကြ၊သို့မှသာလျှင် သူတို့၏ဇွဲလုံ့လလျော့နည်းသွားကြပေလိမ့်မည်။စစ်မြေပြင်ကိုတစ်လက်မမကျန်စေနှင့်။ဝိသမလောဘနှင့်လောကီရေးရာများကိုသာမက်မောခြင်းအပေါ်တွင်သူတို့၏အကျင့်စာရိတ္တများကိုတည်ဆောက်ထားကြစေရန်ဖန်တီးကြ၊ထိုသို့အကျင့်စာရိတ္တတည်မြဲနေသမျှကာလပတ်လုံးကယ်တင်ခြင်းနှင့်ကျေးဇူးတော်နောက်ဆုတ်နေကြပေလိမ့်မည်။တပ်မက်မောစရာအပြည့်အဝနှင့်သူတို့အားဝန်းရံထားလျှင်သူတို့ကိုငါတို့ပိုင်ကြမည်မှာသေချာ၏။သူတို့ကိုငါတို့ဇကန်အမှန်စိုးမိုးလာနိုင်မည်သာမကသူတို့အနေဖြင့်အခြားသောသူများအားကောင်းကင်နိုင်ငံတော်သို့ပို့ဆောင်ဖို့သူတို့၏စက်ဆုပ်ဖွယ်သောအရှိန်သြဇာများကိုအသုံးပြုကြတော့မည်မဟုတ်၊အကယ်၍ တစ်ဦးတစ်ယောက်သောသူအနေဖြင့်ပေးလှူဖို့ရန်စဉ်းစားလျှင်တွန့်တိုသောစိတ်နှင့်တွန့်တိုစွာပေးလှူလိုသောစိတ်မျိုးကိုသွင်းပေးလော့ဟုသူ၏စေတမန်များအား အမိန့်ပေးညွှန်ကြားထားပါသည်။

စာတန်အနေဖြင့်သူ၏စီမံကိန်းများကိုအောင်မြင်စွာ အကောင်အထည်ဖော်နေပုံကိုလည်း ကျမမြင်တွေ့ရပါသည်။ဘုရားသခင်၏အမှုတော်ဆောင်များ တရားဟောအစည်းအဝေးကျင်းပရန် စီစဉ်ချိန်ပြီးဆုံးသောအခါ အနှောင့်အယှက်ပေးရေးအတွက်စာတန်နှင့်သူ၏တမန်များတို့သည်မိမိတို့၏တာဝန်ကိုသိလျှက်ထိုနေရာတွင် အသင့်ရောက်နေကြပြီးဖြစ်ပါသည်။သူသည်ဘုရားသခင်၏လူများအားသွေးဆောင်အကြံပေးလျှက်နေ၏။ဤသို့တစ်နည်းထိုသို့တစ်ဖုံအမျိုးမျိုးသွေးဆောင်အကြံပြုလျှက်ရှိနေပါသည်။ညီအစ်ကို မောင်နှမများတွင်ရှိတတ်သည့်မကောင်းသောစရိုက်များကိုသာရှာ၍ထိုအပေါ်မူတည်၍အခွင့်ကောင်းယူကာ သူ၏ဇာတိပကတိစိတ်များကို လှုံ့ဆော်ပေးတတ်၏။အကယ်၍ထိုသူများသည်ကိုယ်ကျိုးကိုသာလိုလား၍ လောဘကြီးသူများဖြစ်ပါကသူတို့ဖက်မှ ရပ်တည်လျှက်သူတို့အမြဲပြုလေ့ရှိသည့်အတိုင်းဒုစရိုက်တွင်လုံးလုံးအာရုံစိုက်နေအောင် စာတန်အစွမ်းကုန်ဆွဲဆောင်တတ်ပါသည်။ဘုရားသခင်၏ကျေးဇူးတော်နှင့်သမ္မာတရားဆိုင်ရာအလင်းတရားအားဖြင့်သူတို့၏လောဘစိတ်နှင့်အတ္တစိတ်များအခိုက်အတန့်အားဖြင့်ပျောက်ကွယ်သွားကြလိမ့်မည်ဖြစ်သော်လည်းလုံးလုံးလျားလျားအောင်မြင်မှုမရရှိသေးပါကထိုအခြေအနေကိုအခွင့်ကောင်းယူ၍စာတန်သည်သူတို့၏မြင့်မြတ်သောသဘောနှင့်ရက်ရောသောစေတနာစိတ်ကိုပျက်ပြယ်သွားအောင်လှည့်ဖြားလိမ့်မည်။ထိုအခါသူတို့စွန့်လွှတ်ရသောအခွင့်အရေးများမှာများလွန်းသည်ဟုထင်မှတ်လာကြလိမ့်မည်။မိမိတို့ကိုစာတန်၏လက်ထဲမှကယ်တင်ရန် သခင်ခရစ်တော်၏ကြီးမြတ်သည့်စွန့်လွှတ်မှုကိုသတိမရတော့ပါ။ ကောင်းသောအမှုအကျင့်များကိုလည်းငြီးငွေ့လာကြလိမ့်မည်။ထိုအခါသူတို့သည်

စာတန်၏လက်ဝယ်တွင်မျှော်လင့်ချက်လုံးဝမရှိသည့်ဆင်းရဲမျိုးစုံကိုခံယူလျှက်သူတို့အားရွေးနှုတ်ထားတော်မူသည်ကို သူတို့မေ့လျော့ သွားကြပေလိမ့်မည်။

ယုဒရှကာရုတ်၏တပ်မက်သောသဘော၊ ကိုယ်ကျိုးကိုသာကြည့်တတ်သောသဘောကို စာတန်အခွင့်ကောင်းယူလျှက် မာရိကသခင်ယေရှုအား တန်ဖိုးကြီးသော ဆီမွှေးဖြင့်ရက်ရောစွာ ပူဇော်သောအခါ ညစ်ညူးရန်သွေးဆောင်ခဲ့ပါသည်။ထိုကိစ္စကိုယုဒကဖြုန်းတီးမှုကြီးတစ်ရပ်ဖြစ်သည်ဟုသဘောထား၍ထိုတန်ဖိုးကြီးသောဆီမွှေးကိုရောင်းပြီးလျှင်ဆင်းရဲသားများအားဝေငှသင့်သည်ဟုပြောကြားခဲ့ပါသည်။ ဆင်းရဲသားများကို အလေးထား၍မဟုတ်၊သခင်ယေရှုအားရက်ရောသောစိတ်နှင့်ပူဇော်သည်ကိုဖြုန်းတီးလွန်းသည်ဟုသဘောထား၍ ထိုသို့ပြောလိုက်ခြင်းဖြစ်ပါသည်။ယုဒသည်သူ၏အရှင်အားအနည်းငယ်မျှသောငွေဖြင့်ရောင်းစားရန်လောက်သာတန်ဖိုးထားခဲ့ပါသည်။ကိုယ်တော်ကြွလာတော်မူခြင်းကိုစောင့်မျှော်နေပါသည်ဟုဝန်ခံသောသူများတွင်ယုဒနှင့်တူသောလူအချို့ကိုကျွမမြင်ရပါသည်။သူတို့အားစာတန်ကချုပ်ကိုင်ထားကြောင်းသူတို့မသိကြ၊ကိုယ်အကျိုးကိုသာ လိုလားသောသဘောနှင့်တပ်မက်သောသဘောကိုဘုရားသခင်မည်သို့မျှသဘောမတူညီနိုင်ပါ။ထိုသဘောတရားများ၏အလိုသို့လိုက်သောသူတို့၏ပဋိနာသံများနှင့်နိုးဆော်သံများကိုလည်းဘုရားသခင်စက်ဆုပ်တော်မူ၏။သူ၏အချိန်တိုတောင်းလှသည်ကိုစာတန်သိသောကြောင့်သူတို့အားပို၍တပ်မက်မောလောက်အောင်သွေးဆောင်လမ်းပြလျှက်ရှိရာလူအများအတ္တစိတ်နှင့်တွန့်တိုသောစိတ်များပြည့်ဝနေကြမည်ဆိုပါက စာတန်ကြည်နူးနေပါ၏။ထိုသူတို့၏ မျက်စိများကိုဖွင့်ပြရန်ဖြစ်နိုင်မည်ဆိုပါကစာတန်သည်သူတို့အားငရဲသို့အောင်မြင်စွာပို့ဆောင်နေသည်ကိုလည်းကောင်း၊ သူ၏အကြံပေးချက်များကိုခံယူလျှက်မိုက်မဲလှစွာသူ၏ထောင်ချောက်အတွင်းသို့ဝင်နေကြသည်ကိုလည်းကောင်း ရှုစားလျှက်ဝမ်းမြောက်ဝမ်းသာဖြစ်ကာရယ်မောနေပုံကိုလည်းကောင်း မျက်စေ့ပွင့်သော သူတို့တွေ့မြင်ကြပေလိမ့်မည်။စာတန်နှင့်သူ၏တမန်များသည်ထိုသူတို့၏ သဘောထားသေးသိမ်မှုများနှင့် လောဘကြီးမှုများကိုမှတ်သားလျှက်သခင်ယေရှုနှင့်ကိုယ်တော်၏သန့်ရှင်းသော ကောင်းကင်တမန်များထံတင်ဆက်ကြပြီးလျှင် ပြစ်တင်ဝေဖန်လိုသောသဘောဖြင့်“ဤလူများသည်ခရစ်တော်နောက်တော်သို့လိုက်လျှောက်သောသူများဖြစ်ကြ၏။ သေခြင်းနှင့်ကင်းလွတ်၍ကောင်းကင်သို့သယ်ဆောင်ခြင်းကိုခံယူအံ့သောငှါပြင်ဆင်သောသူများလည်းဖြစ်ကြ၏” ဟုပြောကြပါသည်။စာတန်သည်ကျမ်းစာတွင်ရှင်းလင်းစွာဖေါ်ပြဆုံးမထားသည့်အချက်များနှင့်သူတို့၏လမ်းစဉ်ကိုနှိုင်းယှဉ်လျှက်‘ဤသူများကာခရစ်တော်နှင့်နှုတ်ကပတ်တရားတော်၏လမ်းစဉ်အတိုင်းလိုက်လျှောက်နေသူများဖြစ်ကြ၏။ဤသူတို့ကားခရစ်တော်၏အနစ်နာခံမှုနှင့် ရွေးနှုတ်ခြင်းအတွက် အသီးများဖြစ်ကြပါသည်”ဟု ကဲ့ရဲ့ပြစ်တင်သောသဘောဖြင့်ကောင်းကင်တမန်များအားပြောကြပါသည်။ထိုမြင်ကွင်းကိုကောင်းကင်တမန်များ မနှစ်သက်သဖြင့်လွှဲရှောင်သွားကြပါသည်။ကိုယ်တော်၏လူများမိမိတို့၏တာဝန်ကိုစဉ်ဆက်မပြတ်ဆောင်ရွက်နေကြရန်ဘုရားသခင်အလိုတော်ရှိ၏။ သို့သော် ကောင်းသောအမှုကိုပြုကြရာ၌ သူတို့ငြီးငွေ့လာကြပါက ကိုယ်တော်သည်လည်းသူတို့အပေါ်ငြီးငွေ့တော်မူလိမ့်မည်။သခင်ယေရှုသည်သူတို့အတွက်ကြောင့်မိမိအသက်တော်ကိုပင်မနှမြောဘဲပေးလှူထားပါလျှက်ဘုရားသခင်၏လူများဟုအမည်ခံထားသူများအနေဖြင့်စိုးစိမ့်မျှပင်ဖြစ်စေအတ္တစိတ်ရှိကြလျှင် ဘုရားသခင်သည်များစွာမှုပင်မနှစ်သက်ကြောင်းကျွမမြင်တွေ့ရပါသည်။အတ္တစိတ်များသူတိုင်း၊လောဘကြီးသူတိုင်းလမ်းဘေးတွင် ကျန်ရစ်ခဲ့ကြပေလိမ့်မည်။ မိမိ၏အရှင်သခင်ကို ရောင်းစားသောယုဒရှကာရုတ်ကဲ့သို့ သူတို့သည်လည်းလောကီဆိုင်ရာအမြတ်အစွန်းအနည်းငယ်မျှအတွက်မိမိတို့၏ကောင်းသောကျင့်ဝတ်၊ဂုဏ်ရှိသောအခြေခံသဘောတရား၊ရက်ရောသောစိတ်များကိုရောင်းစားကြပေလိမ့်မည်။ထိုသို့သောသူများကိုဘုရားသခင်လူများအထဲမှဆန်ခါချ၍ဖယ်ရှားတော်မူလိမ့်မည်။ကောင်းကင်ဘုံသို့ဝင်စားလိုသောသူတိုင်းမိမိတို့၏စွမ်းအင်ကိုအကြွင်းမဲ့အသုံးချလျှက်ကောင်းကင်ဘုံနှင့်ဝိညာဉ်များကိုအတ္တစိတ်ဖြင့်ညှိုးနွမ်းယိုယွင်းစေမည့်အစားကောင်းမှုပြုလိုသော သဘောဖြင့်သက်ရှင်ဖွံ့ဖြိုးနေစေရမည်။ တစ်ဦးအတွက်တစ်ဦးကောင်းမှုပြုရာ၌ အခွင့်အရေးရှိသမျှကို အသုံးပြုလျှက်တိုးတက်ဖွံ့ဖြိုးစေရမည်။သို့မှသာလျှင်ကောင်းကင်ဘုံနှင့်ဆိုင်သော သဘောတရားများကိုမြတ်နိုးမည်မှာဖြစ်ပါသည်သခင်ယေရှုကိုယ်တော်တိုင်သည်သာလျှင်စုံလင်သောစံနမူနာဖြစ်သည်ဟုကျွမအားညွှန်ပြတော်မူ၏။ကိုယ်တော်၏အသက်တာတွင်ကိုယ်ကျိုးအတွက်စိတ်ဝင်စားခြင်းမရှိ၊ကိုယ်ကျိုးစွန့်၍သူတစ်ပါး၏ကောင်းကျိုးကိုသာ ထာဝစဉ်ဆောင်ရွက်တော်မူ၏။

ဆက်လက်လေ့လာရန်။ မာကု ၁၄း၃-၁၁။ လုကာ ၁၂း၁၂-၄၀။ကော ၃း၅-၁၆။ ၁ယော ၂း၁၅-၁၇။

## အခန်း (၃၂)ဆန်ခါချခြင်း ။

စိတ်အားထက်သန်စွာဖြင့်လည်းကောင်း၊ပြင်းစွာပူဆွေးဒုက္ခရောက်နေသည့်အသံဖြင့်လည်းကောင်း၊ဘုရားသခင်ထံအသနားခံနေသူများကိုကျမမြင်တွေ့ရပါသည်။ သူတို့၏မျက်နှာများသည် ဖြူဖပ်ဖြူရော်ဖြစ်လျှက် စိုးရိမ်ကြောင့်ကြနေပုံပေါ်ပေါက်သဖြင့်သူတို့၏စိတ်နှလုံးအတွင်းရုန်းကန်နေရခြင်းများသည်ပြင်ပတွင် ပေါ်လွင်နေခြင်းဖြစ်ပါသည်။ကြံ့ခိုင်ခြင်းနှင့်စိတ်အားထက်သန်ခြင်းများလည်းသူတို့၏မျက်နှာပေါ်တွင်ထင်ရှားနေပါသည်။သူတို့၏နဖူးပေါ်မှချွေးသီးချွေးပေါက်များလည်းစီးဆင်းနေပါသည်။ဘုရားသခင်နှစ်သက်တော်မူကြောင်းပြသည့်လက္ခဏာဖြင့်ရံဖန်ရံခါသူတို့၏မျက်နှာများသည်အရောင်တောက်လာသော်လည်းနောက်တစ်ဖန်မူလအတိုင်းစိုးရိမ် ကြောင့်ကြခြင်းများ ထပ်မံပေါ်ပေါက်လာပါသည်။

မာရ်နတ်၏တမန်များဝိုင်းအုံလျှက်သခင်ယေရှုကို မတွေ့မြင်နိုင်စေရန်သူတို့အပေါ်သို့ မှောင်မိုက်နှင့်ဖုံးအုပ်ထားကြပါသည်။သို့မှသာလျှင်သူတို့အားဝန်းရံလျှက်ရှိသောအမှောင်ထုကိုသာကြည့်နေရကြသဖြင့် ဘုရားသခင်ကိုမယုံကြည်မကိုးစားတော့ဘဲမြည်တွန်တောက်တီးနေကြလိမ့်မည်။ကောင်းကင်သို့စိုက်၍ကြည့်နေကြသည့်အချိန်၌သာသူတို့လုံခြုံမှုရှိနေကြပါသည်။ဘုရားသခင်၏လူများအားစောင့်ကြပ်ထားရန်ကိုယ်တော်၏ကောင်းကင်တမန်များအားတာဝန်ပေးအပ်ထားသည်ဖြစ်ရာ ထိုစိုးရိမ်ကြောင့်ကြနေသူများ၏ ဝန်းကျင်တွင်မာရ်နတ်၏တမန်များကဖေါက်ပြန်စေတတ်သည့်အဆိပ်ငွေ့များနှင့်ဖိနှိပ်ကြသော်လည်းတာဝန်ကျကောင်းကင်တမန်များက အမှောင်ထုကြီးအခြားသို့ပျံ့နှံ့လွင့်သွားစေရန်မိမိတို့၏အတောင်များကို အစဉ်မပြတ်ခတ်လျှက်သူတို့အပေါ်မှ ဝဲပျံနေကြပါသည်။

ပဌာနာပြုသူများသည်ဆက်လက်၍စိတ်ရောကိုယ်ပါအော်ဟစ်တောင်းလျှောက်နေကြစဉ် သခင်ယေရှုထံတော်မှသူတို့အပေါ်သို့ရံဖန်ရံခါအလင်းရောင်ရောက်ရှိလာပြီးလျှင်သူတို့မျက်နှာများကို အလင်းရောင်ပေးလျှက်သူတို့ကိုအားပေးတော်မူ၏။ ဒုက္ခရောက်နေသောအသံဖြင့် အသနားခံနေသူများတွင် အချို့သာသူများမပါဝင်ကြသည်ကိုကျမမြင်တွေ့ရပါသည်။ဂရုမစိုက်သည့်အမူအကျင့်များပေါ်လွင်နေပါသည်။သူတို့၏ဝန်းကျင်ရှိအမှောင်ထုကိုသူတို့မတွန်းလှန်ကြသဖြင့်သူတို့အားမိုးတိမ်ထုကြီးကဖုံးအုပ်ထားသကဲ့သို့ဖြစ်နေပါသည်။ထိုသူများထံမှဘုရားသခင်၏ကောင်းကင်တမန်များထွက်ခွာသွားကြပြီးလျှင်စိတ်အားထက်သန်စွာဆုတောင်းပဌနာပြုနေသူများအားအကူအညီပေးနေပါသည်ကိုယ်တိုင်လွတ်မြောက်ရေးအတွက်ဘုရားသခင်ထံသို့လုံ့လဝီရိယစိုက်၍ ဆုတောင်းပဌနာပြုလျှက်မာရ်နတ်၏တမန်များအားခုခံတွန်းလှန်ရာတွင်မိမိတို့၏စွမ်းအားရှိသမျှကိုအသုံးပြုနေသောသူများအားအထောက်အပံ့ပေးရန်ဘုရားသခင်၏ ကောင်းကင်တမန်များအလျင်အမြန်ထွက်ခွါသွားကြပုံကို ကျမမြင်တွေ့ရပါသည်။သို့ရာတွင်တွန်းလှန်နိုင်သည့်ခွန်အားကိုရရှိရန်ကြိုးစားအားထုတ်မှုမရှိသောသူတို့အားဘုရားသခင်၏ကောင်းကင်တမန်များကချန်ထားခဲ့ပါသည်။ သူတို့သည်လည်း ကျမမျက်ရှေ့တွင်ပျောက်ကွယ်သွားကြပါသည်။

ကျမရှုမြင်ရသည့်ဆန်ခါချခြင်း၏အဓိပ္ပါယ်ကို(ကောင်းကင်တမန်များအား)မေးသောအခါသစ္စာရှိ၍ မှန်သောသက်သေခံကြီး၏အကြံပေးချက်နှင့်အညီ လောဒိကိအသင်းတော်အားထင်ပေါ်သည့် ဖြောင့်မှန်သောသက်သေခံချက်အရ(ဆန်ခါချခြင်း)ဖြစ်သည်။ထိုသက်သေခံချက်ကို ခံယူသောသူအပေါ်တွက် ထိရောက်မှုရှိသဖြင့်ခံယူသူမှအဆင့်အတန်းမြင့်၍ဖြောင့်မတ်သောသမ္မာတရားကိုထုတ်ဖေါ်လိမ့်မည်။အချို့သောသူများသည်ထိုဖြောင့်မှန်သောသက်သေခံချက်ကိုလက်ခံကြမည်မဟုတ်၊အတိုက်အခံပြုကြလိမ့်မည်။ ထို့အတွက်ဘုရားသခင်၏လူတို့အထဲ၌ ဆန်ခါချခြင်း ကိုဖြစ်ပေါ်စေလိမ့်မည်စသည်ဖြင့် ကျမအား ဖေါ်ပြပါသည်။

သစ္စာရှိ၍ဟုတ်မှန်သောသက်သေခံကြီး၏သက်သေခံချက်တွင်အနည်းငယ်မျှပင်စိတ်ပါဝင်စား၍လိုက်နာမှုမရှိကြပုံကိုကျမမြင်တွေ့ရပါသည်။အသင်းတော်များ၏ရပ်တည်မှုသည်ထိုလေးနက်သောသက်သေခံချက်အပေါ်

လုံးဝမှုတည်လျှက်ရှိသော်လည်း ၎င်းကို လုံးလုံးပစ်ပယ်ခြင်းမရှိသော်လည်း ပေါ့တန်စွာ သဘောထားကြပါသည်။ ဤသက်သေခံချက်အားဖြင့် လေးနက်စွာနောင်တရကြလိမ့်မည်။ သစ္စာနှင့်ခံယူသူတိုင်း လိုက်နာစောင့်ထိန်း၍ သန့်စင်ခြင်းသို့ရောက် ကြပေလိမ့်မည်။

"နားစိုက်လော့"ဟုကောင်းကင်တမန်ကကျွမအားပြောပြပါသည်။မကြာမီတူရိယာမျိုးစုံပါဝင်သည့် ချိုသာငြိမ့်ညောင်းသောအသံစုံတီးလုံးတစ်ရပ်ကိုကျွမကြားရပါသည်။ကျွမကြားဖူးသမျှသောတူရိယာသံတို့ထက်သာလွန်ငြိမ့်ညောင်းပါသည်။ကရုဏာပါသောအသံ၊ကြင်နာသောအသံ၊ ဝမ်းမြောက်ဖွယ်သောအသံ၊ သန့်ရှင်းသောအသံများဖြစ်ပါသည်။ ကျွမရင်အေးသွားပါသည်။ ကောင်းကင်တမန်က "ကြည့်ရှုလော့"ဟုနောက်တစ်ဖန်ပြောပြီးလျှင်ယခင်ကကျွမမြင်ခဲ့သောလူစုကိုပြန်၍ပြရာသူတို့အားလုံး အထူးပင်တုန်လှုပ်နေကြပါသည်။ယခင်က ကျွမမြင်ခဲ့ရစဉ်ကစိတ်ဒုက္ခရောက်၍မျက်ရည်ကျလျှက် ဆုတောင်းပဌနာပြုနေသောသူများကိုပြန်၍ပြပါသည်။သူတို့အားလုံးဝန်းရံစောင့်ကြည့်လျှက်ရှိသောကောင်းကင်တမန်များနှစ်ဆတိုးနေပါသည်။သူတို့အားလုံးဦးခေါင်းမှ ခြေနားအထိသံချပ်အင်္ကျီတစ်စုံစီကိုသေသပ်စွာဝတ်ဆင်ထားကြပါသည်။ စစ်သည်တော်များပမာစည်းကမ်းသေဝပ်စွာ ချီတက်နေကြပါသည်။သူတို့အနေဖြင့် အပြင်းအထန်တိုက်ခိုက်ခံရပုံများ၊ ရုန်းကန်တွန်းလှန်ခဲ့ရပုံများ၊ စိတ်ဒုက္ခရောက်ခဲ့ပုံများ၊သူတို့၏မျက်နှာများပေါ်တွင်ပေါ်လွင်နေပါသည်။ ထိုသို့အတွင်းစိတ်ဒုက္ခပြင်းစွာခံစားခဲ့ရသည့်လက္ခဏာများရှိကြသော်လည်းယခုအခါတွင် ကောင်းကင်အလင်းရောင်သည်သူတို့၏ မျက်နှာပေါ်တွင်ရောင်ပြန်ဟပ်နေပါသည်။သူတို့သည်အောင်မြင်ခြင်းကိုရရှိကြပြီးဖြစ်၍လေးစားစွာကျေးဇူးတရားသိပုံ၊သန့်ရှင်းပုံ၊မွန်မြတ်သည့်ဝမ်းမြောက်ခြင်းနှင့်ပြည့်ဝနေပုံများပေါ်လွင် နေပါသည်။

ထိုလူစုမှာအရေအတွက်အားဖြင့်လျော့နည်းသွားပါသည်။အချို့သောသူများဆန်ခါချစဉ်က လမ်းဘေးတွင်ကျန်ရစ်ခဲ့ကြပါသည်။ကယ်တင်ခြင်းနှင့်အောင်မြင်ခြင်းရရှိရန်အတွက် ဂရုမစိုက်အမှုများသောသူများ၊လုံ့လဝီရိယနှင့်လည်းကောင်း၊စိုးရိမ်ကြောင့်ကြစွာဖြင့်လည်းကောင်း၊ တန်ဖိုးထား၍လည်းကောင်း၊ ဆုတောင်းပဌနာပြုသောသူများနှင့်အတူလက်မတွဲသောသူများသည်ယင်းကယ်တင်ခြင်းနှင့်အောင်မြင်ခြင်းကိုမရကြဘဲမှောင်မိုက်အတွင်းကျန်ရစ်ခဲ့ကြပါသည်။သမ္မာတရားကိုလက်ခံ၍တပ်တွင်းသို့ဝင်လာကြသောအခြားသူများက သူတို့နေရာများကိုချက်ခြင်းယူကြပါသည်။မာရ်နတ်၏တမန်များကသူတို့အားဝန်းရံထားလျှက်ပင်ရှိသော်လည်းသူတို့အပေါ်သြဇာသက်ရောက်မှု မရှိတော့ပါ။

လက်နက်စုံကိုဝတ်ဆင်ထားသူများသည်သမ္မာတရားတော်ကို တန်ခိုးကြီးစွာဖြင့် ဟောပြောနေကြသည်ကိုကျွမကြားရပါသည်။ထိရောက်မှုရှိလှပါသည်။ပိတ်ပင်တားဆီးခြင်းခံရသောသူတို့ကိုလည်း ကျွမမြင်တွေ့ရပါသည်။အချို့ဇနီးများသည်သူတို့၏ခင်ပွန်းများအားဖြင့်လည်းကောင်း၊အချို့သောသားသမီးတို့သည်သူတို့မိဘများအားဖြင့်လည်းကောင်း၊ပိတ်ပင်ဆီးတားခြင်းခံရကြပါသည်။သမ္မာတရားတော်ကို မကြားနာခဲ့ရသည့် ရိုးသားသောသူအများယခုအခါတွင်အပြည့်အဝနာယူနေကြပါသည်။သူတို့၏ဆွေမျိုးများကိုမကြောက်မရွံ့ကြတော့ဘဲ သမ္မာတရားတော်သာလျှင် သူတို့အတွက်အထွဋ်အမြတ်ဖြစ်နေပါသည်။သမ္မာတရားတော်ကို သူတို့ဆာငတ်ခင်မွတ်ခဲ့ကြပါသည်။အသက်ထက်ပို၍တန်ဖိုးထားမြတ်နိုးကြပါသည်။ဤပြောင်းလဲမှုကြီးကိုမည်သို့မည်ပုံဖြစ်လာသည်ကိုကျွမမေးသောအခါကောင်းကင်တမန်တစ်ပါးက "ဝိညာဉ်တော်နောက်မိုးကြောင့်ဖြစ်၏။ထာဝရဘုရား၏ထံတော်မှရောက်လာသောအေးချမ်းသည့်အချိန်ကာလဖြစ်၏။တတိယကောင်းကင်တမန်၏ကျယ်သောကြွေးကြော်သံဖြစ်၏"ဟုပြောပါသည်။ကြီးစွာသော ဘုန်းတန်ခိုးတော်သည် ရွေးချယ်ခြင်းခံရသော သူတို့နှင့်အတူ ရှိနေတော်မူ၏။ "ကြည့်ရှုလော့"ဟုကောင်းကင်တမန်ကပြောသောအခါဆိုးသွမ်းသူ (သို့) မယုံကြည်သောသူများကို ကျွမအာရုံစိုက်မိပါသည်။ သူတို့အားလုံးလှုပ်ရှားလှုပ်ရှားဖြစ်နေကြပါသည်။ဘုရားသခင်၏လူတို့တန်ခိုးကြီး၍ဖွဲ့လုံးလရှိနေကြသဖြင့်ထိုသူတို့နိုးကြား၍အမျက်ထွက်ကြ၏။ရှုပ်ထွေးမှုပါတကား။နေရာတကာတွင်ရှုပ်ထွေးမှုဖြစ်နေပါသည်တကားဘုရားသခင်၏တန်ခိုးတော်နှင့်အလင်းတရားကိုရရှိထားသည့်လူစုအပေါ်တွင်အရေးယူရန်မူနေကြပုံကို ကျွမမြင်တွေ့ရပါသည်။သူတို့၏ဝန်းကျင်တွင် အမှောင်ထုထူထပ်လာသော်လည်း ကြံ့ကြံ့ခိုင်ရပ်တည်နေကြ၏။ ကိုယ်တော်အားယုံကြည်ကိုးစားကြ၏။ဘုရားသခင်နှစ်သက်တော်မူ၏။ထို့နောက်သူတို့စိတ်ရှုပ်ထွေးသွားကြပုံကိုကျွမမြင်တွေ့ရပါသည်။ ထိုမျှတစ်ဖန်သူတို့သည်ဘုရားသခင်ထံစိတ်အားထက်သန်စွာဖြင့် အော်ဟစ်တောင်းလျှောက်နေကြသည်ကို ကျွမကြားရပြန်၏။"အိုအဖဘုရား၊ကိုယ်တော်၏အလိုတော်အတိုင်းဖြစ်ပါစေသော်။ ကိုယ်တော်၏ နာမတော်ဘုန်းထင်ရှားမည်ဆို

ပါကကိုယ်တော်၏လူ၊အကျွန်ုပ်တို့အား အကျွန်ုပ်တို့၏ ဝန်းကျင်တွင်ရှိနေသော သာသနာပလူတို့၏လက်မှကယ်လွှတ်တော်မူပါ။သူတို့သည်အကျွန်ုပ်တို့အားသေပြစ်စီရင်ထားကြပါ၏။သို့သော်ကိုယ်တော်၏လက်ရုံးတော်သည် ကယ်တင်ခြင်းကိုပေးနိုင်တော်မူ၏”ဟုသူတို့နေ့ညမပြတ်အော်ဟစ်၍အသနားခံနေကြပါသည်။ဤစကားလုံးများကိုသာကျမမှတ်မိပါသည်။သူတို့အားလုံးသည်ကိုယ်တိုင်အားဖြင့်ထိုက်တန်သောသူများမဟုတ်ကြောင်း လေးလေးနက်နက်သိပုံပေါ်ပါသည်။ထိုမျှမကချွင်းချက်မရှိဘုရားသခင်အား လုံးလုံးလျားလျား ဆက်ကပ်ထားကြသည်မှာလည်းထင်ရှားနေပါသည်။သို့သော်ယာကုပ်ကဲ့သို့ လူတိုင်းတစ်ယောက်မကျန်စိတ်ရောကိုယ်ပါအသနားခံလျှက်လွှတ်မြောက်ရေးအတွက် လုံးထွေးနေကြပါသည်။

သူတို့စိတ်ရောကိုယ်ပါအော်ဟစ်တောင်းလျှောက်ကြသည်ဆိုလျှက်ပင် ကောင်းကင်တမန်များသည်သနားစိတ်ပွားများ၍သူတို့အားကယ်လွှတ်ရန်ထွက်သွားလိုကြပါသည်။သို့သော်အရပ်မြင့်သည့် ကောင်းကင်တမန်ခေါင်းဆောင်တစ်ပါးကသူတို့အားခွင့်မပြုပါ။“ဘုရားသခင်၏အလိုတော်မပြည့်စုံသေး။ ကိုယ်တော်သောက်သောခွက်ကိုသူတို့သောက်ရကြဦးမည်။ (ကိုယ်တော်) ခံယူသော ဗတ္တိဇံကိုသူတို့ခံရကြဦးမည်”ဟု ထိုကောင်းကင်တမန်ခေါင်းဆောင်ကပြောပါသည်။

ထို့နောက်မကြာမီအတွင်းကောင်းကင်နှင့် မြေကြီးကိုတုန်လှုပ်သွားစေသည့် ဘုရားသခင်၏အသံတော်ကိုကျမကြားရပါသည်။ကြီးစွာသောမြေငလျင်လှုပ်ခြင်းလည်းဖြစ်၏။နေရာတိုင်းတွင်လည်း အဆောက်အဦးများတုန်လှုပ်သွားလေ၏။ထို့နောက်ကျယ်လောင်သောအောင်ပွဲခံသံလည်းတုန်လှုပ်၍အဖက်ဖက်သို့ပျံ့လွင့်သွားလေ၏။ထို့နောက် ကျယ်လောင်လှစွာ သောအောင်ပွဲခံသံ၊ ကြည်လင်သာယာသည့်တူရိယာသံကို ကျမကြားလိုက်ရပါသည်။ မကြာသေးမီက ချုပ်နှောင်ခြင်းကိုခံရ၍ စိတ်ဒုက္ခကိုယ်ဆင်းရဲနေရသောလူစုကို ကျမကြည့်လိုက်ရာသုံ့ပမ်းများအဖြစ်မှလွှတ်မြောက်သွားကြလေပြီ။ သူတို့အပေါ်တွင် ဘုန်းရောင်ခြည်ထွန်းတောက်လျှက်ရှိလေပြီ။ တင့်တယ်ခန့်ညားသောသူများဖြစ်ကြပါသည်တကား။ စိုးရိမ်ကြောင့်ကြသည့်လက္ခဏာများ၊ ပင်ပန်းနွမ်းနွယ်သည့်ပုံများပျောက်ချက်ကောင်းလှပါသည်။မျက်နှာတိုင်းတင့်တင်စိုပြည်၍ကျန်းမာရွှင်လန်းပုံပေါ်နေပါသည်။ သူတို့၏ဝန်းကျင်ရှိရန်သူများ၊ သာသနာပလူများမှာ စုတေ့သူများပမာ လဲနေကြပါသည်။ သန့်ရှင်းလွှတ်မြောက်သွားသူများအပေါ်တွင်ထွန်းတောက်လျှက်ရှိသောအလင်းရောင်ကိုသူတို့မခံမရပ်နိုင်ကြပါ။သခင်ယေရှုသည်ကြီးစွာသောဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျှက်မိုးတိမ်ကိုစီးကာကြွလာတော်မူသည်ကိုမြင်ရသောအခါ စမ်းသပ်စစ်ဆေးခြင်းမျိုးကိုခံရပြီး၍သစ္စာတည်မြဲသည့်လူစုသည် တခဏခြင်းမျက်စိတစ်မှိတ်၌ ပြောင်းလဲခြင်းသို့ရောက်၍ ဘုန်းစည်းစိမ်တစ်ဆင့်မှတစ်ဆင့်သို့ဝင်စားရသည့်တိုင်အောင်ထိုဘုန်းတော်ရောင်ခြည်သည်သူတို့အပေါ်တွင်တည်လျှက်နေပေလိမ့်မည်။ သင်္ချိုင်းဂူများပွင့်၍သန့်ရှင်းသူများ ထွက်ပေါ်လာကြပြီးလျှင် မသေမပျောက်နိုင်သောအဖြစ်သို့ပြောင်းလဲ၍“သေခြင်းတရားနှင့်သင်္ချိုင်းကိုအောင်ပြီး”ဟုကြွေးကြော်ကြပြီးနောက်ခမ်းနားသိုက်မြိုက်စွာသီဆိုတီးမှုတ်ကြသည်။ တူရိယာသံများ၊ဘုန်းကြီးတော်မူသည့်အောင်ပွဲသံများကို အိုခြင်းနာခြင်းသေခြင်းကင်းသော လူအပေါင်းကကြွေးကြော်လျှက်သီဆိုတီးမှုတ်လျှက်နေ့စဉ်သန့်ရှင်းသောအသက်ရှင်သူများနှင့်အတူထိုသူတို့သည်လည်းကောင်းကင်၌သခင်ဘုရားထံသို့ရောက်စေခြင်းငှါ ချီဆောင်ခြင်းကို ခံခဲ့ရပါသည်။

ဆက်လက်လေ့လာရန်။ ဆာလံ ၈၆။ ဟောရှေ ၆း၃။ ဟဂ္ဂဲ ၂း၂၁-၂၃။ မဿဲ ၁၀း၃၅-၃၉။၂၀း၂၃။ ဇဖက် ၆း၁၀-၁၈။ ၁သက် ၄း၁၄-၁၈။ ဗျာ ၃း၁၄-၂၂။

## အခန်း (၃၃) ဗာဗုလုန်မြို့ကြီး၏ ဒုစရိုက်များ။

အသင်းတော်များပြိုလဲကြောင်းကိုဒုတိယကောင်းကင်တမန်ကြွေးကြော်သည့်အချိန်မှအစပြု၍ ထိုအသင်းတော်များပို၍ ယိုယွင်းဖေါက်ပြန်လာကြပုံကို ကျမမြင်ရပါသည်။ ခရစ်တော်နောက်တော်သို့လိုက်သောသူများဖြစ်သည်ဟု အမည်ခံထားကြသော်လည်း လောကီသားများနှင့်ခွဲခြား၍မရပါ။ ဓမ္မဆရာများသည် သမ္မာကျမ်းစာမှကောက်နုတ်ချက်များဖြင့်တရားဟောကြသော်လည်း လူတို့အကြိုက်လိုက်၍ နားထောင်ကောင်းအောင်သာဟောပြောကြပါသည်။ဇာတိပကတိစိတ်သဘောသည် ထိုတရားမျိုးကိုသာနှစ်ခြိုက်ပါသည်။ ခရစ်တော်၏ကယ်တင်ခြင်းတရား၊သမ္မာတရားတော်၏တန်ခိုးနှင့်ဝိညာဉ်ပကတိဆိုင်ရာတရားမျိုးကိုကားဇာတိပကတိစိတ်သဘောတို့က မနှစ်ခြိုက်ကြပါ။လူကြိုက်များသောသာသနာတွင်စာတန်၏အမျက်ဒေါသကိုလှုံ့ဆော်ပေးမည့်အရာမရှိ။ဒုစရိုက်သားကိုတုန်လှုပ်စေမည့်အာနိသင်လည်းမရှိပေ။မကြာမီရောက်လာမည့်တရားစီရင်ခြင်းဆိုင်ရာ အမှန်တရားကြောက်မက်ဖွယ်ရာများနှင့်ပတ်သက်၍စိတ်နှလုံးထိခိုက်စရာအတွင်းစိတ်နိုးကြားစရာဟူ၍လုံးဝမရှိ။ဘုရားတရား၌အစစ်အမှန်မွေ့လျော်ခြင်းမရှိသည့်ပုံစံအားဖြင့် ဘုရားဝတ်ပြုကိုးကွယ်ခြင်းမျိုးကို ဆိုးသွမ်းသောသူများ ယေဘုယျအားဖြင့်နှစ်သက်မြတ်နိုးကြသည်သာမကကူညီမစမှုများပေးကြပါသည်။ကောင်းကင်တမန်က လူတို့အနေဖြင့် လောကီမှောင်မိုက်အစိုးရပြုသောမင်းတို့ကိုအောင်နိုင်၍ထိုအောင်မြင်မှုကိုတည်မြဲစေရန်အတွက် ဖြောင့်မတ်ခြင်းတည်းဟူသောလက်နက်စုံမှအပအခြားမည်သည့်လက်နက်မျှမရှိ။ အသင်းတော်အားလုံးကို တစ်ပေါင်းတစ်စည်းတည်းစာတန်အပိုင်စီးထားလေပြီ။ဘုရားသခင်၏ နှုတ်ကပတ်တော်၌တရားတော်ဆိုင်ရာ ထိရောက်သည့်သမ္မာတရားတော်၌မွေ့လျော်မည့်အစားလူတို့၏ ဆိုရိုးစကားများ၊လောကီစည်းစိမ်နှင့် ကျင့်ဝတ်များပေါ်တွင်သာ အချိန်ကုန်ခံနေကြ၏။လောကီစိတ်ဓါတ်နှင့်လောကကိုမိတ်သဟာယဖွဲ့ခြင်းသည်ဘုရားသခင်နှင့်ရန်ဖက်ဖြစ်၏။သခင်ယေရှု၌တည်ရှိနေသကဲ့သို့သမ္မာတရားတော်၌တည်ရှိနေသည့် ရိုးသားမှုနှင့်တန်ခိုးစွမ်းအင်သည် လောကီစိတ်သဘောနှင့်ထိပ်တိုက်တွေ့သောအခါနှိပ်စက်ညှဉ်းပမ်းလိုသောစိတ်ဓါတ်သည်ချက်ခြင်းနိုးထလာလိမ့်မည်။ခရစ်ယာန်ဖြစ်ပါသည်ဟုဝန်ခံကြသူအမြောက်အမြားသည်ဘုရားသခင်ကိုမသိကျွမ်းကြ။ ဇာတိပကတိစိတ်သဘောသည်မပြောင်းလဲကြသည့်အတွက်လောကီဉာဏ်မျက်စိသည်လည်းဘုရားသခင်နှင့်ရန်ဖက်ဖြစ်ဆဲပင်ရှိသေး၏။အခြားသောနာမ တစ်စုံတစ်ရာကိုခံယူထားကြသော်လည်းသူတို့သည် စာတန်၏ သစ္စာခံနောက်လိုက်များပင်ဖြစ်ကြ၏ဟု ပြောပါသည်။

သခင်ယေရှုသည်ကောင်းကင်သန့်ရှင်းရာဌာနတော်၏သန့်ရှင်းသောအခန်းမှထွက်၍ အသန့်ရှင်းဆုံးအခန်းသို့ဝင်ရောက်သည့်အချိန်မှအစပြု၍အသင်းတော်များကိုစက်ဆုပ်ရွံ့ရှာဖွယ်ရာ မသန့်ရှင်းသောလူမျိုးစုံတို့ဖြင့်ဖြည့်ဆည်းနေကြသည်ကိုကျမမြင်တွေ့ရပါသည်။အသင်းတော်များသည် ဆိုးသွမ်းမှု၊ မတရားမှုများနှင့်ပြည့်ဝနေသော်လည်း အသင်းသားများကမူ ကိုယ့်ကိုယ်ကို ခရစ်ယာန်အမည်ခံနေကြပုံကို ကျမမြင်တွေ့ရပါသည်။ သူတို့၏ယုံကြည်ချက်များ၊ပဌနာများနှင့်တိုက်တွန်းနိုးဆော်ချက်များကိုထာဝရဘုရားစက်ဆုပ်ရွံ့ရှာတော်မူ၏။“သူတို့၏အစည်းအဝေးများတွင်ပူဇော်သည့်နံ့သာပေါင်းတည်းဟူသောပဌနာသံကိုထာဝရဘုရားလက်ခံတော်မူလိမ့်မည်မဟုတ်။အတွင်းစိတ်၏ သွန်သင်မှုများကိုနားမထောင်ဘဲ ကိုယ်ကျိုးငဲ့ကွက်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ကောက်ကျစ်စဉ်းလဲခြင်းများကိုထိုသူတို့ကျင့်သုံးနေကြ၏။ထိုအကျင့်စရိုက်ဆိုးများကိုဘာသာရေးခြုံထည်နှင့်ဖုံးအုပ်ထားကြ၏”ဟုပြောပြပါသည်။အယောင်ဆောင်သောအသင်းတော်များ၏မာန်မာနထောင်လွှားကြပုံကို ကျမအားညွှန်ပြပါသည်။သူတို့၏အကြံအစည်များကိုဘုရားသခင်အလိုတော်မတူနိုင်၊ သူတို့၏လောကီဉာဏ်မျက်စိများသည်သူတို့၏အရေးကိစ္စများအပေါ်တွင်သာ စူးစိုက်နေကြပါသည်။ သေဒဏ်သင့်နေသည့်သူတို့၏ မစုံလင်သောခန္ဓာကိုယ်ကိုသာမွမ်းမံခြယ်လှယ်နေကြပြီးလျှင်ကိုယ့်ကိုယ်ကိုကြည့်၍ကျေနပ်နှစ်သက်နေကြပါသည်။သခင်ယေရှုနှင့်ကောင်းကင်တမန်များသည်သူတို့ကိုကြည့်၍ အမျက်ထွက်နေကြပါသည်။ “သူတို့၏ဒုစရိုက်များနှင့်မာန်မာနထောင်လွှားမှုများ၊ကောင်းကင်တိုင်အောင်ရောက်နေလေပြီ။သူတို့ရထိုက်သည့်အခကိုလည်း ပြင်ဆင်ထားပြီးလေပြီ။တရားမျှတမှုနှင့်တရားစီရင်ခြင်းငိုက်မျဉ်းအိပ်ပျော်နေခဲ့သည်မှာကြာပြီးဖြစ်သော်လည်းမကြာမီနိုးထလေတော့မည်။ငါသည်အပြစ်တရားကိုစီရင်ပိုင်၏။အပြစ်နှင့်အလျှောက် ငါဆပ်ပေးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏”ဟု ကောင်းကင်တမန်ကပြောပါသည်။တတိယကောင်းကင်တမန်၏ ကြောက်မက်ဖွယ်ရာကြုံးဝါးသံများ အကောင်အထည်ဖေါ်ရမည်။မတရားသောသူအားလုံးထာဝရဘုရား၏ အမျက်တော်ဖလားကို သောက်ရကြပေလိမ့်မည်။ မရေတွက်နိုင်လောက်အောင်များပြားသည့်စာတန်၏မိစ္ဆာပိုလ်ခြေများတစ်ပြည်လုံးတွင်အနှံ့အပြားရှိနေကြသည့်အလျှောက်အသင်းတော်များတွင်ပြည့်လျှံလျှက်ရှိနေပါသည်။ဘာသာရေးအသင်းအဖွဲ့များအနေဖြင့် အကြီးဆုံးသောရာဇဝတ်မှု

နှင့်ဒုစရိုက်များကိုဘာသာရေးခြုံထည်များဖြင့် ဖုံးအုပ်ထားကြသည့်စာတန်၏ကိုယ်စားလှယ်များအနေဖြင့်ကြည်နူးနေကြပါသည်။

ဘုရားသခင်၏လက်ရာတော်ဖြစ်သည့်လူသည်လူသားအချင်းချင်းဖိနှိပ်မှုကြောင့်အနိမ့်ဆုံးအဆင့်တွင်စဉ်းစားဆင်ခြင်တတ်သည့်ဉာဏ်မရှိသောသတ္တဝါများ၏အခြေသို့ပင်ဆိုက်ရောက်နေသည့်အတွက် ကောင်းကင်ဗိုလ်ခြေအပေါင်းကမခံမရပ်နိုင်ဖြစ်နေကြပါသည်။လူသားအပေါ် အမင်္ဂလာကျရောက်နေသည်ကိုရှုစားတော်မူလျှင်ကရုဏာပွားတော်မူသောကယ်တင်ရှင်၏နောက်တော်သို့လိုက်လျှောက်ကြပါသည်ဟု ဝန်ခံသောသူများပင်လျှင်ထိုမျှလောက်ကြီးလေးပြင်းထန်သောအပြစ်မျိုးတည်းဟူသောငွေဝယ်ကျွန်အရောင်းအဝယ်လုပ်ငန်းတွင် စိတ်ရောကိုယ်ပါဝင်ရောက်ဆင်နွှဲ၍လူတို့၏အသက်ဝိညာဉ်များကိုဖျက်ဆီးနေကြပါသည်။ လူသားတို့၏စိတ်ဒုက္ခဝေဒနာများကိုတစ်နေရာမှတစ်နေရာသို့သယ်ဆောင်လျှက် အရောင်းအဝယ်ပြုလုပ်နေကြပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်များကထိုအမှုအရာအားလုံးကို မှတ်သား၍မှတ်တမ်းစာအုပ်တွင်အက္ခရာတင်ထားကြပါသည်။ဘုရားတရားကြည်ညိုသည့်ကျွန်ယောကျ်ား၊ကျွန်မိန်းမ၊မိခင်၊ဖခင်၊သားသမီး၊ညီအစ်ကို၊မောင်နှမတို့၏မျက်ရည်များကိုကောင်းကင်ဘုံလမ်းတွင်သိုလှောင်ထားပါသည်။ဘုရားသခင်သည်မိမိ၏အမျက်တော်ကိုအချိန်ကြာမြင့်စွာဆက်လက်ချုပ်တည်းထားတော့မည်မဟုတ်ပါ။ဤလူမျိုးအပေါ် ဘုရားသခင်အမျက်ထွက်တော်မူ၏။အထူးသဖြင့်ထိုသို့ရောင်းဝယ်ဖေါက်ကားမှုကိုအခွင့်အာဏာအပ်သည်သာမက မိမိတို့ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြသည့် ဘာသာရေးအဖွဲ့အစည်းများအပေါ် ပို၍အမျက်ထားတော်မူ၏။ယင်းသို့ဆင်းရဲဒုက္ခခံစားရမှုကိုနူးညံ့သိမ်မွေ့နှိမ့်ချတော်မူသောသခင်ယေရှု၏နောက်တော်သို့လိုက်လျှောက်ပါသည်ဟုဝန်ခံသူအများစုကဂရုမစိုက်လစ်လျူရှုနေကြ၏။ကိုယ်ချင်းစာတရားကင်းမဲ့စွာကြည့်နေကြ၏။သူတို့တွင်အများစုသည် ဤကဲ့သို့မဖေါ်ပြနိုင်လောက်အောင်ကျေနပ်မှုရယူလျှက်ပါဝင်နေကြပါသည်။သို့ပါလျှက်သူတို့အနေဖြင့်ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ဝန်ခံကြသေး၏။ဟန်မပျက်ဘဲမထီမဲ့မင်ပြုနေခြင်းဖြစ်၏။ထိုကိစ္စအတွက်စာတန်ကြည်နူးလှသဖြင့်သခင်ယေရှုနှင့်ကိုယ်တော်၏ ကောင်းကင်တမန်များအားဝေဖန်ပြစ်တင်သည့်အနေဖြင့်မဆီလျှော်။“ခရစ်တော်၏တပည့်တော်များဆိုလိုသည်မှာ ဤကဲ့သို့သောသူများပါတကား” ဟုဆိုးသွမ်းလှစွာအောင်ပွဲခံလိုက်ကြပါသည်။

ဤခရစ်ယာန်အမည်ခံများသည်ခရစ်တော်အတွက်ဒုက္ခခံလျှက် စုတေ့သွားသောမာတုရများ၏အတ္ထုပတ္တိများကိုဖတ်၍မျက်ရည်ကျကြပါသည်။ လူသားအချင်းချင်းထိုမျှလောက် ရက်စက်ကြမ်းကြုတ်မှုပြုနိုင်ကြသည့်တိုင်အောင်ထိုသူတို့၏ စိတ်နှလုံးခိုင်မာပုံကို သူတို့အံ့သြကြ၏။ ထိုသို့သဘောရ၍ ထိုသို့ပင်ပြောကြသောထိုသူတို့ပင်လျှင် လူသားအချင်းချင်းကို ငွေဝယ်ကျွန်အဖြစ် လက်ကိုင်ထားနေကြပါသည်။ ထိုမျှနှင့်မပြီးသေးပါ။ သဘာဝအနှောင်အဖွဲ့များကိုခွဲခွာ၍ထားကြပြီးလျှင်လူသားအချင်းချင်းကိုရက်စက်စွာနှိပ်ကွပ်နေကြပါသည်။ ရှေးခေတ်သာသနာပလူများနှင့်တစ်ပါးအမျိုးသားတို့ကခရစ်တော်၏တပည့်တော်နောက်လိုက်များကိုမဖေါ်ပြနိုင်သော အမျက်ဒေါသဖြင့် ရက်စက်စွာ ညှဉ်းပန်းခဲ့ကြသည့်နည်းတူ သူတို့ကလည်း လူသားအချင်းချင်းကို စီရင်နေကြပါသည်။ ကောင်းကင်တမန်က“ဘုရားသခင်တရားစီရင်တော်မူသည့်နေ့သို့ရောက်လာသောအခါ ရှေးကသာသနာပလူများနှင့်တစ်ပါးအမျိုးသားတို့သည်ဤသူတို့ထက်ပို၍အနေသာကြလိမ့်မည်”ဟုပြောပါသည်။နှိပ်စက်ဖိစီးခြင်းခံရသူများ၏အော်ဟစ်သံသည်ကောင်းကင်သို့ရောက်လေပြီး။ဖန်ဆင်းတော်မူသောအရှင်နှင့်တစ်ပုံသဏ္ဍာန်တည်းဖန်ဆင်းထားသောလူသားသည် မိမိတို့လူသားအချင်းချင်းအား မဖေါ်ပြနိုင်လောက်အောင် ပြင်းထန်သည့်စိတ်ဒုက္ခကိုယ်ဆင်းရဲခံစားရလေအောင် ပြုလုပ်ကြသည့်အတွက် ကောင်းကင်တမန်များကကြည့်၍ အံ့အားသင့်နေကြပါသည်။ ကောင်းကင်တမန်က ပြောပြပြန်သည်မှာ ဖိစီးနှိပ်စက်သောသူတို့၏ အမည်များကို နှိပ်စက်ညှဉ်းဆဲခြင်းကြောင့်ဒုက္ခဆင်းရဲခံရသူများ၏အသွေးနှင့်ရေး၍ကြက်ခြေခတ်ပြီးလျှင်မျက်ရည်ပူများနှင့်လွှမ်းမိုးထားပါသည်။အလင်းတရားနှင့်ဆိုင်သောဤပြည်သည်ဘုရားသခင်၏အမျက်တော်ဖလားမှအနည်များကိုသောက်၍မပြီးမီတိုင်အောင်ဗာဗုလုန်မြို့ကြီး၏အကျိုးအပြစ်ကိုနှစ်ဆပေး၍မပြီးမီတိုင်အောင်ဘုရားသခင်၏အမျက်တော်ပြေလိမ့်မည်မဟုတ်ပေ။ သူသည်အကျိုးအပြစ်ကိုဆပ်ပေးသည်နည်းတူသူ၌ဆပ်ပေးကြလော့။ သူ၏အကျင့်အတိုင်းနှစ်ဆထပ်၍ စီရင်ကြလော့။သူလောင်းသော ဖလား၌သူအဖို့နှစ်ဆတိုး၍ လောင်းကြလော့ဟုမိန့်တော်မူ၏။

သူ၏ငွေဝယ်ကျွန်အားအသိပညာမပေးသောကျွန်ပိုင်ရှင်သည်အကျွန်ုပ်အသက်ဝိညာဉ်အတွက် ဖြေရှင်းရလိမ့်မည့်အပြင်ယင်းငွေဝယ်ကျွန်၏ဒုစရိုက်အပြစ်များအတွက်သူကိုဆပ်ခိုင်းလိမ့်မည်။အသိပညာမပေးဘဲ ထား၍ချုပ်ချယ်ခြင်း၊ရှုတ်ချခြင်းခံရသောငွေဝယ်ကျွန်၊ဘုရားသခင်၏အကြောင်းနှင့်ကျမ်းစာအကြောင်းကိုလုံးဝမသိသောငွေဝယ်ကျွန်၊သူ့သခင်၏ရိုက်နှက်မှုဒဏ်ကိုသာကြောက်၍အခြားမည်သည့်အရာကိုမျှမကြောက်သောငွေဝယ်ကျွန်၊ဆင်ခြင်စဉ်းစားတတ်သည့်ဉာဏ်မရှိသောသတ္တဝါတို့ထက်နိမ့်ကျသည့်အဆင့်တွင် တည်နေသောထိုငွေဝယ်ကျွန်အားဘုရားသခင်သည် ကောင်းကင်ဘုံသို့မခေါ်ဆောင်နိုင်ပါ။ သို့သော် သနားကြင်နာတော်မူသော ဘုရားသခင်သည်ထိုသူ့အတွက်အကောင်းဆုံးဆောင်ရွက်တော်မူ၏။ထိုကျွန်သည်မည်သည့်အခါကမျှမတည်မရှိခဲ့ဟုသဘောထားလျှက် သူ၏သခင်ကိုသာ ဘေးဒဏ်ခုနှစ်ပါးကိုခံစားပြီးလျှင် ဒုတိယထမြောက်ခြင်းအချိန်တွင် ထမြောက်ပြီးကြောက်မက်ဖွယ်ရာအကောင်းဆုံးသောသေခြင်းဖြင့်ဒုတိယသေခြင်းကိုခံရစေလိမ့်မည်။ထိုအခါဘုရားသခင်၏တရားမျှတမှု ပြည့်စုံခြင်းသို့ရောက်လိမ့်မည်။

ဆက်လက်လေ့လာရန်။ အာမုတ် ၅း၂၀။ ရောမ ၁၂း၁၉။ ဗျာ ၁၄း၉-၁၀။ ၁၈း၆။

## အခန်း(၃၄) ကျယ်လောင်သောဟစ်အော်သံ။

အရေးကြီးသည့်အကြောင်းကိစ္စတစ်ရပ်ပြီးပြည့်စုံရေးအတွက်ပြင်ဆင်နေကြသော ကောင်းကင်တမန်များသည်ကောင်းကင်မှကမ္ဘာမြေကြီးပေါ်သို့ဆင်းချီတက်ချီနှင့်ခေါက်တုံ့ခေါက်ပြန်ပျံသန်းနေကြသည်ကိုကျမမြင်တွေ့ရပါသည်။ထို့နောက်တတိယကောင်းကင်တမန်၏သတင်းစကားပိုမိုတန်ခိုးကြီး၍အစွမ်းထက်လာစေရန်ထိုကောင်းကင်တမန်နှင့်အတူပူးပေါင်းကြွေးကြော်ရေးအတွက်တန်ခိုးကြီးသောအခြားကောင်းကင်တမန်တစ်ပါးအား အခွင့်အာဏာလွှဲအပ်လျှက်ဤကမ္ဘာမြေကြီးပေါ်သို့ စေလွှတ်တော်မူသည်ကိုလည်းကျမမြင်တွေ့ရပါသည်။ ထိုကောင်းကင်တမန်တို့အားကြီးစွာသောတန်ခိုးနှင့်ဘုန်းအသရေကိုလည်း ပေးအပ်လိုက်တော်မူသောကြောင့်သူဆင်းသက်လာသောအခါဤကမ္ဘာမြေကြီးတစ်ခုလုံးသည်သူ၏ဘုန်းရောင်ခြည်ဖြင့်ထွန်းတောက်လေ၏။ထိုကောင်းကင်တမန်သည်ကျယ်သောအသံဖြင့်“ဗာဗုလုန်မြို့ကြီးပြိုလဲပြီးပြိုလဲပြီးနတ်ဆိုးနေရာဖြစ်လေပြီး၊ညစ်ညူးသော ဝိညာဉ်များ၏တွင်းဖြစ်လေပြီးညစ်ညူးစက်ဆုပ်ဖွယ်သောငှက်မျိုး၏မှီခိုရာဖြစ်လေပြီး”ဟုအင်အားကြီးစွာ ကြွေးကြော်စဉ် သူနှင့်ပါလာသောအလင်းရောင်သည်လည်း နေရာအနှံ့အပြားတွင်ထွန်းလင်းလေ၏။ ၎င်းမှာ ဒုတိယကောင်းကင်တမန်ကြွေးကြော်ခဲ့သည့်ဗာဗုလုန်မြို့ကြီးပြိုလဲပြီးဆိုသောသတင်းစကားတွင်(၁၈၄၄)ခုနှစ်မှ အစပြု၍အသင်းတော်များအတွင်းသို့ဝင်ရောက်နေသော တရားလက်လွှတ်ဖြစ်ခြင်း၊ အဂတိလေးပါးလိုက်စားခြင်းအကြောင်းများကိုပါဖြည့်စွက်၍ထပ်မံကြွေးကြော်လိုက်ခြင်းဖြစ်ပါသည်။ တတိယကောင်းကင်တမန်သတင်းစကားကို အသံကျယ်စွာဟစ်ကြော်နေချိန်တွင်၎င်းနှင့်အတူအရှိန်အဟုန်ပြင်းစွာပူးပေါင်းကြွေးကြော်ရန် ဤကောင်းကင်တမန်၏သတင်းစကားအချိန်မီရောက်လာပါသည်။ဤနည်းအားဖြင့်ဘုရားသခင်၏လူတို့သည်မကြာမီသူတို့ရင်ဆိုင်ရကြတော့မည့်စုံစမ်းသွေးဆောင်ခြင်းများကိုခံနိုင်ရည်ရှိရန်အတွက်အသင့်ပြင်ဆင်ထားနိုင်ကြပေလိမ့်မည်။သူတို့အပေါ်သို့ကြီးစွာသောအလင်းရောင်သက်ရောက်သဖြင့်တတိယကောင်းကင်တမန်၏သတင်းစကားကို မကြောက်မရွံ့တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ ပူးပေါင်းကြွေးကြော်ကြပုံကို ကျမမြင်တွေ့ရပါသည်။

တန်ခိုးကြီးသောထိုကောင်းကင်တမန်အားအကူအညီပေးရန်ကောင်းကင်ဘုံမှကောင်းကင်တမန်များထပ်မံရောက်ရှိလာကြပြီးလျှင်“ငါတို့လူမျိုးတို့သူ၏အပြစ်တို့ကိုဆက်ဆံခြင်းနှင့်လည်းကောင်း၊ သူ၏ဘေးဒဏ်များကိုခံခြင်းနှင့်လည်းကောင်း၊ကင်းလွတ်အံ့သောငှါသူ၏အထဲကထွက်ကြလော့။ သူ၏အပြစ်တို့သည်ကောင်းကင်ဘုံတိုင်အောင်မီကြသည်ဖြစ်၍သူ၏မတရားသောအမှုတို့ကိုဘုရားသခင်သတိရတော်မူပြီး” ဟုကြွေးကြော်သံများနေရာအနှံ့အပြားမှထွက်ပေါ်လာသကဲ့သို့ကျမကြားနေရပါသည်။(၁၈၄၄)ခုနှစ်က ဒုတိယကောင်းကင်တမန်၏သတင်းစကားတွင်သန်းခေါင်ယံကြွေးကြော်သံကိုဖြည့်စွက်ကြွေးကြော်ခဲ့သည့်နည်းတူယခုသတင်းစကားမှာလည်း တတိယကောင်းကင်တမန်၏သတင်းစကားကိုဖြည့်စွက်ဟန်တူပါသည်။စိတ်ရှည်စွာဖြင့်သည်းခံလျှက်စောင့်နေသောသန့်

ရှင်းသူများအပေါ်တွင်ဘုရားသခင်၏ဘုန်းတော်ကိန်းဝပ်သဖြင့်ဗာဗုလုန်မြို့ကြီးပြိုလဲတော့မည်အကြောင်းနှင့်ပတ်သက်သောသတင်းစကားကိုလည်းကောင်း၊ယင်းဗာဗုလုန်မြို့ကြီးအပေါ်သို့ကျရောက်မည့်ကြောက်မက်ဖွယ်သောဘေးဒဏ်မှလွတ်မြောက်ရေးအတွက်ယင်းမြို့ကြီးအတွင်းမှ ဘုရားသခင်၏လူများ ထွက်လာကြစေရန်ကိုလည်းကောင်း လေးနက်စွာ ကြွေးကြော်ကြလေ၏။

စောင့်မျှော်နေသောသူများအပေါ်သို့သက်ရောက်လာသောအလင်းသည် နေရာအနှံ့အပြားသို့ ထိုးဖေါက်ဝင်ရောက်သောကြောင့် အသင်းတော်များမှ အတော်အတန်မျှသော အလင်းရောင်ကိုလက်ခံရရှိသူများအနေဖြင့် ယခင်သတင်းစကားသုံးရပ်ကိုမကြားဖူး၍လက်မခံခဲ့ရသော်လည်းယခုကြွေးကြော်သံကိုနာခံလျှက် ပြိုလဲသောအသင်းတော်များမှထွက်လာကြပါသည်။ဤသတင်းစကားများကိုကြွေးကြော်ခဲ့ပြီးဖြစ်သောကြောင့်အများသောသူတို့အနေဖြင့်နှစ်ပေါင်းများစွာအတွက်ထုချေရှင်းလင်းရမည့်အခြေအနေတွင်ရှိနေသော်လည်းသူတို့အပေါ်သို့ အလင်းရောင်ရောက်ရှိလာသဖြင့်အသက်ရှင်ခြင်းတရား(သို့)သေခြင်းတရားကိုရွေးချယ်ရန်အတွက် အခွင့်အရေးရရှိကြပါသည်။အချို့သောသူတို့သည်အသက်ရှင်ခြင်းတရားကိုရွေးချယ်လျှက်သခင်ဘုရားကြွလာတော်မူမည်ကိုစောင့်မျှော်နေသူများကိုယ်တော်၏ပညတ်တော်အလုံးစုံတို့ကိုအကြွင်းမဲ့ စောင့်ထိန်းနေသူများနှင့်အတူ ပူးပေါင်း ရပ်တည်နေကြပါသည်။ တတိယကောင်းကင်တမန်သတင်းစကားတွင် ဆောင်ရွက်ရမည့်လုပ်ငန်းရှိပါသည်။ လူတိုင်းယင်းသတင်းစကားအရစမ်းသပ်ခြင်းခံရမည်ပြီးလျှင်ထိုက်တန်သောသူတို့အား ဘာသာရေးအဖွဲ့အစည်းများမှခွဲထုတ်လိမ့်မည်။ရိုးသားဖြောင့်မတ်သောသူ၏စိတ်ကိုဘုရားသခင်၏တန်ခိုးတော်မှလွှမ်းမိုး၍သူတို့၏မိသားစု၊ဆွေမျိုးမိတ်သင်္ဂဟများအပေါ်ထင်ရှားသဖြင့်သူတို့သည်ကြောက်ရွံ့ချုပ်တည်း၍ ဘုရားသခင်၏ဝိညာဉ်တော် နှိုးဆော်ခြင်းခံနေရသောသူများအားမတားဆီးရဲကြပေ။ တားဆီးကန့်ကွက်ရန် စွမ်းအားလည်း မရှိကြပါ။နောက်ဆုံးသောခေါ်သံကိုသနားဖွယ်ကောင်းသောငွေဝယ်ကျွန်များပင်ကြားရပါသည်။ထို့ကြောင့်သူတို့တွင် ဘုရားတရားကြည်ညိုသောသူများသည်ပျော်ရွှင်စွာဖြင့်လွတ်မြောက်ခြင်းသို့ရောက်ရကြတော့မည်ကို မျှော်လင့်လျှက်ဘဝင်ခိုက်မျှ ဝမ်းမြောက်ကြသဖြင့်အားပါးတရသီဆိုချီးမွမ်းကြလေ၏။သူတို့၏သခင်များကသူတို့အားမပိတ်ပင်မဟန့်တားနိုင်ကြပါ။ ကြောက်ရွံ့ခြင်း၊အံ့သြခြင်းဖြစ်လျှက်တိတ်ဆိတ်စွာနေကြ၏။ ကြီးစွာသောနိမိတ်လက္ခဏာများဖြစ်လေ၏။ နာမကျန်းသောသူများလုံးဝကျန်းမာခြင်းသို့ရောက်ကြလေ၏။နိမိတ်လက္ခဏာများနှင့်အံ့သြဖွယ်ရာများသည်လည်း ယုံကြည်သူများ၏နောက်မှကပ်၍လိုက်ကြ၏။အမှုတော်နှင့်အတူဘုရားသခင်ရှိတော်မူသည်ဖြစ်ရာ သန့်ရှင်းသူအားလုံးတို့သည်မည်သို့မည်ပုံဖြစ်ကြလိမ့်မည်ကို မကြောက်မရွံ့ဘဲ အကျွတ်တရားရပြီးသည့်အားလျော်စွာမိမိတို့၏အတွင်းစိတ်အလိုသို့လိုက်၍ဘုရားသခင်၏ပညတ်တော်များကိုအကြွင်းမဲ့စောင့်ထိန်းသောသူများနှင့်ပူးပေါင်းကြပြီးလျှင် တိုင်းနိုင်ငံအနှံ့အပြားတွင်တတိယကောင်းကင်တမန်၏သတင်းစကားကိုကြွေးကြော်လေ၏။ ဤသတင်းစကားသည်သန်းခေါင်ယံကြွေးကြော်သံထက် တန်ခိုးများစွာကြီးမားမည်ဟု ကျမမြင်တွေ့ရပါသည်။

ဘုရားသခင်၏အမှုတော်ဆောင်များသည် အထက်မှတန်ခိုးကိုရလျှက် သူတို့၏မျက်နှာတောက်ပလျှက်သန့်ရှင်းသောဆက်ကပ်ခြင်းသည်ထွန်းတောက်လျှက်ကောင်းကင်သတင်းစကားကို ကြွေးကြော်ရန်ထွက်သွားကြပါသည်။ဘာသာရေးအဖွဲ့အစည်းများတွင်တကွဲတပြားဖြစ်နေကြပြီး ထိုအသက်ဝိညာဉ်များသည်နာခံကြသဖြင့်သောဒုံမြို့ကိုမဖျက်ဆီးမီလောတသည်ခေါ်ထုတ်တော်မူခြင်းခံရသကဲ့သို့ပြစ်ဒဏ်စီရင်ခြင်းခံရသောအသင်းတော်များမှထိုက်တန်သောသူများအားအလျင်အမြန် ခေါ်ထုတ်တော်မူခြင်းခံရပါမည်။ ဘုရားသခင်၏လူများပေါ်သို့ကိုယ်တော်၏စုံလင်တော်မူသောဘုန်းတော်သည်ကြွယ်ဝစွာသက်ရောက်သောကြောင့် ခွန်အားကိုရရှိကြသဖြင့်စုံစမ်းနှောင့်ယှက်ခြင်းခံရမည့်အချိန်တွင်ခံနိုင်ရည်ရှိရန် အသင့်ပြင်ဆင်ပြီးဖြစ်နေပါသည်။ “ဘုရားသခင်၏ပညတ်တော်တို့ကိုလည်းကောင်း၊သခင်ယေရှု၏ ယုံကြည်ခြင်းကိုလည်းကောင်း၊ စောင့်ရှောက်သော သန့်ရှင်းသူတို့သည်ဤအရာ၌သည်းခံစရာအကြောင်းရှိ၏”ဟုလူထုကြွေးကြော်သံများကို နေရာတကာမှကျမကြားနေရပါတော့သည်။

ဆက်လက်လေ့လာရန်။ ကမ္ဘာ ၃း၁၉။ ဗျာ၁၄း၁၂၊၁၈း၂-၅။

## အခန်း (၃၅) တတိယသတင်းစကားကို လက်စသပ်ခြင်း။

တတိယကောင်းကင်တမန်၏သတင်းစကားကိုလက်စသပ်ချိန်ကို ကျမအားညွှန်ကြားပြသထားတော်မူ၏။ ကိုယ်တော်၏လူများအပေါ်သို့ဘုရားသခင်၏တန်ခိုးတော်သက်ရောက်လာသောကြောင့်သူတို့၏လုပ်ငန်း တာဝန်များအောင်မြင်စွာပြီးဆုံးသဖြင့်စစ်ဆေးခြင်းကာလသည်သူတို့ထံသို့မကြာမီရောက်လာတော့မည်။ စစ်ဆေးရာကာလအတွက်အသင့်ပြင်ဆင်ပြီးဖြစ်နေကြပါသည်။သူတို့သည်နောက်မိုးကိုရရှိပြီးဖြစ်နေကြ၏။တနည်းအားဖြင့် ထာဝရဘုရားထံတော်မှ အသစ်သောခွန်အားသည်သူတို့ထံသို့ရောက်လာပြီးဖြစ်၍ အသက်ရှင်သောသက်သေခံချက်များမှာလည်းပြန်၍လန်းဆန်းလာပါသည်။ထူးကဲသည့် နောက်ဆုံးနိုးဆော်ချက်ကိုလည်း နေရာအနှံ့အပြားတွင်ကြွေးကြော်ကြပြီးဖြစ်ရာထိုသတင်းစကားတော်ကိုလက်မခံသောကမ္ဘာသူကမ္ဘာသားများလှုပ်လှုပ်ရွရွဖြစ်၍ အမျက်ထွက်နေကြပါသည်။

ကောင်းကင်ဘုံတွင်ကောင်းကင်တမန်များသည်လူးလာခတ်ကာအလျင်စလိုပျံသန်းနေကြသည်ကို ကျမမြင်တွေ့ရပါသည်။ကောင်းကင်တမန်တစ်ပါးသည်မှင်တံပါသည့်မင်အိုးကိုမိမိ၏နံဘေးတွင်ချိတ်ဆွဲလျှက်ကမ္ဘာမြေကြီးပေါ်မှပြန်လာပြီးလျှင်မိမိအားပေးအပ်ထားသည့်လုပ်ငန်းတာဝန်ကိုလက်စသပ်ခဲ့ပြီးဖြစ်ကြောင်း၊သန့်ရှင်းသူအလုံးစုံတို့ကိုလည်းအရေအတွက်နှင့်တကွ တံဆိတ်ခတ်ခဲ့ပြီးဖြစ်ကြောင်း သခင်ယေရှုအား သတင်းပို့နေပါသည်။ထိုအခါ ပညတ်တော်ဆယ်ပါး ထည့်ထားသည့် သေတ္တာတော်အနီးတွင် ရပ်လျှက် အမှုတော်ဆောင်နေသော သခင်ယေရှုသည်လင်ပန်းကိုအောက်သို့ပစ်ချလိုက်ပြီးလျှင်မိမိ၏လက်တော်ကိုဆန့်လျှက်အသံကျယ်စွာဖြင့်“အမှုပြီးပြီ”ဟုမိန့်တော်မူ၏။“မတရားသောသူသည်မတရားသဖြင့်ပြုစေဦး၊သန့်ရှင်းသောသူသည်သန့်ရှင်းစေဦး”ဟုသခင်ယေရှုသည်လေးနက်စွာကြေငြာတော်မူလိုက်သောအခါကောင်းကင်တမန်ထုကြီးသည်မိမိတို့၏သရဖူများကို ကိုယ်တော်၏ ခြေတော်ရင်းတွင် ချထားပုံကို ကျမမြင်တွေ့ရပါသည်။

အသက်ရှင်ရမည်(သို့)သေရမည်ဆိုသည်ကိုလူတိုင်းအတွက်စီရင်ချက်ချမှတ်၍ပြီးလေပြီ။သန့်ရှင်းရာဌာနတော်အတွင်း သခင်ယေရှုအမှုတော်ဆောင်ရွက်နေတော်မူချိန်က စုတေ့သောဖြောင့်မတ်သူများအား တရားစီရင်တော်မူပြီးနောက်အသက်ရှင်လျှက်ရှိသောဖြောင့်မတ်သူများအားဆက်လက်စီရင်တော်မူ၏။ခရစ်တော်သည်မိမိ၏လူများအတွက်အပြစ်ဖြေလွှတ်ခြင်းဆိုင်ရာအမှုတော်ကိုဆောင်ရွက်ပြီးနောက်သူတို့၏ အပြစ်များကိုချေဖျက်ပြီးနောက်မိမိ၏နိုင်ငံတော်ကိုလက်ခံရယူတော်မူ၏။ထိုနိုင်ငံတော်အတွက်နိုင်ငံသားများကိုလည်း ရွေးချယ်ပြီးဖြစ်လေပြီ။သိုးသငယ်၏မင်္ဂလာဆောင်ပွဲကြီးလည်းပြီးမြောက်သွားလေပြီ။ ထိုအခါကောင်းကင်တခွင်လုံးအောက်တွင်ကြီးမြတ်သောနိုင်ငံတော်ဖြစ်သည့် ထိုနိုင်ငံတော်ကို သခင်ယေရှုနှင့် ကယ်တင်ခြင်းဆိုင်ရာ အမွေခံများအားပေးအပ်တော်မူသောကြောင့်ကိုယ်တော်သည်ဘုရင်တကာတို့၏ဘုရင်၊အရှင်တကာတို့၏အရှင်အဖြစ် စိုးစံတော်မူရန်သာရှိပါတော့သည်။

သခင်ယေရှုသည်အသန့်ရှင်းဆုံးသောအခန်းမှ ထွက်လာတော်မူသောအခါ ကိုယ်တော်၏ဝတ်ရုံတော်မှ သာယာသောဆည်းလည်းသံကလေးများကိုကျမကြားရပါသည်။ထိုသို့ကိုယ်တော်ထွက်လာတော်မူစဉ်ကမ္ဘာမြေကြီးပေါ်ရှိလူသားများအပေါ်သို့မည်းမှောင်သောမိုးတိမ်ကြီးဖုံးလေ၏။ထိုအချိန်သို့ရောက်သောအခါ ပြစ်ဒဏ်သင့်နေသောလူသားနှင့်ဘုရားသခင်စပ်ကြားတွင်ဖျန်ဖြေမည့်သူမရှိတော့ပါ။ပြစ်ဒဏ်သင့်သောလူသားနှင့်ခမည်းတော် ဘုရား၏စပ်ကြားတွင်သခင်ယေရှုရပ်တော်မူခဲ့စဉ်ကသူတို့အပေါ်၌အကာအကွယ်ရှိနေခဲ့ပါသည်။သို့သော်ကိုယ်တော်သည်လူတို့နှင့်ခမည်းတော်စပ်ကြားမှထွက်ခွာသွားတော်မူသောအခါထိုအကာအကွယ်မရှိတော့သဖြင့်နောက်ဆုံးအချိန်အထိနောင်တမရဘဲစိတ်နှလုံးခိုင်မာနေသေးသောသူများကိုစာတန်စိုးမိုးလေ၏။သခင်ယေရှုသည်သန့်ရှင်းရာဌာနတော်အတွင်း၌ အမှုတော်ဆောင်ရွက်နေတော်မူစဉ်အချိန်၌ ဘေးဒဏ်များကိုသွန်းလောင်း၍မရပါ။ သို့သော်ယင်းသန့်ရှင်းရာဌာနတော်အတွင်း၌ကိုယ်တော်၏အမှုတော်လက်စသတ်သွားသောအခါ ကိုယ်တော်၏ကြားဖျန်ဖြေရေးအမှုတော်ကြီးပြီးဆုံးသွားပြီးဖြစ်သောကြောင့် မည်သည့်အကြောင်းအရာကမျှ ဘုရားသခင်၏အမျက်တော်ဖလားကို ရပ်ဆိုင်းထားနိုင်တော့မည်မဟုတ်ပါ။ ထို့ကြောင့်အကာအကွယ်မရှိတော့ဘဲပြစ်ဒဏ်သင့်နေသော

အပြစ်သားကယ်တင်ခြင်းကို အလေးမထားခဲ့သော အပြစ်သားဆုံးမသြဝါဒကိုမနှစ်သက်သော ထိုအပြစ်သား၏ ခေါင်းပေါ်တွင်ဘုရားသခင်၏အမျက်တော်ဖလားပေါက်ကွဲလေ၏။ သခင်ယေရှု၏ကြားဖျန်ဖြေရေးအမှုတော်ကြီး ပြီးဆုံးသည့်နောက်ကြောက်မက်ဖွယ်ရာကောင်းလှသောအချိန်ကာလအတွက်သန့်ရှင်းသောသူများသည် သန့်ရှင်း တော်မူသောဘုရားသခင်၏ရှေ့တော်တွင်ကြားဖျန်ဖြေသူမရှိဘဲအသက်ရှင်နေရကြပါသည်။ လူတိုင်း၏အမှုများကို စီရင်ဆုံးဖြတ်၍ပြီးလေပြီ။ရတနာမှန်သမျှကိုလည်းအမှတ်စဉ်တပ်၍ပြီးလေပြီ။သခင်ယေရှုသည်လည်းကောင်းကင် သန့်ရှင်းရာဌာနတော်၏အပြင်ခန်းတွင် ခေတ္တဆိုင်းလင့်၍ နေတော်မူလိမ့်မည်။ ကိုယ်တော်သည် အသန့်ရှင်းဆုံး သောအခန်းအတွင်းရှိခဲ့စဉ်ကဖေါ်ပြဝန်ချတောင်းပန်ခဲ့သောအပြစ်ပေါင်းကိုထိုဆိုင်းလင့်နေသောအချိန်တွင်စာ တန်၏အပေါ်သို့တင်လိုက်မည်ဖြစ်ရာအပြစ်ဒုစရိုက်၏ဖခင်ဖြစ်သူသည်ထိုအပြစ်အားလုံးအတွက် ပြစ်ဒဏ်ကိုခံရ ပေလိမ့်မည်။

ထို့နောက်သခင်ယေရှုသည်ယဇ်ပရောဟိတ်မင်း၏ဝတ်စုံကိုချွတ်ပြီးလျှင်အမြင့်မြတ်ဆုံးသောဘုရားကြီး၏ ဝတ်စုံကိုဆင်မြန်းတော်မူ၏။ကိုယ်တော်သည်များစွာသောသရဖူကိုတစ်ခုအတွင်းတစ်ခုသွင်း၍ဆောင်းထားတော် မူ၏။ထို့နောက်ကောင်းကင်တမန်ထုကြီးကဝန်းရံလျက်ကောင်းကင်ဘုံမှ ထွက်ခွာတော်မူ၏။ဘေးဒဏ်များသည် လည်း မြေကြီးသားတို့အပေါ်သို့ ကျရောက်လေ၏။ အချို့သောသူများက ဘုရားသခင်ကိုပြစ်တင်ကျိန်ဆဲကြ၏။ အခြားသောသူများကမူဘုရားသခင်၏လူများထံသို့ပြေးလာ၍တရားစီရင်ခြင်းတည်းဟူသော ထိုဘေးဒဏ်မှလွတ် မြောက်ရေးအတွက်မည်သို့မည်ပုံဆောင်ရွက်ရမည်ကိုသွန်သင်ပေးရန်တောင်းပန်ကြ၏။သို့သော်သန့်ရှင်းသောသူ များအနေဖြင့်မည်သို့မျှမတတ်နိုင်ကြ။အပြစ်သားတို့အတွက်နောက်ဆုံးမျက်ရည်ကျပြီးခဲ့ပြီ။ စိတ်ဒုက္ခကိုယ်ဒုက္ခခံ လျှက်နောက်ဆုံးသောပဌနာကိုလည်းတောင်းခံ၍ ပြီးခဲ့လေပြီ။ နောက်ဆုံးသောဝန်ကိုလည်း ထမ်းပေးခဲ့ပြီးလေပြီ။ နောက်ဆုံးသောနိုးဆော်ခြင်းကိုလည်းပေးခဲ့လေပြီးသူတို့အားသာယာချိုအေးသောကရုဏာသံဖြင့်နောက်တစ်ဖန် ဖိတ်ခေါ်ရန်အကြောင်းမရှိတော့ပါ။ကောင်းကင်ဗိုလ်ခြေအပေါင်းနှင့်သန့်ရှင်းသူများကသူတို့ကယ်တင်ခြင်းရရှိရေး အတွက်စိတ်ဝင် စားခဲ့ကြသောအချိန်က သူတို့စိတ်မဝင်စားခဲ့ကြပါ။ သေခြင်းတရားနှင့် အသက်ရှင်ခြင်းတရားကို သူတို့ရှေ့မှောက်တွင်ချပြခဲ့ပြီးလေပြီ။အများသောသူတို့သည်အသက်ရှင်ခြင်းကို လိုလားခဲ့ကြသော်လည်းပိုင်ဆိုင် သည့်တိုင်အောင်အားမထုတ်ကြပါ။အသက်ရှင်ခြင်းတရားကို သူတို့မရွေးချယ်ခဲ့ကြသဖြင့် ယခုသူတို့၏အပြစ်ကို ဆေးကြောပေးရန်အတွက်အပြစ်ဖြေရာသွေးဆော်မရှိတော့ပါ။သူတို့အတွက်အသနားခံတောင်းပန်ပေးရန် ကြင် နာတော်မူသောကယ်တင်ရှင်မရှိတော့ပါ။"ခွင့်လွှတ်တော်မူပါ၊ခွင့်လွှတ်တော်မူပါ။ခေတ္တဆိုင်းငံ့၍ အပြစ်သားကို ခွင့်လွှတ်တော်မူပါ" ဟုတောင်းပန်အသနားခံပေးမည့်သူလည်း မရှိတော့ပါ။"အမှုပြီးပြီ၊အားလုံးပြီးပြီ"ဟုသခင် ယေရှု၏ကြောက်မက်ဖွယ်သောကြွေးကြော်သံကိုကြားရသောအခါကောင်းကင်ဗိုလ်ခြေအပေါင်းကလည်း သခင် ယေရှုနှင့်အတူပူးပေါင်းကြွေးကြော်ကြလေ၏။ကယ်တင်ခြင်းစီမံကိန်းကြီးအောင်မြင်စွာ ပြီးဆုံးလေပြီ။သို့သော်ထို ကယ်တင်ခြင်းကိုရွေးချယ်၍ လက်ခံသောသူနည်းလှပါ၏။ထိုအချိန်တွင် ကရုဏာတော်ခေါ်ဖိတ်သံပျောက်ကွယ် သွားလေပြီးဖြစ်သောကြောင့်မတရားသောသူတို့သည်ကြောက်လန့်တုန်လှုပ်ကြလေ၏။"နောက်ကျသွားလေပြီးတ ကား၊နောက်ကျသွားလေပြီးတကား"ဟုကြောက်မက်ဖွယ်ရာကြွေးကြော်သံများကိုထင်ရှားပြတ်သားစွာ သူတို့ကြား ရလေ၏။

ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို တန်ဖိုးမထားခဲ့ကြသောသူများသည် ထာဝရဘုရား၏အမိန့် တော်ကိုရှာလျှက်ပင်လယ်တစ်ပါးမှ နောက်ပင်လယ်တစ်ပါးတိုင်အောင်လှည့်လည်၍ တောင်မြောက်ပြေးလွှားကာ ရှာဖွေနေကြရာကောင်းကင်တမန်က"သူတို့ရှာ၍တွေ့ကြလိမ့်မည်မဟုတ်၊ မွတ်သိပ်ခြင်းဘေးမဟုတ်၊ရေငတ်ခြင်း ဘေးလည်းမဟုတ်၊ထာဝရဘုရား၏အမိန့်တော်ကိုမကြားရသောမွတ်သိပ်ခြင်းဘေးဖြစ်၏။ ဘုရားသခင်သဘောတူ တော်မူသည့်စကားတစ်လုံးအတွက်သူတို့၏ဥစ္စာဘဏ္ဍာရှိသမျှကိုပေး၍ရှာဖွေနေကြ၏။ သို့သော်မတွေ့နိုင်ကြ။ရှေ့ သို့ဆက်၍မွတ်သိပ်ကြပေလိမ့်မည်။ကယ်တင်ခြင်းတရားကိုနေ့ရက်အစဉ်အတိုင်းတန်ဖိုးမထားခဲ့ကြ။ ကောင်းကင် ဘဏ္ဍာအထက်မှတိုက်တွန်းနိုးဆော်ချက်ထက်လောကီကြွယ်ဝခြင်းပျော်မွေ့ခြင်းများကိုပို၍တန်ဖိုးထားခဲ့ကြ၏။သူ တို့သည်သခင်ယေရှုကိုငြင်းပယ်၍ကိုယ်တော်၏သန့်ရှင်းသူများကိုမထီမဲ့မြင်ပြုခဲ့ကြ၏။ညစ်ညူးသောသူသည်ထာ ဝရကာလ တိုင်အောင် ညစ်ညူး၍နေရမည်"ဟု ပြောပါသည်။

ဘေးဒဏ်များကြောင့် ဒုက္ခဝေဒနာခံရကြသဖြင့် မတရားသောသူအများအပြားပြင်းထန်စွာ ဒေါသထွက်

ကြ၏ကြောက်မက်ဖွယ်ကောင်းလှသောစိတ်ဒုက္ခကိုယ်ဆင်းရဲခံစားရသည့်မြင်ကွင်းတစ်ခုပါတကား။မိဘများကသားသမီးများကိုလည်းကောင်း၊မောင်များကနှမများကိုလည်းကောင်း၊နှမများကမောင်များကိုလည်းကောင်း၊ရင့်သီးစွာပြစ်တင်ဝေဖန်ကြပါသည်။“သမ္မာတရားတော်ကိုလက်ခံဖို့သင်ကသာမတားဆီးခဲ့ပါကယခုကဲ့သို့သောဆင်းရဲဒုက္ခကပ်ကာလနှင့်ရင်ဆိုင်ရလိမ့်မည်မဟုတ်”ဟုတစ်ဦးကိုတစ်ဦးအပြစ်ဖို့၍ကျယ်လောင်စွာငိုကြွေးမြည်တမ်းနေကြသောအသံများကိုနေရာအနှံ့အပြားတွင်ကြားနေရပါသည်။ပြည်သူလူထုကလည်း“ကျွန်ုပ်တို့အားဆရာတို့ကသတိမပေးမနိုးဆော်ခဲ့သည့်အပြင် ကြောက်ရွံ့စိတ်ပေါ်လာသည့်အခါများ၌ပင်လျှင်ငြိမ်ဝပ်စွာနေလော့။ ငြိမ်ဝပ်စွာနေလော့။တကမ္ဘာလုံးပြောင်းလဲခြင်းသို့ရောက်လိမ့်မည်ဟုကြောက်ရွံ့စိတ်ပြေပျောက်အောင်ဟောပြောခဲ့သည်မဟုတ်လော။ယခုခံစားနေရသည့်ဆင်းရဲဒုက္ခကပ်ကာလအကြောင်းကိုမဟောပြောခဲ့ပါတကား။ဤအကြောင်းများနှင့်ပတ်သက်၍ဟောပြောသောသူများကိုလည်းငါတို့ကိုဖျက်ဆီးမည့်တစ်ယူသန်များ၊မိစ္ဆာဒိဋ္ဌိများသာဖြစ်ကြသည်ဟုဆရာတို့က ပြောခဲ့ကြသည်မဟုတ်ပါလော”ဟုသူတို့၏ဓမ္မဆရာများအားလွန်စွာမုန်းတီးရွံရှာ၍ ပြစ်တင်ပြောဆိုကြလေ၏။သို့သော်ထိုဓမ္မဆရာများသည်ပင်လျှင်ဘုရားသခင်၏အမျက်တော်ဖလားမှမလွှဲမရှောင်နိုင်ကြပုံကို ကျမမြင်တွေ့ရပါသည်။ သူတို့ခံစားရသည့် ပြစ်ဒဏ်မှာ သူတို့၏လူများထက်ပင် ဆယ်ဆပိုလေ၏။

ဆက်လက်လေ့လာရန်။ ယေဇ ၉း၂-၁၁။ ဒံယေ ၇း၂၇။ ဟောရှေ၆း၃။အာမုတ်၈း၁၁-၁၃။ ဗျာ ၁၆၊ ၁၇း၁၄၊ ၂၂း၁၁။

# အခန်း (၃၆) ယာကုပ်၏ ဆင်းရဲဒုက္ခကပ်ကာလ

သန့်ရှင်းသူများသည်မြို့ရွာများကိုစွန့်ခွာလျှက် စိတ်တူသဘောတူအုပ်စုဖွဲ့ကြပြီးလျှင် လူအသွားအလာအနည်းပါးဆုံးသောအရပ်ဒေသများသို့သွား၍စည်းလုံးညီညွတ်စွာနေထိုင်ကြပုံကိုကျမမြင်တွေ့ရပါသည်။ သူတို့အတွက်စားဖွယ်သောက်ဖွယ်များကိုကောင်းကင်တမန်များကပေးပို့ကြပါသည်။ ဆိုးသွမ်းသောသူများမှာမူကားမွတ်သိပ်ခြင်းဘေး၊ရေငတ်ခြင်းဘေးနှင့်ရင်ဆိုင်နေကြရပါသည်။ထို့နောက်မြေကြီးသားတို့၏ခေါင်းဆောင်များစုဝေးတိုင်ပင်နေကြသည့်ဝန်းကျင်တွင်စာတန်နှင့်သူ၏အဓမ္မတမန်များအလုပ်ရှုပ်နေကြပုံကိုလည်းကျမမြင်တွေ့ရပါသည်။သန့်ရှင်းသူများသည်သူတို့၏ထူးဆန်းသောယုံကြည်ချက်ကို မစွန့်လွှတ်လျှင်လည်းကောင်း ၊သူတို့စောင့်ထိန်းနေသည့်ဥပုသ်နေ့အစားခုနှစ်ရက်တွင်ပထမနေ့သို့ပြောင်းလဲ၍မစောင့်ထိန်းလျှင်လည်းကောင်း၊ကန့်သတ်ထားသည့်နေ့ရက်အချိန်ကျော်လွန်သောအခါပြည်သူလူထုကထိုသန့်ရှင်းသူများအားအသေသတ်နိုင်ကြောင်း ထုတ်ပြန်ထားသည့်အမိန့်ပြန်တမ်းမိတ္တူများအားတိုင်းပြည်အနှံ့အပြားသို့ရောက်ရှိနေပုံကိုကျမမြင်တွေ့ရပါသည်။သို့သော်သန့်ရှင်းသူများသည်ထိုဆင်းရဲဒုက္ခကပ်ကာလအချိန်တွင်သူတို့အတွက်လွတ်မြောက်ရာလမ်းကို ပြင်ဆင်ထားတော်မူမည်ဟုဆိုသောဘုရားသခင်၏ကတိတော်ကိုခိုလှုံလျှက်ငြိမ်သက်တည်ကြည်စွာစောင့်ဆိုင်းနေပါသည်။ အချို့သောဒေသများတွင်ယင်းအမိန့်ပြန်တမ်းကိုအကောင်းအထည်ဖေါ်ရန်အချိန်မစေ့မီမတရားသောသူများက သန့်ရှင်းသူများအားအသေသတ်ရန်ပြေးဝင်ကြပါသည်။သို့သော်ကောင်းကင်တမန်သည်စစ်သည်တို့၏ အယောင်ကိုဆောင်လျှက်သန့်ရှင်းသူများအတွက်တိုက်ခိုက်ကြပါသည်။ အမြင့်ဆုံးသောဘုရားသခင်၏ သန့်ရှင်းသူများအားဖျက်ဆီးသုတ်သင်နိုင်ရန်အတွက် စာတန်အခွင့်အရေးယူလိုက်သော်လည်း သခင်ယေရှုသည် မိမိ၏လူတို့အားကာကွယ်စောင့်ရှောက်ထားရန်ကောင်းကင်တမန်များကိုခန့်ထားတော်မူ၏။ ကိုယ်တော်၏ပညတ်တော်တို့ကိုစောင့်ထိန်းသောသူများနှင့်ဘုရားသခင်ပဋိညာဉ်ဖွဲ့တော်မူသည့်အတွက်ဝန်းကျင်ရှိသာသနာပလူတို့၏ ရှေ့တွင်ဘုရားသခင်သည်ဂုဏ်ပြုခြင်းကိုခံရတော်မူလိမ့်မည်။အချိန်ကြာမြင့်စွာသစ္စာစောင့်လျှက်ကိုယ်တော်အားစောင့်မျှော်နေသူများကိုသေခြင်းတရားမှလွတ်မြောက်စေပြီးလျှင်ကောင်းကင်သို့ချီဆောင်တော်မူသည့်အတွက် သခင်ယေရှု၏ဘုန်းတော်ချီးမွမ်းခြင်းကို ခံရပေလိမ့်မည်။

မကြာမီအတွင်းသန့်ရှင်းသူများသည်စိတ်ဒုက္ခဝေဒနာပြင်းစွာခံစားနေရပုံကိုကျမမြင်တွေ့ရပါသည်။ မတရားသောကမ္ဘာသူကမ္ဘာသားများကသူတို့အားဝန်းရံလျှက်နေပုံပေါက်ပါသည်။အရာခပ်သိမ်းကသူတို့နှင့် ဆန့်ကျင်နေပုံပေါက်ပါသည်။မတရားသောသူတို့လက်ချက်ဖြင့်ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်သည့်တိုင်အောင်ဘုရားသခင်

သည်သူတို့အားစွန့်ပစ်တော်မူပြီးဟုအချို့ကစိုးရိမ်ကြောင့်ကြဖြစ်လာကြပါသည်။သို့သော်အကယ်၍သာသူတို့၏မျက်စိများကိုဖွင့်၍ရမည်ဆိုပါကသူတို့၏ဝန်းကျင်တွင်ဘုရားသခင်၏ကောင်းကင်တမန်များဝန်းရံလျှက်ရှိသည်ကိုသူတို့တွေ့သိကြပေလိမ့်မည်။ထိုကောင်းကင်တမန်များ၏နောက်ကွယ်မှ ဒေါသအမျက်ချောင်းချောင်းထွက်နေသည့်မတရားသောသူများကဝန်းရံထားကြ၏။သူတို့၏နောက်မှစာတန်၏တမန်များက ထိုဒေါသထွက်နေသည့်မတရားသောသူများအား သန့်ရှင်းသူများကိုအသေသတ်ရန်တွန်းအားပေးလျှက်ဝန်းရံထားကြပြန်၏။သို့သော်ဘုရားသခင်၏လူတို့ဆီသို့သူတို့မချဉ်းကပ်နိုင်မီထိုမတရားသောလူထုအနေဖြင့်ဘုရားသခင်၏အင်အားတောင့်တင်းသန့်ရှင်းသောကောင်းကင်တမန်ထုကြီးကိုဖြတ်ကျော်ရန်လိုအပ်နေပါသည်။သို့သော်သူတို့မတတ်နိုင်ကြပေ။ သန့်ရှင်းသောကောင်းကင်တမန်များ၏ဆောင်ရွက်ချက်ဖြင့် မတရားသောသူများနှင့်တကွသူတို့အား တွန်းအားပေးနေသောမာရ်နတ်၏စေတမန်များနောက်သို့ပြိုလဲသွားကြပါတော့သဘည်။ထိုအချိန်တွင်သန့်ရှင်းသူများအတွက် အလွန်ကြောက်မက်ဖွယ်ကောင်းသောစိတ်ဒုက္ခနှင့်ရင်ဆိုင်ရသောအချိန်ဖြစ်ပေ၏။ သူတို့၏လွှတ်မြောက်ရေးအတွက်ဘုရားသခင်ထံနေ့ရောညပါဆုတောင်းပဌနာပြုလျှက်အသနားခံနေကြ၏။လူ၏အမြင်အရဆိုပါက သူတို့အတွက်လွှတ်မြောက်ရာလမ်းစမရှိ။“မင်းတို့ဘုရားသခင်ကမင်းတို့ကိုငါတို့လက်ထဲမှမည်သို့ကယ်တင်နိုင်ပေလိမ့်မည်နည်း။ကယ်တင်ခြင်းရဖို့ဘာကြောင့်ကောင်းကင်မတတ်ကြသေးသလဲ”ဟုအောင်မြင်မှုရနေသည့်အဝမ္ပလူတို့ကအော်ဟစ်မေးမြန်းနေကြ၏။သို့သော်သန့်ရှင်းသူများကသူတို့၏လှောင်ပြောင်သံများကိုအလေးမထား။ဂရုမစိုက်ကြချေ။ယာကုပ်ကဲ့သို့သူတို့သည်ဘုရားသခင်နှင့်သာ လုံးထွေးနေကြ၏။ဘုရားသခင်၏ကောင်းကင်တမန်များက သူတို့အားကယ်တင်လိုကြသော်လည်းလွှတ်မြောက်ချိန်မရောက်သေးချေ။လိုပါသေး၏။စောင့်ရပေဦးမည်။ ဘုရားသခင်၏လူတို့သည်ကိုယ်တော်သောက်သောခွက်ကိုသောက်ရမည်။ကိုယ်တော်ခံရသော ဗတ္တိဇံကိုခံရကြပေလိမ့်ဦးမည်။ဘုရားသခင်၏ကောင်းကင်တမန်များသည်လည်းသူတို့အားယုံကြည်စွာလွှဲအပ်ထားမည့်တာဝန်ကိုသစ္စာရှိစွာစောင့်ထိန်းလျှက်သန့်ရှင်းသူများအား ဆက်လက်စောင့်ရှောက်နေကြပါသည်။ ကိုယ်တော်၏နာမတော်ကိုသာသနာပလူတို့၏လောကတွင် ပြစ်တင်ဝေဖန်ခြင်းကို ဘုရားသခင်ခွင့်ပြုတော်မူမည်မဟုတ်ပါ။ ကိုယ်တော်၏ကြီးမြတ်တော်မူသောတန်ခိုးအာဏာတော် ထင်ရှားစေရန်ကိုယ်တော်၏ သန့်ရှင်းသူများအား ဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျှက်ကယ်လွှတ်တော်မူမည့်အချိန်ရောက်လုနီးလေပြီ။ ကိုယ်တော်၏နာမတော်ဘုန်းထင်ရှားစေခြင်းငှါကိုယ်တော်အားသစ္စာရှိစွာသည်းခံလျှက်စောင့်မျှော်နေသောသူများသည် အသက်စာစောင်တွင်စာရင်းဝင်ထားကာ တစ်ယောက်မျှမကျန်အောင် ကယ်လွှတ်တော်မူလိမ့်မည်။

သစ္စာရှိနေသောနောဧအေချိန်သို့ ကျမအားညွှန်ပြပါသည်။ မိုးရွာလေပြီး။ ရေများလည်းတက်လာလေပြီး။ နောဧနှင့် မိသားစုတို့မှာလည်းသင်္ဘောကြီးအတွင်းသို့ ဝင်ရောက်ကြလေပြီး။ ထာဝရဘုရားသည်လည်း သူတို့အာသင်္ဘောကြီးအတွင်းပိတ်ထားလေပြီး။ရေမလွှမ်းမိုးမီအချိန်ကကမ္ဘာသူကမ္ဘာသားများအားယုံကြည်စွာဖြင့် နောဧသတိပေးနိုးဆော်ခဲ့ပါသည်။မြေကြီးပေါ်သို့ရေများအရှိန်အဟုန်ပြင်းစွာကောင်းကင်မှကျဆင်းလေသဖြင့်တစ်ယောက်ပြီးတစ်ယောက်ရေနစ်နေကြစဉ်သူတို့ရယ်မောစရာလုပ်ခဲ့သောသင်္ဘောကြီးသည်ယုံကြည်သော နောဧနှင့်သူ၏မိသားစုတို့အား ထိန်းသိမ်းလျှက်ရေပေါ်တွင်ငြိမ်သက်စွာ မျောနေသည်ကိုသူတို့မြင်ရကြပါသည်။ ဤကမ္ဘာမြေကြီးပေါ်သို့ကိုယ်တော်၏အမျက်တော်ကျရောက်တော့မည်ဟုဟောပြောခဲ့ကြသော ဘုရားသခင်၏လူများသည်လည်းထိုနည်းတူလွှတ်မြောက်ကြလိမ့်မည်ဟုကျမမြင်တွေ့ရပါသည်။သေခြင်းနှင့်လွှတ်၍ဘဝပြောင်းပြီးလျှင်ကောင်းကင်သို့ခေါ်ဆောင်ခြင်းကိုခံရဖို့မျှော်လင့်နေသူများအားလည်းကောင်း၊သားရဲ၏အမိန့်အာဏာ ကိုမလိုက်နာ၊သူ၏တံဆိပ်ကိုလည်းမခံမယူသူများအားလည်းကောင်း၊မတရားသောသူများက သုတ်သင်ဖျက်ဆီးရန်ဘုရားသခင်ခွင့်ပြုတော်မူလိမ့်မည်မဟုတ်ပါ။အကယ်၍သန့်ရှင်းသူများအားမတရားသောသူများကကွပ်မျက်ခြင်းကိုခွင့်ပြုမည်ဆိုပါကစာတန်နှင့်သူ၏ မတရားသောတမန်ထုကြီးကလည်းကောင်း၊ ဘုရားသခင်ကိုမုန်းတီးသောသူအားလုံးကလည်းကောင်း၊အကြိုက်တွေ့နေကြပေလိမ့်မည်ဟု ကျမမြင်တွေ့ရပါသည်။ ၎င်းအပြင်လွှတ်မြောက်ရေးအတွက် နောက်ဆုံးရုန်းကန်ရသည့်အချိန်ကာလတွင် သူတို့ချစ်မြတ်နိုးသည့်အရှင်ကြွလာတော်မူမည်ကို ထိုမျှလောက်ကြာမြင့်စွာစောင့်မျှော်နေသောသူများအပေါ် အာဏာတန်ခိုးရသွားမည်ဆိုပါကစာတန်၏ ဂုဏ်သရေမည်မျှကြီးမြတ်အောင်မြင်သွားပါလိမ့်မည်နည်း။သန့်ရှင်းသူများကောင်းကင်သို့ချီဆောင်ခြင်းကိုခံရကြလိမ့်မည်ဟုယုံကြည်ထားသည်ကို

ပြောင်လှောင်သူများအနေဖြင့်မိမိ၏လူများအားဘုရားသခင်သည်မည်မျှလောက်အရေးပေးတော်မူသည်ကိုလည်းကောင်း၊သူတို့အားဘုန်းကြီးစွာ ကယ်လွှတ်တော်မူသည်ကိုလည်းကောင်းကိုယ်တိုင်တွေ့မြင်ရကြပေလိမ့်မည်။

သန့်ရှင်းသူများမြို့ရွာတို့မှထွက်ခွာသွားကြသောအခါသူတို့အား အသေသတ်ရန်ရှာဖွေနေသောသူများကလိုက်ကြလေ၏။ သို့သော် ဘုရားသခင်၏လူများအား သတ်ဖို့မြှောက်လိုက်သောအခါ ဓါးလက်နက်များကျိုးပဲ့၍ကောက်ရိုးပမာအသုံးမဝင်တော့ဘဲမြေပေါ်သို့ကျသွားကြလေ၏။သန့်ရှင်းသူများအားကောင်းကင်တမန်များကဒိုင်းလွှားဖြင့်ကာဆီးထားကြပါသည်။ လွတ်မြောက်ရေးအတွက် နေ့ရောညပါသူတို့အော်ဟစ်အသနားခံကြသည့်အသံများသည် ထာဝရဘုရား၏အထံတော်သို့တိုင်အောင် တက်ကြလေပြီ။

ဆက်လက်လေ့လာရန်။ ကမ္ဘာ ၆း၄။ ၁၅း၂၄-၂၇။ဆာလံ ၉၁။ မသဲ ၂၀း၂၃။ ဗျာ ၁၃း၁၁-၁၇။

## အခန်း(၃၇) သန့်ရှင်းသူများ လွတ်မြောက်ခြင်း။

မိမိလူတို့အားလွတ်မြောက်ခွင့်ပေးရန် သန်းခေါင်ယံအချိန်ကို ဘုရားသခင်ရွေးချယ်တော်မူ၏။ မတရားသောသူများသည်သန့်ရှင်းသူတို့၏ဝန်းကျင်တွင် ပြက်ရယ်ပြုနေကြသောအချိန်၌ ရုတ်တရုတ်နေထွက်လာပြီးလျှင်အရှိန်ပြင်းစွာထွန်းတောက်လေ၏။လသည်လည်းရပ်တန့်နေလေ၏။မတရားသောသူများ အံ့အားသင့်၍ကြည့်နေကြ၏။သန့်ရှင်းသူများကမူတည်ငြိမ်သောဝမ်းမြောက်ခြင်းဖြင့်သူတို့အားလွတ်မြောက်ခွင့်ပေးမည်အမှတ်လက္ခဏာကိုကြည့်နေကြပါသည်။အံ့ဖွယ်နိမိတ်လက္ခဏာများတစ်ခုပြီးတစ်ခုလျင်မြန်စွာ ဆက်တိုက်ဖြစ်ပေါ်လာလေ၏တွေ့မြင်ရသမျှတို့သည်လည်း သဘာဝနှင့် ဆန့်ကျင်နေပုံပေါ်လေ၏။

ချောင်းရေမြောင်းရေများမစီးဆင်းတော့ဘဲ ရပ်တန့်နေကြလေ၏။ လေးလံမည်းမှောင်သောမိုးတိမ်များတက်လာကြပြီးလျှင် တစ်ခုနှင့်တစ်ခုအရှိန်အဟုန်ပြင်းစွာတိုက်ကြလေ၏။ သို့သော်မိုးတိမ်ကင်းစင်၍ ဘုန်းတော်တည်ရာကြည်လင်သည့်နေရာတစ်ရပ်မှသမုဒ္ဒရာရေသံကဲ့သို့ဘုရားသခင်၏အသံတော်ပေါ်ထွက်လာရာကောင်းကင်နှင့်မြေကြီးတုန်လှုပ်လေ၏။ကြီးစွာသောမြေငလျင်လည်းလှုပ်လေ၏။သင်္ချိုင်းများလည်းပွင့်ကြလေ၏။ တတိယကောင်းကင်တမန်၏သတင်းစကားကို ယုံကြည်ခံယူပြီးဥပုသ်နေ့ကိုစောင့်ထိန်းလျက် စုတေ့သောသူများသည်ကိုယ်တော်၏ပညတ်တော်များကိုစောင့်ထိန်းသူများနှင့်ဘုရားသခင်ဖွဲ့တော်မူမည့်ငြိမ်းချမ်းရေးပဋိညာဉ်ကိုကြားနာနိုင်ရန် မိမိတို့၏မြေအိမ်ရာအသီးသီးမှ နိုးထကြပြီးလျှင် ဘုန်းပွင့်ကြလေ၏။

ကောင်းကင်သည်ပွင့်လျှက်ပိတ်လျှက်တုန်လှုပ်လေ၏။လေတိုက်ရာတွင်ကျူပင်လှုပ်သည့်ပမာ တောင်များလှုပ်လေ၏။ထိုတောင်များ၊ကျောက်များပဲ့ထွက်၍ဝန်းကျင်တွင်လွင့်စင်ကြလေ၏။ပင်လယ်သည်လည်း ရေနွေးအိုးဆူသကဲ့သို့ပွတ်ဆူသဖြင့်ကုန်းပေါ်သို့ကျောက်တုံးများလွင့်စဉ်ကြလေ၏။ထို့နောက်ဘုရားသခင်သည် သခင်ယေရှုကြွလာတော်မူမည့်နေ့ရက်နှင့်အချိန်နာရီကိုမိန့်မြွက်တော်မူလျှက်မိမိ၏လူတို့အား ထာဝရပဋိညာဉ်ကိုကမ်းလှမ်းတော်မူသောအခါကိုယ်တော်သည်စကားတစ်ခွန်းမိန့်တော်မူပြီးတိုင်းရပ်ဆိုင်းနေစဉ်ထိုစကားလုံးများပဲ့တင်သံဟိန်း၍ကမ္ဘာအနှံ့အပြားသို့ရောက်လေ၏။ဘုရားသခင်၏ ဣသရေလလူမျိုးတို့သည်လည်းကောင်းကင်သို့မျှော်ကြည့်လျှက်မြေကြီးတစ်ပြင်လုံးတုန်လှုပ်သည့်တိုင်အောင် မိုးကြိုးသံပမာထွက်ပေါ်လာသည့် ယေဟောဝါ၏နှုတ်တော်ထွက်အမိန့်တော်ကိုစူးစိုက်နားထောင်နေကြပါသည်။ကြောက်မက်ဖွယ်ကောင်းလောက်အောင်တည်ငြိမ်လေးနက်လှပါ၏တကား။စကားတစ်ခွန်းမိန့်တော်မူပြီးတိုင်းသန့်ရှင်းသူများက “ဟာလေလုယာ။ဘုရားသခင်သည်ဘုန်းကြီးတော်မူသတည်း”ဟုကြွေးကြော်ကြပါသည်။မောရှေသည်သိနာတောင်ပေါ်မှဆင်းလာစဉ်ကသူမျက်နှာပေါ်တွင်ဘုရားသခင်၏ဘုန်းတော်ရောင်ခြည်သည်ထွန်းတောက်နေသကဲ့သို့သူတို့၏မျက်နှာများပေါ်တွင်လည်းထွန်းတောက်နေကြလေ၏။ထိုဘုန်းတော်ရောင်ကြောင့်မတရားသောများကသူတို့၏မျက်နှာများကိုမကြည့်နိုင်ကြပါ။ကိုယ်တော်၏ဥပုသ်နေ့ကိုသန့်ရှင်းစွာစောင့်ထိန်းခြင်းဖြင့်ဘုရားသခင်အားဂုဏ်ပြုသောသူများအပေါ်သို့ထာဝရကောင်းချီးမင်္ဂလာကိုသွန်းလောင်းတော်မူသောအခါသားရဲနှင့်သူ၏ရုပ်ထုကိုအောင်မြင်ကြောင်းအသံကျယ်စွာ ကြွေးကြော်ကြလေ၏။

ပြည်တော်တွင်နားနေကြရန်ထိုအချိန်မှအစပြု၍ယဘိလနှစ်သို့ရောက်လေ၏။ ဘုရားတရားကို ကိုင်းရှိုင်းသည့်ငွေဝယ်ကျွန်သည်အောင်ပွဲခံလျှက်ထမြောက်ပြီးမှ သူ့အားချည်နှောင်ထားသည့်သံကြိုးကို ခါချလိုက်ရာသူ၏ယုတ်မာသောသခင်အနေဖြင့်မည်သို့ပြုရမည်ကိုမသိသောကြောင့်စိတ်ရှုပ်ထွေးနေပုံကိုကျမရှုမြင်ခဲ့ရပါသည်။မတရားသောသူတို့အနေဖြင့် ဘုရားသခင်၏နှုတ်တော်ထွက်အမိန့်သံများကို နားမလည်နိုင်သောကြောင့်ဖြစ်ပါသည်။ မကြာမီဖြူစွတ်သောမိုးတိမ်တစ်ခုကိုတွေ့မြင်ရ၍လူသားသည်လည်းယင်းမိုးတိမ်ကြီးပေါ်တွင်ထိုင်လျှက်နေတော်မူ၏။

ထိုမိုးတိမ်ကြီးကိုဦးစွာပထမအဝေးမှစ၍မြင်ရစဉ်အလွန်မှပင်သေးငယ်လှပါသည်။သို့သော်ဂင်းမှာလူသားကြွလာတော်မူသည့်လက္ခဏာဖြစ်သည်ဟုကောင်းကင်တမန်ကပြောပါသည်။ဂင်းသည်ဤကမ္ဘာမြေကြီးနှင့်ပို၍နီးကပ်လာသောအခါအောင်ပွဲခံရန်အတွက်ဘုန်းတန်ခိုးအာနုဘော်အစုံအလင်နှင့်မိုးတိမ်ကိုစီးလျှက်ကြွလာတောမူသည့်မြတ်တော်မူသောသခင်ယေရှုအားကျမတို့ဖူးတွေ့ရကြပါသည်။သန့်ရှင်းသောကောင်းကင်တမန်အခြွေအရံများသည်ပြိုးပြိုးပြက်ပြက်နှင့်တောက်ပသည့်သရဖူများကိုဆောင်းလျှက် ကြွလာတော်မူရာလမ်းတစ်လျှောက်လုံးတွင်ကိုယ်တော်အားခြံရံလျှက်လိုက်လာကြပါသည်။ထိုဘုန်းကြီးတော်မူသည့်မြင်ကွင်းကိုမည်သည့်ဘာသာစကားနှင့်မျှမဖော်ပြနိုင်ပါ။အထူးမြတ်ဆုံးဖြစ် အသက်ရှင်သောထိုမိုးတိမ်ကြီးသည် ပို၍နီးကပ်လာသောအခါတင့်တယ်လှစွာကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံလျှက်ရှိသည်သာမက သခင်ယေရှုကိုယ်တော်တိုင် ထိုမိုးတိမ်ပေါ်တွင်မြတ်နိုးကြည်ညိုဖွယ်ရာထိုင်တော်မူလျှက်ကြွလာတော်မူသည်ကိုကျမဖူးမြင်ရပါသည်။ဆူးသရဖူမဟုတ်၊ ဘုန်းတော်သရဖူကိုသန့်ရှင်းတော်မူသည့်ခေါင်းတော်ပေါ်တွင်ဆောင်း၍ထားတော်မူ၏။ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်ဟုဘွဲ့နာမတော်သည်အဝတ်တော်၌လည်းကောင်း၊ ပေါင်းတော်၌လည်းကောင်းရေးထားလျှက်ရှိ၏။ မျက်နှာတော်သည်မွန်းတည့်နေကဲ့သို့ထွန်းတောက်လေ၏။မျက်စိတော်သည်လည်းမီးလျှံကဲ့သို့ဖြစ်၏။ခြေတော်သည်မီး၌ချွတ်ပြီးသောကြေးဝါစင်နှင့်တူ၏။အသံတော်သည်လည်းများစွာသောတူရိယာသံကဲ့သို့ဖြစ်၏။ ကိုယ်တော်၏ရှေ့တော်တွင်မြေကြီးတုန်လှုပ်လေ၏။မိုးကောင်းကင် သည်စာစောင်လိပ်ကဲ့သို့ လွင့်သွား၏။ တောင်များကျွန်းများအပေါင်းတို့သည်မိမိတို့နေရာအရပ်မှရွေ့ကြ၏။“လောကီဘုရင်မှူးမတ်၊စစ်သူကြီး၊သူဌေးသူကြွယ်၊ခွန်အားကြီးသောသူမှ ကျွန်များ၊လူလွတ်များအပေါင်းတို့သည် မြေတွင်း၌လည်းကောင်း၊ တောင်ပေါ်မှာရှိသော ကျောက်များ၌လည်းကောင်း၊ ပုန်းရှောင်လျှက်နေ၍ထိုတောင်များကျောက်များတို့ကိုခေါ်လျှက်ငါတို့အပေါ်သို့ကျကြပါ။ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောသူ၏မျက်နှာနှင့်သိုးသငယ်၏အမျက်တော်ကိုကာကွယ်၍ငါတို့ကိုဖုံးအုပ်ကြပါ။အမျက်တော်ထင်ရှားသောနေ့ကြီးရောက်ပါပြီတကား။အဘယ်သူခံရပ်နိုင်မည်နည်းဟု ပြောဆိုကြ၏။

ဘုရားသခင်၏သစ္စာရှိသော သားသမီးများအား ဤကမ္ဘာမြေကြီးပေါ်မှ အပြီးပြတ် သုတ်သင်ဖျက်ဆီးရန်မကြာသေးမီကကြံစည်သောသူတို့သည်ယခုအခါသစ္စာရှိသောသားသမီးများ၏အပေါ်၌ဘုရားသခင်၏ဘုန်းတော်ထွန်းတောက်နေပုံကိုသူတို့ကိုယ်တိုင်တွေ့မြင်နေကြပါသည်။ယင်းသို့တွေ့မြင်ရသည့်အတွက်ကြောက်လန့်တုန်လှုပ်လျှက်ရှိနေကြစဉ်“ကြည့်ရှုလော့။ဤအရှင်ကား ငါတို့မျှော်လင့်သောငါတို့၏ ဘုရားသခင်ပေတည်း။ငါတို့ကိုကယ်တင်တော်မူလိမ့်မည်”ဟု သန့်ရှင်းသူများကရွှင်မြူးဝမ်းသာစွာ ကြွေးကြော်ကြသည့်အသံများကို ကြားရကြလေ၏။ အိပ်ပျော်လျှက်ရှိသည့်သန့်ရှင်းသူများအားဘုရားသခင်၏သားတော်ကခေါ်ထုတ်တော်မူသည့်အသံကြောင့်ဤကမ္ဘာမြေကြီးသည်ပြင်းစွာတုန်လှုပ်လေ၏။ယင်းသို့ခေါ်ထုတ်တော်မူသည့်အသံကိုကြားရကြသောအခါသန့်ရှင်းသူများကလည်း“သေမင်းနှင့်မရဏာနိုင်ငံကိုအောင်ပြီး၊အောင်ပြီ”ဟူ၍လည်းကောင်း၊“အိုသေမင်း၊သင်၏လက်နက်သည်အဘယ်မှာရှိသနည်း၊အိုမရဏာနိုင်ငံ။သင်၏အောင်ခြင်းသည်အဘယ်မှာရှိသနည်း”ဟူ၍လည်းကောင်း၊မေးပြီးလျှင်မပုပ်မပျက်နိုင်သောဘဝသို့ဘုန်းကြီးစွာဖြင့်ပြောင်းလဲ၍ထွက်လာကြ၏။ထိုအခါအသက်ရှင်လျှက်ရှိသောသန့်ရှင်းသူများသည်လည်းထမြောက်သောသန့်ရှင်းသူများနှင့်ပူးပေါင်းပြီးလျှင်ဘဝင်ကျလျှက်အသံမြင့်ကာအောင်ပွဲခံသံများကိုကြွေးကြော်ကြပါသည်။သင်္ချိုင်းအတွင်းသို့ဆင်းသက်သွားကြသောခန္ဓာကိုယ်များသည်ပကတိကျန်းမာသန်စွမ်းလျှက်မဖေါက်ပြန်မပျက်စီးနိုင်သောခန္ဓာကိုယ်ဖြင့်ထွက်လာကြပါသည်။ထိုအခါအသက်ရှင်လျှက်ရှိသောသန့်ရှင်းသူများသည်လည်းတစ်ခဏချင်းတွင် မျက်စိတစ်မှိတ်၌ပြောင်းလဲခြင်းသို့ရောက်၍ ထမြောက်သောသန့်ရှင်းသူများတို့နှင့်အတူအာကာသကောင်းကင်၌ ဘုရားသခင်ထံတော်သို့ရောက်စေခြင်းငှါမိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကိုခံရကြလေ၏။ဘုန်းကြီးသောမိတ်ဆုံပွဲကြီးပါတကား။ သေခြင်းတရားကြောင့်ခွဲခွါခဲ့ရကြသောမိတ်ဆွေများ

ပြန်လည်တွေ့ဆုံကြလေပြီးနောက်တစ်ဖန်မည်သည့်အခါတွင်မျှ ခွဲခွာရကြတော့မည်မဟုတ်ပေ။

မိုးတိမ်ရထား၏နံဘေးတစ်ဖက်တစ်ချက်စီတွင် အတောင်များပါရှိပါသည်။၎င်းအတောင်အောက်တွင် အသက်ရှင်သောဘီးများရှိပါသည်။ မိုးတိမ်ရထားကြီးသည်ကောင်းကင်ပေါ်သို့ လိမ့်တက်သွားသောအခါထိုအသက်ရှင်သောဘီးများက"သန့်ရှင်းတော်မူ၏"ဟုကြွေးကြော်ကြပါသည်။အတောင်များလည်း လှုပ်ခတ်လျှက်ရှိ၏။ သန့်ရှင်းခြင်းရှိတော်မူ၏"ဟုဆက်၍ကြွေးကြော်ကြပါသည်။ မိုးတိမ်၏ဝန်းကျင်တွင် ဝန်းရံလျှက် လိုက်ပါသွားကြသည့်ကောင်းကင်တမန်များကလည်း"အနန္တတန်ခိုးနှင့်ပြည့်စုံ၍ပစ္စုပန်၊အတိတ်၊အနာဂါတ်ကာလအစဉ်ရှိတော်မူသောထာဝရဘုရားသည်သန့်ရှင်းတော်မူ၏။ထိုအခါမိုးတိမ်ပေါ်တွင်ရှိသောသန့်ရှင်းသူများကလည်း"ဟာလေလုယ၊ဘုရားသခင်သည်ဘုန်းကြီးတော်မူစေသတည်း"ဟုကြွေးကြော်ကြပါသည်။မိုးတိမ်ရထားကြီးသည်လည်းသန့်ရှင်းသောမြို့တော်ရှိရာကောင်းကင်သို့တလိမ့်လိမ့်တက်သွားလေ၏။ မြို့တော်တွင်းသို့မဝင်မီ သခင်ယေရှုကအလယ်မှရပ်တော်မူလျှက်သန့်ရှင်းသူများကကိုယ်တော်အားလေးတောင့်ကျကျဝန်းရံထားကြပါသည်။ သန့်ရှင်းသူများထက်လည်းကောင်း၊ကောင်းကင်တမန်များထက်လည်းကောင်း၊ကိုယ်တော်ကဦးခေါင်းနှင့်ပခုံးပို၍ မြင့်နေပါသည်။ကိုယ်တော်၏ကြီးမြတ်တော်မူသောပုံသဏ္ဍာန်တော်နှင့်မြတ်နိုးကြည်ညိုဖွယ်မျက်နှာတော်ကိုလေးထောင့်ကျကျရပ်နေကြသည့် သန့်ရှင်းသူအားလုံးက ကောင်းစွာဖူးတွေ့ရကြပါသည်။

ဆက်လက်လေ့လာရန်။ ၃ဓမ္မ ၂း၁၁။ ဟေရှာ ၂၅း၉။၁ကော ၁၅း၅၀-၅၅။၁သက်၆၄း၁၃-၁၇။ဗျာ ၁း၁၃-၁၆။၆း၁၄-၁၇။၁၉း၁၆။

## အခန်း (၃၈) သန့်ရှင်းသူတို့အတွက် ဆုမြတ်မင်္ဂလာ

မြောက်မြားလှစွာသောကောင်းကင်တမန်တို့သည် သန့်ရှင်းသူအပေါင်းတို့၏အမည်နာမတစ်ဦးစီကိုရေးထိုးထားသည့်ဂုဏ်ထူးဆောင်သရဖူများကိုကိုင်ဆောင်လျှက်မြို့တော်တွင်းမှထွက်လာကြသည်ကို ကျမမြင်တွေ့ရပါသည် ချစ်ခင်မြတ်နိုးဖွယ်သော သခင်ယေရှုသည်ရပ်တော်မူလျှက်သရဖူတစ်ခုစီကို မိမိလက်ယာလက်တော်ဖြင့်သန့်ရှင်းသူတို့အားတစ်ဦးပြီးတစ်ဦးကိုယ်တော်တိုင်ဆောင်းပေးတော်မူရာအသီးသီးကမ်းပေးကြပါသည်။ထိုနည်းတူ ကောင်းကင်တမန်တို့သည် စောင်းတော်များကိုလည်း ယူဆောင်လာကြပြီးလျှင် သခင်ယေရှုကိုယ်တော်တိုင်သန့်ရှင်းသူတစ်ဦးစီအား ချီးမြှင့်ပေးအပ်တော်မူပါသည်။ ထိုသို့ပေးအပ်တော်မူပြီးသောအခါ ကောင်းကင်တမန်ခေါင်းဆောင်များကတေးသီးချင်းကိုစတင်၍ တီးခတ်လိုက်ရာအားလုံးက အသံမြင့်လျှက်ကျေးဇူးတော်ကိုတစ်ပြိုင်နက်ချီးမွမ်းကြပါသည်။ဝမ်းမြောက်စွာထောမနာပြုကြပါသည်။စောင်းတော်များကိုလည်း လူတိုင်းက ကျွမ်းကျင်စွာလိုက်၍တီးခတ်ကြပါသည်။ကြွယ်ဝစုံလင်သည့်တူရိယာသံ၊သာယာငြိမ့်ညောင်းသည့်သီချင်းဆိုသံများ၊ ပွဲတင်ခတ်သွားပါသည်။ထို့နောက်ရွေးနုတ်ခြင်းခံရသူများအားမြို့တော်တံခါးသို့သခင်ယေရှုကိုယ်တော်တိုင်ခေါ်ဆောင်သွားသည်ကိုကျမမြင်တွေ့ရပါသည်။ကိုယ်တော်သည်ပြောင်လက်သောပတ္တာများဖြင့်တပ်ဆင်ထားသည့်မြို့တော်တံခါးကြီးများကိုကိုင်လျှက် ဆွဲဖွင့်လိုက်ပြီးလျှင် သမ္မာတရားတော်နှင့်အညီ အသက်ရှင်နေထိုင်ခဲ့ကြသော လူမျိုးနွယ်အပေါင်းတို့အားဝင်စေတော်မူ၏။ထိုမြို့၌ကြည့်ရှုစရာအပေါင်းတို့ဖြင့်စုံလင်၍ နေရာတိုင်း၌ ကြွယ်ဝသည့်ဘုန်းတော်အပြည့်ရှိနေပါသည်။ထို့နောက်သခင်ယေရှုသည် ရွေးနုတ်ခြင်းခံရသော သန့်ရှင်းသူများအားဂုဏ်ပြုတော်မူလျှက်သူတို့၏မျက်နှာပေါ်တွင်ဘုန်းတော်ရောင်ခြည်သည်ထွန်းတောက်နေသည်ကိုရှုစားတော်မူ၏။ထိုအခါ ကိုယ်တော်သည်မိမိလူတို့အားစိုက်၍ရှုစားတော်မူလျှက်"ငါတို့၏စိတ်ဝိညာဉ်ခံခဲ့ရသောဝေဒနာ၏အကျိုးကို ယခုငါကိုယ်တိုင်မြင်ရ၍အားရဝမ်းမြောက်လှပါ၏။ဤမျှလောက်ကြွယ်ဝသောဘုန်းစည်းစိမ်ကို ထာဝရကာလပတ်လုံးသင်တို့ခံစားကြကုန်လော့။သင်တို့၏ဝမ်းနည်းခြင်းများပြီးဆုံးလေပြီ။နောက်တစ်ဖန်မျက်ရည်မကျရအောင်သေဘေးမရှိ။စိတ်မသာညည်းတွားခြင်း၊အော်ဟစ်ခြင်း၊ပင်ပန်းခြင်းလည်းမရှိရ"ဟုသာယာချိုအေးသောအသံဖြင့်ကြည်ညိုဖွယ်ရာမိန့်တော်မူ၏။ရွေးနုတ်တော်မူခြင်းကိုခံရကြသည့်ပရိသတ်သည်လည်းကိုယ်တော်အားဦးညွတ်လျှက် မိမိတို့၏သရဖူများကိုချွတ်၍ကိုယ်တော်၏ခြေတော်ရင်းတွင်ချထားလိုက်ကြသောအခါ ကိုယ်တော်သည်ချစ်ဖွယ်သောလက်တော်ဖြင့်

အချက်ပြလိုက်ရာသူတို့အားလုံးထကြပြီးလျှင်စောင်းများကိုတီးလျှက် သိုးသငယ်တော်၏သီးချင်းများကိုသီဆိုကြရာ ကောင်းကင်တစ်ခွင်လုံးသည် ကြွယ်ဝသည့်တူရိယာသံ၊ သီချင်းသံတို့ဖြင့် ပြည့်လျှံ၍ သွားလေ၏။

ထို့နောက်သခင်ယေရှုသည် မိမိ၏လူတို့အား အသက်ပင်ရှိရာသို့ လမ်းပြခေါ်ဆောင်သွားတော်မူပြီးလျှင် “ဤအသက်ပင်၏အရွက်များသည်လူအမျိုးမျိုးတို့၏အနာရောဂါငြိမ်းစရာဖို့ဖြစ်၏။ အားလုံးယူ၍စားကြလော့”ဟု လူတို့ကြားရသမျှသောအသာယာဆုံးတူရိယာသံတော်ထက်ပို၍သာယာသောအသံနှင့်မိန့်တော်မူသည်၊အလှပဆုံးသောအသီးများအသက်ပင်ပေါ်တွင်သီးနေပါသည်။အမြင့်မြတ်ဆုံးသောပလ္လင်တော်သည်မြို့တော်အတွင်း၌တည်ရှိ၍ယင်းပလ္လင်တော်ထဲကကျောက်သလင်းပမာကြည်လင်သော အသက်စမ်းရေစီးဆင်းရာဖြစ်၏။တစ်ဖက်တစ်ချက်တွင်အသက်ပင်ရှိပါသည်။ယင်းမြစ်ကမ်းနှစ်ဖက်လုံးတွင်လည်းစားဖွယ်ကောင်းသော အသီးများသီးနေသည့် လှပသောအခြားအပင်များလည်းရှိနေပါသည်။ ဤသို့သောကောင်းကင်ရွှေမြို့တော်ကိုသရုပ်ဖော်ရန်လူတို့၏ဘာသာစကားဖြင့်မလုံလောက်ပါ။ ယင်းမြင်ကွင်းကျမရှေ့ပေါ်လာသောအခါအံ့သြ၍ မဆုံးပါ။ပြော၍မကုန်နိုင်သော ဘုန်းတန်ခိုးနှင့်ပြည့်စုံခမ်းနားသိုက်မြိုက်သော ယင်းမြင်ကွင်းနောက်သို့ မျှော်ပါသွားသဖြင့် ကျမ၏ကလောင်ကိုချထားလိုက်ပြီးလျှင်“ချစ်ခြင်းမေတ္တာတော်ပါတကား။ အံ့ဖွယ်သောမေတ္တာတော်ပါတကား”ဟုကျမ ကြွေးကြော်မိပါသည်။ကောင်းကင်ဘုံ၏ဘုန်းတန်ခိုးကြီးပုံကိုလည်းကောင်း၊အတုမရှိသောကယ်တင်ရှင်၏မဟာမေတ္တာတော်နက်ရှိုင်းပုံကိုလည်းကောင်း မည်သို့ပင်တင်စားချီးကျူးထားစေကာမူမလုံလောက်ပေ။

ဆက်လက်လေ့လာရန်။ ဟေရှာ ၅၃း၁၁။ဗျာ၂၀း၄။၂၂း၁-၂။

## အခန်း (၃၉) ဆိတ်သုန်းသောကမ္ဘာ။

ကောင်းကင်ရွှေမြို့တော်၏လှပတင့်တယ်ပုံကိုရှုမြင်ရပြီးနောက်ကမ္ဘာမြေကြီးပေါ်သို့ ပြန်လည်ကြည့်ရှုရာ မတရားသောသူတို့၏သက်မဲ့ကိုယ်ခန္ဓာများမြေပေါ်တွင် အတုံးအရုံးလဲနေကြပါသည်။ ကမ္ဘာသူကမ္ဘာသားများသည်ဘုရားသခင်၏အမျက်တော်ဖလားတည်းဟူသောဘေးဒဏ်ခုနှစ်ပါးကိုခံစားရသောအခါ အလွန်နာကျင်ခြင်းဝေဒနာကြောင့်အံသွားခဲကြိတ်လျှက်ဘုရားသခင်အားကျိန်ဆဲကြလေ၏။သိုးထိန်းအတုများသည် ဘုရားသခင်အမျက်ရှတော်မူ၏။ပစ်မှတ်များဖြစ်ခဲ့ရ၏။သူတို့ရပ်နေကြစဉ်သူတို့၏မျက်လုံးအိမ်ဟောက်ပက်လျှက်ရှိကာ ပါးစပ်၌လျှာများကိုမတွေ့ရပါ။သန့်ရှင်းသူများသည်ဘုရားသခင်၏အသံတော်အားဖြင့်လွတ်မြောက်ခြင်းသို့ရောက်ကြပြီးနောက်မတရားသောလူထုကြီးသည်သူတို့အချင်းချင်းတစ်ယောက်ကိုတစ်ယောက်အမျက်ဒေါသထွက်ကြ၏။ကမ္ဘာမြေကြီးသည်သွေးဖြင့်လွှမ်းနေပုံရှိ၍သေသောသူတို့၏ အလောင်းများသည်လည်း မြေကြီးတစ်စွန်းမှတစ်စွန်းတိုင်အောင် ပြည့်လေ၏။

ကမ္ဘာမြေကြီးတစ်ခုလုံးတွင်လူနေအိမ်ခြေမရှိတိတ်ဆိတ်သောတောကြီးကန္တာရကဲ့သို့ ဖြစ်လေ၏။ မြို့ကြီးမြို့ငယ်ရွာကြီးရွာငယ်တို့သည်မြေငလျင်ဒဏ်ကြောင့်ပြိုလဲပျက်စီး၍ အစုလိုက်အပုံလိုက်ဖြစ်နေကြလေ၏။တောင်ကြီးများနေရာရွှေ့လျှက်သူတို့နေရာတွင်လိုဏ်ခေါင်းများဖြစ်လျှက်ကျန်ရစ်နေကြ၏။ပင်လယ်ထဲမှလွင့်စဉ်ထွက်လာသောကျောက်ဆောင်များ၊မြေကြီးမှ ကွဲထွက်သောကျောက်တုံးများသည် မြေကြီးတစ်ပြင်လုံး၌ ကစဉ့်ကလျားဖြစ်နေကြလေ၏။သစ်ပင်ကြီးများအမြစ်မှကျွတ်၍ပြန့်ကျဲနေလေ၏။ဤသည်ကားစာတန်နှင့်သူ၏မတရားသောတမန်များအနှစ်တစ်ထောင်ကာလပတ်လုံးနေထိုင်ရမည့်အိမ်ဂေဟာဖြစ်လေ၏။ဤသို့ထိုးချုပ်ထားခြင်းခံရသော စာတန်နှင့်သူ၏ကောင်းကင်တမန်များသည် ပျက်စီးယိုယွင်းနေသောကမ္ဘာမြေပြင်၌ အထက်အောက်စုန်ဆန်လှည့်လည်လျှက်ဘုရားသခင်၏ ပညတ်တော်ချိုးဖေါက်သည့်ရလဒ်ကို သူကိုယ်တိုင်ရှုစားလျှက်နေရလေ၏။ သူ၏လုပ်ရပ်အတွက်အကျိုးသက်ရောက်မှုတည်းဟူသောကျိန်ခြင်းအမင်္ဂလာကိုအနှစ်တစ်ထောင်ပတ်လုံးအားရပါးရခံစား၍ နေရပေလိမ့်မည်။အခြားသောကမ္ဘာများသို့လှည့်လည်သွားလာခွင့်မရှိ။ ဤအနှစ်တစ်ထောင်အချိန်ကာလအတွင်းစာတန်ပြင်းထန်စွာခံစားရလေ၏။သူကိုယ်တိုင်ကျဆုံးခဲ့ချိန်မှအစပြု၍သူ၏လုပ်ရပ်ပေါင်းစုံ ကိုပြန်ပြောင်းအောက်မေ့သတိရလျှက် ကြောက်မက်ဖွယ်ကောင်းလှသော အနာဂါတ်ကိုမျှော်မှန်း၍လည်းကောင်း၊ မိမိမတရားပြုခဲ့သမျှအ

တွက်ခံစားရမည့်ပြစ်ဒဏ်ကိုမျှော်မှန်း၍လည်းကောင်း၊ သူအစပျိုးခဲ့သည့် အတိုင်းဆက်တိုက်ကျူးလွန်ခဲ့သမျှသော ဒုစရိုက်ရှိသမျှအတွက် သူ့အပေါ်ကျရောက်တော့မည့် ပြစ်ဒဏ်များကို မျှော်မှန်း၍လည်းကောင်း၊ ကြောက်လန့်တုန်လှုပ်လေ၏။

ထို့နောက်ထောင်သောင်းမကသောတူရိယာများ၏အသံနှင့်တူသောရွှေးနှုတ်ခြင်းများ၏အောင်ပွဲခံသံများကိုကျမကြားရပါသည်။သူတို့သည်မည်သည့်အခါမျှ စာတန်၏နှောင့်ယှက်ခြင်း၊ ဖြားယောင်း သွေးဆောင်ခြင်းများကိုခံရကြတော့မည်မဟုတ်ပါ။ အခြားသောကမ္ဘာသူကမ္ဘာသားမှလည်းစာတန်၏နှောက်ယှက်ခြင်းနှင့် ဖြားယောင်းသွေးဆောင်ခြင်းမှ လွတ်မြောက်ပြီးဖြစ်လေပြီ။

ထို့နောက်ပလ္လင်များပေါ်တွင် သခင်ယေရှုနှင့်ရွှေးနှုတ်ခြင်းခံရကြသူများနေထိုင်ကြသည်ကိုလည်းကောင်း၊ သန့်ရှင်းသူများသည်ရှင်ဘုရင်များဘုရားသခင်၏ယဇ်ပုရောဟိတ်မင်းများအဖြစ် စိုးစံနေကြသည်ကိုလည်းကောင်း ကျမမြင်တွေ့ရပါသည်။ခရစ်တော်သည်မိမိ၏လူများနှင့်အတူပူးပေါင်း၍ သေလွန်ပြီးသည့် မတရားသောသူများအားတရားစီရင်တော်မူ၏။ထိုသို့စီရင်ကြရာတွင်သူတို့ပြုခဲ့သမျှကိုဥပဒေပညတ်တည်းဟူသော နှုတ်ကပတ်တော်နှင့်နှိုင်းယှဉ်လျှက်အမှုတစ်ခုစီကိုသူတို့၏ကိုယ်ကျင့်တရားနှင့် လျှော်ညီစွာစီရင်ချက်ချမှတ်တော်မူ၏။ထို့နောက်ထိုမတရားသောသူများအားသူတို့ကျူးလွန်ခဲ့သည့် အပြစ်များနှင့်ထိုစီရင်ချက်ကိုသူတို့၏အမည်များနှင့်ယှဉ်၍မရဏာစာစောင်တွင်မှတ်တမ်းတင်ထားကြပါသည်။စာတန်နှင့်တကွ သူ၏တမန်များကိုလည်းသခင်ယေရှုနှင့်သန့်ရှင်းသူများကတရားစီရင်ကြပါသည်။စာတန်ကျရောက်ခံစားရမည့်ပြစ်ဒဏ်မှာသူ၏လိမ်လည်မှုကြောင့်ဒုစရိုက်ပြုခဲ့သူများထက်အဆပေါင်းများစွာပိုပါသည်။မည်မျှပို၍ခံစားရမည်ဆိုသည်ကိုမူကားထိုသူများခံစားရကြမည့်ပြစ်ဒဏ်များနှင့်နှိုင်းယှဉ်၍ပင်မဖြစ်နိုင်ပါ။ သူ၏လိမ်လည်မှုကြောင့် ဒုစရိုက်ပြုသူများပျက်စီးခြင်းသို့ရောက်ကြပြီးနောက် စာတန်သည်ဆက်လက်အသက်ရှင်လျှက် ကြာမြင့်စွာခံစားနေရပေလိမ့်ဦးမည်။

သေလွန်သည့်မတရားသောသူများအား တရားစီရင်၍ ပြီးဆုံးသည့်အနှစ်တစ်ထောင်ကုန်ဆုံးချိန်တွင်သခင်ယေရှုသည်မြို့တော်မှထွက်ခွာတော်မူသောအခါ သန့်ရှင်းသူများနှင့်ကောင်းကင်တမန်တပ်တော်ကြီးကနောက်မှစီတန်းလျှက်လိုက်ပါသွားကြပါသည်။သခင်ယေရှုသည်ကြီးမားလှသောတောင်ကြီးတစ်တောင်ပေါ်သို့ ဆင်းသက်တော်မူရာကိုယ်တော်၏ခြေတော်နှင့်ထိသည်နှင့်တပြိုင်နက်ထိုတောင်ကြီးထက်ခြမ်းခွဲ၍လွင်ပြင်ကြီးဖြစ်လေ၏။ထိုအချိန်တွင်ကျမတို့မော့၍ကြည့်ရာ အုတ်မြစ်တစ်ဆယ့်နှစ်ခု၊ တံခါးတစ်ပေါက်တွင် ကောင်းကင်တမန်တစ်ပါးစီရပ်လျှက် လှပတင့်တယ်သည့်မြို့တော်ကြီးကိုကျမတို့မြင်တွေ့ရပါသည်။ ထိုအခါ ကျမတို့သည်လည်း “မြို့တော်ကြီး၊ ကြီးမြတ်တော်မူသည်၊မြို့တော်ကြီး၊ကောင်းကင်ဘုံဘုရားသခင်ထံတော်မှဆင်းသက်လာနေပြီး”ဟုကြွေးကြော်ကြပါသည်။ထိုမြို့တော်ကြီးသည်ခမ်းနားသိုက်မြိုက်စွာဘုန်းတော်ရောင်ထွန်းတောက်လျှက်ဆင်းသက်လာပြီးလျှင်သခင်ယေရှုပြုပြင်ထားတော်မူသည့် ထူးမြတ်သောလွင်ပြင်ပေါ်တွင် တည်နေလေ၏။

ဆက်လက်လေ့လာရန်။ ဇာခရိ ၁၄း၄-၁၂။ ဗျာ ၂၀း၂-၆။ ၂၀း၁၂။ ၂၁း၁၀-၂၇။

## အခန်း (၄၀) ဒုတိယအကြိမ် ထမြောက်ခြင်း။

ထို့နောက်သခင်ယေရှုနှင့်သန့်ရှင်းသောကောင်းကင်တမန်အခြွေအရံများ၊ရွေးချယ်ခြင်းခံရသောသန့်ရှင်းသူများအပေါင်းတို့သည်ရွှေမြို့တော်မှထွက်ခွာသွားကြပါသည်။ကောင်းကင်တမန်များကသခင်ယေရှုအားလမ်းခရီးတစ်လျှောက်ဝန်းရံစောင့်ကြပ်လျှက်သန့်ရှင်းသူများကနောက်မှစီတန်းကာလိုက်ပါလာကြပါသည်။ထို့နောက်သခင်ယေရှုသည်သေလွန်သောမတရားသူတို့အားအလွန်ကြောက်ရွံ့တုန်လှုပ်ဖွယ်သောဘုန်းတန်ခိုးအာနုဘော်ဖြင့် ခေါ်ထုတ်တော်မူ၏။ထိုသူတို့သည်လည်းယခင်အချိန်၌အတွင်းသို့သက်ဆင်းခဲ့ရကြသည့်အတိုင်းနာမကျန်းသည့်ဖြူဖပ်ဖြူရော်သော ခန္ဓာကိုယ်များဖြင့်ပင် နိုးထလာကြပါသည်။ မြင်ရပုံမသက်သာ၊ မြင်ကွင်းဆိုးလှပါတကား။ပထမထမြောက်ချိန်ကလူတိုင်းမပုပ်မပျက်နိုင်သောခန္ဓာကိုယ်ဖြင့်ရှင်လန်းစွာရှင်ပြန်ထမြောက်လာကြပါသည်။သို့သော်ဒုတိယအကြိမ်ထမြောက်ချိန်တွင်မူကျိန်ခြင်းအမင်္ဂလာလက္ခဏာမှာလူတိုင်းတွင်ပေါ်လွင်နေပါသည်။ဤလောက၏ရှင်

ဘုရင်များနှင့်ဂုဏ်အသရေကြီးသူများ၊ယုတ်ညံ့သူများနှင့်နှိမ့်ကျသူများ၊ပညာရှိသူများနှင့်ပညာမဲ့သူများအားလုံးအတူတကွထမြောက်လာကြပါသည်။ သားတော်ကိုလူတိုင်းဖူးတွေ့ရကြပါသည်။ ကိုယ်တော်သည် ဘုန်းတန်ခိုးအာနုဘော်ကို လူတိုင်းဖူးတွေ့ရကြပါသည်။ ကိုယ်တော်သည် ဘုန်းတန်ခိုးအာနုဘော်နှင့် ပြည့်စုံသည့် ဘုရင်ကြီးဖြစ်ကြောင်းကိုယ်တော်အားမထီမဲ့မြင်ပြုသူများ၊ပြက်ရယ်ပြုသူများ၊ဆူးရစ်သရဖူကိုမြတ်တော်မူသောဦးခေါင်းပေါ်တွင်ဆောင်းပေးသူများကျူရိုးဖြင့်ရိုက်သူများမှအစအားလုံးသောသူတို့သည်ကိုယ်တော်အားဖူးတွေ့ရကြပါသည်။ ကိုယ်တော်အားတရားစီရင်နေချိန်ကတံတွေးနှင့်ထွေးခဲ့သောသူများသည်ယခုအခါ ကိုယ်တော်၏ဘုန်းကြီးတော်မူသောမျက်နှာတော်မှလွှဲ၍နေကြလေ၏။စူးရှစွာစိုက်ကြည့်နေတော်မူသည့်ကိုယ်တော်၏မျက်နှာတော်ကိုလည်းမကြည့်ဝံ့ကြချေ။လက်ဝါးကပ်တိုင်ပေါ်တွင်ကွပ်မျက်ခြင်းခံရစဉ်ကိုယ်တော်၏ လက်တော်နှင့်ခြေတော်တို့ကိုသံနှင့်ရိုက်သူများသည်ယခုအခါ ဒဏ်ရာဒဏ်ချက်များကို တွေ့မြင်နေရကြ၏။ကိုယ်တော်၏နံဘေးတော်ကို လှံနှင့်ထိုးဖေါက်ခဲ့သော အမှတ်အသားကို မြင်နေကြ၏။ ကိုယ်တော်သည် သူတို့ကိုယ်တိုင် လက်ဝါးကပ်တိုင်ပေါ်သို့ တင်ခဲ့သူဖြစ်ကြောင်းအသက်တော်ကိုစွန့်လွှတ်ရန်ငြီးတော်မူသောအခါဒုက္ခဝေဒနာကိုခံစားနေရတော်မူစဉ်သူတို့ပြက်ရယ်ပြုခဲ့ကြသူဖြစ်ကြောင်းယခုသူတို့ကိုယ်တိုင်တွေ့သိကြလေ၏။ထိုအခါထိုလူအုပ်ကြီးထဲမှပြင်းစွာစိတ်ဒုက္ခကိုယ်ဒုက္ခခံရသည့်ညည်းတွားမြည်တမ်းသံကြီးရှည်လျားစွာပေါ်ထွက်လာပြီးလျှင်ဘုရင်တကာတို့၏ဘုရင်၊အရှင်တကာတို့၏အရှင်ထံတော်မှ ပုန်းရှောင်၍ နေရန်ထွက်ပြေးကြလေ၏။

တစ်ချိန်ကသူတို့မထီမဲ့မြင်ပြုခဲ့ကြသည့်ကိုယ်တော်၏ကြောက်ရွံ့တုန်လှုပ်ဖွယ်သော ဘုန်းတန်ခိုးတော်မှအကာအကွယ်ရရှိရေးအတွက်ပုန်းအောင်းရန် လူတိုင်းကျောက်ငူကျောက်တောင်များကိုသာ ရှာဖွေနေကြပါသည်။ ကိုယ်တော်၏ထူးကဲသောဘုန်းတန်ခိုးအာနုဘော်လွှမ်းမိုးခြင်းကြောင့်နာကျင်ခြင်းဝေဒနာကိုခံစားနေရသောသူများသည်သူတို့၏အသံကိုမြင့်၍“ထာဝရဘုရား၏အခွင့်နှင့်ကြွလာတော်မူသောသူတို့သည်မင်္ဂလာရှိနေသတည်း”ဟုကြည်လင်ပြတ်သားသောအသံဖြင့် ကျယ်လောင်စွာ တစ်ညီတစ်ညွတ်တည်းကြွေးကြော်ကြလေ၏။

ထို့နောက်မှသခင်ယေရှုနှင့်သန့်ရှင်းသောကောင်းကင်တမန်တို့သည်သန့်ရှင်းသူများလိုက်ပါလျှက်မြို့တော်ဆီသို့ထွက်ခွာသွားကြသောအခါပြစ်ဒဏ်ကျခံရသည့်မတရားသောသူတို့၏ပြင်းထန်စွာ ငိုကြွေးမြည်တမ်းသံများကိုလည်းနေရာတကာမှကြားနေရပါသည်။ထိုအချိန်တွင်စာတန်သည်သူ၏ လက်အောက်ခံဘက်တော်သားများအားလိုက်လံကြည့်ရှုစစ်ဆေးလျှက် အင်အားကုန်ခန်းနွမ်းနယ်နေသူများကိုလည်း အားသစ်လောင်းပေးလျှက်သူကိုယ်တိုင်နှင့်တကွသူ၏တမန်များ တန်ခိုးကြီးမားကြောင်းကိုဝါဒဖြန့်လျှက် သူ၏လုပ်ငန်းကိုအသစ်တစ်ဖန်အစပြုပြန်သည်ကိုကျမမြင်တွေ့ရပါသည်။ သန်းပေါင်းမရေမတွက်နိုင်လောက်အောင် များပြားစွာထမြောက်လာကြသောသူများကိုလည်းလက်ညှိုးညွှန်ပြလိုက်ပါသေး၏။ထိုသူတို့တွင်လည်းတိုင်းနိုင်ငံများကို အောင်မြင်စွာသိမ်းယူခဲ့ဖူးသည့်တန်ခိုးကြီးသောဘုရင်ကြီးများ၊စစ်ပွဲများတွင်ကျွမ်းကျင်၍ခွန်အားကြီးမားသောစစ်သူကြီးများ၊ အမြောက်အမြားပါဝင်ကြ၏။စစ်ပွဲတစ်ပွဲကိုမျှမရှုံးခဲ့ဖူးသည့်အလွန်ထွားကြိုင်း၍ရဲစွမ်းသတ္တိအပြည့်အဝရှိသူများလည်းပါဝင်ကြ၏။ချဉ်းကပ်လာကြောင်းကိုကြားရလျှင်တိုင်းနိုင်ငံများကကြောက်လန့်တုန်လှုပ်ရသော အထူးတလည်ထင်ပေါ်၍မာန်မာနထောင်လွှားသောနပိုလျံတစ်ယောက်လည်း သူတို့၏ ပရိသတ်ထဲတွင်ပါလာခဲ့၏။ အောင်နိုင်လိုစိတ်ပြင်းပြလျှက်တိုက်ပွဲဝင်စဉ်ကျဆုံးသွားကြသည့်ဥပမိရပ်ကောင်း၍ဂုဏ်မောက်သူ၊ ဟိတ်ဟန်ကြီးသူများလည်းသချိုင်းအသီးသီးမှနိုးထလာကြကာသေဆုံးသွားကြသည့်အချိန်က ရပ်စဲခဲ့ရကြသည့်အတွေးအခေါ်များကိုပင်ပြန်လည်ကောက်ယူလျှက်ထွက်လာကြပါသည်။သူတို့သည်အနိုင်ရလိုသောစိတ်ဓါတ်များရှိကြသည်ဖြစ်ရာယင်းစိတ်ဓါတ်များနှင့်ပင်ထမြောက်လာကြပါသည်။ စာတန်သည်လည်း သူ၏တမန်များနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ထိုရှင်ဘုရင်ကြီးများအောင်နိုင်သောသူများတန်ခိုးကြီးသောသူအားလုံးတို့နှင့်လည်း ဆက်လက်ဆွေးနွေးလေ၏။ ထို့နောက်ကြီးမားကျယ်ပြောလှသည့်သူ၏မဟာစစ်တပ်ကြီးကိုအပေါ်မှဆီး၍ ရှုစားလျှက် မြို့တွင်း၌ရှိသောစစ်တပ်မှာ အလွန်ပင်သေးလှကြောင်း ခွန်အားနည်းလှကြောင်းထို့ကြောင့် ယင်းမြို့တော်ကိုအလွယ်တကူသိမ်းယူပြီးလျှင်မြို့သူမြို့သားများကိုနှင်ထုတ်လျှက်မြို့တော်၏ကြွယ်ဝခြင်းနှင့် ဘုန်းစည်းစိမ်များကို သူတို့သိမ်းယူကြမည်ဖြစ်ကြောင်း ပြောပြလိုက်ပါသည်။

သူတို့အားလှည့်ဖြားရာတွင်စာတန်အောင်မြင်လေသောကြောင့် သူတို့အားလုံးစစ်ပွဲဝင်ရန် ချက်ခြင်းပင်ပြင်ဆင်ကြလေ၏။ထိုမျှလောက်ကြီးမားသောမဟာစစ်တပ်ကြီးတွင်ကျွမ်းကျင်သောစစ်သူကြီးများမြောက်မြားစွာပါ

ဝင်နေသည့်အလျှောက်စစ်သုံးကိရိယာ တန်ဆာပလာမျိုးစုံကိုတီထွင်ပြုလုပ်နေကြပါသည်။ ၎င်းတို့နောက်မှလူထုကြီးကအုပ်စုဖွဲ့၍ထပ်ဆင့်လိုက်လာကြပါသည်။အုပ်စုကြီးတွင်ခေါင်းဆောင်တစ်ဦးကအကြီးအမှူးပြုလျှက်မညီမညာသောလွင်ပြင်မှစည်းကမ်းသေဝပ်စွာ သန့်ရှင်းသောမြို့တော်သို့ချီတက်လာကြပါသည်။ သခင်ယေရှုသည်မြို့တော်၏တံခါးကြီးများကိုပိတ်တော်မူလိုက်သောအခါ ထိုမဟာစစ်တပ်ကြီးကပြင်းထန်စွာတိုက်ပွဲဝင်ရကြတော့မည်ဟုအထင်နှင့်စစ်ခင်းကျင်းလိုက်ကြပါသည်။ သခင်ယေရှုကိုယ်တော်တိုင်နှင့်တကွ ကောင်းကင်တမန်ဗိုလ်ခြေများသည် သန့်ရှင်းသူအပေါင်းနှင့်အတူပြိုးပြိုးပြက်ပြက်သော သရဖူများကို ဆောင်းလျှက်မြို့ရိုးပေါ်သို့ တက်ကြလေ၏။ထိုအခါသခင်ယေရှုက“ဒုစရိုက်သားအပေါင်းတို့၊ဖြောင့်မတ်သောသူတို့၏ ဆုမင်္ဂလာကိုကြည့်ရှုကြလော့။ငါ၏ရွေးနှုတ်ခြင်းကိုခံရသောသူတို့၊မတရားသောသူတို့၏ ဆုလာဒ်ကိုကြည့်ကြလော့”ဟုမိန့်တော်မူ၏။ကြီးမားလှသောလူထုကြီးသည်လည်း မြို့ရိုးပေါ်ရှိ ဘုန်းကြီးသောလူထုပရိသတ်ကြီးကို ရှုမြင်ရကြလေ၏။သိုက်မြိုက်ခမ်းနားလှစွာပြိုးပြက်သောသရဖူများကို ဆောင်းပြီးလျှင်သူတို့၏ မျက်နှာများတွင်ဘုန်းတော်ရောင်ခြည်ထွန်းတောက်လျှက်သခင်ယေရှု၏ပုံသဏ္ဍာန်တော်ကိုရောင်ပြန်ဟပ်နေသောမြို့တော်သားတို့အားသူတို့ကိုယ်တိုင်တွေ့မြင်ရကြလေ၏။ ထို့မှမကဘုရင်တကာတို့၏ဘုရင်၊အရှင်တကာတို့၏အရှင်သည်အတုမရှိသောဘုန်းတော်နှင့်တကွမြင့်မြတ်တော်မူကြောင်းကိုသူတို့ဖူးတွေ့ရကြသောအခါသူတို့၏ရဲစွမ်းသတ္တိများပျောက်လေ၏။ သူတို့ဆုံးရှုံးခဲ့ရသောဘဏ္ဍာရတနာနှင့်ဘုန်းစည်းစိမ်ကြီးကိုအာရုံစိုက်မိကြသောအခါအပြစ်တရား၏အခကားသေခြင်းတကားဟုသူတို့သဘောပေါက်ကြလေ၏။သူတို့ထီမဲ့မြင်ပြုခဲ့ကြသည့် သန့်ရှင်းပျော်ရွှင်သောလူစုသည် ဘုန်းစည်းစိမ်ဂုဏ်အသရေမပုပ်မပျက်နိုင်သောခန္ဓာကိုယ်နှင့်ထာဝရအသက်ကို ယူတင်ဝတ်ဆောင်လျှက်ရှိပြီးလျှင် သူတို့မှာမူကား စပ်ဆုပ်ရွံ့ရှာဖွယ်ရှိသမျှနှင့် ဝန်းရံလျှက်မြို့တော်၏ အပြင်ဖက်တွင်နေရစ်ခဲ့ရကြလေ၏။

ဆက်လက်လေ့လာရန်။ မဿဲ ၂၃း၂၉။ ဗျာ ၆း၁၅-၁၆။ ၂၀း၇-၉။ ၂၂း၁၂-၁၅။

## အခန်း (၄၁) ဒုတိယသေခြင်း

စစ်ပွဲစတင်ရန်စာတန်ကိုယ်တိုင်ပြင်းထန်သောအရှိန်အဟုန်ဖြင့်မိမိနောက်လိုက်များအား လိုက်လံဆော်သြနေပါသည်။သို့သော်ဘုရားသခင်၏အသံတော်မှာကောင်းကင်မှဆင်းသက်၍ထိုလူအပေါင်းတို့အပေါ်သို့မီးမိုးကြီးရွာလေ၏။ တန်ခိုးကြီးသောလူများ၊ ထူးချွန်သောလူများ၊ဂုဏ်သရေကြီးသောသူများ၊ဆင်းရဲငြိုငြင်သောသူများ၊အားလုံးသောလူတို့ကိုအတူတကွလောင်ကျွမ်းလေ၏။အချို့သောလူများ အလျင်အမြန်မီးလောင်ကျွမ်းသွားသော်လည်းအချို့သောသူများမှာပို၍ကြာရှည်စွာခံစားနေရပုံကို ကျမမြင်တွေ့ရပါသည်။ မိမိတို့၏ကိုယ်ကျင့်တရားနှင့်လျော်ညီစွာပြစ်မှုအလိုက်ပြစ်ဒဏ်ခံရကြပါသည်။အချို့သောသူများမှာရက်ပေါင်းများစွာလောင်ကျွမ်းခြင်းကို ခံနေရလျှက်သူတို့၏ခန္ဓာကိုယ်အစိတ်အပိုင်းရှိသမျှကိုလောင်ကျွမ်း၍မကုန်မဆုံးမီတိုင်အောင်သူတို့ကိုယ်တိုင် ဝေဒနာခံစားနေကြပါသည်။“ပိုးမသေမီးမငြိမ်းရာ၊စိုးစဉ်းမျှလောင်စာရှိနေသမျှကာလပတ်လုံးသူတို့မီးမငြိမ်းရာ”ဟုကောင်းကင်တမန်ကပြောပါသည်။

စာတန်နှင့်သူ၏တမန်များကြာရှည်စွာဝေဒနာခံစားနေရကြပါသည်။စာတန်သည် မိမိဝန်ကိုသာ ထမ်းရသည်မဟုတ်၊မိမိပြုသောဒုစရိုက်အတွက်ပြစ်ဒဏ်ကိုခံရသည်သာမကရွေးနှုတ်ခြင်းခံရသည့်လူထုကြီး၏အပြစ်များကိုလည်း သူ၏အပေါ်သို့လွှဲပြောင်းပြီးဖြစ်သောကြောင့် သူပင်ခံရ၏။ ထို့မှမက သူကြောင့်ဆုံးရှုံးသွားသမျှသောအသက်ဝိညာဉ်တို့၏အပြစ်များအတွက်ကိုလည်းသူပင်ခံရပြန်၏။ထို့နောက်စာတန်နှင့်မတရားသော သူအပေါင်းတို့လောင်ကျွမ်းခြင်းသို့ ရောက်ကြပြီးလျှင် ဘုရားသခင်၏တရားမျှတမှုအတွက် ကျေနပ်ကြသည်ကိုလည်းကောင်း၊ကောင်းကင်ဗိုလ်ခြေများ၊ရွေးနှုတ်ခြင်းခံရသည့်သန့်ရှင်းသူအပေါင်းတို့က“အာမင်”ဟုအသံကျယ်စွာကြွေးကြော်ပုံကိုလည်းကောင်း၊ ကျမမြင်ရပါသည်။

“စာတန်သည်အမြစ်ဖြစ်၏။သူ၏သားသမီးများသည်အခက်များဖြစ်ကြ၏။ယခုတွင်အမြစ်နှင့်တကွအခက်

များ လောင်ကျွမ်းကြလေပြီ။ထာဝရသေခြင်း၌ သူတို့သေကြလေပြီးမည်သည့်အခါမျှ မထမြောက်ရကြတော့ပေ။ ဘုရားသခင်၏စကြာဝဠာကြီးသန့်ရှင်းလေပြီး”ဟု ကောင်းကင်တမန်က ပြောပါသည်။ ထို့နောက်ကျမကြည့်လိုက်သောအခါ မတရားသောသူများအားလောင်ကျွမ်းခဲ့သည့်မီးလျံသည်ကမ္ဘာကြီးတစ်ခုလုံးသန့်စင်ခြင်းသို့ရောက်လေအောင်အမှိုက်သရိုက်ရှိသမျှကို ဆက်လက်လောင်ကျွမ်းနေပါသည်။ နောက်တစ်ကြိမ်ပြန်၍ကြည့်လိုက်သောအခါကမ္ဘာကြီးသန့်စင်ပြီးဖြစ်သည်ကိုကျမမြင်တွေ့ရပါသည်။ကျိန်ခြင်းအမင်္ဂလာ၏လက္ခဏာတစ်စုံတစ်ခုမျှမရှိတော့ချေ ကျိုးပဲ့ကြေမွ၊မညီညာခဲ့သောကမ္ဘာမြေမျက်နှာပြင်ကြီးသည်ယခုအခါပြန်၍ ကျယ်ဝန်းညီညာခြင်းသို့ရောက်လေပြီ။ ဘုရားသခင်၏စကြာဝဠာကြီးတစ်ခုလုံးသန့်ရှင်းလေပြီး။ကျမတို့တွေ့သမျှမည်သည့်နေရာမည်သည့်အရာမဆိုလှပတင့်တယ်လှပါ၏။သန့်ရှင်းလှပ၏။ထို့နောက်ရွေးနှုတ်ခြင်းခံရသူအပေါင်း၊လူကြီးလူငယ်လူရွယ်လူလတ်ကြီးသောသူ၊ငယ်သောသူအားလုံးတို့သည်မိမိတို့၏ပြိုးပြက်သောသရဖူများကိုရွေးနှုတ်ရှင်၏ခြေတော်ရင်း၌ ချထားပြီးလျှင် အလွန်ရိုကျိုးစွာပြပ်ဝပ်လျှက်ကမ္ဘာအဆက်ဆက်အသက်ရှင်တော်မူသည့်အရှင်ကိုကြည်ညို၊သဒ္ဒါမြတ်နိုးစွာဖြင့်ကိုးကွယ်ကြလေ၏။ဘုန်းအသရေကြီးမြတ်၍ရှုမငြီးအောင်တင့်တယ်သောကမ္ဘာသစ်ကြီးကိုသန့်ရှင်းသူများသည်ထာဝရအမွေခံရကြလေပြီး။ကောင်းကင်တစ်ခွင်လုံးအောက်တွင်ကြီးမြတ်တော်မူသည့် နိုင်ငံတော်ကိုအမြင့်ဆုံးသောအရှင်၏သန့်ရှင်းသူများအားပေးအပ်တော်မူ၏။ထိုနိုင်ငံတော်အချုပ်အခြာအာဏာကိုလည်းပေးအပ်တော်မူ၏။သူတို့သည်လည်း ကမ္ဘာအဆက်ဆက်ထာဝရကာလပတ်လုံးပိုင်စိုးကြလေ၏။

ဆက်လက်လေ့လာရန်။ ဟေရှာ ၆၆း၄။ ဒံ ၇း၂၆-၂၇။ ဗျာ ၂၀း၉-၁၅။ ၂၁း၁။ ၂၂း၃။